သော မမဿ ကိလမထောတိ - ကား၊ အဇာနန္တာနံ– မသိနိုင်သော သတ္တာတို့အား၊ ယာ ဒေသနာနာမ - အကြင် တရားဟောခြင်းမည်သည်၊ (အတ္ထိ)၊ သော – ထို မသိနိုင်သောသတ္တာတို့အား တရားဟောတော်မူရခြင်းသည်၊ မမ–ငါဘုရား၏၊ ကိလမထော- ကိုယ်တော်၏ ပင်ပန်းကြောင်းသည်၊ အဿ - ဖြစ်ရာ၏၊ သာ - ထို မသိနိုင်သော သတ္တာတို့အား တရားဟောတော်မူရခြင်းသည်၊ မမ - ၏၊ ဝိဟေသာ–ကိုယ်တော်ကို ညှဉ်းဆဲကြောင်းသည်၊ ဝါ-ကိုယ်တော်ကို ညှဉ်းဆဲရာရောက်သည်၊ အဿ-ဖြစ်ရာ၏၊ ဇာတိအတ္ထော၊ ဘဂဝန္တန္တိ-ကား၊ ဘဂဝတော-၏၊ အနစ္ဆရိယာတိ – ကား၊ အနုအစ္ဆရိယာ – အဖန်ဖန် အံ့အားသင့်ဘွယ်ကောင်းကုန်သော၊ ပဋိဘံသူတိ-ကား၊ ပဋိဘာန သဒ်ါတဿ-ပဋိဘာန်ဟု ဆိုအပ်သော၊ ဉာဏဿ- ဉာဏ်တော်၏၊ ဂေါစရာ- အာရုံတို့သည်၊ အဟေသုံ-ဖြစ်လာကုန်ပြီ၊ ပရိဝိတက္ကယိတဗ္ဗဘာဝံ- အဖန်ဖန် ကြံစည်ထိုက်ကုန်သည်၏ အဖြစ်သို့၊ ပါပုဏိ်သု–ရောက်ကုန်ပြီ၊ (ကိစ္ဆေန မေ အဓိဂတံ စသော ဂါထာ၏အဓိပ္ပါယ်တို့သည် ထပ်ကာထပ်ကာ ကြံစည်ထိုက်သည်၏အဖြစ်သို့ ရောဝံသည်- ဟူလို။)

× × × × × × ×

ကိလမထော, ဝိဟေသာ။ ။"ကိလမတိ အနေနာတိ ကိလမထော၊ ဝိဟိ်သတိ ဝိဟေသာတိ ဝိဟေသာ"ဟု ဒေသနာကိုရအောင် ကရဏသာဓ်ပြု၊ စိရနိသဇ္ဇာ စိရဘာသနေဟိ – ကြာမြင့်စွာ ထိုင်တော်မူရခြင်း , ကြာမြင့်စွာ ဟောတော်မူရခြင်းတို့ကြောင့်၊ ပိဋ္ဌိ အာဂိလာယနာ (ကျောက်ကုန်းတော်၏ ညောင်းညာခြင်း၊) တာလုဂလသောသာဒိဝသေန (အာစောက်တော်, လည်ချောင်းတော်တို့၏ခြောက်ခြင်း အစရှိသည်တို့၏အစွမ်းဖြင့်၊) ကာယကိလမထော စေဝ-ကိုယ်တော်၏ ပင်ပန်းခြင်းကိုလည်း၊ ကာယ ဝိဟေသာစ–ကိုယ်တော်ကို ညှဉ်းဆဲရာရောက်ခြင်းကိုလည်း၊ ဝေဒိတဗ္ဗာ။

ဘဂဝန္တံ, ပဋိဘံသု ။ ။ ပတိ ဥပသာရနှင့် ယှဉ်သောကြောင့် သာမိအနက်၌ ဒုတိယာသက်၍ "ဘဂဝန္တံ"ဟု ရှိရသည်၊ ပတိပုဗ္ဗ + ဘာဓာတ်သည် ဒိတ္တိ (ထင်ရှားခြင်း , တောက်ပခြင်း) အနက်ကို ဟော၏၊ ထို့ကြောင့် ပဋိဘံသုကို " ပဋိဘာန သဒ်ါတဿ ဉာဏဿ ဂေါစရာ အဟေသုံ"ဟု အဓိပ္ပါယ်ဖွင့်သည်၊ "ဂေါစရာ အဟေသုံ" ကိုကား ဋီကာ၌ "ဥပဋ္ဌဟံသု " ဟု မူရင်းအနက်ကို ဖေါ်ပြသည်၊ ထို့ကြောင့် "ဘဂဝန္တံ–၏၊ ပဋိဘံသု–ဉာဏ်တော်အား ထင်ရှားလာကုန်ပြီ"ဟု သဒ္ဒတ္ထပေးပါ၊ ဉာဏ်တော်အား ထင်ရှားခြင်းဟူသည် " ထို ဂါထာများ၏ အနက် အဓိပ္ပါယ်များကို ဉာဏ်တော်ဖြင့် အဖန်ဖန် တွေးတော်မူခြင်းတည်း" ဟု သိစေလို၍ "ပရိဝိတက္ကယိတဗ္ဗဘာဝံ ပါပုဏိ်သု"ဟု သဘာဝတ္ထကို ဖွင့်သည်။

အနုစ္ဆရိယာ။ ။"အနု+အစ္ဆရိယာ"ဟု ပုဒ်ဖြတ်၊ ဋီကာ၌ "ဝုဒ္ဓိပတ္တာဝါအစ္ဆရိယာ"ဟု အဋ္ဌကထာနည်းမှ တနည်းဖွင့်၏၊ ထိုအလို"န + အစ္ဆရိယာ အနုစ္ဆရိယာ" ဟုပြု၊ နကိုလည်း "အန်"ပြု၊ ထို နု(အ)ကို ဝုဒ္ဓိအနက်ဟောဟု ဆိုသည်၊ ခဲ့ဖူးအံ့ — သတ္တာတို့အား တရားဟောတော်မူဘို့ရန် ၎ အသင်္ခ်ေနှင့် ကမ္ပာတသိန်းပတ်လုံး ပါရမီဖြည့်တော်မူလာပါလျက် ယခုအခါ တရားဟောတော်မမူဘဲ ကြောင့်ကြမဲ့ နေတော်မူ

ဟလန္တိ ထြေ-၌၊ ဟကာရော-ဟအက္ခရာသည်၊ နိပါတမတ္တော - အနက်မရှိ နိပါတ်မျှတည်း၊ အလံ-အကျိုးမရှိတော့၊ ဇုတိ အတ္ထော၊ ပကာသိတုန္တိ- ကား၊ ဒေသေတုံ-ဟောပြခြင်းငှါ၊ ဒါန်-၌၊ မေ-သည်၊ ကိန္တေန-ပါရမီ ဖြည့်တော်မူစဉ် ငြိုငြင် ဆင်းရဲသဖြင့်၊ အဓိဂတံ- သိအပ်ရအပ်သော၊ ဇုံ ဓမ္မံ– ဤအရိယာမဂ်တရားကို၊ ဝါ–၌ သစ္စာလေးပါးတရားကို၊ ဒေသေတုံ-ငှါ၊ အလံ – အကျိုးမရှိတော့၊ ဇုတိ ဝုတ္တံ ဟောတိ၊ ပဋိသောတဂါမိန္တိ (ထြေ)– ၌၊ နိဗ္ဗာနံ–ကို၊ ပဋိသောတံ-ဟူ၍၊ ဝုစ္စတိ၊ နိဗ္ဗာနဂါမိ - နိဗ္ဗာန်သို့ သွားထသော၊ ဇုတိ အတ္ထော၊

× × × × × × × ×

လိုခြင်း ဟူသော အကြံတော်မှာ အဖန်ဖန် အံ့အားသင့်စရာ ကောင်းသောကြောင့် "အန+အစ္ဆရိယ" ဖြင့်၏၊ အကြိုးအကျယ် အံ့အားသင့်ဘွယ်ဖြစ်သောကြောင့် "န+အစ္ဆရိယ" လည်း ဖြစ်၏၊ ထိုသို့ အနက်အဓိပ္ပါယ်၏ အနစ္ဆရိယဖြစ်မှုကို ဂါထာသဒ္ဒါ၌ တင်စား၍ ဂါထာတော်များကိုလည်း ကာရကပုစ္ဆကအာဖြင့် အနစ္ဆရိယာဟု ဆိုသည်။ [အတ္ထဒ္ဒါရေန ဟိ ဂါထာနံ အနစ္ဆရိယတာ၊ —ဋီကာ။]

ကိန္တေန။ ။ကိစ္ဆသဒ္ဒါသည် ဒုက္ခအနက်ကိုဟော၏၊ ဘုရားရှင်သည် အလောင်းတော်ဘဝတုန်းက ဒါန, သီလ, ခန္တီ, စသော အချို့ပါရမီတော်ကို ဖြည့်ကျင့်ရာ၌ ခန္ဓာကိုယ်၏ ဆင်းရဲမှုကို ခံတော်မူခဲ့ရ၏၊ သိဝိမင်း၏ဇာတ်တော်၌ ပုန်းကားအား မျက်လုံး ထုတ်၍ လူတော်မူခြင်း, ဘူရိဒတ်ဇာတ်တော်၌ သီလမပျက်အောင် နှိပ်စက်ဒဏ်ကို ခံရခြင်း, ခန္တီဝါဒီဇာတ်တော်၌လည်း ခန္တီပါရမီဖြည့်တော်မူကာ ကလာဗုမင်း၏ နှိပ်စက်ဒဏ်ကို ခံတော်မူရခြင်း စသည်တည်း။

ဟလံ။ ။"ဟ+အလံ"ဟု ပုဒ်ဖြတ်၊ အဋ္ဌကထာ၌ "ဟကို အနက်မရှ နိပါတ်မျ" ဟု ဆို၏၊ ဋီကာ၌ကား "ဟ ဇုတိဝါ ဗျတ္တံ"ဟု တနည်း ဖွင့်သေး၏၊ ကေစိတ်ကို က ဟကို "ကေဝသတ္ထ"ဟုလည်းဆိုကြသတတ်၊ ["ဟဗျတ္တံ (ကေဝလေနဝါ) အလံ နိပ္ပယောဇနံ ဧဝံ ကိန္တေန အဓိဂတံ ဓမ္မံ ဒေသေတုံ"တိ ယောဇနာ၊—ဋီကာ။]

ရာဂဒေါသပရေတေဟိ။ ။ပရေတ၌ " ပရံ+ဇုတ – အာလွန်ရောက်အပ် " ဟု သဒ္ဒတ္ထတည်း၊ "ရာဂေနစ ဒေါသေနစ ဖုဋ္ဌေဟိ အာဘိဘူဒတဟိ" ဟု ဋီကာဖွင့်သည်မှာ အဓိပ္ပါယတ္ထတည်း၊ ထိုဒေလျှင် အဆိပ်တက်စေနိုင်သော " ဖုဋ္ဌဝိသ " အမည်ရှိသော မြွေသည် ထိအပ်သူကဲ့သို့ ရာဂဒေါသတို့သည် အလွန်ရောက်အပ်သည်ကိုပင် " ရာဂဒေါသသည် တွေထိအပ် လွှမ်းမိုးအပ်သူတို့" ဟု ဆိုသည်၊ တနည်း–"ရာဂဒေါသပရေတေဟိ" "ရာဂဒေါသေနုဂတေဟိ"ဟုလည်း ဖွင့်သေး၏၊"ရာဂဒေါသတို့သည်၊ ပရံ–နောက်၌၊ ဝါ-နောက်က+ဇုတ–လိုက်အပ်သူတို့"ဟူလို။.... [အဋ္ဌကထာ၌မပါသော ပါဠိတော်၏ အနွှင့်။]

ပဋိသောတဂါမိံ။ ။သေးတသဒ္ဒါသည် အရိယာမဂ်တည်း ဟူသော ရေအယဉ်ကို ဟော၏၊ "သောတသ–အရိယာမဂ်တည်း ဟူသော ရေအယဉ်၏+ပတိ–ရှေး၌" ဟူသည် နိဗ္ဗာန်တည်း၊ ပကတိမြစ်ရေအယဉ်သည် မဟာသမုဒ္ဒရာသို့ ရှေ့ရှုစီးဝင်ရသကဲ့သို့ အရိယာမဂ်တည်းဟူသော ရေအယဉ်လည်း နိဗ္ဗာန်သို့ ရှေ့ရှုစီးသွားရသည်၊ ဤအလို–မွမ်းအရ အရိယာမဂ်ဘရားကို့သာ ယူပါ။

ရာဂရတ္တာတိ-ကား၊ ကာမရာဂ ဘဝရာဂ ဒိဋ္ဌိရာဂေန-ကာမရာဂ ဘဝရာဂ ဒိဋ္ဌိရာဂဖြင့်၊ ရတ္တာ–တပ်မက်သော သတ္တွာတို့သည်၊ နဒက္ခိန္တိ–ကား၊ နပဿိဿန္တိ-မမြင်နိုင်ကုန်လတ့ံ၊ တမောခန္ဓေနအာဝုဋာတိ- ကား၊ အဝိဇ္ဇာရာသိနာ-အဝိဇ္ဇာအစုသည်၊ အဇ္ဈောတ္ထဋာ- လွှမ်းမိုးအပ်ကုန်သည်၊ (ဟုတ္တာ၊ နဒက္ခိန္တိ ဌိစပ်)။

အပ္ပေါဿုက္ကတာယာတိ-ကား၊ နိရုဿုက္ကဘာဝေန-အားထုတ်ခြင်း မရှိသူ၏ အဖြစ်ဖြင့်၊ အဒေသေတုကာမတာယ- ဟောတော်မမူလိုသူ၏ အဖြစ်ဖြင့်၊ ဇုတိ အာဇ္ဇော၊ ယတြ ဟိ နာမာတိ - ကား၊ ယသ္မိံ လောကေ - အကြင် လောက၌၊ (နမတိ)နာမ-ညွတ်တော်မူသည် မည်ရသေး၏၊ (ညွတ်တော်မူတယ်ရှိရုံသေး၏၊) ဘဂဝတော ပုရတော ပါတုရဟောသီတိ - ကား၊ ဓမ္မဒေသနာယာစနတ္ထံ- တရားဟောတော်မူခြင်းကိုတောင်းပန်ခြင်းငှါ၊ ဒဿသု စက္ခဝေါဋ္ဌသဟသေသု-တသောင်း

× × × × × × ×

တနည်း။ ။“ သော့တသ– အောက်သို့စီးသွားသော ရေအယဉ်ကဲ့သို့ နိစ္စ သုခ အတ္တ သုဘ ဟု ယူသောအားဖြင့် အောက်သို့သွားတတ်သော တဏှာဒိဋ္ဌိ၏ + ပတိ– ဆန့်ကျင်ဘက်ဖြစ်သော အနိစ္စ ဒုက္ခ အနတ္တ အသုဘတည်း၊ ပဋိသောတေန–ဆန့်ကျင်ဘက်အားဖြင့်+ ဂါမိ – ဖြစ်သော သစ္စာလေးပါးတရားတည်း၊ ပဋိသောတဂါမိ ”ဟု သုတ်မဟာဝဂါ အဋ္ဌကထာမှယူ၍ ဋီကာတနည်းဖွင့်သေး၏။

ရာဂရတ္တာ။ ။ကာမဂုဏ်ကို တပ်မက်သော ကာမရာဂ, ဘဝကို တပ်မက်သော ဘဝရာဂ, ဒိဋ္ဌိနှင့်တကွဖြစ်သော ဒိဋ္ဌိရာဂ, ဤ ရာဂသုံးမျိုးဖြင့် တပ်မက်နေသော သတ္တာများ၊ [ရာဂေန+ရတ္တာ ရာဂရတ္တာ။]

နဒက္ခိန္တိ။ ။ရာဂဖြင့် တပ်မက်နေကြသော သတ္တွာတို့သည် (တမောခန္ဓ) အဝိဇ္ဇာအမှောင်ထုထယ်ကြီးက ဖုံးထားအပ်ကုန်သည်ဖြစ်၍ ထိုအရိယာမဂ်တရား (တနည်း) သစ္စာလေးပါးတရားကို သိမြင်နိုင်ကြမည် မဟုတ်၊ တရားကို မသိမြင်သူတို့အား ရပ်နာမ် တရားစုကို အနိစ္စ ဒုက္ခ အနတ္တ အသုဘဟူသောသဘောအားဖြင့် ဟောပြခြင်းဖြင့် အကျိုးမရှိတော့– ဟူလို။ [မောဂ္ဂလ္လာန်အလို သန္တိ ဝိဘတ်ဖြင့် “ ဒက္ခန္တိ ” ဟု ရှိ၏၊ ရူပသိဒ္ဓိအလို ဇ အက္ခရာလာ၍ “ဒက္ခိန္တိ”ဟု ရှိသည်။]

အပ္ပေါဿုက္ကတာယ။ ။ဥဿုက္က ဥပုဗ္ဗ, သူဓာတ် , ကွိပ်ပစ္စည်း၊ ရဿပြု, ကွိပ်ချေ၊ သွတ္ထွဲ့ ကပစ္စည်းသက်၊ ဥဿဝတိ–အားထုတ်တတ်၏၊ ဇုတိ ဥဿုကော၊ ဥဿုကဿ+ဘာဝေါ–ဥဿုက္ကံ=အားထုတ်တတ်သူ၏ဖြစ်ကြောင်းဖြစ်ရာ အားထုတ်ခြင်းလုလ္လ၊ နတ္ထိ+ဥဿုက္ကံ ယဿာတိ – အပ္ပေါဿုက္ကော၊ [အပ္ပဟရိတေပုဒ်ဒွဲ့ကဲ့သို့ အပ္ပသဒ္ဒါ အဘာဝအနက်ဟော၊] အပ္ပေါဿုက္ကဿ+ဘာဝေါ အပ္ပေါဿုက္ကတာ–တရားဟောမှုကိစ္စ၌ အားထုတ်ခြင်း မရှိသူ၏ + ဖြစ်ကြောင်းဖြစ်ရာ = တရားဟောတော်မမူလိုသော ဆန္ဒတော်တည်း၊ ထို့ကြောင့် “ နိရုဿုက္ကဘာဝေန ”ဟု သဒ္ဒတ္ထဆုံး, “ အဒေသေတုကာမတာယ”ဟု အဓိပ္ပါယတ္ထဆုံး ဖွင့်သည်။ [ယောဇနာ၌“အပေါဿုက္က” ဟု ပ တလုံးတည်းတွေ့ရသည်။]

သော စကြာဝဠာတို့၌၊ မဟာဗြဟ္မာနော-မဟာဗြဟ္မာတို့ကို၊ ဂဟေတွာ-ခေါ်၍၊ အာဂမ္မ - လာ၍၊ ဘဂဝတော - ၏၊ ပုရတော - ရှေတော်၌၊ ပါတုရဟောသိ - ထင်ရှားဖြစ်ပြီ၊ အပ္ပရဇက္ခဇာတိကာတိ- ကား၊ တေသံ-ဤသတ္တဝါတို့၏၊ ပညာမယေ - ပညာတည်းဟူသော၊ (မယအနက်မရှိ၊) အက္ခိမှ - မျက်လုံး၌၊ အပံ့ - နည်းပါးသော၊ ရာဂဒေါသမောဟရဇံ— ရာဂ ဒေါသ မောဟဟူသော မြေသည်၊ (အတ္ထိ၊) ဧဝံ သဘာဝါ-ဤသို့ သဘောရှိကုန်၏၊ (ပညာမျက်စိ၌ နည်းသောရာဂ ဒေါသ မောဟဟူသောမြေ ရှိသည်၏အဖြစ်ဟူသော သဘောရှိကုန်၏၊) ဇာတိ — ကြောင့်၊ (တေ-ထို သတ္တဝါတို့သည်၊) အပ္ပရဇက္ခဇာတိကာ-ကတို့ မည်၏၊ (ဧဝံ သဘာဝါဖြင့် ဇာတိသဒ္ဒါ၏ သဘာဝအနက်ကို ပြသည်၊) ဘဝိဿန္တိ ဓမ္မသ အညာတာရောတိ-ကား၊ ပဋိဝိဇ္ဈတာရော-ထိုးထွင်း၍သိနိုင်သူတို့သည်၊ (ဘဝိဿန္တိ-ရှိပါကုန်လတ်၊) [အညာတာရော၌ အာပုဗ္ဗ ဉာဓာတ် တုပစ္စည်း၊ အ ကို ပဋိသေဓဟု ထင်မည်စိုး၍ "ပဋိဝိဇ္ဈတာရော" ဟု ဖွင့်သည်။]

ပါတုရဟောသိတိ-ကား၊ ပါတုဘဝိ- ထင်ရှားဖြစ်ပြီ၊ သမလေဟိ စိန္တိတော တိ-ကား၊ ရာဂါဒိဟိ-ရာဂ အစရှိကုန်သော၊ မလေဟိ— အညစ်အကြေးတို့ဖြင့်၊ ("သမလေဟိ"၌ သရူပက္ခ ဝိသေသနစပ်၊) သမဃလေဟိ-အညစ်အကြေးရှိကုန်သော၊ ဆဟိ-ကုန်သော၊ သတ္ထာရေဟိ - ပုရာဏကဿပ အစရှိသော ဆရာကြီးတို့သည်၊ စိန္တိတော-မိန္ဆာဉာဏ်ဖြင့် ကြံဆအပ်သော၊ ("ဓမ္မော"၌စပ်၊) အပါပုရေတန္တိ- ကား၊ တေံ- ဤ အရိယာမဂ်တည်းဟူသော တံခါးကို၊ ဝိဝရ-ဖွင့်ပေးတော်မူပါ၊ အမတဿဒ္ဒါရန္တိ-ကား၊ အမတဿ-သေခြင်းမရှိသော၊ ဝါ-မသေရာ

× × × × × × ×

အပ္ပရဇက္ခဇာတိကာ။ ။[ရဇ+အက္ခိ။]ရဇသဒ္ဒါသည် ပုံ—နုပုံးရှိ၏၊ ရဇအရလည်း ရာဂ ဒေါသ မောဟကိုယူပါ၊ အက္ခိအရလည်း ပညာမျက်စိကိုယူပါ၊ အပံ့+ရဇံ-အပ္ပရဇံ၊ အပ္ပရဇံ+အက္ခိမှိ ဧတေသံတံ အပ္ပရဇက္ခာ၊ [ဗဟုလကွောက္ခဲသို့ ကွစိသမာသန္တသုတ်ဖြင့် ဇကို အ-ပြု၊] အရဇဘာဂက်ရာ၌ "ဧတေသံ"၏ အရဖြစ်သောပုဂ္ဂိုလ်ကို အရကောက်ရသောကြောင့် "ဇာတိ" ဟူသောနောက်ပုဒ်နှင့် အရမတူ၊ ထို့ကြောင့် "အပ္ပရဇက္ခဘာဝ" ဟု ဆိုလိုလျက် ဘာဝပုဒ်အကြကြံ၍ "အပ္ပရဇက္ခာ + ဇာတိ ဧတေသံတံ အပ္ပရဇက္ခဇာတိကာ"ဟု ပြု၊ [သမာသန္တ ကပစ္စည်းသက်။]

အဿဝနတာ။ ။န+သဝနံ-အဿဝနံ၊ အဿဝနံယေဝ အဿဝနတာ၊ [တာပစ္စည်း သဘာဝ ဟု ဝိမတိဖွင့်၏။] အဿဝနတာ၌ ပဌမာကို ကရိဏ်းဝိဘတ်၏ ဟိတ်အနက်၌သက် ဟု ဋီကာဆို၏၊ အခြားနေရာ၌ကား "အဿဝနတာယ" ဟု ဆိုလိုလျက် "ပဋိသခံါ ယောနိသော" ကဲ့သို့ ယအက္ခရာကို ချေသည်—ဟုလည်း ဖွင့်၏။

ဘဝိဿန္တိ။ ။ဗဟုဝုစ်ဖြင့်ဆိုသောကြောင့် ရှေးဘုရားရှင်တို့၏လက်ထက်တော်က ပါရမီဖြည့်ခဲ့၍ ယခုအခါ တရားထူးသိမည့်ပုဂ္ဂိုလ်သည် တယောက်တလေ မဟုတ်ပါ, အများပင် ရှိပါလိမ့်မည် ဟု ပြသည်။

ဖြစ်သော၊ နိဗ္ဗာနဿ-၏၊ ဒွါရဘူတံ-တံခါးဖြစ်၍ ဖြစ်သော၊ အရိယမဂ္ဂံ-အရိယမဂ်ကို၊ (“အပါပုရ” ၌စပ်၊) သုဏာနု ဓမ္မံ ဝိမလေနာနုဗုဒ္ဓန်- ကား၊ ဣမေ သတ္တာ-တို့သည်၊ (သုဏာနု၌စပ်၊) ရာဂဒိမလာနံ- ရာဂ အစရှိသော အညစ်အကြေးတို့၏၊ အဘာဝတော-မရှိခြင်းကြောင့်၊ (“ဝိမလေန” ၌စပ်၊) ဝိမလေန-ဝိမလဖြစ်တော်မူသော၊ ဝါ - ကင်းသောအညစ်အကြေး ရှိတော်မူသော၊ သမ္မာသမ္ဗုဒ္ဓေန - သည်၊ အနုဗုဒ္ဓံ - အစဉ်အားဖြင့် သိတော်မူအပ်သော၊ (ဘာဝနာအစဉ်အားဖြင့် သိတော်မူအပ်သော၊) စတုသစ္စ ဓမ္မံ - သစ္စာ ၄ ပါးတရားကို၊ သုဏာနု-နာကြပါစေကုန်။

သေလေ ယထာ ပဗ္ဗတမုဒ္ဓနိဋ္ဌိတောတိ–ကား၊ သိလာမယေ - ကျောက်ဖြင့် ဖြစ်သော၊ ဝါ–ကျောက်အတိ ပြီးသော၊ ကေဋ္ဌနေ–တခဲနက်သော၊(အပေါက်အကြားမရှိသော)၊ ပဗ္ဗတမုဒ္ဓနိ - တောင်ထိပ်၌၊ ယထာဋ္ဌိတော ဝ - ရပ်မြဲတိုင်းသာလျှင်၊ စက္ခုမာ – ပသာဒစက္ခုရှိသော၊ ပုရိသော - သည်၊ သမန္တာတော –

× × × × × × ×

အပါပုရ ဒွါရံ ။ ။ အဝ+အာပုဗ္ဗ ပုရဓာတ်သည် “ အဂ္ဂတော ဂမန – ရှေက သွားခြင်း” အနက်ကို ဟော၏၊ ရှေကသွားသူသည် အပိတ်အပင်ရှိလျှင် ဖွင့်၍ သွားရမည် ဖြစ်၏၊ ထို့ကြောင့် “ ဝိဝရ ” ဟု ဖွင့်သည်၊ ပကို ဝပြု၍ “ အဝါပုရ ” ဟု လည်း ပါဠိရှိ၏၊ “အမတဒွါရ” ဟူသည် အရိယာမဂ် တံခါးတည်း၊ “ ကဿပ ဘုရားရှင်၏ သာသနာတော် ကွယ်သည့်နောက်၌ ပိတ်၍ နေသော အရိယာမဂ် တံခါးကို ဖွင့်တော်မူပါ ”ဟူလို။

သိလာမယေ။ ။စာအုပ်များ၌ “သေလမယေ”ဟု ရှိ၏၊ “သိလာယ+နိဗ္ဗတ္တော သေလော – ကျောက်ဖြင့်ဖြစ်သော တောင်” ဟုဆင်း၊ “သိလာ + ပကတိ ယသာတိ သေလော- ကျောက်အထည်ကိုယ်ရှိသောတောင်၊ ဝါ-ကျောက်အတိပြီးသောတောင်” ဟုဆင်း ဝိဂြိုဟ်ပြု၍ နိဗ္ဗတ္တအနက် ပကတိအနက်၌ ဏာပစ္စည်းသက်၍ ပြီးသော သေလ သဒ္ဒါသည် ကျောက်ကိုမဟော , ကျောက်တောင်ကိုဟော၏၊ ဤ၌ကား သိလာနောင် ဆိုအပ်ပြီးသောအနက်၌ မယပစ္စည်း သက်သောကြောင့် “ သိလာမယေ ” ဟု ပါ၌ ရှိသင့်သည်။

ယထာ ဋ္ဌိတောဝ။ ။ယခုစာအုပ်များ၌ “ပဗ္ဗတ မုဒ္ဓနိဋ္ဌိတော သေဒစ” ဟု မူကို့ ရှိသည်မှာ မကောင်း၊ ပါဠိတော်၌ “ သေလေ ယထာ ပဗ္ဗတ မုဒ္ဓနိဋ္ဌိတော၊ ယထာဝိ ပဿေ”ဟု ယထာ ၂ ပုဒ် ပါသောကြောင့် ရှေ့ယထာကို ဋ္ဌိတောနှင့်တွဲပြီးလျှင် “ယထာ ဋ္ဌိတော ဝ ” ဟု ရှိသောပါဌ်သာ ကောင်း၏၊ သုတ်မဟာဝါ အဋ္ဌကထာ မဟာဋီ ပဒါန သုတ်၌လည်း “ယထာ ဋ္ဌိတော ဝ”ဟုပင် ရှိ၏၊ “ယထာ-အကြင် အခြင်းအရာအားဖြင့်၊ ဋ္ဌိတော-ရပ်၏၊ တထေဝ-ထို ရပ်မြဲတိုင်းသော အခြင်းအရာအားဖြင့်သာ၊” ဟု အကျယ်ပေးနိုင်သည်၊ ဆိုလိုရင်းကား – တောင်ထိပ်၌ ရပ်သူသည် မျက်စိကောင်းသူဖြစ်ပါမူ ကား လည်ပင်းကို မော်ခြင်း, လည်ပင်းကို ဆန့်ခြင်းစသော ကိစ္စကို မပြုရဘဲ နဂိုရှိ ရပ်မြဲတိုင်းပင် ပတ်ဝန်းကျင်က လူအပေါင်းကို မြင်နိုင်သည် – ဟူလို၊ နောက် ယထာကို ပဿေယျာနှင့် တွဲရသည်။

ပတ်ဝန်းကျင်၌၊ ဇနတံ-သတ္တဝါအပေါင်းကို၊ ပသေယျယထာ-မြင်ရရာသကဲ့သို့၊ (တထာ- ထို့အတူ၊) သုမေဓ သုန္ဒရပည- ကောင်းသော ပညာရှိတော်မူသော၊ [သုမေဓ၌ သုကို"သုန္ဒရ"ဟုဂုင်း, မေဓကို"ပည"ဟုဂုင်း ဖွင့်သည်၊"သုန္ဒရာ+ မေဓာ ယသ္မာတိ သုမေဓော"ဟု ပြု၊] သဗ္ဗညုတညာဏေန–သမ္မညုတာဉာဏ်တော်ဖြင့်၊(သမန္တစက္ခု၏ ဝိသေသန)သမန္တစက္ခု- အလုံးစုံကို သိမြင်နိုင်သော ဉာဏ်စက္ခု ရှိတော်မူသော၊ ဘဂဝါ-မြတ်စွာဘုရား၊ တွမ်ဒို-ရှင်တော်မြတ်ဘုရား သည်လည်း၊ ဓမ္မမယံ ပညာမယံ–ပညာဖြင့် ဖြစ်သော၊ ဝါ-ပညာအတိုင်းသော၊ ပါသာဒံ–ပြာသာဒ်ပေါ်သို့၊ အာရုယှ- တက်တော်မူ၍၊ သယံ - ကိုယ်တော်တိုင်၊ ဝါ - ကိုယ်တော်မှာ၊ အပေတသောကော- ကင်းသော သောကရှိတော်မူသည်၊ (သောက၏ ကင်းရာသည်၊) (ဟုတ္တာ)၊ (" အပေတော သောကော ယသ္မာတိ အပေတသောကော"ဟု အပေတကို်ကြည့်၍ ပဗ္ဗဒိဖြင့် ပြုထိုက်သည်၊ ရှေးက ဆင်ခြင်ဖြင့် ပြုကြသည်၊) သောကာဝတိဏ္ဏံ - သောကသည် သက်ရောက်အပ်သည် လည်းဖြစ်သော၊ ဇာတိဇရာဘိဘူတဉ္စ-ဇာတိဇရာသည် လွှမ်းမိုးအပ်သည်လည်း ဖြစ်သော၊ ဇနတံ–သတ္တဝ အပေါင်းကို၊ အဝေက္ခသု-ကြည့်ရှုတော်မူပါ၊ ဥပ ဓာရယ-စူးစမ်းဆင်ခြင်တော်မူပါ။

× × × × × × ×

တထူပမံ။ ။ဤအဋ္ဌကထာ၌ တထူပမံအဖွင့် မပါ၊ သုတ်မဟာဝါအဋ္ဌကထာ၌ ပါ၏၊ "တထာ + ဥပမာ"ဟု ၂ ပုဒ်ရှိသောကြောင့် တထာသဒ္ဒါကို "ထို့အတူ"ဟု မပေးဘဲ တံသဒ္ဒါ၏ အနက်ဟော ဟု ဝိမတိဖွင့်၏၊ သာ + ဥပမာ ယသ္မာတိ တထူပမော (ပါသာဒေါ)၊ တနည်း "တေနဝါ ပဗ္ဗတာဒိနာ ပကာရေန + ဥပမာ အသ္မာတိ တထူပမော (ပါသာဒေါ)"ဟု တနည်းဖွင့်၏၊ ဤနည်း၌ တထာဝယ် ထာသည် ပကာရအနက်ဟောတည်း။

မှတ်ချက်။ ။ဤအခက်း၌ အဋ္ဌကထာဖွင့် အားလုံးသည် ဋီကာဖွင့်နှင့် ထပ်နေ၏၊ အဋ္ဌကထာဆရာ မဖွင့်သောကြောင့်သာ ဋီကာဖွင့်ခြင်း ဖြစ်ပေလိမ့်မည်၊ ထို့ကြောင့် သုတ္တန်နှင့်ဆိုင်သော အဖွင့်များကို အဋ္ဌကထာ စာအုပ်များ၌ နောက်ဆရာတို့ တဆို့တလေ ထည့်ထားသည်-ဟု ဆရာတို့ ယူဆကြသည်။

ဓမ္မမယံ ပါသာဒံ။ ။ဓမ္မသဒ္ဒါသည် ပညာ၏ ပရိယာယ်တည်း· ဟု သိစေလိုသ၍ "ပညာမယံ"ဟု ဖွင့်၏၊ "ဓမ္မော+ ပကတံ (အထည်ကိုယ်) ယသ္မာတိ ဓမ္မမယော" ဟု ပြု၊ ထိုပညာသည် အထက်သို့ စွင့်စွင့်မြင့်နေသော ပြာသာဒ်နှင့် တူသောကြောင့် "ပါသာဒံ"ဟု ရူပကအလင်္ကာဖြင့် တန်ဆာဆင်၍ မိန့်သည်၊ (တနည်း) ဓမ္မအရ လောကုတ္တရာတရားကို ယူ၊ ထို လောကုတ္တရာတရားသည် စိတ်၏ ကြည်လင်ခြင်းကို ဆောင်တတ်သည့်ပြင် အလုံးစုံသော လောကီတရားတို့ကို ကျော်လွန်နေသောကြောင့် ပြာသာဒ်နှင့်တူရကား "ပါသာဒ"ဟု မိန့်သည်၊ ဤသို့လည်း ဋီကာ၌ ပဌမနည်းဖွင့်၏။ [ပသာဒေတိ – မြင်ရသူတို့၏စိတ်ကို ကြည်လင်စေတတ်၏၊ ဧတံ ပါသာဒေါ၊ ပ + သဒ, ဏ။]

ဥဒ္ဒေဟိ ဘိ–ဟူသော စကားကို၊ (ဘဏ္ဍာတိဋ္ဌ စဝ်) ဘဂဝေါ–၏၊ ဓမ္မဒေသနတ္ထံ·တရားဟောတော်မူခြင်းအကျိုးငှါ၊ စာရိကစရဏံ-လှည့်လည်ထိုက်သော အရပ်သို့ လှည့်လည်တော်မူခြင်းကို၊ ဝါ–ဒေသစာရီ လှည့်လည်တော်မူခြင်းကို၊ ယာစနွာ–ဘောင်းပန်လိုသည်၊ (ဟုတ္ထာ)ဘဏ္ဍာတိ-လျှောက်၏၊ ဝိရာတိအာဒိသု-ဝိရအစရှိသော ပါဠိရပ်တို့၌၊(အတ္ထော ဧဝံ ဝေဒိ တဗ္ဗော၊) ဘဂဝါ- သည်၊ ဝိရိယဝန္တာတာယ-ဝိရိယရှိတော်မူသည်၏ အဖြစ်ကြောင့်၊ ဝိရော- ဝိရမည်တော်မူ၏၊ ဒေဝပုတ္တ မစ္စု ကိလေသာဘိ သင်္ခါရမာရာနံ– ဒေဝပုတ္တမာရ်, မစ္စုမာရ်, ကိလေသမာရ်, အဘိ သင်္ခါရမာရ်တို့၏၊ ဝါ - တို့ကို၊ ဝိဇိတတ္တာ- အောင်တော်မူအပ်ကုန်ပြီး၏ အဖြစ်ကြောင့်၊ ဝိဇိတသင်္ဂါမော-မည်တော်မူ၏၊ ဇာတိကန္တာရာဒိနိတ္ထရဏာ သမတ္ထတာယ - ဇာတိကန္တာရ အစရှိသည်တို့မှ ထုတ်ဆောင်ခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်၊ သတ္ထာဒေါဟာ – မည်တော်မူ၏၊ ကာမဆ္ဆန္ဒဇဏာဿ - ကာမဆ္ဆန္ဒ ဟူသော ကြွေးမြီ၏၊ အဘာဝကော – မရှိခြင်းကြောင့်၊ အဏဏော–အဏဏမည်တော်မူ၏။

× × × + ▪ × × ×

ဥဒ္ဒေဟိ။ ။ ဤစကားဖြင့် ထိုင်နေတော်မူရာမှထ၍ တရားဟောလှည့်လည်ဘို့ရန် ဘောင်းပန်၏၊ (တနည်း) တရားဟောမှု၌ အပေါ်သူတို့ဖြစ်နေသော သင်္ကော်စသို့ ရောက်ခြင်း တရားဟောဘို့ရန် အားမထုတ်ခြင်းမှ ထခေတော်မူဘို့ရန် တောင်းပန်သည်။

ဝိဇိတသင်္ဂါမ ။ ။ဒေဝပုတ္တစသော မာရ်စစ်မြေပြင်ကို အောင်ဘေ်မူပြီးသော ဘုရား၊ အဋ္ဌကထာ၌ ခန္ဓမာရ်ကို မတွေ့ရ၊ မာရ် ၄ ပါးကိုသာ ပြထားသည်မှာ လက်ရှိခန္ဓာတော် ရှိသေးသောကြောင့် ချန်ထားဟန် တူသည်၊ ဓာတုကထာ မူလဋီကာနှင့် သီလက္ခန် အဋ္ဌကထာဋီကာတို့၌ကား မာရ်ငါးပါးလုံး အောင်ပြီးပုံကို ပြကြသည်၊ ယောဇနာဒ္ဒမူ ခန္ဓမာရ်ကို မစ္စုမာရ်ဖြင့် သိမ်းယူသည်ဟု ဖွင့်သည်။

သတ္ထဝါဟ။ ။လှည်းကုန်သည်များစွာကို ခေါင်းဆောင်၍ သွားသော ကုန်သည်မှူးသည် သဲကန္တာရ စသည်တို့မှ နောက်ပါ ကုန်သည်များကို ကယ်တင်ဆောင်သွားသကဲ့သို့, လှည်းကုန်သည်များနှင့်တူသော သတ္တဝါတို့ကို ဇာတိကန္တာရစသည်မှ ကယ်တင် ဆောင်သွားတတ်သောကြောင့် သတ္ထဝါဟ မည်တော်မူ၏၊ ယောဇနာဋ္ဌကား "သတ္ထဝါဟော, သတ္ထဝါဟော"ဟု ပါဠိ ၂ ထွေ ပြပြီးလျှင်"သတ္ထဝါဟော"ဟူသော ပါဠိသာလျှင် ဤနေရာ၌ သင့်၏ ဟု ဆို၏၊ "သတ္ထဝါဟ"ဟု ပါဠိသုံး မရှိသောကြောင့် ထို အဆုံးအဖြတ်ကို စဉ်းစားသင့်၏။ [သတ္ထဝါဟ၏ ပုဒ်ပြီးပုံကို ပါရာဇိကဏ်ဘာသာဋီကာ သတ္ထာဒေဝမနုဿာနံ ဂဏ်တော်ဖွင့်မှာ ကြည့်ပါ။]

အနဏ။ ။နတ္ထိ+ဎဏံ ယသ်သာတိ အနိဏော၊ ဎကို အပြု၍ အနဏော၊ ရူပသိဒ္ဓိဋီကာ၌ နကို ဏာပြု၍ အဏဏော ဟု ပါဠိတော်မျိုးရှိ၏၊ ကာမဆ္ဆန္ဒနီဝရဏသည် ကြွေးမြီနှင့် တူ၏၊ ကြွေးမြီရှိသူသည် ကြွေးရှင်၏ အခိုင်းအစေ အနှိပ်အစက်ကို ခံရသကဲ့သို့, ကာမဆ္ဆန္ဒနီဝရဏဖြင့် (ကာမစိတ်ဖြင့်) စွဲလမ်းနေကြသော ယောကျ်ား မိန်းမတို့လည်း အချင်းချင်း၏ အခိုင်းအစေ အနှိပ်အစက်ကို ခံကြရသည်၊ ထိုကြွေးမြီ မရှိသောကြောင့် ဘုရားရှင်ကို "အနဏ"ဟု ဂဏ်ပြုသည်။

အဇ္ဈေသနန္တိ- ကား၊ ယာစနံ-တောင်းပန်ခြင်းကို (ဝိဒိတ္ဝာဒ်စပ်၊) ဗုဒ္ဓ စက္ခုနာတိ- ကား၊ ဇာန္ဒြိယပရောပရိယတ္တဉာဏာနစ - ဇာန္ဒြိယပရောပရိယတ္တ ဉာဏ်တော်ဖြင့်၎င်း၊ အာသယာနုသယဉာဏာနစ - အာသယာနုသယဉာဏ် တော်ဖြင့်၎င်း၊ (ဝေါလောကေသိဒ်စပ်၊) ဟိ-မှန်၊ ဒ္ဓိန္ဒ်-၂ ပါးကုန်သော၊ ဇာမေ သံ ဉာဏာနံ-တို့၏၊ ဗုဒ္ဓစက္ခူတိ- ဟူ၍၊ နာမံ-အမည်သည်၊ (အဟောသိ၊) အပ္ပရဇက္ခာတိ- ကား၊ ယေသံ-အကြင်သတ္တဝါတို့၏၊ ပညာစက္ခုမှိ-ပညာမျက်စိ ဒ်၌၊ ရာဂါဒိရဇံ-ရာဂအစရှိသောမြူသည်၊ အပ်ပံ-နည်း၏၊ (ဇာတိ-ကြောင့်၊) တေ-ထိုသတ္တဝါတို့သည်၊ အပ္ပရဇက္ခာ- တို့မည်၏၊ (“အပ္ပရဇက္ခေ” ဟု ပါဠိတော် ရှိသည်၊ ဤဒုဋီကာမှယူထားဟန်တူ၏၊) ယေသံ-တို့၏၊ (ပညာစက္ခုမှိ-၌၊) တံ-ထို ရာဂအစရှိသောမြူသည်၊ မဟန္တံ-များ၏၊ (ဇာတိ-ကြောင့်၊) တေ - တို့သည်၊ မဟာရဇက္ခာ-တို့မည်၏၊ ယေသံ- တို့၏၊ သဒ္ဓါဒိနိ- သဒ္ဓါအစရှိကုန်သော၊ ဇာန္ဒြိ ယာနိ-တို့သည်၊ တိက္ခာနိ-ထက်မြက်ကုန်၏၊(ဇာတိ)တေ၊ တိက္ခိန္ဒြိယာ၊ ယေသံ-တို့၏၊ (သဒ္ဓါဒိနိ- ကုန်သော၊) တာနိ - ထို ဇာန္ဒြေတို့သည်၊ မုဒူနိ-နုံ့ညံ့ကုန်၏၊ (ဇာတိ)တေ၊ မုဒိန္ဒြိယာ၊ ယေသံ- တို့၏၊ သဒ္ဓါဒယော - ကုန်သော၊ တေယေဝ အာကာရာ-ထိုအခြင်းအရာတို့သည်ပင်၊(ယောဇနာ၌ ကာရဏာဟု ဖွင့်လေ၏၊) သုန္ဒရာ-ကောင်းကုန်၏၊(ဇာတိ)တေ သွာကာရာ၊ ယေသံ- တို့၏၊ သဒ္ဓါဒယော-ကုန်သော၊ တေယေဝ အာကာရာ - တို့သည်ပင်၊ အ သုန္ဒရာ – မကောင်းကုန်၊ (ဇာတိ)တေ ဒွါကာရာ၊ ယေ-တို့သည်၊ ကထိတကာရဏာ - ဟောတော်မူအပ် သော အကြောင်းအရာကို၊ သလ္လက္ခေန္တိ – ကောင်းစွာမှတ်သားနိုင်ကုန်၏၊ သုခေ နာ-လွယ်ကူသဖြင့်၊ ဝိညာပေတုံ–သိစေခြင်းငှါ၊ သက္ကာ–တတ်ကောင်းကုန်သည်၊ ဟောန္တိ၊(ဇာတိ)သုဝိညာပယာ၊ ယေ-တို့သည်၊ ပရလောကဉ္စ-တမလွန်လောက

× × × × × × × +

အဇ္ဈေသနံ ။ ။အဓိပုဗ္ဗ သေခ္ခာတ်သည် တိုက်တွန်း တောင်းပန်ခြင်းအနက်ကို ဟော၏။ [အဇ္ဈေသနန္တိ ဂရုဉာနိယံ ပယိရုပါသိတ္ဝာ ဂရုတရံ ပယောဇနံ (အကျိုးကို) ဥဒ္ဒိဿ အဘိပတ္ထနာ အဇ္ဈေသနာ၊ သာဝိ အတ္ထတော ယာစနာဧဝ။]

ဗုဒ္ဓစက္ခု။ ။သတ္တဝါတို့၏ သဒ္ဓါဧသော ဇာန္ဒြေ ၅ ပါး အနုအရင့်ကိုသိမြင်တတ်သော ဉာဏ်တော်ကို “ဇာန္ဒြိယပရော ပရိယတ္တဉာဏ်” ဟု ခေါ်၏၊ အလို အဇ္ဈာသယနှင့် အနု သယကို သိမြင်တတ်သော ဉာဏ်တော်ကို “အာသယာနုသယဉာဏ်”ဟု ခေါ်၏၊ ထို ဉာဏ်တော် ၂ ပါးသည် ဘုရားရှင်၌သာဖြစ်၍ အခြား ရဟန္တာများ၌ မဖြစ်နိုင်သော ကြောင့် “ဗုဒ္ဓစက္ခု”ဟု ခေါ်သည်။

သုဝိညာပယာ။ ။ဝိပုဗ္ဗ ဉာဓာတ်, ဏာပေပစ္စည်း, ကျပစ္စည်းဖြင့် “ဝိညာပိယ” ဟု ဖြစ်သင့်၏၊ ကျပစ္စည်း၏ သက္ကအနက်ကို သိစေလိုခဲ့ “ သက္ကာ ဝိညာပေတုံ ” ဟု ဖွင့်သည်၊ ဝိညာပိယန္တိ – သိစေအပ် သိစေနိုင်ကုန်၏၊ ဇာတိ ဝိညာပိယာ၊ သုခေန + ဝိညာပိယာ သု ဝိညာပိယာ။ [ယခုစာအုပ်များ၌ “ဝိညဉ်ပယ”ဟုချည်း ရှိ၏၊ ဉ+ဝ ရှေ့ရှိသောကြောင့် “ခ ပစ္စည်း”လည်း မသက်နိုင်။]

ကိုဂင်း၊ ဝဇ္ဇန္ဓ- အကုသိလ်အပြစ်ကိုဂင်း၊ ဘယတော - ဘေးအားဖြင့်၊ ပဿန္တိ-ရှုတတ်ကုန်၏၊ (ဇုတိ)တေ၊ ပရဒ်လောကဝဇ္ဇဘယဒဿာဝိနော - တို့မည်၏။ (၍တိုင်အောင် ဋီကာမှယူထားဟန်တူသည်။)

ဥပ္ပလိနိယန္တိ- ကား၊ ဥပ္ပလဝနေ- ကြာတော၌၊ ဇုတရောသုပိ—အခြားသော ပဒုမိနိယံစသော ပုဒ်တို့၌လည်း၊ ဇေဝနယော-တည်း၊ ယာနိ-အကြင် ကြာတို့သည်၊ ဥဒကဿ-၏၊ အန္တော- အတွင်း၌၊ နိမုဂ္ဂါနေဝ— နစ်မြုပ်ကုန်သည်သာလျှင်၊(ဟုတ္တာ)ပေါသယန္တိ-ကြီးပွားစေကုန်၏၊ဇုတိ-ကြောင့်၊(တာနိ-တို့သည်၊) အန္တော နိမုဂ္ဂပေါသိနိ— တို့မည်၏၊ သမောဒကံ ဋ္ဌိတာနိတိ- ကား၊ ဥဒကေန—ရေနှင့်၊ သမံ-အညီအမျှ၊ ဋ္ဌိတာနိ-တည်ကုန်သော၊ (အပ္ပေကစ္စာနိ ဥပ္ပလာနိဝ၊ စသည်၌စပ်၊) ဥဒကံ အစ္စုဂ္ဂမ္မ ဋ္ဌိဘာနိတိ - ကား၊ ဥဒကံ- ကို၊ အတိက္ကမိတ္တာ-လွန်၍၊ ဋ္ဌိတာနိ - ကုန်သော၊ (အပ္ပေကစ္စာနိ ဥပ္ပလာနိဝါ စသည်၌စပ်၊) အပါပုတာတိ-ကား၊ ဝိဝဋာ- ဖွင့်အပ်ပြီ၊ အမတဿ ဒွါရာတိ-ကား၊ အရိယမဂ္ဂါ—ကို၊ (အပါပုတော-ဖွင့်အပ်ပြီ၊) ဟိ-မှန်၊ သော-ထို အရိယာမဂ်သည်၊ အမတသင်္ခါတဿ— အမတဟု ဆိုအပ်သော၊ နိဗ္ဗာနဿ- ၏၊ ဒွါရံ-ဝင်ကြောင်းတံခါး

× × × × × × ×

ပရ၊ပေ၊ဒဿာဝိနော။ ။ပရလောကော စ + ဝဇ္ဇဉ္စ ပရလောကဝဇ္ဇာနိ၊ ဘယတော + ပဿန္တိတိ ဘယ ဒဿာဝိနော၊ ပရလောကဝဇ္ဇာနိ + ဘယ ဒဿာဝိနော— ပရလောက ဝဇ္ဇဘယ ဒဿာဝိနော။

ဥပ္ပလိနိယံ။ ။ဥပ္ပလာနိ ဇေဋ္ဌောတိ ဥပ္ပလိနိ၊ ဥပ္ပလနောင် အသတ္တိဉ် ၍ပစ္စည်း၊ ဇုတ္တိဇောတက ဇုနိပစ္စည်းသက်၊ " ဥပ္ပလကြာတို့ ရှိရာအရပ် " ဟူသည် ကြားခြင်္ကလည်း ဖြစ်နိုင်၏၊ ဇလာသယ-ရေ၏တည်ရာ ရေကန်တကန်လုံး ရေအိုင် တအိုင်လုံး ကြာတော တတော်လုံးလည်း ဖြစ်နိုင်၏၊ ၍နေရာ၌ ကြာတောကို ယူစေလိုသောကြောင့်"ဥပ္ပလဝနေ"ဟု ဖွင့်သည်။

အန္တော၊ပေ၊ပေါသိနိ ။ ။ ပေါသယန္တိတိ ပေါသိနိ၊ စုရာဒိ ပုသဓ်ာတ်, ဏိပစ္စည်း၊ ယောဂကို နိပြု၊ အန္တော+နိမုဂ္ဂါနိ အန္တောနိမုဂ္ဂါနိ၊ အန္တောနိမုဂ္ဂါနိ+ဟုတ္တာ+ပေါသိနိ အန္တောနိမုဂ္ဂပေါသိနိ၊ [ပုသဓာတ်သည် ဘူကိဒိစု ၄ ဂိဏ်းဉ် ပေါသ—မွေးမြူခြင်း အနက်သာ ရှိ၏၊ မွေးမြူ ဟူသည် ကြီးပွားအောင် ပြုခြင်း ကြီးပွားစေခြင်းတည်း။]

အပါပုတေသံ။ ။အဋ္ဌကထာ၌"အပါပုတေသံ အမတဿ ဒွါရာ"ဟု ပဌမပါဒ ရှိမှ ဆန်းတည့်သည်၊ "အပါပုတာ+သေံ"ဟု ပုဒ်ဖြတ်၊ အချို့စာ၌ "အပါရုဘာ"ဟု ရှိ၏၊ ရုဓာတ်သည် ဖွင့်ခြင်းအနက်ကို မဟော၊ ထို့ကြောင့် " အပါပုတေသံ " ဟု ပါဠိမှန် ရှိစေရမည်၊ အပါပုတာ၏ ဓာတ်ကို ရှေ့၌ ပြခဲ့ပြီ။

ဒွါရာ ။ ။ သဏ္ဌာတအာဘိဓာန်၌ ဇုတ္တိလိန်ဟုသာ ရှိ၏၊ ပါဠိဋ္ဌကဉ်း နပုလိန်အရှိများ၏၊ ထို့ကြောင့် " အပါပုတံ အမတဿ ဒွါရံ " ဟု တချို့က ပါဠိုနည်းအတိုင်း ရွတ်ကြသည်။

တည်း၊ ပမုဋ္ဌန္တု သဒ္ဒန္တိ - ကား၊ သဗ္ဗေ - အလုံ စုံသော သတ္တာတို့သည်၊ အတ္တ နော-၏၊ သဒ္ဒံ–ဘုရား တရား၌ ယုံကြည်ခြင်းဟူသော သဒ္ဓါတရားကို၊ ပမုဋ္ဌန္တု- လ္ဟတ်ကြပစေကုန်၊ ဝါ- ထင်ရှားပြကြပစေကုန်၊ ပန္နိ်မပဒဒွယ - နောက် ပါဒ ၂ ပါးအပေါင်း၌၊ အယံ-၌ ဆိုအပ်လတ္တံ့ကား၊ အတ္ထော-တည်း၊ အဟံ-သည်၊ အတ္တနော-၏၊ ပဂုဏံ-အဝါးဝစွာလေ့လာအပ်ပြီးသော၊ သုပ္ပဝတ္တိမ္ပို-ကောင်းစွာ ဖြစ်ခြင်း ရှိသည်လည်းဖြစ်သော၊ (စိတ်၌ ကောင်းစွာဖြစ်ခြင်း ရှိသည်လည်း ဖြစ်သော၊) ပဏီတံ-ပြဓာန်းသည်၏အဖြစ်သို့ဆောင်အပ်သော၊ ဥတ္တမံ-မွန်မြတ် သော၊ ဇုမံ ဓမ္မံ- ၌ သစ္စာ ၄ ပါး တရားတော်ကို၊ ဝါ - ၌ အရိယာမဂ် တရား တော်ကို၊ ကာယဝါစာ ကိလမထသညီ-ကိုယ်နှုတ်တို့၏ ပင်ပန်းရုံသာဟု အမှတ် ရှိတော်မူသည်၊ ဟုတ္ထာ-၍၊ မနုဇေသု ဒေဝမနုဿသု-နတ်လူတို့၌၊ နံ ဘာသိ- ဟောတော်မမူခဲ့ပြီ၊ ဝါ-မဟောအံ့ဟု ကြံတော်မူခဲ့ပြီ၊ (ဤတိအတ္ထော၊) [''ဒေဝ မနုဇေသု''ဟု ဆိုလိုလျက် ဒေဝပုဒ်ကိုချ၍''မနုဇေသု''ဟု ရှိရသည်။]

× × × × × × × ×

ပမုဋ္ဌန္တု သဒ္ဒံ။ ။ပမုဋ္ဌန္တု သဒ္ဒန္တိ သဗ္ဗေ အတ္တနော သဒ္ဒံ မုဋ္ဌန္တု၊ ဝိသဇ္ဇေန္တု၊ ပဝေ ဒေန္တု။ ယော ဒေသိတေ ဓမ္မေ မယ်စ အတ္တနော သဒ္ဓဟနာကာရံ ဥပဋ္ဌာပေန္တု။တိ အတ္ထော။ [မြတ်စွာဘုရား အပေါ်၌ဌင်း မြတ်စွာဘုရား၏ တရားတော်၌ဌင်း မယုံ ကြည်သူတို့အား တရားဟောခြင်းဖြင့် အကျိုးမရှိ၊ မှန်၏၊ — မယုံကြည်သူတို့အား ဟောခြင်းသည် ဘယ်အကျိုးရှိအံ့နည်း၊ ဥပမာ-စာချဘုန်းကြီးတပါးသည် မယုံကြည်သူ တပည့်တို့အား စာချနေခြင်းဖြင့် အကျိုး မရှိသကဲ့သို့တည်း၊ ထို့ကြောင့် " ငါဘုရား ဟောအပ်သော တရားတော်၌ဌင်း ငါဘုရား အပေါ်၌ဌင်း ယုံကြည်ခြင်း သဒ္ဓါကို လွှတ်ကြလော"ဟု မိန့်တော်မူသည်။]

ပဋ္ဌဝဂ္ဂိယကထာ

ပလ္လိတောတိ-ကား၊ ပလ္လင်္ကေန – ကြောင်းကျိုးမြင်သိ သဘာဝပညာရှိသူ၏ အပြုစနှင့်၊ သမန္နာဂတော-၏ ဗျတ္တာတာ-ကား၊ ဝေယျတ္တိယေန-ထက်မြက်သူ ၏ ဖြစ်ကြောင်း ဖြစ်ရာ ဉာဏ်ပညာနှင့်၊ သမန္နာဂတော-၏ မေဓာဝိတာ-ကား၊ ဌာနုပ္ပတ္တိယာ- အကြောင်းအားလျော်စွာ တခဏခြင်းဖြစ်ပေါ်လာသော၊ ပညာ ယ- နှင့်၊ သမန္နာဂတော၊ [ပဏ္ဍိတ, ဗျတ္တ, မေဓာဝီပုဒ်တို့၏ အနက်ကို သဗ္ဗ ရတ္တသိက္ခာပုဒ် အနှင့်ဌ ပြခဲ့ပြီ၊ ထိုဌ ဇာတိလိန်ဖြစ်ခြင်း, ဌ၌ ပုလ္လိန်ဖြစ်ခြင်းသာ ထူး၏။] အပ္ပရဇက္ခဇာတိကောတိ-ကား၊ သမာပတ္တိယာ- ဈာန်သမာပတ်ဖြင့်၊ ဝိက္ခမ္ဘိတတ္တာ–ခွါအပ်ခြင်း၏အဖြစ်ကြောင့်၊ နိက္ကိလေသဇာတိကော-ကိလေသာ မရှိသူ၏အဖြစ်ဟူသော သဘောရှိ၏၊ ဝိသုဒ္ဓသတ္တော-ဝိက္ခမ္ဘနပဟာန်ဖြင့် ကိလေ သာတို့မှ စင်ကြယ်သော သတ္တဝါတည်း၊ အာဇာနိသတိတိ - ကား၊ သလ္လက္ခဏ သတိ-မှတ်သားနိုင်လတ်၊ ပဋိဝိဇ္ဈိသတိ-ထိုးထွင်း၍ သိနိုင်လတ်၊ ဘဂဝတောပိ

ခေါဉ္ဇာဏံ ဥဒပါဒိတိ–ကား၊ သဗ္ဗညုတညာဏံ– သည်၊ ဥပ္ပဇ္ဇိ - ပြီ၊ (ကိ ံ)၊ ဇာတော - ဤနေ့မှ၊ သတ္တာမဒိဝသမတ္ထကေ - ၇ ရက်မြောက်နေ့၏ အထက်၌၊ ကာလံ- သေခြင်းကို၊ ကတ္ဝာ- ပြု၍၊ အာကိဉ္စညာယတနေ- အာကိဉ္စညာယတန ဘုံ၌၊ နိဗ္ဗတ္တော- ဖြစ်ပြီ၊ ဇာတိ-သို့၊ (သဗ္ဗညုတညာဏံ ဥပ္ပဇ္ဇိ)။

မဟာဇာနိယောတိ-ကား၊ သတ္တာဒိဝသဇ္ဈာန်ရေ– ၇ ရက်အတွင်း၌၊ ပတ္တာဇ္ဈ မဂ္ဂဖလတော – ရောက်ထိုက် ရထိုက်သောမဂ်ဖိုလ်မှ၊ ပရိဟီနတ္တာ - ဆုတ်ယုတ်သည်၏ အဖြစ်ကြောင့်၊ အဿ - ထို အာဠာရရဿ၏၊ မဟတိ - ကြီးစွာသော၊ ဇာနိ- ဆုံးရှုံးခြင်းသည်၊ (အတ္ထိ၊) ဇာတိ, မဟာဇာနိယော-မည်၏၊ (ကသ္မာ) အာဠာရော – အာဠာရကောင်း မဟုတ်သော အရပ်၌၊ နိဗ္ဗတ္တတ္တာ – ဖြစ်ရသည်၏ အဖြစ်ကြောင့်တည်း၊ အဘိဒေါသ ကာလံကတောတိ-ကား၊ ဟိယျော-ယမန်နေ့ ညဉ့်သန်းခေါင်ယာမ်က၊ ကာလင်္ကတော - ကွယ်လွန်ပါပြီ၊ သောပိ- ထို ဥဒက ရသော့သည်လည်း၊ နေဝသညာ နာသညာယတနေ - ဘုံ၌၊ နိဗ္ဗတ္တော – ဖြစ်ပြီ၊ ဇာတိ - သို့၊ အဒ္ဒသ – မြင်တော်မူရပြီ၊ ဗဟုကာရာကိ – ကား၊ ဗဟုပကာရာ– များသော လျော်သောကျေးဇူးကို ပြုတတ်ကြကုန်၏၊ ပဓာနပဟိတတ္တံ ဥပဋ္ဌဟိံသူတိ - ကား၊ ပဓာနတ္ထာယ - ကမ္မဋ္ဌာန်းအကျိုးငှါ၊ ပေသိတတ္တာဘာဝံ- စေလွှတ်အပ်သော အတ္တဘောရှိသော၊ (မံ-ကို၊) မုခေါဒကဒါနာဒိနာ– မျက်နှာသစ်ရေပေးခြင်း အစရှိသောကျင့်ဝတ်ဖြင့်၊ ဥပဋ္ဌဟိံသု- ပြုစုကုန်ပြီ။

× × × × × × × ×

မဟာဇာနိယော။ ။သက္ကတဘွဲ့ဇျာနိသည် ပါဠိဘွဲ့ "ဇာနိ"ဟု ဖြစ်၏၊ ဇာဓာတ် (ဆွေးမြေ့, ဆုတ်ယုတ်ခြင်း, ဆုံးရှုံးခြင်းအနက်ဟော) တိပစ္စည်းကို သုတ်ကြီးဖြင့် နိပ္ဖြ၊ "မဟတီ + ဇာနိ မဟာဇာနိ"ပြုပြီးမှ အဿထို့ဆင့်, ဏိကပစ္စည်းမှ ကကို ယပြု။

အဘိဒေါသကာလင်္ကတော။ ။အဘိမုခ်ာန်ဘွဲ့ အဘိဒေါသသဒ္ဒါသည် "ညဉ့်ဦး" အနက်ဟောဟု ဆို၏၊ ထို ညဉ့်ဦးဟူသည် ဘုရားရှင်၏ အကြိုတော်ဖြစ်ရာ ကာလကို ထောက်လျှင် "ဟိယျော" ဖြစ်နေ၏၊ ထို့ကြောင့် "ဟိယျော ကာလင်္ကတော" ဟု ဖွင့်ဟန်တူသည်၊ ဋီကာဆရာကား "အမုရတ္တေ ကာလင်္ကတော" ဟု ဆို၏၊ မနေ့ည သန်းခေါင်လောက်က သေလွန်ခဲ့ပြီ–ဟူလို။

ဗဟုကာရာ။ ။ဥပ မပါသော ကာရသဒ္ဒါလည်း ဥပကာရအနက်ကို ဟောနိုင်၏၊ ထို့ကြောင့် ဗဟုကာရာကို "ဗဟူပကာရာ" ဟု ဥပထည့်၍ ဖွင့်သည်။ [ဘုရားရှင်တို့ မည်သည် ကျေးဇူးများသူအား သာ တရား ဟောတော်မူကြသည် မဟုတ်၊ ဤနေရာ၌ကား ကျေးဇူးများရုံတွင်မက တရားကိုလည်း သိနိုင်သောကြောင့် ကျေးဇူးမျှပုံကိုပါ သတိရတော်မူ၍ "ဗဟုကာရာ ခေါ မေ ပဗ္ဗဇ္ဇဝဂ္ဂိယာ"ဟု ကြိုတော်မူခြင်း ဖြစ်ပါသည်။]

ပဓာနပဟိတတ္တံ။ ။ပဟိတ၌ ပဟခဲ့ဝတ်သည်ဖြစ် (တနည်း) ပဟုဗ္ဗဟိ (ဂတ်မှိ) ဟူသောဓာတ်သည် ပေသနအနက်ကို ဟော၏၊ ဤနေရာ၌ အတ္တာသဒ္ဒါသည် ခန္ဓာကိုယ် အတ္တဘော့ဟူသော့ အနက်ကို ဟော့၏– ဟု သိစေလို၍ "ပေသိတတ္တာဘာဝံ" ဟု ဖွင့်သည်။

အန္တရာစ၊ပေ၊ဗောဓိန္တိ- ကား၊ ဥပကော- ဥပကသည်၊ ဗောဓိမဏ္ဍာသစ-ဗောဓိမဏ္ဍိုင်၏ဂုင်း၊ ဂယာယစ- ဂယာရွာ၏ဂုင်း၊ အန္တရေ-အကြား၌၊ ဘဂဝန္တံ- ကို၊ အဒ္ဒသ - တွေ့ရပြီ၊ အဒ္ဓါနမဂ္ဂ ပဋိပန္နန္တိ - ကား၊ အဒ္ဓါနမဂ္ဂံ - အဓွန့်ရှည်သောခရီးကို၊ ပဋိပန္နံ - ကြတော်မူနေသည်ကို၊ (အဒ္ဒသ၊) သဗ္ဗာဘိဘူတ-ကား၊ သဗ္ဗံ - အလုံးစုံသော၊ တေဘူမကဓမ္မေ - တေဘူမကတရားကို၊ အဘိဘဝိတွာ-လွှမ်းမိုး၍၊ ဌိတော- တည်သည်၊ (အသ္မိ၊) သမ္ဗဝိဒူတိ- ကား၊ သမ္ဗံ-သော၊ စတုဘူမကဓမ္မံ- ကို၊ အဝေဒိ အညာသိ - သိတော်မူပြီ၊ သဗ္ဗေသု ဓမ္မေသု အနုပလိတ္တောတိ-ကား၊ သဗ္ဗေသု-ကုန်သော၊တေဘူမကဓမ္မေသု-တို့၌၊ ကိလေသလေပေန- လိမ်းကျံကြောင်းဖြစ်သော ကိလေသာသည်၊ အလိတ္တော-လိမ်းကျံတော်မမူအပ်သည်၊ (အသ္မိ၊) သဗ္ဗညူဟောတိ-ကား၊ သဗ္ဗံ , တေဘူမကဓမ္မံ - ကို၊ ဇဟိတွာ-စွန့်၍၊ ဌိတော-တည်သည်၊(အသ္မိ၊)တဏှာဒုတိယဝိမုတ္တောတိ-ကား၊တဏှာဒုတိယ-တဏှာ၏ကုန်ရာဖြစ်သော၊ နိဗ္ဗာနေ- ၌၊ အာရမဏတော-အာရုံပြုခြင်းအားဖြင့်၊ ဝိမုတ္တော- လွတ်လွတ်ကျတ်ကျတ် သက်ဝင်ပြီးသည်၊ (အသ္မိ၊) သယံ အဘိညာယတိ- ကား၊ သဗ္ဗံ စတုဘူမကဓမ္မံ, အတ္တနာဝ- ကိုယ်တော်တိုင်သာလျှင်၊ ဇာနိတွာ– သိတော်မူ၍၊ ဝါ– သိတော်မူခြင်းကြောင့်၊ ကမုဒ္ဒိသေယျန္တိ– ကား၊ အညံ- မိမိမှ တပါးသော၊ ကံ- အဘယ်သူ့ကို၊ အယံ- ဤသူသည်၊ မေ-ငါ၏၊ အာစရိယော-ဆရာတည်း၊ ဇာတိ-သို၊ ဥဒ္ဒိသေယျံ-ညွှန်ပြရတော့အံ့နည်း။

နမေ အာစရိယောအတ္ထိတိ-ကား၊ လောကုတ္တရဓမ္မေ-လောကုတ္တရာတရား၌၊ မယှံ-၏၊ ဝါ-ငါ့မှာ၊ အာစရိယောနာမ-မည်သည်၊ နတ္ထိ- မရှိ၊ နတ္ထိ မေ ပဋိပုဂ္ဂလောတိ- ကား၊ မယှံ- ၏၊ ဝါ- မှာ၊ ပဋိဘာဂပုဂ္ဂလော နာမ – အတူဖြစ်သော ပုဂ္ဂိုလ်မည်သည်၊ နတ္ထိ၊ သဒိတိဘူတောတိ-ကား၊ သဗ္ဗကိလေသဂ္ဂိ နိဗ္ဗာပနေန-အလုံးစုံသော ကိလေသာမီးတို့ကို ငြိမ်းစေခြင်းအားဖြင့်၊ သိတိဘူတော-ပြေသည်ဖြစ်၍ဖြစ်သည်၊ (အသ္မိ၊) [“သိဒတော+ ဟုတွာ+ဘူတော သိတဘူတော”ဟုဆိုလိုလျက် အန္ဓိဘူတောကဲ့သို့ စီပစ္စည်း၊ (တနည်း)ဤပစ္စည်းသက်ထားသည်၊] ကိလေသာနံယေဝ – ကိလေသာတို့၏ပင်၊ နိဗ္ဗုတတ္တာ – ငြိမ်းကုန်ပြီး၏အဖြစ်ကြောင့်၊ နိဗ္ဗုတော - ငြိမ်းပြီးသည်၊ (အသ္မိ၊) ကာသိနံပုရန္တိ - ကား၊ ကာသိရဋ္ဌေ-ကာသိတိုင်း၌၊ ပုရံ-ဗာရာဏသီမြို့သို့၊ (“ဂစ္ဆာမိ-သွားပေအံ့၊ ဝါ–သွားမည်လို့”၌စင်၊) [ကာသီပုဒ်သည် ဇနပုဒ်အနက်ဟောဖြစ်သောကြောင့် ဗဟုဝုစ်ရှိရသော်လည်း ဧဝသဒ္ဒအားဖြင့် တခုတည်းသာဖြစ်သောကြောင့် “ကာသိရဋ္ဌေ” ဟု ကေဝုစ်ဖြင့်ဖွင့်သည်။] အာဟဉ္ဆု အမတဒုန္ဒုဘိန္တိ-ကား၊ဓမ္မစက္ကပဋိလာဘာယ-ဓမ္မစက်ကို ရခြင်းငှါ၊ အမဘာဘေရိံ-အမြိုက်စည်ကို၊ ပဟရိဿာမိ-ရိုက်တီးဆော်ယွမ်းတော်မူအံ့၊ ဇာတိ-ဤသို့ကြံ၍၊ ဂစ္ဆာမိ-အံ့၊ ဝါ-လို့။ [“အာဟဉ္ဆု” မှန်းကြောင်းကို မောဂ္ဂလ္လာန်တျာဒိ(၆၇) နိဿယကြည့်ပါ။] အရဟသိ အနန္တ

ဇနောတိ-ကား၊ အနန္တဇိနော – အနန္တဇိနသည်၊ ဝါ-အဆုံးမရှိ အောင်နိုင်သူသည်၊ ဘဝိတုံ - ဌါ၊ ယုဒ္ဓာ - သင့်ပါပေ၏၊ ဟုဝေယျ ပါဝုသောတိ - ကား၊ အာဝုသော – ငါ့ရှင်၊ ဧဝမိနာမ – ဤသို့လည်း မည်သည်၊ (ဒီလိုဆိုတာလဲ၊) ဘဝေယျ – ဖြစ်နိုင်လောက် ပါပေ၏၊ သိသံ သြကမ္မေတွာတိ – ကား၊ သိသံ-ဥုးခေါင်းကို၊ စာလေတွာ-လှုပ်စေ၍၊(တနည်း)သိသံ စာလေတွာ-ခေါင်းငြိမ့်၍၊ (ပက္ကမိ)။

သဏ္ဌာပေသုန္တိ-ကား၊ ကတိကံ-ကတိကဝတ်ကို၊ အကံသု-ကုန်ပြီ၊ဗာဟုလ္လိကောတိ-ကား၊ စိဝရဗာဟုလ္လာဒီနံ- သင်္ကန်းတို့၏ များကုန်သည်၏အဖြစ် အစရှိသည်တို့၏၊ အတ္ထာယ-ငှါ၊ ပဋိပန္နော-ကျင့်၏၊[“ဗဟုလာနံ+ဘာဝေါ ဗာဟုလ္လံ၊ ဗာဟုလ္လာယ+ပဋိပန္နော ဗာဟုလ္လိကော”ဟု ပြု၊] ပဓာနဝိဇ္ဇန္တောတိ- ကား၊ ပဓာနတော - ကမ္မဋ္ဌာန်း အားထုတ်ကြောင်း အကျင့်မှ၊ ဝိဇ္ဇန္တော- မရပ်မတည်ပြန်လည်ခဲ့ပြီ၊ ဘဋ္ဌော - လျော့ကျခဲ့ပြီ၊ ပရိဟီနော - ဆုတ်ယုတ်ခဲ့ပြီ၊ [ဝိပုဇ္ဇ ဘမု(အနဝဋ္ဌာနေ)ဟူသော ဓာတ်, တပစ္စည်း၊ ကမ္မဋ္ဌာန်းအားထုတ်မှု၌ တည်မနေဘဲ ကမ္မဋ္ဌာန်းမှလျော့ကျခဲ့ပြီ-ဟူလို၊] အာဝတ္တော ဗာဟုလ္လာယာတိ- ကား၊ စိဝရာဒိဗဟုလဘာဝတ္ထာယ-သင်္ကန်း အစရှိသည်တို့၏ များကုန်သည်၏ အဖြစ်ဟူသော အကျိုးငှါ၊ အာဝတ္တော-ပြန်လည်ခဲ့ပြီ၊ [ဟိုဟို ဒိဒိ လှည့်လည် သွားလာနေခြင်းမျိုးကို မဆိုလို၊ “ ဟီနာယာဝတ္တိတ္တာ ” ကဲ့သို့ ပြန်၍ ဆုတ်လာခဲ့ခြင်းကိုဆိုလိုသည်။]

သြဒဟာထ ဘိက္ခဝေ သောတန္တိ–ကား၊ ဘိက္ခဝေ-တို့၊ သောတံ - နားကို၊ ဥပနေထ-ကပ်ဆောင်ကြကုန်လော၊ သောတိန္ဒြိယံ-သောတိန္ဒြေကို၊ ဓမ္မသဝနတ္ထံ-တရားနာခြင်းအကျိုးငှါ။ အဘိမုခံ - ရှေ့ရှု၊ ကရောထ - ပြုကြကုန်လော၊ ဇုတိ အတ္ထော- ဤကား အဓိပ္ပါယ်နက်၊ အမတ မဓိဂတန္တိ- ကား၊ မယာ - ငါသည်၊ အမတံ-မသေရာ ဖြစ်သော၊ နိဗ္ဗာနံ-ကို၊ အဓိဂတံ–သိအပ် ရအပ်ပြီ၊ ဇုတိ–ဤအနက်ကို၊ ဒဿေတိ-ပြ၏၊ ဇုရိယာယာတိ-ကား၊ ဒုက္ကရ ဇုရိယာယ-ဒုက္ကရ

× × × × × × ×

ဟုဝေယျပါဝုသော ။ ။ ဟုဝေယျကို “ ဘဝေယျ ” ဟု ဖွင့်သည်၊ ထို့ကြောင့် ဟူခဲတ် ဃျေဝိဘတ်၊ ဟူ၏ဥုကို ဥဝပြု၍ “ဟုဝေယျ”ဟု ပါဠိုရင်းတည်း၊ ဝကို ပပြု၍ “ဟုပေယျ”ဟုလည်း ရွတ်ဖတ်ကြသည်၊ ပိကို“ဧဝမ္ပိနာမ”ဟု ဖွင့်သည်၊ “ ပါပကေ အကုသလေဓမ္မေ ဇိနာမိတိ ဇိနော”အရ ဤမျှလောက်သပွါယ်သော ရုပ်ပုံတော်ရတနာဝယ် အကုသိုလ်အားလုံးကို အောင်နိုင်ပြီးဖြစ်စဲရာရှိရကား ဇိနဟူသော အမည်သည် ဖြစ်နိုင်လောက်ပါပေ၏-ဟူလို။

သြဒဟထ။ ။အဝပုဗ္ဗ , ဓာဝဲ်ာတ်, အပစ္စည်း, ထဝိဘတ်၊ ဓဲ့ာ ဓဲ့ာ ဟု ဒွေဘော်ပြု၍ ရှေ့ဓာဒ္ဓ ဓကို ဒပြု၊ အာကို ရဿပြု, နောက်ဓဲကိုလည်း ဟပြု၊ သောတံ ဥပနေထကဉ္စ အဓိပ္ပါယတ္ထတည်း၊ သဒ္ဒတ္ထမှာ“ရှေ့ရှုထား်ကြကုန်”ဟု ဖြစ်၏။

ကို ကျင့်ခြင်း ဟူသော အမှုအရာဖြင့်၊ ပဋိပဒါယာတိ-ကား၊ ဒုက္ကရပဋိပဒါယ-ဒုက္ကရကို ကျင့်ခြင်းဖြင့်၊ အာဘိဇာနာထ နောတိ-ကား၊ အာဘိဇာနာထန္ - သိကြကုန်သလော၊ သမနုပဿထ-မြင်ကြကုန်သလော၊ ဝေရုပံ ပဘာဝိတမေတန္တိ-ကား၊ဝေရုပံ-ဤသို့သဘောရှိသော၊ တေံ ဝါကျံ-ဤဝါကျကို၊ ဝါ-ဤစကားကို၊ ဘာသိတံ-ပြောဆိုအပ်ဘူး၏ ဟူ၍၊ (အာဘိဇာနာထန္ – သိကြကုန်သလော၊) ဇုတိ အတ္ထော၊ အသက္ခိ၊ပေ၊သညာပေတုန္တိ- ကား၊ အဟံ-ငါသည်၊ ဗုဒ္ဓေါ–ဘုရားတည်း၊ ဇုတိ-သို့၊ ဇာနာပေတုံ-သိစေခြင်းငှါ၊ အာသက္ခိ-စွမ်းနိုင်တော်မူပြီ။

စက္ခုကရဏီတိ– ဟူသော စကားတော်ကို၊ ပညာစက္ခုံ – ပညာစက္ခုကို၊ သန္ဓာယ–ရည်ရွယ်တော်မူ၍၊ အာဟ-မိန့်တော်မူ၏၊ ဇုတော–ဤစက္ခုကရဏီ ဟူသောပုဒ်မှ၊ ပရံ–နောံဖြစ်သော၊ သဗ္ဗံ-အလုံးစုံသောပုဒ်သည်၊ ပဒတ္ထတော–

× × × × × × ×

အာဘိဇာနာထနော၊ ။ပါဠိတော်၌“အာဘိဇာနာထမေနော”ဟု ရှိသော်လည်း အဋ္ဌကထာ၌ နော့သဒ္ဒါ၏ ပုဿာဇောတက အဖြစ်ကို ဖွင့်လိုရင်း ဖြစ်သောကြောင့် “အာဘိဇာနာထ မေ နော”ဟု မေသဒ္ဒါ မပါသင့်၊ “ အာဘိဇာနာထ နော ” ဟု သာ ရှိသင့်သည်၊ သမနုပဿထပါသည်က အပို၊ ဋီကာ၌လည်း မပါ။

ဥတ္တရိ မနုဿဓမ္မာ၊ ။ “ မနုဿဓမ္မတော ဥပရိ ” ဟု ဋီကာဖွင့်သောကြောင့် “ဥတ္တရိ+မနုဿဓမ္မာ”ဟု ပါဠိတော်၌ ဝါကျရှိသင့်၏၊ အခြားနေရာ၌ကား “ ဥတ္တရိ မနုဿဓမ္မံ”စသည်ဖြင့် သမာသ်ရှိသည်။

အလမရိယဉာဏဒဿနဝိသေသံ။ ။ “အလံ+အရိယံ (ကာတုံ) တိ အလမရိယော”ဟု ဋီကာဖွင့်၏၊ အရိယာယ–အရိယာအကျိုးငှါ၊ (အရိယာဖြစ်ဘို့ရာ) အလံ–စွမ်းနိုင်သော ဉာဏ်အထူးတည်း၊ “အလမရိယော–ထူး”ဟု ပြု၊ ဉာဏဒဿနမေဝ-သည်ပင်+ဝိသေသော–တရားအထူးတည်း၊ ဉာဏဒဿနဝိသေသော”ဟု ကမ္မဓာရယ ပြု၊ အခြားနေရာ၌ မဟဒ္ဓိဟိ ပြု၍ ဈာန်မဂ်ဖိုလ် အားလုံးကို ယူရသည်၊ ဤ၌ကား ဉာဏ်ဟူသော တရားထူးကိုသာ ယူပါ၊ ဤဉာဏဒဿန ဝိသေသဟူသည်လည်း သမ္မဒညတဉာဏ်,တနည်း–သမ္မဒညတ၏ အခြေခံ ဖြစ်သော အရဟတ္တမဂ်ဉာဏ်တည်း၊ ဤသို့ သမ္မဒညတဉာဏ် (အရဟတ္တမဂ်ဉာဏ်) ကိုသာ·အရေကဲ့ရသောကြောင့် အခြားနေရာ၌ ဝိပ္ပြိဟ်ပြုပုံနှင့် မတူအောင်ပြုရသည်။ [ပါဠိတော်၏အဖွင့် ဋီကာစကားများတည်း။]

ဘာသိတမေတံ။ ။ဝေရုပံနှင့် တေံကိုတွဲ၍ အနက်ပေးလေသောကြောင့် “ဟေံ ဝေရုပံ ဝါကျံ ” ဟုဂုင်း , ဘာသိတံ နောက်၌လည်း ဇုတိ အကြောင်းကြောင့်ဆိုဂုင်း, ဝေရုပံ–သော၊ တေံ ဝါကျံ– ဤစကားမျိုးကို၊ ဘာသိတံ – ပြောဆိုအပ်ဘူး၏ ဟူ၍၊ အာဘိဇာနာထနော–သိကြကုန်၏လော၊ ဤသို့ ပါဠိတော်၌ပေးပါ။

မုက္ခေ။ ။“ဘာသိတမေတံ”နေရာ၌“ပဘာဝိတမေတံ”ဟု မူကွဲရှိ၏၊“ပဘာဝိတံ-ထင်ရှား ပြအပ်၏ဟူ၍” ဟုပေး၊ “ ဝိဘာဝိတမေတံ ”ဟုလည်း ရှိ၏၊ ဝိဘာဝိတံနှင့် ပဘာဝိတံသည် အနက်တူပင်။ [“ ဝိဇ္ဇာဝိတံ ” ဟု ဒွေဘော်ရှိသည်ကား ဝိနောက်၌ ဒွေဘော်ရောက်ရှိ၊ မဟုတ်သောကြောင့် မသင့် ဟု ထင်သည်။]

ပုဒ်နက်အားဖြင့်၊ ဥတ္တာနမေဝ – ပေါ်လွင်ထင်ရှားသည်သာ၊ ပန- အဘို့ဘပါး
ကား၊ အဓိပ္ပါယနုသန္ဓိယောဇနာဒိဘေဒးတာ-အဓိပ္ပါယ်,အနုသန္ဓေ,ယောဇနာ
အစရှိသော အပြားအားဖြင့်၊ ပပဉ္စသူဒနိယာ - ပပဉ္စသူဒနီ မည်သော၊ မဇ္ဈိမ
ဋ္ဌကထာယ-မဇ္ဈိမနိကာယ် အဋ္ဌကထာ၌၊ ဝုတ္တနယေန - ဆိုအပ်ပြီးသောနည်း
ဖြင့်၊ ဓဝဒ္ဒိတဗ္ဗံ - သိထိုက်၏၊ ဟိ-မှန်၊ ဣတော–၌ စက္ခုကရဏီဟူသောပုဒ်မှ၊
ပဋ္ဌာယ-၍၊ အတိဝိထ္ထာရဘိရုကဿ-အလွန်ကျယ်ဝန်းသောစကားကို ကြောက်
သော၊ ဝါ-အလွန်ကျယ်ဝန်းသောစကားမှ ကြောက်သော၊ မဟာဇနဿ- များ
စွာသောရဟန်းအပေါင်း၏၊ စိတ္တံ-ကို၊ အနုရက္ခန္တာ-စောင့်ရှောက်လိုကုန်သည်၊
(ဟုတ္တာ) သုတ္တန္တကထံ- သုတ္တန်စကားကို၊ အဝဏ္ဏယိတ္တာ - မဖွင့်မူ၍၊ ဝိနယ
ကထံယေဝ-ဝိနည်းစကားကိုသာလျှင်၊ ဝဏ္ဏယိဿာမ-ဖွင့်ကုန်အံ့၊ သာဝ၊ပေ၊
အဟောသိတိ-ကား၊ အာသင်္ဃိပုဏ္ဏမာယ-ဝါဆိုလပြည့်နေ့၌၊ အဇ္ဇာရဿဟိ ဒေဝ
တာ ကောဋိဟိ - တဆဲ့ရှစ်ကုဋေကုန်သော နတ် ဗြဟ္မာတို့နှင့်၊ သဒ္ဒိံ – တကွ၊
သောတာပတ္တိဖလေ-၌၊ ပတိဋ္ဌိတဿ-တည်ပြီးသော၊ တဿအာယဿ္မတော-ထို
အရှင်ကောဏ္ဍည၏၊ ဟိ ဘိက္ခူတိ- ဟိဘိက္ခုဟူ၍၊ ဘဂဝတော- ၏၊ ဝစနေ
န-စကားတော်ကြောင့်၊ အဘိနိပ္ပန္နာ-ပြီးသော၊ သာဝ- ထို ဥပသမ္ပဒါသည်ပင်၊
ဟိဘိက္ခုပသမ္ပဒါ-သည်၊ အဟောသိ-ပြီ။(ဥပသမ္ပဒါရှစ်ပါးတွင် ဟိဘိက္ခုပ
သမ္ပဒါဖြင့် ရဟန်းဖြစ်သည်-ဟူလို)။

အထ ခေါ အာယသ္မတောစ ဝပ္ပသာတိ အာဒိမှ - အစရှိသော စကား၌၊
(ဝိနိစ္ဆယော ဝေံ ဝေဒိတဗ္ဗော၊) ဝပ္ပတ္ထေရသ- ဝပ္ပထေရ၏၊ ပါဋိပဒဒိဝသေ-
အထွက်တရက်နေ့၌၊ ဝါ- လပြည့်ကျော်တရက်နေ့၌၊ ဓမ္မစက္ခု–သစ္စာလေးပါး
တရားကို သိမြင်တတ်သော သောတာပတ္တိဉာဏ်စက္ခုသည်၊ ဥဒပါဒိ-ပြီ၊ ဘဒ္ဒိယ
တ္ထေရသ-၏၊ ဒုတိယဒိဝသေ – ၌၊ (ဓမ္မစက္ခု ဥဒပ်ါဒိ၊) မဟာနာမတ္ထေရသ
တတိယဒိဝသေ (ဓမ္မစက္ခု ဥဒပါဒိ၊) အဿဇိတ္ထေရသ စတုတ္ထိယံ (ဓမ္မစက္ခု
ဥဒပါဒိ၊) ဏတိ-၌သို့သိထိုက်၏၊ [“ တိထိ ” ဟူသော ပါဠိကိုငဲ့၍ “ စတုတ္ထိ
ယံ ” ဟု ဏတ္ထိလိန်ဖြင့်ဆိုသည်၊] စပန–ထပ်၍ဆက်ဥုံးအံ့၊ ဏမေသံဘိက္ခူနံ–
၌ ရဟန်းတော်တို့၏၊ ကမ္မဋ္ဌာနေသု– ကမ္မဋ္ဌာန်းတို့၌၊ ဥပ္ပန္နမလဝိသောဓနတ္ထံ–
ဖြစ်ပေါ်လာသောအညစ်အကြေးတို့ကို သုဓိသင်တော်မူခြင်းအကျိုးငှါ၊ ဘဂဝါ-
သည်၊ အန္တောဝိဟာရေယေဝ - ကျောင်းတော်၏အတွင်း၌သာလျှင်၊ အဟော
သိ - ဖြစ်တော်မူပြီ၊ ဝါ- သိတင်းသုံးတော်မူပြီ၊ ကမ္မဋ္ဌာနမလေ – ကမ္မဋ္ဌာန်း၏
အညစ်အကြေးသည်၊ ဥပ္ပန္နေ ဥပ္ပန္နေ-ဖြစ်ပေါ်လာ, ဖြစ်ပေါ်လာလသော်၊ ဝါ-
ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း၊ အာကာဒေန-ကောင်းကင်ဖြင့်၊ ဂတ္တေါ- ကြွတော်
မူ၍၊ မလံ-ကို၊ ဝိနောဒေသိ-ပယ်ဖျောက်တော်မူပြီ၊ ပန-ကား၊ ပက္ခသ-လဆုတ်
ပက္ခ၏၊ ပဉ္စမိယံ–ငါးရက်မြောက်နေ့၌၊ သမ္ဗေ - ကုန်သော၊ တေ - ထိုရဟန်း

တော်တို့ကို၊ ကေတော- တပေါင်းတည်း၊ သန္ဓိပါတေတွာ - စည်းဝေးနေစေတော်မူပြီး၍၊ အနတ္တသုတ္တေန-အနတ္တလက္ခဏာသုတ်တော်ဖြင့်၊ ဩဝဒိ-ဆုံးမတော်မူပြီး၊ တေန-ကြောင့်၊ အထခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေတိ အာဒိ-အစရှိသော စကားကို၊ (သံဂိတိကာရေဟိ) ဝုတ္တံ၊ တေန ခေါ ပန သမယေန ၊ပေ၊ ဟောန္တိ တိ - ကား၊ ပက္ခသ- လဆုတ်ပက္ခ၏၊ ပဉ္စမိယာ- ၅ ရက်မြောက်နေ့၌၊ လောကသ္မိ - သတ္တလောက၌၊ ဆ- ၆ ပါးကုန်သော၊ မနုဿာ - လူဖြစ်ကုန်သော၊ အရဟန္တော- ရဟန္တာပုဂ္ဂိုလ်တို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ ဇာတိ အဝေါ။

ပဗ္ဗဇ္ဇာကထာ

ပုဗ္ဗာနု ပုဗ္ဗကာနန္တိ–ကား၊ ပဝေဏိဝသေန– အစဉ်အဆက်၏ အစွမ်းဖြင့်၊ ပေါရာဏာနု ပေါရာဏာနံ – ရှေးဦးဖြစ်သောအမျိုးသို့ အစဉ်လိုက်သော အမျိုးဖြစ်ကုန်သော၊(ကုလာနံ-တို့၏၊) ဇာတိအဝေါ၊ တေန ခေါ ပန သမယေန၊ပေ၊ ဟောန္တိ-ကား၊ ပုရိမာ-ရှေးဦးဖြစ်ကုန်သော၊ ဆ-၆ ပါးတို့ဝင်း၊ ပဗ္ဗပညာသ-ငါးကျိပ်ငါးပါးသော၊ ဇာမေစ– ၅၅ ပုဂ္ဂိုလ်တို့ဝင်း၊ ဇာတိ - သို့၊ အန္တောဇဿမိ ယေဝ-ဝါတွင်းဦးပင်၊ ကေသဉ္စ- ၆ ကျိပ်တပါးသော၊ မနုဿာ- ကုန်သော၊ အရဟန္တော-တို့သည်၊ ဟောန္တိ၊ ဇာတိ အဝေါ။

တတြ- ထို ၆ ကျိပ်တပါးသော လူရဟန္တာ ပုဂ္ဂိုလ်တို့တွင်၊ (တတြာတိ ကေသဉ္စိ မနုဿအရဟန္တေသု။– ယောဇနာ၊) ယသအာဒိနံ - ယသ အစရှိကုန်သော၊ ကုလပုတ္တာနံ– အမျိုးကောင်းသားတို့၏၊ အယံ– ၅၅ ဆိုအပ်လတံ့ကား၊ ပုဗ္ဗယောဂေါ–ရှေးဦး အားထုတ်အပ်သော ကောင်းမှုတည်း၊ ဝါ-ရှေးဦးဖြစ်သော အကြောင်းတည်း၊ ကိရ–ဆဲ၊ အတီတေ- ဦး၊ ပဗ္ဗပညာသ – ငါးကျိပ်ငါးယောက်သော၊ သဟာယကာ–သူငယ်ချင်းဖြစ်ကုန်သော၊ ဇနာ-လူတို့သည်၊ ဝဂ္ဂဗန္ဓေန-အစုဖွဲ့ခြင်းအားဖြင့်၊ ဝါ- အသင်းဖွဲ့ခြင်းအားဖြင့်၊ ပုညာနိ - တို့ကို၊ ကရောန္တာ–ပြုကုန်လျက်၊ အနာထသရိရာနိ - ကိုးကွယ်ရာမရှိကုန်သော ကိုယ်တို့ကို၊ ဝါ-ကိုးကွယ်ရာ မရှိကုန်သော အလောင်းတို့ကို၊ ပဋိဇဂ္ဂန္တာ – သုဓသင်ကုန်လျက်၊ ဝိစရန္တိ-လှည့်လည်ကြကုန်၏၊ တေ- ထို ငါးကျိပ် ငါးယောက်သော သူငယ်ချင်းတို့သည်၊ ကေဒိဝသံ-၌၊ ဂန္ဒိနိ - ကိုယ်ဝန်ရှိသော၊ ဇာတ္တိ-ကို၊ ကာလက်တံ–သေနေသည်ကို၊ ဒိသွာ-တွေ့၍၊ ဗျာပေဿာမ-မီးသင်္ဂြိဟ်ကြကုန်စို့၊ ဇာတိ-၅၅သို့

× × × × × × ×

ပုဗ္ဗယောဂေါ။ ။ယောဇနာ၌ "ပုဗ္ဗယောဂေါတိ ပုဗ္ဗေ ဂတော ဉာဝါယော၊ ပုဗ္ဗပုနိဿယော"ဟု ဖွင့်သဖြင့် "ရှေးဦးဖြစ်သော အကြောင်း" ဟု ပေး၊ သို့သော် "ယုဇ–ယောဂေ=အားထုတ်ခြင်း၌"ဟု ဖြစ်သောကြောင့် "ပုဗ္ဗေ+ယောဂေါ ပုဗ္ဗယောဂေါ–ရှေးဦး အားထုတ်အပ်သော ကောင်းမှု"ဟုသာ ပေးသင့်သည်။

တိုင်ပင်၍၊ သုသာနံ-သုသာန်သို့၊ နိဟရိံသု- ထုတ်ဆောင်ကြကုန်ပြီ၊ တေသု-ထို လူတို့တွင်၊ ပဿ ငါးယောက်ကုန်သော၊ ဇနေ- လူတို့ကို၊ တုမ္မေ-တို့သည်၊ ဈာပေထ-မီးသင်္ဂြိဟ်ရစ်ကြကုန်၊ ဣတိ-ဤသို့ပြော၍၊ သုသာနေ-၌၊ ထဒေပတွာ-ထားခဲ့၍၊ သေသာ-ကြွင်းသောလူတို့သည်၊ ဂါမံ - သို့၊ ပဝိဋ္ဌာ - ဝင်ကြကုန်ပြီ၊ ယသော-ယသမည်သော၊ ဒါရကော-သူငယ်သည်၊ တံ သရီရံ-ထို အလောင်းကောင်ကို၊ ဝိဇ္ဈိတွာ- တံစူးဝါးဖြင့် ထိုး၍ၜင်း၊ ပရိဝတ္တေတွာစ - ပြောင်းပြန် ပြန်လှန်၍ၜင်း၊ ဈာပယမာနော- မီးသင်္ဂြိဟ်စဉ်၊ အသုဘသညံ- အသုဘသညာကို၊ ပဋိလဘိ-ရပြီ၊ သော- ထို ယသသူငယ်သည်၊ ဇုတရေသမ္ပဲ - အခြားလည်းဖြစ်ကုန်သော၊ စတုန္နံ-ကုန်သော၊ ဇနာနံ-တို့အား၊ဘော-အမောင်တို့၊ အသုစိံ-မစင်ကြယ်သော၊ ပဋိကူလံ - ရွံရှာဘွယ်ကောင်းသော၊ ဇုမံ- ၌ အလောင်းကောင်ကို၊ ပဿထ-ကြည့်ကြကုန်၊ ဣတိ-ဤသို့ပြော၍၊ ဒဿေသိ-ပြပြီ၊ တေပိ-ထိုလူတို့သည်လည်း၊ တတ္ထ-ထို အလောင်းကောင်၌၊ အသုဘသညံ-ကို၊ ပဋိလဘိံသု-ကုန်ပြီ၊ ပဿပိ-ကုန်သော၊ တေ ဇနာ- တို့သည်၊ ဂါမံ ဂတ္တာ၊ သေသသဟာယကာနံ-တို့အား၊ ကထယိံသု-ပြောပြကြကုန်ပြီ၊ ယသော-မည်သော၊ ဒါရကောပန- သူငယ်သည်ကား၊ ဂေဟမ္ပိ-အိမ်သို့လည်း၊ ဂတ္တာ-၍၊ မာတာဂိတူနဉ္စ-တို့အားၜင်း၊ ဘရိယာယစ-အားၜင်း၊ ကထေသိ- ပြီ၊ သဗ္ဗေပိ- ကုန်သော၊ တေ- ထိုလူတို့သည်၊ (မိဘမယား သူငယ်ချင်းတို့သည်၊) အသုဘံ - အသုဘ ဘာဝနာကို၊ ဘာဝယိံသု - ဖြစ်စေကြကုန်ပြီ၊ ဝါ- ပွားများကြကုန်ပြီ၊ အယံ - ၌ ဆိုအပ်ပြီးကား၊ ဇေတသံ-၌ အမျိုးကောင်းသားတို့၏၊ ပုဗ္ဗယောဂေါ- တည်း၊ တေန- ကြောင့်၊ အာယသ္မာ တော ယသဿ- ၏၊ နာဠကဇနေသု-ကချေသည် မောင်းမတို့၌၊ သုသာန သညာ ယေဝ - သုသာန်ဟူ၍ မှတ်ထင်သောသညာ သည်သာ၊ ဥပ္ပဇ္ဇိ - ပြီ၊ စ - ဆက်၊ တာယေဝ ဥပနိဿယသမ္ပတ္တိယာ - ထို ဥပနိဿယ၏ ပြည့်စုံခြင်း ကြောင့်ပင်၊ ဝိသေသာဓိဂမော - တရားထူးကိုရခြင်းသည်၊ နိဗ္ဗတ္တိ-ပြီ၊ ဣတိ-အပြီးတည်း။

အထ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိတိ-ကား၊ ဘဂဝါ-သည်၊ ယာဝ-အကြင်မျှလောက်၊ ပန္ထိမကတ္တိကပုဏ္ဏမာ-နောံ၌ဖြစ်သော ကြတ္တိကာနက္ခတ်နှင့် ယှဉ်သော လပြည့်နေ့သည်၊ ဝါ- တန်ဆောင်မုန်းလပြည့်နေ့သည်၊ (အတ္ထိ- ၏၊) တာဝ- ထို တန်ဆောင်မုန်း လပြည့်နေ့တိုင်အောင်၊ ဗာရာဏသိယံ-ဗာရာဏသီမြို့၌၊ ဝါ- ဗာရာဏသီမြို့၏ အနီးဖြစ်သော မိဂဒါယုံ၌၊ ဝိဟရန္တော - သီတင်းသုံးတော်မူလျက်၊ ကေဒိဝသံ - ၌၊ ဒိဏ္ဏာသဝေ - ကုန်ပြီးသော အာသဝေါရှိကုန်သော၊ သဋ္ဌိ- ၆၀ ကျိပ်သော၊ တေဘိက္ခူ - တို့ကို၊ အာမန္တေသိ - မိန့်တော်မူပြီ၊ ဒိဗ္ဗေသု- နတ်၌ဖြစ်ကုန်သော၊ ဝိသယေသု- အာရုံတို့၌၊ လောဘပါသာ- လောဘ တည်းဟူသော ကျော့ကွင်းတို့သည်၊ ဒိဗ္ဗာနာမ - ဒိဗ္ဗတို့မည်၏၊ မာနုသေသု- လူ၌ ဖြစ်ကုန်သော၊ ဝိသယေသု-တို့၌၊ လောဘပါသာ- တို့သည်၊ မာနု

သာနာမ တိုမည်၏၊ မာ ကေန ဒွေတိ-ကား၊ ကေန - တရြောင်းတည်းသော၊ မင်္ဂွန-လမ်းဖြင့်၊ ဒွေ- ၂ ပါးတို့သည်၊ မာ အဂမိတ္ထ- မသွားကြကုန်လင့်၊ အဿဝနတာတိ–ကား၊ အဿဝနတ္ထာယ-နာရခြင်း မရှိသူတို့၏ အဖြစ်ကြောင့်၊ ဝါ–မနာရခြင်းငှါကြောင့်၊ ပရိဟာယန္တိတိ-ကား၊ အနမိဂတံ-မရအပ်သေးသော တရားထူးကို၊ နာမိဂစ္ဆန္တာ-မရကုန်သည်၊ (ဟုတ္တာ-၍)၊ ဝိသေသာမိဂမတော-တရားထူးကို ရခြင်းမှ၊ ပရိဟာယန္တိ - ဆုတ်ယုတ်ကြကုန်၏၊ အန္တကာတိ - ကား၊ လာမက - ယုတ်ညံ့သော သတ္တာ၊ ဟီနသတ္တ – ယုတ်ညံ့သော သတ္တာ၊ ဝါ–ယုတ်ညံ့သော အကောင်၊ အန္တလိကွစရောတိ-ဟူသော ပါဠိကို၊ ရာဂပါသံ-ရာဂတည်းဟူသော ကျော့ကွင်းကို၊ သန္ဓာယ- ၍၊ အာဟ- ဆိုပြီ၊ ဟိ-မှန်၊ သော–ထိုမာရ်နတ်သည်၊ တံ-ထိုရာဂတည်းဟူသော ကျော့ကွင်းကို၊အန္တလိကွစရောတိ-ကောင်းကင်၌ လှည့်လည်နိုင်၏ ဟူ၍၊ မတ်ဝါ- သိ၍၊ အာဟ- ဆိုပြီ။

နာနာဒိသာ နာနာဇနပဒါဘိ - ကား၊ နာနာဒိသတောစ– အမျိုးမျိုးသော အရပ်မှၜင်း၊ နာနာဇနပဒတောစ - အမျိုးမျိုးသောဇနပုဒ်မှၜင်း၊ (အားနေန္တိ၌စပ်၊) အနုဇာနာမိ ဘိက္ခဝေ ၊ပေ၊ ပဗ္ဗာဇေထာတိ အာဒိမှ- အစရှိသော ပါဠိရပ်၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) ပမ္မဇ္ဇာပေက္ခံ– ရှင်အဖြစ်ကို ရှုငဲ့သော၊ ဝါ– ရှင်းလင်းဖြစ်သော၊ ကုလပုတ္တံ – ကို၊ ပဗ္ဗာဇေန္တေန – ရှင်ဖြစ်စေသော ဥပဇ္ဈာယ်ဆရာသည်၊ ဝါ - ရှင်ပြုပေးသော ဥပဇ္ဈာယ်ဆရာသည်၊ (ပဗ္ဗာဇေတဗ္ဗောဘ်စပ်၊)ပရေတာ-နေဝံဘ်၊ နဘိက္ခဝေ၊ပေ၊ ပဗ္ဗာဇေတဗ္ဗောတိ- အစရှိသော ပါဠိရပ်ကို၊ အာဒိံကတွာ–အစပြု၍၊ ယာဝ နအန္တမ္ပဂဗမိရော ပဗ္ဗာဇေတဗ္ဗောတိ- နအန္တမ္ပဂဗမိရော ပဗ္ဗာဇေတဗ္ဗောဟူသော ပါဠိရပ်တိုင်အောင်၊ ဧဝံ- ဤ၊ ပဒိက္ခိတ္တာ- ပယ်မြစ်အပ်ကုန်သော၊ ယေပုဂ္ဂလာ- တို့သည်၊ (သန္တိ – ရှိကုန်၏၊) တေ - ထို ပုဂ္ဂိုလ်တို့ကို၊ ဝဇ္ဇေတွာ - ရှောင်ကြဉ်၍၊ ပမ္မဇ္ဇာဒေါသဝိရဟိတော-ရှင်အဖြစ်၏ အပြစ်တို့မှကင်းသော၊ ပုဂ္ဂလော–ကို၊ ပဗ္ဗာဇေတဗ္ဗော–ရှင်ဖြစ်စေ

× × × × × × ×

ဒိဗ္ဗာ၊ ။ဒိဝိ+ဘဝါ ဒိဗ္ဗာ – နတ်ပြည်၌ ဖြစ်သော အာရုံတို့၊ ထိုအာရုံတို့၏ ဒိဗ္ဗအမည်ကို အာရမ္မဏိက လောဘအပေါ်တင်စား၍ လောဘကို ကာရဏူပစာရအားဖြင့်“ဒိဗ္ဗ”ဟု ခေါ်ရသည်၊ ထိုလောဘသည် နှောင်ဖွဲ့တတ်သောကျော့ကွင်းနှင့်တူသောကြောင့် “ လောဘပါသော ”ဟု ဆိုသည်၊ မာနုသာဒ်လည်း “ မနုဿသု + ဘဝါ– မာနုသာ”ဟု ပြု၍ ဝိသယကို အရကောက်ပြီးလျှင် လောဘပါသ ရအောင် ရှေးနည်းအတိုင်း ကြံပါ။

အန္တိက။ ။အန္တသဒ္ဒါသည်“ အန္တော နိတ္တိ သမီပေစ ”စသော အဘိဓာန်လာအနက်တို့တွင်“လာမကအနက်ဟော”ဟုသိစေလို၍“လာမက”ဟုဖွင့်သည်၊“အန္တောယေဝ-အန္တကော”ဟု ပြု၊ ယောဇနာ၌ “အန္တံ လာမကံ ကရောတီတိ အန္တကော”ဟု ပြုသည်ကို စဉ်းစားပါ၊ ဟီနသတ္တကား လာမက၏ သရုပ်ပြတည်း။

ထိုက်၏၊ ဝါ - ရှင်ပြုပေးထိုက်၏၊ စ - ဆက်၊ သောဝိ - ထို ပုဂ္ဂိုလ်ကိုလည်း၊ မာတာပိတူဟိ·မိဘတို့သည်၊ အနုညာတောယေဝ - ခွင့်ပြုအပ်သော ရှင်လောင်းကိုသာ၊(ပဗ္ဗာဇေတဗ္ဗော၊)တဿ-ထို ရှင်လောင်းကို၊ (တနည်း၊) တဿ - ထို မိဘတို့၏၊ အနုဇာနနလက္ခဏံ-ခွင့်ပြုခြင်း၏ လက္ခဏာကို၊ [တဿစာတိ ပုဂ္ဂလဿစ၊ အထဝါ တေသဉ္စ မာတာပိတူနံ၊ ဝစနဝိပလ္လာသော ဟေသ၊ယောဇနာ။] နာ ဘိက္ခဝေ၊ပေ၊ အာပတ္တိ ဒုက္ကဋဿာတိ - ဟူသော၊ ဇတ္ထိ သုတ္တေ– ဤပါဠိတော်၌၊ ဝါ - ဤပါဠိတော်ကျမှ၊ ဝတ္ထုယိဿာမ–ဖွင့်ကုန်အံ့၊ စ - သည်သာ မကသေး၊ ဧဝံ-ဤသို့၊ ပဗ္ဗဇ္ဇာဒေါသဝိရဟိတံ-သော၊ မာတာပိတူဟိ- တို့သည်၊ အနုညာတံ- သော၊ (ပဗ္ဗဇ္ဇာပေက္ခံ-ကို၊) ပဗ္ဗာဇေန္တေနာပိ- လည်း၊ (အာပုစ္ဆိတဗ္ဗံ၌စပ်၊) အစ္ဆိန္နကေသော-မဖြတ်အပ်သေးသော ဆံရှိသည်၊ သစေ ဟောတိ-အံ့၊ ကေသိမာယစ – တသိမ်ထည်း၌လည်း၊ အဇ္ဈုပဂ - မိမိမှ အခြားလည်း ဖြစ်ကုန်သော၊ ဘိက္ခူ - တို့သည်၊ သစေ အတ္ထိ – ကုန်အံ့၊ (ဧဝံသတိ - ဤသို့ဖြစ်လသော်၊) ကေသစ္ဆေဒနတ္ထာယ-ဆံကို ဖြတ်ခြင်း အကျိုးငှါ၊(ခေါင်းရိတ်ခြင်း အကျိုးငှါ၊) ဘဏ္ဍုကမ်ံ- ခေါင်းတုံးမှုကို၊ အာပုစ္ဆိတဗ္ဗံ- ပန်ပြောရာ၏၊ တဿ-ထိုခေါင်းတုံးမှုကို၊ အာပုစ္ဆနာကာရံ-ပန်ပြောခြင်း၏အခြင်းအရာကို၊ အနုဇာနာမိ၊ဧပါဘဏ္ဍုကမ္မာယာတိ-ဟူသော၊ ဇတ္ထ-ဤပါဠိတော်၌၊ ဝါ-ဤပါဠိတော်ကျမှ၊ ဝတ္ထုယိဿာမ-ဖွင့်ကုန်အံ့။

(သယံ–ကိုယ်တိုင်၊ ပဗ္ဗာဇေတုံ-ရှင်ဖြစ်စေခြင်းငှါ၊ ဝါ– ရှင်ပြုပေးခြင်းငှါ၊) သြကာသော- အခွင့်သည်၊ သစေ ဟောတိ- အကယ်၍ရှိအံ့၊ (ဧဝံသတိ– ဤသို့ရှိလသော်၊) သးယံ- ဥပဇ္ဈာယ်ကိုယ်တိုင်၊ ပဗ္ဗာဇေတဗ္ဗော- ၏၊ ဥဒ္ဒေသပရိပုစ္ဆာဒိဟိ–ပါဠိကိုရွတ်ပြခြင်း, အနက်ကိုမေးမြန်းစေခြင်း အစရှိသည်တို့ဖြင့်၊ [ပါဠိကို ပို့ချရခြင်း, အဋ္ဌကထာကိုပို့ချရခြင်း အစရှိသည်တို့ဖြင့်၊] ဗျာဝဋော-ကြောင့်ကြစိုက်နေရသည်၊ သစေ ဟောတိ-အံ့၊ သြကာသံ-ကို၊ သစေ နလဘတိ-အံ့၊ (ဧဝံသတိ–ဤသို့ဖြစ်လသော်၊) ဧကော- တပါးသော၊ ဒဟရဘိက္ခု–ရဟန်းငယ်ကို၊ ဝတ္တဗ္ဗော-ပြောဆိုထိုက်၏၊(ကိ)၊ ဧတံ- ဤရှင်လောင်းကို၊ ပဗ္ဗာဇေဟိ-ရှင်ဖြစ်စေလော၊(ရှင်ပြုပေးလိုက်လော၊)ဇုတိ-သို့၊ (ဝတ္တဗ္ဗော-၏၊ ဒဟရဘိက္ခု-သည်၊

× × × × × × ×

သယံ ပဗ္ဗာဇေတဗ္ဗော ။ ။ ရှင်သာမဏေ ပြုပေးရာ၌.... ၁ – ခေါင်းရိတ်မှု, ၂ – သင်္ကန်းဝတ်ပေးမှု, ၃ – သရဏဂုံပေးမှု, ဤ သုံးကိစ္စပြီသူကို "ရှင်ပြုပေးသူ" ဟု ဆိုရသည်၊ ထိုကိစ္စ ၃ မျိုးလုံးကို အားလပ်ခွင့်ရလျှင် ဥပဇ္ဈာယ်ကိုယ်တိုင် ပြုပေးထိုက်သည်–ဟူလို။

ဧတံ ပဗ္ဗာဇေဟိ။ ။ဆယ်ဝါမရသေးသော ရဟန်းငယ်ကို စေခိုင်းရာ၌ ခေါင်းရိတ်မှု, သင်္ကန်းဝတ်ပေးမှု ၂ မျိုးကိုသာ ရည်ရွယ်၍ "ဧတံ ပဗ္ဗာဇေဟိ"ဟု ဆိုကြောင်းကို သဘ့ရတ္တဋီကာ၌ "ဧတံ ပဗ္ဗာဇေဟိတိ ကေသစ္ဆေဒနံ ကဘ့သာ့ယစ္ဆာ့ဒနဉ္စ သန္ဓာယ

အဝုဇ္ဈော - မပြောဆိုအပ်သည်၊ (ဥပဇ္ဈာယ်မခိုင်းအပ်သည်၊ သမာနော)ပိ–ဖြစ်ပါသော်လည်း၊ ဥပဇ္ဈာယံ-ကို၊ ဥဒ္ဒိသ–ရည်စူး၍၊ စေ ပဇ္ဇာဇေတိ- အံ့၊ (ဧဝံသတိ၊) ဝန္ဒတိ - အပ်၏၊ ဒဟရဘိက္ခု– သည်၊ သဒ္ဓိ နတ္ထိ- အံ့၊ (ဧဝံသတိ၊) သာမဏေရောပိ-ကိုလည်း၊ ဝတ္တဗ္ဗော-၏၊ (ကိ)၊ တေံ- ဤရှင်လောင်းကို၊ ခဏ္ဍသိမံ-ခဏ္ဍသိမ်သို့၊ နေတွာ-ဆောင်၍၊ ပမ္မာဇေတွာ- ၍၊ ကာသာယာနိ- သင်္ကန်းတို့ကို၊ အစ္ဆာဒေတွာ-ဖုံးလွှမ်း၍၊ ဟိ-လာခဲ့လော၊ ဣတိဝတ္တမ္မော၊ သရဏာနိ ပန-သရဏဂုံတို့ကိုကား၊ သယံ- ကိုယ်တိုင်၊ ဒါတမ္မာနိ- ပေးထိုက်ကုန်၏၊ ဧဝံ-ဤသို့၊ (ဥပဇ္ဈာယ်ကိုယ်တိုင် သရဏဂုံပေးလသော်၊) ဘိက္ခုနာဝ - သည်သာ၊ (ဝေဖြင့် သာမဏေကိုကန့်၊)ပမ္မာဇိတော- ရှင်ဖြစ်စေအပ်သည်၊(ရှင်ပြုပေးအပ်သည်၊) ဟောတိ၊ ဟိ- မှန်၊ ပုရိသံ-ကို၊(ယောကျ်ားဖြစ်သောရှင်လောင်းကို၊) ဘိက္ခုတော- မှ၊ အညော- အခြားသူသည်၊ ပမ္မာဇေတုံ-ရှင်ဖြစ်စေခြင်းငှါ၊ ဝါ-ရှင်ပြုပေးခြင်းငှါ၊ နလဘတိ- မရ၊ မာတုဂါမံ- မာတုဂါမကို၊(မာတုဂါမဖြစ်သောရှင်လောင်းကို၊)ဘိက္ခုနိဒတာ- မှ၊ အညော- သည်၊ (ပမ္မာဇေတုံ နလဘတိ၊) ပန-ဆက်၊ သာမဏေရောဝါ-သာမဏေသည်ၦင်း၊ သာမဏေရီဝါ-သာမဏေမသည်ၦင်း၊ အာဏတ္တိယာ - ဥပဇ္ဈာယ်၏ စေခိုင်းခြင်းအားဖြင့်၊ ကာသာယာနိ-တို့ကို၊ ဒါတုံ - ငှါ၊ လဘတိ-၏၊ ကေဒသာရောပနံ - ဆံချခြင်းကို၊ ယေန ကေနစိ-အာမဂ်တ်မရှိ တစုံတယောက်သည်၊ (ရဟန်းဖြစ်စေ သာမဏေ- လူဝတ်ကြောင်ဖြစ်စေ) ကတံ-ပြုအပ်သည်၊ (သမာနံ- သော်၊) သုကတံ-ကောင်းစွာပြုအပ်ပြီ။

ပန-ဆက်၊ (ပမ္မဇ္ဇာပေက္ခော- သည်၊) ဘဗ္ဗရူပေါ- ကျွတ်ထိုက်သောသဘောရှိသော၊ သဟေတုကော-မဂ်ဖိုလ်ကိုရဘို့ရန် အကြောင်းနှင့်တကွဖြစ်သော၊ (ဘဗ္ဗရူပေါကို ထပ်ဖွင့်သည်၊) ဉာတော– ထင်ရှားသော၊ ယသသီ–များသောအခြွေအရံရှိသော၊ ကုလပုတ္တော - အမျိုးကောင်းသားသည်၊ သဒ္ဓေ ဟောတိ- အံ့၊ (ဧဝံသတိ၊) ဩကာသံ- အားလပ်ခွင့်ကို၊ ကတ္တာပိ - ပြု၍သော်လည်း၊ သယမေဝ–ဥပဇ္ဈာယ်ဆရာ ကိုယ်တိုင်သာလျှင်၊ ပမ္မာဇေတဗ္ဗော- ၏၊ ပန – ဗျတိရိတ်ကား၊ မတ္တိကာမုဒ္ဓံ– မြေညက်ဆုပ်ကို၊ ဂဟေတ္ဝာ- ယူ၍၊ (သဲဆပ်ပျာကဲ့သို့ ကိုယ်ကို

× × × + × × × ×

ဝုတ္တံ ” ဟု ဖွင့်၏၊ သို့သော် သာမဏေကို စေခိုင်းရာ၌ “ တေံ ခဏ္ဍသိမံ နေတ္ဝာ ပမ္မာဇေတွာ ကာသာယာနိ အစ္ဆာဒေတွာ ဟိ ” ဟု အတိုကျဆို၍ ရဟန်းငယ်ကို စေခိုင်းရာ၌ကား “ တေံ ပမ္မာဇေဟိ ” ဟု သာမညခိုင်းသောကြောင့် “ ဗျတ္တာပဋိဗလ ရဟန်းငယ်က ဥပဇ္ဈာယ်ဆရာ၏ ကိုယ်စားအဖြစ်ဖြင့် သရဏဂုံလည်း ပေးကောင်း၏ ” ဟု ယူ၍ “ပမ္မာဇေဟိတိ ဇုဒံ တိဝိဓံဓိ သန္ဓာယ ဝုတ္တံ”ဟု ဝိဓတ်ဖွင့်သည်၊ [ခန္ဓသီမံ နေတ္ဝာကား ဘက္ခုကမ္မ အာပုစ္ဆနကို မပြုဘဲလည်း ပြီးနိုင်အောင်ဆိုအပ်သော စကားတည်း၊ ခဏ္ဍသိမ် မဟုတ်ဆာင်္ကာ ရဟန်းအများ ရှိတတ်၏၊ ရှိလျှင် ထိုရဟန်းများကို ခေါင်းရိတ်မည့်အကြောင်း ခွင့်ပန်ပြီးမှ ရိတ်ရသည်။]

ပွတ်တိုက်၍ ရသောမြေညက်ဆုပ်ကို ယူ၍၊) နှာယိတွာ - ရေချိုး၍၊ ကေသေ — တို့ကို၊ တေမေတွာ-စိုစေ၍၊ ဝါ- ရေဆွတ်၍၊ အာဂစ္ဆာဟိ- လာခဲ့လော၊ ဇုတိ စ - ဤသို့ကား၊ နု ဝိသဇ္ဇေတဗ္ဗော - မစေလွှတ်ထိုက်၊ (" အမျိုးကောင်းသား ကလေးကို မျက်နှာလွဲ ခဲပစ်သဘောမျိုးဖြင့် သူ့ဘာသာ ရေချိုး ခေါင်းဆေးရန် မလွှတ်လိုက်ပါနှင့် " ဟူလို) ဟိ-မှန်၊ (တနည်း) ဟိ ယသ္မာ-ကြောင့်၊ ပဗ္ဗဇိတု ကာမာနံ– ရှင်ပြုလိုကုန်သော သတ္တိသားတို့၏၊ ပဌမံ- ရှေးဦးစွာ၊ ဝါ-အစက၊ ဗလဝဉ္ဃသာဟော – အားကြီးခသော အားထုတ်ခြင်းသည်၊ (အလွန် အားတက် သရောသည်၊)ဟောတိ-၏၊ ပစ္ဆာပန-ကား၊ ကာသာယနိစ-တို့ကိုဂုင်း၊ ကေသ ဟရဏာ သတ္ထကမ္ပ – ဆံကို ပယ်ရှားကြောင်း ဒါးငယ်ကိုဂုင်း၊ ဝါ - သင်တုံးကို ဂုင်း၊ ဒိသွာ - မြင်ရ၍၊ ဥတြသန္တိ - ထိတ်လန့်ကြကုန်၏၊ ဇတ္တောယေဝ – ဤသက်နှံး သင်တုံးတို့ကို မြင်ရာအရပ်မှပင်၊ ပလာယန္တိ- ပြန့်ပြေးတတ်ကြကုန်၏၊ တသ္မာ-ကြောင့်၊ သယမေဝ- ဥပဇ္ဈာယ်ဆရာကိုယ်တိုင်သာလျှင်၊ နဟာနတိတ္ထံ- ရေချိုးဆိပ်သို့၊ နေတွာ-ခေါ်ဆောင်၍၊ နာတိဒဟရော- မငယ်လွန်းသည်၊ သစေ ဟောတိ- အံ့၊ (ဧဝံသတိ) နဟာဟိ-ရေချိုးလော့၊ ဇုတိ ဝတ္တဗ္ဗော၊ ပန- ဆက်၊ အဿ- ထို ရှင်လောင်း၏၊ ကေသာ- ဆံတို့ကို၊ သယမေဝ–သာလျှင်၊ မတ္တိကံ- ကို၊ ဂဟေတွာ- ၍၊ ဓောဝိတဗ္ဗာ–ဆေးထိုက်ကုန်၏။

ဒဟရကုမာရကောပန - ငယ်ရွယ်သော သတ္တိသားငယ်ကိုကား၊ သယံ– ဥပဇ္ဈာယ်ဆရာကိုယ်တိုင်၊ ဥဒကံ - ရေထည်းသို့၊ ဩတရိတွာ - သက်ဆင်း၍၊ ဂေါမယမတ္တိကာဟိ- နွားချေးမြေညက်တို့ဖြင့်၊ ဃံသိတွာ-ပွတ်တိုက်၍၊ နဟာပေ တဗ္ဗော– ရေချိုးစေထိုက်၏၊ (ရေချိုးပေးထိုက်၏၊) အဿ - ထို့ရှင်လောင်း၏၊ ကစ္ဆ၀ါ- ယားနာသည်သော်ငုင်း၊ ပိဠကာဝါ– အိုင်းအမာတို့သည်သော်ငုင်း၊ သစေပိ ဟောန္တိ–အကယ်၍မူလည်း ရှိစေကုန်ဦးတော့၊ (ဧဝံသတိပိ)မာတာ- သည်၊ ပုတ္တံ- ကို၊ နု ဇဂ္ဃတိယထာ- မစက်ဆုပ်သကဲ့သို့၊ (မရှံသကဲ့သို့၊) ဧဝ မေဝ-သာလျှင်၊ အဇဂ္ဃန္တော်န-မစက်ဆုပ်ဘဲ၊ သာဓုကံ-စွာ၊ ဟတ္ထပါဒသီသာနိ- လက် ခြေ ဦးခေါင်းတို့ကို၊ ဃံသိတွာ- ၍၊ နဟာပေတဗ္ဗော - ၏၊ ကသ္မာ-နည်း၊ ဟိယသ္မာ - ကြောင့်၊ တ္တောကေန - ဤမျှ အတိုင်းအရှည်ရှိသော၊ ဥပကာရေန– လျော်စွာပြုအပ်သောကျေးဇူးဖြင့်၊ကုလပုတ္တာ-တို့သည်၊ အာစရိယုပဇ္ဈာယေသု စ–ဆရာ ဥပဇ္ဈာယ်တို့၌ဌဉ်း၊ သာသနေစ – သာသနာတော်၌ဌဉ်း၊ ဗလဝသိနေ ဟာ - အားကြီးသော ချစ်ခြင်းရှိကုန်သည်၊ တိဗ္ဗဂါရဝါ- ထက်သန်သော ရိုသေ လေးစားခြင်း ရှိကုန်သည်၊ အနိဝတ္တိဓမ္မာ - မဆုတ်နစ်ခြင်း သဘောရှိကုန်သည်၊ ဟောန္တိ- ၏၊ ဥပ္ပန်- ဖြစ်ပေါ်လာသော၊ အနဘိရတိ -မမွေ့လျော်ခြင်းကို၊ ဝိနော ဒေတွာ - ပယ်ဖျောက်၍၊ ထေရဘာဝံ – ထေရ်၏ အဖြစ်သို့၊ (ဆရာတော်ကြီး အဖြစ်သို့၊) ပါပုဏန္တိ - ရောက်ကြကုန်၏၊ ကတညူ-ဥပဇ္ဈာယ်တို့ ပြုအပ်သော

ကျေးဇူးကို သိတတ်ကုန်သည်၊ ကတဝေဒိနော- ဥပစ္စာယ်တို့ပြုအပ်သော ကျေးဇူးကို ထင်စွာ ပြုလေ့ရှိကုန်သည်၊ ဟောန္တိ- ၏၊ (တသ္မာ- ထို့ကြောင့်တည်း။)

ပန- ဆက်၊ ဧဝံ–သို့၊ နဟာပနကာလေ–ရေချိုးစေရာ အခါ၌ဌင်း၊ (ရေချိုးပေးရာအခါ၌ဌင်း၊) ကေသမဿု- ကို၊ ဩရောပနကာလေဝါ- ချရာအခါ၌ဌင်း၊ တွံ–သင်သည်၊ (သင်က)၊ ဥဒေတာ - ထင်ရှားသူတည်း၊ ယသဿီ - များသော အခြွေအရံရှိသူတည်း၊ ဇာဒါနိ-ယခုအခါ၌၊(သင့်လိုပုဂ္ဂိုလ်တယောက် ရှင်ရဟန်း ပြုလေရာ အခုအခါ၌၊) မယံ-တို့သည်၊ တံ-သင့်ကို၊ နိဿာယ-၍၊ ပစ္စယေဟိ-တို့ဖြင့်၊ နကိလမိဿာမ-မပင်ပန်းကုန်တော့အံ့၊ ဇာတိ-သို့၊ န ဝတ္တမ္ဗော-မပြောဆိုထိုက်၊ အညာပိ- အခြားလည်းဖြစ်သော၊ အနိယျာနိကကထာ- ဝဋ်ဆင်းရဲမှ မထွက်မြောက်နိုင်သော စကားကို၊ နကထေတဗ္ဗာ- မပြောဆိုထိုက်၊ အထခေါ- စင်စစ်ကား၊အဿ-ထိုရှင်လောင်းအား၊ အာဝုသော-ငါ့ရှင်၊ သုဋ္ဌု-ကောင်းစွာ၊ ဥပဓာရေဟိ–စဉ်းစားဆင်ခြင်လော၊ သတိံ - သတိကို၊ ဥပဋ္ဌာပေဟိ–ကပ်၍ တည်စေလော၊ ဝါ–ဖြစ်စေလော၊ ဇာတိ-သို့၊ ဝတ္တာ-၍၊ တစပဉ္စက ကမ္မဋ္ဌာနံ-ကို၊ အာစိက္ခိတဗ္ဗံ–ပြောပြရာ၏။

စ-ဆက်၊(တစပဉ္စကကမ္မဋ္ဌာနံ-ကို၊)အာစိက္ခနနော-ပြောပြသော ဥပစ္စာယ သည်၊ ဝဏ္ဏသဏ္ဌာနဂန္ဓာသယောကာသဝသေန-အဆင်း, ပုံသဏ္ဌာန်, အနံ့, ဖြစ်ရာတည်ရာတို့၏ အစွမ်းအားဖြင့်၊ အသုစိဇေဂုစ္ဆပဋိကူလဘာဝံ-မစင်ကြယ်သည်၏အဖြစ် စက်ဆုပ်ဘွယ်၏အဖြစ် ရှံရှာဘွယ်၏အဖြစ်ကိုဌင်း၊နိဇ္ဇီဝနိဿတ္တ ဘာဝံဝါ-အသက်ကောင်မဟုတ်သည်၏ အဖြစ်, သတ္တာမဟုတ်သည်၏အဖြစ်ကို ဌင်း၊ပါကဋံ-ထင်ရှားအောင်၊ ကရောန္တော်နော-ပြုလျက်၊ အာစိက္ခိတဗ္ဗံ-၏၊(အာသယသြကာသတို့၏ ပုဒ္ဂိုဠိပုံနှင့် တကွ အဓိပ္ပါယ်ကို ပါရာဇိကဏ် ဘာသာဋီကာ တတိယပါရာဇိက အသုဘဓော်းဌ်ပြခဲ့ပြီ၊)ဟ်-အကျိုးကား၊သော-ထိုရှင်လောင်းသည်၊ ပုဗ္ဗေ-ဧရှေးဌ်၊ (ရှေးဘုရား သာသနာတော်၌၊) မဒ္ဒိတသဒ်ါရော - နှိပ်နယ်အပ်ပြီးသော သဒ်ါရရှိသည်၊ ဘာဝိတဘာဝနော-ပွားစေအပ်ပြီးသော ဘာဝနာ

× × × × × × ×

မဒ္ဒိတသဒ်ါရော ဘာဝိတဘာဝနော ။ ။ မဒ္ဒိတသဒ်ါရောတိ နာမရူပဝဝတ္ထာနေနစေဝ ပစ္စယပရိဂ္ဂဟဝသေနစ ဉာဏေန ပရိမဒ္ဒိတ သဒ်ါရော၊ဘာဝိတဘာဝနောတိ ကလာပသမ္မသနာဒိနာ သဗ္ဗသော ကုသလဘာဝနာယ(ကို)ပူရဏေန ဘာဝိတဘာဝနော။– ဋီကာ၊ ဤကိုထောံ၍ ဘုရားရှင်၏ သာသနာတော်နှင့် တွေ့ကြုံရသောအခါ နာမရူပ ပရိစ္ဆေဒ ဉာဏ်ဟူသော နာမရူပဝဝတ္ထာနနှင့် ရုပ်နာမ်တို့၏ အကြောင်းကို နားလည်သော ပစ္စယပရိဂ္ဂဟဉာဏ်ကို ပိုင်ပိုင်နိုင်နိုင်ရအောင် ကြိုးစား၍ အနည်းဆုံး ကလာပသမ္မသန ဉာဏ်ဟူသော ဝိပဿနာဉာဏ်, စွမ်းနိုင်လျှင် သဒ်ါရုပေက္ခာဉာဏ် တိုင်အောင် အထက်ဉာဏ်များကို ရဘူးသူသည် နောက် ဘုရား သာသနာတော်၌ လွယ်ကူစွာ ကျွတ်တန်းဝင်နိုင်လောက်သော ပါရမီအခြေခံရသူ ဟု ဆိုထိုက်ပါသည်။

ရှိသည်၊ ကလ္လာကဝေဓာပေက္ခော - ဆုးဖြင့် ဖေါက်ခြင်းကို ရှုငဲ့သော၊ ပရိပက္ကဝလ္လောဝိယ-မှည့်ရင့်နေသော အနာကဲ့သို့ဂုင်း၊ သူရိယုဂ္ဂမနာပေက္ခံ-နေထွက်ခြင်းကို ရှုငဲ့သော၊ ပရိဏာတပဒုမံဝိယစ-ရင့်နေသော ပဒုမ္မာ ကြာပန်းကဲ့သို့ဂုင်း၊ သစေ ဟောတိ-အံ့၊ အထ-ထိုသို့ ဖြစ်လသော်၊ အဿ-ထိုရှင်လောင်း၏၊ ကမ္မဋ္ဌာနမနသိကာရေ- ကမ္မဋ္ဌာန်း နှလုံးသွင်းမှုကို၊ အာရဒ္ဓမတ္တော - အားထုတ်အပ်ကာမျှ ဖြစ်လသော်၊ ဇာန္ဒာသနိ-သကြားလက်နက် မိုဃ်းကြိုးစက်သည်၊ ပဇ္ဇတော-တို့ကို၊(စုဏ္ဏောဝိယ-မှုန့်မှုန့်ညက်ညက် ချေဖျက်သကဲ့သို့၊ ဧဝံ-တူ၊) ကိလေသပဇ္ဇတော-ကိလေသာတောင်တို့ကို၊ စုဏ္ဏမာနံယေဝ- မှုန့်မှုန့်ညက်ညက် ချေဖျက်လျက်သာလျှင်၊ ဉာဏံ – ဉာဏ်သည်၊ ပဝတ္တတိ - ဖြစ်တတ်၏၊ ခုရဂ္ဂေယေဝ-သင်တုံး ကိစ္စ၏ အဆုံးဦဝပင်လျှင်၊ အရဟတ္တံ-သို့၊ ပါပုဏာတိ-၏၊ [ခုရဂ္ဂေယေဝါတိ ခုရဿ ကောဋိယမေဝ၊ ခုရကမ္မ ပရိယောသာနေယေဝါတိ အတ္ထော။-ယောဇနာ၊]

ဟိ–မှန်၊(တနည်း)၊ ဟိ(ယသ္မာ)-ကြောင့်၊ ယေကေစိ- အကြင် အမှတ်မရှိကြွင်းမဲ့ဥသုံ အလုံးစုံသော ပုဂ္ဂိုလ်တို့သည်၊ ခုရဂ္ဂေ- ဦ၊ အရဟတ္တံ- သို့၊ ပတ္တာ-ရောက်ကြကုန်ပြီ၊ သမ္မေ - ကုန်သော၊ ဧတေ - ထိုပုဂ္ဂိုလ်တို့သည်၊ ဧဝရူပံ- ဤသို့သဘောရှိသော၊ သဝနံ-ကြားနာအပ်သော ကမ္မဋ္ဌာန်းတရားကို၊ လဘိတ္ဝာ-ရ၍၊ ကလျာဏမိတ္တေန- ကောင်းသော မိတ်ဆွေဖြစ်သော၊ အာစရိယေန- သည်၊ ဒိန္နနယံ- ပေးအပ်သော နည်းကို၊ နိဿာယ- မှီ၍၊ (အရဟတ္တံ- သို့၊ ပတ္တာ-ရောက်ရကုန်ပြီ၊) အနိဿာယ- မမှီရ၍၊ ဝါ- အမှီမရဘဲ၊ (အရဟတ္တံ- သို့၊ နောပတ္တာ-မရောက်နိုင်ကြကုန်၊) တသ္မာ - ကြောင့်၊ အဿ - ထို ရှင်လောင်းအား၊ အာဒိတောဝ- အစဉ်ပင်၊ ဧဝရူပိ-ဤသို့ သဘောရှိသော၊ ကထေ-တစပဉ္စကကမ္မဋ္ဌာန်းစသော တရားစကားကို၊ ကထေတဗ္ဗာ- ပြောပြထိုက်၏၊ ဇာတိ-ဤသို့ မှတ်အပ်၏။

× × × × × × ×

မဒ္ဒိတသခ်ါရော သီလ-ဝန္တော ဘာဝိတဘာဝနော၊
ဗုဒ္ဓိသန္တော ခုရဂ္ဂမ္ဟိ, သော အာဂါမိ သာသနေ။

သီလဝန္တော–ရဟန်း လူရှင်, သူတော်စင်တို့, အစဉ်တည်ရ, သီလရတနာ, အဆင်တန်ဆာလည်း ရှိထသော၊ မဒ္ဒိကသခ်ါဒရော – ဤကား ရုပ်မှန်, ဤကား နာမ် ဟု, ကြောင်းခံနှင့်တကွ, နှိပ်နယ်အပ်သော သခ်ါရလည်းရှိထသော၊ ဘာဝိတဘာဝနော–သမ္မသနဉာဏ်, အရင်းခံ၍, ဖန်ဖန်ပုံသေ, တိုးပွားစေအပ်သော ဘာဝနာလည်းရှိထသော၊ သော-သံသရာဝဋ်, ဘဝည္သတ်မှ, လွတ်ဘိုင့်စောင်း, ဤသူတော်ကောင်းသည်၊ အာဂါမိသာသနေ– ကမ္မာစစ်တွေး , ဖြစ်မဝေးသည့် , မေတ္တေး မြတ်စွာ, သာသနာတော်မြတ်၌၊ ခုရဂ္ဂမ္ဟိ– ကေသာ လောမာ, ရွှတ်ဆိုကာဖြင့် , ကေသာဆံချ , သင်တုန်းကိစ္စ၏ အဆုံးဦ၊ ဗုဒ္ဓိသန္တော – အရဟတ္တာဖိုလ်ရောက်, တရားပေါက်၍, မျက်မှောက်နိဗ္ဗု, သိမည့်သူပေ တကား။

ပန- ဆက်၊ ကေသေသု- ဆံတို့ကို၊ သြရောပိတေသု - ချအပ်ပြီးကုန်လသော်၊ ဟလိဒ္ဒီစုဏ္ဏောနဝါ – နန္တင်းမှုန့်ဖြင့် သော်၎င်း၊ ဂန္ဓစုဏ္ဏောနဝါ – နံ့သာမှုန့်ဖြင့် သော်၎င်း၊ [လူဝတ်ကြောင်ပြစ်၍ နံ့သာဆပ်ပျာဖြင့် ရေချိုးနိုင်သေး၏၊] သီသဉ္စ-ဥုးခေါင်းကိုဂင်း၊ သရီရဉ္စ - ကိုယ်ကိုဂင်း၊ ဥဇုန္နေတွာ - ပွတ်တိုက်၍၊ ဂိဟိဂန္ဓံ-လူတို့၏အနံ့ကို၊ အပနေတွာ-ဖယ်ရှား၍၊ ကာသာယာနိ - တို့ကို၊ တိက္ခတ္တုံဝါ-၃ ကြိမ်သော်၎င်း၊ ဒွိက္ခတ္တုံဝါ - ၂ ကြိမ်သော်၎င်း၊ သကိံဝါ – တကြိမ်သော်၎င်း၊ ပဋိဂ္ဂါဟေဘမ္ဗော – ခံယူစေထိုက်၏၊ ဝါ - ပေးထိုက်၏၊ (ဆရာ့လက်မှ မယူဘဲနှင့် မိမိဘာသာ ယူဝတ်လျှင် ရှင့်အသွင်ကို ဒိုးရာရောက်သော လိင်္ဂထေနက အဖြစ် ဖြစ်မည်စိုးသောကြောင့် ဆရာကပေးရသည်၊) အဿ- ထို ရှင်လောင်း၏၊ ဟတ္ထေ- လက်၌၊ အဒတွာ - မပေးမူ၍၊ အာစရိယောဝါ- သရဏာဂုံဆရာသည် သော်၎င်း၊ ဥပဇ္ဈာယောဝါ – ဥပဇ္ဈာယ်သည်သော်၎င်း၊ သယမေဝ – ကိုယ်တိုင်သာလျှင်၊ အထာပိ အဿ ဒေတိ-အကယ်၍မူလည်း ဖုံးလွှမ်းပေးအံ့၊ (ဧဝံသတိပိ- ဤသို့ ဖုံးလွှမ်းပေးသော်လည်း၊) ဝုဋ္ဌတိ- အပ်၏၊ အညံ- ဆရာ, ဥပဇ္ဈာယ်မှ အခြားသော၊ ဒဟရံဝါ-ရဟန်းငယ်ကိုသော်၎င်း၊ သာမဏေရံဝါ-သာမဏေကို သော်၎င်း၊ ဥပါသကံဝါ-ကိုသော်၎င်း၊ အာဝုသော-ငါ့ရှင်၊ တေနိ ကာသာယာနိ-တို့ကို၊ ဂဟေတွာ-၍၊ တေံ-ဤရှင်လောင်းကို၊ အစ္ဆာဒေဟိ-ဖုံးလွှမ်းပေးလိုက်လော၊ ဇုတိ-သို့၊ သစေပိ အာဏာပေတိ– အကယ်၍မူလည်း စေခိုင်းအံ့၊ (ဧဝံသတိဝါ–ဤသို့ စေခိုင်းသော်၎င်း၊) တံ ယေဝ-ထို ရှင်လောင်းကိုပင်၊ ဘောနိ-ဤသင်္ကန်းတို့ကို၊ ဂဟေတွာ– ယူ၍၊ အစ္ဆာဒေဟိ– ဖုံးလွှမ်းလော၊ (ဝတ်လော၊) ဇုတိ-သို့၊ သစေပိ အာဏာပေတိ-အံ့၊ (ဧဝံသတိဝါ– ဤသို့ စေခိုင်းသော်၎င်း၊) သဗ္ဗံ-အလုံးစုံသည်၊ ဝုဋ္ဌတိ-အပ်၏၊ သဗ္ဗံ-အလုံးစုံသောသင်္ကန်းသည်၊ ဝါ-ကို၊ တေန ဘိက္ခုနာဝ – ထို ဆရာဥပဇ္ဈာယ်ရဟန်းသည်သာ၊ ဒိန္နံ – ပေးအပ်သည်၊ ဟောတိ။

ပန- ဆက်၊ ယံ နိဝါသနံ – အကြင် သင်းပိုင်ကိုသော်၎င်း၊ ယံ ပါရုပနံဝါ– အကြင် ကေသီကိုသော်၎င်း၊ အနာဏတ္တိယာ-စေခိုင်းခြင်းမဟုတ်ဘဲ၊ နိဝါသေတိဝါ–ဝတ်မူလည်း ဝတ်အံ့၊ ပါရုပတိဝါ-ရမ်းမူလည်းရမ်းအံ့၊ တံ-ထိုသင်းပိုင်ကို၊ (ထို ကေသီကို၊) အပနေတွာ- ဖယ်၍၊ ပုန - တဖန်၊ ဒါတုံ - ပေးထိုက်၏၊ (ဆရာဥပဇ္ဈာယ်တို့က ပေးထိုက်၏၊) ဟိ-မှန်၊ ဘိက္ခုနာ-သည်၊ သဟတ္ထေနဝါ-

× × × × × × ×

ခရပိဋ္ဌကာ စသည်။ ။ ခရပိဋ္ဌကာတိ ခရသဘာဝါ ပိဋ္ဌကာ၊ ခရသဘာဝတ္တာ တေန သတ္တာ မရဏာဒိ ဂစ္ဆန္တိ မရဏာမတ္တမိဒံ ဒုက္ခံ၊ ယာလောကေ "ကျောက် " ဣတိ ဒေါဟရန္တိ၊ ပဒုမသဿ ကဏ္ဏိကာဝိယ ပဒုမကဏ္ဏိကာ၊ ယာလောကေ "ကြာဆူး " ဣတိ ဒေါဟရန္တိ၊ သာသပသဿ ဗီဇံ ပမာဏ·မေတာသန္တိ သာသပဗီဇကာ၊ ယာလောကေ"ဝက်သက်" ဣတိ ဒေါဟရန္တိ၊—ယောဇနာ၊ "ဂလ္လာ-မြင်းဖု, ကြွက်နို့, ကြာဆူး, ကျောက်, ဝက်သက်စသော အဖုအနာမျိုးငင်း"ဟု ပါဠိတော်၌ပေး။

အပြောက်အကွက်ရှိသည်၊ (ဟောတိ)ဝိယ- ဖြစ်သကဲ့သို့၊ (ဧဝံ-တူ၊) သရိရံ-သည်၊ သဗ္ဗံ-သည်၊ ဟောတိ၊ တဿိ-ထိုခရုသင်းခြ၊ ကုဋ္ဌေ-နူနာခြ၊ ဝုတ္တနယေနေဝ-ဖြင့်သာ၊ ဝိနိစ္ဆယော- ကို၊ ဝေဒိတဗ္ဗော-၏၊ သောသောတိ-ကား၊ သောသဗ္ဗာဓိ-အသား အသွေးကို ခန်းခြောက်စေတတ်သော အနာတည်း၊ ဝါ-ခယရုဂ်ချောင်းဆိုး, ပန်းနာမျိုးတည်း၊ [ဤအဖွင့်ကိုကြည့်၍ "သောသော - အသား အသွေးကို ခန်းခြောက်စေတတ်သော ခယရုဂ်ချောင်းဆိုး ပန်းနာမျိုးငင်း" ဟု ပါဠိတော်၌ပေး၊] တဿိ- ထိုအနာမျိုးသည်၊ သတိ-သော်၊ နံ ပဗ္ဗာဇေတဗ္ဗော။

အပမာရောဘိ-ကား၊ ဝိတ္တုမ္မာရောဝါ- သည်းခြေပျက်ခြင်းကြောင့် ရူးသူငင်း၊ ယက္ခုမ္မာရောဝါ-ဘီလူးဖမ်းစားခြင်းကြောင့် ရူးသူငင်းတည်း၊[ဝက်ရူး ကြက်ရူး နှင့်တကွ အရူးဟူသမျှ ဤ အပမာရဉ္ဇ ပါဝင်သည်၊ ဤအဖွင့်ကိုကြည့်၍ "အပမာရော-သည်းခြေသွေးလျှမ်း,ဘီလူးဖမ်းသဖြင့်, ရူးနှမ်းသောအနာမျိုးငင်း"ဟု ပါဠိတော်၌ပေး။] တတ္ထ-ထိုအရူးတို့တွင်၊ ပုဗ္ဗဝေရိကေန- ရှေးဠ ရန်သူဖြစ်ခဲ့ဘူးသော၊ အမနုဿေန - ဘီလူး သဘက်သည်၊ ဂဟိတော- ဖမ်းစားအပ်သူသည်၊ ဒုတ္တိကိစ္ဆော-ခဲယဉ်းသဖြင့် ဆေးကုအပ်သည်၊ ဝါ- ဆေးကု၍ မရကောင်းသည်၊ ဟောတိ-၏၊ ပန - ဆက်၊ အပ္ပမတ္တကေဝိ - အနည်းငယ် အတိုင်းအရှည်ရှိသည်လည်း ဖြစ်သော၊ အပမာရေ - အရူးရောဂါသည်၊ သတိ – သော်၊ နံ ပဗ္ဗာဇေတဗ္ဗော၊ [မြတ်စွာဘုရား၏အလိုတော်ကား"ပရိသတ်ထည်းဠ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသူ, တရားအားမထုတ်နိုင်လောက်အောင် ရောဂါဖြစ်နေသူများကို ရှင်ပြုမပေးထိုက်"ဟု မိန့်တော်မူလိုသည်။] ပဋ္ဌာဗာဓဝတ္ထုကထာ-သည်၊ နိဋ္ဌိတာ-ပြီ။

× × × × × × × ×

ကိလာသော။ ။"ကိလံ–မစင်မကြယ်, ရွံစဘွယ်ကို၊ အသတိ–ပစ်ချတတ်၏၊ ဤတိ ကိလာသော" ဟု ထောမနိဓိ ပြု၏၊ ကိလသဒ္ဒူပပဒ, အသဓာတ် ဏ ပစ္စည်း၊ "ကိလာသော–မစင်မကြယ်, ရွံဘွယ်ပစ်သွင်း, ခရုသင်းနှင့်, ဆင်ညှင်းကြိုးမျိုး, အနာဆိုးငင်း"ဟု ပေးပါ။

သောသော။ ။"ထိုထိုသူ"ဟု အနက်မှတ်မည်စိုးသောကြောင့်"သောသဗ္ဗာဓိ" ဟု ဖွင့်၏၊ ဤအနာကို အဘိဓာန်၌"ခယရောဂေါ"ဟု ပရိယာယ်ဆို၏၊ ခယ-အသားအသွေးတို့ကို ကုန်ခန်းစေတတ်သော ရောဂါ၊ "သောသေတိတိ သောသော– အသားအသွေးတို့ကို ခြောက်ခန်းစေတတ်သော အနာ"၊ ခယရောဂေါကို ကြည့်၍ ရှေးက ခယရုဂ် ဟုငင်း, ချောင်းဆိုး သွေးပါ, ပန်းနာ, ရှုနာ ဟုငင်း, ကုတ်ဟိုးနာ ဟုငင်း သရုပ်ဖေါ်ကြသည်၊ ယခုခေတ် မြစ်ခြေခံနာ, အဆုတ်နာများလည်း ပါဝင်ဘွယ်ရှိ၏။

အပမာရော။ ။သဏ္ဌာတဉ္စ "အပသ္မာရ"ဟုသာ ရှိ၏၊ သကိုချ၍ ပါဠိဉ္စ "အပမာရ"ဟု ဖြစ်၏၊ သ္မာရသဒ္ဒါသည် သိခြင်းတမျိုးကိုဟော၏၊"အပဂတော+သ္မာရော ယသ္မာ့တိ အပသ္မာရော"ဟု ထောမနိဓိ ဝိဂ္ဂဟပြုသည်၊ သဟိလစ်တတ်သည့်အတွက် "ကင်းသော သိခြင်းရှိကြောင်းရောဂါ"ဟူလို။

ရာဇာဘဋဝတ္ထု ကထာ

ရာဇာဘဋ ဝတ္ထုသ္မိံ - ၌၊ ပစ္စန်ဆံ ဥစ္စိနထာတိ- ကား၊ ပစ္စန်ဆံ- တိုင်း၏ အစွန်အဖျားကို၊ ဝမေဆ-တိုးပွားစေကုန်လော၊ ("စိ စဒယ သွာ ကိဘူစု ဥဝမုနေ" ဟူသော ဓာတ္ထွတ္ထသင်္ဂဟနှင့် အညီ ဥပုဗ္ဗ သွာဒိဂိုဏ်း စိဓာတ်ကို "ဝမေထ" ဟု ဖွင့်သည်၊)စောရေ-သူပုန်တို့ကို၊ ပလာပေတွာ-ပြေးစေ၍၊ စောရဘယေန-သူပုန်ဘေးကြောင့်၊ ဝုဋ္ဌဒတ-ထွက်သွားပြီးကုန်သော၊ ဂါမေ-ရွာတို့ကို၊ ဝါ-ရွာဦးနေသူလူတို့ကို၊ အာဝါသာဒပတွာ- လာရောက် နေထိုင်စေပြီး၍၊ အာရက္ခံ- အစောင့်အရှောက်ကို၊ ဒတွာ- ၍၊ ကသိကမ္မာဒိနိ-လယ်ထွန်ခြင်း အစရှိသော အလုပ်တို့ကို၊ ပဝတ္တာဒပထ-ဖြစ်စေကြကုန်လော်၊ ဇာတိ ဝုတ္တံ ဟောတိ၊ (ဤကဲ့သို့ စောင့်ရှောက်မှု ပစ္စန်နရင်း၌ တိုးတက်စည်ကားလိမ့်မည်- ဟူလို၊) ရာဇာပန- ဗိမ္ဗိသာရမင်းသည်ကား၊ သောတာပန္နတ္တာ-သောတာပန်၏ အဖြစ်ကြောင့်၊ စောရေ- သူပုန်တို့ကို၊ ယာတေထ- သတ်ဖြတ်ကြကုန်၊ ဟနထ-ညှဉ်းဆဲကြကုန်၊ ဇာတိ-သို့၊ နအာဏာပေတိ - မခစခိုင်း။

ဥပဇ္ဈာယဿ ဒေဝ သိသံ ဆိန္နိတမ္ဘန္တိ အာဒိံ-အစရှိသော၊ ("အာဒိ" ဟု စာအုပ်များ၌ရှိ၏၊ "အာဟံသု"၏ ကံဖြစ်သောကြောင့် "အာဒိ" ဟု ရှိရမည်၊) သမ္ဗံ- အလုံးစုံသောစကားကို၊ ပဗ္ဗဇ္ဇာယ- ရှင်ရဟန်းအဖြစ်၌၊ ဥပဇ္ဈာယော-ဥပဇ္ဈာယ်သည်၊ သေဋ္ဌော - အမြတ်ဆုံးတည်း၊ တဒတာ-ထို ဥပဇ္ဈာယ်အောက်၊ အာစရိယော-ကမ္မဝါစာဆရာသည်၊ (သေဋ္ဌော- မြတ်၏၊)တတော - ထို ကမ္မဝါစာဆရာအောက်၊ ဂဏော- ကာရကသံဃာဟူသောဂိုဏ်းသည်၊ (သေဋ္ဌော-၏၊) ဇာတိ - သို့၊ စိန္တေတွာ - ကြံ၍၊ ဇာဒံ - ဤ အဆုံးအဖြတ်သည်၊ ဝေဟာရေ အန္ဓဝိနိစ္ဆယေ-တရားဆုံးဖြတ်ရာကျမ်း၌၊ အာဂတံ-လာပါ၏၊ ("ဝေဟာရေ" ကို "အန္ဓဝိနိစ္ဆယေ" ဟု ထပ်ဖွင့်သည်၊ ရာဇသတ် ဓမ္မသတ်ကျမ်း၌လာပါသည်- ဟူလို၊) ဇာတိ - သို့၊ အာဟံသု - သံတော်ဥုံးတင်ကြကုန်ပြီ။ [ဤစကားကို ဗုဒ္ဓဘာသာဝင် မဟုတ်သော တရားသူကြီးတို့က လိမ်၍ သံတော်ဥုံးတင်ကြသည်၊ ထို့ကြောင့် ဦးကာ၌ "အာဟံသုတိ မုသာဝဒိံသု" ဟု ဖွင့်သည်။]

နဘိက္ခဝေ ရာဇာဘဋော ပဗ္ဗာဇေတဗ္ဗောတိ ဇွတ္ထ - ဟူသော ဤပါဠိ၌၊ အာမန္တေါဝါ- သာမန်အာမတ်သည်မူလည်း၊ ဟောတု- ဖြစ်စေ၊ မဟာမတ္တောဝါ-ပဓာနအာမတ်သည်မူလည်း၊ ဝါ-ဝန်ကြီးသည်မူလည်း၊ ဟောတု-ဖြစ်စေ၊ သေဝ

× × × + ▪ × × ×

အာမန္တေါ စသည်။ ။သတ္တာတ်၌ "အာမာတ္ယ"သည် ပါဠိ၌ "အာမစ္စ" ဟု ဖြစ်၏၊ "အာမာ-မင်းနှင့်အတူတကွ+ဝသတိ- နေတတ်၏၊ ဇာတ် အာမာတ္ယော (အာမန္တေါ)" ဟု ထောမနိမိ ဝိဂ္ဂဟပြု၏၊ ဝသတိအနက်၌ တျ(စ္စ)ပစ္စည်းသက်၊ မဟာမတ္တောကို ဘေသဇ္ဇခန္ဓကဋီကာ၌ "မာဟတ်ယာ ဇာသရိယမတ္တာဃ သမန္နာဂတာ"ဟု ဖွင့်၏၊ မဟတီ+မတ္တာ(အစိုးရခြင်းဟူသော အတိုင်းအရှည်သည်၊)ယေသံတိ မဟာမတ္တာ"

ကောဝါ- အမြဲခစားသော သက်တော်စောင့်သည်မူလည်း၊ ဟောတု-စေ၊ ကိန္တိ-တစုံတခုသော၊ ဌာနန္တရံ - ရာထူးသို့၊ (အန္တရသဒ္ဒါဝိသေသအနက်ဟော၊) ပဇ္ဇောဝါ- ရောက်သူသည်မူလည်း၊ ဟောတု၊ အပဇ္ဇောဝါ - မရောက်သူသည်မူလည်း၊ ဟောတု၊ ယောကောစိ - အမှတ်မရှိ တစုံတယောက်သော၊ ရညော-မင်း၏၊ ဘတ္တဝေတနဘဋ္ဌော- ထမင်းရိက္ခာဖြင့် ခစားတတ်သော၊ သမ္ဗော-အလုံးစုံသောလူသည်၊ ရာဇာဋ္ဌေတိ - ရာဇာဋ္ဌဟူ၍၊ သရိံ - ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ - ရောက်၏၊ သော - ထို မင်းခစားယောက်ျားကို၊ နပဇ္ဇာဇေတမ္ဗော- ထိုက်၊ ပန-ဆက်၊ တဿ- ထိုမင်းခစားယောက်ျား၏၊ ပုတ္တနတ္တာ ဘာတုကာ - သား မြေး ညီနောင်ဖြစ်ကုန်သော၊ ယေ- အကြင်သူတို့သည်၊ ရာဇတော-မင်းထံမှ၊ ဘတ္တဝေတနံ-ထမင်းရိက္ခာကို၊ နဂဏှန္တိ-မယူကုန်၊ တေ-ထိုသူတို့ကို၊ ပဇ္ဇာဇေတုံ-ငှါ၊ ဝဋ္ဋတိ-၏။

ပန-ဆက်၊ ယော-အကြင်သူသည်၊ ရာဇတော- မင်း၏အထံမှ၊ လဒ္ဓံ- ရအပ်သော၊ နိဗဒ္ဓဘောဂံဝါ - အမြဲဆက်စပ်နေသော အသုံးအဆောင်ကိုသော်၎င်း၊ မာသသံဝစ္ဆရပရိဗ္ဗယံဝါ-လစာရိက္ခာ နှစ်စာရိက္ခာကိုသော်၎င်း၊ ရညောယေဝ-မင်းအားသာ၊ နိယျာတေတိ-အပ်နှင်း၏၊ ပုတ္တဘာတုကေဝါ-သား ညီနောင်တို့ကို မူလည်း၊ တံဌာနံ- ထိုအရာကို၊ သမ္ပဋိစ္ဆာပေတွာ- လက်ခံစေ၍၊ ဝါ-လွဲအပ်၍၊ ရာဇာနံ- ကို၊ ဒါနိ - ယခုအခါ၌၊ အဟံ - ကျွန်တော်မျိုးသည်၊ ဒေဝဿ- အရှင်မင်းမြတ်၏၊ နဘဋ္ဌော - အစေခံမဟုတ်ပါ၊ ဇာတိ - သို့၊ အာပုစ္ဆတိ- ခွင့်ပန်၏၊ ယေနဝါ- အကြင်သူသည်မူလည်း၊ ယံ ကမ္မကာရဏာ-အကြင်အလုပ်ဟူသော အကြောင်းကြောင့်၊ ဝေတနံ-ရိက္ခာကို၊ ဂဟိတံ- ယူအပ်ပြီ၊ တံကမ္မံ- ထိုအလုပ်သည်၊ ဝါ- ကို၊ ကတံ- ပြုအပ်ပြီးသည်၊ ဟောတိ-၏၊ (ဤ ယေနဝါစသည်ဖြင့် အမြဲရာထူးမရှိဘဲ ကံထရိုက်အလုပ်စသည် လုပ်သူများကို ပြသည်၊) ယောဝါ- အကြင်သူသည်မူလည်း၊ ပဇ္ဇဇသု - ရှင်ရဟန်းပြုလော၊ ဇာတိ - သို့၊ ရညာ-သည်၊ အနုညာတော-ခွင့်ပြုအပ်သည်၊ ဟောတိ၊ (ယခုအခါ၌ ခွင့်ယူ၍ ရဟန်းပြုသူမျိုးတည်း၊)တမွိ-ထိုသူ့ကိုလည်း၊ ပဇ္ဇာဇေတုံ ဝဋ္ဋတိ။

× × × × × × ×

ဟု ပြု၊ မတ္တာသဒ္ဒါသည် ဤနေရာ၌ ဇာသိရိယစသော အတိုင်းအရှည်အနက်ကိုဟော၏၊ သေဝတိ-မင်းကို မှီခိုဆည်းကပ်တတ်ပြီ၊ ဇာတိ သေဝကော။ [ယောဇနာဌ်ကား တမျိုးဖွင့်ထား၏။]

ရာဇဘဋ္ဌော ။ ။ဘဋ္ဌဓာတ်သည် ပေါသန (မွေးမြူခြင်း) အနက်ကိုဟော၏၊ (အပစ္စည်း)၊ ဘဋ္ဌတိ-အရှင်သခင်ကို မွေးမြူလုပ်ကျွေးတတ်၏၊ ဇာတိ ဘဋ္ဌော၊ ဘဋ္ဌိယတိ- အရှင်သည် မွေးမြူအပ်၏၊ ဇာတိ ဘဋ္ဌော၊ “ခစားသူ” ဟူသောအနက်ကား ဝေါဟာရတ္ထတည်း၊ ရညော+ဘဋ္ဌော ရာဇဘဋ္ဌော-မင်းခစား။

စောရာဒိဝတ္ထုကထာ

စောရဝတ္ထူသု - စောရဝတ္ထုတို့၌၊ မနုဿာ ပဿိတွာတိ - ကား၊ ယေဟိ-အကြင်လူတို့သည်၊ ဂိဟိကာလေ - လူဝတ်ကြောင်၏ အခါ၌၊ (လူဝတ်ကြောင်တုန်းက)၊ ဒိဋ္ဌပုဗ္ဗော- မြင်အပ်ဘူးပြီ၊ ယေစ-အကြင် လူတို့သည်လည်း၊ သော-ထို အင်္ဂလိမာလ ဆိုသူသည်၊ အယံ - ဤ ရဟန်းတည်း၊ ဇာတိ-သို့၊ အညေသံ-အခြားသူတို့၏ (အထံမှ)၊ သဏ္ဌာန္တိ- ကြားကြကုန်၏၊ တေ-ထိုမြင်ဘူး ကြားဘူးသူတို့သည်၊ ပဿိတွာ-မြင်၍၊ ဥဗ္ဗိဇ္ဇန္တိပိ-အချို့လည်း ကိုယ်အားဖြင့် ထိတ်ကြကုန်၏၊ ဥတ္တာသန္တိပိ-အချို့လည်း စိတ်အားဖြင့် လန့်ကြကုန်၏၊ ပလာယန္တိပိ-အချို့လည်း ထွက်ပြေးကြကုန်၏၊ အညေနပိ-အရှင်အင်္ဂလိမာလ ရှိရာလမ်းမှ အခြားလမ်းဖြင့်လည်း၊ ဂစ္ဆန္တိ-သွားကြကုန်၏၊ (တနည်း)အညေနပိ ဂစ္ဆန္တိ-လမ်းလွဲ၍လည်း သွားကြကုန်၏၊ အညေနပိ - အရှင် အင်္ဂလိမာလရှိရာဘက်မှ အခြားဘက်၌လည်း၊ မုခံ - မျက်နှာကို၊ ကရောန္တိ - ပြုကြကုန်၏၊ (တနည်း) - အညေနပိ မုခံကရောန္တိ-မျက်နှာလွဲ၍လည်းနေကြကုန်၏၊(ဧပြုးလည်း မပြုးသာ, လမ်းလွဲ၍လည်း မသွားသာသောကြောင့် မျက်နှာလွဲ၍ နေကြကုန်၏၊) ဒွါရမ္ပိ-တံခါးကိုလည်း၊ ထကေန္တိ - ပိတ်ထားကြကုန်၏၊ (အိမ်၌ နေသူတို့က တံခါးပိတ်ထားကြကုန်၏၊) ယေပန - အကြင် သူတို့သည်ကား၊ နဇာနန္တိ - အရှင်အင်္ဂလိမာလမှန်း မသိကြကုန်၊ တေသံ - ထို သူတို့၏၊ ယဒရသု - အိမ်တို့၌၊ ဘိက္ခံ-ဆွမ်းကို၊ လဘတိ-၏။

နဘိက္ခဝေတိ-ကား၊ ဘဂဝါ-သည်၊ သယံ - ကိုယ်တော်တိုင်၊ ဓမ္မသာမိ-တရား၏ အရှင်ဖြစ်တော်မူ၏၊ ဝါ-တရားသဖြင့်ရဟန်းတို့၏ အရှင်ဖြစ်တော်မူ၏၊ တသ္မာ-ကြောင့်၊ အာယတိံ - နောင်အခါ၌၊ အကရဏတ္ထာယ-မပြုခြင်း အကျိုးငှါ၊ ဘိက္ခူနံ-တို့အား၊ ဝါ-တို့ကို၊ သိက္ခာပဒံ-ကို၊ ပညပေန္တော- ပညတ်တော်မူလိုသည်၊(ဟုတ္တာ)ဝံ-၌သို့ နဘိက္ခဝေ ဟူ၍၊ အာဟ- ၏၊ [အရှင် အင်္ဂလိမာလကို ရဟန်းပြုပေးသောပုဂ္ဂိုလ်မှာ မြတ်စွာဘုရားဖြစ်ပါလျက် အဘယ့်ကြောင့် ပညတ်တော်မူရသနည်း ဟု မေးဘွယ်ရှိသောကြောင့် ''ဘဂဝါ သယံ ဓမ္မသာမိ'' စသည်ကို မိန့်တော်မူသည်၊ ''ဓမ္မသာမိ ဖြစ်တော်မူသောကြောင့် နောင်အခါ၌ မပြုဘို့ရန် ပညတ်တော်မူသည်''ဟူလို။]

တတ္ထ-ထို နဘိက္ခဝေ အစရှိသော ပါဠိုရပ်၌၊(ယော-အကြင်တောပုန်း ဒါးမြသည်၊) ဓဇံ- တံခွန်အလံကို၊ ပဋ္ဌိတွာဝိယ-ဖွဲ့ချည်သကဲ့သို့၊ ဝိစရတိ - အထင်အရှား လှည့်လည်၏၊ ဇာတိ-ကြောင့်၊ (သော-ထို တောပုန်းဒါးမြသည်) ဓဇပဋ္ဌော-ဓဇပဋ္ဌမည်၏၊ [''ပဋ္ဌနံ ပဇ္ဇော၊ ဓဇသ ပဋ္ဌော ယသ္မာတိ ဓဇပဋ္ဌော၊ ဓဇပဋ္ဌောဝိယာတိ ဓဇပဋ္ဌော'' ဟု ဥပမာတဒ္ဓိတ်ဆင့်၊ အလံကို ဖွဲ့ချည်ခြင်းရှိသကဲ့သို့ တူသောသူပုန်၊ (အလံစိုက်ထားသကဲ့သို့ ထင်ရှားသော သူပုန်၊)] မူလ

ဒေဝါဒယော၀ိယ-မူလဒေဝအစရှိသော သူပုန်တို့ကဲ့သို့၊ လောကေ-လောက၌၊ ပါကဋော-ထင်ရှားသော သူပုန်တည်း၊ ဇာတိ ဝုတ္တံ ဟောတိ၊ တသ္မာ–ကြောင့်၊ (ထင်ရှားသော ဗောဓိပုန်း ဒါးမြကို ရဟန်းပြုမပေးရ ဟု တားမြစ်တော်မူခြင်းကြောင့်၊) ယော-အကြင်ဗောဓိပုန်း ဒါးမြသည်၊ ဂါမယာတံဝါ-ရွာကို ဖျက်ဆီးခြင်းကိုသော်၎င်း၊ ပန္ထဒုဟနံဝါ- လမ်းကို ဖျက်ဆီးခြင်းကို သော်၎င်း၊ ဝါ-လမ်းသွား လမ်းလာကို လုယက်ဖျက်ဆီးခြင်းကိုသော်၎င်း၊ နဂရေ-မြို့၌၊ သန္ဓိစ္ဆေဒါဒိကမ္မံဝါ-အိမ်အစပ်ကို ဖေါက်ဖြတ်ခြင်း အစရှိသော အမှုကိုသော်၎င်း၊ (အိမ်ဖေါက်၍ အတွင်းသို့ ဝင်ရောက် ခိုးယူခြင်း အစရှိသော အမှုကို၊) ကရောန္တော-ပြုလျက်၊ ဝိစရတိ-လှည့်လည်၏၊ အသုကောနာမ-ထိုမည်သော ဗောဓိပုန်းဒါးမြသည်၊ ဇာဒံ ဇာဒံ - ဤအမှု ဤအမှုကို၊ ကရောတိ - ပြု၏၊ ဇာတိစ - ဤသို့လည်း၊ ပညာယတိ-ထင်ရှား၏၊ သော-ထို ဗောဓိပုန်း ဒါးမြကို၊ နပဗ္ဗာဇေတဗ္ဗော။

ပန-ဆက်၊ ယော-အကြင်သူသည်၊ ရာဇပုတ္တော-မင်းသားသည်၊ (ဟုတ္တာ)၊ ရဇ္ဇံ-မင်းအဖြစ်ကို၊ ပတ္ထေန္တော- တောင့်တလျက်၊ ဂါမ ဃာတာဒိနိ- ရွာကို ဖျက်ဆီးခြင်း အစရှိသည်တို့ကို၊ ကးရောတိ-၏၊ သော-ထို သူပုန်မင်းသားကို၊ ပဗ္ဗာဇေတဗ္ဗော၊ (ကသ္မာ- နည်း၊) ဟိ (ယသ္မာ)- ကြောင့်၊ ရာဇာနော - မင်းတို့သည်၊ တသ္မိံ- ထို သူပုန်မင်းသားသည်၊ ပဗ္ဗဇိတ - ရှင်ရဟန်းပြုလသော်၊ တုဿန္တိ–နှစ်သက်ကုန်၏၊ (တသ္မာ - ကြောင့်၊ သော - ထို သူပုန်မင်းသားကို၊ ပဗ္ဗာဇေတဗ္ဗော၊) ပန-ဗျတိရိက်ကား၊ (ရာဇာနော-တို့သည်၊ တသ္မိံ-ထို မင်းသားသည်၊ ပဗ္ဗဇိတေ - လခသော်၊) သစေ နတုဿန္တိ – အကယ်၍ မနှစ်သက်ကုန်အုံ၊ (ဧဝံသတိ) နပဗ္ဗာဇေတဗ္ဗော၊ ပုဗ္ဗေ-ရှေး၌၊ မဟာဇနေန-များစွာသော လူအပေါင်း၌၊ ပါကဋော- ထင်ရှားခသော၊ စောရော - တောပုန်း ဒါးမြသည်၊ ပစ္ဆာ- နောက်၌၊ စောရကမ္မံ - တောပုန်းဒါးမြ၏ အမှုကို၊ ပဟာယ - ပယ်စွန့်၍၊ ပစ္ဆာသိလာဒိနိ–ငါးပါးသီလ အစရှိသည်တို့ကို၊ သမာဒိယတိ- ဆောက်တည်၏၊ တံ-ထို တောပုန်းဒါးမြကို၊ မနုဿာ-တို့သည်၊ ဧဝံ-သို့၊ (သီလကို ဆောက်တည်နေပြီ-ဟူ၍၊) စေဇာနန္တိ - အကယ်၍သိကုန်အုံ၊ (ဧဝံသတိ) ပဗ္ဗာဇေတဗ္ဗော၊ ပန - ဆက်၊ ယေအမ္ဗလဗုဇာဒိ စောရကာ – အကြင် သရက်သီး တောင်ပိန္နဲသီး အစရှိသည်ကို ခိုးတတ်သော သူခိုးကလေးတို့သည်၊ (ဟောန္တိ - ရှိကုန်၏၊) သန္ဓိစ္ဆေဒါဒိစောရာဧဝ- အိမ်အစပ်ကို ဖေါက်ဖြတ်တတ်သူ အစရှိသော သူခိုးတို့သည်ပင်၊ (ဟုတ္တာ) ဝါ-ဖြစ်၍လည်း၊ အဒိဿမာနာ-မမြင်အပ်ကုန်သည်၊ ဝါ- မထင်ရှားကုန်သည်၊ (ဟုတ္တာ-၍၊) ထေယျံ - ခိုးသူ၏အမှုကို၊ ကရောန္တိ - ကုန်၏၊ ပစ္ဆာပိ–နောက်၌လည်း၊ ဇာမိနာ- ဤသူသည်၊ ဇာဒံနာမ - ဤမည်သော အမှုကို၊ ကတံ· ပြုအပ်ပြီ၊ ဇာတိ-သို့၊ နပညာယန္တိ-မထင်ရှားကုန်၊ တေပိ-ထိုသူတို့ကိုလည်း၊ ပဗ္ဗာဇေတုံ-၄၊ ဝဋ္ဋတိ-၏။

ကာရံ ဘိန္ဒိတ္ဘာတိ - ကား၊ အဒ္ဒုဗန္ဓနာဒိံ - အချုပ်ထောင် အစရှိသည်ကို၊ ဘိန္ဒိတ္ဘာ - ဖေါက်ဖျက်၍၊ ("ပဇ္ဇဇိတော ဟောတိ "ဉ္ဈ စပ်၊) [စာအုပ်များ၌ "အန္ဒ ဗန္ဓနာဒိ" ဟု ရှိ၏၊ နောက်၌ "အဒ္ဒုဗန္ဓနံဝါ" ဟု စ၍ရှိသောကြောင့် "အဒ္ဒုဗန္ဓနာဒိံ"ဟု ရှိလျင် ကောင်းသည်။] အဘယူဝရာတိ ထွေ - ဟူသော ဤပါဠိဉ်၊ (ဝစနတ္ထော ဧဝံ ဝေဒိတဗ္ဗော၊ ယေ - အကြင်သူတို့သည်၊) ဘယေန-ကြောက်ခြင်းကြောင့်၊ (ကြောက်လို့၊) ဥပရမန္တိ-ရှောင်ကြဉ် ဆုတ်နစ်ကြကုန်၏၊ [ဥပရမန္တိတိ ဝိရမန္တိ နိဝတ္တန္တိ၊-ဋီကာ၊] ဇာတိ-ကြောင့်၊(တေ-ထိုသူတို့သည်၊) ဘယူဝရာ- ဘယူဝရတို့ မည်၏၊ ပန- ဆက်၊ တေ – ဤ ရဟန်းတို့သည်၊ လဒ္ဓါ ဘယတ္တာ-ရအပ်ပြီးသော ဘေးမဲ့ရှိကုန်သည်၏အဖြစ်ကြောင့်၊ ဝါ-ဘေးမဲ့ရထားကုန်သည်၏အဖြစ်ကြောင့်၊ ဘယူဝရာ - ကြောက်ခြင်းကြောင့် ရှောင်ကြဉ်ရသူတို့သည်၊ န-မဟုတ်ကုန်၊ ဇာတိ-ကြောင့်၊ အဘယူဝရာ– တို့မည်၏၊ စ-ဆက်၊ ထွေ-ဤ အဘယူဝရာဟူသောပါဠိဉ်၊ ပကာရဿ-ပ အက္ခရာ၏၊ ဂကာရော-ဝ အက္ခရာကို၊ ကတော-ပြုအပ်ပြီ၊ ဇာတိ-သို့၊ ဝေဒိတဗ္ဗော-၏။

နဘိက္ခဝေ ၊ပေ၊ ပဇ္ဇာဇေတဗ္ဗောတိ ထွေ - ဟူသော ဤပါဠိဉ်၊ ဗန္ဓနာဂါရံ-ဖွဲ့နှောင်ရာအိမ်ကို၊ ဝါ - နှောင်အိမ်ကို၊ ဝါ - အချုပ်ထောင်ကို၊ ကာရာ- ကာရာဟူ၍၊ ဝုစ္စတိ- ၏၊ [အဘိဓာန်၌ "ကာရာတု ဗန္ဓနာဂါရံ"ဟု ဇာတ်လိုန် ကာရာသဒ္ဒါသာရှိ၏၊ ကရဓာတ် ဏာပစ္စည်း၊ ကိနောတိ ဟိံသတိတိ ကာရာ၊ အချုပ်ခံရသူကို ညှဉ်းဆဲတတ်သောကြောင့် အချုပ်ထောင်ကို "ကာရာ"ဟု ခေါ်သည်။] ပန-ဆက်၊ ဇာဓ-ဤသို့ကား ပုဒ်ဉ်၊ အဒ္ဒုဗန္ဓနံဝါ-ဖွဲ့နှောင်ကြောင်းဖြစ်သော အချုပ်ထောင်သည်မူလည်း၊ ဟောတု-ဖြစ်စေ၊ သခ်္ခလိကဗန္ဓနံ-ဖွဲ့ချည်ကြောင်းဖြစ်သော သံကြိုး သံကွင်းသည်မူလည်း၊ ဝါ - သံကြိုး သံကွင်း အနှောင်အဖွဲသည်မူလည်း၊ ဟောတု- စေ၊ ရဇ္ဇုဗန္ဓနံဝါ - ဖွဲ့ချည်ကြောင်းဖြစ်သော ကြိုးသည်မူလည်း၊ ဝါ– ကြိုးအနှောင်အဖွဲသည်မူလည်း၊ ဟောတု၊ ဂါမဗန္ဓနံဝါ-ဖွဲ့ချည်သကဲ့သို့ဖြစ်သော ရွာသည်မူလည်း၊ ဝါ - ရွာ အနှောင်အဖွဲသည်မူလည်း၊ ဟောတု၊ [ယခုခေတ်၌ ထိုရွာမှမသွားရအောင် အကျယ်ချုပ်ခြင်းမျိုးတည်း၊ နောက်၌လည်း နည်းတူ။]

× × × × × × ×

အဘယူဝရာ။ ။"ဘယ+ဥဝရ"ဟု ပုဒ်စဲ့၊ "ဥဝရ"၌ ဥပ ရှေးရှိသော ရမုဓာတ်၊ ကွိပစ္စည်း၊ ဓာတွန်ကိုချေ၊ ပကို ဝပြု၍"ဥဝရ"ဟု ဖြင်၏၊ "ဥပရမန္တိတိ ဥဝရာ၊ ဘယေန ဥဝရာ ဘယူဝရာ"ဟု ပြု၊ "ဘယေန"၌ နာဝိဘတ်ကို ပဉ္စမီအနက်၌ သက်စေ၍ "ဘယတောဟု ယောဇနာဖွင့်၏၊ သို့သော် "ဘယေန"၌ "ဘယ"အရ ကြောက်စရာအားရုံဟောကို မယူဘဲ ကြောက်တတ်သော အာရမ္မဏိကစိတ်ကို ယူလျှင် နာဝိဘတ်ကို ဟိတ်အနက်၌ သက်နိုင်၏၊ ထို့ကြောင့် "ဘယေန – ကြောက်ခြင်းကြောင့်" ဟု အနက်ပေးလိုက်သည်၊ ထို့နောက် "န+ဘယူဝရာ အဘယူဝရာ"ဟု သမာသ်ပြု၊ "ဘေးမဲ့ရပြီးဖြစ်ရကား ကြောက်၍ ရှောင်ကြဉ်စရာမလိုသော ပုဂ္ဂိုလ်များ"ဟူလို။

နိဂမဗန္ဓနံဝါ - ဖွဲ့ချည်သကဲ့သို့ဖြစ်သော နိဂုံးသည်မူလည်း၊ ဝါ- နိဂုံး အနှောင်အဖွဲသည်မူလည်း၊ ဟောတု၊ နဂရဗန္ဓနံဝါ – ဖွဲ့ချည်သကဲ့သို့ ဖြစ်သော မြို့သည်မူလည်း၊ ဝါ-မြို့အနှောင်အဖွဲသည်မူလည်း၊ ဟောတု၊ ပုရိသဂုတ္တိဝါ-ယောဂျားတို့၏ စောင့်ရှောက်ခြင်းသည်မူလည်း၊ (ယခုအခါ ရဲသား စစ်သားတို့ စောင့်ခြင်းများ၏တည်း၊) ဟောတု၊ ဇနပဒဗန္ဓနံဝါ - ဖွဲ့ချည်သကဲ့သို့ဖြစ်သော ဇနပုဒ်သည်မူလည်း၊ ဝါ–ဇနပုဒ် အနှောင်အဖွဲ့ သည်မူလည်း၊ (ဟောတု၊) ဒီပဗန္ဓနံဝါ– ဖွဲ့ချည်သကဲ့သို့ ဖြစ်သော ကျွန်းသည်မူလည်း၊ ဝါ – ကျွန်း အနှောင်အဖွဲသည်မူလည်း၊ (ဟောတု)။

ယော-အကြင်သူသည်၊ တေသု- ဤ အနှောင်အဖွဲတို့တွင်၊ ယံကိဉ္စိ-အမှတ်မရှိ တစုံတခုသော၊ ဗန္ဓနံ-အနှောင်အဖွဲကို၊ ဘိန္ဒိတ္ဝာဝါ-ဖေါက်ဖျက်၍မသော်၎င်း၊ (ထောင်ကိုဖေါက်၍ သော်၎င်း၊) ဆိန္ဒိတ္ဝာဝါ–ဖြတ်၍သော်၎င်း၊ (သံခြေကျင်းကို ဖြတ်၍သော်၎င်း၊) မုဉ္ဆိတ္ဝာဝါ-ဖြေ၍သော်၎င်း၊ (ကြိုးကိုဖြေ၍သော်၎င်း၊) ဝိဝရိတ္ဝာဝါ-ဖွင့်၍သော်၎င်း၊ (ထောင်တံခါးကို ဖွင့်၍သော်၎င်း၊)အပဿမာနာနံဝါ-စောင့်ရှောက်သော ယောဂျားတို့ မမြင်ကုန်စဉ်သော်၎င်း၊ [အချို့စာအုပ်တို့၌ "ပဿမာနာနံဝါ အပဿမာနာနံဝါ" ဟု ရှိ၏၊ မြင်စဉ်ပြေးလျှင် ပစ်သတ်လိမ့်မည် ဖြစ်သောကြောင့် "အပဿမာနာနံ" တခုသာ ပါသင့်သည်။] ပလာယတိ-ထွက်ပြေး၏၊ သော - ထို ထွက်ပြေးသူသည်၊ ကာရဘေဒကော်တိ - ဟူ၍၊ သင်္ခံ-ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ - ရောက်၏၊ [မုချအားဖြင့် ထောင်ကိုဖေါက်ဖျက်၍ ပြေးသူကိုသာ "ကာရဘေဒက" ဟု ခေါ်နိုင်သော်လည်း ဖြတ်၍ဖြေ၍ ဖွင့်၍ပြေးသူ, မမြင်စဉ် ပြေးသူများကိုလည်း သဒိသူပစာရအားဖြင့် "ကာရဘေဒက" ဟု ခေါ်နိုင်သည်၊] တသ္မာ-ကြောင့်၊ ဤဒိသော-ဤကဲ့သို့ ရှုအပ်သော၊ ကာရဘေဒကော-နှောင်အိမ်ကို ဖေါက်ဖျက်တတ်သော၊ စောရော-ခိုးသူကို၊ ဒီပဗန္ဓနံ- ဖွဲ့ချည်သကဲ့သို့ဖြစ်သော ကျွန်းကို၊ ဝါ- ကျွန်းအနှောင်အဖွဲကို၊ ဘိန္ဒိတ္ဝာ-ဖေါက်ဖျက်၍၊ ဒီပန္တရံ-တပါးသောကျွန်းသို့၊ ဂတော-ရောက်သည်၊(သမာနော) ဝိ-ဖြစ်ပါသော်လည်း၊ န ပမ္ဘာဇေတဗ္ဗော။

ပန- ဆက်၊ ယော - အကြင်သူသည်၊ စောရော - ခိုးသူသည်၊ န - မဟုတ်၊ ကေဝလံ-ခိုးခြင်းမဘက် သက်သက်၊ ဟတ္ထ ကမ္မံ- လက်ဖြင့် ပြုအပ်သော အမှုကို၊ အကာရောန္တော-မပြုသည်၊(ဟုတ္ဝာ)၊ ဧဝံ-ဤသို့ ချုပ်နှောင်၍ထားလသော်၊နော-ဝါတို့၏ (အလုပ်ကို၊) အပလာယနော - မပြေးဘဲ၊ ကရိဿတိ-ပြုလုပ်လတံ့၊ ဇာတိ-ဤသို့ကြံ၍၊ ရာဇာယုတ္တာဒိဟိ– မင်း၏ အလုပ်ကိစ္စ၌ အားထုတ်သူ အစရှိသူတို့သည်၊ ဝါ-မင်းမှုထမ်း စသူတို့သည်၊ ဗဒ္ဓေါ- နှောင်ဖွဲအပ်ပြီ၊ သော- ထိုသူ့ကို၊ ကာရံ-နှောင်အိမ်ကို၊ ဘိန္ဒိတ္ဝာ-ဖေါက်ဖျက်၍၊ ပလာတော- ပြေးသည်၊ (သမာနော)ဝိ– သော်လည်း၊ ပမ္ဘာဇေတဗ္ဗော၊ ပန - ဗျတိရိက်ကား၊ ယော–

အကြင် သူသည်၊ ဂါမနိဂမပဋိပန္နနာဒီနိ-ရွာဆိပ်ကမ်း နိဂုံးဆိပ်ကမ်း အစရှိသည်တို့ကို၊ ကေဏိယာ - ဝယ်ယူခြင်းဖြစ်သော အခွန်အတုတ်ဖြင့်၊ ဝါ - အခွန် ဆောင်ခြင်းဖြင့်၊ ဂဟေတွာ - ယူပြီး၍၊ တံ-ထို အခွန်ကို၊ အသမ္ပဂဒေန္တော - မပြီးစေနိုင်သည်၊(ကျေအောင် မဆပ်နိုင်သည်၊) (ဟုတွာ)ဗန္ဓနာဂါရံ-နှောင်အိမ်သို့၊ ပဝေသိတော - သွင်းထားအပ်သည်၊ ဓဟာတိ၊ သော - ထိုသူ့ကို၊ ပလာယိတ္ဘာ-ပြေး၍၊ အာဂတော-လာသည်၊(သမာဓနာ-သော်၊) နပဇ္ဈာဇေတဗ္ဗော။[အစိုးရ၏ ဘဏ္ဍာကို ကျေအောင် မဆပ်နိုင်သောသူ ဖြစ်သောကြောင့် ရှင်ပြုမပေးဆိုက်။] ယောပိ-အကြင်သူသည်လည်း၊ ကသိကမ္မာဒီဟိ-လယ်ထွန်မှု အစရှိသည်တို့ဖြင့်၊ ဓနံ - ဥစ္စာကို၊ သမ္ပာဒေတွာ-ပြီးစေ၍၊ ဇီဝန္တော- အသက်မွေးပါလျက်၊ ဇာနိနာ-ဤသူသည်၊ နိဓာနံ - ရွှေအိုးကို၊ လဒ္ဓံ- ရအပ်ပြီ၊ ဇာတိ - သို့၊ ပေသုညံ- ချောပစ်ကုန်းတိုက်ခြင်းကို၊ ဥပသံဟရိတွာ-ဆောင်၍၊(ဘုရင့်ထံသို့ ကုန်းတိုက်ခြင်းအမှုကို ဆောင်၍၊)ကေနစိ- တစုံတယောက်သည်၊ ဗန္ဓာပိတော - နှောင်ဖွဲ့စေအပ်သည်၊ ဟောတိ-၏၊ တံ-ထိုသူ့ကို၊ တတ္ထေဝ-ထိုနှောင်ဖွဲ့အပ်ရာအရပ်၌သာ၊ ပဇ္ဈာဇေတုံ နဝဋ္ဋတိ၊ ပလာယိတ္ဘာ- ပြေး၍၊ ဂတံပန - သွားသူကိုကား၊ ဂတဋ္ဌာနေ· ရောက်အပ်သော အရပ်၌၊ ပဇ္ဈာဇေကုံ ဝဋ္ဋတိ။

နဘိက္ခဝေ လိခိတဓနကာတိ ထွေ - ဟူသော ဤပါဠိတော်၌၊ လိခိတကောနာမ – လိခိတကမည်သူသည်၊ ကေဝလံ-ထွက်ပြေးခြင်းစသည် မဖက် သက်သက်၊ ယတ္ထ ပသဟတိ၊ တတ္ထ ဟန္တ္ဘဇ္ဈာတိ-တွေ့ရာအရပ်၌ သတ်ထိုက်၏ဟူ၍၊ (လိခိးတာဝ-ရေးသားအပ်သူသည်သာ၊)န-မဟုတ်သေး၊အထခေါ-စင်စစ်ကား၊ယောကောစိ-တစုံတယောက်သည်၊ စောရိကံဝါ - ခိုးသူ၏အမှုကို သော်၎င်း၊ အညံ- ခိုးမှုမှတပါးသော၊ ဂရုံ- ကြီးလေးသော၊ ရာဇာပရာဓံဝါ - မင်း၏အပြစ်ကို သော်၎င်း၊ ကတ္ဝာ-ပြုပြီး၍၊ ပလာတော-ထွက်ပြေးပြီ၊ ရာဇာစ - သည်လည်း၊ နံ-ထိုသူ့ကို၊ ပဏ္ဏေဝါ- ကြော်ငြာစာရွက်၌သော်၎င်း၊ ပေါတ္ထကေဝါ - လူဆိုးစာရင်းစာအုပ်၌သော်၎င်း၊ ဇာတ္ထန္နာမော- ဤ အမည်ရှိသူကို၊ ယတ္ထ - အကြင်အရပ်၌၊ ဒိဿတိ-တွေ့မြင်အပ်၏၊ တတ္ထ-ထို တွေ့ရာအရပ်၌၊ ဂဟေတွာ- ဖမ်းယူ၍၊ မာရေတဗ္ဗော-သတ်ထိုက်၏၊ ဇာတိဝါ - ဤသို့သော်၎င်း၊ (ယတ္ထ - ၌၊ ဒိဿတိ - ၏၊ တတ္ထ- ၌၊ ဂဟေတွာ-၍၊) အသ- ထိုသူ၏၊ ဟတ္ထပါဒါနိ- လက် ခြေတို့ကို၊ ဆိန္ဒိတဗ္ဗာနိ– ဖြတ်ထိုက်ကုန်၏၊ ဇာတိဝါ-သော်၎င်း၊ ဧတ္တကံနာမ-ဤမျှ အတိုင်းအာရာညရှိသည်

× × × × × × ×

ဧကဏ်ဏိယာ။ ။သတ္ထတဋ္ဌ ကြွေစာတ်ဟု ရှိသောကြောင့် ပါဋိဌ် နဝယ်ကို ဏကြီးပြန်၍"ကေဏိယာ"ဟု ရှိရသည်၊ "ဂိယတေ တောယာတိ ကေဏိ"ဆိပ်ကမ်းစသည်ကို ဝယ်ကြောင်း ဖြစ်သော အခွန်အတုတ်၊ ယခုအခါ လေလံဆွဲခြင်းမျိုးကို " ကေဏိယာ ဂဟေတွာ " ဟု ဆိုသည်၊ [ကေဏိယာတိ ရညော ဒါတဗ္ဗအာယေန – မင်းအားပေးထိုက်သော အခွန်အတုတ်ဖြင့်၊ — ယောဇနာ။]

မည်ဿသာ၊ ဒလ္လံ-ဒဏ်ကို၊ အာဟရာပေတဗ္ဗော - ဆောင်စေထိုက်၏၊ ဇာတိဝါ-သော်၎င်း၊ လိခ်ိပေတိ - ရေးထားစေ၏၊ အယံ- ဤသူသည်၊ လိခိတကောနာမ-မည်၏၊ [လိခိယိတ္ထာတိ လိခိတံ၊ လိခိတံ ယဿ အတ္ထိတိ လိခိတော၊ လိခိတော ယေဝ လိခိတကော။] သော-ထိုသူ့ကို၊ နံ ပဗ္ဗာဇေတဗ္ဗော။

ကသာဟတော ကတဒလ္လကမ္မောတိ ထွေ- ၌၊ ဃော - အကြင်သူ့ကို၊ ဝစန ပေသနာဒိနိ – ပြောဆိုအပ်သောစကား စေခိုင်းကြောင်းအမှု အစရှိသည်တို့ကို၊ အကရောန္တော-မပြုသည်၊ (ဟုတ္တာ-၍၊ ဝါ-ဖြစ်ခြင်းကြောင့်၊) ဟညတိ-ညှဉ်းဆဲအပ်၏၊ သော- ထိုသူသည်၊ (စကား နားမထောင်ခြင်း, စေခိုင်းအပ်သည်ကို မပြုလုပ်ခြင်းကြောင့် ညှဉ်းဆဲအပ်သူသည်၊) ကတဒလ္လ ကမ္မော – ကတဒလ္လ ကမ္မ မည်သည်၊ နံ-မဟုတ်၊ ပန-အဟုတ်ကား၊ ယော-အကြင်သူ့ကို၊ ကေဏိယာဝါ-ဝယ်ယူကြောင်းဖြစ်သော အခွန်အတုတ်ဖြင့် သော်၎င်း၊ အညထာဝါ – အခွန်အတုတ်မှ တပါးသော အခြင်းအရာဖြင့်သော်၎င်း၊ ကိစ္စ–တစုံတခုကို၊ ဂဟေတ္ဝာ-ယူပြီး၍၊ ခါဒိတ္ဝာ- ခဲစားပြီး၍၊ ပုန- တဖန်၊ ဒါတုံ-ပေးခြင်းငှါ၊ အသက္ကောန္တော-မစွမ်းနိုင်သည်၊ (ဟုတ္ဝာ) အယမေဝ – ဤ ကြိမ်ဒဏ်ခတ် ခြင်းသည်ပင်၊ တေ–သင်၏အပေါ်၌၊ ဒလ္လော- ဒဏ်သည်၊ ဟေတု- ဖြစ်စေ၊ ဇာတိ- ဤသို့ ပြောဆို၍၊ ကသာဟိ-ကြိမ်တို့ဖြင့်၊ ဟညတိ-ညှဉ်းဆဲ၏၊ အယံ-ဤသူသည်၊ ကသာဟတော-ကြိမ်တို့ဖြင့် နှိပ်စက်အပ်သော၊ ကတဒလ္လကမ္မော–ပြုအပ်ပြီးသော ဒဏ်အမှုရှိသူတည်း၊ [“ဟညတိတိ ဟဒတာ၊ ကသာဟိ ဟတော ကသာဟတော၊ အဋ္ဌကထာ၌ တံကာလာပေက္ခ ဝတ္တမာန်အားဖြင့်“ဟညတိ”ဟု ရှိသော်လည်း ရဟန်းပြုသည့် အချိန် ရောက်သောအခါ“ဟညတိ”မဟုတ်၊ “ဟညိတ္ထ”ဖြစ်နေပြီ၊ ကတံ ဒလ္လ ကမ္မံ ယဿာတိ ကတဒလ္လကမ္မော”ဟု ပြု၊ “ယဿ– အကြင်ပုဂ္ဂိုလ်၏အပေါ်၌”ဟု ပေး။]

သောစ-ထိုသူသည်လည်း၊ ဝါ-ကိုလည်း၊ ကသာဟိဝါ-ကြိမ်တို့ဖြင့်မူလည်း၊ ဟဒတ္ဝာ-ညှဉ်းဆဲအပ်သည်၊ ဟေဒုတု-ဖြစ်စေ၊ အဋ္ဌဒလ္လကာဒိနံ–(လေးတောင်ထက်ဝက်)နှစ်တောင်ရှိသော ဒုတ်အစရှိသည်တို့တွင်၊ အညတရေန ဝါ-တမျိုးမျိုးသော ဒုတ်ဖြင့်မူလည်း၊ ဟတော-သည်၊ ဟောတု-စေ၊ ယာဝ-အကြင်မျှလောက်၊ အလ္လဝဏ္ဏော - စိုစွတ်သောအနာရှိသည်၊ ဟောတိ- ၏၊ တာဝ- ထို စိုသောအနာရှိသေးသမျှ၊ နံ ပဗ္ဗာဇေတဗ္ဗော၊ ပန-အနွယကား၊ ဝဏ္ဏော-အနာတို့ကို၊ ပါကတိကေ-ပင်ကိုယ်သဘော ရှိသည်တို့ကို၊ (အနာပျော်သည်တို့ကို၊) ကတ္ဝာ- ပြုပြီး၍၊ ဝါ-ပြုပြီးမှ၊ ပဗ္ဗာဇေတဗ္ဗော၊ ပန-ဆက်၊ ဇာဏုဟိဝါ-ဒူး ပုဆစ်တို့ဖြင့်သော်၎င်း၊ ကပ္ပရေဟိဝါ – တတောင်တို့ဖြင့် သော်၎င်း၊ နာဠိကေရ ပါသာဏော ဒီဟိဝါ – အုန်းခွက်, ကျောက် အစရှိသည်တို့ဖြင့်သော်၎င်း၊ ယာတေတ္ဝာ-ညှဉ်းဆဲ၍၊ မုတ္တော-လွှတ်အပ်သည်၊ သစေ ဟောတိ-အံ့၊ အသ-ထိုသူ၏၊ သရီရေစ- ကိုယ်၌လည်း၊

ဂဏ္ဌိ ဂဏ္ဌိယော – အဖု အဖုတို့သည်၊ (ဒူးဖြင့်တိုက် , တတောင်ဖြင့်ထောင်း , အုန်းခွံဖြင့် ခေါင်းကိုခြစ် , ကျောက်ခဲဖြင့်ထုခြင်း စသည်တို့ကြောင့် အဖု အဖုတို့သည်၊) (သစေ)ပညာယနှိ·အကယ်၍ ထင်ရှားကုန်အံ့၊(ဧဝံသတိ) နပဗ္ဗာဇေတဗ္ဗော၊ ဖာသုကံ- ချမ်းသာသည်ကို၊ ကတ္တာဝေ- ပြုပြီး၍သာလျှင်၊ ဂဏ္ဌိသု-အဖုတို့သည်၊ သန္နိသိန္နာသု-ငြိမ်သက်စွာ တည်နေကုန်သသော်၊(အဖုပျောက် ကုန်လသော်၊) ပဗ္ဗာဇေတဗ္ဗော။

လက္ခဏာဟတော ကတဒဏ္ဍကမ္မောတိ ဇတ္ထု–ဌ်၊ ကတဒဏ္ဍကမ္မဘာဝေါ–ကတဒဏ္ဍကမ္မ၏ အဖြစ်ကို၊ ပုရိမနယေနေဝ–ရှေးနည်းဖြင့်သာ၊ ဝေဒိတဗ္ဗော၊ ပန-ဆက်၊ (တနည်း၊ ကဘဒဏ္ဍကမ္မမ့တပါး လက္ခဏာဟတကား၊) ယသ–အကြင်သူ၏၊ နလာဋေဝါ- နဖူးဌ်သော်ငင်း၊ ဥရုအာဒိသုဝါ - ပေါင်အစရှိသော အရပ်တို့ဌ်သော်ငင်း၊ တတ္ထေန-ပူသော၊ လောဟေန–သံဖြင့်၊ လက္ခဏံ- အမှတ်အသားသည်၊ ဝါ-ကို၊ အာဟတံ–ခတ်နှိပ်အပ်သည်၊ ဟောတိ-၏၊ သော - ထိုနှိပ်စက်အပ်သူသည်၊ ဘုဇီသော- မိမိလက်ကဲ့သို့ မိမိကိုယ်ကို စေအပ်စေနိုင်သူသည်၊ ဝါ-ကိုယ့်ကိုယ်ကို ပိုင်ဆိုင်သူသည်၊(ချုပ်နှောင်ဖမ်းဆီးထားခြင်းမှ လွတ်လာသူသည်၊) သဒေ ဟောတိ·အံ့၊(ဧဝံ သတိ)ယာဝ-လောက်၊ အလ္လဝဏ္ဏော-စိုသော အနာရှိသည်၊ ဟောတိ–၏၊ တာဝ-ထို အနာစိုနေသေးသမျှ၊ နပဗ္ဗာဇေတဗ္ဗော-ထိုက်။

အဿ - ထိုသူ၏၊ ဝဏ္ဏော - အနာတို့သည်၊ ရုဠှော - အသားနုတက်ကုန်သည်၊ သစေပိ ဟောန္တိ - အကယ်၍မူလည်း ဖြစ်ဧစကုန်ဉုံးတော့၊ ဆဝိယာ-အရေနှင့်၊ သမာ-ညီညွတ်ကုန်သော၊ ပရိစ္ဆေဒါ-အပိုင်းအခြားတို့သည်၊ (သစေပိ ဟောန္တိ-ကုန်ဉုံးတော့၊) ပန-ထိုသို့ပင် ဖြစ်ပါကုန်သော်လည်း၊ လက္ခဏံ-အမှတ်အသားသည်၊ ပညာယတိ-ထင်ရှားသေးအံ့၊ တိမဏ္ဍလဝတ္ထဿ-အဝန်း ၃ ပါး ညီညွတ်စွာ ဝတ်အပ်သော အဝတ်ရှိသောပုဂ္ဂိုလ်၏၊ ဥတ္တရာသင်္ဂေ-အပေါ်ခြုံကို၊ ကတေ-ပြုအပ်ဧသော်၊ (လက္ခဏံ- အမှတ်အသားသည်၊) ပဋိစ္ဆန္နောကာသေ– ဖုံးလွှမ်းအပ်သောအရပ်၌၊ စေ ဟောတိ-အံ့၊(ဧဝံသတိ)၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ၊(လက္ခဏံ) အပဋိစ္ဆန္နောကာသေ– မဖုံးလွှမ်းအပ်သော အရပ်၌၊ စေ (ဟောတိ၊ ဧဝံ သတိ ပဗ္ဗာဇေတုံ) နဝဋ္ဋတိ။

× × × × × × ×

လက္ခဏံ ပညာယတိ။ ။အချို့စာအုပ်၌ "လက္ခဏံ နပညာယတိ" ဟု တွေ့ရ၏၊ "သစေပိ" စသော ရှေစကားကိုထောက်၍ငင်း, "တိမဏ္ဍလဝတ္ထဿ" စသော နောက်စကားကို ထောက်၍ငင်း "လက္ခဏံ ပန ပညာယတိ– အမှတ်အသားကား ထင်ရှားနေသေး၏" ဟူသော စကားသာ သင့်ပါသည်။

ရူကာယိကဝဏ္ဏ ကထာ

နဘိက္ခဝေ ရူကာယိကောတိ ထွေ-ဟူသော်ပါဠိ၌၊ ရူကာယိကောနာမ-ရူကာယိက မည်သည်ကား၊ ယသ-အကြင်သူ၏၊ ပိတိ ပိတာမဟေဟိ– အာဘ အာဘိးတို့သည်၊ ရူကံ-ကြွေးမြီသည်၊ ဝါ-ကို၊ ဂဟိတံ-ယူအပ်ပြီးသည်၊ ဟောတိ-၏၊ (သော)ဝါ-ထို မိဘ ဘိုးဘွားတို့ယူအပ်သော ကြွေးရှိသူသည်ရင်း၊ (ယေန-အကြင်သူသည်၊) သယံ- ကိုယ်တိုင်၊ ရူကံ - သည်၊ ဝါ- ကို၊ ဂဟိတံ- သည်၊ ဟောတိ၊ (သော)ဝါ – ထို ကိုယ်တိုင်ကြွေးယူထားသူသည်ရင်း၊ ယံ – အကြင်သူ့ကို၊ အာထပေတွာ-အပ်နှံထား၍၊ (ခိုင်းစေဘို့ရန် အပ်နှံထား၍၊) မာတာပိတူဟိ- အမိ အဘတို့သည်၊ ကိစ္စ- တစုံတခုသောဥစ္စာသည်၊ ဝါ- ကို၊ ဂဟိတံ– သည်၊ ဟောတိ၊ (သော)ဝါ-ထို အပ်နှံခံရသူသည်ရင်း၊ တံ ရူကံ- ထို ကြွေးမြီကို၊ ပရေသံ - သူတပါးတို့အား၊ ဓာရေတိ – ဆောင်နှင်းရ၏၊ (ဆပ်ပေးရ၏၊) ရူတိ-ကြောင့်၊ ရူကာယိကော-က မည်၏။

ပန-ဆက်၊ ယံ-အကြင်သူ့ကို၊ အညေ-မိဘတို့မှအခြားကုန်သော၊ ဥတကာ-ဆွေမျိုးတို့သည်၊ အာထပေတွာ-၍၊ ကိစ္စ-တစုံတခုသောဥစ္စာကို၊ ဂဏှန္တိ-ယူကြကုန်၏၊ သော-ထိုသူသည်၊ ရူကာယိကော–ရူကာယိကသည်၊ နမဟုတ်၊ ဟိ-မှန်၊ တနည်း, ဟိ (ယသ္မာ)-ကြောင့်၊ တေ-ထို ဆွေမျိုးတို့သည်၊ တံ- ထိုသူ့ကို၊ အာထပေတုံ– အပ်နှံထားခြင်းငှါ၊ နဿရာ- အစိုးမရကုန်၊ (မစိုးမပိုင်ကုန်၊) တသ္မာ- ကြောင့်၊ သော - သည်၊ ရူကာယိကော- သည်၊ နမဟုတ်၊ တသ္မာ–ထို့ကြောင့်၊ (ဆွေမျိုးတို့ အပ်နှံထားအပ်သော ထိုသူ၏ ရူကာယိက မဟုတ်သည်၏ အဖြစ်ကြောင့်၊) တံ–ထိုသူ့ကို၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ၊ ရူတရံ-ဆွေမျိုးတို့ အပ်နှံထားအပ်သူမှ တပါးသော မိဘတို့ အပ်နှံထားအပ်သူကို၊ (ပဗ္ဗာဇေတုံ) နဝဋ္ဋတိ၊ ပန-ဆက်၊ အဿ-ထိုသူ၏၊ ဉာတိသာလောဟိတာ-ဆွေမျိုးသားချင်းတို့သည်၊ မယံ-တပည့်တော်တို့သည်၊ ဒဿာမ-ပေးလိုက်ပါကုန်အံ့၊ (ကြွေးကို ဆပ်လိုက်ပါကုန်အံ့၊) နံ- ထိုသူ့ကို၊ ပဗ္ဗာဇေထ- ရှင်ဖြစ်စေကြပါကုန်၊ ရူတိ-ဤသို့လျှောက်၍၊ ရူကံ-ကို၊ အတ္တနော-မိမိ၏၊(ဆွေမျိုးသားချင်းဟူသောမိမိ၏၊)

× × × × × × × +

ရူကာယိကော။ ။သူတပါးတို့ကို ဆပ်ပေးရမည့်ကြွေးကို "ရူက"ဟု ခေါ်၏၊ "မဓာရေတိ"ကိုကြည့်၍"ရူကံ + ဓာရေတီတိ ရူကာယိကော"ဟု ပြု၊ ဓာရေတိအနက်၌ အာယိကပစ္စည်းသက်၊ ဓရဓာတ်က သမ္ပဒါန်ကိုငဲ့သောကြောင့် "ပရေသံ"ဟု ဆိုသည်၊ [ရူကံ ဂဏှာတီတိ ရူကာယိကော"ဟုလည်း ပြုကြ၏၊ သို့သော် မိဘတို့ယူထားသော အခါ, မိဘတို့ အပ်နှံထားသောအခါ သူ့ကိုယ်တိုင် "ဂဏှာတိ"၏ကတ္တားမဖြစ်နိုင်သောကြောင့် ထို ဝစနတ္ထကို စဉ်းစားပါ။] "အာထပေတွာ"၌ "အာ"သဒ္ဒါကြောင့် ရိုးရိုးထားခြင်းမဟုတ် , အပ်နှံထားခြင်း ဟု မှတ်ပါ၊ ယေဇနာဒ်ကဉ်း အာဒ အာဂရာသည် "ပေသနအနက်ဟော"ဟု ဆို၏။

ဘာရံ-တာဝန်ကို၊ သစေ ကရောန်- အကယ်၍ ပြုကုန်အံ့၊ (ဧဝံ သတိဝါ- ဤသို့ ပြုကုန်သော်ငင်း၊)အညော- ဉာတိသာလောဟိတမှ အခြားသော၊ ကောစိ - တစုံတယောက်သည်၊ တဿ - ထိုသူ၏၊ အာစာရသမ္ပတ္တိ - အကျင့်၏ပြည့်စုံခြင်းကို၊ ဒိသွာ-မြင်၍၊ နံ-ထိုသူ့ကို၊ ပဗ္ဗာဇေထ-ကုန်၊ အဟံ-သည်၊ ဇာဏံ- ကို၊ ဒဿာမိ-ပေးလိုက်ပါအံ့၊ (ဆပ်လိုက်ပါအံ့၊) ဇာတိ- သို့၊ (သစေ) ဝဒတိ- အကယ်၍ လျှောက်အံ့၊ (ဧဝံသတိ)ဝါ – ဤသို့ လျှောက်သော်ငင်း၊ ပဗ္ဗာဇေတုံ ဝန္ဒတိ-အပ်၏။

တေသု - ထိုသူတို့သည်၊ (ဉာတိသာလောဟိတ , သို့မဟုတ် အခြားသူတို့သည်၊) အသတိ- မရှိကုန်လသော်၊ ဘိက္ခုနော- ရှင်ပြုပေးမည့် ဥပဇ္ဈာယ်ရဟန်းသည်၊ တထာရူပဿ-ထိုသို့သောဘေရှိသော၊ (သဒ္ဓါတရားလည်းရှိ, ကြွေးဆပ်နိုင်လောံအောင် ပစ္စည်းလည်းရှိဒသာ၊) ဥပဇ္ဈာကဿာပိ-အလုပ်အကျွေး ဒါယကာအားသော်လည်း၊ အာရောစေတဗ္ဗံ-ပြောပြရာ၏၊ (ကိံ- နည်း၊) သဟေတုကော-မဂ်ဖိုလ်ရဘို့ရန် အကြောင်းနှင့်တကွဖြစ်သော၊ သတ္တော – သတ္တဝါတည်း၊ ဇာတာ ပလိဒေဝေန-ကြွေးမြီ၏နှောင့်ရှက်ခြင်းကြောင့်၊ နပမ္မဇတိ-ရှင်ရဟန်းမပြုနိုင်ရှာ၊ ဇာတိ-သို့၊ (အာရောစေတဗ္ဗံ- ၏၊) သော- ထို အလုပ်အကျွေး ဒါယကာသည်၊ သစေ ပဋိပဇ္ဇတိ – အကယ်၍ ကျင့်အံ့၊ (ကြွေးဆပ်ဘို့ရန် တာဝန်ယူအံ့၊ ဧဝံသတိ)၊ ပဗ္ဗာဇေတဗ္ဗော၊ အတ္တနော - မိမိ၏၊ (ရှင်ပြုပေးလိုသော ဆရာမှာ၊) ကပ္ပိယဘဏ္ဍံ– ကပ္ပိယဘဏ္ဍာသည်၊ သစေပိ အတ္ထိ – အကယ်၍မူလည်း ရှိအံ့၊ (သပိတ် သင်္ကန်းစသည် ဖြစ်စေ, နဝကမ္မအတွက် ကပ္ပိယထံ အပ်နှံထားသော ငွေဖြစ်စေ ရှိအံ့၊) တေံ- ၌ ကပ္ပိယဘဏ္ဍာကို၊ ဒဿာမိ– ကြွေးရှင်တို့အား ဆပ်ပေးအံ့ ၊ဇာတိ-ဤသို့ကြံ၍၊ ပဗ္ဗာဇေဘဗ္ဗော။ [“အရည်အခြင်းရှိသော ရှင်လောင်းအတွက် ဆရာကိုယ်တိုင် ကြွေးဆပ်၍ ရှင်ပြုပေးရမည်”-ဟူလို။]

ပန- သို့မဟုတ်၊ ဉာတကာဒယော - ဆွေမျိုး အစရှိသူတို့သည်၊ (အာဒိဖြင့် သာလောဟိတ ဥပဇ္ဈာကတို့ကို ယူ။)သစေ နေဝပဋိပဇ္ဇန္တိ–အကယ်၍ မကျင့်ကြကုန်အံ့၊(ကြွေးမဆပ်ကုန်အံ့၊ အတ္တနော-မိမိ၏၊ ဝါ-မိမိမှာ၊ ဓနံ-အပ်စပ်သော ဥစ္စာသည်၊ သစေ နတ္ထိ–အကယ်၍ မရှိအံ့၊(ဧဝံ သတိ)ပဗ္ဗာဇေတွာ-ရှင်ပြုစေပြီး၍၊ (ရှင်ပြုပေးပြီးမှ၊) ဘိက္ခာယ- ဆွမ်းအလို့ငှါ၊ စရိတွာ–လှည့်လည်ပြီး၍၊ (ကြွေးဆပ်ဘို့ရန် ထိုထိုအိမ်မှ အနည်းငယ်စီရအပ်သောပစ္စည်းကို ဆွမ်းရပ်သလို ခံယူ၍ သို့မဟုတ် - ဆွမ်းရပ်သလို ရပ်၍ လူတို့က မေးသော အခါ အကြောင်းကို ပြောပြ၍၊)မောစေဿာမိ- လွတ်စေအံ့၊ ဇာတိ- ၌သို့ ကြံ၍၊ ပဗ္ဗာဇေတုံ နဝန္ဒတိ၊ သစေ ပဗ္ဗာဇေတိ-အံ့၊(ဧဝံသတိ၊)ဒုက္ကဋံ(ဟောတိ) [“နဘိက္ခဝေ ဇာဏာယိကော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ” ဟူသော သိက္ခာပုဒ်တော်အရ ဒုက္ကဋ်အာပတ်သင့်သည် ဟူလို။]

ပလာတောပိ-ထွက်ပြေးသော သာမဏေကိုလည်း၊ (ရှင်ပြုပြီး၍ ထွက်ပြေးသော သာမဏေကိုလည်း၊) အာနေတွာ - ဆောင်၍၊ ဒါတဗ္ဗော– ပေးထိုက်၏၊ (ကြွေးရှင်တို့အား ပေးထိုက်၏၊) (အာနေတွာ-၍၊) နော စေ ဒေတိ- အကယ်၍ မပေးဘဲ့၊(ဧဝံ သတိ)သမ္ဗံ- အလုံးစုံသော၊ ဇုဏှံ- ကြွေးမြီသည်၊ ဂိဝါ- အစားထိုက်သည်၊ ဟောတိ၊ အဇာနိတွာ–ကြွေးရှိမှန်း မသိမူ၍၊ ပဗ္ဗာဇယတော- ရှင်ဖြစ်စေသော ရဟန်း၏၊ အနာပတ္တိ (ဟောတိ)၊ ပန- ထိုသို့ပင် အာပတ် မသင့်ပါသော်လည်း၊ ပဿန္တေန - တွေ့မြင်သော ဆရာသည်၊ (ရှင်ဖြစ်ပြီးနောက် ထွက်ပြေးနေသည်ကို ပြန်၍တွေ့သော ဆရာသည်၊) အာနေတွာ- ၍၊ ဇုဏသာမိကာနံ-ကြွေးရှင်တို့အား၊ ဒဿေတဗ္ဗော- ပြထိုက်၏၊ အပဿန္တေ သေ-မတွေ့သော ဆရာ၏၊ ဂိဝါ-သည်၊ နံ၊ ဟောတိ၊ [နဂိရိုက ကြွေးရှိသူမှန်းမသိဘဲ ရှင်ပြုပေးသောကြောင့် ထွက်ပြေးသောအခါ မတွေ့လျှင် ဘဏ္ဍာစား မထိုက်ပါ-ဟူလို။]

ဇုဏှာယိကော - ကြွေးယူသူသည်၊ အညံ - မိမိနေရာအရပ်မှ တပါးသော၊ ဒေသံ– အရပ်သို့၊ ဂတ္ဘိဝါ - ၍၊ ပုန္ဆိ ယမာနော - ကြွေးရှိသလား ဟု မေးအပ်ပါသော်လည်း၊ ကဿစိ - တစုံတယောက်အား၊ ကိဉ္စိ - တစုံတခုသောဥစ္စာကို၊ နဓာရေမိ–ဆောင်မထားရပါ၊ ဝါ–ဆပ်စရာမရှိပါ၊ ဇုတိ-သို့၊ ဝတ္ဝာ-လျှောက်၍၊ သစေ ပဗ္ဗဇတိ - အကယ်၍ ရှင်ရဟန်းပြုအံ့၊ ဇုဏသာမိကော စ - သည်လည်း၊ တံ- ထို ကြွေးယူသူကို၊ ပရိယေသန္တော- ရှာမှီးစဉ်၊ တတ္ထ- ထို ရှင်ရဟန်းပြုရာ အရပ်သို့၊ (သစေ)ဂစ္ဆတိ- အကယ်၍ ရောက်သွားအံ့၊ ဒဟရော–ရဟန်းငယ်သည်၊ တံ-ထိုကြွေးရှင်ကို၊ ဒိသွာ–၍၊(သစေ)ပလာယတိ-အကယ်၍ထွက်ပြေးအံ့၊ သော စ-ထိုကြွေးရှင်သည်လည်း၊ထေရံ-ဥပဇ္ဈာယ်ထေရ်ကို၊ ဥပသင်္ကမိတွာ-ချဉ်းကပ်၍၊ ဘန္တေ-အရှင်ဘုရား၊ ကေန-အဘယ်ရဟန်းသည်၊ အယံ-ဤသူ့ကို၊ ပဗ္ဗာဇိတော- ရှင်ဖြစ်စေအပ်ပါသနည်း၊ ဝါ- ရှင်ပြုပေးအပ်ပါသနည်း၊ မမ-၏၊ တွေ့ကံနာမ - ဤမျှ အတိုင်းအရှည်ရှိသည်မည်သော၊ ဓနံ - ကို၊ ဂဟေတွာ - ၍၊ ပလာတော- ထွက်ပြေးသူပါတည်း၊ ဇုတိ-သို့၊ (သစေ) ဝဒတိ- အကယ်၍လျှောံအံ့၊ (ဧဝံသတိ၊) ထေရေန-ဥပဇ္ဈာယ်ထေရ်သည်၊ ဝတ္တဗ္ဗံ- ပြောဆိုရာ၏၊(ကိံ)၊ ဥပါသက- ဥပါသကာ၊ မယာ- သည်၊ အဇ္ဇေဝ အဟန္တိ- တပည့်တော်မှာ ကြွေးမရှိပါဟူ၍၊ ဝဒေါ-လျှောက်သည်၊(ဟုတွာ)၊ ပဗ္ဗာဇိတော-ရှင်အဖြစ်သို့ ရောက်စေအပ်ပြီ၊ ဒါနိ- ယခုအခါ၌၊ ကိံ - အဘယ်ကို၊ ကရောမိ - ပြုရတော်အံ့နည်း၊(တနည်း၊ ကိံ ကရောမိ- ဘာတတ်နိုင်တော့အံ့နည်း၊) မေ- ၏၊ ပတ္တစီဝရမတ္တံ-သပိတ်သင်္ကန်းမျှကို၊ ပဿ-ကြည့်ပါလော၊ ဇုတိ-သို့၊(ဝတ္တဗ္ဗံ- ၏၊)အယံ-ဤသို့ပြောခြင်းသည်၊ တတ္ထ - ထို ကြွေးရှိသူကို ရှင်ပြုပေးမိရာ၌၊ သာမိစိ- လောကုတ္တရာအား လျော်သောကျင့်ဝတ်တည်း၊ ပန - ဆက်၊ ပလာတေ - ထွက်ပြေးလသော်၊ ဂိဝါ- သည်၊ နဟောတိ။

ပန-ဆက်၊ နံ-ထိုကြွေးရှိသူကို၊ သမ္မုခါဝ-မျက်မှောက်၌ပင်၊ ဒိသွာ-တွေ့မြင်၍၊ (ကြွေးရှင်က တွေ့မြင်၍၊)အယံ-၌ သာမးဏသည်၊ ဝါ-၌ ရဟန်းသည်၊ မမ-၏၊ ဎကာယိကော- ကြွေးရှိသူပါတည်း၊ ဎတိ- သို့၊ သစေ ဝဒတိ - အံ့၊ (ဧဝံသတိ)၊ တဝ-သင်၏၊ ဎကာယိကံ- ကြွေးရှိသူကို၊ တွမေဝ- သင်ကိုယ်တိုင်သာ၊ ဇာနာဟိ-သိလော၊ ဎတိ-သို့၊ ဝတ္တဗ္ဗော-၏၊ ဧဝမ်ို-၌သို့ ပြောဆိုပြန်ပါသော်လည်း၊ ဂိဝါ-သည်၊ နဟောတိ၊ သော-ထိုကြွေးရှင်သည်၊(''ဝဒတိ''၌စပ်၊) အယံ-၌သူသည်၊ ပဗ္ဗဇိတော-ရှင်ရဟန်းအဖြစ်သို့ ရောက်ပြီးပါပြီ၊ ဎဒါနိ- ယခုအခါ၌၊ ကုဟိံ-အဘယ်အရပ်သို့၊ ဂမိဿတိ-သွားနိုင်ပါ့တော့လတံ့နည်း၊ ဎတိ-သို့၊ သစေဝိ ဝဒတိ – အံ့၊ (ဧဝံ သတိ၊) ထေရေန-ဥပဇ္ဈာယ် ထေရ်သည်၊ တွံ ယေဝ-သာ၊ ဇာနာဟိ-လော၊ ဎတိ-သို့၊ ဝတ္တဗ္ဗော၊ ဧဝမ်ို- ၌သို့ ပြောဆိုပြန်ပါသော်လည်း၊ အဿ- ထို ဥပဇ္ဈာယ်ထေရ်၏၊ ပလာတေ-တပည့်၏ ထွက်ပြေးခြင်းကြောင့်၊ ဂိဝါ-သည်၊ နဟောတိ၊ ပန-ဆက်၊ ထေရော-ဥပဇ္ဈာယ်ထေရ်သည်၊ (''ဝဒတိ'' ၌ စပ်။) ဒါနိ- ယခုအခါ၌၊ အယံ-၌ သာမဏေသည်၊ ဝါ- ၌ ရဟန်းသည်၊ ကုဟိံ- အဘယ်အရပ်သို့၊ ဂမိဿတိ- သွားလတံ့နည်း၊ ဎဧဝ-၌ အရပ်၌သာ၊ အစ္ဆတု-နေပါစေတော့၊ ဎတိ-သို့၊ သစေ ဝဒတိ-အံ့၊(ဥပဇ္ဈာယ်က ပြောအံ့၊) သော-ထို တပည့်သည်၊ စေပလာယတိ- အံ့၊ (ဧဝံ သတ်၊) ဂိဝါ ဟောတိ၊ သော-ထိုသာမဏေသည်၊ ဝါ-ထိုရဟန်းသည်၊ သဟေတုက သင်္ဃာမဂ်ဖိုလ်ရဘို့ရန်အကြောင်းနှင့်တကွဖြစ်သော သတ္တာသည်၊ ဝါ-ကျွတ်ထိုက်သော သတ္တာသည်၊ ဝတ္တာသမ္ပန္နော-ကျင့်ဝတ်နှင့် ပြည့်စုံသူသည်၊ သစေ ဟောတိ- အံ့၊ (ဧဝံသတိ)၊ ထေရေန-သည်၊ အယံ-၌သာမဏေသည်၊ ဝါ-၌ရဟန်းသည်၊ ၌ဒိသော- ၌ကဲ့သို့ ရှုအပ်သူတည်း၊ ဎတိ- သို့၊ ဝတ္တဗ္ဗံ- ၏၊ ဎကာသာမိကော-သည်၊ သာဓူတိ - ကောင်းပါပြီ ဟူ၍၊ စေ ဝိသဇ္ဇေတိ- အကယ်၍ စွန့်လွှတ်အံ့၊ (ကြွေးမျှားကို မတောင်းသောအားဖြင့် စွန့်လွှတ်အံ့၊) ဎစွေတံ-၌သို့ စွန့်လွှတ်ခြင်းသည်၊ ကုသလံ-ကောင်း၏၊ ပန- သို့မဟုတ်၊ ဥပမုပနံ- ထက်ဝက်ထက်ဝက်ကို၊ ဝါ-နည်းနည်း နည်းနည်းကို၊ ဒေထ-ပေးပါကုန်၊ ဎတိ-၌သို့၊ သစေ ဝဒတိ-အံ့၊(ဧဝံသတိ)ဒါတဗ္ဗံ၊[ဥပမုပမုန္တိ ထောကံ ထောကံ၊-ဋီကာ။]

အပရေန သမယေန-နောက်အခါ၌၊(ရှင်ရဟန်း ပြုပေးပြီးသည်မှနောက်၌၊) အတိအာရာဓကော-ကျင့်ဝတ်ကို အလွန်ပြီးစေတတ်သူသည်၊ (အလွန်ဝတ်ကျေသူသည်၊) ဟောတိ-အံ့၊ သမ္ဗံ - အလုံးစုံကို၊ ဒေထ - ကုန်၊ (နည်းနည်းမကအကုန်လုံးပေးပါကုန်၊) ဎတိ-သို့၊ ဝုတ္တေပိ- ဧလျာက်အပ်သော်လည်း၊ ဒါတဗ္ဗမေဝ - ပေးထိုက်သည်သာ၊ [ဥပဇ္ဈာယ်က ''မပေးတော့''ဟု ဝုရဏိကွေပပြုလျှင် ဘဏ္ဍာ၏ တန်ဖိုးလိုက်၍ ဆုံးဖြတ်ရမည်ဖြစ်သောကြောင့် '' ဒါတဗ္ဗမေဝ '' ဟု ဧဝဖြင့်ဆိုသည်၊-ဝိမတိ၊] ပန- ဆက်၊ ဥဒ္ဒသပရိပုစ္ဆာဒီသု- ပါဠိကိုရွတ်ပြခြင်း

အနက်ကို အဖန်ဖန် မေးမြန်းခြင်း အစရှိသည်တို့၌၊ ကုသလော-ကျမ်းကျင်သည်၊ ဗဟူပကာရော- များသော ကျေးဇူးရှိသည်၊ သစေ ဟောတိ၊(ဧဝံသတိ) ဘိက္ခူနံ ရဟန်း အားလုံးတို့၏၊ ဘိက္ခာစာရဝတ္တန – ဆွမ်းခံ လှည့်လည်ခြင်း ဟူသော ကျင့်ဝတ်ဖြင့်၊ ပရိယေသိတွာပိ – ရှာမှီးပြီး၍လည်း၊ ဇာဏံ - ကို၊ ဒါတုမ္မမေဝ-သည်သာ၊ ဇာတိ-အပြီးတည်း။ [သာမဏေက သို့မဟုတ် ရဟန်းကလေးက စာ တော်လှ၍ သံယာအား ကျေးဇူးများလျှင် ရဟန်းအားလုံးကပင် ကြွေးဆပ်ဘို့ရန် ဝိနည်းတော်အတိုင်းရှာ၍ ကြွေးဆပ်ရမည်-ဟူလို။]....ဇာဏာယိက ဝတ္ထုကထာ-သည်၊ နိဋ္ဌိတာ-ပြီ။

ဒါသဝတ္ထုကထာ

နဘိက္ခဝေ ဒါသောတိတ္ထေ- ဟူသော ဤပါဠိ၌၊ (လဇ္ဇမာနာ- ရထိုက်ကုန်သော၊)ဒါသာ-ကျွန်တို့သည်၊ အန္တေဝာဇာတော-အန္တေဝာဇာတကျွန်ဌင်း၊ ဓနက္ကိတော- ဓနက္ကိတ ကျွန်ဌင်း၊ ကရမရာနီတော – ကရမရာနီတ ကျွန်ဌင်း၊ သာမံ–ကိုယ်တိုင်၊ ဒါသဗျံ- ကျွန်၏အဖြစ်သို့၊ ဥပဂတော - ကပ်ရောက်သော ကျွန်ဌင်း၊ ဇာတိ-သို့၊ စတ္တာရော-၄ယောက်တို့တည်း၊ တတ္ထ–ထို ၄ ယောက်သော ကျွန်တို့တွင်၊ အန္တေဝာဇာတောနာမ - အိမ်တွင်းဦးဖြစ်သော ကျွန်မည်သည်၊ ဝါ– သားပေါက်မည်သည်၊ ဇာတိဒါသော – မွေးဖွားခြင်းအားဖြင့် ကျွန်ဖြစ်သော၊ (မွေးကဘည်းကကျွန်ဖြစ်သော)၊ ယရဒါသိယာ-အိမ်ကျွန်မ၏၊ ပုတ္တာ-သားတည်း၊ [အန္တော–အိမ်၏အတွင်းဦး၊ ဇာတော-ဖြစ်သောကျွန်တည်း၊ အန္တေဝာဇာတော-ကျွန်။] ဓနက္ကိတောနာမ-ဥစ္စာဖြင့်ဝယ်အပ်သော ကျွန်မည်သည်၊ မာတာပိတူနံ-မိဘတို့၏၊ သန္တိကာ– အထံမှ၊ ပုတ္တောဝါ – သားကိုသော်ဌင်း၊ သာမိကာနံ–ကျွန်ပိုင်ရှင်တို့၏၊ သန္တိကာ–မှ၊ ဒါသောဝါ-ကျွန်ကိုသော်ဌင်း၊ ဓနံ-ကို၊ ဒတ္တွာ-ပေး၍၊ ဒါသစာရိတ္တံ- ကျွန်၏စာရိတ္တသို့၊ (ကျွန်၏ ထုံးစံသို့၊) အာရောပေတွာ–တင်၍၊ ကိတော-ဝယ်အပ်သူတည်း၊[ဓနေန-ဥစ္စာဖြင့်၊ ကိဒေါ-ဝယ်အပ်သော ကျွန်တည်း၊ ဓနက္ကိတော–ကျွန်။] ဒွေပိ- နှစ်ယောက်လည်းဖြစ်ကုန်သော၊ ဧတေ-

× × × × × × × ×

ဒါသာ။ ။ဒါသဓွာတ်သည် ဒါနအနက်ဟော,ဘူဝါဒိ စုရာဒိတည်း၊"ဒါသတေ-အရှင်သခင်တို့အား ပေးအပ်၏၊ ဇာတိ ဒါသော " ဟု ပြု၊ အစ်ပစ္စည်း ဟု ထောမနိဓိဆို၏၊ ယောဇနာဌ်ကား—" ဒု+အာသာ "ဟု ပုဒ်ခွဲ၍ ဆင်းရဲသောကိစ္စ မကောင်းသောကိစ္စတို့၌ ပစ်ချအပ် သုံးစွဲအပ်သောကြောင့်"ဒါသ"ခေါ်သည် ဟု ကြံလေသည်။

ဒါသစာရိတ္တံ၊ပေ၊ကိတော။ ။မြို့ရွာဒေသအလိုက် ကျွန်အဖြစ်ကို အသိအမှတ်ပြုဘို့ရန် ထုံးစံရှိ၏၊ အများသိအောင် ကြော်ငြာခြင်း စသည်ကို ပြုရ၏၊ ထို ထုံးစံကို " ဒါသစာရိတ္တ " ဟု ခေါ်၏၊ ထိုသို့ ကျွန်ဖြစ်ကြောင်းကို အများ အသိအမှတ်ပြုစေ၍ ဝယ်အပ်သောသူသာလျှင် ဓနက္ကိတကျွန်ဖြစ်သည်။

ဤ အန္ဓော ဇာတ ဓနက္ကိတကျွန်တို့ကို၊ နု ပဗ္ဗာဇေတဗ္ဗာ – ရှင်မဖြစ်စေထိုက်ကုန်၊ (ရှင်ပြုမပေးထိုက်ကုန်၊) ပဗ္ဗာဇေန္တေနု - ရှင်ပြုပေးလိုသော ဆရာသည်၊ တတ္ထ တတ္ထ - ထိုထို ဇနပုဒ်၌၊ စာရိတ္တဝသေန – အကျင့်၏အစွမ်းဖြင့်၊ (ထိုးစံ၏ အစွမ်းဖြင့်၊) အဒါသံ - ကျွန်မဟုတ်သည်ကို၊ ကတွာ – ၍၊ ပဗ္ဗာဇေတဗ္ဗာ - ကုန်၏။ [တတ္ထ တတ္ထ စာရိတ္တဝသေနာတိ တသ္မိံ တသ္မိံ ဇနပဒေ ဒါသပဏ္ဍုပ္ပလာပနာဒိနာ (ကျွန်စာရင်းကို မီးရှို့ခြင်းအစရှိသော၊) အဒါသကရဏာနိယာမေန – (ကျွန်မဟုတ်ခအောင် ပြုခြင်းအထိမ်းအမှတ်ဖြင့်)၊ – ဝိမတိ။]

ကရမရာနီတာ နာမ - ကရမရာနီတကျွန် မည်သည်ကို၊ ဝါ – သူတပါးလက်ဖြင့် သေထိုက်သူ၏အဖြစ်ဖြင့် ဆောင်ယူအပ်သောကျွန်မည်သည်ကို၊ (ဧဝံ ဝေဒိတဗ္ဗာ၊ စပ်ပုဒ်မရှိသောကြောင့် ထည့်သည်၊) တိရောရဋ္ဌံ – တိုင်းတပါးကို၊ ဝိလောပံ - လုယက် ဖျက်ဆီးမှုကို၊ ကတွာဝါ - ပြု၍သော်၎င်း၊ ဥပလာပေတွာဝါ - ဖြားယောင်း၍သော်၎င်း၊ တိရောရဋ္ဌဒတာ - တိုင်းဘပါးမှ၊ ဘုဇိဿမာနုသကာနံ - ကိုယ့်ကိုယ်ကို ပိုင်ဆိုင်သောလူတို့ကို၊ ဝါ - ကျွန် မဟုတ်သော လူတို့ကို၊ အာဟရန္တိ – ဆောင်ယူဘတ်ကြကုန်၏၊ ဝါ - တနည်း၊ အန္တောရဋ္ဌေ ယေဝ - မိမိတိုင်း၏ အတွင်း၌ပင်၊ ကတာပရာဓံ - ပြုအပ်ပြီးသော မင်းပြစ်ရှိသော၊ ကဋ္ဌ - ဘစုံဘခုသော၊ ဂါမံ - ကို၊ ရာဇာ - သည်၊ ဝိလုမ္ပထ - လုယက် ဖျက်ဆီးကြကုန်၊ ဇာတိ - သို့၊ အာဏာပေတိ - စေခိုင်း၏၊ တတော - ထို တစုံတခုသောရွာမှ၊ မာနုသကာနိပိ – လူတို့ကိုလည်း၊ အာဟရန္တိ – ဆောင်ယူဘတ်ကြကုန်၏၊ တတ္ထ – ထို လူတို့တွင်၊ သမ္မေ - အလုံးစုံကုန်သော၊ ပုရိသာ - တို့သည်၊ ဒါသာ - ကျွန် ယောကျ်ားတို့တည်း၊ ဇာတိယော - တို့သည်၊ ဒါသိယော - ကျွန်မိန်းမတို့တည်း၊ ဓဝဂ္ဂပေါ - သော၊ ကရမရာနီတော - ကရမရာနီတဖြစ်သော၊ ဒါသော - ကို၊ ဒယဟိ - အကြင်သူတို့သည်၊ အာနီတော - ဆောင်ယူအပ်ပြီ၊ တေသံ - ထို ကျွန်ပိုင်ရှင်တို့၏၊ သန္တိကေ - ၌၊ ဝသန္တော ဝါ - နေဆဲကျွန်ကို သော်၎င်း၊ ဗန္ဓနာဂါရေ - နှောင်အိမ်၌၊ ဗန္ဓေါဝါ - ချုပ်နှောင်

× × × × × × ×

ကရမရာနီတောဒါ။ ။ကရသဒ္ဒါသည် “လက်” ဟူသော အနက်ကို ဟောအံ့၊ မရိတဗ္ဗောတိ မရော၊ ကရေန – သူတပါး၏လက်ဖြင့် + မရော – သေထိုက်သူတည်း၊ ကရမရာ - သူ၊ ကရမရော + ဟုတ္တာ + အာနီတော ကရမရာနီတော – သူတပါးလက်ဖြင့် သေထိုက်သူ၏ အဖြစ်ဖြင့် ဆောင်ယူအပ်သော ကျွန်၊ လုယက် ဖျက်ဆီး၍ ဖြစ်စေ, ဖြားယောင်း၍ဖြစ်စေ တိုင်းတပါးမှ ဆောင်ယူအပ်သော သို့ပန်း (သို့ရ) ကျွန်တည်း၊ “ တိရောရဋ္ဌံ ဝိလောပံကတွာဝါ” ဖြင့် တိုင်းတပါးကို လုယက်ဖျက်ဆီး၍ ဆောင်ယူအပ်သော ယောကျ်ားမိန်းမတို့ကို ပြ၏၊ “ဥပလာပေတွာဝါ” ဖြင့် တိုင်းတပါးကိုပင် ဥစ္စာ စသည်ဖြင့် ချော့ခမဲ့ ဖြားယောင်း၍ ထို တိုင်းတပါးမှ ဆောင်ယူအပ်သော ယောကျ်ား မိန်းမတို့ကို ပြ၏၊ ယောကျ်ား မိန်းမ ၂ မျိုးလုံးနှင့် ဆက်ဆံခသောကြောင့် “မာနုသကာနိ” ဟု နပုံလိန်သာမညအားဖြင့် ဆိုထားကြောင်းကို ယောဇနာဖွင့်၏။

အပ်သော ကျွန်ကိုသော်၎င်း၊ ပုရိသေဟိ-အစောင့်အရှောက်ယောကျ်ားတို့သည်၊ (ရဲသား စသူတို့သည်၊) ရက္ခိယမာနော၀ါ- စောင့်ရှောက်အပ်ဆဲ ကျွန်ကိုသော်၎င်း၊ နံ ပမ္မာဇေတဇ္ဇော၊ ပန-အနွယကား၊ ပလာယိတွာ-ထွက်ပြေး၍၊ ၀တော-သွားသော ကျွန်ကို၊ ၀တဋ္ဌာနေ - ရောက်အပ်သောအရပ်၌၊ ပဗ္ဗာဇေတဇ္ဇော၊ ရညော-သည်၊ တုဋ္ဌေန-နှစ်သက်သည်၊(ဟုတွာ)ကရမရာနီတကေ-ကရမရောနီတ ကျွန်တို့ကို၊ မုဉ္စထ- လွှတ်ကြကုန်၊ ဇုတိ- သို့၊ ၀တွာ၀ါ- ပြော၍သော်၎င်း၊ သဗ္ဗ သာဓာရဏေန–အလုံးစုံတို့နှင့် ဆက်ဆံသော၊ နယေန၀ါ–နည်းဖြင့်သော်၎င်း၊ ဗန္ဓနာ– အနှောင်အဖွဲ့မှ၊ မောက္ခေ - လွှတ်ခြင်းကို၊ ကတေ – ပြုအပ်ပြီးသော်၊ ပဗ္ဗာဇေတဇ္ဇော၀–မုချ ရှင်ဖြစ်စေထိုက်သည်သာ။

သာမံ- ကိုယ်တိုင်၊ ဒါသဗျံ-ကျွန်၏အဖြစ်သို့၊ (ဒါသဿ ဘာ၀ေါ ဒါသဗျံ၊ ဘာ၀အနက်၌ ဒါသနောင် ဗျပစ္စည်းသက်၊) ဥပဂတောနာမ - ကပ်ရောက်သူ မည်သည်၊ ဇိ၀ိတ ဟေတု၀ါ – အသက်မွေး၀မ်းကြောင်း ဟူသော အကြောင်းကြောင့် သော်၎င်း၊ အာရက္ခဟေတု၀ါ - အစောင့်အရှောက်ဟူသော အကြောင်းကြောင့်သော်၎င်း၊(စောင့်ရှောက်မည့်မိဘစသည်မရှိ၍ အစောင့်အရှောက်ခံလိုသော ကြောင့်သော်၎င်း၊) အဟံ- ကျွန်တော်သည်၊ တေ- အရှင်၏၊ ဒါသော- ကျွန်ပါတည်း၊ ဇုတိ- ဤသို့ပြော၍၊ သယမေ၀-ကိုယ်တိုင်သာလျှင်၊ ဒါသဘာ၀ံ- ကျွန်၏အဖြစ်သို့၊ ဥပဂတော - ကပ်ရောက်သူတည်း၊ (ကေ၀ိယ - အဘယ်သူတို့ကဲ့သို့နည်း၊) ရာဇူနံ- တို့၏၊ ဟတ္ထိ အာဿ ဂေါမဟိံသ ဂေါပကာဒယော၀ိယ - ဆင် ထိန်း မြင်းထိန်း နွားထိန်း ကျွဲထိန်း အစရှိသူတို့ကဲ့သို့တည်း၊ တာဒိသော - သော၊ ဒါသော- ကို၊ နံ ပမ္မာဇေတဇ္ဇော၊ ရညော- ၏၊ ၀ဏ္ဏာဒါသိနံ - အဆင်းရှိသော ကျွန်မတို့၏၊ ၀ါ- ပြည့်တန်ဆာမတို့၏၊ ပုတ္တာ- သားတို့သည်၊ ဟောန္တိ- ရှိတတ်ကုန်၏၊ အမစ္စပုတ္တာသဒိသာ - အမတ်တို့၏သားနှင့် တူကုန်၏၊ တေပိ- ထိုသားတို့ကိုလည်း၊ နံ ပမ္မာဇေတဇ္ဇော။

အသံယတာ - စောင့်စည်းအပ်သော ကိုယ် နှုတ် စိတ် မရှိကုန်သော၊ ဘုဇိဿိတ္ထိယော- ကိုယ့်ကိုယ်ကို ပိုင်ဆိုင်သောမိန်းမတို့သည်၊ ၀ဏ္ဏာဒါသိဟိ- တို့နှင့်၊ သဒ္ဓိံ- ကွ၊ ၀ိစရန္တိ-ကုန်၏၊ တာသံ- ထို မစောင့်စည်းသော မိန်းမတို့၏၊ ပုတ္တေ-တို့ကို၊ ပဗ္ဗာဇေတုံ ၀ဋ္ဋတိ၊ (တာ- ထို အသံယတမိန်းမတို့သည်၊) သယမေ၀-သာလျှင်၊ ပဏ္ဍံ-၀ဏ္ဏာဒါသိ စာရင်းစာရွက်သို့၊ အာရောပေန္တိ-တင်စေကြကုန်၏၊

× × × × × × ×

သဗ္ဗသာဓာရဏေန၀ါနယေန၊ ။အဘိသေကာဒိသု သဗ္ဗဗန္ဓနာနိ မောစာပေန္တိ၊ တံ သန္ဓာယ “ သဗ္ဗသာဓာရဏေနာ ”တိ စုတ္တံ၊– ၀ိမတိ၊ အဘိသိက်သွန်းသောအခါ လွတ်လပ်ရေးရသောအခါ စသည်တို့၌ အလုံးစုံသောထောင်တို့ကို ဖွင့်၍ လွှတ်တတ်ကြကုန်၏၊ ဤနည်းကို “ သဗ္ဗသာဓာရဏာနည်း ”ဟု ခေါ်၏၊ “ ကျွန် ဟုတ် – မဟုတ် အားလုံးနှင့်ဆက်ဆံသောနည်း” ဟူလို။

(တာသံ- ထို ဝဏ္ဏဒါသီစာရင်းဝင်မိန်းမတို့၏၊ ပုတ္တော- တို့ကို၊ ပဗ္ဗာဇေတုံ-ဌ၊) နဝန္ဒတိ၊ ဘဋိပုတ္တကဂဏာဒီနံ-ကုမာရနတ်ကို ဆည်းကပ်သောဂိုဏ်း အစရှိသူတို့၏၊ ဒါသာပိ-တို့ကိုလည်း၊ (ထို အဖွဲဘဖွဲလုံးနှင့်ဆိုင်သော ကျွန်တို့ကိုလည်း၊) တေဟိ- ထို ဂိုဏ်းဝင်ပုဂ္ဂိုလ်တို့သည်၊ အဒိန္နာ - ကျေကျေနပ်နပ် မပေးအပ်ကုန်သည်၊ (သမာနာ-ဖြစ်ကုန်လေသော်၊) နပဗ္ဗာဇေတဗ္ဗာ။

ဝိဟာရေသု-ကျောင်းတိုက်တို့၌၊ ရာဇူဟိ- တို့သည်၊ အာရာမိကဒါသာနာမ-အာရာမ်စောင့် ကျွန်မည်သည်တို့သည်၊ ဝါ- တို့ကို၊ ဒိန္နာ- လူအပ်ကုန်သည်၊ ဟောန္တိ - နှ၏၊ တေဒိ - ထိုအာရာမိက ကျွန်တို့ကိုလည်း၊ ပဗ္ဗာဇေတုံ နဝန္ဒတိ၊ ပန-အနွယကား၊ ဘုဇိဿေ-ကျွန်မဟုတ်သူတို့ကို၊ ကတ္တာ-ပြုပြီး၍၊ ဝါ- ပြုပြီးမှ၊

× × × × × × ×

သယမေဝ၊ ပေ၊ နဝန္ဒတိ။ ။သယမေဝ ပဏ္ဍံ အာရောပေန္တိ၊ နဝန္ဒတိတိ တားဘုဇိသိတ္ထိယော မယမ္ပိ ဝဏ္ဏဒါသိယော ဟောမာတိ အတ္တနော ရက္ခဏတ္ထာယ သယမေဝ ရာဇူနံ ဒါသိပဏ္ဍေ အတ္တနော နာမံ လိခါပေန္တိ၊ တာသံ ပုတ္တာစ ရာဇဒါသာဝ ဟောန္တိ၊ တသ္မာ တေ ပဗ္ဗာဇေတုံ နဝန္ဒတိ၊-ဝိမတိ။

ဘုဇိဿေ၊ ပေ၊ ဝန္ဒတိ။ ။ဘုဇိဿေ ပန ကတ္တာ ပဗ္ဗာဇေတုံ ဝန္ဒတိတိ ယဿ ဝိဟာရဿ တေ အာရာမိကာ ဒိန္နာ၊ တသ္မိံ ဝိဟာရေ သံဃံ ဉာပေတ္ဝာ ဖါတိကမ္မေန (တိုးပွားစေမှုဖြင့်) ဓနာနိ ဒတ္ဝာ ဘုဇိဿေ ကတ္ဝာ ပဗ္ဗာဇေတုံ ဝန္ဒတိ၊-ဝိမတိ။

ဘုဇိဿော။ ။ဘုဇော အတ္တနော ယထာသုခံ ဝိနိယောဂေါ ဋ္ဌဿော ဋ္ဌစ္ဆိတမ္ဖော ဏ္ဍောတိ ဘုဇိဿော၊ မူလပံ, မဟာအဿပုရသုတ် ဋီကာ၊ ဘုဇောကို "အတ္တနော ယထာသုခံ ဝိနိယောဂေါ"ဟု ဝိသေသနထည့်၍၎င်း, ဋ္ဌဿောကို ဋ္ဌစ္ဆိတမ္ဖော "ဟုဆင်း ဖွင့်သည်၊ "ဘုဇော+ဋ္ဌဿော ဏ္ဍောတိ ဘုဇိဿော "သာ လိုရင်းတည်း၊ ဏ္ဍော – ဤကိုယ့်ကိုယ်ကို ပိုင်သူ၌၊ ဋ္ဌဿော – အလိုရှိထိုက်သော၊ ဘုဇော–လက်သည်၊ အတ္ထိ – ၏၊ ဋ္ဌတိ ဘုဇိဿေး၊ ကျွန်သည် မိမိလက်ဖြင့် အရှင်က ခိုင်းအပ်သော အမှုကို ပြုသုပ်ပေးရ၏၊ ဘုဇိဿကား ထိုသို့မလုပ်ရဘဲ ကိုယ်အလိုရှိရာကို လုပ်ပေးသော လက်ရှိသည်–ဟူလို။

တနည်း။ ။"ဘုဇောနိဒါယ အတ္တနော ကိစ္စေ ဋ္ဌသိတမ္ဖောတိ ဘုဇိဿော"ဟု သာမညဖလသုတ်ဋီကာ ပြု၏၊ ဋ္ဌသဓာတ် ဏာပစ္စည်း၊ ဘုဇောနိဝိယ – လက်တို့ကဲ့သို့+ ဋ္ဌဿော–မိမိကိစ္စ၌ အလိုရှိအပ် စေခိုင်းအပ် စေခိုင်းနိုင်သူတည်း၊ ဘုဇိဿော–သူ။

တနည်း။ ။"ဘုဇော ဇေဿ အတ္ထိတိ ဘုဇိဿော"ဟု ယောဇနာဝိဂ္ဂဟပြု၏၊ ဘုဇသဒ္ဒါနောင် ကိဿန်ပစ္စည်းဟု ထောမနိဓိလည်းဆို၏၊ သူတပါးတို့က စောင့်ရှောက်ပေးစရာလည်း မလို, ကျေးမွေးစရာလည်း မလိုဘဲ ကိုယ့်ကိုယ်ကို စောင့်ရှောက်နိုင်စားနိုင်ဘို့ရန် လက်ရှိသူ–ဟူလို၊ [ကျွန်အဖြစ်မှလွတ်သောအခါ အမိန့်တော်ကို မလိုက်နာတော့ဘဲ ပယ်လွှန်နိုင်သောကြောင့် ကျွန်အဖြစ်မှ လွတ်သူကို "တော်လွန်သူ"ဟု ခေါ်စမှတ် ပြုကြသည်၊ နဂိုရိုးကပင် ကျွန် မဟုတ်ဘဲ လွတ်လပ်သော ဘုဇိဿကို "တော်လွန်"ဟု အနောက်မပေးရ။]

ပဗ္ဗာဇေတုံ ဝန္ဒတိ၊ မဟာပစ္စရိယံ - မဟာပစ္စရိ အဋ္ဌကထာ၌၊ အန္ဓောဇာတ ဓနက္ကိတကေ- အန္ဓောဇာတကျွန် မနက္ကိတကျွန်တို့ကို၊ အာနေတွာ-၍၊ ဘိက္ခု သံယဿ - အား၊ အာရာမိကေ-အာရာမ်စောင့်တို့ကို၊ ဒေမ- လှူပါကုန်၏၊ ဇာတ်- ဤသို့လျှောက်၍၊ ဒေန္တိ- လှူဘတ်ကြကုန်၏၊ တက္ကံ - ရက်တက်ရည်ကို၊ သီသေ- ဥုံးခေါင်း၌၊ အာသိတ္တကသဒ္ဒိသာဝ - သွန်းလောင်းအပ်သည်နှင့် တူကုန်သည်သာ၊ ဟောန္တိ- နှ်၏၊ တေ– ထို အာရာမ်စောင့်ဖြစ်သော ကျွန်တို့ကို၊ ပဗ္ဗာဇေတုံ ဝန္ဒတိ၊ ဇာတိ-သို့၊ ဝုတ္တံ- ပြီ၊ ကုရုန္ဒိယံပန - ကုရုန္ဒီအဋ္ဌကထာ၌ကား၊ အာရာမိကံ-ကို၊ ဒေမ-ကုန်၏၊ ဇာတိ-သို့၊ ဂဝိယဝေါဟာရေန–အပ်သော အသုံးအနှုန်းဖြင့်၊ ဒေန္တိ–ကုန်ဘုံ၊ ယေန ကေနစိ–အမှတ်မထား တပါးပါးသော၊ ဝေါဟာရေန-အသုံးအနှုန်းဖြင့်၊ ဒိန္နော–လှူအပ်သည်၊ ဟောတု- ဖြစ်စေ၊ နေဝ ပဗ္ဗာဇေတမ္မော၊ ဇာတိ- သို့၊ ဝုတ္တံ - ပြီ။

ဒုဂ္ဂတမနုဿာ - ဒုက္ခသို့ရောက်သော လူတို့သည်၊ ဝါ - လူဆင်းရဲတို့သည်၊ သံယံ-ကို၊ နိဿာယ-မှီ၍၊ ဇီဝိဿာမ- အသက်မွေးကုန်ဘုံ၊ ဇာတိ- ဤသို့ကြံ၍၊ ဝိဟာရေ - ကျောင်းတိုက်၌၊ ကပ္ပိယကာရကာ - အပ်စပ်အောင် ပြုတတ်သူတို့သည်၊ ဟောန္တိ-ဖြစ်တတ်ကုန်၏၊ ဧတေပိ-၌ ကပ္ပိယကာရကတို့ကိုလည်း၊ ပဗ္ဗာဇေတုံ-၄၊ ဝန္ဒတိ၊ ယဿ-အကြင်သူ၏၊ မာတာပိတရော–မိဘတို့သည်၊ ဒါသာ-ကျွန်တို့သည်၊ (ဟောန္တိ-နှ်၏၊)ဝါ-တနည်း၊ မာတာဧေ-အမိသည်သာ၊ ဒါသီ-ကျွန်မတည်း၊ ပိတာ-အဘသည်၊ အဒါသော-ကျွန်မဟုတ်၊ တံ-ထိုသူ့ကို၊ ပဗ္ဗာဇေတုံ နဝန္ဒတိ၊ ပန- အနွယကား၊ ယဿ- အကြင်သူ၏၊ မာတာ- အမိသည်၊ အဒါသီ-ကျွန်မ မဟုတ်၊ ပိတာ-အဘသည်၊ ဒါသော- ကျွန်တည်း၊ တံ- ထိုသူ့

× × × × × × ×

တက္ကံ၊ပေ၊ဟောန္တိ။ ။ တက္ကံ သီသေ အာသိတ္တက သဒိသာဝ ဟောန္တိ ကေသူစိ ဇနပဒေသု အဒါသေ ကရောန္တော တက္ကံ သီသေ အာသိဉ္စန္တိ၊ တေန ကိရ တေ အဒါသာ ဟောန္တိ၊ ဧဝမိဒမ္ပိ အာရာမိကဝစနေန ဒါနမ္ပိတိ အဓိပ္ပါယော၊– ဝိမတိ၊ "ရက်တက်ရည်ကို ဥုံးခေါင်းပေါ်၌ သွန်းလောင်းခြင်းသည် ဒေသထုံးစံအတိုင်း ကျွန်အဖြစ်မှ တော်လှန်လိုက်ခြင်းတည်း၊ အန္ဓောဇာတ ဓနက္ကိတကျွန်တို့ကို အာရာမိက အဖြစ်ဖြင့် လှူခြင်းသည် ထိုတော်လှန်ခြင်းနှင့် သဘောတူ၏၊ ထို့ကြောင့် ရှင်ပြုပေးနိုင်သည်"ဟူလို။

ယေနကေနစိ ဝေါဟာရေန။ ။ အာရာမိက် ဒေမာတိဝါ အာရာမိကဒါသံ ဒေမာတိဝါ ကပ္ပိယကာရက် ဒေမာတိဝါ ယေနကေနစိ ဝေါဟာရေန(အပ်သောအသုံးအနှုန်းဖြင့်ဖြစ်စေ, မအပ်သော အသုံးအနှုန်းဖြင့်ဖြစ်စေ)၊–ယောဇနာ။ [နေဝ ပဗ္ဗဇေတမ္ဘောတိ ဝုတ္တံတိ ကပ္ပိယဝစနေန ဒိန္နေဝိ သံဃဿ အာရာမိကဒါသတ္တာ ဝေံ ဝုတ္တံ '(အာရာမိကကျွန် ဖြစ်နေသောကြောင့် ကောန်မူ၍ ရှင်ပြုမပေးရ– ဟု ဆိုသည်)၊— သာရတ္ထော။]

ကို၊ ပဗ္ဘာဇေတုံ ဝန္ဒတိ။ (မိဘနှစ်ပါးတို့တွင် အမိက ပဓာနဖြစ်သောကြောင့် ဤ နှစ်ဝါကျကိုဆိုရသည်။)ဘိက္ခုဿ—၏၊ ဉာတကာဝါ-ဆွေမျိုးတို့သည်သော်ငင်း၊ ဥပဋ္ဌာကာဝါ-အလုပ်အကျွေးတို့သည်သော်ငင်း၊ ဒါသံ-ကို၊ဒေန္တိ-လှူတတ်ကြကုန်၏၊ (ကိ ံ- အဘယ်သို့လျှောက်၍ လှူကြကုန်သနည်း၊) ဇမံ-ဤသူ့ကို၊ ပဗ္ဘာဇေထ— ကုန်၊ တုမှာကံ- တို့၏၊ ဝေယျာဝစ္စံ— ဝေယျာဝစ္စကို၊ ကရိဿတိ-ပြုပါလတံ့၊ ဇာတိ—ဤသို့လျှောက်၍၊ (ဒေန္တိ-နှ်၏၊) ဝါ-တနည်း၊ အတ္တနော-မိမိဟူသော၊ အဿ- ထိုရဟန်း၏၊ ဝါ- မှာ၊ ဒါသော - သည်၊ အတ္ထိ- ရှိအံ့၊ ဘုဇိဿော - တော်လှန်သည်ကို၊ ကတော၀ - ပြုအပ်ပြီးသူကိုသာ၊ ပဗ္ဘာဇေတဗ္ဗော၊ သာမိကာ-ကျွန်ပိုင်ရှင်တို့သည်၊ ဒါသံ-ကို၊ ဒေန္တိ-ကုန်၏၊ (ကိ ံ—နည်း၊) ဇမံ-ဤသူ့ကို၊ ပဗ္ဘာဇေထ- ကုန်၊ သစေ အဘိရမိဿတိ-အကယ်၍ မွေ့လျော်လတ္တံ့အံ့၊ (ဝံသတိ) အဒါသော—ကျွန်မဟုတ်တော့ပါ၊ စေ ဝိဗ္ဘမိဿတိ-အကယ်၍ လူထွက်လတ္တံ့အံ့၊ (ဝံသတိ)၊ အမှာကံ - တို့၏၊ ဒါသော၀ - ကျွန်ဖြစ်မြဲတိုင်းသာ၊ ဘဝိဿတိ-ဖြစ်ပါလတံ့၊ ဇာတိ-သို့လျှောက်၍၊ (ဒေန္တိ၊)အယံ-ဤသူသည်၊ တာ၀ကာလိကောနာမ-တာ၀ကာလိကမည်၏၊ ဝါ-အခိုက်အတန့်မျှ လွတ်လပ်သူမည်၏၊ တံ-ထိုသူ့ကို၊ ပဗ္ဘာဇေတုံ န ဝန္ဒတိ၊ ဇာတိ-သို့၊ ကုရုန္ဒိယံ- ဦး၊ ဝုတ္တံ-ပြီ၊ နိဿာမိကဒါသော-အရှင်မရှိသောကျွန်သည်၊ ဟောတိ-ရှိတတ်၏၊ သော်ပိ-ထိုကျွန်ကိုလည်း၊ ဘုဇိဿော-ကို၊ ကတော၀-ကိုသာ၊ ပဗ္ဘာဇေတဗ္ဗော၊ အဇာနန္တော- ကျွန်အဖြစ်ကို မသိသည်၊ (ဟုတ္တာ) ပဗ္ဘာဇေတ္တာ၀ါ— ရှင်ဖြစ်စေပြီး၍သော်ငင်း၊ ဥပဿမ္ဘာဒေတ္တာ၀ါ - မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်စေပြီး၍သော်ငင်း၊ ပစ္ဆာ-နောက်မှ၊ ဇာနာတိ-သိအံ့၊ (ဝံသတိ၊) ဘုဇိဿံ-ကို၊ ကာတုမေ၀-ပြုခြင်းငှါသာ၊ ဝန္ဒတိ-၏။

စ- ဆက်၊ ဇာမဿ အတ္ထဿ - ၌ အနက်အဓိပ္ပါယ်ကို၊ (ရှင်ရဟန်းပြုပြီးမှ သိရသော်လည်း တော်လှန်မှုကို ပြုထိုက်၏ဟူသော ၌ အနက်အဓိပ္ပါယ်ကို၊) ပကာသနတ္ထံ-ထင်ရှားပြခြင်း အကျိုးငှါ၊ ဇာမံ ဝတ္ထုံ-၌၀တ္ထုကို၊ ဝဒန္တိ-ပြောကြကုန်၏၊ ကိရ-ဆို၊ ဇကော-တယောက်သော၊ ကုလဒါသိ — အမျိုးတဉူး၏ ကျွန်မသည်၊ ဧကေန- တယောံသော ယောကျ်ားနှင့်၊ သဒ္ဓိ -ကွ၊ အနုရာဓပုရာ-အနုရာဓမြို့မှ၊ ပလာယိတ္ဝာ- လိုက်ပြေး၍၊ ရောဟဏေ- ရောဟဏဇနပုဒ်၌၊ ဝသမာနာ— နေစဉ်၊ ပုတ္တံ-ကို၊ ပဋိလဘိ-ရပြီ၊ သော- ထိုသားသည်၊ ပဗ္ဗဇိတ္ဝာ- ရှင်အဖြစ်သို့ ရောက်ပြီး၍၊ ဥပသမ္ပန္နကာလေ-ြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရာအခါ၌၊ လဇ္ဇီ-မကောင်းမှုမှ ရှက်ခြင်းရှိသည်၊ ကုက္ကုစ္စကော-အပ်ဧလသလော, မအပ်ဧလသလောဟု တွေးတော ယုံမှားခြင်းရှိသည်၊ အဟောသိ - ဖြစ်ပြီ၊ အထ - ထိုမှနောက်၌၊ ကေဒိဝသံ-တနေ့သ၌၊ မာတရံ-မယ်တော်ကို၊ ပုစ္ဆိ-မေးရာပြီ၊ (ကိ ံ-နည်း၊) ဥပါသိကေ- မယ်တော် ဥပါသိကာ၊ ကိ ံ - အဘို့နည်း၊ တုမှာကံ- သင်

မယ်တော်တို့၏၊ ဝါ-တို့မှာ၊ ဘာတာဝါ- မောင်ကြီး မောင်ငယ်သည်၎င်း၊ ဘဂိနီ ဝါ-အမ ညီမသည်၎င်း၊ နတ္ထိ-မရှိပါတကား၊ ကဋ္ဌိ-တစုံတယောဝံသော၊ ဉာတကံ-ဆွေမျိုးကို၊ နပဿာမိ-မမြင်ပါတကား၊ ဇာတိ-သို့၊ (ပုစ္ဆိ-ပြီ။)

တာတ-ချစ်သား၊ အဟံ - မယ်တော်သည်၊ အနုရာဓပုရေ - ၌၊ ကုလဒါသီ-အမျိုးတဉူး၏ ကျွန်မတည်း၊ တဝဝိတရာ– ကိုယ်တော့် ခမည်းတော်နှင့်၊ သဒ္ဓိ-ကွ၊ ပလာယိတ္ထာ–လိုက်ပြေးခဲ့၍၊ ဇာဓ- ၌ ရောဟဏဇနပုဒ်၌၊ ဝသာမိ- နေပါ၏၊ ဇာတိ - ၌သို့လျောက်ပြီ၊ သီလဝါ - သီလရှိသော၊ ဘိက္ခု - သည်၊ မေ- ၏၊ ပဇ္ဇာ- ရှင်ရဟန်းအဖြစ်သည်၊ အသုဒ္ဓါကိရ– မစင်ကြယ်သတတ်၊ ဇာတိ - သို့၊ သံဝဝံ- ထိတ်လန့်ကြောင်း သဟောတ္တပ္ပဉာဏ်ကို၊ လဘိတ္ထာ-၍၊ မာတရံ-ကို၊ တဿ ကုလဿ–ထိုသခင်အမျိုး၏၊ နာမဂေါတ္တံ-အမည်အနွယ်ကို၊ ပုစ္ဆိတ္ထာ-မေး၍၊ အနုရာဓပုရံ-သို့၊ အာဂမ္မ-လာ၍၊ တဿ ကုလဿ-၏၊ ယရဋ္ဌဂေရ-အိမ်ပေါက်၌၊ အဋ္ဌာသိ- ရပ်ပြီ။

အတိစ္ဆထ ဘန္တေတိ – အတိစ္ဆထဘန္တေ ဟူ၍၊ (တနည်း၊ ဘန္တေ–အရှင်ဘုရား၊ အတိစ္ဆထ - ၌အိမ်ကို ကျော်လွန်၍ အခြားအိမ်၌ အလိုရှိပါကုန်၊ ဝါ-ကန်တော့ဆွမ်းပါဘုရား၊ ဇာတိ - သို့၊) ဝုတ္တေပိ–လျောက်အပ်ပါသော်လည်း၊ နာတိက္ကမိ- အိမ်ကိုလွန်၍ မသွား၊ တေ- ထို အိမ်ရှင်တို့သည်၊ အာဂတ္တာ- ၍၊ ဘန္တေ-ရား၊ ကိံ-အသို့ပါနည်း၊ ဇာတိ-သို့၊ ပုစ္ဆိ ံသု-ကုန်ပြီ၊ တုမှာကံ-သင်တို့၏၊ ဇာတ္ထန္ဒာမာ-၌ အမည်ရှိသော၊ ပဇ္ဇာဘာ–ထွက်ပြေးသော၊ ဒါသီ–ကျွန်မသည်၊ အတ္ထိ-ရှိသလော၊ ဇာတိ-၌သို့ မေးပြီ၊ ဘန္တေ- ရား၊ အတ္ထိ-ပါ၏၊ အဟံ-ငါသည်၊ တဿာ-ထို ကျွန်မ၏၊ ပုတ္တော-သားပါတည်း၊ မံ-ငါ့ကို၊ တုမ္ဟေ-တို့သည်၊ သစေ အနုဇာနာထ-အကယ်၍ အနုးအညွတ်ခွင့်လွှတ်ကုန်အံ့၊ (ဧဝံသတိ၊)ပဗ္ဗဇ်-ကို၊ လဘာမိ- ရပါအံ့၊ တုမှေ - တို့သည်၊ မယ္ဟံ - ၏၊ သာမိကာ - အရှင်တို့ပါတည်း၊ ဇာတိ-သို့ ပြောပြီ။

တေ–ထိုသခင်တို့သည်၊ ဟဋ္ဌတုဋ္ဌာ-ရွင်လန်းနှစ်သက်ကုန်သည်၊ ဟုတ္ဝာ-၍၊ ဘန္တေ-ရား၊ တုမှာကံ- တို့၏၊ ပဇ္ဇဇ္ဇာ- သည်၊ သုဒ္ဓါ-စင်ကြယ်ပါ၏၊ ဇာတိ-၌သို့ လျော်၍၊ တံ-ထိုရဟန်းကို၊ ဘုဇိဿံ- ကျွန်အဖြစ်မှလွတ်သူကို၊ ကတ္ဝာ- ၍၊ စတ္ထာဟိ- ကုန်သော၊ ပစ္ဆယေဟိ-ပစ္စည်းတို့ဖြင့်၊ ပဋိဇဂ္ဂန္ဘာ–ပြုစုလုပ်ကျွေးကုန်လျက်၊ မဟာဝိဟာရေ- မဟာဝိဟာရ ကျောင်းတိုက်၌၊ ဝသာပေသုံ - နေစေကြကုန်ပြီ၊ ထေရော- သည်၊ တံ ကုလံ- ကို၊ နိဿာယ- ၍၊ ဝသမာနောယေဝ–နေစဉ်ပင်၊ အရဟတ္တံ- သို့၊ ပါပုဏိ- ရောက်ပြီ၊ ဇာတိ (ဇာမံ ဝတ္ထုံ-ကို၊ ဝဒန္တိ-ကုန်၏၊) ဇာတိ-အပြီးတည်း။....ဒါသဝတ္ထုကထာ-သည်၊ နိဋ္ဌိတာ-ပြီ။

ကမ္မာရဘက္ကုဝတ္ထာဒိ ကထာ

ကမ္မာရဘက္ကူတိ-ကား၊ တုလာဓာရမုက္ကာကော-ချိန်ခွင်ကို ဆောင်တတ်သော ရွှေပန်းတိမ်သည်၏ဥုံးပြည်းကလေးဖြစ်သော၊သုဝဏ္ဏကာရပုတ္တော-ရွှေပန်းတိမ်သည်၏ သားတည်း၊ ပဋ္ဌသိခေါ- ငါးခုသော ဥုံးစွန်းရှိသော၊ တရုဏဒါရကော-ငယ်ရွယ်သော ကလေးတည်း၊ ဇာတိ-သို့၊ ဝုတ္တံ- သည်၊ ဟောတိ- ၏။ [ခေါင်းတုံးဆိုသော်လည်း ရိတ်ထားအပ်သော ခေါင်းကိုးမဟုတ်၊ ရောင်မထုံးဘဲ ထားအပ်သော ခေါင်းတုံးတည်း၊ ခေါင်းပေါ်၌ ဥုံးစွန်းကလေးကား ပါသေး၏။]

သံဃံ အပလောကေတုံ ဘက္ကုကမ္မာယာတိ - ကား၊ သံဃံ-ကို၊ ဘက္ကုကမ္မထ္ထာယ-ဥုံးပြည်းခေါင်းတုံးမှုကို ပြုခြင်းအကျိုးငှါ (ဆံရိတ်ဘို့ရာ၊)အာပုစ္ဆိတုံ-ပန်ပြောခြင်းငှါ၊ အနုဇာနာမိ – ခွင့်ပြုတော်မူ၏၊ ဇာတိ အတ္ထော၊ တတြ - ထို သံဃံအပလောကေတုံ အစရှိသောပါဠိ၌၊အယံ-ဤဆိုအပ်လတ္တံ့ကား၊အာပုစ္ဆနဝိဓိ–ပန်ပြောပုံ အစီအရင်တည်း၊ သီမာပရိယာပန္နေ-ဥပစာရသိမ်၌ အကျုံးဝင်ကုန်သော၊(ဥပစာရသိမ်ဟူသည် ကျောင်းတိုက် တတိုက်လုံးတည်း၊ ထို ကျောင်းတိုက်တွင် ပါဝင်ကုန်သော၊)ဘိက္ခူ-တို့ကို၊ သန္နိပါတေတွာ-စုဝေးစေပြီး၍၊ ပဗ္ဗာဇေတုံ (ရှင် အဖြစ်ကို ရှုံ့သော) ရှင်လောင်းကို၊ တတ္ထ - ထို သံဃာ့အစည်းအဝေးသို့၊ နေတွာ-ဆောင်၍၊ ဘဇန္တေ-တို့၊ သံဃံ - ကို့၊ ဇာမဏေရကဿ - ဤသူငယ်၏၊ ဘက္ကုကမ္မံ-ဥုံးပြည်းခေါင်းတုံးမှုကို၊(ဆံရိတ်ခြင်းကို၊) အာပုစ္ဆာမိ-ပန်ပြောပါ၏၊ ဇာတိ-သို့၊ တိက္ခတ္တုံဝါ- သုံးကြိမ်းသော်ငင်း၊ ဒွိက္ခတ္တုံဝါ-နှစ်ကြိမ်သော်ငင်း၊ သကိံဝါ-တကြိမ်သော်ငင်း၊ ဝတ္တုမ္ဟံ–လျောက်ရာ၏၊ စ-ဆက်၊ တွေ-ဤသို့ လျောက်ရာ၌၊ ဇာမဏေရကဿ ဘက္ကုကမ္မံ အာပုစ္ဆာမီတိပိ- ဟူ၍ငင်း၊

× × × + × × × ×

ကမ္မာရဘက္ကူ။ ။ဒဟရတာယ – (ငယ်သည်၏ အဖြစ်ကြောင့်၊) အမောဇ္ဈံ ဗန္ဓော (ဆံထုံး မထုံးရသေးသော) မုဏ္ဍိကသီသော (ဥုံးပြည်းခေါင်းတုံး ဥုံးခေါင်းရှိသော) ကမ္မာရဒါရကော ဧဝံ ဝုတ္တော (ရွှေပန်းတိမ်သည်၏ သားကလေးကိုပင် "ကမ္မာရဘက္ကူ"ဟု ဆိုအပ်ပြီ)၊—ဝိမတိ။

တုလာဓာရ မုက္ကာကော ။ ။ ရွှေပန်းတိမ်သည်ကိုပင် ရွှေကိုဖြစ်စေ , ကြေးကိုဖြစ်စေ ချိန်ဘို့ရန် ချိန်ခွင်ကို လက်ဖြင့် ဆောင်ယူတတ်သောကြောင့် "တုလာဓာရ" ဟု ခေါ်၏၊ တုလံ- ချိန်ခွင်ကို၊ ဓာရေတိ–ဆောင်တတ်၏၊ ဇာတိ-ကြောင့်၊ တုလာဓာရော-မည်၏။ [တုလာဓာရ မုက္ကာကောတိ ဇာတေ တုလာဓာရာတိ တမ္မ သုဝဏ္ဏာဒိနံ တုလံ ဟတ္ထေန ဓာရေတီတိ ကမ္မာရာ " တုလာဓာရာ "တိ ဝုတ္တာ၊ တေသု ဧကော မုက္ကိကသီသော ဒဟရောတိ အတ္ထော၊—ဝိမတိ။]

ပဋ္ဌသိခေါ ။ ။ ပဋ္ဌ + သိခါယသောတိ ပဋ္ဌသိခေါ၊ ဥုံးစွန်းတခုကို ငါးစုခွဲ၍ ဖွတ်မြီးထိုးလျက် ရောင်မထုံးဘဲ နောက်ဆံ တွဲလဲထားသောကြောင့် "ပဋ္ဌသိခ" ဟု ခေါ်၏။ [ဧကော ဝသိခါ ပဋ္ဌေ ဧတိဿော ကတ္တာ ဗန္ဓနေန "ပဋ္ဌသိခါ"တိ ဝုစ္စတိ၊ တာ ဧတေသ အတ္ထီတိ ပဋ္ဌသိခေါ၊ —ဝိမတိ။]

ဝါ- ဤသူငယ်၏ ဆံရိတ်ခြင်းကို ခွင့်ပန်ပါ၏ ဟူ၍ရင်း၊ ဣမဿ သမဏာကရဏံ အာပုစ္ဆာမိဘိပိ-ဟူ၍ရင်း၊ ဝါ-ဤသူငယ်၏ ရဟန်းပြုမှုကို ခွင့်ပန်ပါ၏ ဟူ၍ရင်း၊ ဣမဿ ပဗ္ဗာဇနံ အာပုစ္ဆာမိတိပိ- ဟူ၍ရင်း၊ ဝါ-ဤသူငယ်ကို ရှင်ပြုပေးခြင်းကို ပန်ပြောပါ၏ ဟူ၍ရင်း၊ အယံ သမဏော ဟောတုကာမောတိပိ-ဟူ၍ရင်း၊ ဝါ-ဤသူငယ်သည် ရဟန်းဖြစ်လိုပါ၏ ဟူ၍ရင်း၊ အယံ ပဗ္ဗဇိတုကာမောတိပိ-ဟူ၍ရင်း၊ ဝါ-ဤသူငယ်သည် ရှင်ရဟန်းပြုလိုပါ၏ ဟူ၍ရင်း၊ ဝတ္တုံ- လျောက်ခြင်းငှါ၊ ဝန္ဒတိယေဝ-အပ်သည်သာ၊ (မြန်မာလိုလည်း လျောက်ကောင်းပါ၏။)

သဘာဂဋ္ဌာနံ-သဘောတူသူတို့၏ အရပ်သည်၊ သစေ ဟောတိ- အံ့။ (ခေါင်းရိတ်ရာ ကျောင်းတိုက်က သံဃာအချင်းချင်း မကွဲမပြား သဘောတူနေကြလျှင်၊) ဒသ– တကျိပ်ကုန်သော၊ ဘိက္ခူဝါ- တို့သည်သော်၎င်း၊ ဝီသံ- နှစ်ကျိပ်သော၊ ဘိက္ခူဝါ- သော်၎င်း၊ တိံသံ- သုံးကျိပ်သော၊ ဘိက္ခူဝါ– သော်၎င်း၊ ဝဿန္တိ-နေကြကုန်၏၊ ဣတိ–သို့၊ ပရိစ္ဆေဒေါ- အပိုင်း အခြားသည်၊ သစေ ပညာယတိ- အကယ်၍ ထင်ရှားအံ့၊(ဝံသတိ)၊ တေသံ-ထို ရဟန်းတို့၏၊ ဌိတောကာသံဝါ- တည်ရာ အရပ်သို့သော်၎င်း၊ နိသိန္နောကာသံဝါ – ထိုင်ရာ အရပ်သို့သော်၎င်း၊ ဂတ္ဘိဝါပိ–သွား၍လည်း၊ ပုရိမနယေနေဝ- ဖြင့်ပင်၊ အာပုစ္ဆိတမ့်- ပန်ပြောရာ၏၊ (သံဃံဘန္တေ ဣမဿ ဒါရကဿ သစေသောရှေးနည်းအတိုင်းပင် ပန်ပြောပါ-ဟူလို၊) ပဗ္ဗဇ္ဇာပေက္ခံ-ရှင်လောင်းကို၊ ဝိနာဝ-ကြဉ်၍သာ၊ ဒဟရ ဘိက္ခူဝါ- ရဟန်းငယ်တို့ကိုသော်၎င်း၊ သာမဏေရဝါ - တို့ကိုသော်၎င်း၊ ပေသေတွာပိ - စေလွှတ်၍လည်း၊ ဘန္တေ-တို့၊ကော-တယေဝံသော၊ ပဗ္ဗဇ္ဇာပေက္ခော-သည်၊ အတ္ထိ-ရှိပါ၏၊ တဿ-ထိုရှင်လောင်း၏၊ ဘဏ္ဍုကမ္မံ- ကို၊ အာပုစ္ဆာမ-ကုန်၏၊ ဣတိအာဒိနာ-သော၊ နယေန-ဖြင့်၊ အာပုစ္ဆာပေတုံ- ပန်ပြောစေခြင်းငှါ၊ ဝန္ဒတိ။

ကေစိ-အချို့ကုန်သော၊ ဘိက္ခူ- တို့သည်၊ သေနာသနံဝါ- ကျောင်းသို့သော်၎င်း၊ ဂုမ္ဗာဒိနိဝါ-ချုံအစရှိသော အရပ်တို့သို့သော်၎င်း၊ပဝိသိတွာ-ဝင်၍၊ သစေ နိဒ္ဒါယန္တိဝါ-အကယ်၍မူလည်း အိပ်ပျော်နေကုန်အံ့၊ သမဏဓမ္မံ-ရဟန်းတရားကို၊ သစေ ကရောန္တိဝါ- အကယ်၍မူလည်း ပြုနေကုန်အံ့၊ အာပုစ္ဆကာစ– ပန်ပြောသော ပုဂ္ဂိုလ်တို့သည်လည်း၊ ပရိယေသန္နာဝိ - ရှာမှီးပါကုန်သော်လည်း၊ အဒိဿွာ-မတွေ့မြင်၍၊ ဝါ–မတွေ့မြင်ခြင်းကြောင့်၊ အမှေဟိ- ငါတို့သည်၊ သမ္ဗေ-အလုံးစုံသော ရဟန်းတို့ကို၊ အာပုစ္ဆိတာ-ပန်ပြောအပ်ကုန်ပြီ၊ ဣတိ သည်နော–ဤသို့ မှတ်ထင်ကုန်သည်၊ သစေ ဟောန္တိ- ကုန်အံ့၊ (ဝံသတိ)၊ ပဗ္ဗဇ္ဇာနာမ-ရှင့်အဖြစ်မည်သည်၊ လဟုကံ–ပေါ့သော၊ ကမ္မံ-ကံတည်း၊ တဿာ-ထို့ကြောင့်၊ ပဗ္ဗဇိတော-ရှင့်အဖြစ်သို့ရောက်သူသည်၊ သု ပဗ္ဗဇိတောဝ-ကောင်းစွာ ရှင်အဖြစ်သို့ ရောက်ပြီးသည်သာတည်း၊ (ရှင်ပြုပေးခြင်း အထမြောက်သည်–ဟူလို။) ပဗ္ဗာဇေန္တော်သာပိ-ရှင်ဖြစ်စေသော ဆရာ၏လည်း၊ အနာပတ္တိ(ဟောတိ)။

ပန-ဆက်၊ အနေကဘိက္ခုသဟဿဝါဒသာ–ထောင်ပေါင်း များစွာသော ရဟန်းတို့၏ နေရာဖြစ်သော၊ မဟာဝိဟာရော - ကျောင်းတိုက်ကြီးသည်၊ သစေ ဟောတိ-အံ့၊ သဗ္ဗေ, ဘိက္ခူ- တို့ကို၊ သန္နိပါတေတုမိ- စည်းဝေးစေခြင်းငှါသော်မှ လည်း၊ ဒုက္ကရံ–ခဲယဉ်းသဖြင့် ပြုအပ်သေး၏၊ ဝါ- ပြုနိုင်ခဲသေး၏၊ ပဋိပါဋိယာ-အစဉ်အားဖြင့်၊ (တပါးပြီးတပါး၊)အာပုစ္ဆိတုံ-ပန်ပြောခြင်းငှါ၊ ပဂေဝ-ရှေးဦး မဆွ အစကပင်၊(ဒုက္ကရံ–ခဲယဉ်းသဖြင့်ပြုအပ်၏၊ ဝါ-ပြုနိုင်ခဲ၏၊) (ဧဝံသတိ)၊ ခဏ္ဍသီမာယံ - ခဏ္ဍသီမ်ဉ္ဒ၊ ဌတ္ဝာဝါ - တည်၍သော်ငင်း၊ နဒီ သမုဒ္ဒါဒိနိ- မြစ် သမုဒ္ဒြာ အစရှိသောအရပ်တို့သို့၊ ဂတ္ဝါဝါ- သွား၍သော်ငင်း၊ ပဗ္ဘာဇေတဗ္ဗာ-၏၊ [ထိုအရပ်၌လည်း ဥဒကုက္ခေပသိမ် ရနိုင်သောကြောင့်ငင်း, ကျောင်းတိုက်၏ ဥပစာမှ လွန်သွားသောကြောင့်ငင်း "နဒီသမုဒ္ဒါဒိနိ ဝါ ဂတ္ဝါ" ဟု ဆိုသည်။] ပန - ဆက်၊ ယော - အကြင် ရှင်လောင်းသည်၊ နဝမုဏ္ဏော - အာသစ်ဖြစ်သော ခေါင်းတုံ ပြီးသူသည်၊ ဝါ– ခေါင်းတုံး ပြီးခါစသည်၊ (ဟုတ္ဝာ)ဝါ- ၍သော်ငင်း၊ ဝါ–ဖြစ်ခြင်းကြောင့်သော်ငင်း၊ ဝိဇ္ဇာနကော-လူတွက်ပြီးခါစသည်၊(ဟုတ္ဝာ)ဝါ၊ နိဂဏ္ဌာဒီသု-နိဂဏ္ဌအစရှိသည်တို့တွင်၊ အညတရော-တယောက်ယောက်သည်၊ (ဟုတ္ဝာ)ဝါ၊ ဒွင်္ဂုလကေသော်ဝါ - လက်နှစ်သစ်ရှည်သော ဆံရှိသူသည်သော်ငင်း၊ ဥုနဒွင်္ဂုလကေသော်ဝါ- လက်နှစ်သစ်အောံ့ ယုတ်လျော့သော ဆံရှိသူသည်သော်ငင်း၊(ဟောတိ)-၏၊ တဿ- ထိုရှင်လောင်း၏၊ ကေသဿ်ဆဒနကိစ္စံ-ဆံကို ဖြတ်ဘွယ်ကိစ္စသည်၊ ဝါ-ခေါင်းရိတ်ဘွယ်ကိစ္စသည်၊ နတ္ထိ-မရှိ၊ တဿာ-ကြောင့်၊ ဘဏ္ဍုကမ်ဒံ- ကို၊ အနာပုစ္ဆိတ္ဝာဝိ- ၍လည်း၊ တာဒိသံ – ထိုကဲ့သို့ ရှုအပ်သော ရှင်လောင်းကို၊ ပဗ္ဘာဇေတုံ ဝဋ္ဋတိ။

ပန-ဆက်၊ ယော-အကြင်ရှင်လောင်းသည်၊ ဒွင်္ဂုလာတိရိတ္တကေသော- လက်နှစ်သစ်ထက်ပိုလွန်သောဆံရှိသည်၊အန္တမသော-အောက်ထစ်ဆုံးအားဖြင့်၊ ကသိဝါမတ္တဓရောပိ-ဥုးစွန်းတခုမျှကို ဆောင်သူသည်မူလည်း၊ ဧဟာတိ ၏၊ သော-ထိုရှင်လောင်းကို၊ ဘဏ္ဍုကမ်ဒံ–ကို၊ အာပုစ္ဆိတ္ဝာဝ- ၍သာ၊ ပဗ္ဘာဇေတဗ္ဗာ။

ဥပါလိဝတ္ထု - သည်၊ မဟာဝိဘင်္ဂ်- ဘိက္ခုမဟာဝိဘင်းဌ်၊ ဝုတ္တနယေနမဝ-ဆိုအပ်ပြီးသော နည်းရှိသည်သာ။

× × × × × × ×

အနာပတ္တိ။ ။ဣဏ္ဍေ ကိဉ္စာပိ " အနုဇာနာမိ ဘိက္ခဝေ သံဃံ အပလောကေတုံ ဘဏ္ဍုကမ္မာယာ"တိ ဇေ္ဈကမေဝ ဝုတ္တံ၊ နု ပန အနုပလောကေန္တသ အာပတ္တိ ဝုတ္တာ၊ တထာပိ အဋ္ဌကထာယံ " သဗ္ဗေ အာပုစ္ဆိတာ အမှေဟိတိ သညိနော၊ ပေ၊ ပဗ္ဘာဇေန္တသာပိ အနာပတ္တိယေဝ သဉ္ဇိစ္စ အနာပုစ္ဆာ ကေသေ ဩဟာရေန္တသ ဒုက္ကဋ္ဌ မေဝါတိ ဒဋ္ဌဗ္ဗံ၊–(မပန်ပြောဘဲ ရှင်ပြုပေးလျှင် ဒုက္ကဋ်အာပတ်သင့်၏–ဟု မှတ်ပါ၊) ဝိမတိ။

ဒုတိယမ္ပိ- နှစ်ကြိမ်မြောက်လည်း၊ တေမတ္တံ- ဤအနက်အဓိပ္ပါယ်ကို၊ ဝဒါမိ-ဓလျှောက်ပါ၏။ [သုဏာတု မေ စသည် အနက်ပေး၊] တတိယမ္ပိ-လည်း၊ တေမတ္တံ-ကို၊ ဝဒါမိ-၏၊ [သုဏာတု မေ-စသည်အနက်ပေး၊]

သိယေန-သိယာတော်သည်၊ အာယသ္မတာတိဿေန- အရှင်တိဿဟူသော၊ ဥပဇ္ဈာယေန - ဥပဇ္ဈာယ်ဖြင့်၊ နာဂေါ - နာဂကို၊ ဥပသမ္ပန္နော–မြင့်မြတ်သော ပဌင်းအဖြစ်သို့ရောက်သော၊ ဥပဇ္ဈာယေန- သော၊ ဥပဇ္ဈာယေန-

× × × + , × × × ×

ခမတိ ဥပသမ္ပဒါ။ ။ ခမတိကို ရုပ္ပတိဟု ဝိမတိဖွင့်၏၊ “ ယဿ ဒါတုကာမော ရောစတေ”သုတ်အရ ခမုခေတ်၏ ရုပ္ပနအနက်ကို ယူစေလိုသည်၊“ခမတိ–သည်းခံ၏” ဟု ခန္တိအနက်ကို မယူပါနှင့် ဟူလို၊ ထို ရုပ္ပနအနက်က သမ္မဒါန်ကို ငဲ့သောကြောင့် ယဿာ ယသ္မာတော ဟု သမ္မဒါန်ပုဒ်လည်း ရှိရသည်၊ ထို ခမတိ၏ ကတ္တားမှာ ဥပသမ္မဒါပုဒ်တည်း၊ ထိုဥပသမ္မဒါကို ဝိမတိဋီကာ၌ “သံဃေန ဒိယျမာနာ နိပ္ပါဒိယမာနာ ဥပသမ္မဒါ ” ဟု ဖွင့်၏၊ “ သံဃသည် ပေးအပ် ပြီးစေအပ်သော ဥပသမ္မဒါသည် အကြင်အရှင်အား နှစ်သက်၏ ” ဟူလို၊ ယခုကာလ၌ ဥပသမ္မဒါကို ကာရိတ်အကြေကြိုး မြင့်မြတ်သော ပဌင်းအဖြစ်သို့ရောက်စေခြင်း”ဟု ပေးကြသည်မှာ ထိဋီကာဖွင့်နှင့် မညီပါ၊ ထို့ကြောင့် “နာဂဿ-နာဂကို၊ ဥပသမ္မဒါ–မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်စေခြင်းသည်”ဟု မပေးပါနှင့်, ဤနိဿယအတိုင်းသာ ပေးပါ။

ဧသာ တုဏှဿ။ ။တုဏှိ+အဿဟု ပုဒ်ဖြတ်၍ တုဏှိကို“အကထနတ္ထေ-စကား မပြော တုဏှိဘောနေခြင်း အနက်၌၊ နိပါတော ”ဟု ဝိမတိဖွင့်၏၊ အဿကို ဘဝေယျ ဟုလည်း ဖွင့်၏၊ [အဘိဓာန် (၄၂၉)၌လည်း မောန မဘာဿနံ တုဏှိဟု နိပါတ်ပင်ဆို၏၊ သက္ကဘာ၌ တုဏှိဟု ဤကာရန္တရှိ၏၊ ထို့ကြောင့် ပါဠိ၌ ဤကာရန္တပင်ရှိရမည်။]

ယဿ နက္ခမတိ ဧသာ ဘာဧသယျ။ ။ဤဝါကျကား“ယဿာ ယသ္မာတော ခမတိ ဧသာ တုဏှဿ ”၏ ပြောင်းပြန်အနက်ကို ပြသောဝါကျတည်း၊ ထို့ကြောင့် ယဿ အာယသ္မာတောဟု ရှေက အာယသ္မာတာပုဒ်ကိုငဲ့, နာဂဿ ဥပသမ္မဒါ အာယသ္မတာတိဿေန ဥပဇ္ဈာယေန ပုဒ်များကိုငဲ့ လိုက်စေ၍ ယဿ နက္ခမတိ ဝါကျ၌ အနက်ပေးရသည်၊ဧသာ ဘာဧသယျာ ဘာဧသယျကား ထိုမနှစ်သက်သောအရှင်သည် ဆိတ်ဆိတ်မနေဘဲ ရဟန်းလောင်းကိုဖြစ်စေ သံဃဉ်ပရိသတ်ကိုဖြစ်စေ သိဒ်-ဥ-တ်-ကမ္မဝါစာကို ဖြစ်စေ ဖိဖိမနှစ်သက်သော မခက္ခနပ်သော အားမရသောအရာကို“မနှစ်သက်ကြောင်း ပြုပါ”ဟု တိုက်တွန်းသောစကားတည်း။

ဖြင့်၊ နာဂဿ-၏၊ ဥပသမ္ပဒါ- သည်၊ သံဃဿ - သံဃာ့တော်အား၊ ခမတိ- နှစ်သက်၏၊ တသ္မာ-ထို့ကြောင့်၊ တုဏှီ-ဆိတ်ဆိတ်၊ (အာသိ - ဖြစ်ပြီ၊)ဝံ-ဤသို့ ဆိတ်ဆိတ်နေခြင်းကြောင့်၊ တံ- ဤ နှစ်သက်သည်၏အဖြစ်ကို၊(နှစ်သက်ကြောင်းကို၊)ဓာရယာမိ-သိမှတ်ရပါ၏။

× × × × × × ×

ဥပသမ္ပန္နော သံဃေန။ ။ဤဝါကျကား ကမ္မဝါစာသုံးကြိမ် ရွတ်ဆိုပြီးနောက် နိဂုံးအုပ်သောဝါကျတည်း၊ ဥပသမ္ပန္နောဘွဲ့ ဥပ-သံပုဗ္ဗ အတိတ်ဟော တ-ပစ္စည်းတည်း၊ ထို့ကြောင့် ကာရိတ်အကြေကြံ၍ ပြီးဆုံးသံ အတိတ်အနက်ပါအောင် "ဥပသမ္ပန္နော-မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်စေအပ်ပါပြီ"ဟု ပေးရသည်။

ခမတိ သံဃဿ၊ တသ္မာတုဏှီ။ ။ကမ္မဝါစာအတွင်း၌ "ယဿာ ယဿတော" နေရာဝယ် "သံဃဿ" ဟု သုံးစွဲထား၏၊ ထို့ကြောင့် ခမတိဆိုင်ရာ စပ်ပုဒ်များကို "နာဂဿ ဥပသမ္ပဒါ အာယသ္မတော တိဿေန ဥပဇ္ဈာယေန"ဟု ထည့်စွက်၍ အနက်ပေးရသည်၊ ကမ္မဝါစာအတွင်းတုန်းက "မနှစ်သက်သော အရှင်သည် ပြောကြပါ" ဟု သုံးကြိမ်တိုင်တိုင် တိုက်တွန်းအပ်ပါလျက် မည်သူမျှ မပြောကြသောကြောင့် သံဃာအားလုံးက ဤဥပသမ္ပဒကံကို နှစ်သက်ကျေနပ်ရာ ရောက်သည်၊ ထိုသို့ ရောက်ခြင်း၌ အကြောင်းပြလို၍ "တသ္မာ တုဏှီ" ဟု ဆက်ရှုမိန့်သည်၊ နှစ်သက်ကျေနပ်သောကြောင့် တိတ်ဆိတ်စွာ နေကြသည်-ဟူလို၊ တုဏှီ၏စပ်ဆိုရာ ကြိယာတိုက်ရိုက်မပါ "အာသိတိ သေသော" ဟု ဝိမတိ၌ ထည့်၍ စပ်သည်၊ ["အသိတိ သေသော" ဟု ရှိသည်ကား ပါဠိပျက်တည်း။]

ဧဝမေတံ ဓာရယာမိ။ ။ဤသို့ ဆိတ်ဆိတ်နေကြခြင်းကြောင့် ထို ဥပသမ္ပဒကံကို သံဃာကကျေနပ်ကြောင်းကို (တပည့်တော် ကမ္မဝါစာ ပါဠိက ပုဋ္ဌိုလ်သည်) စိတ်၌ဆောင်ထားရပါ၏၊ သိမှတ်ရပါ၏- ဟူလို၊ ဓာရယာမိ ဟု မိအက္ခရာကို ရွတ်ပြီးလျှင် နိဂုံးဝါကျဆုံး၏။

မှတ်ချက် ။ ။ဤ နိဂုံးဝါကျကို အချို့ဆရာတို့က သုံးခေါက်ရွတ်ဆိုကြ၏၊ နိဂုံးဟူသမျှ တဝါကျတည်း တခေါက်ထည်းသာ ရှိရှိုးဖြစ်ကြောင်းကို ဝါကျလေ့လာသော ပုဂ္ဂိုလ်တိုင်း သိနိုင်ပါသည်၊ ထို့ပြင် ဥတ်ကမ္မဝါစာ ရွတ်ဆိုရာဌာနတိုင်း၌ (ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော) "ဥတ်ကမ္မဝါစာ နှုတ်တက်ရသာဖြင့် ဗျတ္တဖြစ်သော ဌာနကရိယာ ပယတ်တို့ကို သဒ္ဒါနည်းကျအောင် ရွတ်စွမ်းနိုင်သဖြင့် ပဋိဗလဖြစ်သော ရဟန်းသည်သာ အသိပေးရ ရွတ်ဆိုရမည်"ဟု ပါဠိတော်လာသောကြောင့် ဥတ်ကမ္မဝါစာ ရွတ်ဖတ်သူတိုင်း ကမ္မဝါစာ၏ အနက်အဓိပ္ပါယ်ကို နားလည်စွာဖြင့် ဗျတ္တပဋိဗလ ဂုဏ်အင်္ဂါမြောက်အောင် ဆရာအထံ နည်းနာခံပြီးမှ ကမ္မဝါစာ ရွတ်ဆိုသင့်ကြပါသည်။

အဓိဋ္ဌာနုပသမ္ပဒါ
ဥတ်ကမ္မဝါစာ ပြီး၏။

စတုနိဿယာဒိကထာ

တာဝဒေဝါတိ–ကား၊ ဥပသမ္ပန္နသမနန္တရမေဝ - ရဟန်းအဖြစ်သို့ ရောက်ပြီးသည်၏ အခြားမဲ့၌ပင်၊ (“မေတဗ္ဘာ”စသည်၌စ၍၊) ဆာယာ မေတဗ္ဘာတိ-ကား၊ ကေပေါရိသာဝါ-တခုသောယောက်ျားပမာဏရှိသည်မူလည်းဖြစ်သော၊ ဝါ- ယောက်ျားတယောက် ပမာဏရှိသည်မူလည်းဖြစ်သော၊ ဒွိ ပေါရိသာဝါ-၂ ခုသော ယောက်ျားပမာဏရှိသည်မူလည်းဖြစ်သော။ ဝါ-ယောက်ျား ၂ယောံ ပမာဏရှိသည်မူလည်း ဖြစ်၏သာ၊ ဆာယာ – အရိပ်ကို၊ မေတဗ္ဘာ – တိုင်းတာထိုက်၏။

ဥတုပ္ပမာဏံ အာစက္ခိတဗ္ဗန္တိ-ကား၊ ဝဿာနော-မိုယ်းဥတုဂုဏ်း၊ဟေမန္တော-ဆောင်းဥတုဂုဏ်း၊ ဂိမ္ဟော-နွေဥတုဂုဏ်း၊ ဇုတိဧဝံ–သို့၊ ဥတုပ္ပမာဏံ-ဥတု အတိုင်းအရှည်ကို၊ အာစိက္ခိတဗ္ဗံ - ပြောပြထိုက်၏၊ စ – ဆက်၊ ဇ္ဈေ - ၌ ဥတုပ္ပမာဏံ အာစိက္ခိတဗ္ဗံဟူသောပါဋ်၌၊ ဥတုယေဝ-ဥတုသည်ပင်၊ ဥတုပ္ပမာဏံ-ဥတုပ္ပမာဏမည်၏။

ဝဿာနာဒယော– မိုယ်းဥတု အစရှိသည်တို့သည်၊ အပရိပုဏ္ဏာ-မပြည့်ကုန်သည်၊ သစေဟောန္တိ၊ (ဝံသတိ၊) ယဿ - အကြင်ရဟန်းဖြစ်ရာ နေ့အဘို့၏၊ သော ဥတု–ထို ဥတုသည်၊ ယတ္တကေဟိ- အကြင်မျှ အတိုင်းအရှည်ရှိကုန်သော၊ ဒိဝသေဟိ-နေ့တို့ဖြင့်၊ အပရိပုဏ္ဏာ-မပြည့်သေးသည်၊(ဟောတိ)၊တေ ဒိဝသေ-ထို မပြည့်သေးသော နေ့ လ တို့ကို၊ သလ္လက္ခေတွာ - မှတ်သား၍၊ သော ဒိဝသ ဘာဂေါ-ထိုရဟန်းဖြင့်ရာ နေ့အဘို့ကို၊ အာစိက္ခိတဗ္ဗော။

× × × × × × ×

မေတဗ္ဘာ။ ။ ရှေးခေတ်က ယခုနာရီမျိုး မရှိသေးသောကြောင့် လူ့အရိပ် (၈ဝါး) တိုင်းကြရသည်၊ယခုခေတ်၌ နာရီအချိန်မှတ်ရုံဖြင့်လည်း ပြီး၏၊နာရီမှတ်ခြင်း, ၈ဝါးတိုင်းခြင်း ၂ မျိုးလုံးကိုလည်း ပြုကြသည်၊ ပုရိသော + ပရိမာဏံ + အဿာတိ ပေါရိသာ၊ ဆာယာ၊ တရတ်တသူ အတိုင်း အရှည်ရှိသော အရိပ်၊(ရူပသိဒ္ဓိ ဝိဂ္ဂဟ)၊ [ယောဇနာဝယ် “ပုရိသဿ ပမာဏံ ပေါရိသံ”ဟု ပြု၍ ပမာဏအနက်၌ ဏပစ္စည်း သက်၏–ဟု ဆို၏၊ ကံ+ပေါရိသံ+ ယဿာတိ ကေပေါရိသာ၊ ဒွေ+ပေါရိသာနိ+ ယဿာတိ ဒွိပေါရိသာ၊(ဆာယာ)။]

ဥတုပ္ပမာဏံ။ ။ပမိယတေ အနေနာတိ ပမာဏံ၊ အနေန-၍ဥတုဖြင့်၊ ပမိယတေ-နှစ်ကို တိုင်းတာရ၏၊ ဇုတိ ပမာဏံ၊ ဥတုယေဝ+ပမာဏံ ဥတုပ္ပမာဏံ၊–“တနှစ်ပြည့်ဘို့ရန် မည်မျှလိုသေး၏, မည်မျှရှိပြီ”ဟု နှစ်ကို တိုင်းကြောင်း ဥတု၊ ၍၌ကား “နွေဥတု၌ ရဟန်းဖြစ်သည်,သို့မဟုတ် မိုးဥတု,သို့မဟုတ် ဆောင်းဥတု၌ ရဟန်းဖြစ်သည်” ဟု ပြောခြင်းကို “ဥတုပ္ပမာဏကို ပြောပြခြင်း”ဟု ဆိုသည်။

သစေ ဝဿာနာဒယော။ ။“သစေ ဝဿာနာဒယော” မှစ၍ “အာစိက္ခိတဗ္ဗော”တိုင်အောင်ကား“ဒိဝသဘာဂေါ အာစိက္ခိတဗ္ဗော”၏ အဖွင့်တည်း၊ဝဿာန စသော ဥတုက ၄ လအတိ ပြည့်နေလျှင် ဒိဝသဘာဂကို အထူးပြောဘွယ် မလိုတော့

အထဝါ-ထို့ပြင် တနည်းကား၊ အယံနာမ ဥတု - ဤ မည်သော ဥတုတည်း၊ (ဥတုပ္ပမာဏံ-၌၊ "ဥတု" ကို ပြောသည်၊) သောစ - ထို ဥတုသည်လည်း၊ ပရိပုဏ္ဏော-ပြည့်ပြီ၊ ဇာတိဝါ - သော်၎င်း၊ အပရိပုဏ္ဏော - မပြည့်သေး၊ ဇာတိဝါ-သော်၎င်း၊ ဧဝံ-သို့၊ ဥတုပ္ပမာဏံ-ဥတု၏ ပမာဏကို၊ အာစိက္ခတိ-ပြောပြထိုက်၏၊ ဇာတိဝါ-သော်၎င်း၊ သာယန္ဟော-ညနေချမ်းတည်း၊ ဇာတိဝါ-သော်၎င်း၊ ဧဝံ-သို့၊ ဒိဝသဘာဂေါ - နေ့အဘို့ကို၊ အာစိက္ခိတဗ္ဗော-ပြောပြထိုက်၏။

× × × × × × ×

ပါ၊ ဥတုက (တဥတု) မပြည့်သေးလျှင် ထို ဥတုဝယ် လိုနေသေးသော နေ့ရက်ကို မှတ်သား၍ (ဥပမာ-ဆောင်း ဥတုက တပေါင်းလပြည့်ကျမှ ပြည့်မည်ဖြစ်၏၊ တပေါင်းလဆန်း ၁၀ ရက် နေ့၌ ရဟန်းဖြစ်လျှင် ထိုဥတုပြည့်ဘို့ရန် ၅ ရက်လိုသေးကြောင်းကို ထည့်စွက်၍) ဒိဝသဘာဂကို ပြောပြပါ-ဟု ဆိုလိုသည်။

မှတ်ချက် ။ ။စာအုပ်တို့၌ "ယော ဥတု" ဟု တွေ့ရ၏၊ ဥတုကား ရှေ့၌ ပါပြီးဖြစ်သောကြောင့်၎င်း, "ယတ္ထကေဟိဒိဝသေဟိ"ကို "တေ ဒိဝသေ" ဟု နိယမပြု၍, "ယဿ"ကို "သော ဒိဝသဘာဂေါ" ဟု နိယမပြုပြီးလျှင် "ယော ဥတု" အတွက် နိယမ မပါသောကြောင့်၎င်း, ရှေး ဥတုပ္ပမာဏံက ဥတုကို ပြန်၍ညွှန်းသော တသဒ္ဒါဖြင့် "သော ဥတု" ဟု ရှိမှ စာသွားကောင်းသည်၊ [ယောဇနာ၌ "ယော ဥတု" ကို အတည်ပြု၍ "တဿ ဥတုနော" ဟု ပါဌသေသဆည့်သွားလေသည်၊ ထို့ပြင် ဝိမတိ၌ ယဿကို "တံခဏံ လဒ္ဓုပဿမ္ဘဒဿ ပုဂ္ဂလဿ" ဟု စွဲ၏၊ ထို အစွဲကိုလည်း "သော ဒိဝသဘာဂေါ" ထောက်၍ စဉ်းစားသင့်သည်။]

ဒိဝသဘာဂေါ။ ။သို့မပြည့်သေးသောဥတုဝယ် "မည်သည့်လ မည်သည့်ရက်၌ ရဟန်းဖြစ်သည်" ဟု ဒိဝသဘာဂကို ပြောပြရသည်။ [ဤအလို "ဒိဝသဘာဂသည် ဥတုတွင် ပါဝင်သော လ-ရက် နေ့တို့ကို ပြသောစကား" ဟု မှတ်ပါ၊ ထိုနေ့အဘို့တွင် အချိန်ကိုကား "ဆာယာ မေတဗ္ဗာ" ဖြင့် ပြပြီးဖြစ်သည်။]

မှတ်ချက်။ ။ယောဇနာ၌ ဤ ပဌမနည်းဝယ် ဥတုပ္ပမာဏကို ပြောပြရာ၌ "ဥတုက ပြည့်နေလျှင် ဒိဝသဘာဂ ပြောပြတွယ်မလို" ဟု ယူဆ၍ ဤ ပဌမဝါဒကို မနှစ်သက်ချေ၊ အမှန်ကား— "ဥတုယေဝ ဥတုပ္ပမာဏံ" ဟု အဋ္ဌကထာဖြစ်သောကြောင့် ဥတုပ္ပမာဏ ပြောတုန်းက ဥတု သက်သက်ကိုသာ ပြောပြရသည်၊ လ-ရက် မပါသေးပါ၊ ထို့ကြောင့် ဥတုက ပြည့်နေသော်လည်း ထိုဥတု၏ ပြည့်နေသော လ-ရက်ကိုကား ဒိဝသဘာဂအရ ပြောပြနိုင်ပါသည်။

အထဝါ။ ။ဥတုပ္ပမာဏံ အာစိက္ခိတဗ္ဗံနှင့် ဒိဝသဘာဂေါ အာစိက္ခိတဗ္ဗောအတွက် တနည်းပြသောစကားတည်း၊ ဤနည်း၌ကား "ဥတုဿ + ပမာဏံ ဥတုပ္ပမာဏံ" ဟု ဝိဂြိုဟ်ပြု၍ ဥတုကိုဝှင်း, ဥတု၏ လ-ရက်ကိုဝှင်း ပြောပြရမည်၊ ဒိဝသဘာဂကား "နံနက်ပိုင်း, သိမဟုတ်-ညနေပိုင်း" ဟု နေ့အဘို့ကို ပြောပြခြင်းတည်း၊ ထိုနေ့အဘို့၌ အချိန်ကိုကား "ဆာယာ မေတဗ္ဗာ" ဖြင့် ပြောပြပြီးဖြစ်၏။

သဂီတိတိ–ကား၊ ဇာဒမေဝသဗ္ဗံ–ဤဆိုအပ်ပြီးသော အရိပ် ဥတု နေ့အဘို့ဟူသော အလုံးစုံကိုပင်၊ ကေတော-တပေါင်းတည်း၊ ကတွာ-၍၊ (သံ၏ အဖွင့်) ဘွံ–သည်၊ ကိံ- အဘယ် ဥတု, လ, ရက်ကို၊ လဘသိ– ရသနည်း၊ တေ- ၏၊ ဆာယာ-အရိပ်သည်၊ ကာ- အဘယ်နည်း၊ ဥတုပွမာဏံ– ဥတု အတိုင်းအရှည်သည်၊ ကိံ-နည်း၊ ဒိဝသဘာဂေါ- နေ့အဘို့သည်၊ ကော - နည်း၊ ဇာတိ - သို့၊ ပုဋ္ဌော-(အခြားပုဂ္ဂိုလ်က)မေးအပ်သည်၊(သမာနော-သော်၊)ဇာဒံနာမ-ဤမည်သော ဥတုကို၊ လဘာမိ-ရပါ၏၊ ဝဿံ- မိုးဥတုကို၊ (လဘာမိ၊ ဇာတိ) ဝါ– သော်ငင်း၊ ဟေမန္တံ-ဆောင်း ဥတုကို၊(လဘာမိ၊ ဇာတိ) ဝါ- သော်ငင်း၊ ဂိမှံ– နွေဥတုကို၊ (လဘာမိ၊ ဇာတိ)ဝါ-သော်ငင်း၊ အယံ- ဤသည်ကား၊ (၇ ဖဝါး စသည်ကား၊)မေ-၏၊ ဆာယာ-အရိပ်ပါတည်း၊ဇာဒံ-ဤသည်ကား၊(မိုးဥတု, သို့မဟုတ် ဆောင်းဥတု, သို့မဟုတ် နွေဥတုကား၊) ဥတုပွမာဏံ- ဥတုဟူသော ပမာဏပါတည်း၊ အယံ - ကား၊ (နံနက်ပိုင်း စသည်ကား၊) ဒိဝသဘာဂေါ- နေ့အဘို့ပါတည်း၊ ဇာတိ-သို့၊ ဝဒေယျာသိ- လျှောက်လေလော၊ ဇာတိ ဧဝံ–သို့၊ အာစိက္ခိတမ္ပံ–၏။

× × × × × × ×

သဂီတိ။ ။ဆာယာဒိကမေဝ သဗ္ဗံ (အရိပ်စသော အားလုံးကိုပင်) သင်္ဂဟေတွာ ဂါယိတမ္ဘာ ကထေတမ္ဘာ (သိမ်းကြုံး၍ ပြောထိုက်၏၊) ဇာတိ သဂီတိ၊ အရိပ်, ဥတု, နေ့, ဤ ၃ မျိုးကို ပေါင်း၍ ပြောပြခြင်းကို "သဂီတိ အာစိက္ခိတမ္ဘာ" ဟု ဆိုသည်၊ [သံကို သင်္ဂဟေတွာဟုငင်း, ဂီတိကို "ဂါယိတမ္ဘာ"ဟုငင်း ဖွင့်သည်၊"အသင်သည် ဘယ်နှစ်, ဘယ်ဥတု, ဘယ်လ,ဘယ်ရက်, ဘယ်အချိန်ဝယ် ရဟန်းဖြစ်သနည်း"ဟု မေးလျှင် ပြန်၍ ပြောတတ်ဘို့ရာ ရဟန်းဖြစ်စကာလ၌ အားလုံးပေါင်း၍ပြောပြပါ–ဟူလို၊ ["ဆာယာ မေတမ္ဘာ"စသည်တုန်းက ရဟန်းသစ် နားလည်ရုံသာ တခုစီ တခုစီ ပြောပြခြင်းတည်း၊ ဤ သဂီတိ၌ကား ရဟန်းသစ်အား သူတပါးကမေးသောအခါ အပြည့်အစုံပြောတတ်ဘို့ရန် ပေါင်း၍ ပြောပြခြင်းတည်းဟု မှတ်ပါ။]

ဝဿံဝါ၊ဟေ၊ဂိမှံဝါ။ ။ဥတုပမာဏရပုံကိုသာ အစွဲကထာ၌ ပြထားသော်လည်း ဤ ဥတုပမာဏ ပြောပြရုံမျှဖြင့် မည်သည့်နှစ်ဟု မသိသာသောကြောင့် "ခုနစ် သကရာဇ်ကိုပါ ပြောရမည်" ဟု ဗမတိဆို၏၊ " အယံ မေ ဆာယာ " စသည်ကား ပါဠိတော်၌ "ဆာယာ မေတမ္ဘာ၊ ဥတုပွမာဏံ အာစိက္ခိတမ္ပံ၊ ဒိဝသဘာဂေါ အာစိက္ခိတမ္ပော"ဟု လာသည့်အတိုင်း စဉ်၍ပြခြင်း သာတည်း၊ ပါဠိတော်၌ ထိုသို့ စဉ်ပြခြင်းမှာလည်း လက်တွေ့ အလုပ်လုပ်သောအခါ အရိပ် အချိန် နာရီကို တိုင်းတာ မှတ်သားရမည့် အလုပ်က ပဌမဖြစ်သောကြောင့်တည်း။

တကယ်ပြောချင့်မူ " ခုနှစ် သကရာဇ်, ဥတု, လ, လဆန်း, လဆုတ်, နေ့ရက်, အချိန် (အရိပ် နာရီ မိနစ်) အားလုံး ပြည့်စုံအောင် အစဉ်အတိုင်း ပြောပြရသည်၊ ပြောပုံကား–" ၁၃၂၆- ခု, မိုးဥတု, ဝါဆိုလွန်း ၁၃ ရက်, နံနက် ၇ နာရီခွဲအချိန်၌ ရဟန်းအဖြစ်သို့ရောက်သည် ဟု မှတ်"ဤသို့စသည်ဖြင့် လျော်စွာသွင်း၍ ပြောပြရသည်။

သြဟာယာတိ-ကား၊ ဆန္နေတွာ - စွန့်၍၊ (ပက္ကမိ ံသုဠ္ဍစပ်၊) ဒုတိယံ ဒ'ါတုန္တိ-ကား၊ ဥပသမ္မဒမာဠကဂတော-ပဉ္စင်းခံရာ တန်ဆောင်းဝန်းမှ၊ ပရိဝေဏံ-ပရိဝုဏ်သို၊ ဂစ္ဆန္တိသ - သွားသော ရဟန်းသစ်အား၊ ဒုတိယကံ - ၂ ပါးမြောက်အဖေါ်ကို၊ ဒါတုံ- ပေးခြင်းငှါငင်း၊ စတ္တာရိ- ၄ ပါးကုန်သော၊ အကရဏီယာနိ- မပြုကျင့်ထိုက်ခသာ ပါရာဇိကတို့ကို၊ အာစိက္ခိတုံစ - ပြောပြခြင်းငှါငင်း၊ အနုဇာနာမိ- ၏၊ ဥတိအတ္ထော- နက်၊ ပဏ္ဏာ့ပလာသောတိ- ကား၊ ပဏ္ဏာ့ဝဏ္ဏော-ဖြောတော့သော အဆင်းရှိသော၊ ပတ္တော-ဖက်ရွက်သည်၊ ("အဘဗ္ဗော သေယျထာပိ" ဟု ပါဠိတော်၌စပ်၊) ဗန္ဓနာ ပဝုတ္တောတိ - ကား၊ ဝဏ္ဏတော- အညှာမှ၊ ပတိတော-ကြွေကျလေပြီးသော၊ (ပဏ္ဏာ့ပလာသော၌စပ်၊) အဘဗ္ဗော ဟရိတတ္ထာယာတိ-ကား၊ ပုန-ဖန်၊ ဟရိတော-စိမ်းစိုသည်၊ ဘဝိတုံ-ဖြစ်ခြင်းငှါ၊ အဘဗ္ဗော-မထိုက်၊ ပုထုသိလာတိ - ကား၊ မဟာသိလာ - ကြီးစွာသော ကျောက်ခဲသည်၊ (အပ္ပဋိသန္ဓိကာ၌စပ်။)

အလဇ္ဇမာနာယ ၊ ပေ ၊ သံဝါသေတိ - ကား၊ ယာဝ-လောက်၊ တာသ- ထို ဥက္ခိတ္တကခဟန်း၏အပေါ်၌၊ ဥက္ခေပနီယကမ္မကရဏတ္ထာယ-ဥက္ခေပနီယကံကို ပြုခြင်းအကျိုးငှါ၊ သာမဂ္ဂိ - သံယာ၏ ညီညွတ်ခြင်းကို၊ (သံယာပြည့်အောင်၊) နလဇ္ဇတိ- မရအပ်သေး၊ တာဝ- ထို မရအပ်သေးသမျှ ကာလပတ်လုံး၊ တေန-ထို ရဟန်းနှင့်၊ သဒ္ဓိ ံ-ကွ၊ သမ္ဘောဂေစ-အာမိသမျှကို အတူတကွ သုံးဆောင်ခြင်း

× × × × × × ×

မှတ်ချက်။ ။ ဤသို့ပြောပြရှိ ထိုအတိုင်း နှုတ်တက် မှတ်ထားမှသာ အာဂန္တုက ရဟန်းတို့နှင့် တွေ့သောအခါ ဝါကြီး ဝါငယ်ကို ခွဲခြား၍ ဆိုင်ရာဝတ္တရားကို ပြုနိုင်၏၊ သံဃိကပစ္စည်းကို ဝေသောအခါ ဝါကြီးသူက ကောင်းမြတ်သောပစ္စည်းကို ရတတ်သောကြောင့် ထိုအခါ၌လည်း ဝါကြီး ဝါငယ် ခွဲခြားရ၏၊ ထို့ကြောင့် ဝါစဉ်နှင့် ဆိုင်သော ကိစ္စတိုင်းဝယ် အသုံးပြုဘို့ရန် "သဗ္ဗီတိ-အရိပ် ဥတုနှေ့ စသည်ကို ကောင်းစွာမှတ်သား၍ ထိုက်သည့်အားလျော်စွာ အသုံးပြုပါလေ" ဟု ပြောရသည်။

ဗန္ဓနာ ပဝုတ္တောဝ။ ။ ဝိသုဒ္ဓိမဂ် မဟာဋီကာ ပဌမဆုံးဂါထာအဖွင့်၌ ဝုတ္တာသဒ္ဒါ၏ "ဝပ္ပန-စိုက်ပျိုးခြင်း, ဝါပ သမိရဏ-စိုက်ပျိုးအပ်ပြီးကို ထွန်ဖြင့် ညီအောင်ညှိခြင်း, ကသောဟရဏ - ဆံရိတ်ခြင်း, ဇိဝိတဝုတ္တိ- အသက်မွေးခြင်း, ပမုတ္တာဘာ့ဝ-လွတ်သည်၏အဖြစ်ဟူသော ကြွေကျခြင်း" ဤသို့ စသည်ဖြင့် အနက်များစွာကို ပြရာဝယ် ပမုတ္တာဘာဝဉ္စ ဤ ပါဠိတော်ကိုပင် ပုံစံပြု၏၊ ထို့ကြောင့် ပပုဗ္ဗ ဝပဓာတ် တပစ္စည်းဖြင့် ဝ၏ အကို ဥပယုဇ်၍ "ပဝုတ္တော" ဟု ရှိစေရမည်၊ "ပမုတ္တော" ဟု မရှိစေရ။

သဗ္ဘောဂေတိ။ ။ ဓမ္မသမ္ဘောဂေ-(ပိဋကတ်ဓမ္မကို အတူတကွ သုံးဆောင်ခြင်းဟူသော စာတက် စာချခြင်း စသည်ကြောင့်၎င်း၊) အာမိသသမ္ဘောဂေစ-(ဆွမ်းသက်နှံး စသော အာမိသကို အတူတကွ သုံးဆောင်ခြင်း ဟူသော ပေးခြင်း ယူခြင်း စသည်ကြောင့်၎င်း)၊ — ဋီကာ။

ကြောင့်၎င်း၊ ဥပေါသထ ပဝါရဏာဒိကရဏဘေဒေ - ဥပုသ် ပဝါရဏာ အစ ရှိသော ကံကိုပြုခြင်းအပြားရှိသော၊ သံဝါသေစ–အတူတကွ ပေါင်းသင်းနေထိုင်ခြင်းကြောင့်၎င်း အနာပတ္တိ-သည်၊(ဟောတိ)၊ ဣတိ-ဤသို့မှတ်အပ်၏။

သဗ္ဗတ္ထ- အလုံးစုံသော ဝတ္ထုတို့၌၊ သေသံ - ကြွင်းသော ပုဒ်အပေါင်းသည်၊ မဟာဝိဘင်္ဂေ- မဟာဝိဘင်း၌၊ (ဘိက္ခုအတွက် အကျယ်ပြရာ ပဒဘာဇနီ၌၊) ဝုတ္တာနုသာရေန- ဆိုအပ်ပြီးသောနည်းကို အစဉ်လိုက်သဖြင့်၊ သုဝိညေယျတ္တာ- လွယ်ကူစွာ သိနိုင်သည်၏ အဖြစ်ကြောင့်၊ ပါကဋမေဝ – ထင်ရှားသည်သာ၊ ဣတိ-အပြီးတည်း။

သမန္တပါသာဒိကာယ-သမန္တပါသာဒိကာမည်သော၊ ဝိနယသံဝဏ္ဏနာယ-ဝိနည်း အဋ္ဌကထာ၌၊ ဒွါသတ္တတိအာဓိကဝတ္ထုသတပဋိမဏ္ဍိတသ – ၇၂ ပါး အလွန်ရှိသော တရာသော ဝတ္ထုတို့ဖြင့် တန်ဆာဆင်အပ်သော၊ မဟာခန္ဓကသ-၏၊ အတ္ထဝဏ္ဏနာ– အနက်၏အဖွင့်သည်၊ ဝါ-အနက်ကို ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာသည်၊ နိဋ္ဌိတာ–ပြီ။

× × × × × × ×

မှတ်ချက် ။ ။ ဤဝတ္ထုဥစ္ဆဲလာသော ရဟန်းသစ်သည် ရှေးရဟန်း ဘဝတုန်းက အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံ အပြုခံရ၏၊ ထိုကံ မငြိမ်းသေးခင် လူထွက်၏၊ ယခုတဖန် "ထိုအာပတ်ကို ရှုပါမည်" ဟု လျှောက်သောကြောင့် ရဟန်းခံပေး၍ သံဃာ့ဘောင်သို့ ပြန်သွင်းမှ ညြသာရဏကံ ပြုသောအခါ ထိုကံငြိမ်းစေပြီးဖြစ်၏၊ ထိုကံ ငြိမ်းစေပြီးခါမှ "အာပတ်ကို မရှုနိုင်" ဟု ဆိုပြန်ရကား ဥက္ခေပနီယကံ ထပ်မံ၍ ပြုရဉ်းမည်၊ သို့သော် သံဃာ့မပြည့်၍ မပြုရသေးလျှင် ထို ရဟန်းနှင့် သမ္ဘောဂသံဝါသ ပြုမှကြောင့် အာပတ်မသင့်–ဟု မိန့်တော်မူသည်၊ ညြသာရဏကံပြုပြီးဖြစ်သောကြောင့် ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်အရ ပါစိတ်အာပတ် မသင့်၊ " အာပတ္တိံ အာပန္နတို " စသော အလဇ္ဇီလက္ခကာနှင့် မညီသောကြောင့်လည်း အလဇ္ဇီသမ္ဘောဂကြောင့် ဒုက္ကဋ် အာပတ်လည်း မသင့်ပါ"–ဟူလို။

ဧကစိဝါဒ။ ။အချို့က "အနာပတ္တိအရ ဥက္ခိတ္တကပုဂ္ဂိုလ် မဟုတ်သောကြောင့် အာပတ်မသင့်၍, ထိုပုဂ္ဂိုလ်နှင့် သမ္ဘောဂသံဝါသပြုသော်လည်း အာပတ်မသင့်၊ပါစိတ် အာပတ်ကိုရည်ရွယ်၍"အနာပတ္တိ"ဟု မိန့်တော်မူသည်၊ အလဇ္ဇီနှင့် သမ္ဘောဂသံဝါသ ပြုသောကြောင့် ဒုက္ကဋ်အာပတ်ကား သင့်ရမည်"ဟု ဆိုကြသတတ်။ [ယမေတ္ထ ကေနစိ " အနာပတ္တိ သမ္ဘောဂေ သံဝါသေ " တိ ဣမိနာ ပါစိတ္တိယေန အနာပတ္တိ ဝုတ္တာ၊ " အလဇ္ဇီ ပရိဘောဂပစ္စယာ ဒုက္ကဋံ ပန အာပန္နတိ ယေဝါ"တိ ဝတ္တာ မဟုဋ္ဌာ ပပဋိတံ၊ နံ တံ သာရတော ပဋေတပ္ပံ၊–ဋီကာ၊]

မဟာခန္ဓက အဖွင့်

ပြီး၏။

ဥပေါသထက္ခန္ဓက အဖွင့်

[ဥပုသ်နှင့်စပ်၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်အပေါင်းကို "ဥပေါသထက္ခန္ဓက" ဟု ခေါ်၏။]

သန္ဓိပါတာနုဇာနနာဒိ ကထာ

ဥပေါသထက္ခန္ဓကေ-၌၊ အညတိတ္ထိယာတိ ထွေ-ဟူသော ဤပါဠိ၌၊ လဒ္ဓိ-အယူကို၊ တိတ္ထံ - တိတ္ထဟူ၍၊ ဝုစ္စတိ - ဆိုအပ်၏၊ အညံ–သာသနာတော်အယူမှ တပါးသော၊ တိတ္ထံ – အယူတည်း၊ အညတိတ္ထံ-ယူ၊ ဧတေသံ–၌ပရိဗ္ဗိုဇ်တို့၏၊ အညတိတ္ထံ– သာသနာတော်အယူမှ တပါးသောအယူသည်၊ အတ္ထိ-၏၊ ဇာတိ–ကြောင့်၊ (ထိုသို့ သာသနာတော်အယူမှ တပါးသောအယူ ရှိကုန်သည်၏အဖြစ်ကြောင့်၊ တေ-ထို ပရိဗ္ဗိုဇ်တို့သည်၊) အညတိတ္ထိယာ– ယတို့မည်၏၊ ဇာတော–၌ သာသနာတော်အယူမှ၊ အညလဒ္ဓိကာ-တပါးသော အယူရှိသော ပရိဗ္ဗိုဇ်တို့၊ ဇာတိ ဝုတ္တံ ဟောတိ၊ ဓမ္မံ ဘာသန္တိ-ကား၊ တေသံ – ထို လူတို့အား၊ ဝါ – တို့သည်၊ ကတ္တုဗ္ဗာ ကတ္တုံ – ပြုထိုက် မပြုထိုက်သော၊ ယံ – အကြင် ကောင်းမှု မကောင်းမှုသည်၊ (အတ္ထိ)၊ တံ-ထို ပြုထိုက် မပြုထိုက်သော ကောင်းမှု မကောင်းမှုကို၊ ကထေန္တိ- ဟောပြောကြကုန်၏၊ တေ လဘန္တိ တိ- ကား၊ တေ မနုဿာ–တို့သည်၊ လဘန္တိ- ရကုန်၏၊ မူဂသူကရာတိ- ကား၊ ထူလသရိရသူကရာ–ဝဖြိုးသော ကိုယ်ရှိသော ဝက်တို့တည်း။

× × × × × × ×

အညတိတ္ထိယာ။ ။[မိန္ဆာအယူ၏ တိတ္ထအမည်ရုပ်ကို ရှေ့၌ (၁၂၃, ၁၅၀) ဖွင့်ခဲ့ပြီ။] အညံ + တိတ္ထံ အညတိတ္ထံ၊ အညံ – သာသနာတော်အယူမှ တပါးသော၊ တိတ္ထံ– အယူတည်း၊ အညတိတ္ထံ– အယူ၊ "အညတိတ္ထံ + ဧတေသံ အတ္ထိတိ အညတိတ္ထိကာ"ဟု ဆိုလိုလျက် က ကို ယပြု၍ "အညတိတ္ထိယာ"ဟု ဖြစ်သည်၊ [ဇာတော တိ ဇာမသ္မိံ သာသနေ လဒ္ဓိတော– ဌိကာ။] ဤအဖွင့်ကိုကြည့်၍ အညံ၏ အပါဒါန်ကို သာသနာတော်၏ အယူကို ခံရသည်၊ ထိုသို့ "အယူ"ကို ခံမှ "အညတိတ္ထ" အရ တပါးသော တွဲဘက်အယူကိုရသည်၊ အပါဒါန်နှင့် အပါဒါနိတို့သည် ပင်ကိုယ်အားဖြင့် အမျိုးအစား တူလျက်ရှိရသည်၊ ဥပမာ — သရ (ဂ) လုံးချင်း တူနေရာဝယ် "အညေဒီဃာ" ဟု ရသ ၃ လုံးကို အပါဒါန်ခံ၍ ဒီဃ ၅ လုံးကို အပါဒါနိ ပြုသကဲ့သို့တည်း၊ ထို့ကြောင့် "အညတိတ္ထိယာ – သာသနာတော်အယူမှ တပါးသောအယူရှိသူတို့" ဟု ပေးပါ၊ "သာသနာတော်မှ တပါးသော အယူရှိသူ"ဟု မပေးပါနှင့်။

မူဂသူကရာ။ ။"ဝဖြိုးသော ဝက်တို့သည် အသံသော်မှ မထွက်နိုင်ကြကုန်သကဲ့သို့ ဤရဟန်းတော်များလည်း အသံမထွက်ကြသဖြင့် ဝဖြိုးသော ဝက်ကြီးများနှင့် တူနေကြလောက်အောင်(အ-အ)ကြီးမျှဉီးဖြစ်ကြသည်"ဟု ဆိုလိုသည်၊ [မူဂသရိရာတိ ဇာတ္တေ ထူလသရိရသ သူကရသ သဒ္ဒမတ္တာသာဝိ အဘာဝတော မူဂသူကရာနာမာတိ အာဟ–ထူလသရိရသူကရာတိ၊–ယောဇနာ။]

အနုဇ္ဈာပနွောဝါ ဟောတိ အာပဇ္ဇိတ္ဝာဝါ ဝုဋ္ဌိတောတိ ဧတ္ထ – ဌိ၊ ယံ အာပတ္တိ - သို၊ ဘိက္ခု - သည်၊ အနုဇ္ဈာပနွောဝါ - မရောက်သည်သော်လည်း၊ ဟောတိ၊ အာပဇ္ဇိတ္ဝာ - ရောက်ပြီး၍၊ ဝုဋ္ဌိတောဝါ - ထပြီးသည်သော်လည်း၊ (ဟောတိ)၊အယံ-ဤအာပတ်သည်၊ အသန္တိနာမ-အသန္တိမည်သော၊ အာပတ္တိ-တည်း၊ ဧတိ ဝေံ- သို၊ အဋ္ဌာ- ကို၊ ဝေဒိတဗ္ဗော- ၏၊ သမ္ဗာန မုသာဝါဒေ ကိံ ဟောတိတိ-ကား၊ ယွာယံ(ယော+အယံ)-အကြင် သမ္ဗာန မုသာဝါဒကို၊ သမ္ဗာနမုသာဝါဒဿ ဟောတိတိ-ဟူ၍၊ ဝုတ္တော-ပြီ၊ သော-ထိုသမ္ဗာန မုသာဝါဒသည်၊ အာပတ္တိတော - အာပတ်အားဖြင့်၊ ကိံ - အဘယ် အာပတ်သည်၊ ဟောတိ-ဖြစ်သနည်း၊ ကတရာ အာပတ္တိ-အဘယ်အာပတ်သည်၊ဟောတိ-နည်း၊ ဧတိ အဋ္ဌော၊ ဒုက္ကဋံ ဟောတိကိ-ကား၊ ဒုက္ကဋာပတ္တိ - ဒုက္ကဋ် အာပတ်သည်၊ ဟောတိ- ၏၊ သာစ- ထို ဒုက္ကဋ်အာပတ်သည်လည်း၊ မုသာဝါဒ လက္ခဏော-မုသာဝါဒ၏ သဘောလက္ခဏာကြောင့်၊ နု(ဟောတိ)-ဖြစ်သည် မဟုတ်၊ ပန-အဟုတ်ကား၊ ဘဂဝတော-၏၊ ဝစနေန-"သမ္ဗာနမုသာဝါဒေ ကိံ ဟောတိ, ဒုက္ကဋံ ဟောတိ" ဟူသော စကားတော်ကြောင့်၊ ဝစီဒွါရေ-ဝစီဒွါရ၌၊ အကိရိယသမုဋ္ဌာနာ - ပြုထိုက်သော ပြောဆိုမှုကို မပြုခြင်းဟူသော ဖြစ်ကြောင်းရှိသော၊ အာပတ္တိ-ဒုက္ကဋ်အာပတ်သည်၊ ဟောတိ၊ ဧတိ ဝေဒိတဗ္ဗော။

ဟိ-သာဓကကား၊ အနာလပန္တော၊ပေ၊စိန္တိတာတိ-ဟူ၍၊(ပရိဝါရေ-ပရိဝါပါဠိတော်၌၊)ဝက္ခတိ-မိန့်တော်မူလတံ့။[(ယော-အကြင်ရဟန်းသည်၊)ကေနစိ-တစုံတယောက်သော၊ မနုဇေန-လူနှင့်တကွ၊ ဝါစာ(ဝါစာယ)-နှုတ်မြွက်သဖြင့်၊ အနာလပန္တော-မပြောဆိုသည်၊(ဟောတိ-၏၊) ပရေ- စကားပြောဘက်မှတပါး အခြားသူတို့ကို၊ (သန္ဓာယ- ရည်မှန်း၍၊) ဂိရံစ-စကားသံကို လည်း၊ နောဘဏေယျ-မပြောဆိုရာ၊ (သော - ထိုသူသည်၊) ဝါစသိကံ– ဝစီဒွါရ၌ ဖြစ်သော၊ နကာယိကံ-ကာယဒွါရ၌ ဖြစ်သည် မဟုတ်သော၊ (အာပတ္တိံ-သို၊) အာပဇ္ဇေယျ-ရောက်ရာ၏၊ သောပဏ္ဍာ-ဤပြဿနာကို၊ ကုသလေဟိ-ဝိနည်းကျွမ်းကျင် ပညာရှင်တို့သည်၊ စိန္တိတာ-ကြံအပ်ပြီး၊] (အဓိပ္ပါယ်ကို ကခ်ါဘာသာဋီကာ၌ ပြထားပြီ။)

အန္တရာယိကောတိ-ကံ်ား၊ အန္တရာယကရော-အန္တရာယ်ကို ပြုတတ်သည်၊ (ဟောတိ)၊ ကိဿ ဖါသု ဟောတိတိ - ကား၊ ကိမတ္ထာယ - အဘယ်အကျိုးငှါ၊ ဖါသု - ချမ်းသာသည်၊ ဟောတိ - နည်း၊ ပဌမဿ ဈာနဿ အဓိဂမာယာတိ-ကား၊ ပဌမဿဈာနဿ-ပဌမဈာန်ကို၊ အဓိဂမနတ္ထာယ-ရခြင်းအကျိုးငှါ၊တဿ ဘိက္ခုနော-၏၊ ဖါသု-သည်၊ ဟောတိ၊ သုခံ-ချမ်းသာသည်၊ ဝါ-လွယ်ကူသည်၊ ဟောတိ၊ သမ္မတ္တ-အလုံးစုံသော ဒုတိယဿ ဈာနဿ အဓိဂမာယ အစရှိသော ပါဠိတို့၌၊ သေ(သော)-ဤဆိုအပ်ပြီးသောအစီအရင်သည်၊ နဂေယျာ-သိဂြကြောင်း အစီအရင်တည်း၊ ဧတိ - ဤသို့လျှင်၊ ဘဂဝါ- သည်၊ ဥဒ္ဒေသတောစ–ဥဒ္ဒေသ

အားဖြင့်ဂုဏ်း၊ ဝါ- အကျဉ်းအားဖြင့်ဂုဏ်း၊ နိဒ္ဒေသတော်စ- နိဒ္ဒေသအားဖြင့်ဂုဏ်း၊ ဝါ-အကျယ် ညွှန်ပြခြင်းအားဖြင့်ဂုဏ်း၊ ပဌမံ - ရှေးဦးစွာ၊ ပါတိမောက္ခုဒ္ဒေသံ- ပါတိမောက္ခုဒ္ဒေသကို၊ ဒဿေသိ - ပြတော်မူပြီ၊ ["ပါရိသုဒ္ဓိံ အာယသ္မန္တော အာရောစထ၊ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ " စသော စကားကို "ဥဒ္ဒေသ"ဟု ဆိုသည်၊ "ပါတိမောက္ခန္တိ အာဒိမေတံ မုခမေတံ" စသည်ကို " နိဒ္ဒေသ " ဟု ဆိုသည်။]ဒေဝသိကန္တိ-ကား၊ ဒိဝသေဒိဝသေ-နေ့တိုင်းနေ့တိုင်း၌၊(ဥဒ္ဒိသန္တိ-၌ စပ်၊)[ဒေဝသိကန္တိ ထွေ ကိုကပစ္စယော ဝိစ္ဆတ္ထေ ဟောတိတိ အာဟ"ဒိဝသေ ဒိဝသေ"တိ၊ ယောဇနာ။]

စာတုဒ္ဒသေဝါ ပန္နရသေဝါတိ-ကား၊ ကေဿ-တခုသော၊ ဥတုနော-ဥတု၏၊ တတိယေစ-၃ ခုမြောက်လည်းဖြစ်သော၊ သတ္တမေစ-၇ ခုမြောက်လည်းဖြစ်သော၊ ပဇ္ဇ-ပက္ခ၌၊ ဒ္ဝိက္ခတ္တုံ- ၂ ကြိမ်၊ စာတုဒ္ဒသေ- ၁၄ ရက်မြောက်နေ့၌၊ (ပါတိမောက္ခံ ဥဒ္ဒိသိတုံ - ၌စပ်၊) အဝသေသေ - တတိယ သတ္တမမှ ကြွင်းကျန်သော၊ (ပက္ခေ-၌၊)ဆက္ခတ္တုံ- ၆ ကြိမ်၊ ပန္နရသေ-၁၅ ရက်မြောက်နေ့၌၊(ပါတိမောက္ခံ ဥဒ္ဒိသိတုံ-၌စပ်၊)အယံ-ဤဆိုအပ်ပြီးကား၊ တာဝ-ဝိကဘိစာရိတ္တမှ ရှေးဦးစွာ၊ ဧကော-တမျိုးသော၊ အတ္ထော-တည်း၊ ပန-ဆက်၊ အယံ-ဤအနက်ကို၊ ပကတိစာရိတ္တဝသေန- ပကတိကျင့်အပ်သော အကျင့်၏အစွမ်းဖြင့်၊ ဝုတ္တော- ဆိုအပ်ပြီ၊ ပန- ကား၊ သကိံ၊ပေ၊ ပန္နရသေဝါတိ- ဟူ၍၊ ဝစနတော- မိန့်ခဲတော်မူခြင်းကြောင့်၊ တထာရူပေ-ထိုသို့သဘောရှိသော၊(စာတုဒ္ဒသီ ပန္နရသီ အပြောင်းအလဲပြုထိုက်သော သဘောရှိသော၊) ပစ္စယေ - အကြောင်းသည်၊ သတိ - ရှိလသော်၊ ယသ္မိံ တသ္မိံ စာတုဒ္ဒသေဝါ - အမှတ်မထား တပါးပါးသော ၁၄ ရက်မြောက်နေ့၌သော်ငင်း၊ (ယသ္မိံတသ္မိံ) ပန္နရသေဝါ- အမှတ်မထား တပါးပါးသော ၁၅ ရက်မြောက် နေ့၌သော်ငင်း၊ ဥဒ္ဒိသိတုံ- ရွတ်ပြခြင်းငှါ၊ ဝန္တိ-အပ်၏။

အာဝါသိကာနံ၊ပေ၊ အနုဝတ္တိတဗ္ဗန္တိ- ဟူ၍၊ ဝစနတောပိ- မိန့်တော်မူခြင်းကြောင့်လည်း၊ တေံ – ဤ အမှတ်မထား တပါးပါးသော စာတုဒ္ဒသီ ပန္နရသီ၌ ဥပုသ်ပြုနိုင်၏ဟူသော အနက်သဘောကို၊ ဝေဒိတဗ္ဗံ-သိနိုင်၏၊(တေံ ဝေဒိတဗ္ဗန္တိ

× × × × × × ×

ကေဿ ဥတုနော၊ပေ၊ဝုတ္တော။ ။" ကေဿ ဥတုနော တတိယေစ " စသော အနက်သည် ရိုးရာကျင့်အပ်သော အနက်တည်း၊ ဥပမာ–နွေဥတု၌ တပေါင်းလကွယ်, တာကူးလပြည့်သည် ပန္နရသီဥပုသ်ဖြစ်၍, တတိယမြောက် တာကူးလကွယ်နေ့သည် စတုဒ္ဒသီ ဥပုသ်ဖြစ်၏၊ ထို့နောက် ကဆုန်လပြည့် ကဆုန်လကွယ် နယုံလပြည့်တိုင်အောင် ပန္နရသီဖြစ်၍ သတ္တမမြောက် နယုံလကွယ်ကား စာတုဒ္ဒသီဥပုသ် ဖြစ်သည်၊ ဤနည်းအားဖြင့် ဥတု ၁ ပါးအတွက် စာတုဒ္ဒသီဥပုသ် ၂ ကြိမ်သာရသည်၊ ကြွင်းသော ဥပုသ် ၆ ကြိမ်ကား ပန္နရသီဥပုသ်တည်း၊ ၍ တွက်ကိန်းကား ရိုးရာ ကျင့်အပ်သော ထုံးစံအတိုင်း တွက်ကိန်းဖြစ်သည်။

ယသ္မိံ တသ္မိံ စာတုဒ္ဒသေ ပန္နရသဝါတိ ဧဝံ အတ္ထဇာတံ၊–ဝိမတိ)။ [အာဝါသိကာနံ-အာဝါသိကဖြစ်ကုန်သော၊ ဘိက္ခူနံ- တို့၏၊ စာတုဒ္ဒသော- ၁၄ ရက်မြောက်နေ့သည်၊ ဟောတိ–အံ့၊ အာဂန္တုကာနံ-န်သော(ဘိက္ခူနံ)ပန္နရသော-၁၅ ရက်မြောက်နေ့သည်၊(ဟောတိ-အံ့၊) အာဝါသိကာ–အာဝါသိက ရဟန်းတို့သည်၊ ဗဟုတရာ - များကုန်သည်၊ သစေ ဟောန္တိ-နှ်အံ့၊ (ဧဝံသတိ - နှ်လ သော်၊) အာဂန္တုကေဟိ-နည်းသော အာဂန္တုက ရဟန်းတို့သည်၊ အာဝါသိကာနံ-များသော အာဝါသိကရဟန်းတို့၏ အလိုသို့၊ အနုဝတ္တိတမ့်- လိုက်ရာ၏၊ ဝါ-လိုက်ရမည်။]

သီမာနုဇာနနကထာ

ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာတိ-ကား၊ ဝိနယဓရေန–ဝိနည်းမိုရ်ပုဂ္ဂိုလ်သည်၊ ပုန္ဆိတမ့်-မေးရာ၏၊ ဝါ- မေးရမည်၊ (ကိ)၊ ပုရတ္ထိမာယ – အရှေ့၌ဖြစ်သော၊ ဒိသာယ- အရပ်၌၊ ဝါ- အရပ်က၊ နိမိတ္တံ- အမှတ်အသားသည်၊ ကိ-အဘယ်နည်း၊ ဇာတိ-သို့၊ (ပုန္ဆိတမ့်)၊ ဘန္တေ-အရှင်ဘုရား၊ ပဗ္ဗတော-တောင်ပါတည်း၊ ဇာတိ-သို့၊ (ဝတ္တဗ္ဗံ-လျောက်ရာ၏၊) ပုန-တဖန်၊ ဝိနယဓရေန-သည်၊ သော ပဗ္ဗတော–အဲဒီတောင်သည်၊ နိမိတ္တံ-နိမိတ်တည်း၊ ဇာတိဝေံ-သို့၊ နိမိတ္တံ-ကို၊ ကိတ္တေတမ့်-ပြောဆိုရာ၏၊ ဝါ- ကြားရာ၏၊ ပန-ဗျတိရိက်ကား၊ တေံ ပဗ္ဗတံ-အဲဒီတောင်ကို၊ နိမိတ္တံ-ကို၊ ကရောမ-ပြုကုန်၏၊ (ပစ္စုပ္ပန်)၊ (တေံ ပဗ္ဗတံ-ကို၊ နိမိတ္တံ–ကို၊) ကရိဿာမ - ပြုကုန်အံ့၊ (အနာဂတ်)၊ (သော ပဗ္ဗတော - ကို၊) နိမိတ္တံ - ကို၊ ကတော – ပြုအပ်ပြီ၊ (အတိတ်)၊ (သော ပဗ္ဗတော – သည်၊) နိမိတ္တံ-သည်၊ ဟောတု – ဖြစ်စေ၊ (အနုညာ)၊ (သော ပဗ္ဗတော နိမိတ္တံ) ဟောတိ – ၏၊ (ပစ္စုပ္ပန်)၊ (သော ပဗ္ဗတော နိမိတ္တံ) ဘဝိဿတိ- လတ့်၊ (အနာဂတ်)၊ ဇာတိ ဧဝံ-သို့၊ ကိတ္တေတုံ-ပြောဆိုခြင်းငှါ၊ နဝဋ္ဋတိ-မအပ်၊ ပါသာဏာဒိသုပိ–ကျော်

× × × × × × ×

ပုရတ္ထိမာယ၊ ဧပ၊ နိမိတ္တံ။ ။နိမိနာတိ ပရိစ္ဆိန္နတိ ဧတေနာတိ နိမိတ္တံ၊ သိမ်ကို ပိုင်းခြားမှတ်သားကြောင်းဖြစ်သော အမှတ်သား။ နိပုဗ္ဗ + မာ ဓာတ်၊ တနည်း — မိဒ ဓာတ်၊ ပရိစ္ဆိန္နန အနက်ဟော၊ ကိယာဒိဂိဏ်း၊ "ပုရတ္ထိမာယ" ဟု ဆိုခြင်းသည် ဥပလက္ခဏမျှသာ၊ အရှေအရပ်၌ နိမိတ်မရှိလျှင် အရှေတောင်စသော နိမိတ်ရှိရာအရပ်ကစ၍ ပြောနိုင်သည်။ [ပုရတ္ထိမာယ ဒိသာယာတိ ဣဒံ နိဒဿနမတ္တံ၊—ဝိမတိ။]

ကိတ္တေတမ့်၊ ။စုရာဒိဂဏ်ထဓာတ်သည် သံသဒ္ဒ (ကောင်းစွာပြောဆိုခြင်း) အနက်ကိုဟော၏၊ ထို့ကြောင့်"ကိတ္တေတမ့်–ပြောဆိုရာ၏"ဟု ဓာတ်နက်အတိုင်းပေးသည်၊ အများထုံးစံအတိုင်း " ကိတ္တေတမ့် – ကြားရာ၏ " ဟု ပေးလိုက ပေးပါ၊ သို့သော် "နားနှ်ကြားခြင်း" ဟူသော အဓိပ္ပါယ်ကိုကား မမှတ်ပါနှင့်၊ " သူတပါးကြားစေအောင် ပြောခြင်း"ဟုသာ မှတ်ပါ။

အစရှိသောနိမိတ်တို့၌လည်း၊ သေဝနယော-တည်း။[သေဝနယော၏ နောက်၌ "ပုရတ္ထိမာယ ဒိသာယ" ဟု စာအုပ်တို့၌ တွေ့ရ၏၊ ပိုဟန့်တူသည်။]

ပန-ဆက်၊ ပုရတ္ထိမာယ–အရှေ့အရပ်၏၊ အနုဒိသာယ-အထောင့်ဖြစ်သော အရပ်၌၊ (တနည်း) ပုရတ္ထိမာယ အနုဒိသာယ– အရှေ့တောင်ထောင့်အရပ်၌၊ (နိမိတ္တံ- သည်၊ ကိ ံ - နည်း၊ ဘန္တေ, ပါသာဏော–ကျောက်ပါတည်း၊ သော ပါသာဏော–အဲဒိကျောက်သည်၊ နိမိတ္တံ-တည်း၊) ["ကိ ံ နိမိတ္တံ, ပါသာဏော ဘန္တေ" စသည်တို့ကို ပေယျာလမြဲပထားသဖြင့် ဖေါ်၍ပေးပါ။] ဒက္ခိဏာယ–တောင်၌ဖြစ်သော၊ ဒိသာယ-၌၊ (ကိ ံ နိမိတ္တံ၊ ဘန္တေ, ဝနံ-တောပါတည်း၊ တံ ဝနံ–အဲဒိတောသည်၊ နိမိတ္တံ- တည်း၊) ဒက္ခိဏာယ – တောင်အရပ်၏၊ အနုဒိသာယ – အထောင့်ဖြစ်သော အရပ်၌၊ (တနည်း) ဒက္ခိဏာယ အနုဒိသာယ–အနောံတောင်ထောင့်အရပ်၌၊ (ကိ ံ နိမိတ္တံ၊ ဘန္တေ, ရုက္ခော–သစ်ပင်ပါတည်း၊ သောရုက္ခော– အဲဒိသစ်ပင်သည်၊ နိမိတ္တံ- တည်း၊) ပစ္ဆိမာယ – အနောက်၌ ဖြစ်သော၊ ဒိသာယ (ကိ ံ နိမိတ္တံ၊ ဘန္တေ, မဂ္ဂေါ–လမ်းပါတည်း၊ သောမဂ္ဂေါ- အဲဒိလမ်းသည်၊ နိမိတ္တံ-တည်း၊) ပစ္ဆိမာယ-၏၊ အနုဒိသာယ- ၌၊ (တနည်း)၊ ပစ္ဆိမာယ အနုဒိသာယ– အနောံမြောက်ထောင့်အရပ်၌၊ (ကိ ံ နိမိတ္တံ၊ ဘန္တေ, ဝမ္မိကော–တောပို့ပါတည်း၊ သော ဝမ္မိကော–အဲဒိတောင်ပို့သည်၊ နိမိတ္တံ- တည်း၊) ဥတ္တရာယ – မြောက်၌ဖြစ်သော၊ ဒိသာယ (ကိ ံ နိမိတ္တံ၊ ဘန္တေ, နဒီ– မြစ်ပါတည်း၊ သောနဒီ– အဲဒိမြစ်သည်၊ နိမိတ္တံ- တည်း၊) ဥတ္တရာယ-၏၊ အနုဒိသာယ-၌၊ (တနည်း) ဥတ္တရာယ အနုဒိသာယ–အရှေ့မြောက်ထောင့်အရပ်၌၊ ကိ ံ နိမိတ္တံ၊ ဘန္တေ, ဥဒကံ–ရေပါတည်း၊ တေံ ဥဒကံ – အဲဒိရေသည်၊ နိမိတ္တံ– နိမိတ်တည်း၊ ဇာတိ - သို့၊ တ္ထေ – ဤ အရှေ့မြောက်ထောင့်အရပ်၌၊ အဋ္ဌတွာ– မတန့်ရပ်မူ၍၊ (ရပ်မထားမူ၍၊) ပုန-ဖန်၊ ပုရတ္ထိမာယ၊ပေ၊နိမိတ္တာန္တိ-ဟူ၍၊ ဧဝံ- သို့၊ ပဌမံ-စွာ၊ ကိတ္တိတနိမိတ္တံ–ပြောဆိုအပ်ပြီးသော နိမိတ်ကို၊ ကိတ္တေတွာဝ– ပြောဆိုပြီး၍သာလျှင်၊ (ဝိနယဓရေန-သည်၊) ဌာတဗ္ဗံ-ရပ်တည်ရာ၏၊ (ရှေ့ဆက် မမေးဘဲ အမေးကို ရပ်ထားရာ၏၊) [အချို့စာတို့၌ "ဌပေတဗ္ဗံ" ဟု ရှိ၏၊ ရှေ့၌ "အဋ္ဌတွာ" ကို ထောက်၍ "ဌာတဗ္ဗံ" ဟု ရှိသင့်သည်။] ဟိ–အကျိုးကား၊ ဧဝံ– ဤသို့၊ (ပဌမ ပြောအပ်ပြီးသော နိမိတ်ကို ထပ်၍ ပြောပြအပ်သည် ရှိသော်၊) နိမိတ္တေန-ရှေနိမိတ်နှင့်၊ နိမိတ္တံ-နောက်နိမိတ်သည်၊ ယဒိတံ-ဆက်စပ်အပ်သည်၊ ဟောတိ-၏။

ဧဝံ–သို့၊ နိမိတ္တာနိ-တို့ကို၊ ကိတ္တေတွာ-ပြောပြပြီး၍၊ အထာနန္တရံ-ထိုနိမိတ်တို့ကို ပြောပြပြီးရာကာလ၏ အခြားမဲ့၌၊ ဝုတ္တာယ-ပါဠိတော်၌ ဟောတော်မူအပ်သော၊ ကမ္မဝါစာယ–သီမာသမ္မုတိ ကမ္မဝါစာဖြင့်၊ သီမာ-သိမ်ကို၊ သမ္မနိတဗ္ဗာ-သမုတ်ထိုက်၏၊ [" သိ-ဗန္ဓနေ" ဟူသော ဓာတ်၊ မပစ္စည်း၊ ဇာတိဇောတက အာ

ပစ္စည်း၊ သိဒ္ဓ ဇာကို ဤဒိယပြု၊ သိယတိ ဗန္ဓိယတိတိ သိမာ၊ ကမ္မဝါစာဖြင့် ဖွဲ့အပ်သော အရပ်သည် "သိမာ"မည်၏၊ သံပုဗ္ဗ မနဓာတ်ဖြင့် "သမ္မနိတဗ္ဗာ" ဟုသာ ရှိထိုက်၏၊ စာအများဒ္ဓ နှ ဒ္ဒေဘော်ဖြင့် "သမ္မန္နိတဗ္ဗာ"ဟု ရှိ၏။] ကမ္မဝါစာ ပရိယောသာနေ – ကမ္မဝါစာ၏အဆုံးဒ္ဓ၊ နိမိတ္တာနံ– တို့၏၊ အန္တော - အတွင်းဒ္ဓ၊ သိမာ-သည်၊ ဟောတိ-၏၊ နိမိတ္တာနိ-တို့သည်၊ သိမတော-မှ၊ ဗဟိ-အပြင်ဘက်ဒ္ဓ၊ ဟောန္တိ-န်၏၊ တတ္ထ - ထို သိမ်သမုတ်ရာဒ္ဓ၊ ဝါ– သိမ်နိမိတ်ကို ပြောပြရာဒ္ဓ၊ နိမိတ္တာနိ-တို့သည်၊ ဝါ- တို့ကို၊ သကိံ - တကြိမ်၊ ကိတ္တိတာနိ - ပြောပြအပ်ကုန်သည်၊(သမာနာနိ)ပိ- နှင်သော်လည်း၊ ကိတ္တိတာနေဝ–ပြောပြအပ်ပြီးကုန်သည်သာ၊ ဟောန္တိ၊ ပန-ဝါဒန္တရကား၊ အန္တရဋ္ဌကထာယံ-ဌ၊ တိက္ခတ္တုံ-ခု ကြိမ်၊ သိမမတ္ထလံ-သိမ်အဝန်းကို၊ သမ္မန္နန္တေန- နိမိတ်ချင်းဆက်စပ်လျက်၊ နိမိတ္တံ-ကို၊ ကိတ္တေတမ်ံ- ရာ၏၊ ဇာတိ- သို့၊ ဝုတ္တံ- ပြီ၊ ပန-ဆက်၊ ပမ္ဗတော ဘန္တေတ်-ဟူ၍ ဂုဏ်း၊ပေ၊ ဥဒက် ဘန္တေတိ- ဟူ၍ဂုဏ်း၊ ဧဝံ- သို့၊ ဥပသမ္ပန္နော ဝါ-ဥုံးပဉ္စင်းသည်သော်လည်း၊ အာစိက္ခတု- လျှောက်ပစေ၊ အနုပသမ္ပန္နော ဝါ-လူသာမဏေသည်သော်လည်း၊ (အာစိက္ခတု-စေ၊) ဝန္တိယေဝ-သည်သာ။

× × × × × × × ×

တိက္ခတ္တုံ၊ပေ၊သမ္မန္နန္တေန။ ။[ဤ"တိက္ခတ္တုံ"စကား အရ ခု ကြိမ် နိမိတ်ပြောခြင်းမှာ ခိုင်မြဲအောင် ပြုခြင်းအကျိုးငါသာ ဖြစ်၏၊ ပဌမနည်းအရ တကြိမ်ဖြင့်လည်း ပြီးနိုင်ပါ၏။] ဝိနယဓရေန သယံ ကေသို်ယေဝ ဌာနေ ဌတ္ဝာ ကေဝလံ နိမိတ္တကိတ္တန ဝစနေနေဝ သိမမတ္ထလံ သမန္တာ နိမိတ္တေန နိမိတ္တံ ဗန္ဓန္တေနာတိ အတ္ထော၊ တံကံ နိမိတ္တဗ္ဗာနံ အဂန္ဆာဝိဟိ ကိတ္တေတုံ ဝန္တိ = ဝိနည်းမိုရ်ပုဂ္ဂိုလ်သည် သံဃာစည်းဝေးရာ အရပ်၌ပင် တည်၍ သက်သက် နိမိတ်ပြောဆိုကြောင်း စကားဖြင့်သာ သိမ်၏ နိမိတ်အချင်းချင်း ဆက်စပ်လျက် နိမိတ်ကို ပြောပြရမည်၊ နိမိတ်ရှိရာအရပ်သို့ မသွားဘဲလည်း အပ်ပါ၏၊ (သွားခြင်းကြောင့်လည်း အပြစ်မရှိပါ)၊—ဝိမတိ။

ထိုစကားမှန်၏၊ သိမ်သည် ခု ယူဇနာတိုင်အောင် ကျယ်ပြန့်နိုင်ရကား ဝိနည်းမိုရ်က နိမိတ်ရှိရာ အရပ်သို့ သွားပြီးမှ နိမိတ်ပြောရမည်ဆိုလျှင် ခြေကျင် သွားလို့ကား တစန္ဓထည်းဖြင့် ပြီးနိုင်မည်မဟုတ်၊ မော်တော်ကားဖြင့် လှည့်ပတ်၍ သွားရပေလိမ့်မည်၊ ဆက်ဥုံးအုံ၊– ဝိနည်းမိုရ်ပုဂ္ဂိုလ်သည် ထို သံ်မနိမိတ်များကို မိမိကိုယ်တိုင် သိနေဘွယ်မလို၊ အခြားရဟန်းများက သတ်မှတ်ပြီးဖြစ်လျှင် ဝိနည်းမိုရ်က "အဘယ်နိမိတ်နည်း" ဟု မေးသောအခါ သိဒ္ဓသဒ္ဒ ပုဂ္ဂိုလ်က "သစ်ပင်ပါဘုရား"စသည်ဖြင့် လျှောက်ဘို့သာတာဝန်ရှိသည်၊

ပမ္ဗတော ဘန္တေ၊ပေ၊ဝန္တိယေဝ။ ။"ပုရတ္ထိမာယ ဒိသာယ ကိ်နိမိတ္တံ " ဟု မေးသောအခါ "ပမ္ဗတော ဘန္တေ"စသည်ဖြင့် လျှောက်သော ပုဂ္ဂိုလ်သည် ဥုံးပဉ္စင်းလည်း ဖြစ်နိုင် လူသာမဏေလည်း ဖြစ်နိုင်သည်–ဟူလို၊ " ပုရတ္ထိမာယ ဒိသာယ က်ံ နိမိတ္တံ"ဟု မေးသော ပုဂ္ဂိုလ်, "ဧသော ပမ္ဗတော နိမိတ္တံ"ဟု နိမိတ်ပြောသော ပုဂ္ဂိုလ်ကား "ဝိနယဓရေန ပုစ္ဆိတမ်ံ၊ ဝိနယဓရေန ကိတ္တေတမ်ံ"ဟု ဆိုခဲ့သောကြောင့် ဝိနည်းနားလည်သောရဟန်းသာ ဖြစ်ရမည်။

ဇာဒါနိ–နိမိတ်ပြောပြပုံကို ပြပြီးရာ ယခုအခါ၌၊ ပဗ္ဗတနိမိတ္တာဒိသု– တောင်နိမိတ် အစရှိသော နိမိတ်တို့၌၊ ဧဝံ– သို့၊ ဝိနိစ္ဆယော - ကို၊ ဝေဒိတဗ္ဗော၊ ပဗ္ဗတော-သည်၊ သုဒ္ဓပံသုပဗ္ဗတော – ကျောက်နှင့် မဖက် သက်သက်သော မြေတောင်ၚင်း၊ သုဒ္ဓပါသာဏပဗ္ဗတော- မြေနှင့် မဖက် သက်သက်သော ကျောက်တောင်ၚင်း၊ ဥဘယမိဿကော– ၂ မျိုးစုံ ရောနှောသော တောင်ၚင်း၊ ဇာတိ–သို့၊ တိဝိဓော-၃ ပါး အပြားရှိ၏၊ တိဝိဓောပိ - သည်လည်း ဖြစ်သော၊ သော– တို့ တောင်သည်၊ (နိမိတ္တံ- သည်၊ ဘဝိတုံ- ဖြစ်ခြင်းငှါ၊) ဝန္ဒတိ- အပ်၏၊ [သုဒ္ဓပံသုပဗ္ဗတောတိ နုကေနစိ ကဒတာ သယံဇာတောဝ ဝုတ္တော၊(ဝိမတိ၊)တစုံတယောံ ပြုလုပ်အပ်သော တောင်မဟုတ်၊ သယံဇာတတောင် ဖြစ်ရမည် - ဟူလို၊] ပန-ဗျဘိရိက်ကား၊ ဝါလိကရာသိ-သဲအစုသည်၊ (နိမိတ္တံ ဘဝိတုံ) နဝန္ဒတိ၊ ဇာတရောပိ-ဝါလိကရာသိမှ တပါးသော သုဒ္ဓပံသု စသော တောင်သည်လည်း၊ ဟတ္ထိပ္ပမာဏတော - ၇ တောင်ထွာ ဆင်ပမာဏရှိသော တောင်အောက်၊ ဩမကတရော-ယုတ်လျော့သော တောင်သည်၊ (နိမိတ္တံ ဘဝိတုံ) နဝန္ဒတိ၊ ပန-အန္တယကား၊ ဟတ္ထိပ္ပမာဏဒတာ-မှ၊ ပဋ္ဌာယ- ၍၊ သိနေရုပ္ပမာဏောဝိ- မြင့်မိုရ်တောင်ပမာဏရှိသော တောင်သည်လည်း၊ (နိမိတ္တံ ဘဝိတုံ) ဝန္ဒတိ။

စတူသု-၄ ဘက်ကုန်သော၊ ဒိသာသု-အရပ်တို့၌၊ စတ္တာရော-၄ လုံးကုန်သော၊ ပဗ္ဗတာ–တို့သည်၊ သစေ ဟောန္တိ-နှံ့၊ (ဧဝံဟောဒနာသုဝါ- ဤသို့ ဖြစ်ကုန်သော်ၚင်း၊) တိသု-၃ ဘက်ကုန်သော၊ (ဒိသာသု- တို့၌၊) တယော- ၃ လုံးကုန်သော၊ ပဗ္ဗတာ-တို့သည်၊ သစေ ဟောန္တိ၊ (ဧဝံဟောဒနာသုဝါ- ၚင်း၊) စတူဟိ-၄ လုံးကုန်သော၊ ပဗ္ဗတနိမိတ္တေဟိ ဧဝံဝါ- တောင်နိမိတ်တို့ဖြင့်သာလျှင်သော်ၚင်း၊ တီဟိ - ၃ လုံးကုန်သော၊ ပဗ္ဗတနိမိတ္တေဟိ ဧဝံဝါ- သော်ၚင်း၊ သမ္မနိတုံ - ၄ါ၊ ဝန္ဒတိ- အပ်၏၊[နိမိတ် ၄ လုံး ထား၍ သမုတ်လျှင် ၄ ထောင့်သိမ်ဖြစ်၏၊ ၃ လုံးထား၍ သမုတ်လျှင် လမ်း ၃ ခွ သဏ္ဌာန် သိမ်ဖြစ်၏၊ "ဧဝ"ဖြင့် အခြားနိမိတ်များကို ကန့်၊] ပန- ဗျတိရိက်၊ ဒွီဟိ- ၂ လုံးကုန်သော၊ နိမိတ္တေဟိဝါ- တို့ဖြင့် သော်ၚင်း၊ ဧကေန - တလုံးသော၊ (နိမိတ္တေန) ဝါ- ဖြင့်သော်ၚင်း၊ သမ္မနိတုံ နဝန္ဒတိ၊ ဇာတော- ဤပဗ္ဗတနိမိတ်မှ၊ ပရေသု–နောက်ဖြစ်ကုန်သော၊ ပါသာဏ

× × × × × × × +

ဇာတရော ဟတ္ထိပ္ပမာဏဇတာ ။ ။ဇာတရောပိတိ သုဒ္ဓပံသု ပဗ္ဗတာဒိ် သန္ဓာယ ဝဒတိ၊ "ဟတ္ထိပမာဏ"ဟူသည် အနုည်းဆုံး ၇ တောင်ထွာရှိသော ဆင်၏ ပမာဏတည်း၊ ဟတ္ထိပ္ပမာဏောဝ နာမ ပဗ္ဗတော ဟေဋ္ဌိမကောဋိယာ အဗျဉ္ဇနတနုဗ္ဗေဓေ– (အခွဲအားဖြင့် ရှစ်ခုမြောက် အတောင် ရှိ၏၊ ဝါ–၇ တောင်ထွာ ရှိ၏။)–ဋီကာ။

သမ္မနိတုံ နဝန္ဒတိ။ ။တောင်ဖြစ်စေ, အခြားနိမိတ်ဖြစ်စေ နိမိတ် ၂ ခုဖြင့် သို့မဟုတ် တခုထည်းဖြင့် သမုတ်ခြင်းငှါ မအပ်၊ ဘာ့ကြောင့်နည်း၊ ထိုနိမိတ်တို့၏ ကေားပတ်ပတ်လည်၌ သိမ်၏အပိုင်းအခြား မရသောကြောင့်တည်း။

နိမိတ္တာဒီသုပိ-အစရှိသည်တို့ဦးလည်း၊ သေဝနယော-တည်း၊ တသ္မာ- ကြောင့်၊ (ထိုသို့ နိမိတ် ၂ လုံး, နိမိတ် ၁ လုံးဖြင့် သမုတ်ခြင်းငှါ၊ မအာပ်သည်၏ အဖြစ်ကြောင့်၊) ပဗ္ဗတနိမိတ္တံ–ကို၊ ကရောန္တေန– ပြုသော ဝိနည်းမိုရ် ပုဂ္ဂိုလ်သည်၊ ပုန္ဆိတမ္ဗံ၊ (ကိ˙) (ပဗ္ဗတော - သည်၊) ကောဗ္ဘေါ-တဆက်တည်း ဆက်စပ်နေသည်၊(ဟောတိ-ဖြစ်သလော၊)ကောဗ္ဘေါ-သည်၊ နု(ဟောတိ)-မဖြစ်သလော၊ ဇုတိ(ပုန္ဆိတမ္ဗံ)၊ ကောဗ္ဘေါ-သည်၊ သစေ ဟောတိ၊(ဝေံသတိ၊ ပဗ္ဗတော-ကို၊ နိမိတ္တံ–ကို၊) နကာတဗ္ဗော–မပြုထိုက်၊ ဟိ-မှန်၊(တနည်း)ဟိ(ယသ္မာ)ကြောင့်၊ တံ-ထို တဆက်တည်း စပ်နေသော တောင်ကို၊ စတူသု–ကုန်သော၊ ဒီသာသုဝါ-တို့ဦးသော်ငင်း၊ အဋ္ဌသု-နှစ်သော၊(ဒီသာသု)ဝါ-တို့ဦးသော်ငင်း၊ ကိတ္တေန္တေနာပိ-နိမိတ်ပြောပါသော်လည်း၊ ကေမေဝ - တခုသာလျှင် ဖြစ်သော၊ နိမိတ္တံ– သည်၊ ဝါ-ကို။ ကိတ္တိတံ-ပြောအပ်သည်၊ ဟောတိ-၏၊ တသ္မာ-ကြောင့်၊ ဧဝံ-ဤဆိုအပ်ပြီးသည့်အတိုင်း၊(“အရဝ် ၄မျက်နှာ, ဂ မျက်နှာတို့ဦး တစပ်တည်းစပ်နေလျှင်” ဟု ပြောအပ်ခဲ့သည့်အတိုင်း၊) စက္ကသဏ္ဌာနေန - စက်ဝိုင်း သဏ္ဌာန်အားဖြင့်၊ ဝိဟာရံ-ကို၊ (သိမ်သမုတ်မည့် ကျောင်းကို၊) ပရိက္ခိပိတ္ဝာ–ဝိုင်းရံ၍၊ ဌိတော-တည်သော၊ ယော ပဗ္ဗတော- သည်၊ (အတ္ထိ)၊ တံ-ထိုတောင်ကို၊ ကေဒီသာယ-တခုသော အရပ်၌၊ ကိဉ္စိတ္တဝ္ဝာ-နိမိတ်ပြော၍၊ အညာသု-ထို အရပ်မှတပါး ကုန်သော၊ ဒီသာသု- တို့၌၊ တံ-ထိုတောင်ကို၊ (ပတ်ပတ်လည် ဝိုင်း၍ နေသော ထို တောင်ကို၊) ဗဟိဒ္ဓါ-သိမ်၏ ပြင်ဘက်၌၊ ကတ္ဝာ-ပြု၍၊(ထား၍၊) အန္တောပတ်ပတ်လည် တောင်၏ အတွင်း၌၊ အညာနိ - ကုန်သော၊ နိမိတ္တာနိ - တို့ကို၊ ကိတ္တေတမ္မာနိ-နှံ၏။

ပဗ္ဗတဿ–၏၊ တတိယဘာဂံဝါ- ၃ ခုမြောက် တဖို့ကိုသော်ငင်း၊ ဥပမုံဝါ–ထက်ဝက်ကိုသော်ငင်း၊ သီမာယ- ၏၊ အန္တော- အတွင်း၌၊ ကတ္တုကာမော - ပြုလိုကုန်သည်၊ သစေ ဟောန္တိ-ကုန်အံ့၊(ဧဝံ ဟောန္တေသု) ပမ္ဗတံ– ကို၊ အကိတ္တေတ္ဝာ-နိမိတ်အဖြစ်ဖြင့် မပြောပြမူ၍၊ ယတ္တကံ– အကြင်မျှ အတိုင်းအရှည်ရှိသော၊ ပဒေသံ-အရပ်ကို၊ အန္တော-သိမ်၏အတွင်း၌၊ ကတ္တုကာမော-နှံသည်၊(ဟောန္တိ-နှံ၏၊)တသ္မာ-ထိုအရပ်၏၊ပရတော-ပြင်ဘက်၌၊တသ္မိံ ယေဝ ပဗ္ဗတေ-ထိုတောင်ပေါ်၌ပင်၊ ဇာတရုက္ခဝမ္မိကာဒီသု - ပေါက်သော သစ်ပင် တောင်ပို့ အစရှိသည်

× × × × × × ×

တံ ဗဟိဒ္ဓါ ကတ္ဝာ ။ ။ တောင်နိမိတ်မှ တပါးသော သစ်ပင် ကျောက်ခဲစသော နိမိတ်တို့ကို တောင်၏ပြင်ဘက်၌ ထား၍ တောင်နိမိတ်ကို အတွင်း၌ထားလျှင် ထို တောင်နိမိတ်က သိမ်တွင်းရောက်နေ၏၊ ထိုသို့ အတွင်းဝင်နေသည့်အတွက် သိမ်မပျက်သော်လည်း မသင့်လျော်သောကြောင့်“တံ ဗဟိဒ္ဓါ ကတ္ဝာ”ဟု ဆိုသည်။ [တံ ဗဟိဒ္ဓါ ကတ္ဝာတိ ကိတ္တိတနိမိတ္တဿ အသိမတ္ထာ အန္တော သီမာယ ကရဏံ အယုတ္တံတိ ဝုတ္တံ၊ တေနာဟ–သစေတိ အာဒိ၊ — ဝိမတိ။]

တို့တွင်၊ အညတရံ - အမှတ်မထား တပါးပါးကို၊ နိမိတ္တံ- ကို၊ ကိတ္တေတဗ္ဗံ- ၏၊ ကေယောဇန ဒ္ဝိယောဇနပ္ပမာဏံ-တယူဇနာ နှစ်ယူဇနာ ပမာဏရှိသော၊ သဗ္ဗံ-သော၊ ပဗ္ဘတံ- ကို၊ အန္တော – သိမ်၏အတွင်း၌၊ ကတ္တုကာမော သစေ ဟောန္တိ၊ (ဧဝံ ဟောန္တေသု၊) ပဗ္ဘတသဒ-၏၊ ပရတော-ပြင်ဘက်၌၊ ဘူမိယံ-မြေ၌၊ ဇာတရူက္ခ ဝမ္မိကာဒိနိ-အစရှိသည်တို့ကို၊ နိမိတ္တာနိ-တို့ကို၊ ကိတ္တေတဗ္ဗာနိ။

ပါသာဏာ နိမိတ္တေ- ကျောက်နိမိတ်၌၊ အယဂုဠောပိ - သံတွေခဲ သည်လည်း ပါသာဏသဏ္ဌာန်မဝ – ကျောက် ဟူသော အရေအတွက်သို့သာလျှင်၊ ဂစ္ဆတိ– ရောက်၏၊ တသ္မာ-ကြောင့်၊ ယောကောစိ- အမှတ်မထား တပါးပါးသော၊ (သံဖြစ်ဖြစ် , ကျောက်ဖြစ်ဖြစ် - ဟူလို၊) ပါသာဏော - ကျောက်သည်၊ ဝဋ္ဋတိ၊ ပမာဏတောပန-အတိုင်းအရှည်အားဖြင့်ကား၊ ဟတ္ထိပ္ပမာဏော-ဂုတောင်ထွာဆင်ပမာဏရှိသော ကျောက်သည်၊ ပဗ္ဘတသဏ္ဌံ- တောင်ဟူသော အရေအတွက်သို့၊ ဂတော-ရောက်ပြီ၊ တသ္မာ-ကြောင့်၊ သော- ထို ဆင်ပမာဏရှိသော ကျောက်သည်၊ နဝဋ္ဋတိ၊ [ကျောက်နိမိတ်အဖြစ်ဖြင့် မအပ်၊ တောင်နိမိတ်အဖြစ်ဖြင့်ကား အပ်ပါ၏။] ပန-ကား၊ မဟာဂေါဏ မဟာမဟိံသပ္ပမာဏော-နွားကြီး, ကျွဲကြီး ပမာဏရှိသော ကျောက်သည်၊ ဝဋ္ဋတိ၊ ဟေဋ္ဌိမပရိစ္ဆေဒေန-အောက်၌ဖြစ်သော အပိုင်းအခြား အားဖြင့်၊ ဒ္ဝိတ္တိံသပလဂုဠပိဏ္ဍ ပရိမာဏော - ၃၂ ပိုလ်ရှိသော တင်လဲခဲပမာဏရှိသော ကျောက်သည်၊ ဝဋ္ဋတိ၊ တတော–ထို ၃၂ ပိုလ်ရှိသော တင်လဲခဲ ပမာဏအောက်၊ ခုဒ္ဒကတရော-ငယ်သောကျောက်သည်၊ (တရပစ္စည်း အနက်မရှိ၊) (နဝဋ္ဋတိ၊) ဇဂ္ဂကာဝါ - အုဋ္ဌသည်မူလည်း၊ မဟန္တိ - ကြီးသည်၊ (သမာနာ)ပိ - သော်လည်း၊ နဝဋ္ဋတိ၊ အနိမိတ္တာပဂပါသာဏာသိပိ - နိမိတ်အဖြစ်သို့ မကပ်ရောက်သော ကျောက်ခဲတို့၏ အစုအပုံသည်လည်း၊ (နိမိတ်မလောက်သော ကျောက်ခဲကလေးတို့၏ အစုအပုံသည်လည်း၊) နဝဋ္ဋတိ၊ ပံသုဝါလိကာရာသိ-မြေပုံ သဲပုံအစုသည်၊ ပဂေဝ-ရွှေးဦးမဆွ အစကပင်၊(နဝဋ္ဋတိ)၊ ဘူမိသမော-မြေနှင့်ညီမျှသော၊ ခလမဏ္ဍလသဒိသော-ကောံနယ်တလင်းဝန်းနှင့်တူသော၊ ဝိဋပါသာဏောဝါ– ကျောက်ဖျာသည်သော်၎င်း၊ ဘူမိတော - မြေမှ၊ ခါဏုကောဝိယ- သစ်ငုတ်သည်ကဲ့သို့၊ ဥဋ္ဌိတပါသာဏောဝါ - ပေါ်ထွက်သော ကျောက်သည်သော်၎င်း၊ ဟောတိ-ရှိတတ်၏၊ သောပိ–ထိုကျောက်ဖျာ, ကျောက်

× × × × × × ×

ဒ္ဝိတ္တိံသပလ ဂုဠပိဏ္ဍ။ ။ လောကသ – လူအပေါင်း၏၊ ဝိမတိံ – တွေးတောခြင်းကို + ပလတိ (ပါလေတိ) – စောင့်ရှောက်တတ်၏၊ ဇူတိ ပလံ၊ ထိုပလသည် “၄ ကျပ်ပမာဏရှိ၏”ဟု လောကီကျမ်းတို့၌ တညီတညွတ် ဆိုကြ၏၊ ၃၂ ပိုလ်ဟူသည် တရာ့နှစ်ဆယ့် ရှစ်ကျပ်သား အချိန် ရှိ၏၊ ထိုမျှလောက် အချိန်ဝိုးသော တင်လဲခဲ (ထန်းလျက်ခဲ) ကို “ဒ္ဝတ္တိံသပလ ဂုဠပိဏ္ဍ”ဟု ခေါ်သည်၊ ထို တင်လဲခဲနှင့် (အချိန်ချင်း တူရမည်မဟုတ်) အရွယ်ချင်းတူသော ကျောက်သည် နိမိတ်ပြုလောက်၏။

ငုတ်သည်လည်း၊ ပမာဏုပဂေါ-ပမာဏသို့ကပ်ရောက်သည်၊ (နွိုတ်ိ ံသပလဂုဥ ပိဏ္ဍုပမာဏရှိသည်၊) စေ (ဟောတိ၊ ဧဝံသတိ)၊ ဝန္တိ၊ ပိဋ္ဌပါသာဏော– သည်၊ အတိမဟန္တာပိ-အလွန်ကြီးကျယ်ပါသော်လည်း၊ ပါသာဏသင်္ခါမေဝ-သို့သာ၊ ဂစ္ဆတိ–၏၊ တဿာ- ကြောင့်၊ မဟတော- ကြီးစွာသော၊ ပိဋ္ဌပါသာဏ သ- ၏၊ ကေပ္ပဒေသံ - ကခုသောအရပ်ကို၊ သိမာယ– ၏၊ အန္တော- ၌၊ ကတ္တု ကာမော- ပြုလိုကုန်သည်၊ သစေ ဟောန္တိ၊ (ဧဝံ ဟောန္တေသု)၊ တံ-ထိုကျောင်းဖျာ ကို၊ အကိတ္တေတွာ - နိမိတ်အဖြစ်ဖြင့် မပြောမူ၍၊ တဿ – ထို ကျောက်ဖျာ၏၊ ဥပရိ- အပေါ်၌၊ အညော-အခြားသော၊ ပါသာဏော-ကျောက်တုံး, ကျောက်ခဲ ကို၊ ကိတ္တေတဗ္ဗော။

ပိဋ္ဌပါသာဏုပရိ-ကျောက်ဖျာ၏အထက်၌၊ ဝိဟာရံ–ကို၊ သစေ ကရောန္တိ၊ (ဧဝံသတိ)၊ဝိဟာရမဇ္ဈေန-ကျောင်းတိုက်၏အလယ်ဖြင့်၊ပိဋ္ဌပါသာဏော-သည်၊ ဝိနိဝိဇ္ဈိတွာ-ထုတ်ချင်း လျှိုထွင်း၍၊ (အရှေ့ အနောက်, သို့မဟုတ် တောင်မြောက် ထုတ်ချင်းဖေါက်၍၊) ဂစ္ဆတိ-အံ့၊ ဒေရုပေါ်- သော၊ ပိဋ္ဌပါသာဏော-သည်၊ နဝန္တိ၊ ဟိ - မှန်၊ (တနည်း) ဟိ (ယသ္မာ) - ကြောင့်၊ တံ-ထိုကျောက်ဖျာကို၊ (ကျောင်းတိုက်ခအောက်က ကျောက်ဖျာ, ထုတ်ချင်းဖေါက်၍သွားသော ကျောင်ဖျာ ကို၊) သစေ ကိတ္တေန္တိ - နှံအံ့၊ (ဧဝံသတိ)၊ နိမိတ္တာသ - ၏၊ ဥပရိ - အပေါ်၌၊ ဝိဟာရော - သည်၊ ဟောတိ - ဖြစ်နေ၏၊ နိမိတ္တာဘာနာမ – နိမိတ်မည်သည်လည်း၊ (နိမိတ်ဆိုတာလဲ)၊ သိမာယ-၏၊ ဗဟိ-ပတ်ဝန်းကျင်ဘေးဌ၊ ဟောတိ-ဖြစ်ရ၏၊ (ရှိရ၏၊) [ယခုခေတ့ နိမိတ်က သိမ်၏အောက်ရောက်နေ၍ ကျောင်းက နိမိတ် အထက်က ဖြစ်နေသည် – ဟူလို။] ဝိဟာရောပိ – ကျောင်းတိုက်သည်လည်း၊ (အလယ်ခေါင်၌ ကျောက်ဖျာထွင်းသွားသော ကျောင်းတိုက်သည်လည်း၊) ဗဟိ သိမ ာယံ- သိမ်၏ အပြင်ဘက်၌၊ အာပဇ္ဇတိ - ဖြစ်နေ၏၊ [ကျောင်းတဝိုင်းက သိမ်

× × × × × × ×

အတိမဟန္တောပိ၊ ။ဘူမိတော ဟတ္ထိပပ္ပမာဏံ အနုဂ္ဂန္တွာ ဟေဋ္ဌာဘူမိယံ ဩတိဏ္ဏ ဩနဒတာ အဓနကယောဇနပပ္ပမာဏောပိ၊ (ပါသာဏ သင်္ခါမေဝ ဂစ္ဆတ်၌စပ်၊) သစေ ဟိ တဒတာ ဟတ္ထိပပ္ပမာဏံ ကုဋ္ဌံ ဥဂ္ဂစ္ဆတိ၊ ပဗ္ဗတသင်္ခါမေဝ ဂစ္ဆတိ၊–ဝိမတ်။

မဟိသိမာယံ အာပဇ္ဇတိ၊ ။“ဝိဟာရောပိ ဗဟိသိမာယံ အာပဇ္ဇတိ” ဟူသော စကားသည် အလယ်ခေါင်၌ ကျောက်ဖျာထွင်းသွားသော ကျောင်းတိုက်ကို ရည်ရွယ်၍ ဆိုသော စကားတည်း၊ အလယ်ခေါင် ကျောက်ဖျာကို တောင်ဘက်ပိုင်းက နိမိတ်ပြော လျှင် နိဒါတ်တောင်ဘက်က ကျောင်းတဝိုင်းသာ သိမ့်အတွင်းရောက်၍ မြောက်ဘက် အစိတ်အပိုင်းက သိမ့်ပြင်ဘက် ရောက်နေသည်၊ မြေဘက်ပိုင်းက နိမိတ်ပြောလျှင်ငင်း, အရှေ့ဘက် အနောက်ဘက်က နိမိတ်ကြားရာ၌ငင်း ဤနည်းကို မှီပါ၊ ထို့ကြောင့် ဤကဲ့ သို့သော ကျောက်ဖျာကို နိမိတ်မလုပ်ရ။ [ယောဇနာ၌“သိမတော”ဟု ဖွင့်၏၊ ထိုအလို “မဟိ သိမာယ”ဟု ရှိဟန်တူသည်။]

ပြင်ဘက် ရောက်နေသည်-ဟူလို။] (တသွာ-ကြောင့်၊ ဧဝရူပေါ ဝိဇ္ဇပါသာဏော-သည်၊ နဝန္တဘိ၊)ဝိဟာရံ-ကို၊ ပရိက္ခိပိတွာ-၍၊ ဌိတပိဋ္ဌပါသာဏော-တည်သော ကျောက်ဖျာကို၊ ကေတ္ထ- တခုဒသာအရပ်၌၊ ကိဥ္စတ္တာတွာ - နိမိတ်အဖြစ်ဖြင့် ပြောပြီး၍၊ အညတ္ထ-အခြားအရပ်၌၊ နှ ကိတ္တေတဗ္ဗော-ထိုက်။ [နိမိတ်တခုသာ ရသော ကြောင့် တနေရာသာ ပြောရမည်။]

ဝနနိမိတ္တေ-၌၊ တိဏဝနံဝါ-မြက်တောသည်ဌင်း၊ တစသာရ တာလ နာဠီ ဇေရာဒိ ရုက္ခဝနံဝါ – အခွံ အခေါက်ဟူသော အနှစ်ရှိသော ထန်းပင် အုန်းပင် အစရှိသော သစ်ပင်တို့၏တောသည်ဌင်း၊ (နိမိတ္တံ ကာတုံ) နဝန္တိ၊ (အာဒိဖြင့် ဝါးကိုယူ၊) ပန-အနွယ၊ အန္တောသာရာနံ-အတွင်း၌ အနှစ်ရှိကုန်သော၊ သာကသာလာဒီနံ–ကျန်းပင် အင်ကြင်းပင် အစရှိကုန်သော၊ ရုက္ခာနံဝါ- သစ်ပင်တို့၏ သော်ဌင်း၊ (အာဒိဖြင့် ရှားပင် စသည်ကိုယူ၊) အန္တောသာရ မိဿကာနံ – အတွင်း၌ အနှစ်ရှိသော သစ်ပင်တို့ဖြင့် ရောနှောကုန်သော၊ ရုက္ခာနံဝါ – တို့၏ သော်ဌင်း၊ ဝနံ- သည်၊ ဝန္တိ၊ စ- ဆက်၊ တံ- ထိုတောသည်၊ ဟေဋ္ဌိမ ပရိစ္ဆေဒေန – အောက်၌ဖြစ်သော အပိုင်းအခြားအားဖြင့်၊ စတုပဉ္စ ရုက္ခမတ္တမ္ပိ - ၄ ပင် ၅ ပင် အတိုင်းအရှည်ရှိသော တောသည်လည်း၊ ဝန္တိ၊ (ဟေဋ္ဌိမ ပရိစ္ဆေဒေန နောက်၌ "ဝနံ" ဟု အဆို့စာရှိ၏၊) တတော-ထို ၄ ပင် ၅ ပင်အောက်၊ ဩရံ-ယုတ်လျော့သော တောသည်၊ နဝန္တိ၊ ပရံ – ၄ ပင် ၅ ပင်ရှိသော တောထက် အလွန်၊ ယောဇနသတိကမ္ပိ - ယူဇနာတရာရှိသော တောသည်လည်း၊ ဝန္တိ-အပ်၏။

ပန-ဆက်၊ ဝနမစ္ဆေ-တောအလယ်၌၊ ဝိဟာရံ- ကို၊ သစေ ကရောန္တိ-နှံ့ခဲ့၊ (ဝံသတိ)၊ ဝနံ - ကို၊ နကိတ္တေတဗ္ဗံ၊ [နိမိတ်တစိတ်တပိုင်းက ကျောင်းတွင်း ရောက်နေသောကြောင့် ထိုတောမျိုးကို နိမိတ်မလုပ်ရ၊] ကေဒေသံ - တော၏ တစိတ်တပိုင်းကို၊ အန္တောသိမာယ - ၌၊ ကတ္တုကာမေဟိပိ – ပြုလိုကုန်သော ရဟန်းတို့သည်လည်း၊ ဝနံ - ကို၊ အကိတ္တေတွာ - ၍၊ တတ္ထ - ထိုတော၌၊ ရုက္ခ ပါသာဏာဒယော-သစ်ပင် ကျောက်အစရှိသည်တို့ကို၊ ကိတ္တေတဗ္ဗာ၊ [အကယ်၍ နိမိတ်လုပ်လျှင် "နိမိတ္တာသ ဥပရိ ဝိဟာရော ဟောတိ" စသည်ဖြင့် ဆိုခဲ့ပြီးသော အပြစ်များ ရောက်စရာရှိသည်။] ဝိဟာရံ - ကို၊ ပရိက္ခိပိတွာ - ဝိုင်း၍၊ ဌိတဝနံ-တည်သောတောကို၊ ကေတ္ထ၊ပေ၊ နကိတ္တေတဗ္ဗံ။

× × × + × × × ×

စတုပဉ္စရုက္ခမတ္တမ္ပိ။ ။"အန္တောသာရ"ဟူရာ၌ ထိုနိမိတ်သုပ်ချိန်ဝယ် အနှစ်ရှိရမည် ဟု မဆိုလို၊ အမျိုးအစားအားဖြင့် အတွင်း၌ အနှစ်ရှိခြင်းကိုသာ ဆိုလိုသည်၊ ထိုသို့ အတွင်း၌ အနှစ်ရှိသော သစ်ပင်အမျိုးအစားဖြစ်လျှင် သီဟိုဠ်ကဲ့သို့ ကညစ်တံပမာလောက်ရှိလျှင် အတွင်း၌ အနှစ်မတည်သေးသော်လည်း ၄ ပင်, ၅ ပင်ရှိက ဝနနိမိတ် ပြုခြင်းငှါ လောက်သည်။

ရုက္ခနိမိတ္တေ-သစ်ပင်နိမိတ်၌၊ တစသာရော-အခွံဟူသောအနှစ်ရှိသော၊ တာလ နာဠိကေရာဒိ ရုက္ခော-ထန်းပင် အုန်းပင် အစရှိသော သစ်ပင်သည်၊ နဝန္နတိ၊ အန္တောသာရော- အတွင်း၌ အနှစ်ရှိသော၊ ဇိဝမာနကော- အသက် ရှင်ဆဲဖြစ်သော၊(ခြောက်နေသည် မဟုတ်သော၊)အန္တမသော-အောက်ထစ်ဆုံးအားဖြင့်၊ ဥဒ္ဓေဓတော-အစောက်အားဖြင့်၊ အဋ္ဌင်္ဂုလော-လက်ရှစ်သစ်ရှိသော၊ ပရိဏာဟတော-လုံးပတ်အားဖြင့်၊ သူစိဒလ္လကပဗမာဏောပိ-သီဟိုဠ်ကညစ်ရိုးတံပမာဏရှိသော သစ်ပင်သည်လည်း၊ ဝန္နတိ၊ (သူစိဒလ္လကပမာဏ၏ အဓိပ္ပါယ်ကို ကခ်ါဘာသာဋီကာ၌ ပြထားပြီ၊) [ဝိမတိ၌ သူစိဒလ္လကကို "ဝံသဒလ္လပမာဏ-ဝါးရိုးဒုတ်တံပမာဏရှိသောသစ်ပင်"ဟု ဖွင့်၏၊ လေခနိဒလ္လပဗမာဏကို "ကေစိ" ဟု ဆိုလေသည်၊] တတော - ထို သူစိဒလ္လကပမာဏရှိသော သစ်ပင်အောက်၊ သြရံ- ယုတ်လျော့သော သစ်ပင်သည်၊ နဝန္နတိ၊ ပရံ-အလွန်ဖြစ်သော သစ်ပင်သည်၊ ဒွါဒသယောဇနော - ၁၂ ယူဇနာရှိသော၊ သုပ္ပတိဋ္ဌိတ နိဂြောဓောပိ-ကောင်းစွာတည်သော ပညောင်ပင်သည်လည်း၊ ဝန္နတိ၊ ဝံသ နဠက သရဝါဒိသု-ဝါးဆစ်, ကျူဆစ်, အိုးခွက်အစရှိသည်တို့၌၊ ဗီဇ-မျိုးစေ့ကို၊ ရောပေတွာ-ပေါက်စေ၍၊(စိုက်ပျိုး၍)၊ ဝဍ္ဎိတော-ကြီးပွားစေအပ်သော၊ ပမာဏုပဂေါပိ-ပမာဏသို့ ကပ်ရောက်သော သစ်ပင်သည်လည်း၊ (သူစိဒလ္လက ပမာဏရှိသော် လည်း၊) နဝန္နတိ၊(အိုးစသည်၌ ထည့်ထားသောကြောင့် မအပ်-ဟူလို)၊

ပန-အနွယ၊ တတော- ထိုဝါးဆစ် စသည်မှ၊ အပနေတွာ- ဖယ်၍၊ တခ်ဏ မွိ-ထိုခဏ၌လည်း၊(သိမ်သမုတ်မည့် ခဏ၌လည်း၊)ဘူမိယံ-မြေ၌၊ ရောပေတွာ-ပေါက်ခဲ့စ၍၊ ဝါ- ဂို့က်၍၊ ကောဋ္ဌကံ - မြေအိုးကို၊ ကတွာ-၍၊ ဥဒကံ – ရေကို၊ အာသိဉ္စိတွာ–သွန်လောင်း၍၊(နိမိတ္တံ-ကို၊) ကိတ္တေတုံ ဝန္နတိ၊ နဝ မူလသာခါ နိဂ္ဂမနံ – အသစ်ဖြစ်သော အမြစ်အခက်တို့၏ ထွက်ခြင်းသည်၊ အကာရဏံ– အကြောင်း မဟုတ်၊ [နိမိတ်လုပ်ဘို့ရန် အကြောင်း မဟုတ်၊ "အမြစ်သစ် အခက်သစ် ထွက်အောင် ဆိုင်းငံ့နေဘွယ် မလို-ဟူလို။]ခန္ဓံ-ပင်စည်ကို၊ ဆိန္ဒိတွာ-ဖြတ်၍၊ (ကိုင်းဖြတ်၍၊) ရောပိတေ ပန - စိုက်ပျိုးအပ်သော သစ်ပင်၌ကား၊ တေံ- ဤ အမြစ်သစ် အခက်သစ်တို့၏ ထွက်ခြင်းသည်၊ ယုဇ္ဇတိ - သင့်၏၊ စ-ဆက်၊ ကိတ္တေနေန-နိမိတ်ပြောသော ရဟန်းသည်၊ "ရုက္ခော"တိပိ-"သစ်ပင်" ဟူ၍လည်း၊ ဝတ္တုံ - လျောက်ခြင်းငှါ၊ ဝန္နတိ၊ [" ရုက္ခော ဘန္တေ "ဟု သာမညဖြင့်လည်း လျောက်နိုင်သည်-ဟူလို၊] သာကရုက္ခောတိပိ- ကွန်းပင်ဟူ၍ၜင်း၊ သာလရုက္ခောတိပိ-အင်ကြင်းပင်ဟူ၍ၜင်း၊(ဝတ္တုံ ဝန္နတိ၊)[သစ်ပင်တမျိုးစီ၏နာမည်ဖြင့်လည်း "သာကရုက္ခော ဘန္တေ"စသည်ဖြင့် လျောက်နိုင်သည်။] ပန- ဆက်၊ ကောဗ္ဘံ-တဆက်တည်းစပ်နေသော၊ သုပ္ပတိဋ္ဌိတ နိဂြောဓသဒိသံ- ကောင်းစွာတည်သော ပဉ်ညောင်ပင်နှင့်တူသော သစ်ပင်ကို၊ ကတ္ထ–၌၊ပေ၊ နဝန္နတိ၊

မဂ္ဂနိမိတ္တော-လမ်းနိမိတ်၌၊အရညခေတ္တာနဒီတဉ္စာက မဂ္ဂါဒယော-တောသွား လမ်း လယ်သွားလမ်း မြစ်သွားလမ်း တဖက် ဆည်ကန်သွားလမ်း အစရှိသည် တို့ဿည်၊ နဝန္နန္တိ၊ ယော–အကြင်လမ်းသည်၊ ဒွေ (ဂါမန္တရာနိ)- ၂ ခုသော ရွာတပါးတို့သို့လေ်ာ်ရင်း၊ ဝါ-တို့ကိုသော်ရင်း၊ တိဏိ ဂါမန္တရာနိ-၃ ခုသော ရွာ တပါးတို့သို့သော်ရင်း၊ ဝါ-တို့ကိုသော်ရင်း၊ နိဗ္ဗိဇ္ဈိတွာ- ထွင်းဖေါက်၍၊ ဂစ္ဆတိ-သွား၏။ [“ဒွတ္တိဏိ” ဟု လည်း ရှိနိုင်၏၊ ရှိလျှင် သမာသံကြံ။] ဇယ်မဂ္ဂေါဝါ-ခြေဖြင့် သွားအပ်သော လမ်းသည်မူလည်း ဖြစ်သော၊ သကဋမဂ္ဂေါဝါ- လှည်း ဖြင့် သွားအပ်သော လမ်းသည်မူလည်း ဖြစ်သော၊ (သော - ထို လမ်းသည်၊) ဝန္နတိ-အပ်၏၊ ပန-ဗျတိရိက်၊ ယော ဇယ်မဂ္ဂေါ-အကြင်ခြေလမ်းသည်၊ သကဋ မဂ္ဂတော- လှည်းလမ်းမှ၊ ဥက္ကမိတွာ - ခွါထွက်၍ (ဖဲ၍)၊ ပုန-ဖန်၊ သကဋမဂ္ဂ မေဝ-လှည်းလမ်းသို့သာလျှင်၊ ဩတရတိ–သက်ရောက်၏၊ (ပေါင်းဆုံ၏၊) ယေ ဇယ်မဂ္ဂ သကဋမဂ္ဂါဝါ– အကြင် ခြေသွားလမ်း လှည်းသွားလမ်း တို့ကိုလည်း၊ အဝဥ္ဆွာ - မသုံးစွဲအပ်ကုန်၊ တေ-ထို လမ်းတို့သည်၊ (လှည်းလမ်းမှ ထွက်၍ လှည်းလမ်းသို့ ပြန်ပေါင်းသောလမ်း, အသုံးအစွဲမရှိသော ခြေလမ်း လှည်းလမ်း တို့သည်၊) နဝန္နန္တိ၊ ဇယ်သတ္ထသကဋသတ္ထေဟိ- ခြေကုန်သည် လှည်းကုန်သည် တို့သည်၊ ဝဉ္ဈိယမာနာယေဝ - သုံးစွဲအပ်ဆဲ ဖြစ်သော ခြေလမ်း လှည်းလမ်း တို့သည်သာ၊ ဝန္နန္တိ၊ ဒွေ- ၂ခုကုန်သော၊ မဂ္ဂါ–တို့သည်၊ နိက္ခမိတွာ-ထွက်ခွါ၍၊ ပစ္ဆာ– နောက်၌၊ သကဋဓုရမိဝ – လှည်းဥုံးသည်ကဲ့သို့၊ သစေ ကောဘဝန္တိ- အကယ်၍ တပေါင်းတည်း ဖြစ်ကုန်အုံ့၊ (ဧဝံ သတိ) ဒွိဓာ- ၂ ဖြာ၊ ဘိန္နဋ္ဌာနေ ဝါ-ကွဲနေရာ အရပ်၌သော်ရင်း၊ သမ္ဗန္ဓဋ္ဌာနေဝါ – စပ်နေရာ အရပ်၌သော်ရင်း၊ သကိံ-တကြိမ်၊ ကိတ္တေတွာ-၍၊ ပုန နကိတ္တေတဗ္ဗာ၊ ဟိ-မှန်၊ တေံ-၍ ၂ ဖြာကွဲ၍ နောက်မှ ပေါင်းစပ်နေသော လမ်းသည်၊ ကောဇဒ္ဓနိမိတ္တံ - တဆက်တည်း စပ်နေသော နိမိတ်သည်၊ ဟောတိ၊[“ကဿဓာ သကိံ ကိတ္တေတွာ ပုန နကိတ္တေ တဗ္ဗာ၊ ဟိယသ္ဓာ တေံ ကောဇဒ္ဓနိမိတ္တံ ဟောတိ၊ တဿဓာ သကိံ ကိတ္တေတွာ ပုန နကိတ္တေတဗ္ဗာ”–ဟု ကာရဏဝါကျ ကြံ၍သော်လည်း ပေး။]

ဝိဟာရံ-ကို၊ ပရိက္ခိပိတွာ-ရစ်ပတ်၍၊ ဝါ-ဝိုင်း၍၊ စတ္တာရော-နှံသော၊ မဂ္ဂါ-တို့သည်၊ စတူသု-ကုန်သော၊ ဒိသာသု-တို့၌၊ သစေ ဂစ္ဆန္တိ- နှံအုံ့၊ (ဧဝံသတိ)၊ မဇ္ဈေ-အလယ်၌၊ ကံ-တခုသောလမ်းကို၊ ကိတ္တေတွာ-၍၊ အပရံ-အခြားသော လမ်းကို၊ ကိတ္တေတုံ နဝန္နတိ၊ ဟိ-မှန်၊ တေံ- ၍ကျောင်း၏ ဝန်းကျင်ပတ်လည်

× × × × × × ×

မဇ္ဈေ ကံ ကိတ္တေတွာ။ ။“မဇ္ဈေ”ဟု ဆိုသော်လည်း“လမ်း ၄ ခုတို့၏ အလယ် တည့်တည့်၌” ဟု ဆိုလိုသည်မဟုတ်,“လမ်း ၄ ခုတို့တွင်” ဟု နိဒ္ဓါရဏဆိုလိုသည်၊ ထို လမ်း ၄ ခုတည်းက တခုခုကို နိမိတ်လုပ်ပြီးလျှင် အခြားလမ်းကို နိမိတ်မလုပ်ရ-ဟု ဆိုလို

လမ်း ၄ ခုသည်၊ ကောဗ္ဗနိမိတ္တံ ဟောတိ၊ (ရှေ့အတိုင်း " ကသ္မာ " ထည့်၍ လည်း ပေးနိုင်သည်၊) ပန -ဆက်၊ ကောဏံ- ကျောင်း၏ အထောင့်ကို၊ နိဗ္ဗိဇ္ဈိ တွာ - ထွင်းဖေါက်၍၊ ဝါ - ဖြတ်၍၊ ဂတမဂ္ဂံ - သွားသောလမ်းကို၊ ပရဘာဂေ- ကျောင်း၏ပြင်ဘက် အဘို့၌၊ ကိတ္တေတုံ ဝဋ္ဋတိ၊ ပန - ဆက်၊ ဝိဟာရမဇ္ဈေန - ကျောင်းအလယ်ဖြင့်၊ နိဗ္ဗိဇ္ဈိတွာ-၍၊ ဂတမဂ္ဂေါ - သွားသောလမ်းကို၊ နု ကိတ္တေ တဗ္ဗော၊ ကိတ္တိတေ-ပြောပြဲအပ်သော်၊ နိမိတ္တာဿ - ၏၊ ဥပရိ - အပေါ်၌၊ ဝိဟာ ရော-သည်၊ ဟောတိ၊ (သိမ်နိမိတ်ဟူသည့် ဘေးကရှိရိုးတည်း၊) သကဋမဂ္ဂဿ- လှည်းလမ်း၏၊ အန္တိမစက္ကမဂ္ဂံ-အတွင်း၌ဖြစ်သော လှည်းဘီး၏လမ်းကို၊ နိမိတ္တံ- ကို၊ သစေ ကရောန္တိ- န်အံ့၊ (ဝေံသတိ)၊ မဂ္ဂေါ - လှည်းလမ်း တခုလုံးသည်၊ ဗဟိသီမာယ - သိမ်၏ပြင်ဘက်၌၊ ဟောတိ၊ ဗာဟိရစက္ကမဂ္ဂံ - အပြင်၌ဖြစ်သော လှည်းဘီး၏လမ်းကို၊ နိမိတ္တံ သစေ ကရောန္တိ၊ (ဝေံသတိ)၊ ဗာဟိရစက္က မဂ္ဂေါ ဝ- သည်သာ၊ ဗဟိသီမာယ - ၌၊ ဟောတိ၊ သေသံ- အပြင်လမ်းမှ ကြွင်းသော အတွင်းလမ်းသည်၊ (မဂ္ဂေါကိုငဲ့၍"သေသော"ဟု ရှိလျှင် ကောင်း၏၊) အန္တောသီမံ-သိမ်၏ အတွင်းသို့၊ ဘဇတိ-ကပ်ဝင်၏။

× × × × × × ×

သည်၊ [ဝိမတိဉ်ကား " သီမာယ မဟာဒိသာနံ အန္တော" ဟု ဖွင့်၏၊ "မဟာဒိသာ" ဟူသည် အထောင့်မဟုတ်သော ရှေ့တည့်တည့်အရပ်တည်း၊ "ထိုအရပ်တို့၏ အတွင်း ဘက်က တခုခုကို နိမိတ်လုပ်ပါ"ဟူလို၊ အဓိပ္ပါယ်မှာ သဘောတူပင်တည်း။]

ကောဏံ နိဗ္ဗိဇ္ဈိတွာ။ ။"နိဗ္ဗိဇ္ဈိတွာ" ဖြင့် ရှေ့ဝါကျ၌လာသော "ပရိက္ခိဝိတွာ" ကို ကန့်သည်၊ သိမ်သမုတ်မည့်ကျောင်းတိုက်ကို ဝိုင်း၍ ဘေးကသွားသောလမ်းမဟုတ်, ကျောင်းတိုက်၏အထောင့်ကို ဖြတ်သွားသောလမ်း – ဟူလို၊ ထိုကဲ့သို့ လမ်းမျိုးလည်း ထောင့် ၄ ထောင့်မှာရှိဘို့ ခဲယဉ်း၏၊ တထောင့်လောက်သာ ရှိတတ်သည်၊ ထို့ကြောင့် "မဂ္ဂါ" ဟု ဗဟုဝုစ်မသုံးဘဲ " ဂတမဂ္ဂံ " ဟု ဧကဝုစ်သုံးသည်၊ ထိုကဲ့သို့ လမ်းမျိုးကို နိမိတ်လုပ်လိုလျှင် "ပရဘာဂေ ကိတ္တေတုံ– ကျောင်းထောင့်၏ အပြင်ဘက် ရောက်နေသော အရပ်ကို နိမိတ်လုပ်ကောင်းပါသည်"–ဟူလို။

ဒုကာ၊ ။ဤသို့ အဋ္ဌကထာ၌ ဖြစ်တောင့် ဖြစ်ခဲစွာ ကျောင်း၏အထောင့်ကို ဖြတ် သွားသော လမ်းတခုကိုသာ ပြထား၍ဖြင့် အဓိပ္ပါယ် ရှင်းနေပါလျက် " ပရဘာဂေ ကိတ္တေတုံ ဥဒကတိတိ ဗဟိ နိက္ခမိတ္ဝာ ဋ္ဌိတေသု အဋ္ဌသု မဂ္ဂေသု (အထောင့်တခုကို ဖြတ် သွားရာ၌ အဝင် အထွက် ၂ ခုကို လမ်း ၂ လမ်း ဟု ပြု၍ အထောင့် ၄ ခုအတွက် ၈ ခု သော လမ်းတို့တွင်) ဧကိဿာ ဒိသာယ ဧကော် အပရာယ ဧကန္တိ (အရပ်တခုလျှင် နိမိတ် တခုစီ လုပ်၍) ဝေံ စတူသု ဌာနေသု ကိတ္တေတုံ ဝဋ္ဋတိ" ဟု သာရတ္ထဒီကာ မိန့်သော ကြောင့် နောင်လာ နေ့သားတို့ အမျိုးမျိုးစဉ်းစားစရာ ဖြစ်ခဲ့လေသည်၊ ထိုသို့ ထောင့် ၄ ခုကို ဖြတ်လျှင်လည်း ကျောင်းတိုက်ကြီးက မဟာသိမ် သမုတ်ဘို့ရန် ကျယ်ဝန်းရာ၊ လမ်းအချင်းရှင်းမရောဘဲ ဖြစ်နိုင်သောကြောင့် ကျောင်းဝိုင်းအပြင်သို့ ထွက်သွားသော ၄ ဌာနဝယ် နိမိတ် ၄ ခု ပြုနိုင်ပါသည်။

မဂ္ဂံ-ကို၊ ကိတ္တေန္တေန-နိမိတ်ပြောသောရဟန်းသည်၊ မဂ္ဂါ-လမ်း၊ ပန္တော-လမ်း၊ ပထော-လမ်း၊ ပဇ္ဇော-လမ်း၊ ဣတိ-သို့၊ ဒသသု-၁၀ မျိုးသောနာမည်တို့တွင်၊ (အဘိဓာန်၌လာသော လမ်း၏နာမည် ၁၀ မျိုးတို့တွင်၊) ယေန ကေနစိ-အမှတ်မထား တပါးပါးသော၊နာမေန-ဖြင့်၊ကိတ္တေတုံ ဝန္ဒတိ၊ ပရိခါ သဏ္ဌာနေန-ကျုံး၏ပုံသဏ္ဌာန်ဖြင့်၊ ဝိဟာရံ- ကို၊ ပရိက္ခိပိတ္တာ- ၍၊ ဂတမဂ္ဂါ-သွားသော လမ်းသည်၊ ဝါ- ကို၊ပေ၊ နဝန္ဒတိ။

ဝမ္မိကနိမိတ္တော-တောင်ပို့နိမိတ်၌၊ ဟေဋ္ဌိမ ပရိဏ္ဍေဒေန-ဖြင့်၊ တံ ဒိဝသံ-ထိုနေ့၌၊ (သိမ်သမုတ်မည့် နေ့၌၊) ဇာတော-ဖြစ်သော၊(ပေါက်သော)၊ အဋ္ဌင်္ဂုလုဗ္ဗဓော-လက်ရှစ်သစ် အနေစာက်ရှိသော၊ ဂေါဝိသာဏပမာဏော ဝါ - နွားဉူးချို့ပမာဏရှိသည်မူလည်း ဖြစ်သော၊ ဝမ္မိကော-တောင်ပို့သည်၊ ဝန္ဒတိ၊ တတော-ထို လက်ရှစ်သစ်ပမာဏရှိသော တောင်ပို့အောက်၊ သြရံ – ယုတ်လျော့သော တောင်ပို့သည်၊ န ဝန္ဒတိ၊ ပရံ – လက်ရှစ်သစ် ပမာဏထက်အလွန်၊ ဟိမဝန္တာ ပဗ္ဗတသဒိသော၀ိ-ဟိမဝန္တာတောင်နှင့် တူသော တောင်ပို့သည်လည်း၊ ဝန္ဒတိ၊ ပန–ဆက်၊ ဝိဟာရံ ပရိက္ခိပိတ္တာ, ဒ္ဝိတံ- တည်သော၊ ကောဗ္ဘံ - တဆက်တည်း စပ်နေသော တောင်ပို့ကို၊ပေ၊နဝန္ဒတိ။

နဒီနိမိတ္တော-မြစ်နိမိတ်၌၊ ယဿာ-အကြောင်မြစ်၏၊ (သောတံ၌စပ်၊) ဓမ္မိကာနံ- တရားရှိကုန်သော၊ ဝါ - တရားစောင့်ကုန်သော၊ ရာဇူနံ - တို့၏၊ ကာလေ–အခါ၌၊ ဝါ-လက်ထက်၌၊ အန္တဒ္ဓမာသံ- လဆွဲတိုင်း လဆွဲတိုင်းဂုဏ်း၊ (လဆွဲတကြိမ်ဂုဏ်း၊) အနုဒသာဟံ-၁၀ ရက်တိုင်း ၁၀ ရက်တိုင်းဂုဏ်း၊ (၁၀ ရက်တကြိမ်ဂုဏ်း၊) အနုပန္နာဟံ-၅ ရက်တိုင်း ၅ ရက်တိုင်းဂုဏ်း၊ ဣတိဧဝံ-သို့၊ အနတိက္ကမိတ္တာ-မလွန်မူ၍၊ ဒေဝေ - မိုယ်းသည်၊ ဝဿန္တေ- ရွာလသော်၊ ဝလာဟကေသု– တိမ်တိုက်တို့သည်၊ ဝိဂတမတ္တောသု-ကင်းကာမျှဖြစ်ကုန်လသော်၊ သောတံ-ရေအယဉ်သည်၊ ပစ္ဆိဇ္ဇတိ- ပြတ်စဲ၏၊ အယံ- ဤမြစ်သည်၊ နဒီသင်္ခံ- မြစ်ဟူသော အရေအတွက်သို့၊ န ဂစ္ဆတိ–မရောက်။

ပန-အန္တယကား၊ ယဿာ- အကြောင်မြစ်၏၊ ဤဒိသေ- ဤကဲ့သို့ ရှုအပ်သော၊ သုဝုဋ္ဌိကာလေ - ကောင်းသော မိုယ်းရွာရာ အခါ၌၊ (၅ ရက် တကြိမ်, ၁၀ ရက် တကြိမ်, ၁၅ ရက်တကြိမ် ရွာသဖြင့် မိုယ်းကောင်းရာ အခါ၌၊) ဝဿာနသု-မိုယ်းလ၏၊ စတုမာသေ–၄လတို့ပတ်လုံး၊ သောတံ-သည်၊ န ပစ္ဆိဇ္ဇတိ–မပြတ်၊ တိမဂ္ဂလံ- ပုဆစ် ဒူးဝန်း ၂ ဘက်, ချက်ဟူသော အဝန်းအဝိုင်းကို၊ ပဒ္မိဆ္ဆာဒေတွာ- ဖုံးလွှမ်း၍၊ ယတ္ထကတ္ထစိ- အမှတ်မထား တပါးပါးသောအရပ်၌၊ ဝါ-က၊ ဥတ္တရန္တိယာ- ကူးသွားသော၊ (ခြေဖြင့် ကူးဖြတ်သွားသော၊) ဘိက္ခုနိယာ–၏၊ အန္တရဝါသကော-သင်းပိုင်ကို၊ တေမိယတိ-စွတ်အပ်၏၊ အယံ - ဤမြစ်သည်၊ နဒီသင်္ခံ-သို့၊ ဂစ္ဆတိ- ၏၊ သိမံ-ကို၊ ဗန္ဓန္တာနံ-ဖွဲ့ကုန်သော ရဟန်းတို့၏၊ နိမိတ္တံ,

ဟောတိ၊ ဘိက္ခုနိယာ - ၏၊ နဒိပါရဂမနေပိ– မြစ်တဖက်ကမ်းသို့ သွားခြင်းဌ်ခြင်း၊ ဥပေါသထာဒိ သံယကမ္မကရဏေပိ-ဥပုသ် အစရှိသော သံယာ့ကံကို ပြုခြင်းဌ်ခြင်း၊ နဒီပါရသိမသမ္မနနေပိ- နဒီပါရသိမဲကို သမုတ်ခြင်းဌ်ခြင်း၊ အယမေဝ– ဤမြစ်သည်ပင်၊နဒိ- နဒီမည်၏။ [ဘိက္ခုနိတို့၏ နဒီပါရဂမန သိက္ခာပုဒ်ဝိဘင်းဌ် မြစ်၏ လက္ခဏာပါသောကြောင့် "ယတ္ထကတ္ထစိ ဥတ္တရန္တိ ယာ ဘိက္ခုနိယာ" ဟု ညွှန်ပြသည်၊ ဘိက္ခုတို့၏ သင်းပိုင်စွတ်ရာဌ်လည်း နည်းတူပင်တည်း။]

ပန-ဆက်၊ ယာ-အကြင်မြစ်သည်၊ မဂ္ဂေါဝိယ - လမ်းသည် ကဲ့သို့၊ သကဋ္ဌ သဏ္ဌာနေနဝါ-လှည်းဥုး ပုံသဏ္ဌာန်အားဖြင့်သော်ဂုင်း၊ ပရိခါသဏ္ဌာနေနဝါ-ကျုံးပုံသဏ္ဌာန် အားဖြင့်သော်ဂုင်း၊ ဝိဟာရံ-ကို၊ ပရိက္ခိပိတ္ဝာ-၍၊ ဂတာ-သွားပြီ၊ တံ–ထိုမြစ်ကို၊ ပေ၊ နဝန္တိ၊ ဝိဟာရဿ-၏၊ စတ္ဂသု-နှ်သော၊ ဒိသာသု-တို့ဌ်၊ အညမညံ-အချင်းချင်း၊ ဝိနိဝိဇ္ဈိတ္ဝာ-၍၊ ဂတေ-သွားသော၊ နဒီစတုက္ကေပိ-မြစ် ၄ စင်းအပေါင်းဌ်လည်း၊ သေဝနဃောတည်း၊ [နဒီစတုက္ကေပိ သေဝနဃော တိ ဇုမိနာ ကေတ္ထ ကိတ္တေတ္ဝာ အညတ္ထ ပရတော ဂတဌ္ဌာနေပိ ကိတ္တေတုံ နဝန္တီတိ ဒဿေတိ၊- ဝိမတိ။] ပန-အန္တယ၊ အသမ္မိဿနဒီဃောအချင်းချင်း မရောသော မြစ်တို့ကို၊ စတဿောပိ- ၄ စင်းလုံးတို့ကိုလည်း၊ ကိတ္တေတုံ, ဝန္တိ- ၏၊ ဝတိ်-စည်းစောင်ရမ်းကို၊ ကရောန္တောဝိယ-ပြုသူကဲ့သို့၊ ရုက္ခပါဒေ-သစ်သား၏ ခြေတို့ကို၊ နိခဏိတ္ဝာ- မြေဌ် စိုက်၍၊ ဝလ္လိပလာလာဒီဟိ–နွယ်, ကောက်ရိုးအစရှိသည်တို့ဖြင့်၊ နဒီသောတံ-မြစ်ရေအယဉ်ကို၊ သစေရုမ္ဘန္တိ (ရုန္ဓန္တိ)-အကယ်၍ ပိတ်ဆို့ကုန်အုံ၊ စ-ထိုသို့ပင် ဝိတ်ဆို့ပါသော်လည်း၊ ဥဒကံ- မြစ်ရေသည်၊ အာဝရဏံ- ပိတ်ဆို့ကြောင်း ရေကာကို၊ အဇ္ဈောတ္ထရိတ္ဝာ - လွှမ်းမိုး၍၊ (သစေ) ပဝတ္တတိယေဝ- အကယ်၍စီးမြဲသာလျှင် စီးနေအုံ၊ (ဧဝံသတိ)၊ နံမိတ္တံ ကာတုံ ဝန္တိ၊ ပန-ဓာက်၊ ယထာ- အကြင်အခြင်းအရာအားဖြင့် ပြုအပ်သော်၊ ဥဒကံ-သည်၊ နပ္ပဝတ္တတိ- မစီး၊ ဧဝံ-၌ ရေမစီးနိုင်လောက်အောက်သော အခြင်းအရာအားဖြင့်၊ သေတုမ္မိ- တံတားကို၊ (ရေကာ တာရိုးကို၊) ကတေ- ပြုအပ်ပြီးသော်၊ အပ္ပဝတ္တမာနာ- မစီးသော၊ (မစီးသော ရေရှိသော၊) နဒီ- သည်၊ပေ၊ နဝန္တိ၊ ပဝတ္တနဌာနေ - ရေစီးရာ အရပ်ဌ်၊ နဒီနံမိတ္တံ - ကို၊ ကာတုံ ဝန္တိ၊ အပ္ပဝတ္တနဌာနေ-ရေမစီးရာအရပ်ဌ်၊ ဥဒကနံမိတ္တံ-ကို၊ ကာတုံ ဝန္တိ။

ပန-ဆက်၊ ယာ-အကြင်မြစ်သည်၊ ဒုမ္မဉ္ဇိကာလေဝါ–မကောင်းသောမိုယ်း ရှိရာအခါဌ်သော်ဂုင်း၊ (မိုယ်းခေါင်ရာ မိုယ်းအခါဌ်သော်ဂုင်း၊) ဂိမ္ဟဝါ-နွေအခါဌ်သော်ဂုင်း၊ နိရုဒကဘာဝေန-ရေမရှိသည်၏အဖြစ်ကြောင့်၊ နပဝတ္တတိ-မစီးနိုင်၊ သာ– ထိုမြစ်သည်၊ ဝန္တိ- အပ်၏၊ [မိုယ်းကောင်းသောမိုယ်း ၄ လတုန်းက ရေရှိလျှင် နဒီနံမိတ် ဖြစ်နိုင်သည်၊] မဟာနဒီတော– မြစ်ကြီးမှ၊ ဥဒကမာတိကံ-ရေမြောင်းကို၊ နီဟရန္တိ-ထုတ်သွယ်ကြကုန်၏၊ သာ-ထို ရေမြောင်းသည်၊ ကုန္နဒီ

သဒိသာ – မြစ်ငယ်နှင့်တူသည်၊ ဟုတ္တာ၊ တိဏိ - ၃ မျိုးကုန်သော၊ သဿာနိ-ကောက်တို့ကို၊ သမ္ပာဒေန္တိ- ပြီးစေလျက်၊ နိစ္စံ- အမြဲ၊ ပဝတ္တတိ - စီး၏၊ ကိန္ဓာဝိ ပဝတ္တတိ - အကယ်၍ကား စီးပါပေ၏၊ (ပန - ထိုသို့ပင် စီးပါသော်လည်း၊) နဝန္နတိ၊ ပန–အန္တယကား၊ ယာ-အကြင်မြစ်ငယ်နှင့်တူသောရေမြောင်းသည်၊ မူလေ - အရင်းအစ၌၊ ဝါ- က၊ မဟာနဒိတော– မှ၊ နိဂ္ဂတာ – ထွက်ခဲ့သည်၊ (သမာနာ)ပိ- လည်း၊ ကာလန္တရေန - တပါးသောအခါ၌၊ တေနေဝ နိဂ္ဂတ မဂ္ဂေန - ထို ထွက်ကြောင်းလမ်းဖြင့်ပင်၊ နဒိံ - မူလမြစ်ကို၊ ဘိန္ဒိတ္ဝာ- ဖေါက်၍၊ (မြစ်ကမ်းပါးကို ရေတိုက်စားသောအားဖြင့်ခွဲ၍၊)သယဉ္စ-မိမိဟူသော မြစ်ငယ်ကိုယ်တိုင်လည်း၊ ဂစ္ဆတိ- စီးသွားနိုင်၏၊ ဂစ္ဆန္တိ - စီးသွားနိုင်သည်၊ (ဟုတ္တာ)၊ ပရေတာ – နောက်၌၊ သုသုမာရာဒိသမာကိဏ္ဏာ– မိကျောင်း အစရှိသည်တို့ဖြင့် ရောပြွမ်းသော၊ နာဝါဒိဟိ–လေ့အစရှိသည်တို့ဖြင့်၊ သဉ္ဇရိတဗ္ဗာ- လှည့်လည်နိုင်သော၊ နဒီ-သည်၊ ဟောတိ၊ တံ–ထိုမြစ်ကို၊ နိမိတ္တံ ကာတုံ ဝဋ္ဋတိ။

ဥဒကနိမိတ္တေ - ၌၊ နိရုဒကေ - ရေမရှိသော၊ ဌာနေ - အရပ်၌၊ နာဝါယဝါ-လှေ၌သော်ငင်း၊ စာဋိအာဒီသုဝါ-အိုးစရည်း အစရှိသည်တို့၌သော်ငင်း၊ ဥဒကံ-ကို၊ ပူရေတ္ဝာ-ပြည့်စေ၍၊ ဥဒကနိမိတ္တံ-ကို၊ ကိတ္တေတုံ နဝဋ္ဋတိ၊ ဘူမိဂတမေဝ-မြေ၌တည်သော ရေသည်သာ၊(နိမိတ္တံ ကာတုံ) ဝဋ္ဋတိ၊ တဉ္စ-ထို ဘူမိဂတရေသည်လည်း၊ အာဝါဋေ၊ပေ၊ သမုဒ္ဒါဒိသု– တွင်း, ၄ ထောင့်ကန်, တဘက်ဆည်ကန်, ဇာတဿရရေအိုင်, ဆားငံသမုဒ္ဒြာအိုင်အစရှိသည်တို့၌၊ ဌိတံ-တည်သော၊ အပဝတ္တနက ဥဒကံ-မစီးသွားသောရေတည်း၊[လောကိသမုဒ္ဒြာ၏အဓိပ္ပါယ်ကို ကခ်ါဘာသာဋီကာ၌ ပြထားပြီ။] ပန – ဗျတိရိက်၊ အဋ္ဌိတံ – မတည်သော၊ (တန့်ရပ်မနေသော၊) သြဃနဒိ ဥဒကဝါဟက မာတိကာဒိသု–ရေအယဉ် လှိုက်လာသော မြစ်, ရေကိုထုတ်ဆောင်ကြောင်း ပြွန် , မြောင်းအစရှိသော အရပ်တို့၌၊ ဥဒကံ–သည်၊ နဝဋ္ဋတိ၊ [မိုယ်းအားကြီး၍ လှိုက်လာသော ရေရှိသော မြစ်ကို“သြဃနဒီ”ဟု ဆိုလိုဟန်တူသည်၊] ပန–ဝါဒန္တရ၊ အန္ဓကဋ္ဌကထာယံ-၌၊ ဂမ္ဘီရေသု-နက်ကုန်သော၊ အာဝါဋာဒီသု- ရေတွင်းအစရှိသော အရပ်တို့၌၊ ဥက္ကေဝိမံ-ခပ်ယူခြင်းဖြင့် ဖြစ်စေအပ်သော၊ (ရေပုံးဖြင့် ခပ်ယူထိုက်သော၊)ဥဒကံ-ကို၊ နိမိတ္တံ- ကို၊ န ကာတဗ္ဗံ - ထိုက်၊ ဣတိ ဝုတ္တံ၊ တံ - ထိုစကားကို၊ ဒုဝုတ္တံ–

× × × × × × × +

ဥက္ကေဝိမံ။ ။ဥက္ကိဝိပနံ– မြောက်၍ ယူခြင်း၊ ဥက္ကေပေါ– ခြင်း၊ ဥက္ကေပေန နိဗ္ဗတ္တံ ဥက္ကေဝိမံ၊ ဣမပစ္စည်း၊ ဝိမတိ၌ — “ ဒီစဃရဇ္ဇုနာ (ရှည်သောကြိုးရှိသော၊) ကုဋ္ဌေန– (အိုးဖြင့်၊ ဝါ – ပုံးဖြင့်၊) ဥဿိဉ္စနိယံ (ခပ်ယူထိုက်သော) ” ဟု အနိယပစ္စည်းဖြင့် ပွင့်၏၊ အဓိပ္ပါယ်ဖွင့်သာ၊ အန္ဓက အဋ္ဌကထာအလို၌ “အာဝါဋစသည်ဝယ် တည်သော ရေသည် နက်၍ နေသောကြောင့် ကြိုးတပ်သော်ပုံးဖြင့် ခပ်ယူရလျှင် ရေနိမိတ် မလုပ်ကောင်း”ဟု ဆိုလိုသည်၊ ထိုစကားကို “ဒုဝုတ္တံ, အတ္ထာနော်မတိ မတ္တာမေဝ”ဟု ပယ်၏။

မကောင်းသဖြင့် ဆိုအပ်ပြီ၊(''ဒုရုတ်ံ''ဟု ရှိလျှင် ကောင်းသည်၊) အတ္တနော မတိ မတ္တမေဝ-မိမိ၏ အယူမျှသာတည်း။

နာဓံ။ ။“နတ္ထိ+အာဂု ယဿာတိ နာဂေါ ”ဟု ပြု၊ “ နာဂန္တိ ဆန္နာဒိဝဿေန အာဂမနတော , ပဟိနာနံ ရာဂါဒိကိလေသာနံ အပုနာဂမနတော အပဗ္ဗာဂမနတော , ကာယဿ ဘေဒါ ဥတ္တရိ အာဂုဿ သမ္ဘဝါဘိ အာဂမနတော , ပုနဗ္ဘဝဿ အာဂမနတောတိ ဇာတေဟိ ကာရဏေဟိ နာဂံ ” ဟု ဋီကာ၌ အဋ္ဌကထာမှ တနည်းဖွင့်လေ၏၊ ထိုတွင် – ဆန္နာဒိဝဿေန အာဂမနတောဖြင့် “နဂန္တိ–ဆန္နာဂတ် စသည်သို့ မလိုက်၊ ဇာတ် နာဂေါ”ဟု ပြု၊ ပဟိနာနံ၊ပေါအပဗ္ဗာဂမနတောဖြင့်“နဂန္တာပေတိတိ နာဂေါ”ဟု ပြု၊ ပယ်အင်္ဂါးသော ကိလေသာတို့ကို တစ်နေ့ မလာစေတတ်သော ရဟန္တာ၊ ကာယဿဘေဒါပေ၊ အာဂရဏတောဖြင့် “ နတ္ထိ+အာဂု ယဿာတိ နာဂေါ ”ဟု ဝေါဟာရတိုင်းပြု၊ တစုံတခုသော မဟာဘင်းမှုမရှိသော ရဟန္တာ၊ ပုနဗ္ဘဝဿ အာဂမနတောဖြင့် “ပုနဗ္ဘဝံ+နဂန္တိတိ နာဂေါ”ဟုပြု၊ နှစ်ခု(အ)ကို အာဒိလိပြု။

ကဋ္ဌသာရကေစ - ဖျာ သင်ဖြူးတို့ကိုငှင်း၊ တန္ထိကာယေစ- သပေါ့ဖျာတို့ကိုငှင်း၊ ကရောန္တိ- ပြုကြကုန်၏၊ ထွေ- ဤမြက်မျိုးတို့တွင်၊ ရေဂူတိ-ကား၊ ရေကတိဏ်- ပြိန်းမြက်တည်း၊ တံ– ထို ပြိန်းမြက်သည်၊ သြဠာရိကံ - ကြမ်းတန်း၏၊ မောရဂူ တဏ်- မြာမြက်သည်၊ တမ္မသိသံ-နိသော အဖျားရှိ၏၊ မုဒုကံ–နူးညံ့၏၊ သုခသပ္ပ သံ–ကောင်းသောအတွေ့ရှိ၏၊ တေန-ထိုမြက်ဖြင့်၊ ကတတန္ထိကာ- ပြုအပ်သော သပေါ့ဖျာသည်၊ နိပ္ပဇ္ဇိတ္ထာ-လျောင်း၍၊ ဝုဋ္ဌိတမတ္တေ-ထကာမျှဖြစ်လသော်၊ ပုန-ဖန်၊ ဥဒ္ဓုမာတာ - အထက်သို့ တက်ကြွသည်၊ (ဖေါင်းကြွသည်)၊ ဟုတ္ထာ- ၍၊ တိဋ္ဌတိ- တည်၏၊ မဇ္ဈာရုနာ- သင်မြက်ဖြင့်၊ သာဋကေပိ - အဝတ်တို့ကိုသော်မှ လည်း၊ ကရောန္တိ- နှ၏၊ [ပိသဒ္ဒါသမ္ဘာဝနာ၊ အဝတ်တောင် ရက်လို့ရသည်၊ သင်ဖြူးရက်ဘို့ကား ပြောဘွယ်မလို၊] ဇန္တုဿ - ဝိတ်မြက်၏၊ မက်သဒိသော-ပတ္တမြားအဆင်းနှင့်တူသော၊ ဝဏ္ဏော-အဆင်းသည်၊ ဟောတိ-၏။

သေနာသနံ ပညပေသိတိ-ကား၊ ဘိသိံဝါ-ဘုံလျှိုကိုသော်ငှင်း၊ ကဋ္ဌသာရကံဝါ-ဖျာ သင်ဖြူးကိုသော်ငှင်း၊ ပညပေသိ - ခင်းပြီ၊ [မြတ်စွာဘုရား၏ ဂန္ဓကုဋိကျောင်းတော်၌ အရှင်သောဏာဘို့ ညောင်စောင်း ခင်းပေးဘို့ရန် မလျော်သောကြောင့် သေနာသနံကို " ဘိသိံဝါ ကဋ္ဌသာရကံဝါ" ဟု ဖွင့်သည်၊ ထို ၂ မျိုးတွင်လည်း တမျိုးမျိုးကိုသာ ခင်းမည်ဖြစ်သောကြောင့် ဝိကပ္ပနတ္ထ ဝါသဒ္ဒါဖြင့် ပြသည်၊] စပန–ထပ်၍ဆက်ဥုံးအံ့၊ ပညပေတ္ထာ-ခင်းပြီး၍၊ သောဏသ-အား၊ အာရောစေတိ-ပြော၏၊ (ကိံ)၊ အာဝုဿော-ငါ့ရှင်၊ သတ္ထာ-မြတ်စွာဘုရားသည်၊ တယာ-နှင့်၊ သဒ္ဓိံ-အတူ၊ ကောဝါသေ- တခုထည်းသော ဂန္ဓကုဋိကျောင်းတော်၌၊ ဝသိတုကာမော-သီတင်းသုံးတော်မူလို၏၊ ဂန္ဓကုဋိယံယေဝ-ဂန္ဓကုဋိကျောင်းတော်၌ပင်၊ တေ- သင့်ဘို့၊ အာသနံ- နေရာကို၊ ပညတ္တံ- ခင်းထားအပ်ပြီ၊ ဇာတိ-သို့၊ (အာရောစေတိ။)

အယံ ခွဿကာလောတိ - ကား၊ အယံ–ဤအခါသည်ကား၊ (တဿ- ထို နှုတ်မှာစကား၏၊)ကာလော-လျောက်ထားဘို့ရန် အချိန်အခါသည်၊ ဘဝေယျ–ဖြစ်လောက်ရာ၏၊ [အဿကို "ဘဝေယျ" ဟု ဖွင့်သည်၊ ပါဠိတော်ဝယ် ယံ ပရိဒဿိဒ္ဓ ယံဟူသော အနိယမအတွက် " တဿ "ဟု နိယမ အဝိဆည့်ပါ၊] ပရိဒဿိတိ-ကား၊ ပရိဒဿေသိ-ညွှန်ပြပြီ၊ ဇာဒွိဒဒ္ဓ-ဤမည်ဤမည်သောအကြောင်းကိုလည်း၊ ဝဒေယျာသိ- လျောက်လေလော၊ ဇာတိ– သို့၊ ယံ-အကြင်အကြောင်းအရာကို၊ မေ-ငါ၏၊ ဥပဇ္ဈာယော–သည်၊ ဇာနာပေသိ-သိစေပြီ၊ အယံ–ဤအခါသည်ကား၊ တဿ - ထိုအကြောင်းအရာ၏၊ ကာလော - လျောက်ဘို့ရန် အချိန်အခါသည်၊ ဘဝေယျ-ဖြစ်ရာ၏၊ ဟန္ဒ-ချက်ခြင်း၊ ဒါနိ-ယခုအခါ၌၊ တံ သာသနံ-ထို နှုတ်မှာစကားကို၊ အာရောစေမိ-လျောက်အံ့၊ ဇာတိအယံ- ကား၊ ထွေ – ဤအယ်ခွဿကာလောဟူသောပါဌ်၌၊အဓိပ္ပါယော-အရှင်သောဏ၏အလိုတည်း။

ဝိနယဓရ၂ဥဒးမနာတိ-ကား၊ အနုဿာဝနာစရိယပဋိဇမန-ကမ္မဝါစာဆရာ ဟုဒးသာ ၅ ပါးမြောက်ရှိသော၊(ဂဏော-၌စပ်၊)အနုဇာနာမိ၊ပေ၊ဂုဏာဂ်ိဏုပါ ဟန်ကို ထွေ-၌၊ မနုဿစမ်္မံ-လူ၏အရေကို၊ ထပေတွာ- ထား၍၊ ယေနကေနစိ– အမှတ်မထား တပါးပါးသော၊ စမ္မေန - အရေဖြင့်၊ ဥပါဟနာ – ဘိနပ်သည်၊ ဝန္ဒတိ-အပ်၏၊ [လူ့အရေမှတပါး နွားရေ ကျားရေ စသည်တို့တွင် မည်သည့် အရေမဆို ဘိနပ်ချုပ်ဘို့ရန် အပ်သည်-ဟူလို။] ဥပါဟနကောသက သတ္တကောသက ကုဋ္ဌိကကောသကေသုပိ-ဘိနပ်အိမ်, ဒါးအိမ်, သံကောက်အိမ်တို့၌လည်း၊ သေဝနယော-တည်း။

ပန–ကား၊ စမ္မာနိအတ္ထရဏာနိတိ ထွေ-၌၊ ယံကိဉ္စိ- အမှတ်မထား တပါးသော၊ ဧကစမ်္မံစ-သိုးရေကိုဂုင်း၊ အဇစမ္မဉ္စ-ဆိတ်ရေကိုဂုင်း၊အတ္ထရိတွာ-ခင်း၍၊ နိပဇ္ဇိတုံဝါ-လျောင်းခြင်းငှါဂုင်း၊ နိသီဒိတုံဝါ-ထိုင်ခြင်းငှါဂုင်း၊ ဝန္ဒတိ - ၏၊ မိဂစမ္မေ-သားကောင်ချိုးတို့၏အရေ၌၊ ကောမိဓေါ-ကော်မည်သော သားကောင်ဂုင်း၊ ဝါဘမိဓေါ-သမင်ဖျံဂုင်း၊ ပသဒမိဓေါ- ချေ(ကျီ)သမင်ဂုင်း၊ ကုရင်္ဂမိဓေါ- ဆတ်သမင်ဂုင်း၊ မိဂမာတုဓေါ– ပြောင်သမင်ဂုင်း၊ ရောဟိဘမိဓေါ - စိုင်သမင်ဂုင်း၊ ဇုတိ-သို့၊ ဓေတသံဓေဝ-၌သမင်မျိုးတို့၏ သာ၊ စမ္မာနိ-တို့သည်၊ ဥဒ္ဒနိ-ကုန်၏၊ ပန– ဗျတိရိတ်ကား၊ အညေသံ – ဆိုအပ်ပြီးသော သားကောင်တို့မှတပါးကုန်သော၊ မဏ္ဍဒွော - မျောက်ဂုင်း၊ ကာဠသိဟောစ - မျောက်ညိုဂုင်း၊ သရဘော-သမင်ဆီးဆောက်ဂုင်း၊ ကဒလိမိဓေါ-ကဒလိမည်သော သားဓကောင်ဂုင်း၊ ဂါ– ဝံပိုင်ဂုင်း၊ (ကြောင်ဝံပိုက် ဟုလည်း ဆိုကြ၏၊) ယေကေစိ - အမှတ်မရှိ ကြွင်းမဲ့ဉဿုံ အလုံးစုံကုန်သော၊ ဝါဠမိဂါစ-ရဲစွမ်းသော သားကောင်တို့ဂုင်း၊ (ဇုတိ-သို့၊)၊ တေသံ-ထိုသားကောင်တို့၏၊ စမ္မံ–သည်၊ နဝန္ဒတိ–မအပ်။

တတ္ထ-ထို သားကောင်ဘို့တွင်၊ ဝါဠမိဂါတိ-ကား၊ သီဟဗျဂ္ဃအစ္ဆတရစ္ဆာ-ခြေးသုံ့, ကျား, ဝံ, အောင်းတို့တည်း၊ စ-ဆက်၊ ကေဝလံ - ဂေါမဟိံသ စသည် မဟက် သက်သက်၊ ဓေတသံဒယော - ၌ ဝါဠမိဂတို့၏သာ၊(စမ္မံ-သည်၊ နဝန္ဒတိ-မအပ်သည်ကား၊) နှ- မဟုတ်သေး၊ ပန- အဟုတ်ကား၊ ယေသံ-အကြင် သား

× × × + × × × ×

စမ္မံ နဝန္ဒတိ၊ ။"၅၌မတ္တရွှစသော သားကောင်တို့၏ အရေသည် မအပ်"ဟူရာ၌ ညောင်ဓောင်း အင်းပျဉ် ခွေ့ခင် ကုလားထိုင် စသည်တို့၌ ခင်းရန် အိပ်ခြင်း ထိုင်ခြင်းငှါ မအပ်–ဟု ဆိုလိုသည်၊ ကြမ်းပြင်စသည်ပေါ်၌ ခင်းရန် ဓကျောင်းအသုံး အဆောင် အဖြစ် ကြွင်းကား သုံးငဲ့ကောင်းပါသေး၏၊ [စမ္မံ နဝန္ဒတိတိ နိသီဒနတ္ထရဏံ ကာတုံ နဝန္ဒတိ၊ ဘူမတ္ထရဏာဒိဝသေန သေနာသနပရိဘောဂေါ ဝုဋ္ဌေတဝေ၊–စိတ္တံ၊] ဤဓကားကို ဓေသ :က်၍ ယခုအခါ သားရေနယ်များကို ဆိတ်ရေ သိုး-ရ အပ်သော သားကောင်ရေ ဟုတ်-မဟုတ် စစ်၍ အပ်သော သားရေကိုသာဂုင်း, အပ်သောနေရာ၌သာဂုင်း၊ သုံးစွဲဆောင်ကြသည်း

ကောင်တို့၏၊ စမ်္ဘံ-သည်၊ ဝန္ဒတိ-၏၊ ဇုတိ-သို့၊ ဝုတ္တံ-ပြီ၊ တေ-ထိုသားကောင်တို့ကို၊ ထပေတွာ - ထား၍၊ အဝသေသာ - ကြွင်းကုန်သော၊ အန္တမသော-အောက်ထစ်ဆုံးအားဖြင့်၊ ဂေါမဟိံသ သသဗိဠာရာဒယောပိ- နွား, ကျွဲ, ယုန်, ကြောင် အစရှိသည်လည်း ဖြစ်ကုန်သော၊ သဗ္ဗေ - အလုံးစုံသော သားကောင်တို့ကို၊ ဇာသ္မိံ အတ္ထေ-၌ သိက္ခာပုဒ်၏ အနက်၌၊ (အနဇာနာမိ၊ပေ၊ ဥကစမ်္ဘံ အဇစမ်္ဘံ မိဂစမ်္ဘံဟူသော ၌သိက္ခာပုဒ်၏ အနက်၌၊) ဝါဠမိဂါတွေဝ-ဝါဠမိဂတို့ဟူ၍သာ၊ ဝေဒိတဗ္ဗာ-ကုန်၏၊ ဟိ-မှန်၊ သဗ္ဗေသံ-အလုံးစုံကုန်သော၊ တေသံ-၌သားကောင်တို့၏၊ စမ်္ဘံ- သည်၊ နဝန္ဒတိ။

နတာဝ၊ပေ၊ဂစ္ဆတိတိ-ကား၊ ယာဝ-လောက်၊ အာဟရိတ္ဝာဝါ-ဆောင်၍သော်လည်း၊ နဒိန္နံ - မပေးအပ်သေး၊ (သက်နှံးလက်ခံထားသော ပုဂ္ဂိုလ်က ဆောင်ယူ၍ မပေးအပ်သေး၊)ဘန္တေ, တုမှာကံ-အရှင်ဘုရားတို့ဘို့၊ စီဝရံ-သည်၊ ဥပနှံ- ဖြစ်ပါပြီ၊ (ရပါပြီ)၊ ဇုတိ-သို့၊ ပဟိဏိတွာဝါ - စေလွှတ်၍သော်လည်း၊ နာရောစိတံ-မလျှောက်အပ်သေး၊ (သက်နှံးလက်ခံထားသော ပုဂ္ဂိုလ်က တမန်လွှတ်၍ မလျှောက်အပ်သေး၊) တာဝ-ထိုမျှလောက် ကာလပတ်လုံး၊ ဂဏှံ-ရအပ်ပြီဟူသော အရေအတွက်သို့၊ နဥပေတိ-မကပ်ရောက်သေး၊ အနဓိဋ္ဌိတံ-အဓိဋ္ဌာန် မတင်အပ်သည်၊ သစေ(ဟောတိ၊ ဧဝံ သတိ)၊ ဝန္ဒတိ-၏၊ အဓိဋ္ဌိတဉ္စ - အဓိဋ္ဌာန်တင်အပ် ပြီးသော သက်နှံးသည်လည်း၊ ဂဏှံ - အဓိဋ္ဌာန်တင်အပ်ပြီးဟူသော အရေအတွက်သို့၊ နဥပေတိ-မကပ်ရောက်၊ ဇုတိ အတ္ထောနက်၊ ပန-အနွယ၊ ယဒါ-အကြင်အခါ၌၊ အာနေတွာဝါ-ဆောင်၍သော်လည်း၊ ဒိန္နံ-သည်၊ ဟောတိ၊ (ဘန္တေ တုမှာကံ စီဝရံ-သည်၊) ဥပနှံ-ပြီ၊ ဇုတိဝါ-၌သို့သော်လည်း၊ သုတံ-ကြားအပ်သည်၊(ဟောတိ)၊ တတော-ထိုအခါမှ၊ ပဋ္ဌာယ-၍၊ ဒသာဟမေဝ- ဆယ်ရက် ပတ်လုံးသာ၊ ပရိဟာရံ- အစောင့်အရှောက်ကို၊ လဘတိ-ရ၏၊ ဇုတိ-အပြီးတည်း။

စမ္မက္ခန္ဓကဝဏ္ဏနာ နိဋ္ဌိတာ။

× × × × × × ×

နတာဝ၊ပေ၊ဂစ္ဆတိ။ ။၌စကား၏ အဓိပ္ပါယ်ကို ပါဠိတော်ကြည့်မှ နာ၌းလည်နိုင်မည်၊ ကျောင်းတိုက်၏ ပြင်ဘက်သို့ ရောက်နေကြသော ရဟန်းတို့အား လူတို့က ကျောင်းတိုက်၌ရှိနေသော ရဟန်းများထံ အပ်နှံ၍ သက်နှံးလွှဲကြ၏၊ မိမိအတွက် မူလကျောင်းတိုက်၌ သက်နှံးရကြောင်း မသိသေးသော ရဟန်းတို့မှာ ဆယ်ရက်လွန်သော် အဘယ်သို့ ဖြစ်ဘွယ်ရှိသနည်း ဟု ယုံမှားဘွယ်ရှိသောကြောင့် ၌စကားကို မိန့်တော်မူသည်၊ ဆိုလိုရင်းကား — မိမိမှာ သက်နှံးရရှိကြောင်းကို မသိသေးသမျှ အဓိဋ္ဌာန်(ဝိကပ္ပနာ) မပြုဘဲထား၍ အပြစ်မရှိ၊ လူကျုံးဖြင့် ပို့လိုက်၍ (အကြောင်းကြား၍) သိလျှင်ကား ထို သိသည့်နေ့မှစ၍ ဆယ်ရက်သာ အစောင့်အရှောက်ရသည်-ဟူလို။

ဘေသဇ္ဇကွန္ဒကအဖွင့်

[ဆေးနှင့်စပ်သော သိက္ခာပုဒ်တို့၏အပေါင်း။]

ပဌမဘေသဇ္ဇာဒိကထာ

ဘေသဇ္ဇကွန္ဒကေ-၌၊ သာရဒိကေန အာဗာဓေနာတိ-ကား၊ သရဒကာလေ-သရဒဉတုအခါ၌၊ ဥပ္ပဇ္ဇန္တေန-ဖြစ်သော၊ ပိတ္တာဗာဓေန-သည်းခြေနာသည်၊(ဖုဋ္ဌောနံ ၅စပ်၊) ဟိ-ဖျ၊ တသ္မိံ ကာလေ-ထို သရဒဉတုအခါ၌၊ ဝဿော ဒေကနပိ-မိုးယိုးရေငြင့်လည်း၊ တေမေန္တိ-စိုထိုင်းခန့ကုန်၏၊ ကဒ္ဒမမ္ပိ- ရွံ့ညွန်ကိုလည်း၊ မဒ္ဒန္တိ-နင်းရကုန်၏၊ အန္တရန္တရာ- အကြား အကြား၌၊ အာတပေါပိ- နေပူသည်လည်း၊ ခဇ္ဇာ- ကြမ်းတန်းသည်၊ ဟောတိ၊ ဧတန- ထို့ကြောင့်၊ ဧတသံ- ထိုရဟန်းတို့၏၊ ပိတ္တံ-သည်းခြေသည်၊ ကောဋ္ဌာသံ ရဂတံ- အုံအတွင်းသို့ ရောံနေသည်၊ ဟောတိ။

အာဟာရတ္ထဉ္စ ဖရေယျာတိ-ကား၊ အာဟာရတ္ထံ- အာဟာရကိစ္စကို၊ သာဓေယျ-ပြီးစေနိုင်ရာ၏၊ နစ္ဆာဒေန္တိ တိ-ကား၊ နဇိရန္တိ-မကြေကျက်ကုန်၊ ဝါ-အစာမကြေကုန်၊ ဝါဘရောဂံ – လေရောဂါကို၊ ပဋိပဇ္ဇတေ့ - ငြိမ်းစေခြင်းငှါ၊ နသဏ္ဌာန္တိ-မစွမ်းနိုင်ကုန်၊ သေနဟိတာနိတိ- ကား၊ သိန္ဓဝါနိ- စေးကပ်သော ဘောဇဉ်တို့သည်၊ ဝါ - အဆီ အစေးများသော ဘောဇဉ်တို့သည်၊ ("ပဂေဝ–ရွေးဉုးမဆွ အစကပင်၊ နစ္ဆာဒေန္တိ - မနှစ်သက်စေနိုင်ကုန်၊ ဝါ - အစာမကြေကုန်" ဟု ပါဠိတော်၌ စပ်။)

× + × × × × × ×

ဒိတ္တံ ကောဋ္ဌာသံ ရဂတံ ။ ။ တကိုယ်လုံး၌ ပျံ့နှံ့နေသော သည်းခြေသည် အစဉ်သည်းခြေမည်၏၊ ထို အစဉ်သည်းခြေသည် မိစ်း၏ စိုစွတ်ခြင်း, ရွံ့ညွန်ကို နင်းရခြင်း, နေပူ၏ ပြင်းထန်ခြင်း တည်းဟူသော အကြောင်းကြောင့် ပေါက်ပြန်၍ တကိုယ်လုံး၌ ပျံ့နှံ့မနေဘဲ အုံအတွင်းသို့ ဝင်ရောက်သွားခြင်းကို "ကောဋ္ဌာသံ ရဂတံ" ဟု ဆိုသည်၊ ကောဋ္ဌသ+အာသံ ကောဋ္ဌာသံ၊ ကောဋ္ဌာသံ+ရ+ဂတံ ကောဋ္ဌာသံရဂတံ။

သိန္ဓဝါနိ ။ ။ သိန်ဟစ်+တ+ဝ၌ညီးဖြင့် "သိန္ဓဝါနိ" ဟု ပြီး၏၊ သံဝဏ္ဏတ္ထ၌လည်း စုရောဝါ သိန်ဟစ်+ဝ၌ "သေနဟိတာနိ" ဟု ရှိသင့်၏၊ သိန်ဟစ်သည် (သွေး) စိုစွတ်စေးကပ်ခြင်း, အဆီအစေးများခြင်း အနက်ကိုဟော၏၊ သေနဟယတိ ဧးကာနာတိ သေနဟော၊ သေနဟော+ယေသံ အတ္ထိတိ သေနဟိတာနိ" ဟု ပြု၊ သဒ္ဒ ဟ+အသ္မာတ္ထိအနက်၌ ဆုတ်ပစ္စည်းသက်၊ "အဆီအစေးများသောထောပတ်စသော အစာတို့သည် သာ၍ပင် အစာမကြေနိုင်ကြ" ဟူလို၊

နစ္ဆာဒေန္တိ ။ ။ စုရောဝ် ဆဒိဓာတ်သည် ရွှဇ (နှစ်သက်ခြင်း) အနက်ကိုဟော၏၊ ဤ၌ ကာဇိက်လည်း ဝင်္ဂဒေသမှာ၊ ကဒွကြောင့်နည်း- "ဟောဇနာနိ" ဟု ကတ္တားရှိစသားကြောင့်တည်း၊ ထို့ကြောင့် ဋီကာ၌ "နစ္ဆာဒေန္တိတိ ရုစိံ နဥပ္ပါဒေန္တိ" ဟု သမ္ဗန္ဓဖွင့်သည်၊ အဋ္ဌကထာ၌ နဇိရန္တိကား အဓိပ္ပါယ်ဖွင့်တည်း၊ "မှလစားထားသော အစာမျိုး၊ ဟအစာမကြသေးကြောင့် လေရောဂါကိုလည်းမငြိမ်းနိုင်ကြကုန်" ဟူလို၊

ဘတ္တာစ္ဆာဒကေနာတိ-ကား၊ ဘတ္တံ-ဆွမ်းကို၊ အရောစကေန-မနုစ်သက်ဧစေတတ်သော ဆေးကြောင့်ဂုဏ်း၊ (ကိသာဟောန်္တိ စသည်၌စပ်၊) အစ္ဆဝသန္တိ အာဒိသု-အစရှိသော ပါဠိုရပ်တို့၌၊ နိသဂ္ဂိယဝဏ္ဏနာယံ - နိသဂ္ဂိယသိက္ခာပုဒ်၏ အဖွင့်၌၊ ဝုတ္တနယေနေဝ-ဆိုအပ်ပြီးသောနည်းဖြင့်သာ၊ ဝိနီစ္ဆယော-ကို၊ ဝေဒိတဗ္ဗော-၏၊ ကာလေပဋိဂ္ဂဟိတန္တိ အာဒိသု- အစရှိသောပါဠိုရပ်တို့၌၊ မဇ္ဈန္ဟိကေ-မွန်းတည့်အခါသည်၊ အဝိတိဝတ္တေ- မလွန်သေးမီ၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍ ဂုဏ်း၊ ပစိတွာ–ချက်ပြီး၍ဂုဏ်း၊ ပရိဿာဝေတွာစ - စစ်ပြီး၍ဂုဏ်း၊ (“ တေလပရိဘောဂေန ပရိဘုဉ္ဇိတုံ” ၌စပ်၊) ဧတိအတ္ထော၊ [တွာပစ္စယန္တပုဒ်တို့ဖြင့် ဖွင့်သောကြောင့် ပါဠိတော်၌ ပဋိဂ္ဂဟိတံ စသည်တို့ကို ကြိယာဝိသေသနထင်ရှားအောင် “ ဟုတွာ ”ထည့်၍ အနက်ပေးပါ။] တေလပရိဘောဂေန ပရိဘုဉ္ဇိတုန္တိ-ကား၊ သတ္တာဟကာလိကတေလ ပရိဘောဂေန- သတ္တာဟကာလိကဆီကို သုံးဆောင်နည်းဖြင့်၊ ပရိဘုဉ္ဇိတုံ - သုံးဆောင်ခြင်းငှါ၊ (အနုဇာနာမိ ၌စပ်)၊ [သတ္တာဟကာလိကဆီကိုသုံးဆောင်နိုင်သကဲ့သို့ အကပ်ခံပြီးလျှင် ၇ရက်ပတ်လုံးသုံးဆောင်နိုင်သည်–ဟူလို။]

မူလဘေသဇ္ဇာဒိ ဝိနီစ္ဆယောပိ-မူလဘေသဇ္ဇ အစရှိသည်တို့၏ အဆုံးအဖြတ်ကိုလည်း၊ ခုဒ္ဒကဝဏ္ဏနာယံ - ခုဒ္ဒကသိက္ခာပုဒ်၏ အဖွင့်၌၊ (ဝိကာလဘောဇနသိက္ခာပုဒ်၏အဖွင့်၌၊) ဝုတ္တောယေဝ - ဆိုအပ်ပြီးသည်သာ၊ တသ္မာ - ကြောင့်၊ ဧတဓ-၌ ဘေသဇ္ဇကျွန်ုကဉ်၊ ယံယံ- အကြင်အကြင် အဆုံးအဖြတ် စကားရပ်ကို၊ ပုဗ္ဗေ-ရှေ့၌၊ အဝုတ္တံ-မဆိုအပ်သေး၊ တံ တဒေဝ-ထိုထိုရှေးဦးမဆိုအပ်သေးသော စကားရပ်ကိုသာ၊ ဝဏ္ဏယိဿာမ - ဖွင့်ကုန်အံ့၊ ဝစတ္တန္တိ - ကား၊ သေတဝစံ-ဖြူသောအဆင်းရှိသော လင်းလေကိုဂုဏ်း၊ ဝါ - ဆိတ်ဖူးကိုဂုဏ်း၊ (အနုဇာနာမိ ၌စပ်၊)နိသဒံ နိသဒပေါတကန္တိ-ကား၊ ပိသနသိလံစ-ကြိတ်ရာကျောက်ကိုဂုဏ်း၊ (ဆေးကြိတ်ကျောက်ပြင်ကိုဂုဏ်း၊)ပိသနပေါတံစ-ကြိတ်ကြောင်းဖြစ်သော ကျောံငယ်ကိုဂုဏ်း၊ (ဆေးကြိတ် ကျောက်တုံးငယ်ကိုဂုဏ်း၊) [အနုဇာနာမိ၌ စပ်ရမည်

× × × × × × ×

ဘတ္တံ အရောစကေန။ ။ဘတ္တာစ္ဆာဒကေနကို “ဘတ္တ + အစ္ဆာဒကေန”ဟု ပုဒ်ဖြတ်၍ အစ္ဆာဒကဋ္ဌ“ဆာဒေတိ–နှစ်သက်စေ၏၊ ဇာတိ ဆာဒဂ်ံ၊ နှ + ဆာ့ဒဂ်ံ အစ္ဆာဒကံ၊ ဘတ္တံ+ အစ္ဆာဒကံ ဘတ္တစ္ဆာဒကံ (ပဋ္ဌဘေသဇ္ဇံ– ထောပတ်စသော ၅ မျိုးသောဆေး၊)” ဤသို့ပြုပါ။ ဆဒိ–ရုစိမှိ ဟု ဓာတ်နက်ရှိသောကြောင့် အရောစကေနဟု ဖွင့်၏၊ [အချို့စာအုပ်၌ “ ဘတ္တာစ္ဆန္နကေန ” ဟု ရှိ၏၊ ထမင်း၌ + ဆန္နမရှိကြောင်းဖြစ်သော ဆေး”ဟု ပေးပါ။] ရောစေတီတိ ရောစကံ၊ နှ + ရောစကံ အရောစကံ၊ စာအုပ်များ၌ “အာရောစိကေန”ဟု တွေ့ရ၏၊ ဤပစ္စည်းဖြင့် ဘေဟောဖြစ်ဘို့ရန် မကောင်းသောကြောင့်ဂုဏ်း , ဤထိုလိုန်အဆာ၌သာ အကို့ ဒု ပြုသောကြောင့်ဂုဏ်း ထိုပါဋ္ဌကို စဉ်းစား သင့်၏၊ ယောဇနာဋ္ဌလည်း ဘတ္တာရောစကေန ဟု ရှိသည်။

ဖြစ်သောကြောင့် "ပိသနသိလံစ ပိသနပေါတံစ" ဟု ဒုတိယန္တရိစေ။] ဖဂ္ဂဒန္တိ-ကား၊ လတာဇာတိ-နွယ်မျိုးတည်း၊ [ခွေးတောက်နွယ် – ဟူလို၊] နတ္တမာလန္တိ-ကား၊ ကရဉ္ဇံ - သင်းဝင်ကို၊ [အဘိဓာန်၌ ပုလ္လိန်ရှိ၏၊ ထို့ကြောင့် ဒုတိယန္တ ကြီသည်။]ဟိင်္ဂု ဟိင်္ဂုဇတု ဟိင်္ဂုသိပါဠိကာ-ရှိန်းဂို, ရှိန်းဂိချပ်, ရှိန်းဂိလွာတို့သည်၊ ဟိင်္ဂုဇာတိယောယေဝ - ရှိန်းဂိမျိုးတို့ချည်းသာတည်း၊ [ရှေးက " ဟိန်းဂို " ဟု ခေါ်ကြ၏။] တက တကပတ္တိ တကပဏ္ဏိယော - ချိပ်, ချိပ်စေး, ချိပ်လွာတို့သည်၊ လာခ'ဇာတိယော (ဧဝ)-ချိပ်မျိုးတို့ချည်းသာတည်း။

သာမုဒ္ဒန္တိ-ကား၊ (ယံ-အကြင်ဆားသည်၊) သမုဒ္ဒဟိရေ-သမုဒ္ဒြာ၏ကမ်း၌၊ ဝါလုကာဝိယ-သဲသည်ကဲ့သို့၊ သန္တိဋ္ဌတိ- ကောင်းစွာတည်၏၊ (တံ-ထို သမုဒ္ဒြာကမ်း၌တည်သော ဆားကို၊ အနုဇာနာမိ ဟု ပါဠိတော်၌စပ်၊) ကာဠလောဏန္တိ- ကား၊ ပကတိလောဏံ- မပြုမပြင် ပင်ကိုယ်ဆားကို၊(မချက်ရဲသေးသည်ဖြစ်၍နက်နေသော ပင်ကိုယ်ဆားကို၊ အနုဇာနာမိ၊) သိန္ဓဝန္တိ- ကား၊ (ယံ- အကြင်ဆားသည်၊) သေတဝဏ္ဏံ - ဖြူသောအဆင်းရှိသည်၊ (ဟုတ္တာ)၊ ပဗ္ဗတေ-သိန္ဓုတောင်၌၊ ဥဒ္ဓဟတိ-ထ၏၊ ဝါ-ပေါက်၏၊ (တံ – ထို သိန္ဓုတောင်၌ပေါက်သောဆားကို၊ အနုဇာနာမိ၊) ["သိန္ဓုမှိ + ဥဒ္ဓိတံ သိန္ဓဝံ" ဟု ပြု။] ဥဒ္ဓိဒန္တိ-ကား၊ (ယံ-အကြင်ဆားသည်၊) ဘူမိတော- မြေမှ၊ အဂ်ုံရံ- အညွန့်သည်၊ (ဟုတ္တာ)၊ ဥဒ္ဓဟတိ-ပေါ်ထွက်လာ၏၊ (တံ– ထိုမြေမှ ပေါ်ထွက်သောဆားကို၊ အနုဇာနာမိ၊) [ဆပ်ပျာပေါက်သကဲ့သို့ မြေပေါ်၌ ပေါ်ထွက်သောဆား–ဟူလို။] ဗိလန္တိ-ကား၊ ဒဗ္ဗသမ္ဘာရေဟိ-သစ် အဆောက်အဦးတို့နှင့်၊ သဒ္ဓိ –တကွ၊ ပစိတံ-ချက်အပ်သောဆားကို၊ (အနုဇာနာမိ၊) တံ – ထိုဆားသည်၊ ရတ္တဝဏ္ဏံ – နီသောအဆင်း ရှိ၏။

× × × × × × ×

သာမုဒ္ဒံ။ ။သာမုဒ္ဒန္တိစ္ထေ သမုဒ္ဒေ သန္တိဋ္ဌတီတိ သာမုဒ္ဒန္တိ ဝစနတ္ထံ ဒဿေန္တော အာဟ သမုဒ္ဒတီရဘာ အာဒိ၊ တီရရတိ ဇာမိနာ သမုဒ္ဒေတိစ္ထေ သတ္တမီဗ်ာတ္တိယာ သမီပတ္ထေ ပဝတ္တဘာဝံ ဒဿေတိ၊ — ယောဇနာ။

ဥဒ္ဓိံ။ ။ဘူမိတော – မြေမှ၊ ဥဒ္ဓိဋ္ဌတိ – ပေါက်ထွက်တတ်၏၊ ဇာကိ ဥဒ္ဓိဒံ၊ ဥပရိဋ္ဌ + ဘိဒ – အပဇ္ဇည်း၊ ယောဇနာဉ်ကား ဂါသို့မကြိဘဲ "ဥဒ္ဓိရံ" ဟု ပါဌ်မှန်ပြန်၍ " ဥဒ္ဓိတော (ဘူမိတော) ဂါရဟိ ဥဂ္ဂစ္ဆတီတိ ဥဒ္ဓိရံ ဝစနတ္ထံ ဒဿေန္တော အာဟ ဘူမိတော အာကုံရံ ဥဒ္ဓဟတီတိ၊ ဇာမိနာ အဒ္ဓကထာနယေန ခြင်္ဂဇော တတိယကွာရဏေ ယောဝ ယုဇ္ဇတိ၊ ပေါ်ထွက်လာသော ပန် ၊ တုဏ္ဍကွာရဏေ ဒိဿတိ" ဟု ဆိုလေသည်။

ဗိလံ။ ။ဗိလန္တိ ဓောဇ္ဇေသော၊ တသ္မာ ဒဗ္ဗသမ္ဘာရေဟိ ဗိလေဟိ သဒ္ဓိံ ပစိတံ ဗလန္တိ အတ္ထော ဒဿေန္တော အာဟ ဒဗ္ဗသမ္ဘာရေဟိ သဒ္ဓိံ ပစိတန္တိ၊ အဘိဓာနေ ဗိလာဒီနံ ပါဠ္ဍော အတ္ထော၊ — ယောဇနာ။ [အဘယာရာမ ဆရာတော်၏ အဘိဓာန် နိဿယ၌ "ဗြဲ ကံ-ဖိဋ်" ဟု ရှိ၏၊ (၎င်း) အဘိဓာန်။]

ကာယော၀ါ ဒုဂ္ဂန္ဓောတိ- ကား၊ ကဿစိ - အချို့ပုဂ္ဂိုလ်၏၊ အဿာဒိနံ- မြင်းအစရှိသည်တို့၏၊ ကာယဂန္ဓော၀ိယ-ကိုယ်အနံ့ကဲ့သို့၊ ကာယဂန္ဓော- ကိုယ် အနံ့သည်၊ ဟောတိ-ရှိ၏၊ တဿဝိ-(မကောင်းသော ကိုယ်နံ့ရှိသော) ထိုရဟန်း အားလည်း၊ သိရိသကောသုမ္ဘာဒိ စုဏ္ဏာနိ၀ါ-ကုက္ကိုခေါက် ၀တ်ပန်းအစရှိသည် တို့၏ အမှုန့်တို့သည်၎င်း၊ ဂန္ဓစုဏ္ဏာနိ၀ါ-နံ့သာ မှုန့်တို့သည်၎င်း၊ သဇ္ဇာနိ-အလုံး စုံသော အမှုန့်တို့သည်၊ ဥန္နန္တိ- အပ်ကုန်၏၊ ဆကဏ္ဏန္တိ – ကား၊ ဂေါမယံ– နွားချေးကို၊ ရဇနနိပဏ္ဏန္တိ - ကား၊ ရဇနကဿံ - ဆိုးရည်ခေါက် အဖတ်ကို၊ (အနုဇာနာမိ - ၌စပ်၊) ပါကတိကစုဏ္ဏမ္ပိ - ပကတိဖြစ်သော အမှုန့်ကိုလည်း၊ (မချက်အပ်သော ဖန်ရည်ခေါက်၏ အမှုန့်ကိုလည်း၊)ကောဋ္ဋေတွာ-ထောင်း၍၊ ဥဒကေန-ရေဖြင့်၊ တေမေတွာ - ဆွတ်၍၊ နှာယိတုံ – ရေချိုးခြင်းငှါ၊ ဥန္နတိ- အပ်၏၊ တေမ္ပိ-၌ပါကတိ စုဏ္ဏသည်လည်း၊ ရဇနနိပဏ္ဏသဒိ်ပမေ၀ - ကြိုချက် အပ်ပြီးသော ဆိုးရေခေါက်၌ သွင်းယူအပ်သည်၏ အဖြစ်သို့သာ၊ ဂန္ဆတိ-၏။

အာမကမံသဥ္စခါဒိ၊ပေ၊ ပိဝိတိ–ကား၊ တံ-ထိုအသားစိမ်း အသွေးစိမ်းကို၊ ဘိက္ခု-ရဟန်းသည်၊ နခါဒ်-ခဲစားသည် မဟုတ်၊ နပိဝိ– သောက်သည် မဟုတ်၊ အမနုဿော-သူရဲသဘက်သည်၊ ခါဒိတွာစ-ခဲစားပြီး၍၎င်း၊ ပိဝိတွာစ-သောက်ပြီး၍၎င်း၊ ပက္ကန္တော-ဖဲသွားပြီ၊ တေန-ထို့ကြောင့်၊ "တဿ သော အမနုဿိကာ ဗာဓော ပဋိပ္ပဿမ္ဘီ" တိ– တဿ ၊ပေ၊ ပဋိပ္ပဿမ္ဘီဟူ၍၊ (သဒ္ဒတိကာရေဟိ) ဝုတ္တံ-မိန့်တော်မူအပ်ပြီ။

အဥ္ဇနန္တိ တေံ–အဥ္ဇနုံဟူသော ဤသဒ္ဒါသည်၊ သမ္ဗသင်္ဂါဟကဝစနံ– အလုံး စုံသော မျက်စဉ်းကို သိမ်းယူကြောင်း သဒ္ဒါတည်း၊ ကာဉဥ္ဇနန္တိ–ကား၊ ကော-တမျိုးသော၊ အဥ္ဇနဇာတိ– မျက်စဉ်းမျိုးတည်း၊ နာနာသမ္ဘာရေဟိ - အမျိုးမျိုး သော အဆောက် အဦးတို့ဖြင့်၊ ကတံ- ပြုအပ်သော မျက်စဉ်းသည်၊ ရသဥ္ဇနံ– ရသဥ္ဇနမည်၏၊ သောတဥ္ဇနန္တိ–ကား၊ နဒီသောတာဒိသု–မြစ်ရေ အယဉ် အစ ရှိသည်တို့၌၊ ဥပ္ပဇ္ဇနကံ- ဖြစ်သော၊ အဥ္ဇနံ - မျက်စဉ်းတည်း၊ ဂေရုကောနာမ– ဂေရုကမည်သည်၊ သုဝဏ္ဏဂေရုကော-ခရွှေ၏အဆင်းနှင့်တူသော အဆင်းရှိသော

× × × × × × ×

ပါကတိက စုဏ္ဏံ။ ။အာဂန္တုကသာ၀စုဏ္ဏံ-မချက်အပ်သေးသော ဆိုးရည်ခေါက်၏ အမှုန့်တည်း၊ တေန–ထိုသို့ ပါကတိက စုဏ္ဏကို ခွင့်ပြုတော်မူခြင်းကြောင့်၊ ထပေတွာ ဂန္ဓစုဏ္ဏံ – နံ့သာမှုန့်ကို ချန်ထား၍၊ သမ္ဗံ ဝဋ္ဋတိ – အလုံးစုံသော အမှုန့်သည် အပ်၏၊ ဇုတိ ဥဒန္တိ၊–သာရတ္ထ။

အဥ္ဇနံ ။ ။ အဥ္ဇေတိ စက္ခုံ ဇေတနာတိ အဥ္ဇနံ၊ မျက်စိကို သုတ်လိမ်းကြောင်း ဖြစ်သော မျက်စဉ်း၊ မြန်မာလူမျိုးတို့က မျက်စဉ်းကို မျက်စိထည်းဟု အရည်လုပ်၍သာ ခတ်ကြသော်လည်း ကုလားလူမျိုးတို့ကား မျက်စိအေးအောင် မျက်လုံးပတ်ပတ်လည်၌ သုတ်လိမ်း၍လည်း ထားကြသည်။

၃၀.သင်္ဘောတည်း၊(ဦးကာ၌"ရွှေအဆင်းရှိသော ဒုဋ္ဌောအဝါတည်း"ဟု ဆို၏၊) ကပလ္လဿိ - ကား၊ ဒီပသိခတော – ဆီမီး အလှျံမှ၊ ဂဟိတမသိ - ယူအပ်သော မင်တည်း၊ အဉ္ဇနုပဝိသနေဟိတိ – ကား၊ အဉ္ဇနေန – မျက်စဉ်းနှင့်၊ သဒ္ဓိ – တကွ၊ ကေတော-တပေါင်းတည်း၊ ပိသိတမ္ဗေဟိ-ကြိတ်ထိုက်သော ဆေးတို့ဖြင့်၊ ("အထွော ဟောတိ"၌စပ်၊) ဟိ–မှန်၏၊ ကိဉ္စိ-တစုံတခုသော၊ အဉ္ဇနုပဝိသနံ-မျက်စဉ်းနှင့် တကွ ကြိတ်ထိုက်သော ဆေးသည်၊ နဝဉ္ဇတိ - မအပ်သည်ကား၊ န–မဟုတ်၊ ဝဉ္ဇတိ ဝေ–အပ်သည်သာ၊ စဒ္ဒနန္တိ-ကား၊ လောဟိတစန္ဒနာဒိကံ-စန္ဒကူးနိ အစရှိသော၊ ယံကိဉ္စိ - အမှတ်မထား တပါးပါးသော စန္ဒကူးတည်း၊ တဂရာဒိနိ–တောင်ဇလပ်ပန်း အစရှိသည်တို့သည်၊ ပါကဋာနိ-ထင်ရှားကုန်၏၊ အညာနိပိ-စန္ဒန တဂရစသည်တို့မှ တပါးလည်းဖြစ်ကုန်သော၊ နီလုပ္ပလာဒိနိ-ကြာညိပန်းအစရှိသည်တို့သည်၊ ဝဉ္ဇန္တိ ယေဝ-နှံသည်သာ။

အဋ္ဌမယန္တိ-ကား၊ မနုဿဒ္ဒိ - လူရိုးကို၊ ထပေတွော - ထား၍၊ အဝသေသ အဋ္ဌိမယံ - ကြွင်းသော အရိုးဖြင့် ပြုအပ်သော မျက်စဉ်းကျည်ကို၊ ဒန္တမယန္တိ–ကား၊ ဟတ္ထိဒန္တာဒိ သမ္ဘဒန္တမယံ–ဆင်စွယ် အစရှိသော အလုံးစုံသော အစွယ်ဖြင့် ပြုအပ်သော မျက်စဉ်းကျည်ကို၊ (အနုဋီကာနာမိ- ၌စပ်) ဝိသာဏမယဝိ–သားချိုဖြင့် ပြုအပ်သော မျက်စဉ်းကျည်၌လည်း၊ အကပ္ပိယံနာမ - မအပ်သော မျက်စဉ်းကျည်မည်သည်၊ နတ္ထိ - မရှိ၊ [အဉ္ဇနီပုဒ်ကို ငဲ့၍ အကပ္ပိယာနာမ- ဟု ရှိလျှင် ကောင်း၏၊]နဉ္ဇမယာဒယော-နဉ္ဇမယအစရှိသော မျက်စဉ်းကျည်တို့သည်၊ ကေနကပ္ပိယာယေဝ- ကေန် အပ်ကုန်သည်သာ၊ သလာကဋ္ဌာနိယန္တိ - ကား၊ ယဋ္ဌ - အကြင်အရပ်၌၊ သလာကံ– မျက်စဉ်းတံကို၊ ဩဟနန္တိ - သွင်းထားကြကုန်၏၊ တံ- မျက်စဉ်းတံထားရာထိုအရပ်ကို၊ (သာမညကံ)၊ သုဘိရဒဿနံဝါ-အခေါင်းရှိသော ဒုတ်ကိုဂုဏ်း၊ ထဝိကံဝါ- အိတ်ငယ်ကိုဂုဏ်း၊(ဝိသေသကံ)အနု ဇာနာမိ-ဏ်၊ ဇတိအတ္ထော-နက်၊[တိဋ္ဌတိ ဣတိ ဒွာနိယံ၊ ဒွာ-ခေတ်, အနိယ ပစ္စည်း၊ သလာကာယ – ဒွာနိယံ သလာကဋ္ဌာနိယံ] အံသဗဒ္ဓကော တိ - ကား၊ အဉ္ဇနီထွဝိကာယ – မျက်စဉ်းကျည်အိတ်၏၊ အံသဗဒ္ဓကော – ပခုံးလွယ်သည်၊ (ပခုံးဋ္ဌဲ ပဋ္ဌာည်ကြောင်းဖြစ်သော လွယ်အိတ်ကြိုးသည်၊ နဟောတိ၌စပ်၊) ယမက နတ္ထုကရဏိန္တိ - ကား၊ သမဿသာတာဟိ – ညီမျှသော နာနှဲ့ပရည် ရှိကုန်သော၊ (အဂ္ဂိအမ္ဗ နာနှဲ့ပရည်ဂင်ကုန်သော၊ ဒွီဟိ – နှစ်ခုကုန်သော၊ ပနာဠိကာဟိ-ပြွန်ချောင်းတို့ဖြင့်၊ ကေ - တ၌သော၊ နတ္ထုကရဏိ – နာနှဲ့ပတံက်၊ (အနုဋီကာနာမိ၌ စပ်)။

\+ × × × × × × ×

ဆမကနတ္ထုကရဏီ၊ ၊ကရီယတိ စတာယာတ် ကရဏီ၊ နတ္ထုဃာ + ကရဏီ နတ္ထုကရဏီ၊ (နာနှဲ့ပမူကို ပြုကြောင်းဖြစ်သော နာနှဲ့ကံတံ၊) ယမကာ+ နတ္ထုကရဏီ ယမကနတ္ထုကရဏီ၊ နာနှဲ့ပတံတခုသို့ နာနှဲ့ပဘို့ရန် ပြုံးတံနှစ်ခု အဆုံပါသော, ထိုပြုံးတံ

အနုဇာနာမိ ဘိက္ခဝေ တေလပါကန္တိ-ကား၊ ယံကိဉ္စိ– အမ္ပတ်မရှိ တစုံတခု သော၊ ဘေသဇ်-ဆေးကို၊ ပက္ခိတ္တံ-ထည့်အပ်ပြီ၊ တံ သမ္မံ-ထို အလုံးစုံသောဆေး သည်၊ ဝါ-ကို၊ အနုညာတမေဝ-ခွင့်ပြုအပ်ပြီးသည်သာ၊ ဟောတိ- ဖြစ်တော့၏၊ အတိက္ခိတ္တမဇ္ဇာနိတိ-ကား၊ အတိဝိယ-အလွန်အဂဲသာလျှင်၊ ခိတ္တမဇ္ဇာန်-ခတ် အပ်သောသေရည်အရက် ရှိကုန်သော၊ ဗဟုံ-များစွာ၊ မဇ္ဇံ- သေရည်အရက်ကို၊ ပက္ခိပိတွာ-ထည့်၍၊ ယောဇိတာနိ-ယှဉ်စေအပ်ကုန်သော၊ (“တေလာနိ ပစန္တိ” ၌စပ်၊) ဇုတိအတ္ထော-၌ကားအနက်။

အဂ်ဝါတောတိ - ကား၊ ဟတ္ထပါဒေ – လက် ခြေ၌၊ ဝါတော – လေသည်၊ (ဟောတိ၌စပ်)၊ [“အဂ်မင်္ဂေသု ဝါတော” ဟုလည်း မူကွဲရှိ၏၊] သမ္ဘာရသေဒန်-ကား၊ နာနာဝိဓ ပဏ္ဏာဘဂ်သေဒံ-အထူးထူးသော အပြားရှိသော ချိုးအပ်သော သစ်ရွက်တို့ဖြင့်နှုးနှပ်မှုကို၊ ဝါ-ချွေးထုတ်မှုကို၊ (အနုဇာနာမိ၌စပ်၊) မဟာသေဒန်- ကား၊ မဟန်္တံ- ကြီးကျယ်သော၊ (သမ္ဘာရသေဒထက်ပင် ကြီးကျယ်သော၊)

× × × × × × ×

ဉ်လည်း နှာနှပ်ရည် အညီအမျှဝင်သော နှာနှပ်တံတည်း၊ ဒီဟိ ပနာဠိကာဟိတို့ကား ဇာတ္တမှုတ လက္ခဏာတည်း၊ [ဓူမံပါတုံနှင့် စပ်၍ မှတ်ဘွယ်ကို ဘေဇနဝဂ် ဒန္တပေါန သိက္ခာပုဒ်၌ ပြထားပြီ။]

ယံကိဉ္စိ၊ပေ၊ဟောတိ ။ ။ဆိကိုချက်ရာ၌ ဆေးအမျိုးမျိုး ထည့်တတ်ကြ၏၊ ချက် အပ်သောဆိကို ခွင့်ပြုလျှင် ထို ဆေးအမျိုးမျိုးကိုလည်း ခွင့်ပြုအပ်ပြီး ဖြစ်တော့သည်– ဟူလို၊ ပက္ခိတ္တံနေရာဝယ် “ပက္ခိပန်တံ” ဟု မူကွဲရှိ၏၊ မကောင်းပါ၊ ယောဇနာ၌ တံ သမ္ဗံ တေလပါကန္တိ သမ္ဗန္ဓေါဟု တွေ့ရ၏၊ ထိုဒေလို“ယသ္မိံ တေလပါကေ ယံကိဉ္စိ ဘေသဇ်ံ ပက္ခိတ္တံ၊ သမ္ဗံ တံ တေလပါကံ အနုညာတမေဝ ဟောတိ ” ဟု ရှေး နိဿယအနက် ပေးသည်၊ မိမိကား သမ္ဗံအရ ယံကိဉ္စိ ဘေသဇ်ံကို ပြန်၍ စွဲသင့်သည်-ဟု ထင်သည်၊ ထို့ကြောင့် ယံကိဉ္စိနှင့်ညီအောင် တံ ထည့်၍ အနက်ပေးလိုက်သည်၊ အချို့စာများ၌ “အတိပက္ခိတ္တ မဇ္ဇာနိတံ” ဟု ရှိ၏၊ ပက္ခိတ္တဟု ထင်ရှားပြီးကို ခိတ္တဟု မထင်မရှား မှတ်၍ သင့်သောကြောင့် မူရင်းပါဠိ ဟုတ်ဟန်မတူ။

သမ္ဘာရသေဒံ။ ။ယခုကာလ၌ ဝါးခြမ်းကို ချွေးပေါင်းလုပ်ဘို့ရန် လူတရပ်လေဒံ နိုးနိုး မြင့်အောင် ရက်၍ ဗျာ သင်ဖြူးတို့ဖြင့် ဖြစ်စေ အဝတ်တို့ဖြင့် ဖြစ်စေ ကာလျက် ချွေးပေါင်းလုပ်ထားကြ၏၊ တမာရွက် မယ်ဇလီရွက် စသော အမျိုးမျိုးသော အရွက် များကိုထည့်၍ ရေနွေးကြိုပြီးလျှင် ထိုရေနွေးအိုးကို ချွေးပေါင်းတွင်းသို့သွင်း၍ ခါးဝတ် မျှလောက်ကိုသာ ဝတ်ပြီးလျှင် ချွေးပေါင်းတွင်းသို့ဝင်၍ ထိုင်ခုံတခုခုဖြင့် ထိုင်နေလျှင် မကြာခင် တကိုယ်လုံး၌ ချွေးထွက်၍လာသည်၊ ထို ချွေးတွေကိုလည်း ချွေးပေါင်း အတွင်းမှာပင် သုတ်၍သုတ်၍ ပစ်ရသည်၊ ဤကဲ့သို့ ခန္ဓာကိုယ် နှုးနှပ်မှုကို သမ္ဘာရ သေဒ – ဟု ခေါ်ရသည်၊ ဤကဲ့သို့ နှုးနှပ်ပေးလျှင် ခန္ဓာကိုယ်နှင့် အင်္ဂါကြီးငယ်တို့၌ လျောက်နေသောလေများ ငြိမ်သွားရကား ခန္ဓာကိုယ် မတောင့်တင်းတော့ဘဲ ပြေ့ ပြောင်း၍ လာနိုင်သည်။

သေဒံ- နှူးနှပ်မှုကို၊ဝါ- ခွေးထုတ်မှုကို၊ (အနုဇာနာမိဒ္ဓစပ်)၊ ပုရိသပုဗ္ဗမာဏံ– ယောက်ျားတရပ် ပမာဏရှိသော၊ (တနည်း) ပေါရိသပမာဏံ-ယောက်ျားတရပ် ပမာဏရှိသော၊ အာဝါဠံ-တွင်းကို၊ အင်္ဂါရာနံ-မီးကျီးတို့ဖြင့်၊ ပူရေတွာ-ပြည့်စေ၍၊ ပံသုဝါလိကာဒီဟိ-မြေမှုန့် သဲ အစရှိသည်တို့ဖြင့်၊ ပိဒဟိတွာ-ဝိတ်ဖုံး၍၊ တတ္ထ-ထို မြေမှုန့် သဲ အစရှိသည်တို့၏အပေါ်၌၊ နာနာဝိဓာနိ-အထူးထူးသော အပြားရှိကုန်သော၊ ဝါတဟရဏာပကွာနိ - လေကို ဖယ်ရှားနိုင်သော သစ်ရွက်တို့ကို၊ (တမာရွက်စသော အရွက်တို့ကို၊) သန္ထရိတွာ - ဖြန့်ခင်း၍၊ တေလမက္ခိတန– ဆီတို့ဖြင့်သုတ်လိမ်းအပ်သော၊ ဂတ္တေန-ကိုယ်ဖြင့်၊ (ဣတ္ထာမှုလက္ခဏာ)၊ တတ္ထ-ထို သစ်ရွက်အခင်းပေါ်၌၊ နိပဇ္ဇိတွာ- လျောင်း၍၊ သမ္မရိဝတ္တဒန္တေန- တင်ပြင်းပြန်းပြန် ပြန်လျက်၊ (ဝဘက်စောင်းလိုက် ယာဘက်စောင်းလိုက် ပက်လက်လှန်လိုက် မှောက်လျက်ဒုနလိုက် ပြုလျက်၊) သရီရံ-ကိုယ်ကို၊ သေဒေတုံ- နှူးနှပ်ခြင်းငှါ၊ ဝါ-ခွေးထုတ်ခြင်းငှါ၊ အနုဇာနာမိ-၏၊ ဣတိအတ္ထော-နက်။

ဘဒ္ဒံဒါဒကန္တိ-ကား၊ နာနာပက္ကာဘင်္ဂံကုထိတံ-အမျိုးမျိုးသော ချိုးအပ်သော သစ်ရွက်တို့ဖြင့် ပွက်ပွက်ဆူသော၊ ဥဒကံ-ရေကို၊ (အနုဇာနာမိဒ္ဓစပဲ)၊ တေဟိ ပက္ကောဟိစ-ထို သစ်ရွက်တို့ဖြင့်ငင်း၊ (တေန) ဥဒကေနစ-ထို ရေပူဖြင့်ငင်း၊ သိဒ္ဓိတွာ သိဒ္ဓိတွာ-လောင်း၍လောင်း၍၊ သေဒေတဗ္ဗော-နှူးနှပ်ထိုက်၏၊ [မာတောင့်တောင့် မဖြစ်အောင် ခန္ဓာကိုယ်ကို နှူးနှပ်မှုကို "သေဒေတဗ္ဗော" ဟု ဆိုသည်၊ "ရေချိုးသလိုချိုးခြင်း မဟုတ်, ခွေးထွက်လာအောင် အနည်းငယ်လောင်း၍ နှူးနှပ်ရမည်" ဟူလို၊] ဥဒကကောဋ္ဌကန္တိ-ကား၊ ဥဒကကောဋ္ဌေ-ရေချိုးအုံ၌၊ စာဋိ ဝါ–အိုးစရည်းကိုသော်၎င်း၊ ဒေါဏိ ဝါ-ရေစားကျင်းကိုသော်၎င်း၊ (ရေဇလားကိုသော်၎င်း၊) ဥဒက္ခာဒကဿ- ရေနွေးဖြင့်၊ ပူရေတွာ – ပြည့်စေ၍၊ တတ္ထ- ထို ရေချိုးအုံ၌၊ ပဝိသိတွာ–၍၊ သေဒကမ္မကရဏံ- နှူးနှပ်မှုကို ပြုခြင်းကို၊ ဝါ–ခွေးထုတ်မှုကို ပြုခြင်းကို၊ အနုဇာနာမိ-၏၊ ဣတိအတ္ထော-နက်။[ရေပူငွေ့တွေ ရှိသောကြောင့် ထို ရေချိုးအုံ၌ ဝင်နေလျှင် ခွေးထွက်နိုင်သည်။]

ပဗ္ဗဝါတော ဟောတိတိ - ကား၊ ပဒ္ဓပဗ္ဗေ – အဆစ်တိုင်း အဆစ်တိုင်း၌၊ ဝါတော-လေသည်၊ ဝိဗ္ဘတိ-ထိုး၏၊လောဟိတံ မောစေတုန္တိ-ကား၊ သတ္တကေနဒါဃယေဖြင့်၊ လောဟိတံ–သွေးကို၊ မောစေတုံ-လွတ်စေခြင်းငှါ၊(အနုဇာနာမိဒ္ဓစပ်၊ [လေထိုးသောနေရာ၌ ဒါဃကလေးဖြင့် ပေါက်၍ သွေးထွက်သောအခါ လေပါ

× × × × × × ×

ပုရိသပုဗ္ဗမာဏံ၊ ၊"ပုရိသော ပမာဏံ ယဿတိ ပေါရိသံ" ဟု ဝိဂြိုဟ်ပြုလျှင် ပေါရိသံဟု်ရှင်းက ပမာဏအနက်ကို ဟောပြီးခြင်း၏၊ ဤ၌ ပမာဏပုဒ် တိုက်ရိုက်ပါသောကြောင့် "ပုရိသပုဗ္ဗမာဏံ" ဟု ရှိသင့်မည်ထင်သည်၊ တနည်း — ပုရိသသဒ္ဒ ပေါရိသံ–ထောက်ပြီးဖြစ်သော တရပ်, လက်ခုပ်တစ်ဝက်၊ ပေါရိသံ+ပမာဏံ ယဿတိ ပေါရိသပမာဏော(အာဝါဠော)၊ ဤသို့သော်လည်းကြီး

ထွက်သွားသည်၊] ပဇ္ဇံ အဘိသန်ရိတုန္တိ-ကား၊ ယေန-အကြောင်းဆေးဖြင့်၊ ဖလိတ ပါဒါ-ကွဲသောခြေတို့သည်၊ ပါကဘ်ကာ-ပင်ကိုယ်သဘောရှိကုန်သည်၊ ဟောန္တိ-န်၏၊ နာဠိကေရာဒိသု- အုန်းသီး အစရှိသည်တို့၌၊ နာနာဘေသဇ္ဇာနိ-အမျိုးမျိုးသော ဆေးတို့ကို၊ ပက္ခိပိတွာ-ထည့်၍၊ တံပဇ္ဇံ-ထိုရောဂါ၏ အစိုးအပွားဖြစ်သော ဆေးကို၊ အဘိသန်ရိတုံ-ပြုစိမ်ခြင်းငှါ၊ ပါဒါနံ-ခြေတို့၏၊ ဝါ-တို့အား၊ သပ္ပါယ ဘေသဇ္ဇံ-လျောက်ပတ်သော ဆေးကို၊ ပစိတုံ-ချက်ခြင်းငှါ၊(အနုဇာနာမိ၌စပ်၊) ဇာတိ အတ္ထော-နက်၊ တိလကဉ္ဇန အတ္ထောတိ-ကား၊ ပိဋ္ဌေဟိ-ကြိတ်ချေအပ်ကုန်သော၊ ဝါ- အမ္ဘန့်ပြုအပ်ကုန်သော၊ တိလေဟိ - နှမ်းတို့ဖြင့်၊ အတ္ထော-အလိုသည်၊(ဟောတိ၌စပ်)၊[ကဏ္ဏသဒ္ဒါ အမ္ဘန့်အနက်ကို ဟော၏၊ ထို့ကြောင့် ကဏ္ဏကို ပိဋ္ဌ- ဟု ဖွင့်သည်၊ ပိသိယိ သူတိ ပိဋ္ဌာ-ကြိတ်ချေအပ်သော အမ္ဘန့်တို့။] ကဗဠိကန္တိ- ကား၊ ဝဏမုခေ-အနာဝဠ်၊ သတ္တုပိဏ္ဍံ-မုံမ္ဘန့်ဆိုင်ကို၊ ပက္ခိပိတုံ-ထည့်ခြင်းငှါ၊ (အနုဇာနာမိ၌စပ်၊) သာသပကုန္ဒနာတိ-ကား၊ သာသပပိဋ္ဌေန-မုံညှင်းမှုန့်ဖြင့်၊ (“ဖေါသိတုံ- ဖြူးခြင်းငှါ” ၌စပ်၊) ဝမုမံသန္တိ - ကား၊ အဓိကမံသံ-အပိုဖြစ်သော အသားသည်၊ အာကိဝိယ-စို့ကဲ့သို့၊ ဥဒ္ဓဟတိ-ပေါ်ထွက်နေ၏၊ လောဏသက္ခရိကာယ ဆိန္ဒိတုန္တိ- ကား၊ ခါရေန-ဆားငံရေဖြင့်၊ဆိန္ဒိတုံ-ဖြတ်ခြင်းငှါ၊ (“အနုဇာနာမိ” ၌ စပ်)။

ဝိကာတိကန္တိ - ကား၊ ဘေလရုန္ဓနပိလောတိကံ – ဆီကို ပိတ်ဆို့ကြောင်းဖြစ်သော အဝတ်ပိုင်းကို၊ [လျောကျသောဆီကို ပိတ်ဆို့ကြောင်း ဖြစ်သော အဝတ်၊“ဝိကာသံ ရုန္ဓတီတိ ဝိကာသိကံ” ဟု ယောဇနာပြု၏၊ ဝိကာသံ-ပွင့်လင်း

× × × × × × ×

ပဇ္ဇံ။ ။ပါဒါနံ ဟိတံ ပဇ္ဇံ-ဟုပြု၊ ပဇ္ဇံအရ ခြေနယ်ဆီ ရိုးရိုးကို မယူစေဘဲ ဆေးတို့ဖြင့် ဖေါ်စပ်ထားသောခြေနယ်ဆီကိုယူစေလိုသောကြောင့် ပါဒါနံသပ္ပါယဘေသဇ္ဇံ-ဟု မိန့်သည်၊ ရိုးရိုးခြေနယ်ဆီကား ပါဒဘဉ္ဇန သိက္ခာပုဒ်၌ ပါသွားပြီ။

ကဗဠိကံ။ ။ကဗဠသဒ္ဒါသည် စပါးမျိုး(၇)ပါးမှ ဖြစ်သော ထမင်းလုပ် ထမင်းဆုပ် ထမင်းခဲ အနက်ကို ဟော၏၊ ထို့ကြောင့် သတ္တုပိဏ္ဍံ(စပါးမျိုး-၇ပါးမှဖြစ်သော မုံမ္ဘန့်၏ အဆိုင်အခဲကို)ဟု ဖွင့်သည်၊ ကဗဠသ-ထမင်းဆုပ် မုံမ္ဘန့် အဆုပ်ကို + ပက္ခိပနံ-အနာဝဠ်၌ ထည့်ခြင်း(အုံထားခြင်း)တည်း၊ ကဗဠိကံ-ခြင်း၊ [ယောဇနာ၌ “ကဗဠေန ပက္ခိပနံ ကဗဠိကံ”ဟု ပြု၏။] ဝိမတိ၌ ဤသတ္တုပိဏ္ဍံ ကိုပင် “ဥပနာဟဘေသဇ္ဇံ-ကြပ်စည်းကြောင်း ဆေး”ဟု ဖွင့်သည်။

လောဏသက္ခရိကာယ။ ။ဆားပွင့်ကို“လောဏသက္ခရ”ဟု ခေါ်၏၊ ဆားချက်ပြီးသောအခါ ထိုဆားပွင့်မှ ဆားငံရည်ထွက်၏၊ ထိုဆားငံရည်ဖြင့် အနာပေါ်တက်နေသောအသားကိုဖြတ်ဘို့ရန် ခွင့်ပြုဟန်တူ၏၊ ထို့ကြောင့် “ခါရေန ဆိန္ဒိတုံ”ရှိသောပါဠိသာ အမှန်ဖြစ်သင့်၏၊ “ခုရေန ဆိန္ဒိတုံ” ဟု ရှိသည်ကား မူလပါဠိ ဟုတ်ဟန်မတူ၊ [ခါရေနာတိ လောဏသက္ခရိကမယေန ခါရေန၊— ယောဇနာ။]

ဖသောအားဖြင့် စီးကျလာသောဆီကို၊ ရုန္ဓတိ·ပိတ်ဆို့တားမြစ်တတ်၏၊ အဝတ်ဖြင့်
ဖုံးထားသောအခါ ဆီသည် ဘေးသို့ စီးရွှံ့မကျတော့၊] သမ္ဖံ ဝဏ္ဏပဒိုကမ္မန္တိ-ကား၊
ယံကိဉ္စိ-အမှတ်မရှိ တစုံတခုသော၊ ဝဏ္ဏ ပရိကမ္မံနာမ-ဝဏ္ဏပရိကမ် မည်သည်၊
(အနာဌ် အဖန်ဖန်ပြုထိုက်သော အမှုမည်သည်၊) အတ္ထိ- ရှိ၏၊ သမ္ဖံ- အလုံးစုံ
သော ဝဏ္ဏပရိကမ်ကို၊ အနုဇာနာမိ-၏၊ ဇုတိအတ္ထော- နက်။

သာမံ ဂဟေတ္ဝာတိ-ကား၊ ဇုဒံ-ဤမဟာဝိကဋဆေးကို၊ ကောလံ-ဒဋ္ဌဝိသနှင့်
မဖက် သက်သက်၊ သပ္ပဒဋ္ဌဿေဝ - မြွေကိုက်အပ်သူသည်သာ၊ (ပရိဘုဉ်္ဇိတမ်ဖံ-
သုံးဆောင်ထိုက်သည်ကား၊) နာ-မဟုတ်သေး၊ အညသ္မိမ္ပိ-မြွေဆိပ်မှ တပါးလည်း
ဖြစ်သော၊ ဒဋ္ဌဝိသေ-ကိုက်ခြင်းကြောင့် အဆိပ်သည်၊ သတိ-ဖြစ်လသော်၊ သာမံ-
ကိုယ်တိုင်၊ ဂဟေတ္ဝာ-ယူ၍၊ ပရိဘုဉ်္ဇိတမ်ဖံ-သုံး·ဆောင်ကောင်း၏၊ [သာမံ ဂဟေ
တ္ဝာတိ ဇေတ္ထ သပ္ပဒဋ္ဌဿ အတ္ထာယ အညေန ဘိက္ခုနာ ဂဟိတမ္ပိသာမံ ဂဟိတ
သဒိသမေဝ ဂန္ဆတီတိ ဝေဒိတမ်ံ၊-သာရတ္ထ။] ပန - အကျိုတပါးကား၊ အညေသု-
သပ္ပဒဋ္ဌမှ အခြားကုန်သော၊ ကာရဏာသု - အကြောင်းတို့ကြောင့်၊ ပဋိဂ္ဂဟိတ
မေဝ-အာကပ်ခံအပ်ခဲသော မဟာဝိကဋဆေးသည်သာ၊ ဝဋ္ဋတိ- အပ်၏၊ ကတော
ပန ပဋိဂ္ဂဟဟတမ္ဖောတိ - ကား၊ (ဂုထော - ကျင်ကြီးသည်၊) ဘူမိပပ္ပတ္တော-မြေသို့
ရောက်ပြီးသည်၊ ဝါ - တည်ရာခွက်ထည်းသို့ ရောက်ပြီးသည်၊ သစေ (ဟောတိ-
အံ့၊) (ဧဝံသတိ)၊ ပဋိဂ္ဂဟေတမ်ဖော-အာကပ်ခံဆိုက်၏၊ အပ္ပတ္တံပန-မြေသို့မရောဲ
သေးသော ကျင်ကြီးကိုကား၊ ဝါ– တည်ရာ ခွက်ထည်းသို့ မရောက်သေးသော
ကျင်ကြီးကိုကား၊ ဂဟေတုံ-ကိုယ်တိုင်ယူခြင်းငှါ၊ ဝဋ္ဋတိ-အပ်၏။

ယရဒ္ဒိန္ဓကာဗာဓောတိ - ကား၊ ဝသီကရဏ ပါနက သမုဋ္ဌိတရောဂါ-မိမိ
အလိုကို ပြုကြောင်းဖြစ်သော ဆေးဖျော်ရည်စသည်ကြောင့်ဖြစ်သော ရောဂါသည်၊
(ဟောတိဉ္စစပဲ၊) သီတ ဒလောဒိန္ဓိ- ကား၊ နှင်္ဂလေန- ထွန့်ဖြင့်၊ ဝါ-ထယ်ဖြင့်၊
ကသန္တသ-ထွန်သူ၏၊ ဖာလေ - ထွန်သွားဌ်၊ ဝါ- ထယ်သွားဌ်၊ လဂ္ဂမတ္တိကံ–
ကပ်ငြိသော မြေညက်ကို၊ ဥဒကေန – ရေဖြင့်၊ အာလောဒေတွာ– မွှေနှောက်၍၊

× × × + × × ×

ယရဒ္ဒိန္ဓကာဗာဓောဒိ ။ ။ ယရအရ အိမ်ကိုရသော်လည်း ဌာနုပစာရအားဖြင့်
"အိမ်ရှင်မ" တိုင်အောင်ယူ၊ အိမ်ရှင်မက ဓိဒိအလိုပါအောင် ပေးအပ်သော ဝိယဓဆး
ရည်ကို "ယရဒ္ဒိန္ဓ" ဟု ဆိုသည်၊ ထိုဆေးဧကြောင့်ဖြစ်သော ရူးနှမ်းနှမ်းဖြစ်ခြင်း စသော
ရောဂါကို "ယရဒ္ဒိန္ဓကာဗာဓ"ဟု ခေါ်သည်၊ ယရေန+ ဒိဓန္ဓော ယရဒ္ဒိန္ဓော၊ အိမ်သည်
(အိမ်ရှင်မသည်) ပေးအပ်သော ဝိယဓဆးရည်၊ ယရဒ္ဒိန္ဓေန+ သမုဋ္ဌိတော+ ယရဒ္ဒိန္ဓ
ဓကာ၊ ယရဒ္ဒိန္ဓကာဓ+ဓသော+ အာဗာဓောစသတိ ယရဒ္ဒိန္ဓကာဗာဓော၊ ကရောတိ+
အာနေနာတိ ကရဏံ၊ ဝသံ + ကရဏံ + ဝသီကရဏံ၊ ဓိဒိအလိုပါအောင် ပြုကြောင်း
ဖြစ်ပေသာ ဆေးရည်၊ ဝိဝိယဓတတိ+ပါနံ၊ (ဆေးခတ်ထားသော ဖျော်ရည် လဘက်ရည်
စသည်၊) ပါနီးယဝ ပါနကံ၊ ဝသီကရဏံဓ+ တံ+ ပါနကံဓောတိ ဝသီကရဏပါနကံ၊
ဓတန+သမုဋ္ဌိတော ဝသီကရဏပါနကသမုဋ္ဌိတော၊ ဓရောဂါနှင့် ကမ္မဓာရည်းတွဲ၊

ပါယေတုံ-သောက်စေခြင်းငှါ၊ ဝါ-တိုက်ခြင်းငှါ၊ အနုဇာနာမိ-၏၊ ဇုတိအတ္ထော-နက်၊ ဒုဋ္ဌဝဟတိကောတိ- ကား၊ ဝိပန္နဝဟတိကော – ပျက်စီးသောအစာအိမ်ရှိသည်၊ ကိဒ္ဓိနော-ပင်ပန်းသဖြင့်၊ ဥစ္စာရော- ကျင်ကြီးသည်၊ နိက္ခမတိ-ထွက်ရ၏၊ ဇုတိ အတ္ထော၊ [ဒုဿတီတိ ဒုဋ္ဌာ၊ သြဒနာဒိ ဝတ္ထာတိတိ ဝဟတိ၊ ဝမ်းဗိုက်အစာအိမ်၊ ဒုဋ္ဌာ + ဝဟတိ ယဿာတိ ဒုဋ္ဌဝဟတိကော၊] အာမိသခါရန္တိ – ကား၊ သုက္ခောဒနံ-ခြောက်သောထမင်းကို၊ ဗျာပေတွာ- မီးရှို့၍၊ တာယ ဆာရိကာယ–ထို ထမင်းခြောက်ပြာမှ၊ ပဋ္ဌရိတံ-ယိုထွက်လာသော၊ ခါဒနာဒကံ–ပြာငံ့ရည်ကို၊ (ပါယေတုံ အနုဇာနာမိဋ္ဌစပ်၊) မုတ္တဟရိဘကန္တိ-ကား၊ ဂေါမုတ္တ ပရိဘာဝိတံ-နွားကျင်ငယ်ဖြင့် ထုံအပ်သော၊ ဟရိတကံ-ရှစ်ရှားသီးကို၊(အနုဇာနာမိ-ဋ္ဌစပ်၊) [မုတ္တေန + ပရိဘာဝိတံ + ဟရိဘကံ မုတ္တဟရိတကံ၊ ဤဆေးကိုပင် ရဟန်းသစ် သြဝါဒခံစေး၌ "ပူတိ မုတ္တဘေသဇ္ဇ" ဟု ဆိုသည်။]

အာဘိသန္ဒကာယောတိ - ကား၊ ဥဿန္နဒေါသကာယော - များသောအပြစ်ရှိသော ကိုယ်ရှိသည်၊(ဟောတိဋ္ဌစပ်၊)အစ္ဆကဋ္ဌိယန္တိ-ကား၊ တင်္ကာဠလောဒကမင်္ကော-ဆန်ဆေးရေအကြည်တည်း၊ အကဋ္ဌယူသန္တိ-ကား၊ အသိနိဒ္ဓေါ-မည်ကြောသော၊ မုဂ္ဂပစိတပါနိယော- ပဲနောက်ပြုတ်ရေတည်း၊ ကဋ္ဌာကဋ္ဌန္တိ - ကား၊ ဓောတသိနိဒ္ဓေါ-ဆေးအပ်(စစ်အပ်)သည်ဖြစ်၍ ညက်ညောသော၊ သေဝ- ထို

× + × × × × × ×

သိတာလေါဒ္ဓိ။ ။သိတာသဒ္ဒါသည် လယ်ထွန်ရာဌာ ထွန်ကြောင်းထယ်ကြောင်းကို ဟော၏၊ သိတာတု ဖါလပဒ္ဓတိ၊ [အဘိဓာန် ၄၄၉] အလောဋ္ဌနံ အာလောဋ္ဌော၊ သိတာယ အာလောဋ္ဌော သိတာလောဋ္ဌော၊ ထွန်ချေးခဲဖြင့် မွှေခြင်း၊ သိတာလောဋ္ဌော ယဿာတိ သိတာလောဋ္ဌိ၊ ထွန်ချေးခဲဖြင့် မွှေခြင်းရှိသော ဇရ။

တာယ၊ပေါပဋ္ဌရိတံ။ ။ပရိဿာဝဓနေ တန္တာရိကံ ပက္ခိပိတွာ ဥဒကေ အာဘိသိဋ္ဌေ တေ တတော ဆာရိကတော ဟေဋ္ဌာ ပဋ္ဌရိတံ ခါဒနောဒကံ၊ ပုဝါရေစစ်ထည်း၌ ထိုထမင်းခြောက်ပြာကို ထည့်၍ ရေကို လောင်းထည့်အပ်သည်ရှိသော် ထိုထမင်းခြောက်ပြာမှ အောက်သို့ ယိုကျလာသော ပြာငံရည်၊—ဝိမတိ။

တင်္ကာ၊လောဒကမင်္ကော။ ။"တင်္ကာလောဒကမင်္ကော–ဆန်ဆေးရေအကြည်မျှတည်း" ဟု မူကွဲရှိသော်လည်း မကောင်း၊ အစ္ဆကို မင်္ကောဟုဆင်း၊ ကဋ္ဌိယကို တင်္ကာလောဒကဟုဆင်း ဖွင့်သည်၊ ယောဇနာ၌ "တင်္ကာလကသဒ္ဒေါတိ တင်္ကာလခေါဝနောဒကကသဒ္ဒေါ–ဆန်ဆေးရေအဖတ်" ဟု ရှိ၏။

အကဋ္ဌယူသံ။ ။ယူသသဒ္ဒါသည် "ပဖြိတ်ရည်"အနက်ကို ဟော၏၊ ကောင်းစွာမစစ်အပ်သေးသောကြောင့် သိနိဒ္ဓမဖြစ်ရကား အကဋ္ဌ(မပြုပြင်အပ်)ကိုပင် အသိနိဒ္ဓေါဟု ဖွင့်သည်၊ နောက် ကဋ္ဌာကဋ္ဌန္တိကား "မုဠ္ဂေ ပစိတ္ဝာ အစာလေတ္ဝာဝ (မလှပ်စေဘဲသာ) ပရိဿာဝိတေန (အပေါ်ရုံစစ်ယူအပ်သော) မုဂ္ဂသူးပနာတိ ဂဏ္ဌိုဗဒေသု ဝုတ္တံ" ဟု သာရတ္ထဆို၏၊ ထိုအလို လှပ်ရှားမှု မပြုအပ်သည်ကို အကဋ္ဌ, အပေါ်ရုံစစ်မှု ပြုအပ်သည်ကို ကဋ္ဌဟု ဆိုလိုဟန်တူသည်။

ပဲနောက်ပြုတ်ရည်ပင်တည်း၊ ပဋိစ္ဆာဒနီယေနာတိ- ကား၊ မံသရသေန - အသား ရည်ဖြင့်၊ (အတ္ထော ဟောတိဒ္ဓစပ်၊) [လူမမြင်အောင် အသားရည်ကိုပင် တစုံတခု ဖြင့် ဖုံး၍ ထားအပ်သောကြောင့် ပဋိစ္ဆာဒနီယဟု ခေါ်ဟန်တူသည်၊ ယောဇနာ ဌကား–မံသရသနာတိ ဣမိနာ မံသရသော မံသေန ပဋိစ္ဆာဒေတဗ္ဗန္တိ ပဋိစ္ဆာ ဒနီယန္တိ ဝုစ္စတိတိ ဒဿတိ၊ အသားဖြင့် ဖုံးအပ်သောကြောင့် အသားရည်ကို ပဋိစ္ဆာဒနီယ ခေါ်သည်–ဟု ဆို၏။]

ဂုဠာဒိအနုဇာနနကထာ

သစေ ဘိက္ခဝေ ပက္ကာဝိ မုဂ္ဂါ ဇာယန္တိတိ–ကား၊ ပက္ကာ-ကျက်ပြီးကုန်သော၊ မုဂ္ဂါ - ပဲနောက်တို့ကို၊ ဝါ - တို့သည်၊ သစေဝိ ဇာယန္တိ – အာကယ်၍မူလည်း ပေါက်ဒစကုန်ဥူးတော့၊ (ဝံသတိပိ)၊ ယထာသုခံ - ချမ်းသာသည်အားလျော်စွာ၊ ပရိဘုဉ်တဗ္ဗာ–သုံးဆောင်ကောင်းကုန်၏၊ ဟိ-မှန်၏၊ ပက္ကတ္တာ- ကျက်ကုန်ပြီးသည်၏ အဖြစ်ကြောင့်၊ တေ–ထို ပဲနောက်တို့သည်၊ ကပ္ပိယာဝေ– အပ်ကုန်သည်သာ။

အန္တောဝုတ္ထန္တိ-ကား၊ အကပ္ပိယကုဋိယံ- အကပ္ပိယကျောင်း၌၊ ဝုတ္ထံ-တည်နေစအပ်ပြီ၊ သာမံပက္ကန္တိတ္ထေ–ဤပါဠိ၌၊ ယံကိဉ္စိ- အမှတ်မရှိ အလုံးစုံသော၊ အာမိသံ-အာမိသကို၊ ဘိက္ခုနော-အား၊ ပစိဟုံ-ချက်ခြင်းငှါ၊ နဝဋ္ဋတိ–မအပ်၊ အသ-ထိုရဟန်းအား၊ (နဝဋ္ဋတိ ဒ္ဓစပ်၊) ဥဏ္ဟာယဝုယာ - ပူသော ယာဂုဖြစ်၊ သုလသိပက္ကာနိဝါ- ရုံးရွက်တို့ကိုသော်၎င်း၊ သိင်္ဂီဝေရံဝါ–ချင်း(ဂျင်း)ကိုသော်၎င်း၊ လောဏံဝါ-ဆားကိုသော်၎င်း၊ သစေပက္ခိပန္တိ-အာကယ်၍မူလည်းထည့်ကြကုန်အုံ၊ (လူသာမဏေတို့က ထည့်ကြုံကုန်အုံ၊) တမ္မိ- ထိုပူသော ယာဂုကိုလည်း၊ စာလေတုံ– လှပ်စေခြင်းငှါ၊ နဝဋ္ဋတိ၊ (လှပ်ပေးသည့်အတွက် အရွက်စသည့် ကျက်လွယ်သွားသောကြောင့် မအပ်၊) ပန-အနှယကား၊ ယာဂုံ-ကို၊ နိဗ္ဗာပေမိ-ငြိမ်းစေ၏၊ ဇုတိ- ဤသို့နှလုံးသွင်း၍၊ စာလတုံ–ငှါ၊ ဝဋ္ဋတိ-အပ်၏၊ (အရွက်စသည်ကို ကျက်စေလိုသော ဆန္ဒမရှိဘဲ ယာဂုအားအောင် လှပ်ပေးရာ၌ အရွက်စသည် ကျက်သွားသော်လည်း အင်ပါ၏" - ဟူလို၊) ဥတ္တဏ္ဍုလဘတ္တံ- မနှပ်သေးသော ထမင်းကို၊ လဘိတ္ဝာပိ ရ၍လည်း၊ ဖိဒဟိတုံ-သပိတ်ကို ဖိတ်ခြင်းငှါ၊

× × × × × × ×

ဥဏ္ဟာဏ္ဍုလဘတ္တံ၊ ၊"ဥဒ္ဓံ+တဏ္ဍုလံယဿာတိ ဥဿဏ္ဍုလံ-အထက်၌တက်သော ဆန်ခဲသောထမင်း (သဒ္ဒဿ)၊ မနှပ်သောထမင်း(ဝေါဟာရဿ)၊ ဤသို့ ကြံသင့်၏၊ ယောဇနာ၌–"ဥဏ္ဟာဏ္ဍုလဘတ္တာနိ ပဏ္ဍိတာနုလဒ်တော ဝိယောဓေါတံ ဥဏ္ဟာဏ္ဍုလော၊ ဥကာရော ဟိ ဝိယောဂဿဝါဒကော၊ အပဏ္ဍိတာဏ္ဍုလော်တိ အတ္ထော၊ ဥဏ္ဟာဏ္ဍုလမယံ ဘတ္တာနိ ဥဏ္ဟာဏ္ဍုလဘတ္တံ"ဟု ကြံစေလသည်။

နဝန္ဒတိ၊ ပန- ဆက်၊ မနုဿာ-တို့သည်၊ ပိဒဟိတ္ဝာဝ-သပိတ်ကို ပိတ်ပြီး၍သာ၊ သစေ ဒေန္တိ-အာကယ်၍ ပေးလှူကုန်အံ့၊(ဧဝံသတိ)၊ ဝန္ဒတိ-၏၊ ဝါ- တနည်း၊ ဘတ္တံ-သည်၊ မာနိဗ္ဗာယတု-မအေးပါစေလင့်၊ ဇုတိ-ဤသို့ နှလုံးသွင်း၍၊ ပိဒဟိတုံ-ဌါ၊ ဝန္ဒတိ-၏၊ ("မနပ်သေးသည်ကို နပ်အောင်" ဟု သဘောမထားဘဲ "မအေးအောင်"ဟု သဘောထားလျက် သပိတ်ကိုပိတ်လျင် အပ်ပါ၏)။

ပန-ဆက်၊ ခီရတက္ကာဒိသု၊နို့ရည် ရက်တက်ရည်အစရှိသည်တို့သည်၊ သကိံ တကြိမ်၊ ကုထိတေသု- ပွက်ပွက် ဆူပြီးကုန်လသော်၊ အဂ္ဂိ-မီးကဲ့၊ ဒါတုံ-ဌါ၊ ဝန္ဒတိ- ၏၊ (ကဿာ- ကြောင့်နည်း၊) ပုနပါကဿ- နောက်ထပ် ချက်ခြင်း၏၊ ဝါ-ကို၊ အနုညာတတ္တာ-ခွင့်ပြုတော်မူအပ်ပြီး၏ အဖြစ်ကြောင့်တည်း၊[တကြိမ် ကျက်ပြီးဖြစ်သောကြောင့် နောက်ထပ် မီးထည့်သော်လည်း သာမံပါက မဖြစ်၊ ပုနပါကသာ ဖြစ်၏၊ ပုနပါကကိုလည်း ခွင့်ပြုတော်မူပြီး ဖြစ်သည်။]

ဥက္ကာပိလ္လာကာပိ ခါဒန္တိတို့-ကား၊ ဗိဠာလ မူသိက ဂေါဓာ မဂ်ုသာ-ကြောင်, ကြွက်, ဖွတ်, မြွေပါတို့သည်၊ ခါဒန္တိ-န်၏၊ ["ဗိဠာလာဒိနံ သတ္တာနံ သမူဟော ရုဠ္ဍိဝသေန ဥက္ကာပိလ္လာကောတိ ဝုစ္စတိတိ အာဟ ဗိဠာလ မူသိက ဂေါဓာမဂ်ုသာတိ"-ယောဇနာ။] ဒမကာတိ-ကား၊ ဝိယာသာဒါ- စားကြွင်းစားတို့သည်၊ (ပရိဝါရေန္တိ၌ စပ်။)

တတော နီဟဋန္တိ-ကား၊ ယတ္ထ-အကြင်အရပ်၌၊ နိမန္တိတာ – ပင့်ဖိတ်အပ်ကုန်ပြီးသည်၊ (ဟုတ္ဝာ)၊ ဘုဉ္ဇန္တိ-စားကြကုန်၏၊ တတော–ထို ပင့်ဖိတ်ရာအရပ်မှ၊ နီဟဋံ - ထုတ်ဆောင်အပ်သော ခဲဘွယ်ကို၊ ("ပရိဘုဉ္ဇိတုံ အနုဇာနာမိ"၌ စပ်၊) ဝနဋ္ဌံ ပေါက္ခရဏ္ဍန္တိ-ကား၊ ဝနေစဝ-၌ဂုဏ်း၊ ပဒုမိနိဂဏ္ဍစ-ပဒုမ္မာကြာချုံ၌ဂုဏ်း၊ ဇာတံ- ပေါက်သောခဲဘွယ်ကို၊ ("ပရိဘုဉ္ဇိတုံ အနုဇာနာမိ"၌စပ်၊) အဗိဇန္တိ-ကား၊ ယဿ–အကြင် သစ်သီး၏၊ ဗိဇံ-အစေ့သည်၊ အင်္ကုရံ- အညွှန့်အညှောက်ကို၊ နဇနေတိ-မဖြစ်စေ၊ တံ တရုဏဖလံ- ထို နုသောအသီးကိုဂုဏ်း၊ နိဗ္ဗတ္တဗီဇန္တိ-ကား၊ ဗိဇံ- အစေ့ကို၊ နိဗ္ဗတ္တေန္တာ- ထုတ်၍၊ အပနေတွာ- ဖယ်၍၊ ပရိဘုဉ္ဇိတမ္ဗကံ-သုံးဆောင်ထိုက်သော၊ အမ္ဗပနသာဒိံ-သရက်, ပိန္ဓဲ အစရှိသော အသီးကို၊ (" ပရိဘုဉ္ဇိတုံ အနုဇာနာမိ "၌စပ်ရမည်ဖြစ်သောကြောင့် အမ္ဗပနသာဒိံဟု ဒုတိယန္တရှိစေ။)

× × × × × × × ×

ဒမကာ ။ ။ ဝိဃာသာဒ ဘာဝေန နိဟတမာနတ္တာ ကာယဝါစံ ဒမေတီတိ ဒမကော ဝိဃာသာဒေါတိ အာဟ ဝိဃာသာဒါတိ၊–ယောဇနာ၊ တောင်းရမ်းစားသောက်ရသည့်အတွက် ကိုယ်နေ နှုတ်ပြောအားဖြင့် မိမိကိုယ်ကို ဆုံးမခြင်းကြောင့် ယဉ်ကျေးပြီးသော သူတောင်းစားများကို " ဒမက " ဟု ခေါ်သည်၊ ဝိရူပေါ – စားကြွင်းဖြစ်၍ ဖေါက်ပြန်သော + ဃာသော – အစာတည်း၊ ဝိဃာသာဒေါ–စာ၊ ဝိဃာသံ+ အဒတိ ဘက္ခတီတိ ဝိဃာသာဒေါ။

ဒုရောပယော ဝေဏ္ဏာတိ-ကား၊ ဒုက္ခေန-ခဲယဉ်းသဖြင့်၊ ရူဟတိ- အသားနုတက်ရ၏၊ ဒုက္ခေန-ဖြင့်၊ ပါကတိကော-ပင်ကိုယ်သဘောရှိသည်၊ ဟောတိ-ဖြစ်ရ၏၊ ဇာတ်အထွေ၊ ဒုပ္ပရိဟာရံ သတ္ထုနော်-ကား၊ သမ္မာဓေ-ကျဉ်းမြောင်းသောအရပ်၌၊ ဒုက္ခေန-ဖြင့်၊ သတ္ထံ-ဒါးကို၊ ပရိဟရေယျ-ဆောင်ထိုက်၏၊ သတ္ထကမ္မံဝါဝတ္ထိကမ္မံဝါတိ-ကား၊ ယထာ ပရိစ္ဆိန္နေ-အကြင်အကြင် ပိုင်းခြားအပ်ပြီးသော၊ ဩကာသေ-အရပ်၌၊ (လက် ၂ သစ် ပတ်ဝန်းကျင်အရပ်၌၊) ယေနကေနစိ-အမှတ်မရှိတစုံတခုသော၊ သတ္ထေနဝါ- ဒါးဖြင့်သော်၎င်း၊ သုစိယာဝါ- အပ်ဖြင့်သော်၎င်း၊ ကဏ္ဏကေနဝါ-ဆူးဖြင့်သော်၎င်း၊ သတ္တိကာယဝါ-လုံငယ်ဖြင့်သော်၎င်း၊ ပါသာဏာသကလိကာယဝါ- ကျောက်စရစ်ဖြင့် သော်၎င်း၊ နခေနဝါ- လက်သည်းဖြင့်သော်၎င်း၊ ဆိန္ဒနံဝါ - ဖြတ်ခြင်းကိုဂုဏ်း၊ ဖာလနံဝါ - ခွဲခြင်းကိုဂုဏ်း၊ ဝိဇ္ဈနံဝါ- ဖေါက်ခြင်းကိုဂုဏ်း၊ လေခနံဝါ-ခြစ်ခြင်းကိုဂုဏ်း၊ နကာတမ္ဘံ- မပြုထိုက်၊ ဟိ-မှန်၏၊ သမ္ဘံ-အလုံးစုံသော၊ တေံ- ဤ ဖြတ်ခြင်း အစရှိသောအမှုသည်၊ သတ္ထကမ္မမေဝ- သတ္ထကမ္မသည်သာ၊ ဝါ-ဒါးဖြင့် ပြုအပ်သောအမှုသည်သာ၊ ဟောတိ-၏၊ ပန်-အဘို့တပါးကား၊ ယေန ကေနစိ- အမှတ်မရှိ တစုံတခုသော၊ စမ္မနဝါ-သားရေဖြင့်သော်၎င်း၊ ဝတ္ထေနဝါ-အဝတ်ဖြင့်သော်၎င်း၊ ဝတ္ထိဝိဇ္ဈနံ- စည်ဖေါင်းကို ဖိနှိပ်ခြင်းကို၊ နကာတမ္ဘံ- မပြုထိုက်၊ ဟိ- မှန်၏၊ သမ္ဘံ- အလုံးစုံသော၊ တေံ-ဤအမှုသည်၊ (သားရေဖြင့်ဖြစ်စေ အဝတ်ဖြင့်ဖြစ်စေ စည်ဖေါင်းကို ဖိနှိပ်ခြင်းသည်၊)

× × × × × × ×

ဒုဇ္ဈာ ပဇယာ၊ ။ဒုက္ခေန ရောပိယတေ-အသားနုတက်စေအပ်၏၊ ဇာတိ ဒုရောပယော၊ [ဒုပ္ပဒ္မ ရူဟဓာတ်, ကာရိတ် ဏာပယ, ခပစ္စည်း၊ ခအနုဗန်ကို ချေ၊ ဟခြေ, ရကို ဝုဒ်ပြု, " ဒုက္ခေန ရူဟတိ " ဟု အဋ္ဌကထာ၌ ကတ္တုရုဝ်ကား အဓိပ္ပါယ်ဖွင့်သာ၊ ယောဇနာ၌မူ"ဒုက္ခေန+ရူဟတိ"ဟု ကတ္တုသာဓ်ပင် ပြု၏။]

သတ္ထကမ်ံ။ ။သတ္ထေန+ ကာတမ်ံ+ကမ်ံ သတ္ထကမ်ံ-ဒါးဖြင့် ပြုထိုက်သော အမှု (ဒါးခွဲမှု)၊ သတ္ထကို ဥပလက္ခဏာနည်းအား ဖြင့် ဆိုထား၏၊ ထိုသတ္ထဖြင့် သုစိ ကဏ္ဏက သတ္တိကာ ပါသာဏသကလိကာ နခတို့ကိုပါ ဥပလက္ခိတမှ အဖြစ်ဖြင့် ယူပါ-ဟု သိစေလို၍"သတ္ထေနဝါ၊ပေ၊ သတ္ထကမ္မမေဝ ဟောတိ"ဟု မိန့်သည်၊ သတ္ထေနကို ဆိန္ဒနံဝါ ဖာလနံဝါတို့နှင့်တွဲ၊ သုစိယာ ကဏ္ဏက သတ္တိကာယတို့ကို ဝိဇ္ဈနံဝါနှင့် တွဲ၊ ပါသာဏ သကလိကာ နခတို့ကို လေခနံဝါနှင့် တွဲပါ။

ဝတ္ထိကမ်ံ။ ။ဝသတိ စတ္ထောတိ ဝတ္ထိ၊ ဆီစသောဆေးရည်၏တည်နေရာ စည်ဝေါင်းပါစသာ ပြုနိုတံ၊ ထို စည်ဝေါင်းကလေးကို ဝိနိဗ်ဝေးသောအဝါ ဆီစသော ဆေးရည်သည် အနာဝိုရာသို့ ဝင်သွား၏၊ ထို့ကြောင့်"ဝတ္ထိဝိဇ္ဈနံ ကာတမ်ံ" ဟု ဆိုသည်၊ ဝတ္ထိ နာ + ကာတမ်ံ + ကမ်ံ ဝတ္ထိကမ်ံ " ဟု ပြု၊ [ဝတ္ထိဝိဇ္ဈနံ၌ ယထာ ဝတ္ထိဂတစေတလာဒအာဒန္တာသဒ္ဒါရေ အာရောဟန္တိ (တက်ရောက်ဝင်သွားကုန်၏)၊ စဝံ ဟစတ္ထေန ဝတ္ထိမဂ္ဂနံ (စည်ဝေါင်းကို နှိပ်စေးပူ)၊ — ဝိဓတ်၊ သား:ရေအဝတ် စွပ်ထားအပ်သောလက်ဖြင့် ဝိစေးခြင်းကို "စမ္မနဝါ"စသည်ဖြင့် ဆိုဟန်တူသည်။]

ဝတ္ထိကမ္မမေဝ-ဝတ္ထိကမ္မမည်သည်သာ၊ ဟောတိ-၏၊ စ-ဆက်၊ တ္ထေ-ဤသတ္ထကမ္မ ဝတ္ထိကမ္မတို့တွင်၊ သမ္ဘာဓသ သာမန္တာ ဒွင်္ဂုလာတိဇုဒံ–ဟူသော ဤစကားကို၊ သတ္ထကမ္မံယေဝ - ဒါးခွဲမှုကိုသာ၊ သန္ဓာယ- ရည်ရွယ်တော်မူ၍၊ ဝုတ္တံ- အပ်ပြီ၊ ဝတ္ထိကမ္မံပန–စည်ဖေါင်းကိုဖိနှိပ်မှုကိုကား၊ သမ္ဘာဓေယေဝ-ကျဉ်းမြောင်းသော အရပ်၌သာ၊ ပဋိက္ခိတ္တံ-ပြီ။

ပန - ဆက်၊ တတ္ထ - ထို ကျဉ်းမြောင်းသော အရပ်၌၊ ခါရံ– ဆားငံရည်ကို၊ အာဒါတုံ-ယူခြင်းငှါငင်း၊ ယေနကေနစိ- သော၊ ရဇ္ဇုကေန-ကြိုးငယ်ဖြင့်၊ ဗန္ဓိတုံ ဝါ-ဖွဲ့စည်းခြင်းငှါငင်း၊ ဝဋ္ဋတိ-၏၊ တေန- ထိုဆားငံရည်ကို ယူခြင်း, ကြိုးငယ်ဖြင့် ဖွဲ့စည်းခြင်းကြောင့်၊ ယဒိ ဆိဇ္ဇတိ-အကယ်၍ ပြတ်သွားအုံ၊(ဧဝံသတိ)၊ သုစ္စိနှံ-ကောင်းစွာ ဖြတ်အပ်သည်၊ ဝါ - ကောင်းစွာ ပြတ်သည်၊ (ဟောတိ)၊ အလ္လာဒုမိ ရောဂေပိ - မုတ်ကြိုးသော ရောဂါ၌လည်း၊ သတ္ထကမ္မံ - ဒါးခွဲမှုသည်၊ နဝဋ္ဋတိ-မအပ်၊ တသ္မာ-ကြောင့်၊ အလ္လံ–အုတ်၊ ဖါလေတွာ–ခွဲ၍၊ ဗီဇာနိ-ဝေးစေ့တို့ကို၊ ဥဒ္ဓရိတွာ-ထုတ်ဆောင်၍၊ အရောဂံ- သည်ကို၊ ကရိဿာမိ–အုံ၊ ဇုတိ - ဤသို့ ကြံ၍၊ နကတ္တမ္ဗံ–ခွဲမှုကို မပြုထိုက်၊ ပန-အနွယ်၊ အဂ်ိတာပန ဘေသဇ္ဇာလိမ္ပနေသု- မီးဖြင့် ပူစေခြင်း, ဆေးလိမ်းကျံခြင်းတို့၌၊ ပဋိက္ခေပေါ– ပယ်မြစ်ခြင်းသည်၊ နတ္ထိ-မရှိ၊ [အဂ်ိတာပန ဟူသည် မီးကင်ပေးခြင်း, ကျက်ပူတိုက်ခြင်းတည်း၊] ဝစ္ဆ မဂ္ဂေ-ကျင်ကြီးလမ်း၌၊ ဘေသဇ္ဇမက္ခိတံဝါ- သုတ်လိမ်းအပ်သော ဆေးသည်ရင်း၊ ဝါ-ဆေးသုတ်လိမ်းခြင်း၌ရင်း၊(နပုလိန်ဖြစ်၍ မက္ခိတံဟု ရှိစေ)အာဒါနဝန္ဒိဝါ-ယူအပ်သော အဝတ်ကျစ်ကိုင်း၊ ဝါ– အဝတ်လိပ်ကို ယူခြင်းကိုင်း၊ ယာယ (ဝေဠုနာဠိကာယ) - အကြင် ဝါးကျည်တောက်ဖြင့်၊ ခါရကမ္မံဝါ- ဆားငံရေသွင်းမှုကိုလည်း၊ ကရောန္တိ- ကုန်၏၊ တေလံဝါ- ဆေးဖြင့် ထိုအပ်သော ဆိကိုမှုလည်း၊ ပဝေသေန္တိ - ကုန်၏၊ သာ ဝေဠုနာဠိကာဝါ - ထို ဝါးကျည်တောက်သည်လည်း၊ ဝဋ္ဋတိ-၏။

× × × × × × ×

တတ္ထ ပန၊ပေ၊ ဝဋ္ဋတိ။ ။ရှေ့၌ "လောဏသက္ခရိကာယ ဆိန္ဒိတုံပိ ခါရေန ဆိန္ဒိတုံ"ဟု ရှိခဲ့၏၊ ထို ဆားငံရည်ကိုယူခြင်း ဟူသည် ပေါ်ထွက်နေသော အနာဒုတ်ပေါ်၌ ဆားငံရည်ထည့်ခြင်းတည်း၊ ထိုသို့ထည့်ခြင်းဖြင့် အနာဒုတ်ပြတ်သွားနိုင်၏၊ ကြိုးစည်းထားလျင်လည်း အနာဒုတ် ပြတ်သွားနိုင်၏၊ ထို့ကြောင့် "ခါရံ အာဒါတုံ" စသည်ကို မိန့်သည်။

ဝစ္ဆမဂ္ဂေ၊ ပေ၊ ပဝေသေန္တိ။ ။နိသျ၌ ပေးထားအပ်သော အနက်သည် ရှေးမအ္ဂုဆရာတော် နိသျကိုမှီး၍ ပေးအပ်သော အနက်တည်း၊ "အာဒါနဝန္ဒိ" ဟူသည် ဆေးသုတ်ပြီးလျင် ဝစ္ဆမဂ်တွင်းသို့ သွင်းအပ်သော အဝတ်လိပ်တည်း၊ "ဝေဠုနာဠိကာ" ကား ဝစ္ဆမဂ်တွင်းသို့ ဆားငံရေသွင်းဘို့ရန် သို့မဟုတ် ဆေးဖြင့် ထုံအပ်သော ဆိကိုသွင်းဘို့ရန် ဝါးကျည်တောက်တည်း။

ပဝတ္တမံသန္ဒိ - ကား၊ မတဃ - သေပြီးသော သားကောင်၏၊ မံသံ - ကို၊ (ဇာနာဟိ ၌စပ်)၊ မာယာတောတိ- ကား၊ တံ ဒိဝသံ- ထိုနေ့၌၊ ကေနစိ—တစုံတယောက်သောသူသည်၊ ကိဉ္စိ - တစုံတခုသောသတ္တဝါကို၊ (နွားစသည်ဖြင့်စေ, ငါးစသည်ဖြစ်စေ၊)ဇီဝိတာ-ဇီဝိတိန္ဒြေမှ၊ ဧဝါရောပေတုံ-ခွင်းခြင်းငှ၊ နလဘ္ဘာ-မရအပ်၊ မံသဆ္ဆေဒနသတ္ထကံ- အသားကို လှီးဖြတ်ခြင်းဖြစ်သော ဒါးငယ်ကို၊ ပေါ့ဆွနိကံဘိ- ဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ ကိမ္ပိ မာယာတိ—ကား၊ ကိမ္ပိ-အဘယ်ဝတ္ထုသည်လည်း၊ ဝါ - ကိုလည်း၊ ဇာမာယ - ဤ သုဝိယာသည်၊(" အဒေယျံ ဘဝိဿတိ" ၌စပ်၊) ["အည်- မိမိအသားမှ တပါးသော၊ ကိဉ္စိ-တစုံတခုသော၊ ကိမ္ပိ—အဘယ်သည်လည်း၊ ဝါ—ကိုလည်း၊ အဒေယျံ-မပေးအပ် မပေးနိုင်သည်၊ ဘဝိဿတိ-လတ္တံနည်း" ဟု ပါဠိတော်၌ အနက်ပေးပါ။]

နု ဘဂဝါ ဉဿာဟတီတိ- ကား၊ ဘဂဝါ-ရား၊ နုသဒ္ဒေါတိ-မစွမ်းနိုင်ပါ၊ ("သုဝိယာ" ဟု ကတ္တားထည့်ပါ၊)ယတြဟိ နာမာတိ-ကား၊ ယသ္မာ-ကြောင့်၊ (ဘဝိဿတိ) နာမ- ဖြစ်တုံသေး၏၊ ပဋိဝေက္ခိတိ-ကား၊ ဝိမံသိ- စူးစမ်းလိုက်၏၊လော၊ ပဋိပုစ္ဆိ-ပြန်၍ မေးလိုက်၏လော၊ ဇာတိ- ဤ အနက်သည်၊ ဝါ - ကို၊ ဝုတ္တံ-သည်၊ ဝါ-သည်၊ ဟောတိ-၏၊ အပ္ပဋိဝေက္ခိတွာတိ ကား၊ အပ္ပဋိပုစ္ဆိတွာ-မမေးမြန်းမူ၍၊ ပန-ဆက်ဦးအံ့၊ အသုကမံသန္ဒိ-ထို မည်သော အသားဟူ၍၊ သဒ္ဒေဇာနာတိ-အံ့၊(ဝံသတိ)၊ ပဋိပုစ္ဆနကိစ္စံ-မေးဘွယ်ကိစ္စသည်၊ နတ္ထိ-မရှိ၊ အဇာနန္တေန ပန- မသိသော ရဟန်းသည်ကား၊ ပုစ္ဆိတွာဝ- မေးပြီး၍သာလျှင်၊ ဝါ-မေးပြီးမှသာလျှင်၊ ခါဒိတဗ္ဗံ-ခဲစားထိုက်၏။

× × × × × × ×

ဧဝဉ္ဟိ ပဝတ္တမံသံ ဇာနာဟိ။ ။ပါဠိတော်၌"အမောင်သွားပါချေ၊ ပဝတ္တမံသကို သိပါလော"ဟု ဒြိဏ်၊ ထို၌ "ပဝတ္တမံသ"ဟူသည် သတ်ခြင်းကြောင့်ဖြစ်စေ အလိုလိုဖြစ်စေ သေပြီးသော သားကောင်၏ အသားတည်း။ [ပဝတ္တံ – ဝယ်သူမလားမီ ဖြစ်ပြီးသော၊ မံသံ–တည်း၊ ပဝတ္တမံသံ– သား။] ထိုအသားကို ရေးသို့သွားခြင်း အဝယ်ခိုင်းခြင်းကို "ဇာနာဟိ" ဟု ဆိုသည်၊ [ပကတိယာပဝတ္တံ (ရိုးရာထုံးစံအတိုင်းဖြစ်ပြီးသော)ကိုယမံသံ(ဒိမိအသတ်မခိုင်းခြင်းခကြောင့်) အပ်သောအသားမူလံ ဂဟေတွာ (အဖိုးကိုယူ၍) အန္တရာပဏေ ဟရိယေသာဟိတိ အဓိပ္ပါယော၊ — ဋီကာ။] ရွေးက " ပဝတ္တမံသံ– အလိုလိုဖြစ်သောအသား"ဟု ပေးကြ၏၊ အလိုလိုဖြစ်သောအသားကို ရေးဦးမရနိုင်ပါ။

မာဆာဧတာ ။ ။ တံဒိဝသံနေ့ထူ၌ ယံဒိဝသံရှိလျှင် ကောင်း၏၊ ယံဒိဝသံ-အကြင်နေ့၌၊ဟေနုလဘ္ဘာ- မရအပ်၊ သောဒိဝသော-ထိုနေ့သည်၊ မာလာဧတာတိ-မာဃသူတန်ခူးရက်,ဟုပေး၊မာလာဧတာတိ"မာလာတေထပါဏိနော"တိ ဧဝံ မာလာတေထပါဏိနော သိဒ္ဓတ္ထသမ္မာသမ္ဗုဒ္ဓေ ဥပသင်္ကမိတွာ ဝန္ဒိတွာ ဘိက္ခာယ ပဋိယတ္တံ ဒွေ တပဿုကေ ပဋိဂ္ဂဟေသိ၊ ပဋိဂ္ဂဟေတွာ ပုရတော ဂစ္ဆန္တာ ဧကံ ဝဏိဇံ ပဿိ၊ တေ ဝဏိဇာ ဘဂဝန္တံ ဒိသွာ ပသန္နစိတ္တာ ဟုတွာ ဘဂဝတော ဥပနာမေသုံ၊ ဘဂဝါ တေသံ အနုကမ္ပံ ဥပါဒါယ ပတ်ာဂမိ၊ အထ နံ တေ ဝဏိဇာ ဘဂဝန္တံ ဘောဇေတွာ ဘဂဝန္တံ ဧတဒဝေါစုံ၊ ပဋိဂ္ဂဏှာတု နော ဘန္တေ ဘဂဝါ အမှေဟိ ဒိန္နံ ဘောဇနန္တိ၊ တေန ဟိ ဘိက္ခဝေ ဘဂဝါ တေသံ ဝဏိဇာနံ ဟတ္ထေ

ဟတ္ထိမံသာဒိ ပဋိက္ခေပကထာ

သုနခမံသန္တိ ထြေ- ၌၊ အရညကောကာနာမ - ဝံပုလွေတို့ မည်သည်။ သုနခ သဒိသာ-အိမ်ခွေးနှင့် တူကုန်သည်၊ ဟောန္တိ-ကုန်၏၊ တေသံ-ထို ဝံပုလွေတို့၏၊ မံသံ-သည်၊ ဝန္ဒတိ-၏၊ ပန- ဆက်၊ ယော - အကြင် ဝံပုလွေသည်၊ ဂါမသုနခိ ယာ-ရွာ၌ဖြစ်သောခွေးမ၏၊ ကောကေန-ဝံပလွေနှင့်၊(သံယောဂါဝါ-ပေါင်းဖော် ခြင်းကြောင့်သော်၎င်း၊) ကောကသုနဒိယာ-ဝံပုလွေမ၏၊ ဂါမသုနခေန-ရွာခွေး နှင့်၊ သံယောဂါဝါ - ကြောင့်သော်၎င်း၊ ဥပ္ပန္နော - ဖြစ်ပြီ၊ တာသ - ထို အစပ် ဖြစ်သော ခွေး၏၊ မံသံ - သည်၊ နဝန္ဒတိ – မအပ်၊ (ကသ္မာ - အဘယ်ကြောင့်၊ နဝန္ဒတိ-နည်း၊)ဟိ (ယသ္မာ) ကြောင့်၊ သော - ထို အစပ်ဖြစ်သော ခွေးသည်၊ ဥဘယံ-ဝံပုလွေ ခွေးနှစ်ဖက်သို့၊ ဘဇတိ-ကပ်ဝင်၏၊(တသ္မာ-ကြောင့်၊ နဝန္ဒတိ-မအပ်၊) အဟိမံသန္တိ-ကား၊ ကသိစ-အမှတ်မရှိ တစုံတခုသော၊ အပါဒကသ-အခြေမရှိသော၊ ဒီဃဇာတိကသ - ရှည်သော ဇာတ်ရှိသော မြွေနဂါး၏၊ မံသံ-သည်၊ နဝန္ဒတိ၊ သိဟမံသာဒိနိ-တို့သည်၊ ပါကဋာနေဝ-နှ်သည်သာ။

စ - ဆက်ဥုးအံ့၊ ထြေ – ၌ အသားကြီးဆယ်မျိုးတို့တွင်၊ မနုဿမံသံ - ကို၊ သဇာတိတာယ-တူသောဇာတ် ရှိသည်၏အဖြစ်ကြောင့်၊(ဇာတ်တူသား၏ အဖြစ် ကြောင့်၊) ပဋိက္ခိတ္တံ - ပယ်မြစ်တော်မူအပ်ပြီ၊ ဟတ္ထိအဿ မံသံ-ကို၊ ရာဇဂ်တာ ယ - မင်း၏အဂ်၏ အဖြစ်ကြောင့်၊ (ပဋိက္ခိတ္တံ)၊ သုနခမံသဉ္စ - ကိုလည်း၊ အဟိ မံသဉ္စ- ကိုလည်း၊ ပဋိကူလတာယ- ရွံရှာဘွယ်ရှိသည်၏ အဖြစ်ကြောင့်၊ (ရွံစရာ ကောင်းသည်၏ အဖြစ်ကြောင့်)၊ (ပဋိက္ခိတ္တံ)၊ သိဟမံသာဒိနိ–ခြင်္သေ့၏အသား အစရှိကုန်သော၊ ပဉ္စ-ငါးမျိုးသောအသားတို့ကို၊ အတ္တနော–၏၊ အနုပဒွဝတ္ထာ ယ-ဘေးရန်မရှိသည်၏ အဖြစ်ဟူသော အကျိုးငှါ၊ (ပဋိက္ခိတ္တာနိ)၊ ဇာတိ– ၌သို့ မှတ်အပ်၏၊ မနုဿာဒိနံ - လူ အစရှိကုန်သော၊ ဇာမေသံ ဒဿန္ဒံ – ၌ ဆယ်မျိုး တို့၏၊ မံသမ္ပိ-အသားသည်လည်း၊ အဋ္ဌိပိ-အရိုးသည်လည်း၊ လောဟိတမ္ပိ-သွေးသည် လည်း၊ စမ္မမ္ပိ- အရေသည်လည်း၊ လောမမ္ပိ - အမွေးသည်လည်း၊ သဗ္ဗံ– အလုံးစုံသည်၊ န ဝန္ဒတိ-မအပ်၊ ယံကိဉ္စိ–အမှတ်မရှိ တစုံတခုကို၊ ဥတ္တာဝါ-သိပြီး၍သော်လည်း၊ အဥတ္တာဝါ - မသိမူ၍သော်လည်း၊ ခါဒန္တသ - ခဲစားသောရဟန်း၏၊ အာပတ္တိ ယေဝ-သည်သာ၊ (ဟောတိ)၊ ယဒါ- အကြင်အခါ၌၊ ဇာနာတိ- သိ၏၊ တဒါ–

× × × × × × ×

ကောကာနာမ။ ။အဘိဓာန် (၆၁၅) နိသဃဏ္ဍု “ကောက, ဝက-ဝံပုလွေ”ဟု ရှိ၏၊ သစ်ကျုတ်ဟုလည်း ရှေးကပေးကြ၏၊ သဒ္ဒနီတိဓာတုမာလာ၌ “ကောကောတ် အရညသုနခေါ”ဟု ဆို၏၊ ရှေးနိသဃဏ္ဍု ကောကကို–တောခွေး (ခွေးအ) ဟု အနက် ပေး၏၊ တောခွေးကို ခွေးနှင့်တူ၏ ဟု မဆိုသင့်၊ ခွေးအစစ်ပင် ဖြစ်၏၊ ထို့ကြောင့် “အရညသုနခ” ဟူသည်လည်း “ဝံပုလွေ”ပင် ဖြစ်ရာ၏။

သိရာ ထိုအခါ၌၊ ဒေသေတဗ္ဗာ - ဒေသနာ ပြောထိုက်၏၊ အပုစ္ဆိတ္ဝာ- မမေးမူ၍၊ ခါဒိဿာမိ-အံ့၊ ဣတိ-ဤသို့ကြံ၍၊ ဂဏှတော-ခံယူသောရဟန်း၏၊ ပဋိဂ္ဂဟဏော-ကြောင့်၊ ဒုက္ကဋံ (ဟောတိ)၊ ပုစ္ဆိတ္ဝာ- ၍၊ ခါဒိဿာမိ- အံ့၊ ဣတိ- သို့၊ ဂဏှတော-၏၊ အနုပသမ္ပန္နော (ဟောတိ)၊ ပန- ဆက်ဦးအံ့၊ ဥဒ္ဒိဿ- ရည်စူး၍၊ ကတံ- ပြုအပ်သောအသားကို၊ ဇာနိတ္ဝာ-သိ၍၊ (သီတင်းသုံးဖေါ်တပါးပါးကို ရည်စူး၍ သတ်အပ်သောအသားဟု သိ၍၊) ခါဒန္တော်ဿဝ- ၏သာလျှင်၊ အာပတ္တိ- သည်၊ (ဟောတိ)၊ ပဿ- နောက်၌၊ ဝါ- မှ၊ ဇာနန္တော- သိသောရဟန်းကို၊ အာပတ္တိယာ- ဖြင့်၊ နကာရေတဗ္ဗော- မပြုစေထိုက်၊ ဝါ- မဆုံးဖြတ်ထိုက်၊ ဣတိ- ဤသို့ မှတ်အပ်၏။

ယာဂုမခုဂေါဠကာဒိ ကထာ

းကတ္တာကောတိ-ကား၊ ကေကော-တယောက်ထည်းသည်၊ ("အမှိ"၌စပ်၊) မေ-၏၊ ဝါ-မှာ၊ ဒုတိယော-နှစ်ယောက်မြောက်သည်၊ နတ္ထိ-မရှိ၊ ဣတိအတ္ထော-နက်၊ ပဟုတံ ယာဂုဖ္ဆ မခုဂေါဠကဖ္ဆ ပဋိယာဒါပေတ္ဝာတိ (ဇ္ဈော)-၌၊ (ဂုဠတ္ထံ-ကို၊) ကိရ (ဥဒ္ဓရိတ္ဝာ ဒဿေမိ-အံ့၊) သော-ထိုပုန်ကားသည်၊ သတသဟဿံ-တသိန်းကို၊ ဝယံ- အကုန်အကျကို၊ ကတ္ဝာ - ၍၊ ပဋိယာဒါပေသိ - စီရင်စေပြီ၊ (တသိန်းတန်ဖြစ်သောကြောင့် "ပဟုတံ"ဟု ဆိုသည်-ဟူလို၊)

အနုမောဒနာ ဂါထာပရိယောသာနေ - အနုမောဒနာ ဂါထာတို့၏ အဆုံးနား၌၊ "ပတ္တယတံ ဣစ္ဆတ" ၏ ပဒါနုံ-ပုဒ်တို့၏၊ "အလမေဝဒါတု" ၏ ဣမိနာ-၌ပုဒ်နှင့်၊ သမ္ဗန္ဓော-စပ်ခြင်းသည်၊(ဟောတိ)၊ [အလမတ္ထသမ္ဗဒါနံဖြစ်၍ "ပတ္တယတံ-နှင့်သော၊ ဣစ္ဆတံ- တို့အား" ဟု ဆိုး၊]ပန-ကား၊ ပတ္တယတာ ဣစ္ဆတာတိ ပါဌော-သည်၊ သဇေ အတ္ထိ- အံ့၊ (ဒေဝံသတိ)၊ သောယေဝ - ထို ပါဌ်ကိုသာ၊ ဂဟေတဗ္ဗော-၏၊ ဘောဇ္ဇယာဂုန္တိ-ကား၊ ယာ-အကြင် ယာဂုသည်၊ ပဝါရဏံ-ပယ်မြစ်ခြင်းကို၊ ဝါ-ပဝါရိတ်ကို၊ ဇနေတိ-ဖြစ်စေ၏၊(တံဘောဇ္ဇယာဂုံ-ပဝါရိတ် သင့်စေနိုင်လောက်သော ထို ဘောဇ္ဇယာဂုကို၊ " ပဋိယာဒေန္တိ- စီရင်ကြကုန်၏"၌စပ်၊) ယာဇဂ္ဂေနာတိ-ကား၊ ယံ-အကြင်ကာလကို၊ အာဒိံကတ္ဝာ-

× × × × × × ×

ဇကတ္ထဇကာ ။ ။ ကေတ္ထကောကို ကေကောဟု ဖွင့်သောကြောင့် တကပစ္ဆည်းသည် အနက်သီးခြား မရှိ၊ ဇကဇကာဠ် ကပစ္ဆည်းလည်း အနက်သီးခြား မရှိ၊ သွတ္ထယင်၊ ဧးသာဇနာဠ်ကား ကပစ္ဆည်းကို အသတာယ အနက်ဟု ဖွင့်၏၊ ကပုဉ်ရှင်းက အသတာယ အနက်ကို ဧဟာနိုင်သောကြောင့် ထိုအဖွင့်ကို စဉ်းစားပါ။ ["ဧကော တီသု သဒ္ဒါတတ္ထေသု-တုလျသဟာယဒိဿနေ၊- နဉဝိဂိုက်း။]

ဆဒဇ္ဈနေ ။ ။ " အန္ဓေတဇ္ဈေ ပါဏဓေပတံ " ဉ် အဂ္ဂသဒ္ဒါသည် အာဒိအနက်ကို ဧဟာသကဲ့သို့ ဤ၌ အဂ္ဂသဒ္ဒါလည်း အာဒိအနက်ကို ဟော်၏၊ " ယာဇဂ္ဂေန- အကြင်

အစပြု၍၊ သဂ္ဂါတေ အာရဒ္ဓါတိ - ကား၊ သဂ္ဂနိဗ္ဗတ္တက ပုညံ-နတ်ပြည်၌ ဖြစ်စေနိုင်သော ကောင်းမှုကို၊ ဥပစိတံ-ဆည်းပူးအပ်ပြီ၊ ဇုတိ အတ္ထော-နက်၊ ယထာဓမ္မော ကာရေတဗ္ဗောတိ–ကား၊ ပရမ္မရဘောဇနေန–ပရမ္မရဘောဇန သိက္ခာပုဒ်ဖြင့်၊ ကာရေတဗ္ဗော- ပြုစေထိုက်၏၊ ဝါ- ဆုံးဖြတ်ထိုက်၏၊ (ကဿာ - ကြောင့်၊ ပရမ္မရဘောဇနေန-ဖြင့်၊ ကာရေတဗ္ဗော-နည်း၊)ဟိ(ယသ္မာ)–ကြောင့်၊ဘောဇ္ဇ ယာဂုယာ - စားဘွယ် ဖြစ်သော ယာဂုကြောင့်၊ ပဝါရဏာ – ပဝါရိတ်သည်၊ ဟောတိ-၏။ ဇုတိ–ကြောင့်၊(ပရမ္မရဘောဇနေန–ဖြင့်၊ ကာရေတဗ္ဗော-၏။)

နာဟံတံ ကစ္စာနာတိ-ကား၊ ကိရ (ယသ္မာ)-ကြောင့်၊ တသ္မိံ အဝသိဋ္ဌဂုဠ္ဠေ-ထို ကြွင်းကျန်သော တင်လဲခဲ၌၊ ဒေဝတာ- တို့သည်၊ သုခုမောဇံ - သိမ်မွေ့သော နတ်သြဇာကို၊ ပက္ခိပိံသု- ထည့်ကြကုန်ပြီ၊ (ဘုရားဘဉ်းပေးလိမ့်မည်ဟု ထင်၍ နတ်သြဇာထည့်ကြကုန်၏၊) သာ - ထို နတ်သြဇာသည်၊ အညေသံ - အခြားသူတို့၏၊ (ကာယေ- ၌၊) ပရိဏာမံ - ကြေကျက်ခြင်းသို့၊ နဂစ္ဆတိ- မရောက်နိုင်၊ တသ္မာ- ကြောင့်၊ ဧဝံ – ဤသို့ " နာဟံတံ ကစ္စာန " စသည်ဟူ၍၊ အာဟ– ပြီ၊ ဂိလာနဿ ဂုဠ္ဠန္တိ- ကား၊ တထာရူပေန- ထိုသို့ သဘောရှိသော၊ (ထန်းလျက်

× × × × × × ×

အစအား ဖြင့် " ဟု ကြိယာဝိသေသန အနက်ကို နာဝိဘတ်က ဟောသောကြောင့် "ယံ အာဒိံ ကတ္ဝာ"ဟု အဓိပ္ပါယ်ဖွင့်သည်၊ သဒ္ဒတ္ထမှာ"အကြင်အစဖြင့်"ဟု ပေး၊ အဇ္ဇတဂ္ဂေ အဖွင့်ကို ပါရာဇိကဏ် ဘာသာဋီကာ ဝေရဉ္ဇကဏ္ဍအဖွင့်၌ ကြည့်ပါ။ [အာဒိံ ကတ္ဝာတိ ဇုမိနာ ယဒဂ္ဂေနာတိ ဏ္ဍေ အဂ္ဂသဒ္ဒေါ အာဒျတ္ထော၊ ကြိယဝိသေသနတ္ထေ ကရဏဝစနန္တိ ဒဿေတိ၊—ယောဇနာ။]

သဂ္ဂါတေ အာရဒ္ဓါ။ ။"တယာ ဒေဝလောကာ အာရာဓိတာ– နတ်ပြည်တို့ကို ပြီးစေအပ်ကုန်ပြီ " ဟု ဝိမတိဖွင့်၏၊ အာရဒ္ဓါဠ္ဟ အာပုဗ္ဗ ရာဓဓာတ် ကာရိတ်ကြေ , တပစ္စည်း၊ အကျိုးနတ်ပြည်၏ သဂ္ဂအမည်ကို အကြောင်းကောင်းမှုဠ္ဟ တင်စားထား့သည် ဟု သိစေလိုရှိ "သဂ္ဂနိဗ္ဗတ္တကပုညံ ဥပစိတံ"ဟု ဖွင့်သည်။

ဘောဇ္ဇ၊ပေ၊ ဟောတိတိ ။ ။ဘောဇဉ် ၅ ပါးတွင် တပါးပါး၏ အမည်ဖြင့် ဖိတ်မန်အပ်သူသည် ထိုဘောဇဉ်ကို အလျင်မစား ဘဲ အခြားဘောဇဉ်ကို အလျင်စား မှ ပရမ္မရံဘောဇန အာပတ်သင့်၏၊ ဤဠ္ဟ ဘောဇ္ဇယာဂုကို အလျင်စားမှကြောင့် ပရမ္မရ ဘောဇန သိက္ခာပုဒ်ဖြင့် ဆုံးဖြတ်ရမည်ဟု ဆို၏၊ ဘောဇ္ဇယာဂုသည် ပဝါရိတ်သင့်စေနိုင်သော ဘောဇဉ် ၅ ပါးတွင် ပါဝင်ပါသလောဟု မေးဘွယ်ရှိသောကြောင့် "ဘောဇ္ဇ၊ပေ၊ဟောတိ"ဟု မိန့်သည်၊ ဘောဇ္ဇယာဂုဟူသည် လက်ဖြင့်ယူ၍ ထမင်းကဲ့သို့ စားနိုင်သော ယာဂုအပြစ်တည်း၊ ထို့ကြောင့် ထမင်းနှင့် အလားတူပင် ပဝါရိတ်သင့်စေနိုင်၏၊ ထို့ကြောင့် ပရမ္မရဘောဇန သိက္ခာပုဒ်ဖြင့် ဆုံးဖြတ်ရသည် – ဟူလို။ [ယသ္မာ ပဏ္ဍုနံ ဘောဇနာနံ အညတရံ ပဋိက္ခိပန္တဿ ဝုတ္တာ ပဝါရဏာ ဘောဇ္ဇယာဂုံ ပဋိက္ခိပန္တဿပိ ဟောတိယေဝ၊ တသ္မာ ဘောဇ္ဇယာဂုပိ သြဒနကတိကာယေဝါတိ အာမိပ္ပါယော၊ —သာရတ္ထ။]

ကြီသကာစားခြင်းကြောင့် ပျောက်ကင်းနိုင်လောက်သော သဘောရှိသော၊) ဗျာဓိနာ-အနာဖြင့်၊ ဂိလာနဿ–မကျန်းမာသူအား၊ ပစ္စာဘတ္တံ-နေ့လွဲအခါ၌၊ ဂုဠံ-တင်လဲကို၊ (ထန်းလျက်, ကြီသကာကို၊) အနုဇာနာမိ-၏၊ ဇုတိအတ္ထော-နက်။

× × × × × × ×

ဂိလာနဿ ဂုဠံ။ ။အဘိဓာန် (၄၆၂) ဂါထာ၌ ကြီသကာအခဲကို "ဂုဠ" ဟု ဆို၏၊ ထန်းလျက်ကိုလည်း ဂုဠဟု ခေါ်ကြ၏၊ သကြား သကာများကို ဂုဠဉ်သွင်းပါ၊ ထို ဂုဠ (အခဲကို အမှုန့်ကို) စားရမှ ရောဂါပျောက်ကင်းမည်သူကို "ဂိလာန"ဟု ဆိုလိုသည်၊ ထို့ကြောင့် " တထာရူပေန ဗျာဓိနာ ဂိလာနဿ " ဟု ဆိုသည်၊ ထိုကဲ့သို့သော ဂိလာနအား၊သာ ကြီသကာ , ထန်းလျက် သကာ သကြားကို နေ့လွဲအခါ၌ စားခွင့်ပြုတော်မူသည်။

ဂုဠဉ္စဘက္ခ ။ ။ ပါဠိတော်၌ " အဂိလာနဿဝါ ဂုဠောဒကံ " ဟု ခွင့်ပြုတော်မူသောကြောင့် ဂိလာနမဟုတ်ဘဲ မွတ်သိပ် ဆာလောင်ရုံမျှဖြင့်ကား ဂုံးကို ရေဖြင့် ရောစပ်ထားသော ထန်းလျက်ရည်, ကြီသကာရည် သကြားရည်ကိုသာ ခွင့်ပြုတော်မူသည်၊ [ထို အရည်များသည် သတ္တာဟကာလိက ဖြစ်သောကြောင့် ထုံးစံအတိုင်း ဆိုလျှင် ဂိလာနဖြစ်မှ သောက်ကောင်း၏၊ သို့သော် သီးခြား ခွင့်ပြုထားသောကြောင့် ပါန (ဖျော်ရည်)ကဲ့သို့ မွတ်သိပ် ဆာလောင်ရုံမျှဖြင့် သောက်ကောင်းတော့သည်၊]

မှတ်ချက်။ ။များသောအားဖြင့် လမနစ်ရည် (ဘိလပ်ရည်) များလည်း မူရင်းမှာ သကြားရည် ပင်တည်း၊ အနံ့အမျိုးမျိုး အရောင်အမျိုးမျိုးဖြစ်အောင် ဆေးများဖြင့် ရောစပ်ထား၏၊ ထို ဆေးများအတွက် အဋ္ဌောဟာရိက ဟု ဆိုသင့်၏၊ ယခုခေတ်၌ ဝိနည်းဝိုရ ဆရာတော်များသည် စတုမဓုကို အရွယ်ကြီး၍ ဖြစ်စေ ရောဂါရှိ၍ ဖြစ်စေ အားနည်းသောရောဂါရှိမှ ဆေးအဖြစ်ဖြင့် ဘဉ်းပေးတော်မူကြ၏၊ စတုမဓုဉ် ဆီ-ပျား-သကာ–ထောပတ် လေးမျိုးလုံးပင် သတ္တာဟကာလိကဓာတုဉ်းဖြစ်၍ ဆာရုံမျှဖြင့် နေ့လွဲအခါ၌ မစားကောင်းချေ၊ အချို့က (စတိသဘော) ရေဖြင့်ရော၍ အဆာပြေဘဉ်းပေးကြ၏၊ ရေရောရုံမျှဖြင့် သတ္တာဟကာလိက မဟုတ်, ဂုဠောဒကလည်း မဖြစ်နိုင်သောကြောင့် စဉ်းစားသင့်သည်။

ပါဠိလိဂါမဝဏ္ဏ ကထာ

သမ္မသန္ဆဒိန္တိ- ကား၊ ယထာ- အကြင် အခြင်းအရာအားဖြင့် ခင်းအပ်သော်၊ သမ္မံ - အလုံးစုံ၊ (အကုန်အစင်)၊ သန္ဆတံ - ခင်းအပ်သည်မည်သည်၊ ဟောတိ၊ စေဝံ-ဤ အခြင်းအရာအားဖြင့်၊ (သန္ဆရိတ္ထာ-၌စလ်၊)

× × × × × × ×

သန္ဒသန္ဆဒိံ။ ။"ယထာ၊ပေ၊စေဝံ"ဟု ဤကြိယာဝိသေသနဖွင့်ပုံကိုကြည့်ရှု၍ "သမ္မသန္ဆဒိံ"ပဲ ကြိယာဝိသေသန (ဘာဝနပုံ) ဟု မှတ်ပါ၊ သန္ဆဒိယတော် သန္ဆရိ၊ သမ္မံ-အလုံးစုံ+သန္ဆရိ-ခင်းအပ်သော အာဝသထာဂါရာဉ်၊ သမ္မသ်န္ဆရိ၊ ကြိယာဝိသေသနအနက်၌ ဒုတိယာသက်၍ "သမ္မသန္ဆဒိံ-အလုံးစုံခင်းအပ်သည်မည်လောက်

သုနိဓဝဿကာရာတိ-ကား၊သုနိဓောစ-သုနိဓလည်းမည်သော၊ဝဿကာရော စ-ဝဿကာရလည်း မည်သော၊ ဒွေ-ကုန်သော၊ ဗြာဟ္မဏာ-ပုန်ကားတို့သည်၊ (မာပေန္တိ ၌စပ်၊) မဂဓ မဟာမတ္တာတိ – ကား၊ မဂဓရညော – မဂဓမင်း၏၊ မဟာမစ္စာ - အမတ်ကြီးဖြစ်ကုန်သော၊ (ဗြာဟ္မဏာ ၌စပ်၊) ဝဇ္ဇီနံ ပဋိဗာဟာယာတိ-ကား၊ ဝဇ္ဇီရာဇကုလာနံ-ဝဇ္ဇီမင်းမျိုးတို့၏၊ အာယမုခပစ္ဆိန္နနတ္ထံ-ဝင်လာသော အခွန်အတုတ်၏ အဝကို ဖြတ်တားခြင်းအကျိုးငှါ၊ (မာပေန္တိ ၌စပ်၊)ဝတ္ထူနိတိ- ကား၊ ယရဝတ္ထူနိ - အိမ်ရာတို့ကို၊ (ပရိဂ္ဂဏှန္တိ ယော-၌စပ်၊) စိတ္တာနိ နမန္တိ နိဝေသနာနိ မာပေတုန္တိ-ကား၊တာ ဒေဝတာ-ထိုနတ်တို့သည်၊ဝတ္ထုဝိဇ္ဇာပါဌကာနံ- ဝတ္ထုဝိဇ္ဇာကျမ်းကို ရွတ်ဖတ်တတ်ကုန်သော ဆရာတို့၏၊ [အိမ်ရာ၏ အကျိုးအပြစ်ကို သိတတ်သောအတတ်ကို ရွတ်ဖတ်တတ်ကုန်သော ဆရာတို့၏ , အိမ်ရာမြေကြံအတတ်ကို တတ်သောဆရာတို့၏၊] သရိရေ-ကိုယ်၌၊ အဓိမုစ္စိတ္တာ-ပူးဝင်၍၊ ဧဝံ- သို့၊ (ပါဠိတော်၌ လာသည့်အတိုင်း၊) စိတ္တာနိ- တို့ကို၊ နာမေန္တိ ကိရ-ညွတ်စေကြကုန်သတတ်၊ ကဿာ-ကြောင့်၊ (နာမေန္တိ)၊ အမှာကံ-တို့အား၊ ယထာနုရူပံ- ထိုက်တန်သည်အားလျော်စွာ၊ သက္ကာရံ-ပူဇော်ဘွယ်ကို၊ ကရိဿန္တိ-ပြုကြကုန်လတံ့၊ ဇာတိ- ဤသို့ ကြံခြင်းကြောင့်၊ (နာမေန္တိ)၊ ဇာတိအာဒ္ဒော-နက်၊ တာဝတိံသေဟိတိ-ကား၊လောကေ-၌၊ ဒေဝရာဇာနံ–နတ်တို့၏ မင်းဖြစ်သော၊ သက္ကံ-ကိုဎင်း၊ ဝိသုကမ္မဿ- ဝိသုကြံနတ်သားကိုဎင်း၊ ဥပါဒါယ-ကပ်ယူ၍၊ (စွဲ၍၊) တာဝတိံသာ- တာဝတိံသာနတ်တို့သည်၊ ပဋ္ဌိတာ-ပညာရှိပါပေကုန်၏၊ ဇာတိ-သို့၊သဒ္ဒေါ-ကျော်စောသံသည်၊ အဇ္ဇာဂ္ဂတောကိရ-ပျံနှံ၍တက်သတတ်၊ တေနေဝ-ကြောင့်၊ တာဝတိံသေဟိတိ-ဟူ၍၊ (ဘဂဝါ)အာဟ-မိန့်တော်မူပြီ၊ တာဝတိံသေဟိ-တို့နှင့်၊ သဒ္ဓိံ-တကွ၊ မန္တေတွာဝိယ-တိုင်ပင်၍ကဲ့သို့၊ မာပေန္တိ-ဖန်ဆင်းကြကုန်၏၊ ဇာတိအာဒ္ဒော- နက်။

ယာဝတာ အရိယာယတနန္တိ- ကား၊ ယတ္တကံ– အကြင်မျှ အတိုင်းအရှည် ရှိသော၊ အရိယ မနုဿာနံ – အရိယဒေသ၌ နေကြကုန်သော လူတို့၏၊ ဩသရဏဉ္စာနံနာမ-သက်ရောဝံရာ အရပ်မည်သည်၊ အတ္ထိ၊ ယာဝတာ ဝကိပ္ပထောတိ-

× × × × × × ×

အောင်”ဟု ပေး၊ [“သန္တံတိ သန္တံရိ၊ သဗ္ဗံ+ သန္တံရိ သဗ္ဗသန္တံရိ၊ တံ သဗ္ဗသန္တံရိံ၊ ဘာဝ နပုံသက နိဒ္ဒေသော၀ါယံ ” ဟူသော ဋီကာ ဒုတိယဖွင့်အတိုင်းတည်း၊ “သဗ္ဗသန္တံရိံ–အလုံးစုံ ခင်းခြင်းရှိသော၊ အာဝသထဉာဂါရံ–ကို” ဟု ဋီကာ၌ ပဌမနည်းရှိသေး၏။]

မှတ်ချက်။ ။ဤသဗ္ဗသန္တံရိံစသော ပုဒ်များသည် မဟာပရိနိဗ္ဗာနသုတ်စသော သုတ္တန်စကားများတည်း၊ သုတ္တန်စကားများ၏အဖွင့်ကို သုတ္တန်အဋ္ဌကထာတို့မှ ယူပါ-ဟု ရှေး၌ ဆိုခဲ့၏၊ ထို့ကြောင့် သဗ္ဗသန္တံရိံစသော ပုဒ်များ၏အဖွင့်ကို ရှေး အဋ္ဌကထာစာအုပ်တို့၌ ပါဟန်မတူ၊ နောက်ဆရာတို့ ဋီကာမှ ယူထားကြဟန်တူသည်။

ကား၊ ယတ္တကံ–သော၊ (ကယဝိက္ကယဋ္ဌာနံ နာမဋ္ဌံစဝိ၊) ဝါကိဇာနံ-ကုန်သည်တို့၏၊ အာဘတဘဏ္ဍဿ - ဆောင်ယူအပ်သော ဘဏ္ဍာ၏၊ ရာသိဝသေနေဝ–အစုအပုံ၏ အစွမ်းအားဖြင့်သာလျှင်၊ ကယဝိက္ကယဋ္ဌာနံ နာမ-ဝယ်ရာ ရောင်းရာဌာနမည်သည်၊ အတ္ထိ၊ [ရာသိဝသေနေဝဖြင့် အစုလိုက် အပြုံလိုက် လက်ကား ရောင်းခြင်း ဝယ်ခြင်းကို ပြ၏၊ အနည်းငယ် လက်လီ ရောင်းဝယ်ခြင်းမျိုးကား အခြားမြို့ကလေးများ၌လည်း ရနိုင်ပါ၏၊] [ဝါ-တနည်း၊ ဝါကိဇာနံ-ကုန်သည်တို့၏၊ ဝသနဋ္ဌာနံ-နေရာအရပ်သည်၊ (အတ္ထိ)၊] ဧဒံ အဂ္ဂနဂရန္တိ-ကား၊ ဧဒံ-၌ ပါဠိလိုပုတ်မြို့သည်၊ တေသံ အရိယာယတန ဝဏိပွထာနံ- ထိုအရိယလူမျိုးတို့၏ သက်ရောက်ရာ အရပ်, ကုန်တို့၏ အစုအားဖြင့် ရောင်းဝယ်ရာ အရပ်တို့၏၊ ဝါ–ကုန်သည်တို့၏ နေရာ အရပ်တို့၏၊ ဝါ-တို့တွင်၊ အဂ္ဂနဂရံ- အမြတ်ဆုံး မြို့သည်၊ ဘဝိဿတိ- လတ္တံ့။ [ပါဠလိရွာကြီးမှ ပေါက်ပွားလာသော မြို့ဖြစ်သောကြောင့် "ပါဠလိပုတ်မြို့" ဟု ခေါ်ဟန်တူသည်၊]

ပုဉ္ဉဘေဒနန္တိ – ကား၊ ပုဉ္ဉဘေဒနဋ္ဌာနံ – ကုန်ထုပ်ကို ဖျက်ရာအရပ်သည်၊ မောစနဋ္ဌာနံ–ဖြည်ရာအရပ်သည်၊ (ဘဝိဿတိ)၊ ဧဒံတံ–၌အနက်သည်၊ ဝုတ္တံ-သည်၊ ဟောတိ၊ [ပုဉ္ဇေ–ဘဏ္ဍာအထုပ်တို့ကို+ဘိန္ဒန္တိ မောစေန္တိ ထွေးတိ ပုဉ္ဇဘေဒနံ။] အဂ္ဂိတောဝဏိတိ အာဒိသု – အဂ္ဂိတောဝဏိ အစရှိသော ပါဠိရပ်တို့၌၊ ဝါသဒ္ဒေါ-သည်၊ သမုစ္စယတ္ထော-သမုစ္စည်းအနက်ရှိ၏၊ ဟိ-မှန်၊ တနည်း–ချဲ့ဉာဏ်း

× × × × × × ×

အရိယာယတနံ။ ။အရိယ အရပ်၌ နေသူတို့ကို "အရိယက" ဟု ခေါ်၏၊ အာယတနသဒ္ဒါသည် "ပေါင်းစု သက်ရောက်ရာ အရပ်" ဟူသော အနက်ကို ဟော၏၊ [အရိယက မနုဿာနန္တိ အရိယဒေသဝါသိ မနုဿာနံ၊ – မဟာပရိနိဗ္ဗာနသုတ် ဋီကာ၊] – အချို့စာအုပ်များ၌ "အရိယံ အာယတနံ" ဟုလည်း, "အရိယာနံ အာယတနံ" ဟုလည်း မှက်ခဲ့ပို၏၊ "အရိယာယတနံ" ဟု ဂျိမ္မ ထိုဋီကာနှင့် ညီမည်၊ "အရိယာနံ+ အာယတနံ အရိယာယတနံ" ဟု ပြု။

ဝဏိပွဓာ။ ။ပထဝီသဒ္ဒါသည် "လမ်း" ဟူသော အနက်ကို ဟောရင်းတည်း၊ ထိုလမ်းကဲ့သို့ ဖြစ်ရာ အရပ်ကိုလည်းဟော၏၊ "ဝါကိဇာနံ အာဘတ ဘဏ္ဍာဿ"ဖြင့် ဝဏိပုဒ်၏ အနက်ကိုပြ၏၊ " ကယဝိက္ကယဋ္ဌာနံ "ဖြင့် ပထပုဒ်၏ အနက်ကို ပြ၏၊ ဝဏိဿ–ရောင်းဝယ်အပ်သော ကုန်ပစ္စည်း၏+ ပထာ – ရောင်းဝယ်သော အားဖြင့် ဖြစ်ရာ အရပ်တည်း၊ ဝဏိပွထော–ရပ်၊ ["ဝဏိဿ ပထော"ဟု ဆိုလိုလျက် (ဿ)ကို စရ, ပကို ဒွေဘော်ပြု၊ ဝဏိဿာယ+ပထော ပဝတ္တိဋ္ဌာနံတိ ပုရိမပဒိကပွေ အတ္ထော၊– သုတ်ဋီကာ။]

ဝါကိဇာနံ ဝသနဋ္ဌာနံ ဝါ။ ။ဤဝါဒွိလည်း ဋီကာဋ္ဌိ၏၊ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာဋ္ဌိလည်း ဋီ၏၊ ဝဏိဇာနံ – ကုန်သည်တို့၏၊ ပထော–ဖြစ်ရာနေရာ အရပ်တည်း၊ ဝဏိပွထော–ရပ်၊ (ဧ)ကိုချေ၊ [ဒုတိယဝိကပွေ ပန ဝဏိဇာနံ ပထော ပဝတ္တိဋ္ဌာနန္တိ ဏာဟ၊–သုတ်ဋီကာ။]

အံ့၊ တတြ- ထိ ပါဠိလိပုတ်ရွှေ့၌၊ ကေဿ– တခုသော၊ ကောဠဝသဿ–အစု၏၊ အင်္ဂါတော- မိုးကြောင့်ရင်း၊ ကေဿ-သော၊(ကောဠဝသဿ-၏၊) ဥဒကတော-ရေကြောင့်ရင်း၊ ကေဿ (ကောဠဝသဿ-၏၊) အဇ္ဈာနာရတော- အတွင်း၌ဖြစ်သော၊ အညမညဘေဒါ- အချင်းချင်းခွဲခြင်းကြောင့်ရင်း၊ ဝါ- အချင်းချင်း ကုန်းတိုက်ခြင်းကြောင့်ရင်း၊ အန္တာရာယော–အန္တရာယ်သည်၊ ဘဝိဿတိ-လတ္တံ့။

ဥဠုမ္ပန် - ကား၊ ပါရဂမနတ္ထာယ – တဖက်ကမ်းသို့ သွားခြင်းအကျိုးငှါ၊ အာဏိယော-မယ်နတို့ကို (စို့-သံတို့ကို၊)အာကောဋေတွာ-ရိုက်နှက်၍၊ ကတံ-ပြုအပ်သော အသားဖေါင်ကို၊ (ပရိယေသန်-၌စပ်၊)ကုလန်-ကား၊ ဝလ္လိအာဒိဟိ-နွယ်အစရှိသည်တို့ဖြင့်၊ (အာဒိဖြင့် ကြိမ်စသည်ကို ယူ၊) ဗန္ဓိတွာ- ဖွဲ့တုပ်၍၊ ကတံ-ပြုအပ်သော ဝါးဖေါင်ကို၊(ဗန္ဓန်-၌စပ်။)

အဏ္ဏဝန် တေံ-ဟူသော ဤအမည်သည်၊ သမ္မန်မြေန-အလုံးစုံသောအပိုင်းအခြားတို့၏ အဆုံး၌ဖြစ်သော၊ ပရိစ္ဆေဒေန-အပိုင်း အခြားအားဖြင့်၊ ယောဇနံ

× × × × × × ×

သမုဋ္ဌယဇ္ဈော၊ ။ဝါသဒ္ဒါ၏ တမျိုးမျိုးသော ဖြစ်ခြင်း ဟူသော ဝိကပ်အနက်, တမျိုးနှစ်မျိုးဖြစ်စေ, သုံးမျိုးဖြစ်စေ မသေချာခြင်းဟူသော အနိယမအနက်တို့ မရနိုင်၊ သုံးမျိုးလုံးဖြစ်ခြင်းဟူသော သမုဋ္ဌည်းအနက်သာရနိုင်၏၊ ထိုသို့ ရနိုင်ပုံကို“တတြ ဟိ” စသည်ဖြင့် ပြသည်။

ဥဋ္ဌ။ပ။ ။သက္ကတ၌ “ဥဋ္ဌ။နိ (ဇလေ)–ရေထည်း၌+ပါတိ- စောင့်ရှောက်တတ်၏၊ ဇုတိ ဥဒုမ္ဗရပါ(ဥဒု။ပေါ)”ဟု ရှိ၏၊ ပါဠို၌ ဒုကို ဋပြုထားသည်၊ “ဥဋ္ဌမ္ဗေါ”ဟုလည်း ပါဠိတမျိုးရှိ၏၊“အာဏိယော အာကောဋေတွာ ကတံ ”ဟု အဋ္ဌကထာ၌ဆိုရင်း, “ဥဋ္ဌမ္ဗန် ပါရဂမနတ္ထာယ လဟုကေ ဒါရုဒလ္လေ ဂဟေတွာ ကဝါဋဖလကေဝိယ အညမညသမ္မန္ဓေ ကာတုံ အာဏိယော ကောဋ္ဋေတွာ (စို့-သံတို့ကို ရိုက်နှက်၍) နာဝါသခ်ပေန ကတံ (လွှေအသွင်ဖြင့်ပြုအပ်)”ဟု ဋီကာ၌ဆိုရင်း ဖွင့်၏၊ ထိုအဖွင့်၌ “ ပျဉ်ချပ်မဟုတ်ဘဲ ပေါ့သောဒုတ်ချောင်းတို့ကို လွှေသဏ္ဌာန်ဖြစ်အောင် ပြုလုပ်အပ်”ဟု ဆိုသောကြောင့် ယခုခေတ်၌ သစ်သားဖေါင်နှင့် မတူဘဲသာ စပ်ဖေါင်တမျိုး ဖြစ်ဟန်တူသည်၊ အလဂဒ္ဒ။ ပမသုတ် အဋ္ဌကထာ၌ကား “ ပတ္ထရိတွာ ဗဒ္ဓါ ပန ပဒရစာဋိအာဒယော ဥဋ္ဌ။ပေါ ”ဟု ဆို၏၊ ထိုအဆိုအတိုင်း ယူလျှင် သစ်သား – သို့မဟုတ် ဧဋ္ဌအိုး စသည်တို့ကို ဖွဲ့စပ်ထားသော သစ်သားဖေါင် စဋ္ဌအိုးဖေါင် စသည်ပင်တည်း။

ကုလ ။ ။ဥဋ္ဌ။ပန်၌ ကုလ်ကို အာဘိဓာန် (၆၆၅)၌ ပရိယာယ်ဟု ဆို၏၊ (“ကုလဿ–ကမ်းနားစသည်၌ တည်သော အိမ်၏+ ဟိတော–အစီးအပွားတည်း၊ ကုလ္လော ”ဟု ပြု၊ “ဝလ္လိအာဒိဟိ ဗန္ဓိတွာ ကတံ”ဟု အဋ္ဌကထာ၌ဆိုရင်း “ ဝေဋ္ဌ။ နဋ္ဌာဒိကာ သင်္ဃဋိတွာ ဝလ္လိအာဒိဟိ ကလာပဝေသန ဗန္ဓိတွာ ကတံ ”ဟု ဋီကာ၌ဆိုရင်း ဖွင့်၏၊ ထို့ကြောင့် အိမ်သုံးအဖြစ်ဖြင့် အလွယ်တကူပြုလုပ်၍ ရကောင်းသော ဝါးစည်း ကျ။စည်း စသည်တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဝါးဖေါင် ကျ။ဖေါင် စသည်တို့ကို “ကုလ္လ”ဟု ခေါ်ပါ။

မတ္တံ – တယူဇနာ အတိုင်းအရှည် တိုင်အောင်၊ ဂန္ဓိရဿစ - နက်သည်လည်း ဖြစ်သော၊ ပုထုလဿစ-ပြန့်ကျယ်သည်လည်း ဖြစ်သော၊ ဥဒကဋ္ဌာနဿ-ရေ၏ တည်ရာ အရပ်၏၊ အဓိဝစနံ - တည်း။ [အလ္လောဟ ထွောတိ အလ္လာဝါ၊ ဝန္ဒ၊ ပစ္စည်း၏ ပဟူတ (ရေအများ ရှိခြင်း)အနက်ကို ပြလို၍ ''သဗ္ဗန္တိမေန၊ပေ၊ အဓိဝစနံ''ဟုမိန့်သည်၊]ဇ၊ဓ-ဤဂါထာ၌၊ နဒီ-မြစ်ကို၊ သရန္တိ-ဟူ၍၊အဓိပ္ပေတာ-အပ်၏၊ ဇ၊ဒံ- သည်၊ ဝုတ္တံ-သည်၊ ဟောတိ၊(ကိ)၊ယေ-အကြင် အရိယာပုဂ္ဂိုလ်တို့သည်၊ ဂန္ဓိ၊ရံ-နက်သော၊ ဝိတ္ထတံ-ပြန့်ကျယ်သော၊ (အလ္လာဝံ၏အဖွင့်)တဏှာသရံ-တဏှာတည်းဟူသော မြစ်ကို၊ တရန္တိ-ကူးမြောက်ကုန်၏၊ တေ- တို့သည်၊ အရိယမဂ္ဂသခ်ါတံ-အရိယာမဂ် ဟု ဆိုအပ်သော၊ သေတုံ- တံတားကို၊ကတွာန-ပြု၍၊ ပလ္လလာနိ-ရွံ့ညွန်တို့ကို၊ ဝိသဇ္ဇ- စွန့်လွှတ်၍၊ ဥဒကာရိတာနိ - ရေဖြင့် ပြည့်ကုန်သော၊ နိန္နဋ္ဌာနာနိ – ချိုင့်ဝှမ်းသော အရပ်တို့ကို၊ အနာမသိတွာဝ-မသုံးသပ်မူ၍သာလျှင်၊ (တရန္တိ)၊ အယံ ပန ပရိဇနော–ဤလူ အပေါင်းသည်ကား၊ အပ္ပမတ္တကံ - နည်းသော အတိုင်း အရှည်ရှိသော၊ ဇ၊ဒံ ဥဒကံ - ဤ ဂင်္ဂါမြစ်ရေကို၊ ဥတ္တရိတုကာမော- ကူးမြောက်လိုသည်၊ (ဟုတ္တာပိ- ဖြစ်၍လည်း၊) ကုလ္လံ-ဝါးဖောင်ကို၊ ဗန္ဓတိ- ဖွဲ့တုပ်နေရ၏၊ ဗုဒ္ဓါ-ဘုရားရှင်လည်း ဖြစ်ကုန်သော၊ ဗုဒ္ဓသာဝကာစ - ဗုဒ္ဓ၏ သာဝကလည်း ဖြစ်ကုန်သော၊ ဓမ္မာဝိနော - ပညာရှိ ဖြစ်ကုန်သော၊ ဇနာ ပန-လူတို့သည်ကား၊ ကုလ္လေန- နှင့်၊ ဝိနာဓေ- ကင်းရှင်သာလျှင်၊ တိဏ္ဏော-ကူးမြောက်တော်မူကုန်ပြီ၊ ဇ၊တိ-သည်၊ ဝါ-ကို၊(ဝုတ္တံ ဟောတိ။)

အနနုဗောဓတိ- ကား၊ အဗုဇ္ဈနေန - မသိခြင်းကြောင့်၊ (အထွဋ်အထိပ်သို့ ရောက်သော ဝိပဿနာဉာဏ်ဖြင့် လျော်စွာမသိခြင်းကြောင့် – ဟူလို၊) သန္ဓာဝိတန္တိ-ကား၊ ဘဝတော-ဘဝတခုမှ၊ ဘဝံ-ဘဝတခုသို့၊ဂမနဝသေန-သွားခြင်း၏

× × × × × × ×

သရန္တိ ဇ၊ဓ၊နဒီ၊ ။အခြားနေရာ၌ ရောက်နှင့် အင်းအိုင်ကို ''သရ'' ဟု ဆိုရသော်လည်း ဝဂ်ါမြစ်ကို ဥပမာပြသော အရာရှိစေသောကြောင့် မြစ်ကိုယူပါ–ဟု သိစေလိုခြင်း ''သရန္တိ၊ပေ၊အဓိပ္ပေတာ''ဟု မိန့်သည်၊ ''သရတိ သန္ဓတိတိ သရော''ဟု ပြု။

အနနုဗောဓော၊ ။အဋ္ဌကထာ၌''အဗုဇ္ဈနေန''ဟု ဖွင့်ခြင်းသည် အလွယ်ဖွင့်ခြင်းသာတည်း၊ ထိုအဖွင့်ဖြင့် အနုဗောဓ၏အနက်ကို မသိရ၊ သွာဝိဘတ်၏ ကားရကာအနက်ကိုသာ သိရသည်၊ '' အနုဗောဓော စေတ္ထ ပုဗ္ဗဘာဂိယဉာဏံ၊ ပဋိဝေဓော မဂ္ဂဉာဏေန အဘိသမယော '' ဟု ဋီကာ၌ ဖွင့်သောကြောင့် မဂ်၏ ရှေအဘို့ဖြစ်သော ဝိပဿနာဉာဏ်ကို ''အနုဗောဓံ – လျော်စွာသိ'' ဟုဆင်း, မဂ်ဉာဏ်ကို ''ပဋိဝေဓံ – ထိုးထွင်းသိ''ဟုဆင်း ခွဲပါ၊ [''လျော်စွာသိ''ဟူသည် ဓနဲခဲ့ရလာမည့် မဂ်ဉာဏ်အား လျော်စေသော (မဂ်ဉာဏ်သိလတုံနှင့် အစလျော်ဖြစ်သော) အသိတည်း၊ ယခုခဏ်၌ သစ္စာ ၄ ပါးကို သုတမယဝိန္ဒာသမယဉာဏ်ဖြင့် သိခြင်းမျိုးမဟုတ်၊ မဂ္ဂဝီထိနားဠ် ကပ်၍နေသော အထွဋ်အထိပ်သို့ ရောက်သော ဝိပဿနာဉာဏ်ဖြင့် သိခြင်းတည်း။]

အစွမ်းဖြင့်၊ သန္ဓာဝိတံ–အဆက်မပြတ်,ပြေးသွားအပ်ခဲ့လှလေပြီ၊ သံသရိတန္တိ-ကား၊ ပုနပ္ပုနံ–အဖန်ဖန် အထပ်ထပ် (တပြောင်းပြန်ပြန်)၊ ဂမနဝသေန-ဖြင့်၊ သံသရိတံ–ကျင်လည်အပ်ခဲ့လှလေပြီ။

မမ ဆွေဝ တုမှာကဆွာတိ- ကား၊ မယာစ– ငါဘုရားသည်၎င်း၊ တုမှေဟိစ–သင်တို့သည်၎င်း၊ (သန္ဓာဝိတံ သံသရိတံတို့၌စပ်၊ သန္ဓာဝိတံ သံသရိတံ၌ ကံဟောတပစ္စည်းအတွက် ဆဋ္ဌိကတ္တားအနက်ကို ဖွင့်သည်၊) အထဝါ-ကား၊ သန္ဓာဝိတံ သံသရိတန္တိ-ကား၊ မမ ဆွေဝ- ၏၎င်း၊ တုမှာကဆ- တို့၏၎င်း၊ သန္ဓာဝနံ-အဆက်အပြတ် ပြေးသွားခဲ့ရခြင်းသည်၊ သံသရဏံ - တပြောင်းပြန်ပြန်, ကျင်လည်ခဲ့ရခြင်းသည်၊ အဟောသိ- ပြီ၊ ဇာတိဧဝံ- သို့၊ ထွေ – ၌ သန္ဓာဝိတံအစရှိသော ပါဠိ၌၊ အတ္ထော-ကို၊ ဒဋ္ဌဗ္ဗော-မှတ်ထိုက်၏၊[တပစ္စည်းကို ဘောဟောကြံ၍ ဆဋ္ဌိဝိဘတ်၏ ရိုးရာ သာမိအနက်ကို ဖွင့်သည်။] သံသိတန္တိ- ကား၊ သံသရိတံ- ကျင်လည်အပ်ခဲ့လှလေပြီ၊ [သံပုဗ္ဗ+သိဓာတ်သည် ဂတိအနက်ဟောတည်း၊ သံသရန္ဒင့် အနက်တူဖြစ်၏၊ ထို့ကြောင့် "သံသရိတံ"ဟု ဖွင့်သည်။] ဘဝနေတ္တိ သမ္ပဟတာတိ-ကား၊ ဘဝတော-ဘဝတခုမှ၊ ဘဝဂမနာ-ဘဝတခုသို့ သွားကြောင်းဖြစ်သော၊ သန္ဓာဝနာ– ပြေးသွားကြောင်းဖြစ်သော၊ တဏှာရဇ္ဇု– တဏှာတည်းဟူသော ကြိုးကို၊ သုဋ္ဌု– ကောင်းစွာ၊ ဟတာ – ဖျက်ဆီးအပ်ပြီ၊ ဆိန္နာ – ဖြတ်အပ်ပြီ၊ အပ္ပဝတ္တိကတာ-တဖန် ဖြစ်ခြင်းမရှိအောင် ပြုအပ်ပြီ။

နိလာတိ-ကား၊ ဇာဒံ-နိလာဟူသော၌သဒ္ဒါသည်၊ သဗ္ဗသင်္ဂါဟကံ-အလုံးစုံအညိုရောင်ကို သိမ်းယူကြောင်းသဒ္ဒါတည်း၊ နိလဝဏ္ဏာတိ အာဒိ - အစရှိသော ပုဒ်အပေါင်းသည်၊ တသ္မေဝ- ထို နိလ၏ပင်၊ ဝိဘာဂဒဿနတ္ထံ- ဝေဘန်အပ်

\+ × × × × × × ×

သန္ဓာဝိတံ သံသရိတံ။ ။ သံ + ဓာဝုဓာတ်သည် "ပြေးသွားခြင်း" အနက်ကို ဟော၏၊ သံ+သရဖောတ်သည်"ဆက်စပ်၍+သွားခြင်း, ဖြစ်ခြင်း"အနက်ကို ဟော၏၊ ထို့ကြောင့် ဘဝတခုမှ ဘဝတခုကို သွားနေရခြင်းကို"သန္ဓာဝန"ဟုဆို, ထိုသို့ သွားနေရာဝယ် တကြိမ်တခါစီမဟုတ် , ဘဝများစွာ၌ ထပ်ကာ ထပ်ကာ သွားနေရခြင်းကို "သံသရဏ" ဟုဆို ခွဲ၍မှတ်ရသည်။

ဘဝနေတ္တိ သမ္ပဟတာ။ ။"ဘဝတော ဘဝဂမနာ သန္ဓာဝနာ တဏှာရဇ္ဇု"ကို ကြည့်၍ "နေတိ တောဃာတိ နေတ္တိ၊ ဘဝဿ-ဘဝတပါးသို့+နေတ္တိ-ဆောင်ကြောင်းဖြစ်သော တဏှာကြိုးတည်း၊ ဘဝနေတ္တိ – ကြိုး" ဟု ပြု၊ သံ + ဥ + ဟနဓာတ်သည် ဖျက်ဆီးခြင်း ဖြတ်ခြင်းအနက်ဟောတည်း၊ "သုဋ္ဌုဟတာ ဆိန္နာ"ဟု သဒ္ဒတ္ထဖွင့်သည်၊ " အပ္ပဝတ္တိကတာ"ကား အဓိပ္ပါယတ္ထတည်း။

သဗ္ဗသင်္ဂါဟကံ။ ။နောက်၌ပြမည့် ဝဏ္ဏ-ဝတ္ထ-အလင်္ကာရအား လုံးကို သိမ်းကြုံးနိုင်သောကြောင့် နိလာကို "သဗ္ဗသင်္ဂါဟက"ဟု ဆို၏၊ "နိလာ"ဟု သာမညသဒ္ဒါကို ဆိုသောကြောင့် အညိုရောင်ရှိသော အဆင်း - အဝတ် - တန်ဆာအား လုံးကို သိမ်းယူနိုင်သည်–ဟူလို။

သော အထူးအပြားကို ပြုရခြင်းအကျိုးရှိ၏၊ တတ္ထ-ထို နိလာနိလဝဏ္ဏာ စသော စကားရပ်၌၊ တေသံ - ထို လိစ္ဆဝိမင်းတို့၏၊ ပကာဝဏ္ဏော – ပင်ကိုယ် အဆင်းသည်၊ နီလော- ညိုသည်၊ န- မဟုတ်၊ နီလဝိလေပနာနံ- ညိုသော နှံသာပြောင်းတို့၏၊ ဝိစိတ္တတာဝသေန–ဆန်းကြယ်ကုန်သည်၏ အဖြစ်၏အစွမ်းဖြင့်၊ တေံ-ဤနီလာနီလဝဏ္ဏာစသော စကားရပ်ကို၊(သံဂိတိကာရေဟိ)ဝုတ္တံ၊ ပဋိဝန္ဒေသိတိ-ကား၊ ပဟရိ - တိုက်ခတ်ပြီ။ [ဦးကာ၌ "ပဟရိ" ဟု ရှိ၏၊ ရထားလှည်းသံချင်းတိုက်သောအခါ အနည်းငယ် ပြန့်လွည့်သွားခြင်းကြောင့် "ပဋိဝန္ဒေသိ-ပြန်လည်စေပြီ" ဟု မိန့်သည်၊ "ပဟရိ" ကား အဓိပ္ပါယ်ဖွင့်။]

သာဟာရံ ဒဇ္ဇေယျာထာတိ - ကား၊ သဇနပဒံ– ဇနပုဒ်နှင့်တကွဖြစ်သော၊ ဝေသာလိ-ဧဝသာလိတမ္မြို့လုံးကို၊(သစေပိ) ဒဒေယျာထ- အကယ်၍မူလည်း ပေးခဲ့စကုန်ဉာဏ်းတော့၊ [အာဟရန္တိ ဣမသ္မာ ဗလိန္တိ အာဟာရော- အခွန်အတုပ်ကို ဆောင်ယူခဲ့ရာ ဇနပုဒ်၊ အာဟာရေန+သဟိတာ သာဟာရာ (ဝေသာလီ၊)] အာဂံလိ ဖောရွေသုန္တိ- ကား၊ အာဂံလိ - လက်ချောင်းကို၊ စာလေသုံ-လှုပ်စေကြကုန်ပြီ၊ ဝါ – ခါကြကုန်ပြီ၊ [ဖုဋ္ဌစာတ်သည် ဝိဓုနန (ခါတွက်ခြင်း)အနက်ကို ဟော၏၊ ထိုအနက်ကို ဖွင့်သည်၊] အမ္မကာယာတိ - ကား၊ ဇာတ်ကာယ–မိန်းမသားသည်၊ (ဇိတာဒ်စပ်၊) ဩလောကေထာတိ - ကား၊ ပဿထ - ကြည့်လိုက်ကြကုန်၊ အပဿလောကေထာတံ - ကား၊ ပုနပ္ပုနံ - အဖန်ဖန် အထပ်ထပ်၊ ပဿထ-ကုန်၊ ဥပသံဟရထာတိ- ကား၊ ဥပနေထ– ကပ်၍ဆောင်ကြကုန်၊ ဇာမံ လိစ္ဆဝိပရိသံ-၌ လိစ္ဆဝိမင်းပရိသတ်ကို၊ တုမှာကံ-တို့၏၊ စိတ္တေန-စိတ်အားဖြင့်၊ တာဝတိံသပရိသံ-တာဝတိံသာနတ်ပရိသတ်သို့၊ ဟရထ-ဆောင်လိုက်ကြကုန်၊ တာဝတိံသေဟိ–တာဝတိံသာနတ်တို့နှင့်၊(ဦးကာ၌ "တာဝတိံသေဟိ" ဟု ရှိ၏၊) သမက်–တူမျှသည်ကို၊ ကတွာ-၍၊ ပဿထ-ကုန်၊ ဇာတိအတ္ထော–နက်။

× × × × × × × ×

အမ္မကာယ။ ။အမ္မဝ်းသဒ္ဒါသည် အမ္မာသဒ္ဒါကဲ့သို့ "အဓိ" အနက်ကို ဟော၏၊ အဓိနှင့် တူသောကြောင့် သဒ်သုပစာရအားဖြင့် မိန်းမဟူသမျှကိုလည်း ဟောနိုင်၏၊ "အမ္မာစဝ+အမ္မကာ"ဟု ပြု၊ ကပစ္စည်း အနက် မရှိ၊ [အမ္မကာယာတိ အမ္မာယ၊ ဥပစာရဝစနဉ္စေတံ၊ မာတုဂါမနာတိ အတ္ထော၊–ဝိမတိ၊] ယောဇနာဋ္ဌကား ယောဂ်ကား အောက် ငယ်သောကြောင့် ကသဒ္ဒါကို ခဒ္ဒကအနက်ဟော ဟု ကြံ့လေသည်။

ဩလောကေထ၊ပေ၊အာစိဏ္ဏော၊ ။ဤသို့ လိစ္ဆဝိပရိသတ်ကို တာဝတိံသာနတ်ဝရိသတ်နှင့် အတူ ဗိတ်ထား၍ စသည်ဖြင့် ကြည့်ကြဘို့ရန် မိန့်တော်မူခြင်းမှာ သံဃဝဂရဘို့ရန် မိန့်တော်မူခြင်းတည်း၊ မှန်၏–နောက်မကြာသော ကာလ၌ ဤမျှလောက်ကြီးကျယ်သော တာဝတိံသာနတ်ပရိသတ်ကဲ့သို့ ရွှေဘွယ်ခေါင်းလှသော လိစ္ဆဝိမင်းပရိသတ်သည် အစောတသတ်နှင့် စစ်ခြစ်၍ အလုံးစုံ ပျက်စီးကြရလိမ့်မည်၊ ထိုအခါ သံဃဝဂ ဖြစ်ဘို့ရန် ဤကဲ့သို့ မိန့်တော်မူသည်။ [ဣဒါနု ဘိက္ခဝေ၊ သံဃဝဂေ ဇာတေ ဝုတ္တံ၊ နန်းဒါဆိုသည်ကိုဟုဆို၊–ဝိမတိ။]

ဓမ္မသဓ အာနုဓမ္မံ ဗျာကရောန္တိတိ-ကား၊ဘဂဝတာ-သည်၊ဝုတ္တကာရဏာသ-
ဟာတော်မူအပ်သော အကြောင်းအား၊ အနုကာရဏံ–လျော်သော အကြောင်း
ကို၊ ကထေန္တိ-ပြောဆိုကြပါကုန်၏လော၊[ဓမ္မသဒ္ဒါသည် ကာရဏာအနက်ဟော၊
အကြောင်းဟူသည်လည်း ထို ပြောဆိုအပ်သော သဒ္ဒါ၏ အနက်တည်း၊] သဟ
ဓမ္မိကော ဝါဒါနုဝါဒေါတိ – ကား၊ ပရေဟိ - သူတပါးတို့သည်၊ (ဋီကာ၌
"ပရေဟိ"ဟုရှိသည်၊)ဝုတ္တကာရဏေန-ပြောဆိုအပ်သော အကြောင်းအားဖြင့်၊
သကာရဏော - အကြောင်းနှင့်တကွ ဖြစ်သည်၊ ဟုတွာ- ၍၊ တုမှာကံ - အရှင်
ဘုရားတို့၏၊ ဝါဒေါဝါ-ရှေးဥုးစွာ ပြောဆိုအပ်သောဝါဒသည်၎င်း၊ အနုဝါဒေါ
ဝါ - အဖန်ဖန် ပြောဆိုအပ်သော ဝါဒသည်၎င်း၊ ကောစိ-တစုံတခုသော၊ အပ္ပ
မတ္တကောပိ- နည်းသော အတိုင်းအရှည်ရှိသော ဝါဒသည်လည်း၊ ဝိညူဟိ-ပညာ
ရှိတို့သည်၊ ဂရဟိတမ္ပံ - ကဲ့ရဲ့ထိုက်သော၊ ကာရဏံ – အကြောင်းသို့၊ နာ အာ
ဂစ္ဆတိကိံ - မရောက်ဘဲ ရှိပါ၏လော၊ [" ဝါဒေါဝါ အနုဝါဒေါဝါ ကောစိ
အဂ္ဂမတ္တကောပိ ဝိညူဟိ ဂရဟိတမ္ပံ"ဟု ဋီကာအတိုင်း ရှိစေ၊] ဇာဒံ-ဤအနက်
သည်၊ ဝုတ္တံ-ဆိုအပ်သည်၊ ဟောတိ၊(ကိံ-အဘယ်အနက်သည်၊ဝုတ္တံ ဟောတိ-
နည်း၊) သမ္မာကာရေနာပိ-အလုံးစုံသော အခြင်းအရာအား၊ဖြင့်လည်း၊ တုမှာကံ-
အရှင်ဘုရားတို့၏၊ ဝါဒေ-ဝါဒဌ်၊ ဂါရယှကာရဏံ-ကဲ့ရဲ့ထိုက်သောအကြောင်း
သည်၊ နတ္ထိကိံ-မရှိပါ၏လော၊ ဇာတိ- သည်၊ (ဝုတ္တံ ဟောတိ)၊ အနဘိဇ္ဈာတု
ကာမာတိ-ကား၊ အဘိဇ္ဈာဝိတ္တာ- လွမ်းမိုး၍၊ နာ အာစိက္ခိတုကာမာ–မပြောလိုပါ
ကုန်၊ (မစ္ဆပ်စွဲလိုပါကုန်-ဟူလို)။

အနုဝိစ္စကာရန္တိ-ကား၊ အနုဝိဒိတ္ဝာ–လျော်စွာ သိ၍၊ စိန္တေတ္ဝာ-စဉ်းစား၍၊
တုလယိတ္ဝာ-နှိုင်းချိန်၍၊ ကာတဗ္ဗံ-ပြုထိုက်သော အမှုကို၊ ကရောဟိ - ပြုလော၊
ဇာတိ - ဤ အနက်သည်၊ ဝါ - ကို၊ ဝုတ္တံ ဟောတိ၊ ဉာတ မနုဿာနန္တိ - ကား၊
လောကေ-၌၊ ပါကဋာနံ-နာသော။ (တုမှာဒိသာနံ-၌စပ်၊) [ဉာတကို"ပါကဋ"
ဟု ဖွင့်သည်၊ ဉာယိံသု - အများ သိအပ်ကုန်ပြီ၊ (အများ သိအောင် ထင်ရှား

× × × × × × ×

အနုဝိစ္စကာရံ။ ။အနုဝိစ္စကို "အနုဝိဒိတ္ဝာ" ဟု၎င်း , ကာရံကို "ကာတဗ္ဗံ"
ဟု၎င်းဖွင့်၏၊ အဋ္ဌကနိပါတ်-ပဌမပံ, မဟာဝဂ္ဂ အဂ်ိတ္တရအဋ္ဌကထာ၌လည်း အလားတူ
ဖွင့်၏၊ အဂ်ိတ္တိုရဋီကာ၌ အနုဝိစ္စကို "အဝေစ္စ" ဟု ဖွင့်၏၊ ဓမ္မပဒကောဓဝဂ် (၂၂၉)
ဂါထာအဖွင့်၌လည်း အနုဝိစ္စကို "ဇာနိတ္ဝာ" ဟု ဖွင့်၏၊ ထို့ကြောင့် အနုဝိစ္စ၌ အနု
ပုဗ္ဗ+ဝိစဓာတ်မဟုတ်၊ အနု+အဝ+ဇ္ဈာတ် တွာပစ္စည်းသာ၊ "အနုဝိစ္စ – ဉာဏ်ဖြင့်
သက်ဝင်၍" ဟု ပေးပါ၊ စိန္တေတ္ဝာ တုလယိတ္ဝာတို့ကား အဓိပ္ပါယ်ထွ၊ " ဉာဏ်ဖြင့်
စဉ်းစားနှိုင်းချိန်၍"ဟူလို၊ "ကာရံ–ပြုထိုက်သောအမှုကို၊ ကရောဟိ–လော၊ အနုဝိစ္စ-
၍၊ ကာရော – ပြုခြင်းသည်၊ သာဓု ဟောတိ "ဟု ပါဠိတော်၌ပေးပါ၊ အချို့စာအုပ်
များ၌ "အနုဝိဇ္ဇ"ဟု ဇကွေနှစ်လုံးနှင့်ရှိ၏၊ အခြားပါဠိများနှင့် မညီ။

ကုန်ပြီ၊) ဧကံ ဉာတာ။] သာဓုဟောတိတိ - ကား၊ သုန္ဒရံ - ကောင်းသည်၊ ဟောတိ-၏၊ ပဋ္ဌာကံ ပရိဟရဃျန္တိ - ကား၊ ပဋ္ဌာက်-အောင်သံကို၊ ဥက္ခိပိတ္ဝာ-မြှောက်၍၊ နဂရေ-၌၊ ယောသန္တာ- ကြွေးကြော်ကုန်လျက်၊ အာဟိဏ္ဍောယျုံ-လှည့်လည်ကုန်ရာ၏၊ ကသ္မာ-ကြောင့် (အာဟိဏ္ဍောယုံ- နည်း၊) ဧဝံ-ဤသို့ လှည့်လည်လေသော်၊ နော အမှာကံ-ငါတို့၏၊ မဟန္တာဘာဝေါ-ကြီးကျယ်သူတို့၏ အဖြစ်သည်၊ ဘဝိဿတိ-လတံ့၊ ဧကံ-ဤသို့ ကြံခြင်းကြောင့်၊ (အာဟိဏ္ဍောယျုံ)၊ [ဤသို့ အများသိအောင် ကြွေးကြော်ထားလျှင် နောင်အခါ စိတ်ပျက်၍ မကိုးကွယ်လိုသောစိတ် ဖြစ်စေကာမူ နောက်ဆုတ်ဘို့ ခဲယဉ်းစရာရှိသည် - ဟုလည်း ရည်ရွယ်ကြသည်။]

ဩပါနဘူတန္တိ - ကား၊ ပဋိယတ္တာ ဥဒပါနောဝိယ - အသင့် စီမံအပ်သော ရေတွင်းကဲ့သို့၊ ဒွိတံ- တည်ပြီ၊ [ကုလံကိုငဲ့၍ "ဒွိတံ" ဟု ထားသည်၊] ကုလန္တိ-ကား၊ နိပေသနံ - အိမ်သည်၊ (ဩပါနဘူတံ ဒွိစပ်၊) ဒါတမ္ဘံမညေယျာသိတိ-ကား၊ ဧကမေသံ-ဤ နိဂဏ္ဌာတို့အား၊ ဒေယျဓမ္မံ-ပေးလှူထိုက်သောဘောရှိသော ပစ္စည်းကို၊ ဝါ- လှူဘွယ်ပစ္စည်းကို၊ မာ ဥပနိဓိ နိတ္ထ- မဖြတ်လိုက်ကုန်လင့်၊ [ပါဠိတော်၌ " မညေယျာသိ " ဟု ကေဝစ်ရှိသောကြောင့် ဩပြု၍ " မာ ဥပနိဓိ နိ " ဟု ရှိလျှင်ကောင်း၏။] ဟိ - မှန်၊ သမ္မတ္တာနံ - ရောက်လာကုန်သော အလှူခံပုဂ္ဂိုလ်တို့အား၊ ဒါတဗ္ဗမေဝ- ပေးလှူထိုက်သည်သာ၊ ဧကံ- သို့၊ ဩဝဒတိ- ဆုံးမတော်မူ၏၊ ဩကာရန္တိ- ကား၊ အဝကာရံ- ယုတ်ညံ့သော အခြင်းအရာကို၊ လာမကဘာဝံ-ယုတ်ညံ့သည်၏အဖြစ်ကို၊(ပကာသေသိ ၌စပ်၊)သာမုက္ကံသိကာတိ-ကား၊ အတ္တာနာယေဝ - ကိုယ်တော်တိုင်သာ၊ ဥဒ္ဓရိတ္ဝာ - ထုတ်၍၊ ဂဟိတာ-ဆောင်ယူတော်မူအပ်သော၊ အညေသံ-အခြားသူတို့၏၊ ဝါ-တို့နှင့်၊ အသာဓာရဏာ-တူသော ဆောင်ခြင်းမရှိသော၊ ဝါ-မဆက်ဆံသော၊(ယာ ဓမ္မဒေသနာ ၌စပ်၊) ဧကံအတ္ထော-နက်၊ ဥဒ္ဒိဿကတန္တိ-ကား၊ ဥဒ္ဒိသိတ္ဝာ-မိမိကိုရည်စူး၍၊ ကတံ-ပြုအပ်သော၊(မံသံ၌စပ်)။

× × × × × × ×

ဩဝါနဘူတံ။ ။ဩသရိတ္ဝာ-လှအများ သက်ရောက်၍+ဝိဝန္တိ ဖောက်တိ ဩပါနော၊ ဩပါနှင့် ဥဒပါနသည် ပရိယာယ်တည်း၊ ဝိဝန္တိ ဖောက်တိ ပါနော၊ ဥဒကဿ-ဝရော်၊ ဝါ-ကို၊ ပါနော-သောက်ရာဝရတွင်းဘည်း၊ ဥဒပါနော၊ ဥဒကကို ဥဒပြု။

သာမုက္ကံသိကာ၊ ။သာမံကို " အတ္တနော " ဟုဂုဏ်း, ဥကို " ဥဒ္ဓရိတ္ဝာ "ဟုဂုဏ်း, ကံသ၌ ကသိဓာတ်ကို "ဂဟ"ဟုဂုဏ်း ဖွင့်၏၊ သာမံ+ဥတ္တံသော သာမုက္ကံသော၊ သာမုက္ကံသေန-ကိုယ်တော်တိုင်ထုတ်ယူခြင်းခြင့် + နိဒ္ဒေတ္တာ-ခြစ်စေအပ်သည်တည်း၊ သာမုက္ကံသိကာ-သည်၊" ဂဟိတာ "ကား အဓိပ္ပါယ်ဖွင့်တည်း၊ "ကိုယ်တော်တိုင် ထုတ်ယူအပ်သော ဓမ္မဒေသနာ " ဟုလို၊ [ဤသာမုက္ကံသိကာပုဒ်နှင့် ဩကာရံပုဒ်ကို ပါဠိတော်၌ ပေယျာဃာတမ်းပြု၍ထား၊သည်၊]

ပဋိစ္စကမ္မန္တိ - ကား၊ အတ္တာနံ–မိမိကို၊ ပဋိစ္စ- စွဲ၍၊ ကတံ– ပြုအပ်ပြီးသော၊ (မံသံ-၌စပ်၊) ဇာတိအတ္ထော-နက်၊ အထဝါ–ကား၊ ပဋိစ္စကမ္မန္တိ တေံ–ဟူသော ဤအမည်သည်၊ နိမိတ္တကမ္မဿ- အရိပ်နိမိတ်ဖြင့်ရအပ်သော ပါဏာတိပါတကံ၏၊ အဓိဝစနံ - အမည်တည်း၊ ဇာတ - ဤအသားဌ၌၊ တံ ပဋိစ္စကမ္မံ - ထို မိမိကို ရည်ရွယ်၍ပြုအပ်သော ပါဏာတိပါတကံသည်၊ ဝါ-အရိပ်နိမိတ်ဖြင့်ရအပ်သော ပါဏာတိပါတကံသည်၊ အတ္ထိ-၏၊ ဇာတိ-ကြောင့်၊ မံသမ္ပိ- ကိုလည်း၊ ပဋိစ္စကမ္မန္တိ-ဟူ၍၊ ဝုတ္တံ–ပြီ၊ ဟိ-မှန်၊ ယော–အကြင်သူသည်၊ ဧဝရူပံ-သော၊ မံသံ-ကို၊ ပရိဘုဉ္ဇတိ-သုံးဆောင်၏၊ သောပိ-သည်လည်း၊ တဿကမ္မဿ - ထို ပါဏာတိပါတကံ၏၊ ဒါယာဒေါ - အမွေခံသည်၊ ဟောတိ၊ ဝဓကဿဝိယ – သတ်သူ၏ကဲ့သို့၊ တဿာပိ-ထိုစားသူ၏လည်း၊ ပါဏဃာတကမ္မံ-သတ္တဝါကိုသတ်ကြောင်းကံသည်၊ ဟောတိ–၏၊ ဇာတိအယံ- ကား၊ အဓိပ္ပါယော-(နိဂဏ္ဌတို့၏) အလိုတည်း၊ ဇိရဒန္တိ-ကား၊(န)ဇိရန္တိ-မဆွေးမြေနိုင်ကုန်၊ အင္ဂာဝိကဋ္ဌာ-စွပ်စွဲကုန်လသော်၊ နဇိရန္တိ- ကုန်၊ အင္ဂကဋ္ဌာနဿ- စွပ်စွဲခြင်း၏၊ အန္တံ-အဆုံးသို့၊ နဂစ္ဆန္တိ - မရောက်နိုင်ကုန်၊ ဇာတိ အတ္ထော၊ တိကောဋိပရိသုဒ္ဓကထာ- တိကောဋိပရိသုဒ္ဓကထာကို၊ သံယဘေဒသိက္ခာပဒဝဏ္ဏနာယံ – သံယဘေဒ သိက္ခာပုဒ်၏အဖွင့်၌၊ (မယာ)ဝုတ္တာ-ဆိုအပ်ပြီ၊ ဝါ-ဆိုခဲ့ပြီ။

× + × × × × × ×

ပဋိစ္စကမ္မံ။ ။ပဋိစ္စ၏ကံကို "အတ္တာနံ" ဟု ထည့်၍ ကမ္မံဌ်လည်း အတိတ်ဟာကမ္မသာမဉ်ဟု သိစေလို၍ "အတ္တာနံ ပဋိစ္စ ကတံ" ဟု ဖွင့်သည်၊ "ကရိယိတ္ထာတိ ကမ္မံ" ဟု ပြု၊ ဤအလို "ပဋိစ္စ-မိမိကိုစွဲ၍(မိမိကို အကြောင်းပြု၍)၊ ကမ္မံ–ပြုအပ်သော၊ မံသံ-ကို၊ ပရိဘုဉ္ဇတိ–၏" ဟု ပါဠိတော်၌ပေးပါ။

အထဝါ။ ။ဤနည်း၌ "ပဋိစ္စ–(သတ်ခြင်းအမှုသို့) ရှေးရှုရောက်၍ (ရည်စူး၍)၊ ဝါ – အရိပ်နိမိတ်ပြု၍၊ ကမ္မံ – ပြုအပ်သော ပါဏာတိပါတကံတည်း၊ ပဋိစ္စကမ္မံ – ကံ၊ "ဤသို့ ပြုအပ်သော ပါဏာတိပါတကံ" ဟူသည် "အရိပ်နိမိတ်ပြုခြင်းဖြင့် ရအပ်သော ပါဏာတိပါတကံ တည်း၊ " ကိုယ်တိုင်ပြုခြင်း – အပြုခိုင်းခြင်းကြောင့် ရအပ်သော ပါဏာတိပါတကံ မဟုတ်၊ ထို့ကြောင့် "နိမိတ္တကမ္မသေတံ အဓိဝစနံ" ဟုဆင်း, ဋီကာ၌ "နိမိတ္တကမ္မဿာတိ နိမိတ္တဘာဝေန လဒ္ဓဗ္ဗကမ္မဿ" ဟုဆင်း ဖွင့်၏၊ ထိုနောံမှ အသားကို အရကောက်ဘို့ရာ "ပဋိစ္စကမ္မံ ဇာတ အတ္ထိတိ ပဋိစ္စကမ္မံ" ဟု အဿတ္ထိ ဆင့်ရသည်၊ ဥပမာ — "ဗုဒ္ဓံ (ဥ-ကော်)ယဿ အတ္ထိတိ ဗုဒ္ဓေါ" ကဲ့သို့တည်း၊ ဤအလို "ပဋိစ္စကမ္မံ–သတ်ဘို့ရန် အရိပ်နိမိတ်ပြုခြင်း အမှုရှိသော၊ မံသံ – ကို၊ ပရိဘုဉ္ဇတိ " ဟု ပါဠိတော်၌ပေးပါ။

ဇိရဒန္တိ။ ။ဇရဓဲတ်၏ ပရိယာယ်ဖြစ်သော ဇိရိဒဓာတ်တမျိုးဟု ကြို၍ "ဇိရန္တိ" ဟု ဖွင့်သည်၊ "စွပ်စွဲ၍ မဆွေးမြေ" ဟူသည် "စွပ်စွဲ၍ မကုန်နိုင်ခြင်း " ဟု အဓိပ္ပါယ်ပြလို၍ "အင္ဂကဋ္ဌာနဿ အန္တံ နဂစ္ဆန္တိ "ဟု ဖွင့်သည်။ [အထဝါ– "လဒ္ဓနတ္ထေ ဇုဒံ ဇိရိဒန္တိပဒံ ဒဋ္ဌဗ္ဗံ " ဟု အဂ်ိုတ္တိရ်ဋီကာမှ ယူ၍ ဋီကာ၌ တနည်းဖွင့်ခဲ့သေး၏၊ ဤအလိုလည်း "ဇိရိဒ"ဓာတ်တမျိုးပင်တည်း။

ကပ္ပိယဘူမိ အနုဇာနနကထာ

သကဋပရိဝန္ဒန္တိ- ကား၊ သကဋေဟိ- လှည်းတို့ဖြင့်၊ ပရိက္ခေပံဝိယ– ထက်ဝန်းကျင် ကာရံအပ်သည်ကို ကဲ့သို့၊ ကတွာ-၍၊ အစ္ဆန္တိ- နေကြကုန်၏၊ (လှည်းဝိုင်းကြီးလုပ်၍ နေကြကုန်၏၊) ပစ္စန္တိမန္တိ တေံ – ဟူသော ဤသဒ္ဒါသည်၊ အဘိလာပမတ္တံ– ခေါ်ဝေါ် ပြောဆိုအပ်သောသဒ္ဒါမျှသာတည်း၊ ပန- စင်စစ်ကား၊ ယံ သံဃော အာကခ်ံတိ-ဟူ၍၊ ဝုတ္တတ္တာ-မိန့်တော်မူအပ်သည်၏အဖြစ်ကြောင့်၊ ဓုရဝိဟာရောပိ–ပဓာနဖြစ်သော ကျောင်းကြီးသည်လည်း၊ ဝါ-ကိုလည်း၊ သမ္မနိတုံ–သမုတ်ခြင်းငှါ၊ ဝန္ဒတိ-၏၊ ကမ္မဝါစံ-ကို၊ အဝတွာ- မဆိုမူ၍၊ အပလောကနေနာပိ-ပန်ပြောခြင်းအားဖြင့်လည်း၊(သမ္မနိတုံ)၊ ဝန္ဒတိယေဝ-အပ်သည်သာ၊ ကာကောရဝ သဒ္ဒန္တိ-ကား၊ တတ္ထတတ္ထ – ထိုထိုအရပ်၌၊ ပဝိဋ္ဌာနံ - ဝင်ပြီးကုန်သော၊ အာမိသ ခါဒနတ္ထာယ-အာမိသကို ခဲစားခြင်းအကျိုးငှါ၊ အနုပဂေယေဝ-စောစောကပင်၊ သန္နိပတိတာနံ-စုရုံးနေကုန်သော၊ ကာကာနံ-ကျီးတို့၏၊ ဩရဝ သဒ္ဒံ- ကျယ်စွာသောအသံကို၊ (အဿောသိ ၌စပ်၊)ယသောဇောနာမ-ယသောဇ

× × × × × × ×

သကဋ ပရိဝဋ္ဋံ ။ ။ပရိဝဋ္ဋတိတိ ပရိဝဋ္ဋော – ထက်ဝန်းကျင် လည်တတ်သောအဝိုင်း၊ "သကဋေဟိ + ပရိဝဋ္ဋော သကဋပရိဝဋ္ဋော"ဟု ပြုစေလို၍ "သကဋေဟိ ပရိက္ခေပံ ဝိယ"ဟု ဖွင့်သည်၊ [ဃယောဇနာဝယ်"မဟာရာမ ကောဋ္ဌကေတိ ဇေ္ဈ သမီပဇ္ဈေ ဘုမ္မဝစနန္တိအာဟ မဟာရာမကောဋ္ဌကသမီပေတိ၊ အာရာမကောဋ္ဌကဿ မဟိ သမီပေတိ အဇ္ဈော"ဟု ဝတ္ဟရ၏၊ ဤပါဋ္ဌကိုထောက်၍ ထိုလက်ထက်က သကဋပရိဝဋ္ဋန္တိ၏ ရှေ့၌ "မဟာရာမကောဋ္ဌကေတိ မဟာရာမ ကောဋ္ဌကသမီပေ" ဟု အဋ္ဌကထာပါဋ္ဌိရှိဝေသးဟန်တူသည်။]

အဘိလာပမတ္တံ။ ။အဘိလပတီတိ အဘိလာပေါ၊ "ပစ္စန္တိမံ" ဟု ပါဋိတော်၌ ရွတ်ဆိုအပ်သောစကားသည် ဒေဿနာ၏ ဥုးခေါင်းသဘွယ်ဖြစ်သော ဒေဿနာသီသမျှသာဖြစ်သည်၊ နည်းအားဖြင့် နိဒ္ဒေသနနည်းတည်း၊ တကယ် သမုတ်သောအခါ "ယံ သံဃော အာကခ်ံတိ" ဟု ဟောတော်မူသောကြောင့် ပဓာနဖြစ်သော ကျောင်းကြီးကိုလည်း ကပ္ပိယကုဋိအဖြစ်ဖြင့် သမုတ်ကောင်းပါ၏၊ ပါဋိတော်၌လာသော ဥုတို့ ဒုတိယကမ္မဝါစာကို မဆိုဘဲ အပလောကနကံဖြင့်လည်း သမုတ်ကောင်းပါ၏၊ သိမ်တွင်းရှိသံဃာစည်းဝေးပြီးလျှင် " မည်သည့်ကျောင်းကို ကပ္ပိယကုဋိ ဟု သမုတ်ပါ၏၊ သံဃာသည် နှစ်သက်ပါ၏လော"ဟု သုံးကြိမ်ပြောဆိုခြင်းကို အပလောကနကံဟု ခေါ်သည်၊ အကျယ်ကို ဓမ္မဝါကမ္မကွန်ကအစွင့်၌ ရှုပါ။

ကာကောရဝသဒ္ဒံ ။ ။အဝ၏ ကာရိယဖြစ်သော ဩသည် မဟန္တအနက်ကို ဟော၏၊ " မဟန္တော+ရဝေါ ဩရဝေါ၊ ဩရဝေါ ဧယံ+သဒ္ဒေါ ဩရဝသဒ္ဒေါ၊ ကာကာနံ+ဩရဝသဒ္ဒေါ ကာကောရဝ သဒ္ဒေါ"ဟု ပြု၊ [ဩရဝသဒ္ဒန္တိ မဟာသဒ္ဒံ၊–ဋီကာ၊ ပါဠိတ်ဘာသာဋီကာဟောင်းနှစ်ဝဋ် ပဌမပဝါရဏာ သိက္ခာပုဒ်၌လည်း တနည်းပြဲ့၏၊]

မည်သောထေရ်သည်၊ ကပိလသုတ္တ ပရိယောသာနေ– ကပိလသုတ်၏ အဆုံး၌၊ (သုတ္တန်ပါတ်ဝယ် သံဂါယနာ တင်အပ်သော ကပိလသုတ်၏ အဆုံး၌၊) ပဗ္ဗဇိတာနုံ-ရဟန်းအဖြစ်သို့ ရောက်ကုန်သော၊ ပဉ္စန္နံ သတာနုံ-ငါးရာသော ယောဂျားတို့၏၊ အဂ္ဂပုရိသော – အမြတ်ဆုံး ယောဂျားတည်း၊ ဝါ – ပဓာနဖြစ်သော ယောဂျားတည်း။

ဥဿာဝနန္တိကံတိ အာဒိသု-အစရှိသောပါဠိရပ်တို့၌၊(ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) တာဝ–ဂေါနိသာဒိကာ စသည်တို့မှ ရှေးဦးစွာ၊(ဝုတ္တာ-ဟောတော်မူအပ်သော) ဥဿာဝနန္တိကာ- ဥဿာဝနန္တိကာ ကုဋိကို၊ ဧဝံ-သို့၊ ကတ္တဗ္ဗာ–ပြုထိုက်၏၊ ထမ္ဘာနုံ-တိုင်တို့၏၊ ဥပရိဝါ-အထက်၌သော်ငင်း၊ ဘိတ္တိပါဒေ - နံရံခြေတို့ကို၊ နိခနိတ္ဝာဝါ-တူးစိုက်၍သော်ငင်း၊ ယောဝိဟာရော-ကို၊ ကရိယတိ–ပြုအပ်၏၊ တဿ-ထိုကျောင်း၏၊ ဟေဋ္ဌာ-အောက်၌၊ ဝါ-အောက်က၊ ထမ္ဘပဋိဋ္ဌကာ-တိုင်ကိုခံတတ်ကုန်သော၊ ပါသာဏာ - ကျောက်တို့သည်၊ ဘူမိဂတ်ကာဧဝ- မြေ၏ ဖြစ်ခြင်းနှင့် တူသောဖြစ်ခြင်းရှိကုန်သည်သာ၊ ဝါ- မြေနှင့် အလားတူကုန်သည်သာ၊ (ဟောန္တိ)၊ ပန - ဆက်၊ ပဌမထမ္ဘံ - ပဌမ တိုင်ကိုသော်ငင်း၊ ပဌမဘိတ္တိပါဒံဝါ- ပဌမနံရံခြေကိုသော်ငင်း၊ [အုဋ္ဌမြစ်အပေါ်၌ နံရံတက်သော အခါ ပဌမဆုံးချရသောအုဋ္ဌကို "ပဌမဘိတ္တိ ပါဒ" ဟု ဆိုသည်။] ပတိဋ္ဌာပေန္တော ဟိ-တည်စေကုန်လသော်၊(ချကုန်လသော်)၊ ဝါ-ချကုန်သော၊ ဗဟူဟိ-များစွာ

× × × × × × ×

ဥဿာဝနန္တိကာ။ ။ဥသည် ဥက္ခိပန (မြှောက်ခြင်း) အနက်ဟော၊ မြှောက်ရုံသာမက မြှောက်၍ မြေ - သို့မဟုတ် - အုဋ္ဌမြစ်စသည်၌ တည်စေခြင်းတိုင်အောင် ယူ၊ သာဝနသည်–"ကပ္ပိယကုဋိံ ကရောမ"ဟူသော စကားကိုကြားစေခြင်း (ကြားအောင် ရွတ်ဆိုခြင်း) ၏ + အန္တော – အဆုံး၊ သာဝနန္တော–ဆုံး၊ တိုင်စသည်ကို မြှောက်၍ တည်စေခြင်းနှင့် ညီမျှသော ရွတ်ဆိုခြင်း၏ အဆုံးရှိသော ကုဋိကို " ဥဿာဝနန္တိကာကုဋိ"ဟု ခေါ်သည်၊ ကုဋိဟူသည်လည်း နေထိုင်ရာ ကျောင်းပင်တည်း၊ " ဥက္ခိပိတ္ဝာပတိဋ္ဌာနဉ္စ သာဝနန္တော၀စ ဥဿာဝနန္တော၊ ဥဿာဝနန္တော တေသာ အတ္ထိတိ ဥဿာဝနန္တိကာ"ဟု အဿတ္ထိဆင့်။

ယောဂေါဂတိကာဝ။ ။"ထမ္ဘာနုံ ဥပရိ ဝိဟာရော ကရိယတိ"ဖြင့် တိုင်စိုက်၍ ဆောက်အပ်သော ကျောင်းကို ပြ၏၊ "ဘိတ္တိပါဒေ နိခနိတ္ဝာ ဝိဟာရော ကရိယတိ" ဖြင့် တိုင်မစိုက်ဘဲ အုဋ္ဌနံရံ ကျောက်နံရံတို့ဖြင့် ပြုအပ်သော အုဋ္ဌတိုက် ကျောင်းစသည်ကို ပြ၏၊ ထိုကျောင်းနှစ်မျိုးကို ဆောက်လုပ်ရာဝယ် တိုင်စိုက်၍ ဆောက်လျှင် တိုင်ကို ကျွံမကျအောင် အောက်ကခံထားသော ကျောက်ခဲတို့သည် (ယခုခေတ်၌ ကျင်တွယ်စိုက်ထားသော အုဋ္ဌမြစ် ကျောက်မြစ်တို့သည်) မြေကြီးနှင့် အလားတူ၏၊ ထိုအုဋ္ဌတိုင်ကို ချစဉ်၌ "ကပ္ပိယကုဋိံ ကရောမ"ဟု ဆိုဘွယ်မလိုသေးပါ၊ " ဘူမိယာ+ဂတံ ဘူမိဂတိ၊ ဘူမိဂတိဝိယ ဂတိ ယေသန္တိ ဘူမိဂတိကာ- မြေနှင့် အလားတူစွာ အောက်အခြေခံများသော ဖြစ်ကြသည်"–ဟူလို။

သော ရဟန်းတို့သည်၊ သမ္မရိဝါဒရတ္တာ - ကောင်းစွာ ဝိုင်းဘုံ၍၊ ကပ္ပိယကုဋိ် ကရောမ, ကပ္ပိယကုဋိ် ကရောမာတိ-ဟူ၍၊ ဝါစံ- စကားလုံးကို၊ (နှုတ်ကို)၊ နိစ္ဆာရေန္တေဟိ– မြွက်ဆိုကုန်လျက်၊ မနုဿသု - တို့သည်၊ (လက်သမားစသူတို့သည်၊) ဥက္ခိပိတ္တာ - မြောက်၍၊ ပတိဋ္ဌာပေန္တေသု - တည်စေကုန်လေသော်၊ အာမသိတ္တာဝါ-သုံးသပ်၍ သော်၎င်း၊ (ရဟန်းများက တိုင်စသည်ကို လက်ဖြင့် ထိ၍သော်၎င်း၊) သယံ – ကိုယ်တိုင် (ရဟန်းများကိုတိုင်၊) ဥက္ခိပိတ္တာဝါ– မြောက်၍သော်၎င်း၊ ထေန္တာဝါ-တိုင်ကိုသော်၎င်း၊ဘိတ္တိပါဒေါဝါ-ကိုသော်၎င်း၊ ပတိဋ္ဌာပေတမ္မော-တည်စေထိုက်၏။

ပန-ဝါဒန္တရကား၊ ကုရုန္ဒိမဟာပစ္စရိသု-တို့၌၊ ကပ္ပိယကုဋိ ကပ္ပိယကုဋိတိ–ဟူ၍၊ ဝတ္တာ-ဆို၍၊ ပတိဋ္ဌာပေတဗ္ဗံ-တည်စေရာ၏၊ ဧကံ-သို့၊ ဝုတ္တံ-ပြီ၊[“ကပ္ပိယကုဋိ် ကရောမ ” ဟု ဆိုမှ အထမြောက်သည် မဟုတ်, “ ကပ္ပိယကုဋိ ကပ္ပိယကုဋိ ” ဟု ဆိုလျှင်လည်း အထမြောက်သည် - ဟူလို၊] အန္ဓကဋ္ဌကထာယံ–၌၊ သံယဿ ကပ္ပိယကုဋိ် အဓိဋ္ဌာမီတိ-ဟူ၍၊(“သံဃာ၏ ကပ္ပိယကုဋိကို အဓိဋ္ဌာန်ပါ၏”ဟူ၍၊)ဝုတ္တံ-ပြီ၊ ပန-ဆက်၊ တံ-ထိုစကားကို၊ အဝတ္ထာဝိ-မဆိုမူ၍လည်း၊ အဋ္ဌကထာသု–ရှေးအဋ္ဌကထာတို့၌(မဟာအဋ္ဌကထာ ကုရုန္ဒိအဋ္ဌကထာ မဟာပစ္စရိအဋ္ဌကထာတို့၌၊) ဝုတ္တနယေန- ဆိုအပ်ပြီးသောနည်းဖြင့်၊ ဝုတ္တော- ဆိုအပ်သော်၊ ဒေါသော-အပြစ်သည်၊ နတ္ထိ-မရှိ၊ ပန-စင်စစ်ကား၊ တ္ထေ-၌ ဥဿာဝနန္တိကာကုဋိ၌၊ ဇာဒံ–၌ ဆိုအပ်လတ္တံ့ကား၊ သာဓာရဏာလက္ခဏံ-ဆက်ဆံသောလက္ခဏာတည်း၊ ထမ္ဘပတိဋ္ဌာနဒွေ- တိုင်ကို မြေ၌ တည်စေခြင်းသည်၎င်း၊ ဝစန

× × × × × × ×

ဓဟူဟိ၊ဓေ၊ပတိဋ္ဌာဓေတဗ္ဗော၊ ။လူများအတွက် “မနုဿသု”ဟု သီးခြားဆိုထားသောကြောင့်“ဓဟူဟိ”အရ ရဟန်းများစွာကိုရော၏ ဟု သိရော၏၊ နောံ၌ “သယံ” အရလည်း“ရဟန်းများကိုယ်တိုင်”ဟု ဆိုလို၏၊ ထို့ကြောင့် “ကပ္ပိယကုဋိ် ကရောမ” ဟူသောစကားကို လူသာမကောများက ဆိုရမည်မဟုတ်၊ ရဟန်းများဆိုရမည်၊ တိုင်ကို မြေ စသည်ပေါ်ဝယ် ချခြင်းနှင့် ရဟန်းများ၏ ဆိုခြင်းအဆုံးသည် ညီမျှလျက် (ပြိုင်တူကျလျက်)ရှိရမည်၊ တိုင်ကိုငင်း , နံရံ၏ အခြံခဲအုပ် စသည်ကိုငင်း မြောက်ချဉ်ကားရဟန်းများလည်း မြောက်နိုင်, လက်သမား စသော လူများလည်း မြောက်နိုင်၏၊ လူများက တိုင်ကိုမြှောင့်ထူ၌ ရဟန်းများက ထိုတိုင်ကို လက်ဖြင့်ထိထား၌ ရွတ်ဆိုရသည်၊

သာဓာရဏာ လက္ခဏံ။ ။ မဟာအဋ္ဌကထာ၌ “ကပ္ပိယကုဋိ် ကရောမ”ဟု ဆိုရမည်-ဟုငင်း, ကုရုန္ဒိ မဟာပစ္စရိအဋ္ဌကထာတို့၌ “ ကပ္ပိယကုဋိ ကပ္ပိယကုဋိ ” ဟု ဆိုရမည်- ဟုငင်း, အန္ဓကဋ္ဌကထာ၌ “ သံဃဿ ကပ္ပိယကုဋိ် အဓိဋ္ဌာမိ ” ဟု ဆိုရမည်–ဟုငင်း ဝါဒကွဲနေသော်လည်း ထိုအဋ္ဌကထာအားလုံး၏အဆိုနှင့် ဆက်ဆံသော လိုရင်း၊ လက္ခဏာမှာ “ တိုင် (အုပ် စသည်) တို့၏ မြေစပါ ခုံစပါး၌ တည်ခြင်းနှင့် ကပ္ပိယကုဋိ စသော စကား၏ ပြီးဆုံးခြင်းတို့၏ သမကာလဖြစ်ခြင်းသာ လိုရင်းဖြစ်သည်”–ဟူလို၊ “ဝဋ္ဋတိဘိ” ဟု ဗုဒ္ဓဘိုလျှင် ဓမ္မသင်္ဂဏီ၏၊ မဟာလျှင် ထည့်ပါ။

ပရိယောသာနဉ္စ-စကား၏ ပြီးဆုံးခြင်းသည်၎င်း၊ (ကပ္ပိယကုဋိ ကရောမဟူသော စကား၏ ပြီးဆုံးခြင်းသည်၎င်း၊)သမကာလံ- ညီမျှသောကာလရှိသည်၊ (သမာနံ- ဖြစ်လသော်၊ ဝါ-ဖြစ်မှ၊) ဝန္ဒတိ- အပ်၏၊ ဇုတိ-ဤကား သာဓာရဏာလက္ခဏတည်း၊ ဟိ-မှန်၊ ဝစနေ-စကားသည်၊ (“ကပ္ပိယကုဋိ ကရောမ” စသော စကားသည်၊) အနိဋ္ဌတေ- မပြီးဆုံးသေးမီ၊ ထမ္ဘော- တိုင်သည်၊ သစေ ပတိဋ္ဌာတိ- အာကယ်၍ မြေဌိတည်အံ့၊ (ဧဝံသတိဝါ - သော်၎င်း၊) တဿိ-ထိုတိုင်သည်၊ အပ္ပတိဋ္ဌေတ- မြေဌိ မတည်သေးမီ၊ ဝစနံ - စကားသည်၊ (သစေ) နိဋ္ဌာတိ- အာကယ်၍ပြီးဆုံးအံ့၊ (ဧဝံသတိ)ဝါ- သော်၎င်း၊ ကပ္ပိယကုဋိ- သည်၊ ဝါ-ကို၊ အာကတာ- မပြုအပ်သည်၊ (ပြုအပ်ရာမရောက်သည်)၊ ဟောတိ-၏၊ တေနေဝ- ထိုဒုက္ကြောင့်ပင်၊ မဟာပစ္စရိယံ- ၌၊ ဗဟူဟိ ၊ ပေ ၊ ဘဝိဿတိတိ-ဟူ၍၊ ဝုတ္တံ-ပြီ၊ [ဗဟူဟိ - များစွာသောရဟန်းတို့သည်၊ သမ္ပရိဝါရေတွာ- ကောင်းစွာဝိုင်းအုံ၍၊ ဝတ္တာမ့ဲ-ရာ၏၊ ဟိ-အကျိုးကား၊(များစွာသောရဟန်းတို့ ဝိုင်း၍ဆိုရကျိုးကား၊) ဣတ္ထေ- ၌ များစွာသောရဟန်းတို့တွင်၊ ကေဿဝိ- တပါးသောရဟန်း၏လည်း၊ ဝစနနိဋ္ဌာနဉ္စ - စကား၏ ပြီးဆုံးခြင်းသည်၎င်း၊ ထမ္ဘပတိဋ္ဌာနဉ္စ – တိုင်၏ မြေဌိတည်ခြင်းသည်၎င်း၊ ကေတော-တပြိုင်နက်၊ ဘဝိဿတိ-လတံ့၊ တနည်း (ကဿဝ-ကြောင့်၊) ဗဟူဟိ သမ္ပရိဝါရေတွာ ၎တ္တာမ့ဲ-ရာသနည်း၊ ဟိ (ယသ္မာ-ကြောင့်၊) အဝဿံ၊ပေ၊ဘဝိဿတိ– လတံ့၊ (ဇုတိ- ကြောင့်၊) ဗဟူဟိ၊ပေ၊ဝတ္တာမ့ဲ၊ ဤသို့ သော်လည်း ပေးပါ။]

ပန-ကား၊ ဇုဋ္ဌကသိလာ မတ္တိကာ ကုန်းကာသု– အုတ်ခဲနံရံ, ကျောက်နံရံ, မြေနံရံရှိကုန်သော၊ ကုဋိသု-တို့၌၊ ဟေဋ္ဌာ-အောက်၌၊ စယံ-အာကျည်ကို၊ (မြေခုံကို၊) ဗန္ဓိတ္ဝာဝါ- ဖွဲ့၍သော်၎င်း၊ အဗန္ဓိတ္ဝာဝါ-မဖွဲ့မူ၍သော်၎င်း၊ ကရောန္တေ- ပြုပစေကုန်၊ ယတော-အကြောင်းအုတ်ခဲမှ၊ (ကျောက်, မြေညက်ခဲမှ၊) ပဋ္ဌာယ-၍၊ ဘိတ္တိ- ကို၊ ဥဋ္ဌာပေတုကာမာ-ထစေခြင်းငှါ အလိုရှိကုန်သည်၊ ဝါ- ထောင်လိုကုန်သည်၊ ဟောန္တိ-ကုန်၏၊ သဗ္ဗပဌမံ- အလုံးစုံတို့၏ ရှေးဦးစွာဖြစ်သော၊ တံ ဇုဋ္ဌကံဝါ- ထို အုတ်ခဲကိုသော်၎င်း၊ (တံ) သိလံဝါ-ထို ကျောက်ကိုသော်၎င်း၊ (တံ)မတ္တိကာ

× × × × × × × ×

ဇုဋ္ဌက ၊ပေ၊ ကာတဗ္ဗာ။ ။ တိုင်စိုက်၍ ဆောက်လုပ်အပ်သော ကုဋိကို ပြုပြီး၍ အုတ်ခဲတိုက်စသည်ကို ထပ်၍ ပြုလိုသောကြောင့် “ ဇုဋ္ဌကသိလာ ” စသည်ကို မိန့်သည်၊ အုတ်ခဲတိုက် ကျောက်တိုက် မြေတိုက်များ၌ မြေနေရာက မာကျောလျှင် အုတ်မြစ်စသည် မချဘဲ, ပျော့နေလျှင် အုတ်မြစ်ထည့်ချ၍ ဆောက်လုပ်တတ်ကြ၏၊ ထို “ဟေဋ္ဌာစယ” ဟူ ခေါ်အပ်သော အောက်ခံအုတ်မြစ် စသည်ကို ချရာ၌ “ကပ္ပိကကုဋိ ကရောမ”စသည်ဖြင့် ဆိုဘွယ်မလိုသေး၊ ထို အုတ်ခုံစသည်တို့၏ အပေါ်၌ နံရံတက်လိုသောအခါ ပဌမဋ္ဌကား အုတ်– ကျောက်– မြေစိုင်ခဲကို အောက်ဋ္ဌချခြင်းနှင့် “ ကပ္ပိယကုဋိ ကရောမ ” စသော စကား၏ ဆုံးခြင်းသည် ပြီးတုံဖြစ်စေရမည်။

ဝိဏ္ဏံဝါ–ထိ မြေညက်ခဲကိုသော်၎င်း၊ ဂဟေတွာ- ယူ၍၊ ဝုတ္တနယေနေဝ-ဖြင့်သာလျှင်၊ (ကပ္ပိယကုဋိ် ကရောမဟု ဆိုခြင်း, အုဒ္ဓစသည်ကို မြေဒ္ဓတည်စေခြင်း၏ သမကာလဖြစ်အောင် သာလျှင်၊) ကပ္ပိယကုဋိ - ကို၊ ကာတဗ္ဗာ- ထိုက်၏၊ ဟိ–မှန်၊ ဇာဒ္ဓကာဒယော-အုဒ္ဓ အစရှိသည်တို့သည်၊ (အာဒိဖြင့် ကျောက် မြေညက်ခဲတို့ကိုယူ၊) ဘိတ္တိယာ-၏၊ ပဌမိဒ္ဓကာဒိနံ-ပဌမအုဒ္ဓ အစရှိသည်တို့၏၊ ဟေဌာ-၌၊ နော ဝဋ္ဋန္တိ - မအပ်ကုန်၊ ("ကပ္ပိယကုဋိ် ကရောမ" ဟု ဆိုခြင်းငှါ မအပ်ကုန်၊) ထမ္ဘာပန-တိုင်တို့သည်ကား၊ ဥပရိ–အပေါ်သို့၊ (မြေ၏အပေါ်သို့) ဥဂ္ဂစ္ဆန္တိ–တက်လာကုန်၏၊ တသ္မာ-ကြောင့်၊ ဝဋ္ဋန္တိ-ကုန်၏၊ အန္ဓကဋ္ဌကထာယံ-၌၊ ထမ္ဘဟိ-တို့ဖြင့်၊ ကရိယမာနေ- ပြုအပ်သောကျောင်း၌၊ စတူသု-လေးဘက်ကုန်သော၊ ကောဏေသု-အထောင့်တို့၌၊ စတ္တာရော-လေးလုံးကုန်သော၊ ထမ္ဘာ- တို့ကိုဂျင်း၊ ဇာဒ္ဓကာဒိကုန္နေ- အုဒ္ဓစသည်ဖြင့် ပြုအပ်သော နံရံရှိသောကျောင်း၌၊ စတူသု-ကုန်သော၊ ကောဏေသု-တို့၌၊ ဒွတ္တိသော—နှစ်ချပ်သုံးချပ်ကုန်သော၊ ဇာဒ္ဓကာ-အုဒ္ဓတို့ကိုဂျင်း၊ အဓိဒ္ဓာတဗ္ဗာ-အဓိဒ္ဓာန်ထိုက်ကုန်၏၊("ကပ္ပိယကုဋိ် ကရောမ" ဟု ဆို၍ ချသိုက်ကုန်၏၊)ဇုတိဝုတ္တံ၊ ပန–ထိသို့ပင် ဆိုအပ်ပါသော်လည်း၊ တထာထိ ဆိုအပ်သည့်အတိုင်း၊ အာကတာယပိ - မပြုအပ်ပါသော်လည်း၊ ဒေါသောသည်၊ နတ္ထိ၊ ဟိ-မှန်၊ အန္ဓကထာသု-တို့၌၊ (ရှေးအဋ္ဌကထာ သုံးစောင်တို့၌၊) ဝုတ္တမေဝ-ဆိုအပ်သောစကားသည်သာ၊ ပမာဏံ-ပမာဏတည်း။

ဂေါနိသာဒိကာ- ဂေါနိသာဒိကာ ကုဋိသည်၊ အာရာမ ဂေါနိသာဒိကာ–အရာမ ဂေါနိသာဒိကာကုဋိဂျင်း၊ ဝိဟာရဂေါနိသာဒိကာ - ဂျင်း၊ ဇုတိ - သို့၊ ဒုဝိဓာ-ရှိ၏၊ တာသု–ထို နှစ်ပါးတို့တွင်၊ ယတ္ထ- အကြင်ကုဋိ၌၊ အာရာမော–အာရာမ်သည်၊ ဝါ-ကို၊ ပရိက္ခိတ္တော-ကာရံအပ်သည်၊ နေဝ (ဟောတိ-မဖြစ်၊) သေနာသနာနိ-ကျောင်းတို့သည်၊ ဝါ-တို့ကို၊ ပရိက္ခိတ္တာနိ-နှံသည်၊ နော ဟောန္တိ-ကုန်၊ အယံ ဤကုဋိသည်၊ အာရာမဂေါနိသာဒိကာ-မည်၏၊(အာရာမ်အားဖြင့် ဂေါနိသာဒိကာ ကုဋိမည်၏၊) ယတ္ထ- အကြင် ကုဋိ၌၊ သေနာသနာနိ - တို့ကို၊ သဗ္ဗာနိဝါ - အလုံးစုံသော ကျောင်းတို့ကိုသော်၎င်း၊ ကေစ္စာနိဝါ - အချို့သော ကျောင်းတို့ကိုသော်၎င်း၊ ပရိက္ခိတ္တာနိ-ကုန်၏၊ အာရာမော-ကို၊ အပရိက္ခိတ္တော-.

\+ × × × × × × ×

ဇာဒ္ဓကာဒယောဟေ၊ ဝဋ္ဋန္တိ။ ။အုဒ္ဓစသည်တို့ကို ဘောက်၌ အုဒ္ဓမြင်စီသောအခါ ပဌမအုဒ္ဓသည်ကို ရရာ၌ "ကပ္ပိယကုဋိ် ကရောမ"ဟု ဆိုခြင်းငှါ မအပ်ပါဘဲ, တွင်းတွား၌ တိုင်တို့ကို စိုက်သောအခါ မြေကြီးအတွင်း ရောက်နေပါလျက် " ကပ္ပိယကုဋိ် ကရောမ"ဟု အဘယ့်ကြောင့်ဆိုခြင်းငှါ အပ်ပါသနည်း၊ ဤသို့မေးဘွယ်ရှိသောကြောင့် " ဇာဒ္ဓကာဒယောဟေ၊ ဝဋ္ဋန္တိ " ဟု ဝိန်းသည်၊ အုဒ္ဓမြစ်တို့သည် မြေကြီး အတွင်း၌သာ တည်ခဲ့နေသောကြောင့်ဂျင်း, တိုင်တို့ က မြေမပါသို့ တက်လာသောကြောင့်ဂျင်း အုဒ္ဓမြစ်ရေစက်က ဆိုခြင်းငှါ မအပ်, တိုင်ချသောအခါ၌သာ ဆိုခြင်းငှါ အပ်သည်–ဟူလို၊

ဖဒ္ဓ (မဟာဝ)

မကာရံအပ်၊ အဃံ- သည်၊ ဝိဟာရဂေါနိသာဒိကာနာမ - မည်၏၊ (ကျောင်း အားဖြင့် ဂေါနိသာဒိကာ ကုဋိမည်၏၊)ဣတိ- ဤသို့လျှင်၊ ဥဘယတြာဝိ-နှစ်ပါး စုံသော ကုဋိ၌လည်း၊(အာရာမ ဂေါနိသာဒိကာ,ဝိဟာရဂေါနိ သာဒိကာ ကုဋိ ၌လည်း၊) အာရာမဿ - ၏၊ အပရိက္ခိတ္တဘာဂေါယေဝ - မကာရံအပ်သည်၏ အဖြစ်သည်သာ၊ပမာဏံ-တည်း၊ ပန-ဆက်၊ အာရာမော-သည်၊ဥပစုပရိက္ခိတ္တော-ထက်ဝန်းကာရံအပ်သည်၊(တဝက်လောက်သာ အကာအရံရှိ၍ ကျန်တဝက်က အကာအရံမရှိသည်၊ သမာနော)ပိ- ဖြစ်သော်ငင်း၊ ဗဟုတရံ-များစွာ(ထက်ဝက်ထက် ပိုလွန်၍)၊ ပရိက္ခိတ္တော-သည်၊ (သမာနော) ပိ - သော်ငင်း၊ ပရိက္ခိတ္တောယေဝ နာမ- ပရိက္ခိတ္တမည်သည်သာ၊ ဧတံ-သို့၊ ကုရုန္ဒိမဟာပစ္စရိယာဒီသု ဝုတ္တံ၊ ထွေ- ဤပရိက္ခိတ္တ အာရာမ်၌၊ ကပ္ပိယကုဋိ- သည်၊ ဝါ-ကို၊ လဒ္ဓုံ- ငှါ၊ ဝဋ္ဋတိ၊ သင့်၏။

ဂဟပတိန္တိ-ကား၊ (ပါဠိတော်၌ "ဂဟပတိ" ဟု ဒုတိယန္တရှိသည်၊) မနုဿာ - တို့သည်၊ အာဝဲဿံ - နေရာကျောင်းကို၊ ကတ္တာ - ပြုပြီး၍၊ ကပ္ပိယကုဋိံ ဒေမ, ပရိဘုဉ္ဇထာတိ - ဟူ၍၊ (ကပ္ပိယကုဋိကို လှူပါကုန်၏၊ သုံးစွဲတော်မူကြပါကုန်-ဟူ၍၊) ဝဒန္တိ- လျှောက်ကြကုန်၏၊ သော - ဤကုဋိသည်၊ ဂဟပတိနာမ-ဂဟပတိကုဋိမည်၏၊ ကပ္ပိယကုဋိံ ကာတုံ ဒေမာတိ-ဟူ၍၊ (ကပ္ပိယကုဋိပြုဘို့ရာ လှူပါကုန်၏-ဟူ၍၊) ဝုတ္တောပိ-လျှောံအပ်သော်လည်း၊ ဝဋ္ဋတိယေဝ- သည်သာ၊

× × × + × × × ×

ဂေါနိသာဒိကာ။ ။နိ+သဒဓာတ်သည် နေခြင်းအနက်ကိုဟော၏၊ ဏာ၌စွည်း၊ နိသိဒနံ နိသာဒေါ၊ ဂုန်+နိသာဒေါ ဂေါနိသာဒေါ-နွားတို့၏ နေခြင်း၊ ဂေါနိသာဒေါ ယတ္ထာတိ ဂေါနိသာဒိကာ (အာရာမ်၌ အကာများစွာ မရှိသောကြောင့်) နွားတို့၏ ဝင်ရောက် နေနိုင်ရာဖြစ်သော ကုဋိ၊ ဤဂေါနိသာဒိကာကုဋိ၌ အာရာမ်၏ များစွာသော အရပ်ဝယ် အကာမရှိခြင်းသာ လိုရင်းတည်း၊ အသီးသီးသော ကျောင်းများ၏ အကာရှိခြင်း-မရှိခြင်းမှာ လိုရင်းမဟုတ်၊ အာရာမ်က အကာများစွာမရှိလျှင် ကျောင်းများ၌ အကာရှိစေကာမူ"ဂေါနိသာဒိကာ ကုဋိ"ပင်တည်း။

ဇေဋ္ဌ၊ပေ၊ဝဋ္ဋတိ ။ ။အာရာမ်က အကာအရံရှိနေသောကြောင့် ဂေါနိသာဒိကာ ကုဋိမရနိုင်ရကား ဥဿာဝနန္တိကာ စသော အခြားသုံးမျိုးတွင် တမျိုးမျိုးရအောင် လုပ်ထားသင့်၏၊ ထိုသို့ လုပ်ထားမှ ထိုကျောင်း၌ အန္တောဝုတ္ထ အန္တောပက္က အမှုကို ပြုလုပ်လျှင် အပ်မည်-ဟူလို။

ဂဟပတိ။ ။အိမ်ရှင် (အိမ်ပိုင်ရှိသူ) လူဝတ်ကြောင်ကို "ဂေဟသ- အိမ်၏+ ပတိ - အရှင်တည်း" ဟူသော ဝိဂ္ဂဟအရ "ဂဟပတိ" ဟု ခေါ်၏၊ ထို ဂဟပတိသည် " ကပ္ပိယကုဋိံ ဒေမ၊ ပရိဘုဉ္ဇထ " ဟု သော်ငင်း, "ကပ္ပိယကုဋိံ ကာတုံ ဒေမ " ဟု သော်ငင်း လျှောံ၍ လှူအပ်သောကျောင်း ဖြစ်စေ-ထို ဂဟပတိ၏ အိမ်ဖြစ်စေ ကာရဏ်ဟူ ပစာရအားဖြင့် ဂဟပတိအမည် ရနိုင်၏၊ [ယခုအခါ ကျောင်း ရေစက်ချရာ၌ " ဣမံ ဝိဟာရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ကပ္ပိယကုဋိံ ကာတုံ ဒေမ"ဟု ထည့်၍ဆိုလျှင်လည်း ကပ္ပိယကုဋိဖြစ်တော့၏။]

ပန-ဝါဒန္တံရ၊ အန္ဓကဋ္ဌကထာယံ-၌၊ ယသ္မာ-ကြောင့်၊ ဘိက္ခု-ကို၊ ထေရော-ချုန်ထား၍၊ သေသသဟ ဓမ္မိကာနံ-ကြင်းသော သီတင်းသုံးဖော်တို့၏ဂုဏ်း၊ သဗ္ဗေသံ- ကုန်သော၊ ဒေဝမနုဿာနဉ္စ - နတ်လူတို့၏ဂုဏ်း၊ ဟတ္ထတော - လက်မှ၊ ပဋ္ဌဂဟာစ- အကပ်ခံခြင်းသည်ဂုဏ်း၊ သန္နိဓိစ- သိုမှီး သိမ်းဆည်းအပ်သော ပစ္စည်းသည်ဂုဏ်း၊ ဒုန္နော ဝုတ္ထဉ္စ—အကပ္ပိယကုဋိအတွင်း၌ တည်နေစေအပ် (သိုမှီးအပ်သော) ခဲဘွယ် ဘောဇဉ်သည်ဂုဏ်း၊ တေသံ – ထို ကြင်းသော သီတင်းသုံးဖော် အလုံးစုံသော နတ်လူတို့၏၊ သန္တကံ - ဥစ္စာသည်၊ ဘိက္ခုဿ - အား၊ ဝဋ္ဋတိ-အပ်၏၊ တသ္မာ-ကြောင့်၊ တေသံ - ထို ကြင်းသောသီတင်းသုံးဖော် အလုံးစုံသော နတ်လူတို့၏၊ ဂေဟာနိဝါ – အိမ်တို့ကိုဂုဏ်း၊ တေဟိ – ထို ကြင်းသောသီတင်းသုံးဖော် အလုံးစုံသော နတ်လူတို့သည်၊ ဒိန္နာ - လှူအပ်သော၊ ကပ္ပိယကုဋိဝါ–ကိုဂုဏ်း၊ ဂဟပတိတိ-ဟူ၍၊ ဝုစ္စတိ-၏၊ ဧတံ ဝုတ္တံ၊ ပုနပိ- တဖန်လည်း (ထပ်၍လည်း၊)ဝုတ္တံ-ပြီ၊ (ကိ)၊ ဘိက္ခုသံဃဿ-၏၊ ဝိဟာရံ-ကျောင်းကို(ရဟန်းများနေဘို့ရန်ကျောင်းကို) ထပေတွာ – ၍၊ ဘိက္ခုနုပဿယော ဝါ – ဘိက္ခုနီတို့၏ကျောင်းသည်ဂုဏ်း၊ အာရာမိကာနံ-အာရာမ်စောင့်တို့၏၊ (ဂေဟံ)ဝါ-အိမ်သည်ဂုဏ်း၊ တိတ္ထိယာနံ-တိတ္ထိတို့၏၊ (သေယျာ)ဝါ-ကျောင်းသည်ဂုဏ်း၊ ဒေဝတာနံဝါ-နတ်တို့၏သော်ဂုဏ်း၊ နာဂါနံဝါ-နဂါးတို့၏သော်ဂုဏ်း၊ ဗြဟ္မာနံအပိ–ဗြဟ္မာတို့၏သော်လည်း၊ ဝိမာနံ-ဗိမာန်သည်ဂုဏ်း၊ ကပ္ပိယကုဋိ- သည်၊ ဟောတိ၊ ဧတံဝုတ္တံ၊ တံ - ထိုစကားကို၊ သုဝုတ္တံ - ကောင်းစွာဆိုအပ်ပြီ၊ (အကျယ်ချဲ့၍ ဆိုအပ်သောကြောင့် ''သုဝုတ္တ'' ဖြစ်သည်– ဟူလို၊) ဟိ-မှန်၊ သံယသန္တကမေဝ- သံယဉစ္စာသာလျှင်ဖြစ်သော၊ (ဂေဟံဝါ – နေရာကျောင်းသည်ဂုဏ်း၊) ဘိက္ခုသန္တကံ –

× × × × × × ×

ယသ္မာ၊ဧပ၊ဝုတ္တံ။ ။ဘိက္ခုကို ချန်ထား၍ သီတင်းသုံးဖော် ၄ ဦး၊တို့၏ဂုဏ်း နတ်လူ အား၊လုံး၊တို့၏ဂုဏ်း လက်မှ အကပ်ခံလျှင် အကပ်မြောက်၏၊ ထိုသူတို့၏ သိုမှီး သိမ်းဆည်းထားအပ်သော သန္နိဓိပစ္စည်းသည် ရဟန်းတို့အား အပ်၏၊ ထိုသူတို့၏ အဝန်ဘုဝဏ္ဏ (အကပ္ပိယကုဋိ အတွင်း၌ ထားအပ်သော ခဲဘွယ်ဘောဇဉ်)သည် အပ်၏၊ ထို့ကြောင့် ထိုသူတို့၏အိမ် ဘိက္ခုနီ သာမဏေတို့၏ကျောင်းသည်ဂုဏ်း, ထိုသူတို့လှူအပ်သော ကပ္ပိယကုဋိသည်ဂုဏ်း သဘာဝအားဖြင့် ဂဟပတိကုဋိဖြစ်သည် – ဟု အနုက္ကမကထာ၌ ဆိုသည်။

သံဃသ္သ ဝိဟာရံ ထပေတွာ။ ။ဥပသမ္ပန္နာနံ ဝါသတ္ထာယ ကတဂေဟံ ထပေတွာတိ အတ္ထော၊ ("ရဟန်းများနေဘို့ရန် ကျောင်းကို ချန်ထား၍"ဟူလို)၊ ဤ၌"သေနာသန"ဟု ခေါ်ဝေါ်အပ်သော ကျောင်းတို့ကိုပင် "ဝိဟာရ"ဟု ဆိုသည်၊ ဂေဟ၌ နိဝါသဂေဟံ၊ တာဒြိသံ ပန ဥစ္စေါသဏာဂါရာဒိ သမ္ဗံ အနိဝါသဂေဟံ (နေစရာမဟုတ်သော အခေါင်အကျုံးသည်) စတုက္ကဏ္ဍယာဂုဗိဓိမဏ္ဍာပဘူဒိ ကပ္ပိယဘူမိပေ၊ ယေန ကေနစိ ဆန္နေ ပရိစ္ဆိန္နေစ သဟဧသဃုဂ္ဂဟောနကေ ဘိက္ခုသံဃသ္သ နိဝါသဂေဟတာဇနကဘဏ္ဍာဂါရဒေါ်သာ၊ နံ အညတ္ထ၊—ဝိမတိ။

ရဟန်း၏ ပုဂ္ဂလိကဥစ္စာဖြစ်သော၊ ဂေဟံဝါ-သည်ရင်း၊ ဂဟပတိကုဋိကာ-သည်၊ နဟောတိ – မဖြစ်၊ [သံယာပိုင် ရဟန်းပိုင်ဖြစ်ခဲသားကြောင့် " ဂဟပတိကုဋိ " မဖြစ်နိုင်တော့–ဟူလို။]

သမ္မုတိကာ နာမ–သမ္မုတိကုဋိမည်သည်၊ ကမ္မဝါစံ-ကို၊ သာဝေတွာ-ကြားသိစေ၍၊ (ရွတ်ဆို၍)၊ ကတာ-ပြုအပ်သော ကုဋိတည်း၊ ဇုတိ–ဤသို့၊ စတ္ထုလေးပါးကုန်သော၊ ဇုမာသုကပ္ပိယဘူမိသု - ဤအပ်သော တည်ရာ အရပ်တို့၌၊ ဝုတ္ထံ-တည်နေစေအပ်သော (သိမ့်မိုး သိမ်းဆည်းအပ်သော)၊ ယံအာမိသံ-အကြင် အာမိသသည်၊ (ခဲဘွယ်ဘောဇဉ်သည်၊ အတ္ထိ)၊ တံသမ္ဗံ - ထို အလုံးစုံသော အာမိသသည်၊ အန္တောဝုတ္ထသင်္ခံ - အန္တောဝုတ္ထဟူသော အရေအတွက်သို့၊ နဂစ္ဆတိ-မရောက်၊[အန္တောဝုတ္ထ ဖြစ်စေကာမူ အန္တောဝုတ္ထ မခေါ်ရ– ဟူလို၊] ဟိ-မှန်၊ ဘိက္ခူနဉ္စ- ရဟန်းတို့၏၎င်း၊ ဘိက္ခုနိနဉ္စ- ဘိက္ခုနီတို့၏၎င်း၊ အန္တောဝုတ္ထ အန္တော ပက္ကမောစနံတံ - အန္တောဝုတ္ထ အန္တောပက္က အပြစ်မှ လွတ်ခြင်း အကျိုးငှါ၊ ကပ္ပိယ ကုဋိယော-ကပ္ပိယကုဋီတို့ကို၊ (ဘဂဝတာ) အနုညာတာ-ခွင့်ပြုတော် မူအပ်ကုန်ပြီ၊ ပန - ဆက်၊ အပ္ပိယဘူမိယံ - အကပ္ပိယ ဖြစ်သော တည်ရာ အရပ်၌၊ (ဥဿာဝနန္တိကာ စသည် မဟုတ်သော အရပ်၌၊) သဟသေယျပဟောနကေ- သဟသေယျ ဖြစ်လေ့သော၊ ဂေဟေ - နေရာကျောင်း၌၊ ဝုတ္ထံ–တည်နေစေ အပ်သော၊ သံဃိကံဝါ– သံဃာ၏ ဥစ္စာမူလည်း ဖြစ်သော၊ ပုဂ္ဂလိကံဝါ-ပုဂ္ဂိုလ်တပါး၏ ဥစ္စာမူလည်းဖြစ်သော၊ ဘိက္ခုဿဝါ-၏သော်၎င်း၊ ဘိက္ခုနိယာဝါ-၏သော်၎င်း၊ ယံသန္တကံ- အကြင် ဥစ္စာကို၊ ကေရတ္တာမိ- တည်ဖျဲ့မျှလည်း၊ ထဝိတံ- ထားအပ်ပြီ၊ (သိမ်းဆည်း ထားအပ်ပြီ၊) တံ-ထို ဥစ္စာသည်၊ အန္တောဝုတ္ထံ-သည်၊(အကပ္ပိယ ကုဋိအတွင်း၌ သိမ့်မိုးသိမ်းဆည်းထားအပ်သည်၊ ဟောတိ)၊ တတ္ထ - ထို အကပ္ပိယကုဋိ၌၊ ပက္ကဉ္စ- ချက်အပ်သော အာမိသသည်လည်း၊ အန္တောပက္ကံ နာမ- အန္တောပက္ကမည်သည်၊ ဟောတိ၊ တေံ- ဤ အန္တော

× × × × × × ×

သမ္မုတိကာ။ ။ကမ္မဝါစာဖြင့် "ကပ္ပိယဘူမိ" ဟု သမုတ်အပ်သော ကုဋိသည် "သမ္မုတိ" ကုဋိမည်၏။ ["သမ္မုတိကာ" ဟု ရှိရာ၌ ကပစ္စည်း အနက်သိုးခြား မရှိ၊ "သမ္မုတိဝေါ+သမ္မုတိကာ" ဟု ပြု။]

အန္တောဝုတ္ထံ စသည်။ ။အန္တော-(ကပ္ပိယကုဋိ ၄ မျိုးတွင် မပါဝင်သော်ကြောင့် အကပ္ပိယကုဋိဟု ဆိုအပ်သော) ကျောင်းအတွင်း၌+ဝုတ္ထံ-တည်၌လွန်အောင် တည်နေစေအပ် ထားအပ်သော ခဲဘွယ်ဘောဇဉ်တည်း၊ အန္တောဝုတ္ထံ – ဇဉ်၊ အန္တော – ၌၊ ပက္ကံ – လူသားမကောတို့ ချက်အပ်သော ခဲဘွယ်ဘောဇဉ်တည်း၊ အန္တောပက္ကံ – ဇဉ်၊ သာမံ–ရဟန်းကိုယ်ကိုင်+ပက္ကံ (ပါကံ)-(ကပ္ပိယကုဋိအတွင်း၌ဖြစ်စေ အခြားနေရာ၌ ဖြစ်စေ) ချက်အပ်သော ခဲဘွယ်ဘောဇဉ်တည်း၊ သာမံပက္ကံ (၊ သာမံပါကံ)–ရဟန်းကိုယ်တိုင်ချက်အပ်သော ခဲဘွယ်ဘောဇဉ်။

ဝုတ္ထ အန္တောပက္ကာ အားမိသသည်၊ နကပ္ပတိ- မအာပ်၊ (စားသောက်လျှင် ဒုက္ကဋ် အာပတ်သင့်သည်-ဟူလို၊)ပန-အနွယ၊သတ္တာဟကာလိကံ-သတ္တာဟကားလိက ဝတ္ထုသည်ရှင်း၊ ယာဝဇီဝိကဋ္ဌ–သည်ရှင်း၊ ဝန္တတိ၊ (အကပ္ပိယကုဋိ အတွင်း၌ သိမ်မှီးသိမ်းဆည်းကောင်း၏-ဟူလို။)

တတြ-ထိုသတ္တာဟကာလိက ယာဝဇီဝိကတို့သာအပ်ရာ၌၊[ယာမကာလိက အတွက်မှာ အရက်မတက်မီ သောက်ရမည်ဖြစ်သောကြောင့် အန္တောဝုတ္ထ မဖြစ်၊ ချက်အပ်သောပစ္စည်း မဟုတ်သောကြောင့် အန္တောပက္ကာလည်း မဖြစ်၊] အယံ–ကား၊ ဝိနိစ္ဆယော–တည်း၊ သာမဏေရော- သည်၊ ဘိက္ခုဿ-အား၊(ဒေတိ-၌စပ်၊) ဝါ–၏၊ တင္ဆာလာဒိကံ-ဆန်အစရှိသော၊ အာမိသံ–ကို၊ အာဟရိတွာ–ဆောင်ယူ၍၊ ကပ္ပိယကုဋိယံ–၌၊ နိက္ခိပိတွာ– ထားပြီး၍၊ ပုနဒိဝသေ– နောက်တနေ့၌၊ ပစိတွာ-၍၊ ဒေတိ–အံ့၊ အန္တောဝုတ္ထံ–အန္တောဝုတ္ထသည်၊ နဟောတိ၊ [ကပ္ပိယကုဋိအတွင်း၌ ထားအပ်သောကြောင့် အန္တောဝုတ္ထ မဖြစ် – ဟူလို၊] တတ္ထ – ထို အန္တောဝုတ္ထ မဖြစ်သော အားမိသ၌၊ (ပက္ခိပိတွာ ဒေတိ-၌စပ်၊) အကပ္ပိယကုဋိယံ-၌၊ နိက္ခိတ္တသပ္ပိအာဒိသု-ထားအပ်သောဆေးထောပတ်အစရှိသည်တို့တွင်၊(သတ္တာဟကာလိက ယာဝဇီဝိကဝတ္ထုတို့တွင်၊)ယံကိဉ္စိ-အမှတ်မထားတပါးပါးကို၊ ပက္ခိပိတွာ – ထည့်၍၊ ဒေတိ-အံ့၊ (ဧဝံသတိ)၊ မုခသန္နိမိနာမ–မုခသန္နိမိမည်သည်၊ ဟောတိ၊ ပန- ဝါဒန္တရ၊ မဟာပစ္စရိယံ- ၌၊ အန္တောဝုတ္ထံ-သည်၊ ဟောတိ၊ ဣတိ ဝုတ္တံ၊ တတ္ထ-ထိုသို့ဆိုရာ၌၊ နာမမတ္တမေဝ-နာမည်မျှသည်သာ၊ နာနာကရဏံ- အသီးအခြားပြုကြောင်း အထူးတည်း၊ [မုခသန္နိမိဟူသော နာမည်နှင့် အန္တောဝုတ္ထဟူသော နာမည်သာ ထူးသည်၊ ဆိုလိုရင်းအဓိပ္ပါယ်မှာ အတူပင်-ဟူလို။]

× × × × × × ×

မုခသန္နိမိ ။ ။ မုခေန-အမြွက်အားဖြင့် (ပရိယာယ်အားဖြင့်) + သန္နိမိ–သိမှီးသိမ် ဆည်းအပ်သည်တည်း၊ မုခသန္နိမိ–တည်း၊ ဆွမ်းစသော အာမိသက သန္နိဒိမဖြစ်သော်လည်း ထောပတ်စသော သတ္တာဟကာလိက ယာဝဇီဝိကတို့က အကပ္ပိကကုဋိ၌ ထားအပ်သောကြောင့် ထို ထောပတ်စသည်နှင့် ရောသွားသောအခါ ထိုဆွမ်း စသည်လည်း သန္နိဒ္ဓပစ္စည်းနှင့်ရောသောကြောင့် သန္နိဒ္ဓဖြစ်သွား၏၊ ဤသို့ ပရိယာယ်အားဖြင့် သန္နိဒ္ဓဖြစ်သွားခြင်းကို " မုခသန္နိမိ–အမြွက်အားဖြင့် သန္နိမိ " ဖြစ်သည်–ဟု ဆိုသည်၊ ထိုသို့ မုခသန္နိဒ္ဓဖြစ်သောကြောင့် စားသောက်သူမှာ ဒုက္ကဋ်အာပတ်သင့်သည်–ဟူလို၊ ဒုတိယသံဂါယနာအာဂတ်း၌ သိဂီလောဏကပ္ပလည်း ဤအဓိပ္ပါယ်ပင်တည်း၊ [မုခသန္နိဒ္ဓိကဒိနာ အန္တောဝုတ္ထဒုက္ကဋဇေဝ ဒီဝိတံ၊—ဋီကာ၊] ဝိမတိဝဉ်ကား " မုခပဒေသနံ ဒဿေတွာ – ခံတွင်းသို့ သွင်းခြင်းဟူသော အကြောင်းရှိခဲသာ၊ အာပတ္တိ ကရောတိ " ဟု ဆို၏၊ ဧရာဂုံမှခြင့် အာပတ်မသင့်သေး၊ ခံတွင်းသို့သွင်း၍ စားမိလိုက်မှ အာပတ်သင့်သည်–ဟူလို၊ ထိုဏာပိ "မုခေ(မုခ၊ဝေသနေ)–ခံတွင်းသို့သွင်းခြင်းကြောင့်+သန္နိဒ်-သန္နိဒ်တည်း၊ မုခသန္နိဒ်"ဟု ပြု။

ဘိက္ခု-သည်၊ အကပ္ပိယကုဋိယံ-၌၊ ထပိတသပ္ပိဆ္ဆ-ထားအပ်သော ထောပတ်ကိုဂင်း၊ ယာဝဇီဝိကပက္ကာဆ္ဆ-ယာဝဇီဝိကဖြစ်သော အရွက်ကိုဂင်း၊ ကေတော-တပေါင်းတည်း၊ ပစိတွာ-၍၊ ပရိဘုဉ္ဇတိ-အံ့၊ သတ္ထာဟံ - ပတ်လုံး၊ နိရာမိသံ-အာမိသမရှိသည်၊ (သမာနံ)၊ ဝန္ဒတိ၊ အာမိသသံသဋ္ဌံ-ဆွမ်းစသောအာမိသနှင့်ရောအပ်သည်ကို၊ ကတွာ-၍၊ သစေ ပရိဘုဉ္ဇတိ-အံ့၊ (ဧဝံသတိ)၊ အန္တောဝုတ္ထဆ္ဆဝ- အကပ္ပိယကုဋိတွင်း၌ တည်နေစေအပ်သည် မည်သည်ဂင်း၊ သာမံပက္ကာဆ္ဆ-ကိုယ်တိုင်ချက်အပ်သည် မည်သည်ဂင်း၊ ဟောတိ၊ တေနုပါဓေယန-ဤနည်းအားဖြင့်၊ သဗ္ဗသံသဂ္ဂါ- အလုံးစုံသော ရောနှောမှုတို့ကို၊ ဝေဒိတဗ္ဗာ - နှ၏၊ [ယာဝကာလိကနှင့် ယာဝဇီဝိက ရောပုံစသည်အားလုံးကို သိပါ- ဟူလို။] ဇုတိ- ကား၊ ဝိနိစ္ဆယော - တည်း၊ (ဤသို့ နောက်ပြန်၍ လှည့်ဘို့ရန် ဇုတိရှိသင့်၏၊ မရှိလျှင်ထည့်ပါ။)

ပန-အံ့၊ (ပရိဟာရပက္ခမှတပါး စောဒကပက္ခကိုဆိုဥုံးအံ့၊) ဇုမာ ကပ္ပိယကုဋိယော-တို့သည်၊ ကဒါ- အဘယ်အခါ၌၊ ဇဟိတဝတ္ထုကာ-စွန့်အပ်ပြီးသောတည်ရာဝတ္ထု ရှိကုန်သည်၊ ဟောန္တိ-ကုန်သနည်း၊ (အဘယ်အခါ၌ ကပ္ပိယကုဋိအဖြစ်၏ တည်ရာဝတ္ထုကို စွန့်ကုန်သနည်း၊) တာဝ - ဂေါနိသာဒိကာ ကုဋိစသည်တို့မှ ရှေးဦးစွာ၊ နိဒ္ဒိဋ္ဌာ ညွှန်ပြအပ်သော၊ ဥဿာဝနန္တိကာ-သည်၊ ယာ-အကြင် ဥဿာဝနန္တိကာကုဋိကို၊ ထမ္ဘာနံ-တို့၏၊ ဥပရိဝ'ါ-အထက်၌သော်ဂင်း၊ ဘိတ္တိပါဒေ-နံရံခြေတို့ကို၊ နိခဏိတွာဝါ-တူးမြှုပ်၍သော်ဂင်း၊ ကတာ-ပြုအပ်ပြီ၊ သာ - ထို ဥဿာဝနန္တိကာ ကုဋိသည်၊ [၌ ဥဿာဝန္တိကာသည် သာမည, ဤကား ဝိသေသ၊] သဗ္ဗေသု-ကုန်သော၊ ထမ္ဘေသု စ- တို့ကိုဂင်း၊ ဘိတ္တိပါဒေသု စ-တို့ကိုဂင်း၊ အပနီတေသု-ဖယ်အပ်ပြီးကုန်လသော်၊ ဇဟိတဝတ္ထုကာ-စွန့်အပ်ပြီးသော တည်ရာဝတ္ထုရှိသည်၊ ဟောတိ၊ ပန-ဆက်၊ ထမ္ဘေဝါ-တို့ကိုသော်ဂင်း၊ ဘိတ္တိပါဒေဝါ-တို့ကိုသော်ဂင်း၊ သစေ ပရိဝတ္တေန္တိ- အကယ်၍ လဲလှယ်ကုန်အံ့၊ (ဧဝံသတိ)၊ ယောယော-အကြင်အကြင် တိုင်သည်၊ ဝါ- အကြင်အကြင် နံရံခြေသည်၊ ဒ္ဒိတော-တည်နေ၏၊ တတ္ထတတ္ထ-ထိုထိုတိုင်၌၊ ဝါ-ထိုထိုနံရံခြေ၌၊ ပတိဋ္ဌာတိ-တည်၏၊ (ကပ္ပိယကုဋိအဖြစ် တည်၏၊) သဗ္ဗေသု-အလုံးစုံသောတိုင်, နံရံခြေတို့ကို၊ ပရိဝတ္တိတေသုပိ - လဲလှယ်အပ်ပြီးပါကုန် သော်လည်း၊ အဇဟိတဝတ္ထုကာဝ-မစွန့်အပ်သော တည်ရာဝတ္ထု ရှိသည်သာ၊ ဟော်တိ၊ ဇုဋ္ဌကာဒိဟိ- အုပ်၌အစရှိသည်တို့ဖြင့်၊ ကတာ-ပြုအပ်သော ဥဿာဝနန္တိကာ ကုဋိသည်၊ စယသ-အကျည်၏၊ ဥပရိ-အထက်၌၊ ဘိတ္တိအတ္ထာယ-နံရံအကျိုးငှါ၊ ထပိတံ-ထားအပ်သော၊ ဇုဋ္ဌကံဝါ- ကိုသော်ဂင်း၊ သိလံဝါ- ကိုသော်ဂင်း၊ မတ္တိကာပိဏ္ဍံဝါ- ကိုသော်ဂင်း၊ အာဒိံကတွာ - အစပြု၍၊ ဝိနာသိတကာလေ - ဖျက်ဆီးအပ်ပြီးရာအခါ၌၊ ဇဟိတဝတ္ထုကာ - သည်၊ ဟောတိ၊ ပန- ဆက်၊ ယေဟိ ဇုဋ္ဌကာဒိဟိ-

အကြောင် အုဒ္ဓ အစရှိသည်တို့ဖြင့်၊ အဓိဋ္ဌိတာ - ဆောက်တည်အပ်ပြီ၊ (" ကပ္ပိယကုဋိ် ကဒ်ရာမ" ဟု ဆို၍ ကပ္ပိယကုဋိအဖြစ်ကို ဆောက်တည်အပ်ပြီ၊)တေသု - ထို အုဒ္ဓ အစရှိသည်တို့ကို၊ အပနီတေသုပိ - ဖယ်အပ်ငြားကုန်သော်လည်း၊ တဒညာသု - ထို အခြားသော အုဒ္ဓ အစရှိသည်တို့သည်၊ ပတိဋ္ဌိတာသု - တည်ကုန်လသော်၊ အဇဟိတဝတ္ထုကာဝ ဟောတိ။

ဂေါနိသာဒိကာ – သည်၊ ပါကာရာဒိဟိ – တံတိုင်း အစရှိသည်တို့ဖြင့်၊ ပရိက္ခေပေ-အာကာအရံကို၊ ကတေ-ပြုအပ်ပြီးသော်၊ ဇဟိဘဝတ္ထုကာ ဟောတိ၊ ပုန–တဖန်၊ တသ္မိ် အာရာမေ–ထိုအာရာမ်၌၊ (ဂေါနိသာဒိကာကုဋိ ဖြစ်ဘူးရာ ကျောင်းတိုက်၌၊)ကပ္ပိယကုဋိ-သည်၊ ဝါ-ကို၊ လဒ္ဓုံ-၄ါ၊ ဝဋ္ဋတိ-သင့်၏၊ [ဂေါနိသာဒိကာကုဋိ ပျက်သွားသောကြောင့် နေဝံထပ် ကပ္ပိယကုဋိ တမျိုးမျိုးရအောင် ပြုဆိုက်သည်-ဟူလို၊] ပန-ဆက်၊ ပုနပိ-တဖန်လည်း၊ ပါကာရာဒယော-တံတိုင်း အစရှိသည်တို့သည်၊ တတ္ထတတ္ထ- ထိုထိုအရပ်၌၊ ဒဿာ - ပြတ်ကုန်သည်၊ သစေ ဟောန္တိ– ကုန်အံ့၊ [တတ္ထ တတ္ထ ဒဿာ ဟောန္တိ တိ ဥပမုတော အဓိကံ ဒဿာ ဟောန္တိ၊ တဝက်ထက်ကျော်အောင် ပြတ်ကုန်အံ့ - ဟူလို၊ –ဝိမတိ။] တတော တတော-ထိုထို ပြတ်ရာအရပ်မှ၊ ဂါဝေါ-တို့သည်၊ (သစေ)ပရိသန္တိ-အာကယ်၍ ဝင်ကုန်အံ့၊ (ဧဝံသတိ)၊ ပုန- ဖန်၊ ကပ္ပိယကုဋိ ဟောတိ၊ [တဖန် ပြန်၍ ဂေါနိသာဒိကာကုဋိ ဖြစ်သည်-ဟူလို၊] ပန-ကား၊ ဧကတရာ-တပါးကုန်သော၊ (ဥဿာဝနန္တိကာ ဂေါနိသာဒိကာ ကုဋိတို့မှ တပါးကုန်သော၊) ဒ္ဝေ-နှစ်လုံးသော ကုဋိတို့သည်၊ (ဂဟပတိကုဋိ သမ္မုတိကုဋိတို့သည်၊) ဂေါပါနသိမတ္တံ - အခြင်ရနယ်မျှကို၊ ထပေတ္ဝာ-ထား၍၊ သဗ္ဗသ္မိ် - အလုံးစုံသော၊ ဆဒနေ- အမိုးကို၊ ဝိနဒ္ဓေ–ဖျက်ဆီးအပ်ပြီးသော်၊ ဇဟိတဝတ္ထုကာ ဟောန္တိ၊ ဂေါပါနသိနံ-တို့၏၊ ဥပရိ-ဉာ်၊ ဧကမ္မိ-တခုလည်းဖြစ်သော၊ ဟတ္ထပါသကမတ္တာလံ-ခေါင်ချပ် အဝန်းအဝိုင်းသည်၊ သစေ ဟောတိ - အကယ်၍ ရှိသေးအံ့၊ (ကျန်သေးအံ့၊ ဧဝံသတိ၊) ရက္ခတိ - စောင့်ရှောက်သေး၏၊ (ကပ္ပိယကုဋိအဖြစ်မှ မစွန့်အောင် စောင့်သေး၏၊)

× + × × × × × ×

သဗ္ဗသ္မိ်၊စေ၊ရက္ခတိ။ ။ သဗ္ဗသ္မိ် ဆဒနေ ဝိနဒ္ဓေတိ တိဏပဏ္ဏာဒိ ဝသေပရိတ္တာယကော ဆဒနေ ဝိနဒ္ဓေ-မိုလ်းကို စောင့်ရှောက်နိုင်သော အမိုးအားလုံးကို ဖျက်ပြီးလသော် ကပ္ပိယကုဋိ ပျက်တော့၏၊ အခြင်ရနယ်လောက်သာ ကျန်ရှိဖြင့် ကပ္ပိယကုဋိ အဖြစ်ကို မစောင့်ရှောက်နိုင်တော့၊ အခြင်ရနယ်တို့၏ အထက်၌ " ပက္ခပါသက မတ္တာလ " ဟု ခေါ်သော ဝဝ်းဘဲတောင် ခေါင်အုပ်- ခေါင်ချပ် အဝန်းအဝိုင်း ကျန်နေသေးလျှင် ထို အဝန်းအဝိုင်းက မိုးမစွန့်အောင် အနည်းငယ်တားနိုင်သောကြောင့် ကပ္ပိယကုဋိအဖြစ်မှ မစွန့်အောင် စောင့်နိုင်သေး၏ ["အဝန်းအဝိုင်း" ဟူရာ၌ ခေါင်အုပ်၏ ဝဲယာနှစ်ဘက်တွင် တဘက်တဘက်၌ အခြင်ရနယ်သုံးခု၏ အထက်က မပျက်သောအမိုးကို " ပက္ခပါသက မတ္တာလ"ဟု ဆိုသတတ်၊ပက္ခပါသက မတ္တာလ၌ ကသို် ပဓေယ တိုက်ဆုံ ဂေါပါနသိနံ ဥပရိ ဦးဘတိကာပဏ္ဏာဒိဏ္ဍသံ ဝုဋ္ဌတိ၊ — ဝိမတိ။] ထိုမှလေ့ာက် အမိုးမရှိနေသေး

ပန– ဆက်၊ တနည်း - ပရိဟာရပက္ခမှတပါး စောဒက ပက္ခကို ဆိုဥုံးအံ့၊ ယတြ-အကြင် ကျောင်းတိုက်၌၊ စတဿောဝိ-၄လုံးလည်းဖြစ်ကုန်သော၊ ဇမော ကပ္ပိယဘူမိယော-၍ ကပ္ပိယဘူမိတို့သည်၊ နတ္ထိ- မရှိကုန်၊ တတ္ထ - ထိုကျောင်းတိုက်၌၊ ကိ ံ - အဘယ်ကို၊ ကာတမ့ဲ - ပြုထိုက်သနည်း၊ အနုပသမ္မန္နဿ - လူသာမဏေအား၊ ဒတ္တွာ - ၍၊ တဿ - ထို လူသာမဏေ၏၊ သန္တကံ - ဥစ္စာကို၊ ကတွာ-၍၊ ပရိဘုဉ္ဇိတမ့ဲ-သုံးဆောင်ရာ၏၊ တတြ-ထိုသို့ လူသာမဏေ၏ ဥစ္စာပြု၍ သုံးဆောင်ရာ၌၊ ဇဒံ-ကား၊ ဝတ္ထု-ဝတ္ထုတည်း၊ ဝိနယဓရပါမောက္ခော-ဝိနည်းဓိုရ်တို့၏ ပါမောက္ခဖြစ်သော၊ ကရဝိကတိဿတ္ထေရော - ကရဝိကတိဿ ထေရ်သည်၊ မဟာသိဝတ္ထေရဿ-မဟာသိဝထေရ်၏၊ သန္တိကံ- အထံသို့၊ အဂမာသိ ကိရ-ကြွတော်မူသတတ်၊ သော-ထို ကရဝိကတိဿထေရ်သည်၊ ဒိပါဒလောကေန-ဆိမိးရောင်ဖြင့်၊ သပ္ပိကုမ့ဲဘ-ထောပတ်အိုးကို၊ ပဿိတွာ–မြင်၍၊ ဘန္တေ-အရှင်ဘုရား၊ တေံ–အဲဟို အိုးသည်၊ ကိ ံ-ဘာအိုးပါနည်း၊ ဇတိ–သို့၊ ပုစ္ဆိ-မေးပြီ။

ထေရော-မဟာသိဝထေရ်သည်၊ အာဝုသော-ငါ့ရှင်၊ လူခဒိဝသေ- ခေါင်းပါးရာနေ့၌၊ သပ္ပိနာ-ထောပတ်ဖြင့်၊ ဘုဉ္ဇနတ္ထာယ-စားခြင်းအကျိုးငှါ၊ ဂါမတော-မှ၊ သပ္ပိကုမ္ဘော-ကို၊ အာဘတော-ဆောင်ယူအပ်ပြီ၊ ဇတိ-၍သို့၊ အာဟ-မိန့်တော်မူပြီ၊ တတော– ထိုမှ နောက်၌၊ နံ–ထို မဟာသိဝထေရ်ကို၊ တိဿတ္ထေရော–သည်၊ ဘန္တေ....နဝန္နတိ–မအပ်ပါ၊ ဇတိ အာဟ–လျောက်ပြီ၊ [ထောပတ်က သတ္တာဟကာလိကဖြစ်သော်လည်း ဆွမ်းဖြင့်ရော၍စားသောက်သောအခါ ယာဝကာလိကဘက်၌ ပါသွားသောကြောင့် မုခသန္နိမိ ဖြစ်၍ မအပ်ပါ- ဟု လျောက်သည်၊] ထေရော - မဟာသိဝထေရ်သည်၊ ပုနဒိဝသေ - နောက်တနေ့၌၊ ပမုခ-အဥုံးစမုခ်၌၊ နိက္ခိပါပေသိ-ထားစေပြီ၊ တိဿတ္ထေရော- သည်၊ ပုန-တဖန်၊ ကေ ဒိဝသေ- တရက်သော နေ့၌၊ အာဂတော-လာသည်၊(ဟုတ္တာ)၊တံ-ထိုထောပတ်အိုးကို၊ ဒိသွာ-၍၊ တထေဝ - ထို့အတူသာလျှင်၊ ပုစ္ဆိတ္ထာ - ၍၊ ဘန္တေ, သဟသေယျပွဟောနကဒ္ဒါနေ – သဟသေယျဖြစ်လောက်သော အရပ်၌၊ ထပေတုံ–ထားခြင်းငှါ၊ နဝန္နတိ- မအပ်ပါ၊ ဇတိ အာဟ-ပြီ၊ [အဥုံးစမုခ်ဖြစ်သော်လည်း အပေါ်က အမိုးရှိ၍ ဆောင်မဘက်က အကာရှိနေ၏၊ ထို့ကြောင့် စမုခ်ထိပ်တဘက်ဘက်က အကာရှိနေလျှင် သဗ္ဗဆန္နေ ဥပမုပရိစ္ဆိန္နေ ဖြစ်နိုင်ရုံကား သဟသေယျလောက်သည်။]

× × × × × × × ×

လျှင် အောဂက်က တင်ပလ္လင်ခွေ၍ ကမ္မဋ္ဌာန်းထိုင်သော ပုဂ္ဂိုလ်မှာ မိဿးမစွတ်အောင် စောင့်ရှောက်နိုင်လောက်သည်– ဟူလို။

ပလ္လင်္ကေန နိသိန္နဿ , ဇာဏုကေ နာဘိဝဿတိ၊
အလံ ဖာသု ဝိဟာရာယ, ပဟိတတ္တဿ ဘိက္ခုနော။
တံ ဿနိပါတံ, သဒ္ဒရိပုတ္တ ဣတ္ထရဂါထဒ္ဒ။

ထေရော - မဟာသိဝထေရ်သည်၊ ပုနဒိဝသေ, ဗဟိ – သို့၊ နီဟရာပေတွာ– ထုတ်ဆောင်စေ၍၊ နိက္ခိပါ၊ပေသိ- ထား၊စေပြီ၊ တံ– ထိုထောပတ်အိုး၊ကို၊ စောရာ-သူခိုး၊တို့သည်၊ ဟရိ ံသု - ဆောင်ယူကုန်ပြီ၊ သော - ထို မဟာသိဝ ထေရ်သည်၊ ပုန-တဖန်၊ ကေဒိဝသံ-၌၊ အာဂတံ-လာသော၊ တိဿတ္ထေရံ-ကို၊ အာဟ-ပြီ၊ (ကိ ံ) အာဝုသော....တယာ-သည်၊ နဝန္နတိတိ-မအပ်ဟူ၍၊ ဝုတ္တော- ပြောဆို အပ်သော၊ သောကုမ္ဖော–ထိုထောပတ်အိုး၊ကို၊ ဗဟိ-၌၊ နိက္ခိတ္တော–ထား၊အပ်သည်၊(ဟုတ္တွာ)၊ စောရေဟိ- တို့သည်၊ အဝဟတော- ခိုး၊ဆောင်အပ်ပြီ၊ ဇာတိ (အာဟ)၊ တတော-ထိုမှ နောက်၌၊ နံ-ထို မဟာသိဝထေရ်ကို၊ တိဿတ္ထေရော အာဟ၊(ကိ ံ)၊ ဘန္တေ.... အနုပသမ္မန္နဿ- အား၊ ဒါတဗ္ဗော - ပေး၊ထိုက်သည်၊ အဿနနု-ဖြစ်ရာသည် မဟုတ်ပါလော၊ ဟိ-မှန်၊ အနုပသမ္မန္နဿ–အား၊ဒတ္တွာ-ပေး၊ပြီး၍၊ တဿ-ထိုလူသာမဏေ၏၊ သန္တကံ-ကို၊ ကတ္တာ-၍၊ ပရိဘုဉ္ဇိတုံ–ဌ၊ဝန္နတိ-အပ်ပါ၏၊ ဇာတိ(အာဟ)၊ ဇာတိ(ဇာဒံ)- ကား၊ (ဝတ္ထု-တည်း)။ [ဤ ဝတ္ထု၌ "နနုဘန္တေ" စသော စကား၊ရပ်သည် သက်သေပြလိုရင်း၊ဖြစ်သည်။]

မေဇ္ဈကဝတ္ထု – မေဇ္ဈကသဒ္ဒေး၏ ဝတ္ထု၊သည်၊ ဥတ္တာနမေဝ – ပေါ်လွင်ထင်ရှား၊သည်သာ၊ အဝိစ - စိုး၎ဉ်း၊အနည်း၊ငယ် ဆိုဘွယ်အထူး၊ကား၊ တ္ထေ - ဤ မေဇ္ဈကဝတ္ထု၌၊ အနုဇာနာမိ ဘိက္ခဝေ ပဉ္စ ဂေါရသေတိ – ဟူသော၊ပါဠိ၏၊ (အဒ္ဓါဒ္ဓစပ်၊) ပဉ္စ-နှံ့သော၊ ဂေါရသေ-နွား၏အရသာတို့ကို၊ (နွား၊မှဖြစ်သော အရသာတို့ကို၊) ဝိသုံ- သီး၊ခြား၊ ပရိဘောဂေန- သုံး၊ဆောင် စား၊သောက်ဘွယ်၏ အဖြစ်ဖြင့်၊ ပရိဘုဉ္ဇိတုံပိ – သုံး၊ခြင်းငှါလည်း၊ အနုဇာနာမိ – ၏၊ ဇာတိ အတ္ထော၊[ဆွမ်း၊စား၊ရင်း ရောစား၊မှ အပ်သည် မဟုတ်၊ သီး၊ခြား၊လည်း စား၊ကောင်း သည်-ဟူလို၊] ပါ၊ထေယျံ ပရိယေသိတုံတိ ဇတ္ထ- ဟူသော ဤပါဠိ၌၊ ကေစိ-အချို့ လူတို့သည်၊ (ဒါယကာ, ဒါယိကာမတို့သည်၊) သယမေဝ-မိမိတို့ကိုယ်တိုင်သာ၊ ဥတ္တာ-သိ၍၊ (အလိုက်သိ၍၊) သစေ ဒေန္တိ– အကယ်၍ လှူကုန်အံ့၊ ဇာ၌တွေတ်-၍သို့ လှူခြင်း၊သည်၊ ကုသလံ-ကောင်း၏၊ နော စေ ဒေန္တိ- အကယ်၍ မလှူကုန်အံ့၊ (ဒေါသံတိ)၊ ဤတိ ပဝါရိတဋ္ဌာနတော၁ – ဆွမ်း၊မြီး၊တော်သူ, ဖိတ်မန်သူတို့၏

× × × × × × ×

အနုပသမ္မန္နဿ၊စေ၊ဒဿ၊ ၊အနုပသမ္မန္နဿ ဒါတဗ္ဗော အဿသာတိ အာဒိနာ အကပ္ပိယကုဋိယံ ဝုဏ္ဏမို့ အနုပသမ္မန္နဿ ဒိန္နေ ကပ္ပိယံ ဟောတိ၊ သာဟေတ္ထဒါန ဥဒ္ဒေဿ ဝန္နတိ၊ဟဋ္ဌဟာဘံဝိယ (အာဂတံအပ်သော၀တ္ထု၊ကဲ့သို့) နဟောတီတိဒဿေတိ၊-ဝိမတ်၊ အာကပ္ပံအပ်ပြီး၀တ္ထု၊ကို လူသာမဏေအား ပွန့်သောအခါ အနုပေက္ခိတွာသင့်နေ အဖြစ်ဖြင့် ပွန့်မှ နောက်တနေ့၌ စား၊ကောင်း၏ဟု အယူရှိသော၊ကြောင့် ထိုအာကပ်ခံခြင်း၊နှင့် မတူ၊ကြောင်း၊ သာဟေတ္ထိသင့်နေလည်း ဤနေ့ဆွမ်း၌ အပ်၊ကြောင်း၊ကို ဆိုသည်၊ သား၊ထွန်း၌ တား"နေ့တနေ့ စား၊ရန်ဖြစ်သော်လည်း (ငဲ့ကွက်မှုရှိသော ပွန့်ခြင်း၊အား၊ဖြင့်) အာကပ်ခံခြင်း၊ကို ပွန့်လိုက်လျှင် အပ်၏"ဟု ဆို၏။

အထံမသော်၎င်း၊ ဘိက္ခာစာရ ဝတ္တေနဝါ-ဆွမ်းခံလှည့်လည်ခြင်း ဟူသော ကျင့်ဝတ်ဖြင့်သော်၎င်း၊ ပရိယေသိတဗ္ဗံ – ရှာမှီးထိုက်၏၊ တထာ – ထို အခြင်းအရာအားဖြင့်၊ အလဘန္တေန-မရသောရဟန်းသည်၊ အညာတိက အပဝါရိတ ဌာနတော-ဆွေမျိုးမတော်သူ, မဖိတ်မန်သူတို့၏ထံမှ၊ ယာစိတွာပိ-တောင်း၍လည်း၊ ဂဟေဘဗ္ဗံ- ယူထိုက်၏၊ ကေဒိဝသေန- တနေ့ဖြင့်၊ ဂမနီယေ- သွားထိုက်သော၊ မဂ္ဂေ-လမ်း၌၊ ကေဘတ္တာတ္ထာယ – တထပ်စာ ဆွမ်းအကျိုးငှါ၊ ပရိယေသိတဗ္ဗံ– ရှာမှီးထိုက်၏၊ ဒီယေ - ရှည်သော၊ အဒ္ဓါနေန - ခရီး၌၊ ယတ္တကေန – အကြင်မျှအတိုင်းအရှည်ရှိသော ရိက္ခာဖြင့်၊ ကန္တာရံ – ခရီးခဲကို၊ နိတ္ထရတိ- လွန်မြောက်နိုင်၏၊ တတ္တကံ–ထိုမျှ အတိုင်းအရှည်ရှိသော ရိက္ခာကို၊ ပရိယေသိတဗ္ဗံ-၏။

ကေဏိယဇဋိလဝတ္ထု ကထာ

ကာဇေဟိ ဂါဟာပေတွာတိ - ကား၊ ပဿဟိ ကာဇသတေဟိ – ငါးရာသော ထမ်းပိုးတို့ဖြင့်၊ သုသန်တသ–ကောင်းစွာ စိမ်အပ်သော၊ ဗဒရပါနသ-ဇီးဖျော်ရည်၏၊ ကုဋ္ဌသဟဿံ-အိုးပေါင်းတထောင်ကို၊ ဂါဟာပေတွာ- ယူစေပြီး၍၊ (ဥပသက်မိ ၌စပ်၊)တေသိံ၊ပေ၊ကတွာတိ-ကား၊ ဘိက္ခဝေ-ဘိက္ခုတို့၊ သာဓု-သာခု၊ ပါနံ-ဖျော်ရည်ကို၊ အပိဝန္တာ-မသောက်ကြကုန်သော၊ (ပင်ကိုယ်က မသေဘဲမြတ်စွာဘုရား ခွင့်ပြုတော်မူမှမှ သောက်ကြသည်ကို ဆိုလိုသည်၊) တုဒမ္မ–တို့သည်၊ သမဏသ ဂေါတမဿ-၏၊ သာဝကာ-သာဝကတို့သည်၊ ပစ္ဆယဗာဟုလ္လိကာ-ပစ္စည်းတို့၏ များကုန်သည်၏အဖြစ် အကျိုးငှါ ကျင့်ကြကုန်၏၊ ဇာတိဝါဒံ- ဤသို့ပြောဆိုကြောင်းစကားကို၊ ဝါ-ပြောဆိုစွပ်စွဲခြင်းကို၊ နာဒပ္ပါဒယိတ္ထ-မဖြစ်စေလိုက်ကြကုန်၊ စ-သည်သာမကသေး၊ မယိ-ငါဘုရား၌ (ငါဘုရားအပေါ်၌)၊ ဂါရဝံ-

× × × × × × ×

ဘိက္ခာစာရ ဝတ္တေနဝါ။ ။ဆွမ်းခံလှည့်လည်ရာ၌ ထိုထိုအိမ်ပေါက်ဝယ် ရပ်၍ဆွမ်းကို ရှာမှီးရသကဲ့သို့ လမ်းစာရိက္ခာရှာရာ၌လည်း ဉာတိပဝါရိတတို့အထံမှ မရလျှင်သို့မဟုတ် မပြောလိုလျှင် ဆွမ်းရပ်သကဲ့သို့ ထိုထိုအိမ်၌ရပ်၍ "ဘာအလိုရှိပါတုန်း"ဟုလျှောက်သောအခါ ခရီးသွားစရာရှိ၍ " ဆန် အလိုရှိသည်, ဆီ အလိုရှိသည် " ဤသို့စသည်ဖြင့် ပြောဆို၍ ရှာမှီးခြင်းကို " ဘိက္ခာစာရ ဝတ္တေနဝါ ပရိယေသိတဗ္ဗံ " ဟုဆိုသည်၊ ထို "ဆီ" စသည်ကိုလည်း နက်ဖန် ချက်စားဘို့ရာဖြစ်လျှင် ရဟန်းကိုယ်တိုင်မကိုင်ယူကောင်း၊ အိမ်ထဲသို့ဝင်ထိုင်၍ အိမ်ရှင်က မမေးဘဲ ဆန် လိုချင်သည်, ဆီလိုချင်သည် ဟုလည်း မပြောကောင်း၊ ဆွမ်းရပ်သလိုသာ ရပ်ကောင်းသည်၊ မေးမှလည်း ပြောကောင်းသည် ဟု မှတ်ပါ၊ ထိုသို့ ဆွမ်းရပ်သလိုရပ်၍ မရနိုင်လျှင် တိုက်ရိုက်ပင် တောင်းဘို့ရန် ခွင့်ပြုတော် မူသည်၊ သို့သော် တနေ့ခရီး ဖြစ်လျှင် တနေ့စာသာတောင်းရမည်။ [ဆီဆန်စသော ရိက္ခာသာမက, မီးရထားလက်မှတ် သင်္ဘောလက်မှတ်ကိုလည်း ဆွမ်းရပ်သလိုရပ်၍ အလှူခံကောင်း၏၊ ဌေးကိုသာ တားမြစ်တော်မူသည်။]

လေးစားခြင်းကို၊ အကတ္ထ-ပြုလိုက်ကြကုန်ပြီ၊ မမစ-ငါဘုရား၏လည်း၊ တုမှေသု-သင်တို့၌၊ (သင်တို့အပေါ်၌၊) ဂါရဝံ - ကို၊ ဇနယိတ္ထ – ဖြစ်စေလိုက်ကြကုန်ပြီ၊ ဏတိ-လျှင်၊ ဝေါ–သင်တို့၏ (အပေါ်၌)၊ အဟံ-သည်၊ ဇုမိနာ ကာရဏေန-ဤအကြောင်းကြောင့်၊ (ပစ္ခညး ၄ ပါးကို မမက်မောခြင်းဟူသော ၅၌ အဲကြောင်းကြောင့်၊) သုဒ္ဒု- လွန်စွာ၊ ပသန္နော – ကြည်ညိုတော်မူ၏၊ (ကျေနပ်တော်မူ၏၊) ဏတိအာဒိနာ-သော၊ နယေန-နည်းနှင့်၊ ဓမ္မိ –တရားရှိသော၊ ကထံ-စကားကို၊ ကတွာ-၍၊ အနုဇာနာမိ၊ပေ၊ပါနာနိတိအာဒိ –အစရှိသော စကားကို၊ အာဟ-မိန့်တော်မူပြီ။

တတ္ထ–ထိအနုဇာနာမိ၊ပေ၊ပါနာနိ အစရှိသော စကားရပ်၌၊ အမ္မပါနန္တိ–ကား၊ အာမေဟိဝါ-အစိမ်းသော်လည်းဖြစ်ကုန်သော၊ပက္ကေဟိဝါ-အမှည့်သော်လည်း ဖြစ်ကုန်သော၊ အမ္မေဟိ - သရက်သီးတို့ဖြင့်၊ ကတပါနံ - ပြုအပ်သော ဖျော်ရည်တည်း၊[“အမ္မေဟိ+ကတံ+ပါနံ အမ္မပါနံ”ဟု ပြု၊]တတ္ထ–ထိအစိမ်းအမှည့်ဘို့တွင်၊ အာမေဟိ- စိမ်းသော သရက်သီးတို့ဖြင့်၊ ကရောန္တေန–ပြုသော ရဟန်းသည်၊ အမ္ဗတရုဏာနိ–သရက်သီးနုဘို့ကို၊ ဘိန္ဒိတွာ–ခွဲ၍၊ (ဖျစ်ချေ၍၊) ဥဒကေ–ရေ၌၊ ပက္ခိပိတွာ-ထည့်၍၊ အာတပေ-နေပူ၌၊ အာဒိစ္စပါကေန-နေဖြင့်ချက်ခြင်း အားဖြင့်၊ ပစိတွာ – ချက်ပြီး၍၊ ပရိဿာဝေတွာ - စစ်ပြီး၍၊ တဒဟု ပဋိဂ္ဂဟိဒတဟိ- ထိနေ့၌ အကပ်ခံအပ်ပြီးကုန်သော၊ မဒုသက္ကရ ကပ္ပူရာဒိဟိ–ဟူးရည်,သကြား,ပရုပ်အစရှိသည်ဘို့နှင့်၊ယောဇေတွာ-ယှဉ်စေ၍၊(ရောစပ်၍)၊

× × × × × × ×

ကဇောဇနေန၊ပေ၊ဃာဇေတွာ။ ။“ကရောန္တေန”အရ ပြုသောရဟန်း ရ၏၊ ရဟန်းကိုယ်တိုင် ပြုသောကြောင့် မီးဖြင့် မချက်ကောင်း၊ မီးဖြင့်ချက်လျှင် သာမံပါက ဒုက္ကဋ်သင့်၏၊ ထို့ကြောင့် “ အာဒိစ္စပါကေန ပစိတွာ ” ဟု ဆိုသည်၊ [အာဒိစ္စေန–နေဖြင့်+ပါကော– ချက်ခြင်းတည်း၊ အာဒိစ္စပါကော– ခြင်း၊ ပစိတွာဉ် ကြိယာဝိသေသနစပ်၊ အစိမ်းဖြစ်သောကြောင့် နေဖြင့်ချက်မှ သရက်သီးအရသာ ပေါ်လွင် ထင်ရှားနိုင်ရကား “ အာဒိစ္စပါဓကန ” ဟု ဆိုဟန်တူ၏၊ အမှည့်ဖြစ်လျှင်ကား ရေဖြင့် နယ်ရုံသာ၊] အဇတ်ပါနေလျှင် ဖျော်ရည်မဟုတ်သောကြောင့်“ပရိဿာဝေတွာ”ဟု ဆိုဟန်တူသည်၊ နံနက်သောက်ဘို့ဖြစ်လျှင် မစစ်ဘဲလည်း၊ အင်ပါ၏၊ ဆွမ်းစသော အာဓိသနှင့် ရောစွဲလည်း သောက်ကောင်းပါ၏။

တဒဟု၊စေ၊ကပ္ပတိ။ ။ရှေးနေ့တို်၌ အကပ်ခံထားသော မဒုသက္ကရ စသည်တို့နှင့် မဂဏာဇကောင်း၊ ဖျော်လျှင် ယနေ့မှ အကပ်ခံအပ်သော သရက်သီးလည်း မုဒသန္နိဓိဖြစ်၏၊ ထို့ကြောင့် “တဒဟု ပဋိဂ္ဂဟိတေဟိ”ဟု ဝိသေသနပြုသည်၊ ၅၌ ပြုခဲ့သော အစီ အစဉ်ဖြင့် ရဟန်းကိုယ်တိုင် ပြုအပ်သောဖျော်ရည်သည် မွန်းမတည့်မီ နံနက်၌သာအပ်၏၊ “ပုရေဘတ္တာမေဝ”၌ “ဧဝ”ဖြင့် မွန်းလွဲသည်မှစ၍ ပဉ္စာဘတ္တာ၌ မအပ်-ဟု ကန့်၊ ဘာဂကြောင့်နည်း၊. ..သရက်သီးကို အကပ်ခံထား၍ ပြုံးပြုံသောကြောင့်တည်း၊ [နံနက်၌ အကပ်ခံအပ်သော ယာဝကာလိက(သရက်သီးစသော) ဝတ္ထုသည် ပဉ္စာဘတ္တာ၌ မစားသေ

ကာတဗ္ဗံ-ရာ၏၊ ဝေံ-ဤဆိုအပ်ပြီးသော နည်းဖြင့်၊ ကတံ-ပြုအပ်သော သရုက်သီး ဖျော်ရည်သည်၊ ပုရေဘတ္တမေဝ-နံနက်အခါ၌သာ၊ ကပ္ပတိ-အပ်၏၊ ပန-ကား၊ အနုပသမ္ပန္နေဟိ- လူသာမဏေတို့သည်၊ ကတံ-ပြုအပ်သော သရုက်သီးဖျော်ရည်ကို၊ လဘိတ္ဝာ-ရ၍၊ ပုရေဘတ္တံ-၌၊ ပဋိဂ္ဂဟိတံ- အကပ်ခံအပ်သည်၊ (သမာနံ) ပုရေဘတ္တံ-၌၊ သာမိသပရိဘောဂေနာပိ-အာမိသနှင့် တကွဖြစ်သော သုံးဆောင်ခြင်းဖြင့်လည်း၊ ဝဋ္ဋတိ၊ ပစ္ဆာဘတ္တံ-ဆွမ်းစားရာ ကာလ၏ နောက်အဘို့၌၊ (နေလွဲအခါ၌)၊ နိရာမိသပရိဘောဂေန-အာမိသနှင့် မရောသော သုံးဆောင်ခြင်းဖြင့်၊ ယာဝအရုဏုဂ္ဂမနာ-အရုဏ်တက်သည်တိုင်အောင်၊ ဝဋ္ဋတိ ယေဝ- သည်သာ၊ သဗ္ဗပါနေသု-အလုံးစုံသော ဖျော်ရည်တို့၌၊ (ဇမ္ဗုပါနစသော ကြွင်းသောဖျော်ရည်တို့၌၊) သေ(ဿော)-ဤဆိုအပ်ပြီးသော အစိအရင်သည်၊ နယော-သိကြောင်း အစိအရင်တည်း။

ပန-ဆက်၊ တေသု-ထို ကြွင်းသောဖျော်ရည်တို့တွင်၊ ဇမ္ဗုပါနန္တိ- ကား၊ ဇမ္ဗုဖလေဟိ-သပြေသီးတို့ဖြင့်၊ ကတပါနံ- ပြုအပ်သောဖျော်ရည်တည်း၊ စောစပါနန္တိ-ကား၊ အဋ္ဌိကေဟိ- အစေ့ရှိကုန်သော၊ ကဒလိ ဖလေဟိ- တောငှက်ပျောသီးတို့ဖြင့်၊ ကတပါနံ-တည်း၊ မောစပါနန္တိ-ကား၊ အနဋ္ဌိကေဟိ-အစေ့မရှိကုန်သော၊ ကဒလိဖလေဟိ - အိမ်ငှက်ပျောသီးတို့ဖြင့်၊ ကတပါနံ- တည်း၊ မဓုကပါနန္တိ-ကား၊ မဓုကာနံ- သစ်မည်စည်သီးတို့၏၊ (မယ်ဇယ်သီးတို့၏၊) ဇာတိရသေန-ဖြစ်မြဲတိုင်းသောအရည်ဖြင့်၊ (ရေမပါသော ပင်ကိုယ်အသီးရည်ဖြင့်၊) ကတပါနံ-

× × × × × × ×

ကောင်း၊ ထို့ကြောင့် "ညနေ၌ရဟန်းကိုယ်တိုင် သရက်သီး, လိမ္မော်သီး, မန်ကျည်းသီး စသည်ကို အကပ်ခံ၍ ဖျော်ရည်မလုပ်ကောင်း" ဟု သတ်ပြုပါ။]

အနုပသမ္ပန္နေဟိ၊ပေ၊ဝဋ္ဋတိယေဝ ။ ။ပြခဲ့သော အစိအစဉ်ဖြင့် လူသာမဏေတို့ ပြုအပ်သောဖျော်ရည် ဖြစ်လျှင်ကား နံနက်၌ အကပ်ခံပြီးလျှင် ထိုနံနက်၌ ဆွမ်း – မုံ့စသော အာမိသတို့နှင့် ရောလျှက်လည်းစား၊ ကောင်း၏၊ ယခုအခါ ထောပတ်ဆွမ်းကပ်ရာ၌ ရှလဘတ်ရည်များကို သောက်သကဲ့သို့တည်း၊ ပစ္ဆာဘတ္တ၌ကား ဆွမ်းစသော အာမိသနှင့် မရောစေဘဲ ယာမကာလိက ထုံးစံအတိုင်း သောက်ကောင်း၏။

ဟေဋ္ဌိမတလေ ကုန္နော။ ။ဝိမတိ၌ “ ဋီတကုန္နော” ဟုရှိ၏၊ “ကုန္နော” အရ အရပ် ၄ မျက်နှာ၌တည်သော နံရံတည်း၊ အရပ် ၃ မျက်နှာသာ နံရံရှိလျှင် တမျက်နှာအတွက် သိမ်မသက်နိုင်။

ဟေဋ္ဌာဝိ ဩတရတိ။ ။ သစေ ဟောတ္တာ အန္တော ဘိတ္တိယံ ကေဝိသတိ ဘိက္ခူနံ ဩကာသော ဟောတိ၊ ဩတရတိ= အောက်ထပ်၌ရှိသော နံရံအတွင်း၌ ၂ ကျိပ်တပါး ဆန့်လျှင် အောက်ထပ်သို့လည်း သက်၏၊ ဩတရဏမာနာစ (သက်ပြန်သော်လည်း) ဥပရိ သိမပ္ပမာဏေန နှ ဩတရတိ = အထက်ထပ်၌ သိမ်ပမာဏ ရှိသည့်အတိုင်း အောက်ထပ်သို့ သက်သည်မဟုတ်၊ သမန္တာ ဘိတ္တိပ္ပမာဏေန ဩတရတိ=အောက်ထပ် ဝယ် ပတ်ဝန်းကျင်၌ရှိသော နံရံမာဏ ရှိသလောက်သာ သက်သည်၊–ဋီကာ။

နိယျူဟကာဒိသု ။ ။ နိယျူဟော နာဂဒန္တကော (အဘိဓာန်–၈၆၂)၊ ဆင်စွယ်ကောက်သည် နံရံ၏အတွင်းဘက်၌ ထွက်သော ဆင်စွယ်ကောက်မဟုတ်, အပြင်ထွက်သော ကောက်တည်း၊ ထို့ကြောင့် “ ပါသာဒဘိတ္တိ အန္တောသိမာယံ ဟောတိ ” ဟုဆိုသည်၊ အကယ်၍ နံရံအတွင်းဘက် ထွက်သေးကောက်၌ ကျောက်တုံးကို ချိတ်ဆွဲထားလျှင် နံရံသည် သိမ်၏ပြင်ဘက်၌ တည်ရလိမ့်မည်။

ဝိမတိ။ ။ဆင်စွယ်ကောံသည် နိမိတ်၏ဆွဲချိတ်ရာ ဖြစ်သောကြောင့် သိမ်သမုတ်ပြီးသောအခါ သိမ်အတွင်း၌တည်၏–ဟု ဝိမတိဆို၏၊ ဥပမာ–သိမ်တွင်း၌ ပေါက်နေသောသစ်ပင်သည် သိမ့်ပြင်သို့ကောက်၍ထွက်နေသော်လည်း သိမ္မဖြစ်သကဲ့သို့တည်း။

ထား၍၊ (ချိတ်ဆွဲထား၍၊) သီမံ-ကို၊ သစေ ဗန္ဓနာ၊ (ဧဝံသတိ)၊ ပါသာဒဘိတ္တိ-ပြာသာဒ်၏နံရံသည်၊ အန္တေ၁သီမာယံ - ၌၊ ဟောတိ၊ ပန - ဆက်၊ အသော- ထိုသိမ်၏၊ ဟေဋ္ဌာ–သို့၊ ဩတရဏာနေ၁တရဏံ- သက်ခြင်း မသက်ခြင်းကို၊ ဝုတ္တ နယေနေဝ-ဖြင့်သာ၊ ဝေဒိတဗ္ဗံ-၏။

ဟေဋ္ဌာပါသာဒေ-ပြာသာဒ်၏ အောက်၌၊ ကိတ္တေန္တေ ဟိဝိ–တို့သည်လည်း၊ ဘိတ္တိစ-နံရံကိုလည်း၊ ရုက္ခထမ္ဘာစ-သစ်သားတိုင်တို့ကိုလည်း၊ နကိတ္တေတဗ္ဗာ-ဂုန်၊ ပန–အန္တေယကား၊ ဘိတ္တိလဂ္ဂေ- နံရံ၌ ငြိကပ်နေကုန်သော၊ ပါသာဏတ္ထမ္ဘေ–ကျောက်တိုင်တို့ကို၊ ကိတ္တေတုံ ဝဋ္ဋတိ၊ ဧဝံ - သို့၊ ကိတ္တိတာ - ပြောပြအပ်သော နိမိတ်ရှိသော၊ သီမာ–သည်၊ ဟေဋ္ဌာ– ၌ ပါသာဒဿ- ၏၊ ပရိယန္တထမ္ဘာနံ–အစွန်ဖြစ်သောတိုင်တို့၏၊ အန္တေ၁ယေဝ-၌သာ၊ ဟောတိ၊ ပန-ဆက်၊ ပါသာဒဿ-ပြာသာဒ်၏၊ ဟေဋ္ဌာ-အောက်၌၊ ကုန္နော- နံရံသည်၊ ဥပရိမတလေန-အထက်အပြင်နှင့်၊ သမ္ဗန္ဓေါ– ဆက်စပ်သည်၊ သစေ ဟောတိ- အုံး၊ (ဧဝံသတိ)၊ ဥပရိ

× × × × × × × +

ဩတရဏာ ဧနာတရဏံ။ ။အဆက်ဆင် သီမပမာဏ၏ အတွင်းကျသော အောက်အထပ်ဝယ် နံရံ၎ဘက်သည် (ထုပ်လျောက်)အားဖြင့် အထက်ထပ်နှင့် တစေ့တည်း ဆက်စပ်နေသည်ပြင် ၂ ကိုဝ်တပါး နေဆိုင်လောက်မှ အောက်ထပ်သို့ သက်ပုံ, ထိုသို့ အင်္ဂါမစုံလျှင် အောက်ထပ်သို့ မသက်ပုံကို ဆိုပြီးအတိုင်းသိပါ။

ဟေဋ္ဌာ ပါသာဒေ။ ။ပြာသာဒ်၏ အထက်ထပ်၌ နိမိတ်ထား၍ သမုတ်ပုံကို ပြပြီး၍ အောက်ထပ်၌ နိမိတ်ထား၍ သမုတ်ပုံကို ပြလိုသောကြောင့် "ဟေဋ္ဌာ ပါသာဒေ"စသည်မိန့်၊ "ဘိတ္တိလဂ္ဂေ ပါသာဏထမ္ဘေ"ဟူသည် နံရံကိုကပ်၍ အတွင်းဘက်ကစိုက်ထားအပ်သော ကျောက်တိုင်များတည်း၊ အောက်မြေကြီးမစိုက်ဘဲ နံရံချိတ်ထားသော တိုင်များကိုလည်း "ဘတ္တိလဂ္ဂေ ပန ပါသာဏထမ္ဘေ"ဟု ဆိုနိုင်၏။

ပရိယန္တ ထမ္ဘာနံ အန္တေ၁ယေဝ။ ။နိမိတ်အပြင်၌ အစွန်ဆုံးကျသော ပတ်ပတ်လည် တိုင်များကို "ပရိယန္တ ထမ္ဘ" ဟု ဆိုသည်၊ ကျောင်းကြီးများ၌ အစွန်ဆုံးတိုင်များ၏ အတွင်း၌လည်း တိုင်အများ ရှိကြသေး၏၊ ထို့ကြောင့် "ပရိယန္တ ထမ္ဘ" ဟု ဝိဓသသနပြုသည်။

ဒိဗ္ဗတိ။ ။အတွင်းတိုင် အပြင်တိုင်တို့ဖြင့် ဆောက်တည်ထားကပ်သော ပြာသာဒ်ဝယ် အပြင်တိုင်များ၏အတွင်း၌ နိမိတ်ထား၍သမုတ်ရာ၌ ထိုသိုင်၏ အတွင်းကုဒသာတိုင်များဖြင့် ဆက်သွယ်ထားအပ်သော အထက်ထပ်သည် သိပ်၌တည်၏–ဟု ဆိုရာ၌ ငြင်းချက်မရှိပါ၊ သိပ်တွင်းတိုင်, သိပ်ပြင်တိုင်တို့ဖြင့် အညီအမျှ ဆောင်ထားအပ်သော အထက်ထပ်သည် အဘယ်သို့နည်း – ဟု မေ ရာ၌ " အထက်ထပ် တင်ကသာ သိပ်ခြင်း၏" ဟု ကေဒိဆရာတို့ ဆို၏၊ အပရေဆရာတို့ကား " အားလုံး ဂါမသိပ်သာ" ဟု ဆို၏၊ အဓိဆရာတို့ကား " အားလုံး မဋ္ဌသိပ်ခြင်း၏ " ဟု ဆို၏၊ ဤသို့ အဆိုကွဲပြားသဖြင့် ယုံမှားစရာဖြစ်သော အချာဝယ် ယုံမှားဘွယ်မရှိသော အရာဂ္ဂသာ တည်၍ ကံပြု၏။ ဤမဟုတ် ဆုံးဖြတ်ဘို့ရန် အကြောင်းကိုရှာ၍ ထို အဆုံးအဖြတ်အား လျော်စွာတုံပြုပါ–ဟု ဆိုသည်။

ပါဿာဒမိ့-ပြာသာဒ်၏အထက်သို့လည်း၊ အာဘိရုဟတိ-တက်ရောံ၏၊ ပါသာဒဿ-၏၊ ဗဟိ–၌၊ နိဗ္ဗောဒကပတနဋ္ဌာနေ-၌၊ နိမိတ္တာနိ သစေ ကရောန္တိ-နှံအံ့၊ (ဝေံသတိ)၊ သဗ္ဗော – သော၊ ပါသာဒေါ-ပြာသာဒ်သည်၊ သီမဋ္ဌော-သိမ်၌တည်သည်၊ ဟောတိ။

[ဥပရိပါသာဒေ၏အကျယ်ကို ပြပြီး၍ ပဗ္ဗတမတ္ထကေ၏ အကျယ်ကို ပြလိုသောကြောင့် ပဗ္ဗတမတ္ထကေ စသည်မိန့်။] ပဗ္ဗတမတ္ထကေ-တောင်ထိပ်၌၊ တလံ-တောင်အပြင်သည်၊ ကေဝိသတိယာ-သော၊ ဘိက္ခူနံ-တို့၏၊ ဩကာသာရဟံ–တည်နေခြင်းကို ထိုက်သည်၊ (တည်နေလောက်သည်၊) ဟောတိ-၏၊ တတ္ထ-ထိုတောင်အပြင်၌၊ ပိဋ္ဌိပါသဏဝိယ-ကျောက်ဖျာ၌ကဲ့သို့၊ သီမံ-ကို၊ ပန္ဓန္တိ-ဖွဲ့ကုန်အံ့၊ ဟေဋ္ဌာ ပမ္မတေပိ - တောင်၏ အောက်၌လည်း၊ တေနေဝ ပရိစ္ဆေဒေန - ထို အထက်၏ အပိုင်းအခြားဖြင့်ပင်၊ သီမာ-သည်၊ ဩတရတိ-သက်ဆင်း၏။

တာလမူလက ပဗ္ဗတေပိ–ထန်းမြစ်သဏ္ဌာန်ရှိသော တောင်၌လည်း၊ ဥပရိ-အပေါ်၌၊ သီမာ-သည်၊ ဗဒ္ဓါ–ဖွဲအပ်သည်၊ (သမာနာ) ဟောန္တာ–သို့၊ ဩတရတေဝ-သည်သာ၊ ပန-ဆက်၊ ယော-အကြင် တောင်သည်၊ ဝိတာနသဏ္ဌာနော-ဗိဘာန်မျက်နှာကြက်သဏ္ဌာန်ရှိသည်၊ ဟောတိ-၏၊ ဥပရိ-၌၊ ကေဝိသတိယာ–သော၊ဘိက္ခူနံ–တို့၏၊ ဩကာသော– တည်ရာအရပ်သည်၊ အတ္ထိ၊ ဟောန္တာ– ၌၊ နတ္ထိ၊ တသ- ထို ဗိတာန်မျက်နှာကြက် သဏ္ဌာန်ရှိသော တောင်၏၊ ဥပရိ - ၌၊ ဗဒ္ဓါ- အပ်သော၊ သီမာ-သည်၊ ဟောန္တာ-သို့၊ န ဩတရတိ၊ ဝေံ-ဤသို့လျှင်၊ မုဒိင်္ဂသဏ္ဌာနော၀ါ – မုရိုးစည် သဏ္ဌာန်ရှိသော တောင်သည်မူလည်း၊ ဟောတု-

× × × × × × ×

တာလမူလကပဗ္ဗတေ။ ။[ဝိမတိ၌ "တာလက္ခန္ဓမူလ ပဗ္ဗတေ" ဟု ရှိ၏။] ထန်းပင်စိုက်သောအခါ ထိုထန်းပင်ဖြစ်မည့် (ထန်းစေ့မှထွက်သော) အမြစ်ကို "တာလမူလ" ဟု ခေါ်၏၊ ထို ထန်းမြစ်သည် စား၍ ဖြစ်လောက်သော အခါ အရင်းဦးတုတ်၍ အဖျားတိုင်အောင် တဖြည်းဖြည်းသေးသွား၏၊ ထိုထန်းမြစ်နှင့်တူသော တောင်လည်း အောက်ခြေ၌ တုတ်၍ အထက်၌ ကျဉ်းရကား အထက်၌ သမုတ်အပ်သော သိမ်သည် အောက်သို့ သက်၏။

ဝိတာနသဏ္ဌာနော။ ။ "ဗိတာန် မျက်နှာကြက်သဏ္ဌာန်ရှိသော တောင်" ဟူသည် မှီကဲ့သို့ အပေါ်၌ဝဲနေသော, အောက်၌ကား မှီ၏ခြေထောက်ကဲ့သို့ သေးသော တောင်တည်း၊ ထို့ကြောင့် "ဟေဋ္ဌာ နဩတရတိ" ဟု ဆိုသည်၊ ["ဝိတာနသဏ္ဌာနောတိ–အဟိစ္ဆတ္တကသဏ္ဌာနော" ဟု ဝိမတိ၌ အဓိပ္ပါယ်ဖွင့်၏။]

မုဒိင်္ဂသဏ္ဌာနော။ ။ အောက်ပိုင်း သေး၍ အထက်ပိုင်း၌ ပြန့်ကျယ်သော တောင်ကို "မုဒိင်္ဂသဏ္ဌာန" ဟု ခေါ်၏၊ အောက်ပိုင်း၌ သိမ်ပမာဏမရှိလျှင် အောက်သို့ မသက်၊ ရှိလျှင်ကား အောက်သို့ သက်ပါ၏၊ [မုဒိင်္ဂသဏ္ဌာနော–ကို "ဟေဋ္ဌာ၀ါ"–နှင့် အဓိပ္ပါယ် တွဲစပ်ပါ။]

ဖြစ်ခဲ့စေ၊ ပဏာဝသဏ္ဌာနော်ဝါ- ထက်စည်သဏ္ဌာန်ရှိသော တောင်သည်မူလည်း၊ (ဟောတု၊)ယသ- အကြင်တောင်၏၊ ဟေဋ္ဌာဝါ- အောဝံ၌သော်၎င်း၊ မဇ္ဈေဝါ- အလယ်၌သော်၎င်း၊ သီခပ္ပမာဏံ- သိမ်၏ ပမာဏသည်၊ နတ္ထိ - အံ့၊ တသ - ထို တောင်၏၊ ဥပရိ- ၌၊ ဗဒ္ဓါ-သော၊ သိမာ-သည်၊ ဟေဋ္ဌာ- သို့၊ နေဝ သြဘရတိ။

ပန-ဆက်၊ ယသ-အကြင်တောင်၏၊ ဒွေ- ၂ ဘက်ကုန်သော၊ ကူဋာနိ-အဆွဲတို့သည်၊ အာသန္နေ-အနီး၌၊ ဋ္ဌိတာနိ-တည်ကုန်၏၊ ကေသဝိ-တခုသော တောင်ထွဋ်၏လည်း၊ ဥပရိ-၌၊ သီမပ္ပမာဏံ-သည်၊ နပ္ပဟောတိ- မလောက်၊ တသ-ထို တောင်၏၊ ကူဋန္တရံ-အဆွဲ ၂ ခုတို့၏ အကြားကို၊ ဝါ-၌၊ စိန်တွာဝါ- စိုးရွံ့သော်၎င်း၊ (အုပ်ငကျောက်စသည်တို့ကို စိုးရွံ့သော်၎င်း၊) ပူရေတွာဝါ- ပြည့်စေ၍သော်၎င်း၊(ခဲ, မြေတို့ကို ပြည့်စေ၍သော်၎င်း) ကောဗဒ္ဓံ-တစပ်တည်း စပ်သည်ကို၊ ကတွာ-ပြုပြီး၍၊ ဝါ-မှ၊ ဥပရိ- ၌၊ သီမာ-ကို၊ သမ္မန်တဗ္ဗာ။

ကောဇ - တမျိုးသော၊ သပ္ပဖဏသဒိသော - မြွေ၏ပါးပျဉ်းနှင့်တူသော၊ ပမ္ဗတော-သည်၊(ဟောတိ-ရှိ၏၊) တသ- ထိုတောင်၏၊ ဥပရိ-၌၊ သီမပ္ပမာဏသ-၏၊ အတ္ထိတာယ- ရှိသည်၏အဖြစ်ကြောင့်၊ သီမံ-ကို၊ ဗန္ဓန္တိ-ကုန်အံ့၊ တသ-ထို မြွေပါးပျဉ်းသဏ္ဌာန်ရှိသောတောင်၏၊ ဟေဋ္ဌာ-၌၊ အာကာသပဒ္ဓာရံ-လွင်ပြင်တောင်ဂုမ်းသည်၊ စေ ဟောတိ-အံ့၊ (ဝေဒံသတိ)၊ သီမာ-သည်၊ နသြဘရတိ၊ ပန-ဆက်၊ အသ-ထို အာကာသပဒ္ဓာရ၏၊ ဝေမဇ္ဈေ-အလယ်၌၊ သီမပ္ပမာဏော-သော၊ သုသိရပါသာဏော-အခေါင်းရှိသော ကျောက်တုံးကြီးသည်၊ သစေ ဟောတိ - အကယ်၍ရှိအံ့၊ (ဝေဒံသတိ)၊ သြဘရတိ - ၏၊ သောစပါသာဏော-ထိုအခေါင်းရှိသော ကျောက်တုံးကြီးသည်လည်း၊ သီမဋ္ဌောယေဝ-သိမ်၌ တည်သည်သာ၊ ဟောတိ၊ အသ - ထို မြွေပါးပျဉ်းနှင့်တူသော တောင်

× + × × × × × ×

ပဏာဝသဏ္ဌာနော ။ ။ခါးသေး၍ အထက်အောက် ပြန့်ကျယ်သောတောင်ကို "ပဏာဝသဏ္ဌာန" ဟု ခေါ်၏၊ ခါးအရပ်၌ သိမ်ပမာဏမရှိလျှင် အောက်သို့ မသက်နိုင်၊ [ခါးသေးသော်လည်း သိမ်ပမာဏရှိလျှင် အောက်သို့သက်နိုင်၏၊ ပဏာဝသဏ္ဌာနော ကို "မဇ္ဈေဝါ"နှင့် အဓိပ္ပါယ်တွဲစပ်ပါ။]

သပ္ပဖဏသဒိသော ။ ။မြွေ၏ပါးပျဉ်းသည် မြွေ၏ရှေ့သို့ အတော်ရှည်စွာ ထွက်နေသကဲ့သို့ တောင်၏အပြင်သို့ အတော်ရှည်စွာထွက်နေသော တောင်လက်မောင်းကို "သပ္ပဖဏသဒိသ" ဟု ဆို၏၊ အုပ်စသည်ဖြင့် စိဆားအပ်သော အကားမရှိဘဲ ဟားလာဟင်းလင်းဖြစ်သော တောင်ဂုမ်းကို "အာကာသပဒ္ဓာရ" ဟု ခေါ်သည်။

သစေ ပနဿ၊စေ၊သိမပ္ပမာဏော်ယေဝ ။ ။ဤသပ္ပဖဏသဏ္ဌာန်ရှိသော တောင်လက်မောင်း၏အောက်ဝယ် အလယ်ခေါင်၌ သိမ်ပမာဏရှိသော (အခေါင်းပါသော) ကျောက်တုံးရှိအံ့၊ ထို ကျောက်တုံးလည်း မြေကြီးထိအောင် တည်နေအံ့၊ ထို့ကျောက်တုံးအတွက် သိမ်သည် ပထဝီသန္နာရုဏရုတိုင်အောင် အောက်သို့သက်၏၊ ကျောက်တုံးကိုကား စတောင်မဟုတ်သောကြောင့် "သီမန္တရကျောက်" ဟု ဆိုရသည်။

လက်ဒမောင်း၏၊ ဟေဋ္ဌာ–ဋ္ဌ၊ လေဏဿ-လိုဏ်၏၊ (တမင်တူးအပ်သောလိုဏ်၏၊)ကုန္နော-နံရံသည်၊ အဂ္ဂဓောဋိ˚–အဖျားအစွန်ကို၊ (တောင်လက်မောင်း၏ အဖျားအစွန်ကို၊) အာဟစ္စ- ထိခိုက်၍၊ အထာပိ တိဋ္ဌတိ - အကယ်၍မူလည်း တည်အံ့၊(၈ဝံသတိပိ-သော်လည်း၊)ဩတရတိ၊ ဟေဋ္ဌာစ-ဋ္ဌဂင်း၊ ဥပရိစ-ဋ္ဌဂင်း၊ သီမာယေဝ-သည်သာ၊ ဟောတိ။

ပန-ဆက်၊ ဟေဋ္ဌာ- အောက်၌၊ (သပ္ပဖဏသဏ္ဌာန တောင်၏အောက်၌၊) ဥပရိမဿ-အထက်၌ဖြစ်သော၊ သီမာ ပရိစ္ဆေဒဿ - သိမ်အပိုင်းအခြား၏၊ ပါရတော-ထိုမှာဘက်၌၊ ဝါ- ထိုမှာဘက်ဖြစ်သော၊ အန္တော- အတွင်း၌၊ လေဏံ–လိုဏ်သည်၊ သစေ ဟောတိ – အကယ်၍ရှိအံ့၊ (ဧဝံသတိ)၊ ဗဟိ - ပြင်ဘက်၌၊ (တောင်၏ ပြင်ဘက်၌၊) သီမာ – သည်၊ နဩတရတိ၊ ဥပရိမဿ - အထက်၌ဖြစ်သော၊ သီမာ ပရိစ္ဆေဒဿ- ၏၊ ဩရတော- ဤမှာဘက်၌၊ ဝါ- ဤမှာဘက်ဖြစ်သော၊ ဗဟိ-ပြင်ဘက်၌၊ လေဏံ-သည်၊ အထာပိဟောတိ-အကယ်၍မူလည်း ရှိအံ့ (ဧဝံသတိပိ-သော်လည်း၊)အန္တော- ၌၊ သီမာ-သည်၊ နဩတရတိ၊ ဥပရိ-၌၊

× × × × × × ×

အထာပိဿ ၊ပေ၊ သီမာယေဝ ။ ။ ထို သပ္ပဖဏသဏ္ဌာန်ရှိသော တောင်၏ အောက်ဝယ် လိုဏ် (၇) ရှိ၏၊ ထိုလိုဏ်ကို အပြင်ဘက် နံရံထောင်သောအခါ သပ္ပဖဏ၏ အဖျားအစွန်တိုင်အောင် နံရံတက်ထား၏၊ ထို့ကြောင့် အောံသို့ သိမ်သက်၏၊ ဝေဖြင့် အောက်ထပ် သိမ်မဖြစ်ခြင်းကို တားမြစ်သည်။

သစေ ပန ဟေဋ္ဌာ။ ။ဤ “ သစေ ပန ဟေဋ္ဌာ ”မှစ၍ “ သီမာ ဥပရိယေဝ ဟောတိ၊ ဟေဋ္ဌာ နဩတရတိ”တိုင်အောင် သပ္ပဖဏသဒိသတောင်ပေါ်ဝယ် သမုတ်အပ်သောသိမ်၏ အောက်သို့ သက်ပုံ – မသက်ပုံကို နည်း၊ (၅) မျိုးဖြင့် ပြသည်၊ ထို (၅)မျိုးကား–(၁)သစေ ပန ဟေဋ္ဌာ, (၂)အထာပိ ဥပရိမဿ, (၃)အထာပိ ဥပရိသီမာယ, (၄)ယဒိ ပန လေဏံ, (၅)အထလေဏံ၊ ဤသို့ စတည်ထားသော ဝါကျ (၅)မျိုးဖြင့် ပြအပ်သောသိမ်များတည်း၊---ဝိမတိ။

(၁) **သစေ ပန ၊ပေ၊ နဩတရတိ။** ။သပ္ပဖဏ တောင်လက်မောင်းပေါ်၌ သမုတ်အပ်သော သိမ်အပိုင်းအခြား၏ အောံ၌ ဟာလာဟင်းလင်း လွင်ပြင်သာရှိ၏၊ ထို လွင်ပြင်၏ ထိုမှာဘက် (တောင်ခြေ) ဖြစ်သော အတွင်းဝယ် လိုဏ်ရှိအံ့၊ ထိုလိုဏ်သည် အထက်ပေါ်က သိမ်၏ အပိုင်းအခြားနှင့် မတည့်ဘဲ အတွင်းဘက် ရောက်နေသောကြောင့် ဗဟိသီမာ နဩတရတိ – သိမ်၏ပြင်ဘက် ဟာလာဟင်းလင်း အရပ်၌ သိမ်မသက်နိုင်။

(၂) **အထာပိ ၊ပေ၊ နဩတရတိ။** ။အထက်သိမ် အပိုင်းအခြား၏ ဤဘက်ဟု ဆိုအပ်သော အပြင်ဘက်၌ လိုဏ်ရှိ၏၊ [ဤလိုဏ်ကား တောင်ခေါင်း မဟုတ်, တမင်ပြုလုပ်အပ်သော လိုဏ်တည်း၊] ထိုလိုဏ်သည် အထက် သီမာပရိစ္ဆေဒ၏ အပြင် ရောက်နေရကား အန္တော သီမာ နဩတရတိ-လိုဏ်၏အတွင်းဘက်ကျသော အထက် သိမ်နှင့် တည့်နေသောအရပ်ဝယ် (ဟာလာဖြစ်နေသောကြောင့်) သိမ်မသက်နိုင်။

ပေတွာ–ခင်းစေပြီး၍၊ ဒါနဉ္စ – လှူဘွယ် အစားအသောက်ကိုလည်း၊ ဘုဉ္ဇိတွာ–စားသောက်ပြီး၍၊ ဂမိဿန္တိ - ပြန်ကြွကုန်လတံ့၊ အာနိသံသော ပန–အဝတ်သက်နိုးဟူသော အာနိသင်သည်ကား၊ ဇာတရဿံယေဝ–အခြားသော ရဟန်းတို့၏သာ၊(ခန္ဓကဘာဏကထေရ်တို့မှတပါးသော ကထိန်ရှင် ရဟန်းတို့၏သာ၊) ဟောတိ။ [ဤတွင် " ကထိနတ္ထာရံ ကေ လဘန္တိ၊ ကေ နလဘန္တိ " ဟူသော ပုစ္ဆာနှင့်စပ်၍ အကျယ်ပြီးပြီ။]

ကထိနံ-သည်၊ ဝါ-ကို၊ ကေန- အဘယ်ပုဂ္ဂိုလ်သည်၊ ဒိန္နံ- ပေးလှူအပ်သည်၊ (သမာနံ)ဝန္တိ-အပ်သနည်း၊(ဇာတိ-ဤကား အမေးတည်း၊ ကထိနံ) ယေန ကေနစိ-အမှတ်မထား တပါးပါးသော၊ဒေဝေန ဝါ-နတ်သည်သော်၎င်း၊မနုဿေန ဝါ-သည်သော်၎င်း၊ ပဉ္စန္နံ-ငါးပါးကုန်သော၊ သဟဓမ္မိကာနံ–သီတင်းသုံးဘော်တို့တွင်၊ အညတရေန ဝါ – တပါးပါးသည်သော်၎င်း၊ ဒိန္နံ (သမာနံ) ဝန္တိ၊ (ဇာတိ-ဤကား အဖြေတည်း၊)ကထိနဒါယကဿ-ကထိန်ဒါယကာ၏၊ ဝတ္တံ-ကျင့်ဝတ်သည်၊ အတ္ထိ၊ သော–ထိုကထိန်ဒါယကာသည်၊ တံ-ထို ကျင့်ဝတ်ကို၊ အဇာနန္တော-မသိသည်၊ (ဟုတ္ဘာ)၊ သစေ ပုစ္ဆတိ-အံ့၊ (ကိံ)၊ ဘန္တေ,ကထံ-အဘယ်သို့လျှင်၊ (အဘယ်နည်းဖြင့်၊) ကထိနံ–ကထိန်သင်္ကန်းကို၊ ဒါတဗ္ဗံ–လှူဆိုက်ပါသနည်း၊ ဇာတိ-ဤသို့၊(သစေ ပုစ္ဆတိ၊ ဝေံသတိ)၊ တဿ-ထိုမေးသော ကထိန်ဒါယကာအား၊ ဧဝံ - ဤသို့၊ အာစိက္ခိတဗ္ဗံ- ပြောပြရာ၏၊ (ကိံ)၊ တိက္ခိုံ-သုံးထည့်ကုန်သော၊ စီဝရာနံ- တို့တွင်၊ အညတရပ္ပဟောနကံ - တထည်ထည်ကို လောက်သော၊ သူရိယုဂ္ဂမနသမယေ - နေထွက်ရာ အခါ၌၊ ဝတ္ထုံ – အဝတ်ကို၊ ကထိနစီဝရံ ဒေမာတိ-ဟူ၍၊ (ကထိန်လျာအဝတ်ကို လှူပါကုန်၏ဟူ၍၊ ဝတ္တာ-လျောက်၍၊) ဒါတုံ ဝန္တိ၊ တဿ – ထို ကထိန်လျာ အဝတ်၏၊ ပရိကမ္မတ္ထံ-အဖန်ဖန် ပြုဘွယ်ကိစ္စအကျိုးငှါ၊ တ္ထေကာနာမ – ဤမျှ အတိုင်း အရှည်ရှိကုန်သည် မည်သော၊ သူစိယော–အပ်တို့ကိုလည်း၊ တ္ထေကံ- သော၊ သုတ္တံ-ချည်ကိုလည်း၊ တ္ထေကံ - သော၊ ရဇနံ - ဆိုးရည်ကိုလည်း၊ ပရိကမ္မံ - အဖန်ဖန် ပြုဘွယ်ကိစ္စကို၊ (သင်္ကန်းချုပ်ခြင်းစသော ကိစ္စကို၊)ကာရာပနာနံ-ပြုကုန်သော၊ တ္ထေကာနံ- ဤမျှ အတိုင်းအရှည်ရှိကုန်သော၊ ဘိက္ခူနံ-တို့ဘို၊ ယာဂုဘတ္တဿ-ယာဂု, ဆွမ်းကိုလည်း၊ ဒါတုံ ဝန္တဟ-သင့်၏၊ ဇာတိ (အာစိက္ခိတမ္မံ)။

× × × × × × × ×

သူရိယုဂ္ဂမန၊ဝေ၊ဒေမ။ ။သံဃဲ့ခရွေမှောက် လာရောက်၍ "ကထိနစီဝရံ ဒေမ" ဟု လှူသောကြောင့် ထိုမျှလောက် ဆိုရုံဖြင့် သံဃိကဖြစ်၍ ကထိနခင်းကောင်းတော့၏၊ သို့သော် ရွေးခတ်က သင်္ကန်း မချုပ်ရသေး၍ ထိုနေ့၌ သင်္ကန်းပြီးအောင် ချုပ်ပြီး ဆိုးပြီးလျှင် ကထိနခင်းရမည် ဖြစ်သောကြောင့် " သူရိယုဂ္ဂမနသမယေ " ဟု ဆိုသည်၊ ယခုအခါ၌ကား ချုပ်ပြီး ဆိုးပြီး သင်္ကန်းကို လှူသောကြောင့် မည်သည့်အချိန်၌ မဆို လှူနိုင်ပါသည်။

၆၈ (ဇာဘဝါ)

ကထိနတ္ထာရကေနာပိ– ကထိန်ခင်းမည့် ရဟန်းသည်လည်း၊ ဓမ္မေန–တရား နှင့်၊ သမေန-ညီညွတ်သဖြင့်၊ ဥပ္ပန္နံ-သော၊ ကထိနံ- ကို၊ အတ္ထရန္တေန-ခင်းလိုလ သော်၊ ဝတ္တုံ – ကျင့်ဝတ်ကို၊ ဇာနိတဗ္ဗံ – သိထိုက်၏၊ [အာပဇ္ဇဒါဖြင့် ကထိန ဒါယကာကိုပေါင်း၊ ကထိနဒါယကာကသာ ကျင့်ဝတ်ကိုသိရမည်မဟုတ်သေး၊ ကထိနတ္ထာရက ရဟန်းကလည်း ကျင့်ဝတ်ကိုသိရမည် – ဟူလို။] ဟိ- ခဲ့၊ တန္တ ဝါယ ဧဝဟတော-ရက်ကန်းသည်တို့၏အိမ်မှ၊ အာဘတ သန္တာနေနေဝ-ဆောင် ယူအပ်သောအစဉ်ဖြင့် သာလျှင်၊ ခလိမက္ခိတသာဋကော-ကစီရေတို့ဖြင့် လိမ်းကျံ၊ အပ်သော အဝတ်သည်၊ န ဝဋ္ဋတိ – မအပ်၊ [အစာမချေရသေးဘဲ ကစီရည် ထမင်းရည် ကော်ရည်ရှိသော အဝတ်မျိုးသည် ကထိန်ခင်းခြင်းငှါ မအပ် - ဟူလို၊ ခလိမက္ခိတသာဋကောတိ အဟတဝတ္ထုံ (အစာ မချေရသေးသော အဝတ်ကို၊) သန္ဓာယ ဝုတ္တံ၊–ဋီကာ။] မလိန သာဋကောပိ - အညစ်အကြေးရှိသော အဝတ် သည်လည်း၊ န ဝဋ္ဋတိ၊ [မလံ + ယဿ + အတ္ထိတိ မလိနော၊ ဏ (ဏန်စ်) ပစ္စည်း၊] တဿ-ကြောင့်၊ ကထိနတ္ထာရ သာဋကံ - ကထိန်ခင်းကြောင်းအဝတ် ကို၊ လဘိတွာ- ၍၊ ဝါ- သော်၊ သုဒ္ဓ- ကောင်းစွာ၊ ဓောဝိတွာ- ဖွပ်လျော်ပြီး၍၊ (ကစီရေနှင့် အညစ်အကြေးကင်းအောင် ဖွပ်လျော်ပြီး၍၊) သုစိအာဒိနိ - အပ် အစရှိကုန်သော၊ စီဝရကမ္မူပ ကရဏာနိ-သင်္ကန်းချုပ်ခြင်း ဆိုးခြင်း၏အဆောက် အဦးတို့ကို၊ သဇ္ဇေတွာ- ပြင်ဆင်ပြီး၍၊ ဗဟူဟိ - ကုန်သော၊ ဘိက္ခူဟိ - တို့နှင့်၊ သဒ္ဓိံ - တကွ၊ တဒဟေဝ - ထိုနေ့ဦးပင်၊ (အဝတ်ရရာနေ့ဦးပင်၊) သိဗ္ဗိတွာ-ချုပ် ပြီး၍၊ နိဋ္ဌိတသုစိကမ္မံ-ပြီးပြီးသော အပ်အမှုရှိသောအဝတ်ကို၊ရဇိတွာ-ဆိုးပြီး၍၊ ကပ္ပဗိန္ဒုံ-ကပ္ပဗိန္ဒုကို၊ ဒတွာ- ပေးပြီး၍၊ ကထိနံ - ကို၊ အတ္ထရိတဗ္ဗံ - ခင်းရာ၏၊ [ကထိန်အဝတ်ကို အလှူခံပြီးနောက် တရက်လွန်သွားလျှင် ကထိန်မခင်းကောင်း သောကြောင့် "တဒဟေဝ၊ပေ၊အတ္ထရိတဗ္ဗံ" ဟု ဆိုသည်။]

တသ္မိံ-ထိုကထိန်ကို၊ အနတ္ထတာယေဝ-မခင်းအပ်သေးမီသာလျှင်၊ အညံ– သော၊ ကထိနသာဋကံ-ကထိန်လျှာအဝတ်ကို၊ သစေ အာဟရတိ– အကယ်၍ ဆောင်ယူလာခဲ့၊ စ – ဆောင်ယူလာရုံသာ မကသေး၊ အညာနိ – ကထိန်လျှာ အဝတ်မှတပါးကုန်သော၊ ဗဟူနိ-ကုန်သော၊ ကထိနာနိသံသဝတ္ထာနိ-ကထိန်၏ အာနိသင်ဖြစ်သော အဝတ်တို့ကို၊ (သစေ) ဒေတိ - ခဲ့၊ (ဝံသတိ)၊ ယော – အကြင်ဒါယကာသည်၊ အာနိသံသံ–အာနိသင်အဝတ်ကို၊ ဗဟုံ-စွာ၊ဒေတိ-၏၊ တဿ-ထိုဒါယကာ၏၊ သန္တာနေနေဝ–ဥစ္စာဖြစ်သော သင်္ကန်းဖြင့်သာ၊ အတ္ထရိ တဗ္ဗံ-ရာ၏၊ ဏ တရော–အခြားသောဒါယကာကို၊ (အာနိသင်အဝတ်ကို များစွာ လှူနိုင်သော ဒါယကာမှတပါး မလှူနိုင်သော ဒါယကာကို၊) ယထာတထာ – အမှတ်မထား တပါးပါးသောအခြင်းအရာအားဖြင့်၊ သြဝဒိတွာ-ဆုံးမ၍၊ သညာ ပေတမ္ပေါ- နားလည်စေထိုက်၏။ [အသင်ဒါယကာ၏ဥစ္စာထက် ထိုဒါယကာ၏

ဥစ္စာက သံယာအား ကျေးဇူးများ ပါသည်၊ သံယာအား ကျေးဇူးများခြင်းကို အသင်ဒါယကာလည်း လိုလားထိုက်ပါသည်၊ ဤသို့ လိုလားသော အသင့်မှာ များစွာ ကောင်းမှုတိုးပါသည်၊ ဤသို့စသည်ဖြင့် ဩဝါဒပေးခြင်းကို " ယထာ တထာ ဩဝဒိတ္ထာ"ဟု ဆိုသည်၊–ယောဇနာ။]

ပန-ကား၊ ကထိနံ-ကို၊ ကေန-အဘယ်ရဟန်းသည်၊ အတ္ထရိတမ္ဗံ-ခင်းနိုင်ပါသနည်း၊ (ဇုတိ–ဤကား အမေးတည်း၊)ယသ-အကြင်ရဟန်းအား၊ သံယော-သည်၊ ကထိနစီဝရံ-ကို၊ ဒေတိ-၏၊ (ဥတ်ကမ္မဝါစာဖြင့်ခပေး၏၊ တေန-သံယာက ပေး၍ သက်နှံးရသော ထိုရဟန်းသည်၊ ကထိနံ အတ္ထရိတမ္ဗံ၊ ဇုတိ - ဤကား အဖြေတည်း၊)သံးယနပန-သည်ကား၊ ကဿ-အား၊ ဒါတမ္ဗံ-ပေးထိုက်သနည်း၊ (ဇုတိ - ဤကား အမေးတည်း၊) ယော - အကြင်ရဟန်းသည်၊ ဇိဏ္ဏစီဝရော–ဟောင်းနွမ်းသောသင်္ကန်း ရှိသည်၊ ဟောတိ၊ (တဿ ဒါတမ္ဗံ၊ ဇုတိ- တည်း၊) ဗဟူ-များစွာသောရဟန်းတို့သည်၊ ဇိဏ္ဏစီဝရာ-ကုန်သည်၊ သစေ ဟောန္တိ၊ (ဧဝံ သတိ၊) ဝုမှဿ-သီတင်းကြီးရဟန်းအား၊ ဒါတမ္ဗံ-ပေးရာ၏၊ ဝုမှေသုပိ- သီတင်းကြီး ရဟန်းတို့တွင်လည်း၊ ယော-အကြင်ရဟန်းသည်၊ မဟာပရိသော-များသော ပရိသတ်ရှိသည်၊ (ဟုတ္ဝာ)၊ တဒဟေဝ - ထို အဝတ်ရရာနေ့၌ပင်၊ စီဝရံ - ကို၊ ကတ္ဝာ- ၍၊ အတ္ထရိတုံ, သင်္ကောတိ- စွမ်းနိုင်၏၊ တဿ ဒါတမ္ဗံ၊ ဝုမှော- သည်၊ သစေ နှ သင်္ကောတိ - အုံ၊ (ပရိသတ် အခြေအရံမရှိ၍ မစွမ်းနိုင်အုံ၊) နဝက တရော– သီတင်းငယ်ရဟန်းသည်၊ (သစေ) သင်္ကောတိ၊ (ပရိသတ် အခြေအရံ ရှိ၍ စွမ်းနိုင်အုံ၊) (ဧဝံသတိ)၊ တဿ- ထိုသီတင်းငယ်အား၊ ဒါတမ္ဗံ၊ အပိစ–သို့သော်လည်း၊ (သီတင်းငယ်အား ပေးရာပါသော်လည်း၊) သံယေန – သည်၊ မဟာထေရဿ-အား၊ သင်္ဃဟံ– သင်္ဂြိဟ်ချီးမြှင့် ထောက်ပင့်ခြင်းကို၊ ကာတုံ–၄၊ ဝဋ္ဋတိ-သင့်၏၊ တသ္မာ-ကြောင့်၊ ဘန္တေ, တုမှေ-တို့သည်၊ ဂဏ္ဍထ-ခံယူပါကုန်၊ မယံ-တို့သည်၊ ကတ္ဝာ–၍၊(သက်နှံးဖြစ်အောင်ပြု၍၊) ဒဿာမ-ခပေးပါကုန်အုံ၊ ဇုတိ–သို့၊ ဝတ္တမ္ဗံ-လျှောက်ရာ၏။

တီသု–ကုန်သော၊ စီဝရေသု–တို့တွင်၊ ယံ– အကြင်သင်္ကန်းသည်၊ ဇိဏ္ဏံ–ဟောင်းနွမ်းသည်၊ ဟောတိ၊ တဒတ္ထာယ- ထိုဟောင်းနွမ်းသော သင်္ကန်းအကျိုး၄၊ ဒါတဗ္ဗံ-ရာ၏၊ ပကတိယာ-ပင်ကိုယ်အားဖြင့်၊(နဂိုရောကပင်၊)ဒုပဋ္ဋစီဝရဿ-နှစ်ထပ်နှစ်လွှာ သင်္ကန်းရှိသော ရဟန်းအား၊ ဒုပဋ္ဋတ္ထာယေဝ– နှစ်ထပ်နှစ်လွှာ အကျိုး၄ပင်၊ ဒါတဗ္ဗံ၊ [ရှေးက သင်းပိုင်စသည်တို့ ပါးသည့်အတွက် နှစ်ထပ်ထပ်၍ ချုပ်လေ့ရှိကြသည်၊] အဿ- ထိုရဟန်း၏၊ ကေပဋ္ဋစီဝရံ-တထပ်တလွှာရှိသောသင်္ကန်းသည်၊ ယဒုံ- ဝိတ်ဝိတ်သဲသဲ, တခဲနက်သည် ၊သစေဝိ ဟောတိ–အာကယ်၌မူလည်း ဖြစ်အုံ၊ ကထိနသာဋကော စ – ကထိန်လျော အဝတ်သည်လည်း၊ ပေလဝေါ-ကျသည်၊ ဝါ-ပါးသည်၊ (သစေ ဟောတိ–အုံ၊ ဧဝံသတိ)၊

သာရုပ္ပတ္ထာယ-လျောက်ပတ်သည်၏ အဖြစ်ဟူသောအကျိုးငှါ၊ ဒုပန္နပ္ပဟောနကမေဝ- နှစ်ထပ်နှစ်လွှာလောက်သော အဝတ်ကိုသာ၊ ဒါဟမ္ဘံ- ၏၊ အဟံ-တပည့်တော်သည်၊ အလဘန္တော – မရလသော်၊ (နှစ်ထပ်နှစ်လွှာ သင်္ကန်းကို မရလသော်၊) ကေပန္ဒံ-တထပ်တလွှာရှိသောသင်္ကန်းကို၊ ပါရုပါမိ–ရန်းပါ၏၊ ဇုတိ-သို့၊ ဝဒန္တာသပိ-ပြောသောရဟန်းအားလည်း၊ (ကထိန်ခံမည့်ရဟန်းကို ဆိုလိုသည်၊) ဒုပန္နံ-နှစ်ထပ်နှစ်လွှာရှိသော သင်္ကန်းကို၊ ဒါတုံ ဝဋ္ဋတိ၊ ပန–ဗျတိရိက်၊ ယော – အကြင် ရဟန်းသည်၊ လောဘပကတိကော - လောဘသဘောရှိသည်၊ ဟောတိ-၏၊ တဿ–အား၊ နဒါတဗ္ဗံ၊ တေနာပိ-ထိုရဟန်းသည်လည်း (ဒုပ္ပန္နပ္ပဟောနကအဝတ်ကို ရသောရဟန်းသည်လည်း၊)ကထိနံ-ကို၊ အတ္ထရိတွာ-၍၊ ပစ္ဆာ-နောင်မှ၊ ဝိသိဗ္ဗိတွာ-ဖြည်၍ (နှစ်ထပ်နှစ်လွှာကိုဖြည်၍၊) ဒွေ- ၂ ထည်ကုန်သော၊ စီဝရာနိ-တို့ကို၊ ကရိဿာမိ-အံ့၊ ဇုတိ–ဤသို့ကြံ၍၊ နဂဟေတဗ္ဗံ-ထိုက်၊ (ဒုပန္နသင်္ကန်းကို မယူထိုက်၊) ပန-ဆက်၊ ယဿ-အကြင်ရဟန်းအား၊ ဒီယတိ-ပေးအပ်၏၊ တဿ-ထိုပေးရာရဟန်းအား၊ ယေနဝိမနာ-အကြင်အစီအစဉ်ဖြင့်၊ ဒါတဗ္ဗံ–ပေးရာ၏၊ တံ-ထိုအစီအစဉ်ကို၊ ဒဿေတုံ-ငှါ၊ ဝေဠုပေ၊ အတ္ထရိတဗ္ဗန္တိ-ဟူ၍၊ အာရဘိတွာ - အားထုတ်တော်မူပြီး၍၊ သုဏာတု မေ ဘန္တေ အာဒိကာ - အစရှိသော၊ ဒါနကမ္မဝါစာ – ဒါနကမ္မဝါစာကို၊ တာဝ - ရှေးဦးစွာ၊ (ကထိန်ခင်းပုံအစီအစဉ်မှ ရှေးဦးစွာ၊ ဘဂဝတာ)ဝုတ္တာ-ပြီ၊["ဒါနကမ္မဝါစာတိ ကထိနဒုဿဒါနကမ္မဝါစာ-ကထိန်လျှာအဝတ်ကိုပေးကြောင်း ကမ္မဝါစာ" ဋီကာ။]

ပန-ဆက်၊ ဝံ- ဤသို့၊ (ဤ ဆိုအပ်ပြီးသော အစီအစဉ်ဖြင့်၊) ကထိနေ–ကထိန်လျှာ အဝတ်ကို၊ ဒိန္နေ-ပေးအပ်ပြီးသော်၊ တံကထိနဒုဿံ-ထိုကထိန်လျှာအဝတ်သည်၊ နိဋ္ဌိတပရိကမ္မမေဝ - ပြီးပြီးသော ပရိကမ်ရှိသည်သာလျှင်၊ သစေ ဟောတိ-အံ့၊(ချုပ်မှု ဆိုးမှု ပရိကမ်ကို ပြုပြီးဖြစ်အံ့၊) ဇုတိ-ဤသို့ ဖြစ်လသော်၊ တေံ-ဤသို့ အပြီးအစီး ဖြစ်ခြင်းသည်၊ ကုသလံ-ကောင်း၏၊[ဤစကားနှင့် အညီ ယခုအခါ ချုပ်ပြီး ဆိုးပြီး သင်္ကန်းကိုရသောကြောင့် ကောင်းပါပေသည်။]နိဋ္ဌိတပရိကမ်-သည်၊ နောစေ ဟောတိ-အံ့၊ (ဝံသတိ)၊ အဟံ - ငါသည်၊ ထေရော-ထေရ်တည်း၊ ဇုတိဝါ-ဤသို့သော်ငင်း၊(အဟံ)ဗဟုသုတော- များသော သုတာရှိသူတည်း၊ ဇုတိဝါ-သော်ငင်း၊ (ဝတ္တာ)၊ ဧကေနာပိ - တပါးသော ရဟန်းသည်လည်း၊ အကာတုံ-မပြုခြင်းငှါ၊(သင်္ကန်းကို ကူညီ၍မပြုလုပ်ခြင်းငှါ၊) နလဗ္ဘတိ–မရအပ်။ [အကာတုံ နလဗ္ဘတိတိ ဇုမိနာ အနာဒရိယေန အကရောန္တသဒ္ဒဉ္ဇန်၊ ဒီပေတိ၊–ဋီကာ၊] သမ္ဗဟေဝ - အလုံးစုံသော ရဟန်းတို့သည်သာ၊ (ထေရနဝမဇ္ဈိမ ဗဟုသုတ အပ္ပသုတ ရဟန်းအားလုံးတို့ သည်သာ၊) သန္နိပတိတွာ– စုဝေး၍၊ ဓောဝန သိဗ္ဗန ရဇနာနိ - ဖွပ်လျော်ခြင်း, ချုပ်ခြင်း, ဆိုးခြင်း

တို့ကို၊ နိဒ္ဒါပေတမ္ဘာနိ - ပြီးစေထိုက်ကုန်၏၊ ဟိ- မှန်၊ ဣဒံ ကထိနဝတ္ထုံ နာမ-ဤကထိန် ကျင့်ဝတ်မည်သည်ကို၊ ဗုဒ္ဓပ္ပသတ္ထုံ- ဘုရားရှင်တို့ ချီးမွမ်းတော်မူအပ်ပြီ၊ အတီတေ- လွန်လေပြီးသော အခါ၌၊ ပဒုမုတ္တရော- ပဒုမုတ္တိုရ်မည်တော်မူသော၊ ဘဂဝါဒိ-သည်သော်လည်း၊ ကထိနဝတ္ထုံ-ကို၊ အကာသိ-ပြုတော်မူပြီ၊ တဿ-ထို ပဒုမုတ္တိုရ် ဘုရားရှင်၏၊ အဂ္ဂသာဝကော—အဂ္ဂသာဝကဖြစ်သော၊ သုဇာတ ထေရောနာမ- သုဇာတထေရ် မည်သည်၊ ကထိနံ- ကထိန်သင်္ကန်းကို၊ ဂဏှိကိရ-ယူသတတ်၊ တံ- ထိုကထိန်သင်္ကန်းကို၊ သတ္ထာ—ပဒုမုတ္တိုရ် မြတ်စွာဘုရားသည်၊ အဋ္ဌသဋ္ဌိယာ ဘိက္ခု သတသဟဿေဟိ – ခြောက်သန်း ရှစ်သိန်းသော ရဟန်းတို့နှင့်၊ သဒ္ဓိ-အတူ၊ နိသီဒိတ္ထာ-ထိုင်တော်မူ၍၊ အကာသိ-ပြုတော်မူပြီ။

ပန-ဆက်၊ ကတပရိယောသိတံ-ပြုအပ်ပြီး ပြီးဆုံးစေအပ်ပြီးသော၊[“ကတာ ကတ ဝေါဟာရ”၌ မပြီးသေးသော်လည်း ပြီးခါနီးကို “ကတ”ဟု ခေါ်ရသော ကြောင့် ဤ၌ ပြီးပြီး ဖြစ်ကြောင်းကို ပြလို၍ “ပရိယောသိတံ” ဟု ထည့်သည်၊] ကထိနံ- ကထိန်သင်္ကန်းကို၊ ဂဟေတ္ဝာ–ယူ၍၊ အတ္ထာရကေန - ခင်းလိုသော၊ ဘိက္ခုနာ-သည်၊ သစေ၊ပေ၊ဘိန္ဒိတဗ္ဗာတိ အာဒိနာ-အစရှိသည်သော၊ ပရိဝါရေ-ပရိဝါပါဠိတော်၌၊ ဝုတ္တ ဝိဓာနေန – ဆိုအပ်ပြီးသော အစီအစဉ်ဖြင့်၊ ကထိနံ အတ္ထရိတဗ္ဗံ၊ [သံဃာဋိယာ–သင်္ကန်းကြီးဖြင့်၊ ကထိနံ-ကို၊ အတ္ထရိတုကာမော-ခင်းလိုသည်၊ သစေ ဟောတိ-အံ့၊(ဧဝံသတိ)၊ ပေါရာဏိကာ – ရှေးဦးဖြစ်သော

× × × × × × ×

အတ္ထာရကေန ဘိက္ခုနာ။ ။ဤကတ္ထားပုဒ်ကို “သစေ သံဃာဋိယာ၊ပေ၊ ဘိန္ဒိတဗ္ဗာ” တိုင်အောင်သော ပရိဝါပါဠိတော် အတွင်းကြိယာတို့၌ မစပ်ဘဲ “ကထိနံ အတ္ထရိတဗ္ဗံ” ဝယ် “အတ္ထရိတဗ္ဗံ” ကြိယာ၌ပင်၊ “အတ္ထရိတ္ထ”၌ စပ်၍ယ ဆိုက်၍ “တေန ကထိနတ္ထာရကေန ဘိက္ခုနာ၊ပေ၊ အနုမောဒါမ” တိုင်အောင်သော ပရိဝါပါဠိတော်ကို ကျော်၍“အနုမောဒါပေတဗ္ဗံ”၌ပင်၊ စပ်ပါ၊ ပါဠိတော်အတွင်း၌ရှိသော ကြိယာများအတွက် ကတ္တားကား “တေန ကထိနတ္ထာရကေန ဘိက္ခုနာ” ဟု ၎င်း၊ “တေဟိ အနုမောဒကေဟိ ဘိက္ခုဟိ” ဟုလည်း ပါဠိတော်၌ပင် တိုက်ရိုက်လာသည်၊ ဤသို့ ပါဠိတော် စကားနှင့် အဋ္ဌကထာ စကားကို မခွဲခြားလျှင် စာစပ်မှားတတ်သည်။

ပေါရာဏိကာ၊ပေ၊အဓိဋ္ဌာတဗ္ဗာ ။ ။“သင်္ကန်းကြီး အခေါင်းကို ပစ္စုဒ္ဓိရ်ပြုရမည်”ဟူရာ၌ နဂိရိက အဓိဋ္ဌာန်တင်၍ ဆောင်ထားသော ရဟန်းကို ရည်ရွယ်သည်၊ နဂိရိကပင် အဓိဋ္ဌာန်မတင်ဘဲ ဝိကပ္ပနာပြု၍ ဖြစ်စေ, ပရိက္ခာရစောင္ အဓိဋ္ဌာန်တင်၍ ဖြစ်စေ ထားလျှင် ထိုသင်္ကန်းကြီးကို ပစ္စုဒ္ဓိရ် ပြုဘွယ်မလို၊ မှန်၏ – အချို့ပုဂ္ဂိုလ်မှာ သင်္ကန်းကြီး မရှိသော်လည်း အသစ် သင်္ကန်းကြီးဖြင့် ကထိနခင်းနိုင်သေး၏၊ ထိုသို့ မရှိသော ပုဂ္ဂိုလ်သည် အဘယ်သို့လျှင် ပစ္စုဒ္ဓိရ် ပြုနိုင်ပါတော့အံ့နည်း၊ အချို့ကား “ပေါရာဏိကာ သံဃာဋိ ပစ္စုဒ္ဓါတဗ္ဗာ”ဟု ဆိုသောကြောင့် ကထိနခင်းခါနီးမှ ပစ္စုဒ္ဓိရ်ပြုဘို့ရန် ရှိပြီးသင်္ကန်းကြီးကို စတိသဘောအားဖြင့် အဓိဋ္ဌာန်တင်ကြသေးသတတ်၊ ထိုကဲ့သို့ အဓိဋ္ဌာန်တင်ဘွယ် မလိုပါ။

(အဟောင်းဖြစ်သော)၊ သံယာဋ္ဌိ-ကို၊ ပစ္စုဒ္ဓရိတဗ္ဗာ- ပစ္စုဒ္ဓါရ်ပြုထိုက်၏၊ နဝါ-အသစ်ဖြစ်သော၊ သံယာဋ္ဌိ-သင်္ကန်းကြီးကို၊ အဓိဋ္ဌာတဗ္ဗာ-အဓိဋ္ဌာန်တင်ထိုက်၏၊ ဇုမာယ သံယာဋ္ဌိယာ ကထိနံအတ္ထရာမိတိ-ဇုမာယ၊ပေ၊မိဟ္ဂ၍၊(ဤသင်္ကန်းဖြင့် ကထိန်ခင်းပါ၏-ဟူ၍) ဝါစာ-နှုတ်ကို (စကားလုံးကို)၊ ဘိန္ဒိတဗ္ဗာ-ခွဲခြားထိုက်၏၊ ဝါ-မြွက်ဆိုထိုက်၏။

စပန—ထပ်၍ဆက်၊ အတ္ထရိတ္ဗာ-ခင်းပြီး၍၊ တေန ကထိနတ္ထာရကေန ဘိက္ခု နာ၊ပေ၊ အနုမောဒါမာတိ-ဟူ၍၊ ဧဝမာဒိနာ- ဤသို့အစရှိသော၊ ပရိဝါရေ-၌၊ ဝုတ္တာဝိဓာနေနေဝ-ဖြင့်ပင်၊(ရှေး၌ ဝုတ္တာဝိဓာနေန—ဟု ပါပြီးဖြစ်၍ "ဝုတ္တာဝိဓာနေနေဝ" ဟု ဆိုသည်၊)အနုမောဒါပေတဗ္ဗံ-အနုမောဒနာပြုစေထိုက်၏၊ ဇုတရေဟိစ—ကထိန်ခံသောရဟန်းမှ တပါးသောရဟန်းတို့သည်လည်း၊ အနုမောဒိတဗ္ဗံ-အနုမောဒနာပြုရာ၏။

[ပါဠိတော်အနက်ကား-ကထိနတ္ထာရကေန-ကထိန်ခင်းသော၊ တေန ဘိက္ခု နာ- သည်၊ သံဃံ- သို့၊ ဥပသင်္ကမိတ္ဝာ- ချဉ်းကပ်၍၊ ကံသံ- တရားသော လက်ဝဲ အဘို့၌၊ (လက်ဝဲတဖက် ပခုံးထက်၌၊) ဥတ္တရာသင်္ဃံ—အပေါ်ဝတ်ကေသိကို၊ ကရိတ္ဝာ-၍၊ အဉ္ဇလိံ- လက်အုပ်ကို၊ ပဂ္ဂဟေတ္ဝာ- ချီမြှောက်၍၊ ဧဝံ-သို့၊ ဝစနီယော-ပြောဆိုထိုက်သည်၊ အသု- ဖြစ်၏၊ (ကိံ)၊ ဘန္တေ-တို့၊ သံယသု-သံယာသည်၊ ကထိနံ - ကို၊ အတ္ထတံ - ခင်းအပ်ပါပြီ၊ ကထိနတ္ထာရော - ကထိန်ခင်းခြင်းသည်၊ ဓမ္မိကော—ဝိနည်းတရားနှင့်ယှဉ်ပါ၏၊ ဝါ-ဝိနည်းတရားနှင့် လျော်ပါ၏၊(တုမှေ) အနုမောဒထ-ဝမ်းမြောက်တော်မူပါကုန်၊(အနုမောဒနာပြုတော်မူပါကုန်၊ ဇုတိ ဝစနီယော အသု၊) [ဤစကားကို အနုမောဒနာပြုဘို့ရန် တိုက်တွန်းအပ်သော ပုဂ္ဂိုလ်က တပါးဖြစ်လျှင် "အနုမောဒါမိ" ဟု ဆိုပါ၊] အနုမောဒေကဟိ-အနုမောဒနာ ပြုကုန်သော၊ တေဟိ ဘိက္ခူဟိ – တို့သည်၊ ဧကံသံ ဥတ္တရာသင်္ဃံ၊ပေ၊ ဝစနီယော အာသု၊ ('ကိံ') အာဝုသော, သံယသု—သည်၊ ကထိနံ-ကို၊ အတ္ထတံ - ခင်းအပ်ပါပြီ၊ ကထိနတ္ထာရော - သည်၊ ဓမ္မိကော - ၏၊ (မယံ)အနုမောဒါမ-ဝမ်းမြောက်ပါကုန်၏၊(အနုမောဒနာပြုပါကုန်၏၊) ဇုတိ ဝစနီယော အာသု၊ [ကထိန်ခံသောပုဂ္ဂိုလ်က သီတင်းအကြီးဆုံးဖြစ်လျှင် "ဘန္တေ" ဟု ဆို၍ အနုမောဒနာပြုသောရဟန်းက တပါးထည်းဖြစ်လျှင်"အနုမောဒါမိ"ဟုဆိုပါ။]

× × × × × × ×

ဇုမဲ့ာယ၊ဧပေ၊ဘိန္ဒိတဗ္ဗာ။ ။"ဇုမာယ သံဃဝါဋ္ဌိယာ—ဤသင်္ကန်းကြီးဖြင့်၊ ကထိန်-ကို၊ အတ္ထရာမိ—ခင်းပါ၏" ဟု ပေး၊ ကေသီဖြင့် ခင်းရာ၌ အဓိဋ္ဌာန်တင်အပ်ပြီးသော ကေသီအဟောင်းရှိက ပစ္စုဒ္ဓါရ်ပြုရ၌ မရှိလျှင် မပြုဘဲ "ဇုမိနာ ဥတ္တရာသင်္ဃေန ကထိနံ အတ္ထရာမိ" ဟု ဇင်း , သင်းပိုင်ဖြင့် ခင်းရာ၌ အဓိဋ္ဌာန် တင်အပ်ပြီးသော သင်းပိုင် အဟောင်းရှိက ပစ္စုဒ္ဓါရ်ပြုရ်မရှိလျှင် မပြုဘဲ"ဇုမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ"ဟုဇင်း ဆိုရမည်-ဟု သိပါ။

ဧဝံ - ဤသို့ အနုဓမာဒနာပ္ပြုလသော်၊ သမ္မေသံ- တို့သည်၊ (ကထိန့်ခံဓသာရဟန်း, အနုဓမာဒနာပ္ပြုဓသာရဟန်းတို့သည်၊)ကထိနံ-သည်၊ ဝါ-ကို၊ အတ္ထတံ-ခင်းအပ်ပြီးသည်။ ဟောတိ၊ ဟိ-သာဓကကား၊ ပရိဝါဓရ-၌၊ ဒ္ဝိန္နံ ပုဂ္ဂလာနံ၊ပေ၊ အနုဓမာဒကဿစာတိ - ဟူသော၊ တေံ-ဤစကားကို၊ (သံဂီတိကာရေဟိ) ဝုတ္တံ၊ [အတ္ထာရကဿစ-ကထိန်ခင်းတတ်သော ပုဂ္ဂိုလ်သည်ရှင်း၊ အနုမောဒကဿစ-အနုမောဒနာပ္ပြုတတ်သောပုဂ္ဂိုလ်သည်ရှင်း၊ ဒ္ဝိန္နံ-ကုန်သော၊ ပုဂ္ဂလာနံ-တို့သည်၊ ကထိနံ- သည်၊ ဝါ- ကို၊ အတ္ထတံ ဟောတိ၊] ပုနပိ - တဖန်လည်း၊ ဝုတ္တံ - ပြီ၊ (ပရိဝါဒ္ဓဆိုအပ်ပြီ၊ ကိ ံ၊) သံယော- သည်၊ ကထိနံ- ကို၊ န အတ္ထရတိ- မခင်းနိုင်၊ (ကိုယ်တိုင်မခင်းနိုင်၊)ဝဏ္ဏော-ဂိဏ်းသည်၊ ကထိနံ န အတ္ထရတိ၊ (ကိုယ်တိုင်မခင်းနိုင်၊)ပုဂ္ဂလော- ပုဂ္ဂိုလ်တပါးသည်သာ၊ ကထိနံ အတ္ထရတိ၊(ကိုယ်တိုင်ခင်းနိုင်၏၊)သံယဿ-၏၊ အနုမောဒနာ- အနုမောဒနာ ပြုခြင်းကြောင့်၊ ဝဏ္ဏဿ-၏၊ အနုမောဒနာ-ကြောင့်၊ ပုဂ္ဂလဿ- ပုဂ္ဂိုလ်တပါး၏၊ အတ္ထာရာ- ခင်းခြင်းကြောင့်၊ သံယဿ- သည်၊ ကထိနံ- သည်၊ ဝါ- ကို၊ အတ္ထတံ- ခင်းအပ်ပြီးသည်၊ ဟောတိ-၏၊ ဝဏ္ဏဿ-သည်၊ ကထိနံ အတ္ထတံ ဟောတိ၊ ပုဂ္ဂလဿ- ပုဂ္ဂိုလ်တပါးသည်၊ ကထိနံ အတ္ထတံ ဟောတိ၊ ဇာတိ(ဝုတ္တံ)။

ပန-ဆက်၊ ဧဝံ-ဤသို့၊ (ဤ ဆိုအပ်ပြီးသော အစီအစဉ်ဖြင့်၊) ကထိနေ-ကို၊ အတ္ထတေ-ခင်းအပ်ပြီးသော်၊ ကထိနစီဝရေန-ကထိန်သင်္ကန်းနှင့်၊သဒ္ဓိ-တူ၊ အာဘတံ-ဆောင်အပ်သော၊ အာနိသံသံ-အာနိသင်ဖြစ်သောအဝတ်ကို၊ ဒါယကာ-ကထိန်ဒါယကာတို့သည်၊ (ဒေန္တိ ဒ္ဓစဝ်၊) ယေန – အကြင်ရဟန်းသည်၊ အမှာကံ-တို့၏၊ ကထိနံ - ကို၊ ဂဟိတံ - ခံယူအပ်ပြီ၊ တဿဝ - ထိုရဟန်းအား၊

× × × × × × ×

နသံဃော နဂဏ္ဏော။ ။သံဃကံ (ဂဏသာရှိသော ကျောင်းတိုက်၌လည်း သံဃာပြည့်အောင် ပင့်၍ ထိုသံဃာက) ကထိန်လျှာအဝတ်ကို ရဟန်းတပါးအား ပေးရ၏၊ ထိုရဟန်းသည်သာ "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"ဟု ဆို၍ ခင်းရ၏၊ ထို့ကြောင့် "နံ သံဃော (သံဃာပြည့်သော ကျောင်း၌လည်း) သံဃာသည် ကထိန်မခင်းနိုင်၊ သင်္ကန်းပေးရုံသာ ပေးနိုင်သည်–ဟူလို၊ နဂဏ္ဏော– နှစ်ပါး သုံးပါး ၄ ပါး တိုင်အောင် ဂိဏ်းသာရှိသော ကျောင်း၌လည်း ဂိဏ်းသည် ကထိန်မခင်းနိုင်၊ ပုဂ္ဂလော ကထိနံ အတ္ထရတိ – သံဃာကပေး၍ သင်္ကန်းရသော ထို ပုဂ္ဂိုလ်တပါးသည်သာ ခင်းနိုင်၏–ဟု ဆိုသည်။

သံဃဿ အနုမောဒနာ။ ။ဤသို့ သံဃာကိုယ်တိုင် ဂိဏ်းကိုယ်တိုင် မခင်းနိုင်ပါသော်လည်း " အတ္ထတံ ဘန္တေ (အာဝုသော)၊ပေ၊အနုမောဒါမ " စသည်ဖြင့် အနုမောဒနာ ပြုလျှင်ကား သံဃာလည်း ကထိန်ခင်းပြီးဖြစ်၏၊ ဂိဏ်းသာရှိသောကျောင်း၌ အနုမောဒနာပြုလျှင် ဂိဏ်းလည်း ကထိန်ခင်းပြီးဖြစ်၏၊ နှစ်ပါးရှိသော ကျောင်း၌ တပါးက ကထိန်ခံ၍ တပါးက အနုမောဒနာပြုလျှင် ထိုတပါးလည်း ကထိန်ခင်းပြီးဖြစ်ခဘ၌သည်။

ဒေမ-လှူပါကုန်၏၊ ဇာတိ-ဤသို့ လျှောက်၍၊ သစေဒေန္တိ-ကုန်အံ့၊ (ဧဝံသတိ)၊ ဘိက္ခုသံယော-ရဟန်းသံဃာသည်၊ အနိဿရော-အစိုးမရ၊ (ကထိန်အာနိသင်အဝတ်ကို အစိုးမရ၊) အထ – သို့မဟုတ်၊ အဝိစာရေတွာဝ – မစိစစ်မူ၍သာ၊ ("ယေန အမှာကံ ကထိနံ ဂဟိတံ၊ တသ္မေ ဒေမ " ဟု မလျှောက်ဘဲသာ၊) ဒတွာ သစေ ဂန္ဆန္တိ-ကုန်အံ့၊ (ဧဝံသတိ)၊ ဘိက္ခုသံယော- သည်၊ ဇာသရော-အစိုးရ၏၊ (အာနိသင်အဝတ်ကို အစိုးရ၏)၊ တသ္မာ - ကြောင့်၊ (သံဃာက အစိုးရသည်၏အဖြစ်ကြောင့်၊) ကထိနတ္ထာရကသ- ကထိန်ခင်းသောရဟန်း၏၊ သေသဝိဝရာနိပိ – ကြွင်းသော သင်္ကန်းတို့သည်လည်း၊ (ကထိန်သင်္ကန်းမှ ကြွင်းသော သင်္ကန်းတို့ သည်လည်း၊) ဒုဗ္ဗလာနိ – အားမရှိကုန်သည်၊ (ဆွေးမြေ့ဟောင်းနွမ်းကုန်သည်၊) သစေ ဟောန္တိ - ကုန်အံ့၊ (ဧဝံသတိ)၊ သံယေန- သည်၊ အပလောကေတွာ - ပန်ပြော၍၊ (သံဃာ့ထံ ခွင့်ပန်၍၊) တေသမ္ပိ- ထို ဆွေးမြေ့ဟောင်းနွမ်းသောသင်္ကန်းတို့၏လည်း၊ အတ္ထာယ-အကျိုးငှါ၊ ဝတ္ထာနိ-အာနိသင်အဝတ်တို့ကို၊ ဒါတဗ္ဗာနိ-ပေးထိုက်ကုန်၏၊ ကမ္မဝါစာပန-ကမ္မဝါစာသည်ကား၊ ကောယေဝ-ပဌမတကြိမ် သည်သာ၊ ဝန္ဒတိ-အပ်၏။

× × × + × × × ×

အနိဿရော ဇာသရော။ ။ ကထိန်ခင်းရာ၌ ကထိန်သင်္ကန်း တထည်အပြင် အာနိသင် ဟု ခေါ်ရသော အပိုအဝတ်များ ပါလာတတ်သေး၏၊ " ထို အာနိသင်အဝတ်များကို ကထိန်ခံသောရဟန်းအား လှူပါ၏"ဟု ဒါယကာတို့ကလျှောက်လျှင် ထိုကထိန်ခံသောရဟန်းသာ ပိုင်၏၊ အထူး မလျှောက်လျှင် ထိုကျောင်းတိုက်၌ ပုရိမဝါကျွတ်သော ရဟန်းသံဃာက ပိုင်သည်။

မှတ်ချက် ။ ။ ယခုအခါ၌ကား အာနိသံသ ဟူရာ၌ အဝတ်သင်္ကန်းသာ မက "ဥတ်မကြီးအတွက်"ဟု ရည်မှန်းထားသော ဥတ်ရံပစ္စည်းတွေ (မျက်နှာသုတ်ပုဝါ စောင်မှစ၍) အမျိုးမျိုးပါရှိတတ်၏၊ "ထို အားလုံးကိုလည်း ကထိန်ခံသောကိုယ်တော် အား လှူပါ၏" ဟု အထူး မလျှောက်ကြသည်သာ များ၏၊ သို့သော် " ဥတ်သင်္ကန်း ရသော ကိုယ်တော်" ဟူသည် "ဤ ကျောင်းတိုက်ဆရာတော် (ဘုန်းတော်ကြီး) ပင် ဖြစ်၏"ဟု ဒါယကာတို့က နားလည်နေကြသောကြောင့် (သံဃိကစစ်စစ် ဖြစ်- မဖြစ်, ကထိန် မြောက်-မမြောက်ကို မစဉ်းစားတော့ဘဲ) ထို ဆရာတော် (ထို ဘုန်းတော်ကြီး) သည်သာ ဥတ်မကြီးကိုပိုင်သည်ဟု ယူဆကြတော့သည်၊ အကယ်၍သာ ထိုဥတ်မကြီး ကိုလည်း သံဃိက ရေစက်ချလျှင် သံဃာသာဆိုင်ပါသည်၊ ဝေစုဝေဂျွန်လည်း အဝတ် မဟုတ်သော ဂရုဘဏ်လည်း မဟုတ်သော ပစ္စည်းများကို တိုက်တွင်း တိုက်ပက ရောက်ရှိသော မျက်မှောက် သံဃာအားလုံး ဝေငှရပါသည်။

တသ္မာ၊ ဒေ၊ ဝဋ္ဋတိ။ ။ အထူးမလျှောက်လျှင် သံဃာက အစိုးရခြင်း (ပိုင်ဆိုင်ခြင်း) ကို " တသ္မာ " ဟု ညွှန်သည်၊ သံဃာပိုင်ဖြစ်သောကြောင့် ကထိန်ခံသော ရဟန်းမှာ ကထိန်သင်္ကန်းအပြင် အခြားသင်္ကန်းများ ဟောင်းနွမ်းနေ၍ ပေးသင့်လျှင် သံဃာက အပလောကန (သံဃာ့ထံ ခွင့်ပန်မှု) ကံကိုပြု၍ပေးပါ၊ ကထိန်လျှာအဝတ်ကို ပေးစဉ်က ကမ္မဝါစာဖြင့် ပေးရသကဲ့သို့ နောက်ဆပ်ကမ္မဝါစာဖြင့် ပေးဘွယ်မလိုပါ။

အဝဿေသေ-ကြွင်းကုန်သော၊ ကထိနာနိသံဿေ-ကထိန်အာနိသင် ဖြစ်ကုန်သော၊ ဗလဝဝတ္ထာနိ-အားရှိသော အဝတ်တို့ကို၊(များစွာသောအဝတ်တို့ကို၊) ဝဿာဝါသိက ဒွိတိကာယ – ဝါကပ်သော ရဟန်းတို့၏ တည်စဉ်အားဖြင့်၊ ဒါတဗ္ဗာနိ-ကုန်၏၊ ဒွိတိကာယ - တည်နေကြောင်းအစဉ်၏၊ (ထေရ်စဉ် ဝါစဉ်၏)၊ အဘာဝေ - မရှိခြင်းသည်၊ (သတိ-သော်၊) ထေရာသနတော - ထေရ်ကြီး၏နေရာမှ၊ ပဋ္ဌာယ-၍၊ ဒါတဗ္ဗာနိ၊ ဂရုဘဏ္ဍံ- ဂရုဘဏ်ကို၊ နဘာဇေတဗ္ဗံ- မဝေဘန်ထိုက်၊ [သံဃိကအဖြစ်ဖြင့် ထားပါ–ဟူလို၊] ပန-ဆက်၊ ကေသိမာယ- တခုထည်းသာ ဥပစာရသိမ်၌၊ ဗဟူ-ကုန်သော၊ ဝိဟာရာ- ကျောင်းတို့သည်၊ သစေ ဟောန္တိ - ကုန်အံ့၊ (ဝံသတိ)၊ သဗ္ဗေ - ကုန်သော၊ ဘိက္ခူ- တို့ကို၊ သန္နိပါတေတွာ-စည်းဝေးစေပြီး၍၊ ကေတ္တ- တခုသောအရပ်၌၊ ကထိနံ- ကို၊ အတ္ထရိတဗ္ဗံ–ခင်းရာ၏၊ ဝိသုံ ဝိသုံ - အသီးအသီး၊ (ကျောင်းတိုင်း ကျောင်းတိုင်း၊) အတ္ထရိတုံ နဝဋ္ဋတိ။

ဧကဒါနိ-၌၊ ယထာစ-အကြင် အစီအစဉ်ဖြင့်လည်း၊ ကထိနံ-သည်၊ ဝါ-ကို၊ အတ္ထတံ ဟောတိ၊ ယထာစ- ဖြင့်လည်း၊(ကထိနံ) အနတ္ထတံ- မခင်းအပ်သည်၊ (ဟောတိ)၊ တံဝိဓိံ-ထိုအစီအစဉ်ကို၊ ဝိတ္ထာရတော-ဖြင့်၊ ဒေးဿတုံ - ငှါ၊ ဧဝံ စ၊ ပေ၊ အနတ္ထတန္တိ – ဟူ၍၊ ဝတ္ဝာ - ဟောတော်မူပြီး၍၊ အကရဏီယဥ္စေဝ-မပြုသင့် မပြုထိုက်သည်လည်း ဖြစ်သော၊ မဟာဘူမိကဉ္စ-ကြီးကျယ်သော ဖြစ်ရာ

× × × × × × ×

ဝဿာဝါသိက ဒွိတိကာယ။ ။[ဝဿာဝါသ – မိုးလေးလပတ်လုံး နေခြင်း (ဝါတွင်း၌ ဝါမပျက်အောင် နေခဲ့ခြင်း) + ဧက-ရှိသူများ၊ ဝဿာဝါသိက-ဝါတွင်း၌ ဝါမပျက်အောင် နေခဲ့ခြင်း ရှိသူများ၊ တိဋ္ဌတိ တောယာတိ ဒွိတိ – ရပ်တည်ကြောင်းအစဉ်၊ ဒွိတိယေဝ ဒွိတိကာ၊ ဝဿာဝါသိကာနံ + ဒွိတိကာ ဝဿာဝါသိက ဒွိတိကာ၊ ဝေစုဝေသောအခါ ထိုပုဂ္ဂိုလ်များ၏ ရပ်တည်ကြောင်းအစဉ်ကို "ဝဿဝါသိက ဒွိတိကာ" ဟု ခေါ်သည်၊ ဤ အစဉ်ကိုပင် "ထေရ်စဉ် ဝါစဉ်" ဟု ခေါ်ကြသည်၊] သံဃာအများရှိသောကျောင်းတိုက်၌ ရသမျှ သံဃိကအဝတ်ကို ထေရ်စဉ်ဝါစဉ်ဖြင့် ဝေစုပေးလေ့ရှိလျှင် ရှေး ဝေစုဝေစဉ်က မလောက်၍ ဆိုင်းငုံထားရသော အစဉ်မှစ၍ ဤသံဃိကသက်နန်းကို ဒေပါ၊ ထိုသို့ ရှေးက ဝေစဉ်မရှိလျှင်ကား ထေရ်ကြီး၏နေရာမှ စ၍ဝေပါ။

သစေ ပန၊ပေ၊နဝဋ္ဋတိ။ ။ကထိန်သက်နန်းပေးစဉ်က သိမ်တွင်း၌ပေးပြီးနောက် ခင်းသောအခါ ကျောင်းတိုက်သံဃာအားလုံး စုပေါင်း၍ သိမ်တွင်း၌ဖြစ်စေ သိမ်ပြင်၌ဖြစ်ခစေ ကျောင်းတိုက်တွင်းဝယ် သင့်တော်ရာအရပ်၌ ခင်းနိုင်ပါသည်၊ ကျောင်းတိုက်တခုထည်း၌ (အချင်းချင်း မတဲ့သောကြောင့်) နှစ်ကထိန် သုံးကထိန်ကား မခံကောင်း မခင်းကောင်း။

အကရဏီယံ, မဟာဘူမိကံ။ ။မူလဝါကျတုန်းက "ဧဝံ ခေါ ဘိက္ခဝေ အတ္ထတံ ဟောတိ" စသည်ဖြင့် အတ္ထတကို ရှေးဦးစွာပြသော်လည်း အကျယ်ပြုရာ၌ အနတ္ထတကို ရှေးဦးစွာ ပြရခြင်း၏ အကြောင်းကို ပြလိုရှိ "အကရဏီယဥ္စေဝ, မဟာဘူမိကဉ္စ"

ရှိသည်လည်းဖြစ်သော၊ အနတ္တတလက္ခဏံ-အနတ္တတ၏ လက္ခာဏာကို၊ တာဝ-အတ္တတ၏ လက္ခဏာမှ ရှေးဦးစွာ၊ ဒဿနွော-ပြတော်မူလိုသည်၊(ဟုတ္တာ)၊ နှ ဥလ္လိခိတမဇ္ဈေနာတိ အာဒိကေ-အစရှိကုန်သော၊ စတုဝိသတိ-နှစ်ဆဲ့ ၄ ပါး သော+အာကာရေ- အခြင်းအရာတို့ကို၊ (ဘဂဝါ) ဒဿသိ – ပြတော်မူပြီ၊ တတော – ထို နှစ်ဆဲ့လေးပါးသော အခြင်းအရာမှ၊ ပရံ - နောက်၌၊ အတ္တတ လက္ခဏံ - အတ္တတ၏ သဘောလက္ခဏာကို၊ ဒဿန္တော - သည်၊ (ဟုတ္တာ) အဟတေန အတ္တတန္တိ အာဒိကေ- အစရှိကုန်သော၊ သတ္တရသ-တဆဲ့ခုနစ်ပါး ကုန်သော၊ အာကာရေ-တို့ကို၊ (ဘဂဝါ)ဒဿသိ- ပြီ၊ ဟိ- မှန့်၊ ပရိဝါရေဝိ-ဿလည်း၊ စတုဝိသတိယာ၊ပေ၊ ကထိနန္တိ - ဟူ၍၊ ဇာဒမေဝလက္ခဏံ- ဤ လက္ခဏာကိုပင် (ဤအနတ္တတ၏ သဘောလက္ခဏာ, အတ္တတ၏ သဘော လက္ခဏာကိုပင်၊ ဘဂဝတာ)၊ ဝုတ္တံ၊[စတုဝိသတိယာ–နှစ်ဆဲ့လေးပါးသော၊ အာကာရေဟိ- တို့ဖြင့်၊ ကထိနံ အနတ္တတံ ဟောတိ၊ သတ္တရသဟိ - ကုန်သော၊ အာကာရေဟိ ကထိနံ အတ္တတံ ဟောတိ။]

တတ္ထ - ထို နှစ်ဆဲ့လေးပါးသော အခြင်းအရာတို့တွင်၊ ဥလ္လိခိတမဇ္ဈေနာတိ-ကား၊ **ဒီ**ဃတောစ-အလျားအား**ဖြင့်**ရှင်း၊(အလျားဘက်မှရှင်း၊)ပုထုလတောစ-အနံအား**ဖြင့်**ရှင်း၊(အနံဘက်မှရှင်း၊)ပမာဏဂ္ဃဟဏမတ္တေန-အတိုင်းအရှည်ကို ယူခြင်းမျှ**ဖြင့်**၊ (ယူရုံမျှ**ဖြင့်**၊ နှ ကထိနံ အတ္တတံ ဟောတိ-၌စပ်၊) ဟိ-ခဲ့၊ တနည်း-ဟိ(ယသ္မာ)-ကြောင့်၊ ပမာဏံ-အတိုင်း အရှည်ကို၊ (ဖြတ်ဘို့ရန် ပမာဏကို၊) ဂဏ္ဟန္တော-ယူသော ပုဂ္ဂိုလ်သည်၊ တဿ တဿ ပဒေသဿ-ထိုထို အရပ်ကို၊ (ဖြတ်ဘို့ရန် ဖြစ်သော ထိုထိုအရပ်ကို၊) သဉ္ဇာနန္တံ-မှတ်သားခြင်း အကျိုးငှါ၊ နခ၊ဒီဟိ ၁၂-လက်သည်း အစရှိသည်တို့ဖြင့်မူလည်း၊ ပရိစ္ဆဒံ-အပိုင်းအခြားကို၊ ဒဿန္တော–ပြုလျက်၊ ဥလ္လိခတိ- အဝတ်၏ အပေါ်၌ ခြစ်၏၊ နလာဋုဒ်သု ဝါ-နဖူးအစရှိသည်တို့၌ မူလည်း၊ ဃံသတိ–ပွတ်တိုက်၏၊ တဿာ–ကြောင့်၊ တံပမာဏဂ္ဃဟဏံ-ထိုပမာဏကိုယူခြင်းကို၊ ဥလ္လိခိတမတ္တန္တိ-ဟူ၍၊ ဝုစ္စတိ-၏၊ ဓောဝနမဇ္ဈေနာတိ– ကား၊ ကထိနဒုဿဓောဝနမဇ္ဈေန - ကထိန်လျာ အဝတ်ကို ဖွပ်

× × × × × × ×

ဟု ဝိသေသန ပြုသည်၊ ထို ဝိသေသနကို "ဟေတုမန္တဝိသေသန" ဟု မှတ်ပါ၊ အကရဏီယဖြစ်သောကြောင့်ရှင်း, မဟာဘူမိက ဖြစ်သောကြောင့်ရှင်း ရှေးဦးစွာ ပြသည်–ဟူလို၊"အကရဏီယ"ဟူသည် ကထိန်ခင်းမှုကို မပြုထိုက်သော " ဥလ္လိခိတ " စသော လက္ခဏာပင်တည်း၊ [မဟာဘူမိကန္တို့ မဟာဝိသယံ၊ စတုဝိသတိ အာကာရဝန္တော် တာယ မဟာဝိတ္ထာရိကန္တိ ဝုတ္တံ ဟောတိ၊—ဋီကာ၊]

ဥလ္လိခိတမဇ္ဈေနာ။ ။"ပမာဏဂ္ဃဟဏမတ္တေန"ကို ကြည့်၍ " ဥလ္လိခနံ ဥလ္လိခိတံ–လက်သည်းစသည်တို့ဖြင့် အဝတ်၏အထက်၌+ခြစ်ခြင်း၊ ထို ခြစ်ခြင်းသည် သက်နှံး၏ ဖြတ်ဘို့ရာ ပမာဏကို မှတ်ခြင်းဖြစ်သောကြောင့် "ပမာဏဂ္ဃဟဏ"မည်၏၊ ယခုခေတ်

လျော်ခြင်းမျှဖြင့်၊(နဟောတိ–၌စပ်၊)စိဝရိစာရဏာ မတ္တောနာတိ–ကား၊ ပဠကံ-ငါးခဏ်းရှိသော သင်္ကန်းသည်၊ ဟောတု– ဖြစ်စေ၊ ဇုတိဝါ–ဤသို့ သော်၎င်း၊ သတ္တကံ-၇ ခဏ်းရှိသော သင်္ကန်းသည်၊(ဟောတု)၊ ဇုတိဝါ-သော်၎င်း၊ နဝကံ-ကိုးခဏ်းရှိသော သင်္ကန်းသည်၊ (ဟောတု)၊ ဇုတိဝါ-သော်၎င်း၊ ကောဒသကံ-တဆဲ့တစ်ခဏ်း ရှိသော သင်္ကန်းသည်၊(ဟောတု)၊ ဇုတိဝါ–သော်၎င်း၊ ဧဝံ–သို့၊ဝိစာရိတမတ္တောန-စီရင်အပ်ကာမျှဖြင့်၊(နဟောတိ)၊ဆေဒနမတ္တောနာတိ-ကား၊ ယထာဝိစာရိတဿ- အကြင်အကြင် စီရင်အပ်ပြီးသော၊ (“ပဠကံ ဝါဟောတု” စသည်ဖြင့် စီရင်အပ်ပြီးသော၊)ဝတ္ထုဿ-သင်္ကန်းလျာအဝတ်ကို၊ဆေဒနမတ္တောန-ဖြတ်ခြင်းမျှဖြင့်၊(ဖြတ်ရုံမျှဖြင့်၊ နဟောတိ။)

ဗန္ဓနမတ္တောနာတိ- ကား၊ မောဃသုတ္တကာရောပန မတ္တောန- အချည်းနှီးသော ချည်ငယ်ကို တင်ခြင်းမျှဖြင့်၊ (န ဟောတိ)၊ ဩဝဿိယ ကရဏာမတ္တောနာတိ –

× + × × × × × ×

ကဲ့သို့ ခဲတန်စသည်မရှိသောကြောင့် သင်္ကန်း၏ အလျားအနုံပမာဏကို မှတ်သောအခါ လက်သည်းစသည်ဖြင့် သင်္ကန်းပေါ်၌ အရာထင်အောင်ခြစ်၍ မှတ်ရသည်၊ ယခုအခါ ခဲဘန်စသည်ဖြင့်ခြစ်၍ မှတ်ခြင်းလည်း ပါဝင်နိုင်၏။

ဆက်ဥ၊ဒုံ — ဥပလက္ခဏာနည်းအားဖြင့် “ လိခိတ ”ကို မှတ်၍ ဆိုထားသည်၊ နဖူး စသည်တို့၌ အဝတ်ကို (နှစ်လွှာထပ်၍) ပွတ်တိုက်လျှင်လည်း အခေါက်ရာထင်သောကြောင့် ထိုအရာသည်ပင် သင်္ကန်း၏ အလျားအနုံ ပမာဏဖြစ်နိုင်၏၊ ထို့ကြောင့် “နလာဋဒီသုဝါ ဆံသတ်”ဟု မိန့်သည်၊ အာဒိဖြင့် ဒူးဥလည်း ပွတ်တိုက်နိုင်၊ ပေါင်၌လည်း ပွတ်တိုက်နိုင်သောကြောင့် ထိုအရပ်များကို ယူပါ၊ မတ္တာသဒ္ဒါကား၊ ချုပ်ပြီး ဆိုးပြီးအဖြစ်သို့ မရောက်သေး၍ အနည်းငယ်မျှသောကိစ္စဖြစ်သည်-ဟု ပြသော အပ္ပတ္ထဝါစကတည်း၊ ဥလ္လိခိတံ + မတ္တံ ဥလ္လိခိတမတ္တံ၊ ဆိုလိုရင်းကား— “ သံဃာကပေး၍ သင်္ကန်းလျာအဝတ်ရသောအခါ သင်္ကန်းချုပ်ဘို့ရန် အလျားအနုံပမာဏကို ရှေးဥုံးစွာ မှတ်ရ၏၊ ထိုသို့ မှတ်ရုံမျှဖြင့်လည်း ကထိန်ခင်းအပ်သည် မမည်သေးပါ ”ဟူလို။

ဗဠကံဝါ။ ။ပဠ+ပရိမာဏာနိ ယဿာတိ ပဠကံ– ငါးခဏ်း အတိုင်းအရှည်ရှိသော သင်္ကန်း၊ ပရိမာဏအနက်၌ ကပစ္စည်း၊ ဤ၌ ဧကာဒသက (ဆဲ့တစ်ခဏ်း) သင်္ကန်းကို အဆုံးသတ်ထားသော်လည်း အဝုတ္ထိကပွနဝါသဒ္ဒါကြောင့် ထိ ၁၁ ခဏ်း ထက် များသော အခဏ်းရှိသော သင်္ကန်းများကိုလည်း ယူနိုင်၏၊ သို့သော် ထိုအခဏ်း များသော သင်္ကန်းတို့မှာ အလုပ်တာဝန် များသလောက် အသုံးပြုရာ၌ အကျိုးမများပါ၊ ရှေးက ပံသုကူသင်္ကန်းများ၌သာ တိုတိုထွာထွာ အဝတ်ဇတ္တုကို စပ်၍ ချုပ်ရသောကြောင့် အခဏ်း ပမာဏမထားဘဲ အလွန်များရသည်၊ ထို့ပြင် — ရှိ ရှိုးသင်္ကန်း ချုပ်ရာ၌ ပဌမ“ခေါင်”ဟု ခေါ်ရသော အဝတ်လွှာ၏ ဝဲဘက် ယာဘက်၌ အစုံရှိ၍ ချုပ်ရသောကြောင့် အခဏ်းများ၌ စုံဂဏန်း မရှိဘဲ (မ)ဂဏန်းချည်းသာ ရှိရပါသည်။

ဗန္ဓနမတ္တောန ။ ။ဖြတ်အပ်ပြီးသော အဝတ်နှစ်စကို ပွေ့စပ်ခြင်းကို “ ဗန္ဓန ” ဟု ဆို၏၊ ထိုသို့ ပွေ့စပ်သောအခါ ထိုအဝတ် ၂ ထည်ကို အပ်ချည်ဖြင့် သိရ၏၊ ထို သိကြောင်းကို “ဓောဝသုတ္တက”ဟု ခေါ်၏၊ ဩဝဿိယချုပ်ခြင်း၏ ရှေးဥုံးစွာအဝို ချုပ်ခြင်းဖြစ်သော

ကား၊ မောဃသုတ္တ ကာနုသာရေန– အချည်းနှီး တည်းထားအပ်သောချည်ကို အစဉ်လိုက်သဖြင့်၊ ဒီဃသိဗ္ဗိတမတ္တေန - အလျား ချုပ်ခြင်းမျှဖြင့်၊ (နဟောတိ)၊ ကတ္ထုဿကရဏာ မတ္တေနာတိ - ကား၊ မုဋ္ဌိယပတ္တ ဗန္ဓနမတ္တေန - တလုပ်မြောင်း ဖြစ်သောအလွှာကို ဖွဲ့စပ်ခြင်းမျှဖြင့်၊ (နဟောတိ)၊ ဒဋ္ဌကမ္မ ကရဏာမတ္တေနာတိ- ကား၊ ဒွေ-နှစ်လွှာကုန်သော၊ စိမိလိကာယော-အဝတ်လွှာတို့ကို၊ ကေတော– တပေါင်းထည်း၊ ကတ္တာ- ၍၊ သိဗ္ဗိတမတ္တေန - ချုပ်ခြင်းမျှဖြင့်၊ အထဝါ - ကား၊ ပဌမစိမိလိကာ - ပဌမအဝတ်လွှာသည်၊ ဝါ- ကို၊ ယဒေတ္ထာ - ဆက်စပ်၍၊ ထပိတာ - ထားအပ်ပြီးသည်၊ ဟောတိ၊ ကတိနသာဋကံ - ကထိန်လျာအဝတ်ကို၊ တသာ-ထိုပဌမအဝတ်လွှာ၏၊ ကုစ္ဆိစိမိလိကံ-ဝမ်းဘက်၌ဖြစ်သောအဝတ်လွှာကို၊ (အနံ အနားပတ်ကို၊) ကတ္ထာ- ၍၊ သိဗ္ဗိတမတ္တေန - ဖြင့်၊ (နဟောတိ)၊ ဇာတိပိအတ္ထော-ဤအနက်သည်လည်း၊ (ဟောတိ၊) မဟာပစ္စရိယံ- ၌၊ ပကတိစိဝရဿ- ပကတိသင်္ကန်းအား၊ (ကထိန်လျာမဟုတ်သော နဂိရိရှိရင်းစွဲ အဝတ်အား၊) ဥပဿယဒါနေန - အပေါ်၌ ထပ်၍ပေးခြင်းဖြင့်၊ (နဟောတိ)၊ ဇာတိ

× × × × × × ×

ကြောင့် ထိုဗန္ဓနကို"မောဃသုတ္တကာရောပန"ဟု ဆိုဟန်တူသည်၊[ဤမောဃသုတ္တက ကိုပင် သိထားအပ်(တည်းထားအပ်)သောကြောင့် " သိအပ် သိခြင်း , တည်းအပ် တည်းခြင်း"ဟု ခေါ်ကြသည်။]

သြဝဿိယ ကရဏာ။ ။နောက်၌ "ဝဋ္ဋေတ္ထာ ကရဏံ သြဝဿိကံ"ဟု ဖွင့်လိမ့်မည်၊ ထို့ကြောင့် "သြ"ကို အနက်မရှိ ကြိုပါ၊ မောဃသုတ္တတင်တုန်းက အပြီးသတ် ချုပ်ခြင်း မဟုတ်၊ ယခုမှ အပြီးသတ်လုံး၍ ချုပ်ခြင်းဖြစ်၏၊ ထို့ကြောင့် မောဃသုတ္တကသို့လိုက်၍ အလျားချုပ်ခြင်းကို " သြဝဿိယ "ခေါ်သည်ဟု ကြိုပါ၊ သြဝဿနံ သြဝဿော-တည်း ထားအပ်ပြီးသော အစ ၂ ခုကို လုံးရှိုချုပ်ခြင်း၊ သြဝဿော ယသ္မာ အတ္ထိတိ သြဝဿိ ယံ–လုံး၍ချုပ်ခြင်းရှိသော ချုပ်မှု၊ သြဝဿိယသ္မာ + ကရဏံ သြဝဿိယကရဏံ။

ကတ္ထုဿ, မုဋ္ဌိယ။ ။ ရှေးက " တလုပ်မြောင်းဖွဲ့ခြင်း " ဟု ပေးကြ၏၊ အဝတ် ၂ စ၏ အလည်က မြောင်းကို "တလုပ်"ဟု ခေါ်ခြင်း, ပါဠိလို "ကတ္ထုဿ, မုဋ္ဌိယ"ဟု ခေါ်ခြင်း၏အကြောင်းကို ကျွမ်းကျင်သူတို့အား မေးမြန်းကြပါလေ။

အထဝါ။ ။ ပဌမစိမိလိကာတိ ကထိနဝတ္ထုတော အညာ အတ္ထနော ပကတိ စိမိလိကာ – မိမိ၏ နဂိရိရှိပြီးအဝတ်၊....ကုစ္ဆိ၊ပေါမတ္တေနာတိ ထိရဇ်္ဃာနံ စိဒိလိကာနံ (ခိုင်မြဲသော အဝတ်သစ်နှင့် ဟောင်းနွမ်းသော မူလရှိပြီး အဝတ်တို့ကို) ကေတော ကတ္တာ သိဗ္ဗနသ္မေတံ အမိဝစနံ။

မဟာပစ္စရိယံ, ကုရုန္ဒိယံ။ ။"ပကတိ စိဝရဿ ဥပဿယဒါနေန"နှင့် "ပကတိ ပတ္တ ဗန္ဓစိဝရံ ၊ပေ၊ အလ္လိယာပနမတ္တေန " ဟူသော အဋ္ဌကထာ စကားနှစ်ရပ်သည် စကားအသုံးသာကွဲ၍ အဓိပ္ပါယ်မှာ သဘောတူ၏၊ ထိုသို့တူကြောင်းကိုပြလို၍ "မဟာ ပစ္စရိယံ"စသောစကားကို ဆိုရသတတ်၊ [မဟာပစ္စရိယံ ကုရုန္ဒိယံစ ဂုဏ္ဌာဝစန နိဒဿနံ ဗျဉ္ဇနေဝ ဘေဒါ အတ္ထေ (ဘေဒေါ) နတ္ထိတိ ဒဿနတ္ထံ ကတန္တိ ဝဒန္တိ၊–ဋီကာ။]

ဝုတ္တံ၊ ပန-ဝါဒန္တရ၊ ကုဏ္ဍနိယံ-၌၊ ပကတိပတ္တ ဗန္ဓစိဝရံ-ပင်ကိုယ်အားဖြင့် ဖွဲ့စပ်အပ်ပြီးသော အထပ်အလွှာရှိသောသင်္ကန်းကို၊ ဒုပန္နံ-နှစ်ထပ်ရှိသည်ကို၊ ကာတုံ-၌၊ ကုဋ္ဌိစိမိလိကံ - ဝမ်းဘက်၌ဖြစ်သော အလွှာကို၊ (အနုံ အနားပတ်ကို)၊ အလ္လိယာပနမတ္တေန-ငြိကပ်စေခြင်းမျှဖြင့်၊ (န ဟောတိ၊)ဣတိ ဝုတ္တံ။

အနုဝါတကရဏာ မတ္တေနာတိ - ကား၊ ပိဋ္ဌိ အနုဝါတာရောပန မတ္တေန – ကျောဘက်၌ဖြစ်သော အလျား အနားပတ်ကိုတင်ခြင်းမျှဖြင့်၊ (န ဟောတိ)၊ ပရိဘဏ္ဍကရဏာ မတ္တေနာတိ-ကား၊ ကုဋ္ဌိ အနုဝါတာရောပန မတ္တေန-ဝမ်းဘက်၌ဖြစ်သော အနုံ အနားပတ်ကိုတင်ခြင်းမျှဖြင့်၊ (န ဟောတိ)၊ သြဝဿဂ္ဃဏရဏာ မတ္တေနာတိ - ကား၊ အာဝန္ဓနုကပတ္တာရောပနမတ္တေန – အာဝန္ဓနုကအလွှာကိုတင်ခြင်းမျှဖြင့်၊ (နဟောတိ)၊ ["သြ အဝ- အောက်၌ + ဝဿဂ္ဃ– တိုးပွားစေအပ်သော အနားပတ်" ဟူသည် နဂိုရှိ တလုပ်မြောင်းပေါ်ဝယ် နောက်ထပ် အာဝန္ဓနုကအလွှာ တင်ခြင်းတည်း၊ ထိုသို့ တင်ခြင်းကို "သလင်းထောင်ခြင်း" ဟု ဆိုကြသည်၊] ဝါ - တနည်း၊ ကထိနစိဝရတော - ကထိန်လျာသင်္ကန်းမှ၊ ပတ္တံ– အဝတ်လွှာကို၊ ဂဟေတ္ဝာ - ယူပြီး၍၊ အညသ္မိံ - အခြားသော၊ (ကထိန်လျာသင်္ကန်းမှ အခြားသော) အကထိနစိဝရေ-ကထိန်လျာမဟုတ်သော သင်္ကန်း၌၊ ပတ္တာရောပန မတ္တေန – အာဝန္ဓနုကအလွှာကို တင်ခြင်းမျှဖြင့်၊ (နဟောတိ)၊ ကမ္မလမဒ္ဒန မဂ်တ္တေနာတိ- ကား၊ ကေဝါရံယေဝ- တကြိမ်သာလျှင်၊ ရဇနေ- ဆိုးရည်၌၊ ပက္ခိတ္တေန - ထည့်အပ်သော၊ (ထည့်၍ ဆိုးအပ်သော)၊ ဒန္ဓဝဏ္ဏေန– ဆင်စွယ်ရောင်ရှိသောအဝတ်ဖြင့်၊ ဝါ-တနည်း၊ ပဏ္ဍုပလာသဝဏ္ဏေန-ဖက်ရွက်ရော် အဆင်းရှိသော အဝတ်ဖြင့်၊ (နဟောတိ)၊ ပန-ဆက်၊ သကိံ ဝါ-တကြိမ်သော်၎င်း၊ ဒွိက္ခတ္တုံဝါ - နှစ်ကြိမ်သော်၎င်း၊ ရတ္တံ - ဆိုးအပ်သည်၊ (သမာနမ္ပိ)-ဖြစ်သော်လည်း၊ သာရုပ္ပံ-လျောက်ပတ်သည်၊ (ရဟန်းများဝတ်ခြင်းငှါ လျောက်ပတ်သည်၊) သဓေ ဟောတိ-အကယ်၍ဖြစ်အံ့၊(ဧဝံသတိ-သော်၊ ကထိန် အတ္ထရိတုံ) ဝဋ္ဋတိ-အပ်၏။

× × × × × × ×

အနုဝါတ, ပရိဘဏ္ဍ၊ ။ဝါဓာတ်သည် ဗန္ဓနအနက်ကိုဟော၏၊ အနု-နောံထပ်+ဝါတ – ဖွဲ့စပ်အပ်သော အလွှာ၊ ဝါ – အနားပတ်၊ အနားပတ် ၂ မျိုးတွင် အလျားအနားပတ်သည် အနုဝါတမည်၏၊ သီဟိုဠ်များ ရန်းသကဲ့သို့ သင်္ကန်းရန်းသောအခါ ထို အလျားအနားပတ်သည် ကျောဘက် (လက်မောင်း၏နောက်ဘက်)၌ အများအားဖြင့် ရောက်နေသောကြောင့် ပိဋ္ဌိ အနုဝါတလည်း မည်၏၊ ဘေးအနားက အနားပတ်သည် အခြံအရံဖြစ်သောကြောင့် ပရိဘဏ္ဍ မည်၏၊ သီဟိုဠ်များ ရန်းသကဲ့သို့ ရန်းသောအခါ ဝမ်းဘက်၌ ရောက်နေသောကြောင့် ကုဋ္ဌိ အနုဝါတလည်း မည်၏၊ [ဒိဋ္ဌိ ၊ပေါမတ္တေနာတိ – ဒီဃတော အနုဝါတဿ အာရောပန မတ္တေန၊ ကုဋ္ဌိ၊ပေါမတ္တေနာတိ–ပုထုလတော (အနံအားဖြင့်) အနုဝါတဿ အာရောပနမတ္တေန၊—ဋီကာ။]

နိမိတ္တကတေနာတိ- ကား၊ ဣမိနာဒုဿေန - ဤအဝတ်ဖြင့်၊ ကထိနံ - ကို၊ အတ္ထရိဿာမိ-ခင်းအံ့၊ ဣတိဧဝံ-သို့၊ နိမိတ္တကတေန - ပြုအပ်သော အရိပ်နိမိတ်ရှိသော သင်္ကန်းဖြင့်၊ (နဟောတိ)၊ ဟိ–မှန်၊ တ္တေကမေဝ - ဤမျှလောက်သော စကားကိုသာ၊ ပရိဝါရေ-၌၊(ဘဂဝတာ)ဝုတ္တံ၊ ပန–ဝါဒန္တရ၊ အဋ္ဌကထာသုရှေးအဋ္ဌကထာတို့၌၊ အယံ သာဋကော- ဤအဝတ်သည်၊ သုန္ဒရော-ကောင်း၏၊ ဣမိနာ–ဤအဝတ်ဖြင့်၊ ကထိနံ–ကို၊ အတ္ထရိတုံ-၄၊ သင်္ကာ- တတ်ကောင်း၏၊ ဣတိဧဝံ- သို့၊ နိမိတ္တကမ်ံ-အရိပ်နိမိတ်ပြုမှုကို၊ (သင်္ကန်းလျှော်အောင် အရိပ်နိမိတ်ပြုမှုကို၊)ကတ္ဝာ-၍၊ လဒ္ဓေန-ရအပ်သောအဝတ်ဖြင့်၊(နဟောတိ)၊ ဣတိဝုတ္တံ၊ ပရိကထာကတေနာတိ- ကား၊ ကထိနံနာမ-ကထိန်မည်သည်ကို၊ ဒါတုံ - ၄၊ ဝန္ဒတိ–သင့်၏၊ ကထိနဒါယကော-ကထိန်ဒါယကာသည်၊ ဗဟုံ - စွာ၊ ပုညံ-ကို၊ ပသဝတိ–တိုးပွားစေ၏၊ ဣတိဧဝံ-သို့၊ ပရိကထာယ-ပရိယာယ်စကားဖြင့်၊ ဥပဂါဒိတေန- ဖြစ်စေအပ်သော သင်္ကန်းဖြင့်၊ (နဟောတိ)၊ [ကထနံ ကထာ၊ ပရိယာယ + ကထာ ပရိကထာ၊] ကထိနံနာမ – ကထိန်သင်္ကန်း မည်သည်၊ အတ်ဥက္ကင်္ဌံ–အလွန်မြတ်သောသင်္ကန်းသည်၊ (ဘဝိတုံ) ဝန္ဒတိ၊ မာတရမ္ပိ-အမိကိုသော်မှလည်း၊ ဝိညာပေတုံ – သိစေခြင်း၄၊ (တောင်းခြင်း၄၊)၊ နဝန္ဒတိ၊ အာကာသတော - ကောင်းကင်မှ၊ ဩတ်ထွာသဒိသမေဝ–သင်္ကန်းကျရောက်လာသော သင်္ကန်းနှင့်တူသည်သာ၊ (ဘဝိတုံ) ဝန္ဒတိ၊ ဣတိ - ဤသို့မှတ်အပ်၏၊ ကုက္ကုကတေနာတိ – ကား၊ တာဝကာလိကေန - တာဝကာလိက ဖြစ်သော သင်္ကန်းဖြင့်၊ (ထိုကထိန်ခင်းရာကာလမျှ သုံးစွဲဘို့ရန် ၄ါးရမ်းအပ်သောသင်္ကန်းဖြင့်၊ နဟောတိ။)[“တာဝကာလံ+ဂဟိတံ တာဝကာလိကံ”ဟု ပြု၊]

သန္နိမိကတေနာတိတ္ထေ-၌၊(လဇ္ဇမာနော-ရထိုက်သော၊)သန္နိမိ-သန္နိမိသည်၊ ကရဏသန္နိမိစ-ကရဏသန္နိမိဂုင်း၊ နိစယသန္နိမိစ-ဂုင်း၊(ဣတိ-သို့၊)ဒုဝိဓော–၏၊တတ္ထ-ထိုနှစ်ပါးတို့တွင်၊တဒဟေဝ-ထိုနေ့၌ပင်၊(ထိုသင်္ကန်းလျှော်ရာနေ့၌ပင်၊) အကတ္ဝာ-ချုပ်ဆိုးသမှုမပြုဘဲ၊ ထပေတ္ဝာ–သိမ်းထား၍၊ ကရဏံ- ချုပ်ဆိုးမှုကို ပြုခြင်းသည်၊ ကရဏသန္နိမိ-မည်၏၊ (ပြုခြင်းအားဖြင့် သိမှီးခြင်းမည်၏၊) သံယောသည်၊ အဇ္ဇ-ယနေ့၊ ကထိနဒုဿံ - ကထိန်လျှာအဝတ်ကို၊ လဘိတ္ဝာ- ရပြီး၍၊ ပုနဒိဝသေ – နောက်တနေ့၌၊ (နက်ဖန်ခါမှ၊) ဒေတိ - ပေး၏၊ (ကထိန်ခံမည့်ရဟန်းအား ဥတ်ကမ္မဝါစာဖြင့် ပေး၏၊) အယံ – ဤနောက်တနေ့မှ ပေးခြင်း

× × × × × × ×

ကထိနံနာမ၊ပေ၊ဝန္ဒတိ။ ။ကထိန်သင်္ကန်းဟူသည်မှာ အလွန်သန့်ရှင်း မြင့်မြတ်သော သင်္ကန်းဖြစ်ရမည်၊ မယ်တော်ကိုမျှ မတောင်းကောင်း၊ ကောင်းကင်မှ အလိုအလျောက်ကျလာသော မိုးပေါ်ကျအဝတ်ကဲ့သို့ မည်သူ့ကိုမျှ အရိပ်နိမိတ် ပရိယာယ်စကား ပြောကြား၍ရအပ်သော သင်္ကန်းမျိုး မဖြစ်စေရ၊ ထို့ကြောင့် “နနိမိတ္တကတေန”စသည်ဖြင့် ဟောတော်မူသည်။

သည်၊ နိစယသန္ဓိမိ-မည်၏၊ (ကထိန်အဝတ်ကို မပေးသေးဘဲ သိမ်းထားသော အားဖြင့် သန္ဓိမိမည်၏၊) [“သန္ဓိမိကတေန – ပြုအပ်သော သိုမှီး သိမ်းဆည်းခြင်း ရှိသော အဝတ်ဖြင့်” ဟု ပါဠိတော်၌ပေးပါ။] နိသဒ္ဓိယေနာတိ-ကား၊ ရတွေ့ နိသဒ္ဓိ ယေန – ညဉ့်ကို စွန့်လွှတ်ခြင်းရှိသော သက်နှံးဖြင့်၊ (ညဉ့်ကို လွန်သွားသော သက်နှံးဖြင့်၊ နှ ဟောဟိ)၊ ပရိဝါဓရိ-၌လည်း၊ နိသဒ္ဓိယံနာမ၊ပေ၊ဥဋ္ဌဟတိတိ-ဟူ၍၊(ဘဂဝတာ)ဝုတ္တံ၊ [(ယသ္မိံ-အကြင်သက်နှံးကို၊) ကရိယမာနေ-ချုပ်ဆိုးသမှု, ပြုအပ်စဉ်၊ အရုဏံ-အရုဏ်သည်၊ ဥဋ္ဌဟတိ-တက်သွား၏၊ တံ-ထိုသက်နှံးသည်၊) နိသဒ္ဓိယံနာမ-ယမည်၏။]

အကပ္ပကတေနာတိ-ကား၊ အနာဒိန္နကပ္ပဗိန္ဒုနာ - မယူအပ်သော ကပ္ပဗိန္ဒု ရှိသော သက်နှံးဖြင့်၊(နဟောတိ၊)[ပါဠိတော်၌“အကပ္ပကတေန-မပြုအပ်သော ကပ္ပဗိန္ဒုရှိးသာသက်နှံးဖြင့်”ဟု ပေး။]အညတြ သံဃာဋိယာတိ အာဒိသု-အစရှိသော ပါဠိရပ်တို့၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊) သံဃာဋိ ဥတ္တရာသင်္ဃ အန္တရဝါသကေ–သက်နှံးကြိုး, အပေါဂဲ့ကြိုး ကေသီ, သင်းပိုင်တို့ကို၊ ထပေတွာ-ထား၍၊ အဒုသေန–သက်နှံးသုံးထည်မှ တပါးသော၊ ပစ္စတ္ထရဏာဒိနာ - အိပ်ရာခင်း အစရှိးသာ အဝတ်ဖြင့်၊(အာဒိဖြင့် မုခပုဉ္ဆနစသော ကျန်သက်နှံး ၅ထည်ကိုယူပါ၊) အတ္ထတံ – ခင်းအပ်သည်၊ (သမာနံ)၊ အနတ္ထတံ - ခင်းအပ်သည် မမည်သည်၊ ဟောတိ၊ ဇာတိ (အတ္ထော)၊ အညတြ ပဉ္စကေနဝါ အတိရေကပဉ္စဒသကနဝါတိ-ကား၊ ပဉ္စခဏ္ဍာနိဝါ-ငါးခဏ်းတို့ကိုသော်၎င်း၊ အတိရေကာနိ–ငါးခဏ်းထက်ပိုလွန်ကုန်သော၊ ခဏ္ဍာနိဝါ-အခဏ်းတို့ကိုသော်၎င်း၊ ကတွာ-၍၊ မဟာမဏ္ဍလအနုမဏ္ဍလာနိ-ကြီးစွာသော အဝန်းအဝိုင်း, တဝက် ဖြစ်သော အဝန်းအဝိုင်း, တို့ကို၊ (အိမဉ္စနိကြီး အိမဝန်းငယ်တို့ကို၊)ဒဿေတွာ-ပြုပြီး၍၊ ကတေနဝ-ပြုအပ်သော သက်နှံးဖြင့်သာ၊(ကထိနံ အတ္ထရိတုံ) ဝဋ္ဋတိ၊ ဟိ–မှန်၊ ဧဝံ-ဤသို့ ပြုအပ်သော်၊ (စီဝရံ-သည်၊ ဝါ- ကို၊)သမန္တာလိကတံ-အိမဝန်းကြီး အိမဝန်းငယ်နှင့်တကွ ပြုအပ်သည်မည်သည်၊ ဟောတိ၊ တံ–ထို သက်နှံးကို၊ ထပေတွာ-ထား၍၊ အဒုသေန – အခြားသော၊ အစ္ဆိန္နကေနဝါ – လုံးလုံး မဖြတ်အပ်သော သက်နှံးဖြင့်ဂုဏ်း၊ ဒွတ္တိစတုဒ္ဓဇောနဝါ – ၂ ခဏ်း , ၃ ခဏ်း , ၄ ခဏ်း ရှိသော

\+ × × × × × × ×

ရတ္တိနိသဒ္ဓိယေန ။ ။ချုပ်ဆိုးနေစဉ် မပြီးဘဲ အရုဏ်တက်အောင် တည်ဉ့်ကို လွန်သွားသော သက်နှံးကို“ရတ္တိနိသဒ္ဓိယေန”ဟု ဆိုသည်၊ ထိုလွန်သွားသော သက်နှံးသည် နိသဒ္ဓိယပါဠိတော် အာပတ်၌ လာသော နိသဒ္ဓိယ သက်နှံးမျိုးကဲ့သို့ စွန့်အပ်သော သက်နှံးမဟုတ်၊ထို့ကြောင့်“ရတ္တိနိသဒ္ဓိယေနာတိ ရတ္တိအတိက္ကန္တေန (ညဉ့်ကို လွန်သွားသော သက်နှံးဖြင့်)”ဟု ဋီကာတို့ ဖွင့်ကြသည်။

ဆဒ္ဓိန္နကေန။ ။ဤစကားကိုထောက်၍ ကထိန်သက်နှံးသည် ဖြတ်၍ ချုပ်အပ်သော သက်နှံး ဖြစ်ရမည်၊ မဖြတ်ဘဲ ချုပ်အပ်သောသက်နှံး မဖြစ်ရ၊ ဒွတ္တိစတုက္ကဏ္ဍသက်နှံး

သက်နှံးဖြင့်ဝင်း၊(ကထိနံ အတ္ထရိတုံ)နဝန္ဒတိ၊ အညတြ ပုဂ္ဂလဿ အတ္ထာရာတိ-ကား၊ ပုဂ္ဂလဿ–ပုဂ္ဂိုလ်တပါး၏၊ အတ္ထာရံ-ခင်းခြင်းကို၊ ထပေတွာ-၍၊ အညေန - ပုဂ္ဂိုလ်တပါး၏ ခင်းခြင်းမှတပါးသော၊ သံဃသဝါ - သံဃာ၏ သော်ဝင်း၊ ဂဏသဝါ-၏သော်ဝင်း၊ အတ္ထာရေန- ခင်းခြင်းအားဖြင့်၊ (ကထိနံ) အတ္ထတံ နဟောတိ၊[ကထိန်ခင်းရာ၌ သံဃာက ပုဂ္ဂိုလ်တပါးအား ကထိန်ခင်းဘို့ရန်သက်နှံးပေး၍ ထိုပုဂ္ဂိုလ်တပါးကသာ ခင်းရသည်၊ သံဃာစသည်တို့ကား အနုမောဒနာပြုရုံသာ ပြုနိုင်သည်၊]နိဿိမဋ္ဌော အနုမောဒတိတိ-ကား၊ ဗဟိ ဥပစာရသီမာယ-ဥပစာရသီမ၏ပြင်ဘက်၌၊ (ကျောင်းတိုက်၏ ပြင်ဘက်၌၊) ဋ္ဌတော - တည်ဃော ရဟန်းသည်၊ (စေ)အနုမောဒတိ– အာကယ်၍ အနုမောဒနာပြုအံ့၊ [ပါဠိတော်၌ ပါသော"စေ"ကိုယူ၍ပေးသည်၊ နှ+သိမာ နိဿီမာ-ဥပစာရသီမ်မဟုတ်သော ကျောင်းတိုက်၏အပြင်ဘက်အရပ်၊ နိဿိမာယံ+ဋ္ဌတော နိဿိမဋ္ဌော။]အဟတေနာတိ- ကား၊ အပရိဘုတ္တေန-မသုံးစွဲအပ်သော သက်နှံးဖြင့်၊ "ကထိနံ အတ္ထတံ ဟောတိ-"၌စပ်၊) အဟတကပ္ပေနာတိ - ကား၊ အဟတသဒိသေန – မထုရိုက် (မဖွပ်လျော်အပ်) သေးသော အသစ်နှင့်တူသော၊ ကေဝါရံဝါ- တကြိမ်သော်ဝင်း၊ ဒွိက္ခတ္တုံဝါ-နှစ်ကြိမ်သော်ဝင်း၊ ခောတေန- ဖွပ်လျော်အပ်ပြီးသော အဝတ်ဖြင့်၊ (ဟောတိ)။

× × × × × × × ×

လည်း မဟုတ်ရ၊ အနည်းဆုံး ၅ ခဏ်းရှိသော သက်နှံးဖြစ်ရမည်– ဟု မှတ်ပါ၊ ကထိန်သက်နှံး မဟုတ်လျင်ကား အစ္ဆိန္နက (ဖြတ်အပ်သော သက်နှံး မဟုတ်သော်လည်း ဝိကပ္ပနာပြု၍ ပရိက္ခာရစောဠအဓိဋ္ဌာန်တင်၍ ဝတ်ကောင်း၏၊) သို့သော် တိစီဝရိက်အဓိဋ္ဌာန်တင်၍ကား မဆောင်ကောင်းပါ။

အဟတေန။ ။အနတ္ထတလက္ခဏာကို ဖွင့်ပြပြီး၍ အတ္ထတလက္ခဏာကို ဖွင့်ပြလိုသောကြောင့်"အဟတေနာတိ"စသည်ကို မိန့်သည်၊ ဟညိတ္ထ–ထုရိုက် ဖွပ်လျော်သောအားဖြင့် ညွှန်းဆဲအပ်ပြီ၊ ဧတိ ဟတံ၊ နှ+ဟတံ အဟတံ၊ တကြိမ်တခါမျှ မဝတ်ရသေးသောကြောင့် မဖွပ်လျော်အပ်သေးသော အဝတ်သစ်၊ ထို့ကြောင့် " အဟတ " ဟု အဓိပ္ပါယတ္ထ ဖွင့်သည်၊ [အဝတ်၌ ပါရိုးဖြစ်သော ကစည်ရည် စသော အစာကို မချေရသေးသောကြောင့် ဤအသစ်စက်စက်အဝတ်ကို " အစာမချေအပ် သေးသော အဝတ်"ဟုဆင်း, သင်္ကန်းဆိုးပြီးသောအခါ တောင့်နေအောင် ခါက်ထားအပ်သော သင်္ကန်းပေါ်၌ ဂျပ်ပြားကြီးဖြင့် ဖိထားရာမှ ချွတ်ယူအပ်ခါစဖြစ်သောကြောင့်"အသစ်ဂျပ်ချွတ်"ဟုဆင်း ခေါ်စမှတ် ပြုကြရသည်။]

ဒွိက္ခတ္တုံဝါ ဧခေဘောနေ ။ ။ကပ္ပသဒ္ဒါ၏ ကာလယုဂ စသော အနက်တို့တွင် သဒိသအနက် ဟု သိစေလိုရှိ"အဟတ သဒိသေန"ဟု ဖွင့်သည်၊ ဝတ်၍ တကြိမ်နှစ်ကြိမ်သာ ဖွပ်လျော်ရသေးသောကြောင့် အသစ်စက်စက်နှင့်မထူးခြားသေး၊ အသစ်ကဲ့သို့ပင်ဖြစ်သော အဝတ်– ဟူလို၊ [ဤ၌ တကြိမ် နှစ်ကြိမ် ဖွပ်လျော်အပ်သော အဝတ်ကို " အဟတကပ္ပ" ဟု ဆိုသဖြင့် လုံးလုံး မဖွပ်ရသေးသော အဝတ်ကို " အဟတ " ခေါ်ကြောင်း သိသာသည်။]

ဝိလောတိကာယာတိ-ကား၊ ဟတဝတ္ထသာဋကေန- ဖွဲ့လျော်အပ်ပြီးသော အဝတ်ဟောင်း ပုဆိုးဖြင့်၊ (ဟောတိ)၊ ပံသုကူလေနာတိ - ကား၊ တေဒိသတိ ယာ- နှစ်ဆဲ့ သုံးပါးသော၊ ခေတ္တောသု-ခေတ်တို့၌၊ ဥပ္ပန္နပံသုကူလေန- ဖြစ်သော ပံသုကူသက်နှံးဖြင့်၊(ဟောတိ)၊ [“တေဒိသတိ”၏ သရုပ်ကို ဝိသုဒ္ဓိမဂ်၌ ရှုပါ၊] ပံသုကူလိကဘိက္ခုနာ – ပံသုကူဓုတင်ဆောင် ရဟန်းသည်၊ စောဋကဘိက္ခံ– အဝတ်ဆွမ်းကို၊ (အဝတ်ရှာ လှည့်လည်ခြင်းကို၊)အာဟိဏ္ဍိတွာ - လှည့်လည်ပြီး၍၊ လဒ္ဓစောဋကေဟိ-ရအပ်သောအဝတ်တို့ဖြင့်၊ ကတစီဝရေန-ပြုအပ်သော သင်္ကန်းဖြင့်၊ (ဟောတိ)၊ ဇုတိပိ - ဤသို့လည်း၊ ကုရုန္ဒိမဟာပစ္စရိသု – တို့၌၊ ဝုတ္တံ- ပြီ။

ပါပဏိကေနာတိ ပဒဿ-ဟူသောပုဒ်၏၊ အာပဏဒွါရေ-စျေးတံခါးအနီး၌၊ (စျေးပေါက်၌၊) ပတိတပိဏ္ဍောတိကံ-ကျရစ်သောအဝတ်ကို၊ ဂဟေတွာ-ယူ၍၊ ကထိနတ္ထာယ-ကထိန်အကျိုးငှါ၊ ဒေတိ- အံ့၊ တေနာပိ– ထိုအဝတ်ဖြင့်လည်း၊ (ကထိနံ အတ္ထရိတုံ)ဝန္တိ၊ ဇုတိအတ္ထော၊ သေသံ-ကြွင်းသောပုဒ်အပေါင်းကို၊ ဝုတ္တ ဝိပလ္လာသေနေဝ- ဆိုအပ်ပြီးသောအနက်၏ ပြောင်းပြန်အားဖြင့်သာ၊ ဓေဒိတဗ္ဗံ – ၏၊ [“အနိမိတ္တကတေန ” စသော ပုဒ်အပေါင်း၏အနက်ကို “နိမိတ္တကတေန”စသည်၌ ဖွင့်အပ်ပြီးသောအနက်၏ ပြောင်းပြန်အားဖြင့် သိပါ–ဟူလို။] ပန-ဆက်၊ ဇုမသ္မိံ ဌာနေ-၌အရာ၌၊ (၌အတ္ထတ၏လက္ခဏာကို ပြရာ၌၊)သဟ ကထိနဿ၊ ဒပၸီဇာယန္တိ အာဒိ–အစရှိသော၊ ဗဟု– များစွာသော စကားကို၊ အဋ္ဌကထာသု–ရှေး အဋ္ဌကထာတို့၌၊ ဝုတ္တံ၊ တံ သမ္ဗံ – ထို အလုံးစုံသောစကား

× × × × × × ×

ဝိလောတိကာယ ။ ။ အသစ်, အသစ်နှင့် အလားတူ အဝတ်နှစ်မျိုးကို ပြပြီး ဖြစ်သောကြောင့် အဝတ်နွမ်း အဝတ်ဟောင်းကို“ဝိလောတိက”ခေါ်သည်ဟု ပြလိုရှိ “ဟတဝတ္ထသာဋကေန”ဟုဖွင့်သည်၊ဟတ-အစားချေအပ်ပြီးဖြစ်၍ ဟောင်းနွမ်းသော+ ဝတ္ထ–အဝတ်၊ သာဋက–ဝတ်ပြီးပုဆိုးနှင့် ကုလားမများဝတ်သော ထဘီ၊ ထိုအဝတ်သည် ဟောင်းနွမ်းသော်လည်း အဟတ, အဟတကပတ္တိလောက် မသစ်-မလတ်ဆတ်ရုံသာ၊ စုတ်ပြတ် ဟောင်းနွမ်းသော အဝတ်ကား မဟုတ်ထိုက်ပါ၊ ထို့ကြောင့် ဝိမတိ၌ “ဟတဝတ္ထသာဋကောတ် အတိဇိဏ္ဏသာဋကော ” ဟု ရှိရာဝယ် “ နာတိဇိဏ္ဏသာဋကော”ဟု ရှိသင့်ပါသည်၊ ကထိနသင်္ကန်းသည် ဟောင်းနွမ်းသော သင်္ကန်းရှိသူအား ပေးရမည့် အဝတ်ဖြစ်၏၊ ထို့ကြောင့် ကထိနသင်္ကန်းကိုယ်က ဟောင်းနွမ်း နေလျှင် အဘယ်မှာ ပေးထိုက်ပါတော့အံ့နည်း။

ပါပဏိကေန။ ။အာပဏဖြင့် အာပဏဒွါရကို သမီပူပစာရအားဖြင့် ယူစေလိုရှိ “အာပဏဒွါရေ”ဟုဆင်း, ပဏ် ပတိတအနက်ကို ယူစေလိုရှိ “ပတိတ ဝိလောတိတံ” ဟုဆင်း ဖွင့်သည်၊ “အာပဏော + ပတိတံ ပါပဏံ၊ ပါပဏိကံ + ပါပဏိကံ”ဟု ပြ။ [ယောဇနာ၌ကား “ပဿာရိတော+အာပဏော ပါပဏော၊ တသ္မိ+ပတိတံ ပါပဏိကံ”ဟု ပြုလေသည်။]

သည်၊ ပရိဝါရေ–ပရိဝါဒ်၌၊ ပါဠိ အာရဉ္ဇမေဝ-ပါဠိတော်သို့ တက်ရောက်ပြီးသည်သာ၊(ပါဠိတော်၌ သံဂါယနာတင်အပ်ပြီးသည်သာ၊)တသွာ-ကြောင့်၊ တတ္ထ-ထိုပရိဝါပါဠိတော်၌၊ အာဂတနယနေဝ – လာသောနည်းဖြင့်သာ၊ ဝေဒိတမ်ဗံ၊ ဟိ-မှန်၊ တနည်း, ဟိ(ယသ္မာ)-ကြောင့်၊ ဇာဓ-ဤကထိနကွန်းကဉ်၌၊ အဝုစ္စမာဓနန – တိုက်ရိုက်မဆိုအပ်သော၊ ဓေတန – ထို ပရိဝါစကားကြောင့်၊ ကထိနတ္ထာရကာသ-ကထိန်ခင်းသောရဟန်း၏၊ ကိဉ္စိ– တစုံတခုသော သိဘွယ်အကျိုးသည်၊ နပရိဟာယတိ-မဆုတ်ယုတ်၊ (တသ္မာ တတ္ထ အာဂတနယေနေဝ ဝေဒိတမ်ဗံ။)

ဧဝံ-ဤသို့လျှင်၊ ကထိနတ္ထာရံ-ကထိန်ခင်းပုံကို၊ ဒဿေတွာ- ပြတော်မူပြီး၍၊ ဇာဒါနိ-၌၊ ဥဒ္ဒါရံ-ကထိန်ရုပ်သိမ်းပုံကို၊ ဒဿေတုံ-၄၂၊ ကထဉ္စ၊ပေ၊ကထိနန္တိ အာဒိံ- အစရှိသောစကားကို၊ (ဘဂဝါ) အာဟ-ပြီ၊ တတ္ထ-ထို ကထဉ္စ ဘိက္ခဝေ အစရှိသောစကားရပ်၌၊ မာတိကာတိ - ကား၊ မာတရော - အမိနှင့်တူသော အကျဉ်းခေါင်းစဉ်တို့သည်၊ ဇနေတ္တိယော - သားသို့ကိုဖြစ်စေ တတ်သော အမိရင်းနှင့်တူသော အကျဉ်းခေါင်းစဉ်တို့သည်၊ (ဇာမာအဒ္ဒ ၌စပ်၊) ဇာတိအတ္ထော၊ ဟိ - မှန်၊ ကထိနဇ္ဈာရံ – ကထိန်ရုပ်သိမ်းမှုကို၊ တောအဒ္ဒ - ၌ ရှစ်ပါးသော မာတိကာတို့သည်၊ ဇနေတ္တိယော-ဖြစ်စေတတ်ကုန်၏၊ တာသု- ထို မာတိကာတို့တွင်၊ အဿာ- ထို မာတိကာ၏၊ ပဂ္ဂမနံ- ဖဲသွားခြင်းဟူသော၊ (ဥပစာရသိမ်၏ ပြင်ပသို့ ဖဲသွားခြင်းဟူသော၊) အန္တော- အဆုံးသည်၊ (အတ္ထိ)၊ ဇာတိ-ကြောင့်၊ (သာ-ထို မာတိကာသည်၊)ပဂ္ဂမနန္တိကာ-ကာမည်၏၊ ဧဝံ-၌ အတူ၊ သေသာပိ- ကြွင်းသော မာတိကာတို့ကိုလည်း၊ ဧဝဒိတမ္ဗာ- ကုန်၏။ ["နိဋ္ဌာနံ+အန္တော အဿာတိ နိဋ္ဌာနန္တိကာ" စသည်ဖြင့် သိပါ-ဟူလို။]

× × × × × × × ×

ဥဒ္ဓါရ။ ။ဥ-အထက်သို့+ဘရ-ဆောင်ခြင်း၊ ကထိနခင်းသောအခါ ကျောင်းတိုက်၌ "ကထိန်" ဟု ခေါ်ဝေါ်အပ်သော ပညတ်တမျိုးကို ဖြန့်ခင်းထားသကဲ့သို့ ဖြစ်၏၊ ထို ဖြန့်ခင်းထားခြင်းမှ ရုပ်သိမ်းမှုကို "ဥဒ္ဓါရ" ဟု ခေါ်၏၊ ထို့ကြောင့် "ကထိနုဒ္ဓါရ(ကထိနုဒ္ဓါရ)–ကထိန်ရုပ်သိမ်းခြင်း" ဟု အဓိပ္ပါယ်မှတ်ပါ၊ ရှေးဆရာတို့ကား "ကထိနုဒ္ဓါရ(ကထိနုဒ္ဓါရ)– ကထိန်နုဗ်(နုတ်)ခြင်း" ဟု သုံးစွဲကြ၏။

မာတိကာ။ ။"မာတရောဝိယာတိ မာတိကာ" ဟု ပြု၊ မာတုနောင် ဇာဒအနက်၌ ကပစ္စည်းသက်၊ ဥကို ဇပြု၊ ထို့ကြောင့် "မာတရော၊ပေ၊အတ္ထော" ဟု ဖွင့်သည်၊ [မာတာဝိယာတိ မာတိကာ၊ ဇာဝတ္ထေ ကပစ္စယော ဒဋ္ဌဗ္ဗော၊ တေန သိဒ္ဓမတ္ထံ ဒဿေန္တော အာဟ မာတိကာတိ မာတရောတိ အာဒိ၊—ဝိမတိ၊] "ဇနေတ္တိယော"၌ ဇနဓာတ်+ကာရိတ်ဏော+တိပစ္စည်း၊ ဇနေန္တိတိ ဇနေတ္တိယော-ဟု ပြု။

ပဂ္ဂမနန္တိကာ။ ။"ပဂ္ဂမန" ဟူသည့် ကထိန်ခင်းရာ ကျောင်းတိုက်၏ ဥပစာဖြစ်သောသိမ်(အပိုင်းအခြား)မှ ဖဲသွားခြင်းတည်း၊ အဋ္ဌကထာအတိုင်း ဝိဂ္ဂဟပြု၊ "ပဂ္ဂမနန္တ" ဟု သမာသ်ပြီးပြီးမှ သွတ္ထ၌ ဇကပစ္စည်းသက်၊ [သမာသန္တကပစ္စည်းမသက်သင့်၊ "ပဂ္ဂမနန္တိကော" ဟု ပုံလိန်လည်း(ကထိနုဒ္ဓါရရောကို ငဲ့၍)ရှိနိုင်သည်။]

ဆက်ဥုံးအံ့—ကထိန်အာနိသင် ငါးပါးကို မဟုက်ပြုယ်အောင် တားဆီးနိုင်သော ပညတ်တမျိုးကို "ပလိဗောဓ"ဟု ခေါ်၏၊ ပလိဗုန္ဓတိ–တားမြစ်တတ်၏၊ ဤတိ ပလိဗောဓော၊ ထို ပလိဗောဓသည် စီဝရပလိဗောဓ အာဝါသပလိဗောဓဟု နှစ်မျိုးရှိ၏၊ ကထိန်မှ အခြေအရံ အာနိသင်အဖြစ်ဖြင့် ရအပ်သောအဝတ်သည် သက်နှံးချုပ်၍ မပြီးသေးသမျှ ထို အာနိသင်တို့ကို တားဆီးနိုင်သော်ကြောင့် "စီဝရ ပလိဗောဓ"မည်၏၊ ချုပ်၍ပြီးသောအခါ ဖြစ်စေ, ပျောက်ပျက်သွားသောအခါ ဖြစ်စေ, လာလတံ့သော အခြားနည်းဖြင့် ကိစ္စပြီးသောအခါ ဖြစ်စေ စီဝရုပလိဗောဓ ပျက်၏၊ သို့သော် ဤကျောင်းတိုက်၌ နေမြဲ နေသေးလျှင်ကား အာဝါသပလိဗောဓက တားဆီးထားသောကြောင့် အာနိသင်ငါးပါး ရသေး၏၊ ဤကျောင်းတိုက်၌ " မနေတော့အံ့ " ဟု ကြံ၍ ရွှေ့ပြောင် ဖဲသွားသော အခါ ထို အာဝါသိက ပလိဗောဓလည်း ပြတ်၏၊ ကထိန အာနိသင်လည်း တစ္ဆေပါင်းလပြည့် မရောက်စေကာမူ ပျက်ပြယ်လေတော့၏။

ပဏ္ဏမနံ၊ပေ၊ကိ်ကာ။ ။"ပဏ္ဏမနံ+အန္တော အဿာ" ဟူသော ဤဝိဂြိုဟ်အရ မာတိကာကို အရကောက်ရ၏၊ သို့သော် "ဖဲသွားခြင်းအဆုံးရှိသော မာတိကာ" ဟု မရှိ၊ ဖဲသွားခြင်း အဆုံးရှိသော ကထိန်နှုတ်ခြင်းသာ ရှိ၏၊ ထို့ကြောင့် မာတ်ကာကို အရကောက်ရာ၌ ကထိန်နှုတ်ခြင်း၏ ပဏ္ဏမနက္ခိကအမည်ကို မာတိကာ၌တင်စားသော အဘေဒေါပစာရစကား ဟု ဝိမတိဆိုသည်။ ["အဘေဒေါပစာရ"ဟူသည် အကျိုးဖြစ်သော ကထိန်နှုတ်ခြင်း၏ အကျယ်ကို အကြောင်းမာတိကာအကျဉ်း၌ တင်စားသော ဖလူပစာတည်း၊ ထို ပဏ္ဏမနက္ခိက ကထိန်နှုတ်ပုံကိုပြသော " ပဏ္ဏမနက္ခိကာ " ဟူသော ပါဠိကိုကား ကာရကဘူပစာရ(အကြောင်းအနက်၏အမည်ကို အကျိုးသဒ္ဒါ၌ တင်စားသော) အားဖြင့် "ပဏ္ဏမနက္ခိကာ"ဟု ခေါ်ရသည်။]

ဝိမတိ။ ။ပဏ္ဏမနက္ခိကော ကထိနုဇ္ဇာရော ဧဝ ဟိ သယံ အတ္ထနော ဥပ္ပဇ္ဇတိတိ (မိမိဟူသော ကထိန်နှုတ်ခြင်း ကိုယ်တိုင် ဖဲသွားခြင်းအဆုံး၌ဖြစ်၏၊ ထို့ကြောင့်) ဧဝ မဘေဒေါပစာရေန မာတိကာတိ ဝုတ္တော၊ ဥဿာရသော်ဝ ပဏ္ဏမနန္တေ သမုပ္ပတ္တိတော၊ တမ္မိနိမုတ္တာယစ မာတိကာယ အဘာဝါ၊ တပ္ပကာသိကာပိ စေတ္ထ ပါဠိ မာတိကာတိ ဝတ္တုံ၊ ယုဇ္ဇတိ၊ သာပိဟိ ပဏ္ဏမနက္ခိကုဇ္ဇာရပ္ပကာသနေန ပဏ္ဏမနက္ခိကာတိ ဝုတ္တာ၊ ဧသေဝနယော ဧသသုဇ္ဇာရေသုပိ။

အာဒါယသတ္တက ကထာ

